

THE HUNDRED YEAR-OLD MAN WHO CLIMBED OUT OF THE WINDOW AND DISAPPEARED
JONAS JONASSON
သက်တော်ရာကျော်ရှည်စေသော်ဝ်
သင့်လူ

# အားလုံးဟာ သူ့သဘော သူဆောင်တာပဲ။
# ဖြစ်စရာရှိတာဟာ ဖြစ်ကိုဖြစ်မှာပဲ။

## (၁)

၂၀၀၅၊ မေ ၂၊ တနင်္လာ။

နဂိုကတည်းက စိတ်ဆုံးဖြတ်ပြီးသား၊ သူ့ဆုံးဖြတ်ချက်ကို လူတကာ လျှောက်ပြောခဲ့ပြီးသားလို့ ခင်ဗျား ထင်ကောင်းထင်လိမ့်မယ်။ နို့ပေသိ အယ်လန် ကားလ်ဆန်ကတော့ အဲသလောက် စောက်ရစ်တက် စဉ်းစားမနေဘူး။ ဒီအကြံ သူ့ခေါင်းကြီးထဲ ဝင်လာလာချင်း မန်ကိုပင်းမြို့၊ လူအိုရုံ မြေညီထပ် သူ့အခန်း ပြတင်းတံခါးကိုဖွင့်ပြီး အခန်းထဲကနေ အပြင်ဘက် ပန်းမွေ့ရာ ရွှေကော်ဇောပေါ် သူ ကျော်ချလိုက်တယ်။

ခင်ဗျားတို့ကတော့ ‘အမလေး ဒါလေးများ ...’ လို့ ထင်ချင် ထင်ကြလိမ့်မယ်။ ဒါလေးမများနဲ့ အသက်တစ်ရာ အဘိုးကြီး အယ်လန့်အဖို့ ဒါ မဟာစွန့်စားခန်းကြီးပဲ။ အဲဒီနေ့၊ အဲဒီအချိန်က လူအိုရုံမှာ သူ့အသက် ရာပြည့် မွေးနေ့ပွဲ ကျင်းပဖို့ အချိန်တစ်နာရီလောက်ပဲ လိုတော့တာ။ မြို့တော်ဝန်ရော၊ သတင်းထောက်တွေရော၊ လူအိုရုံဝန်ထမ်းတွေရော၊ လူအိုရုံညွှန်မှူး ဒေါ်သအိုးမကြီး

အဲလစ်ရော ... စုံစုံညီညီ တက်ရောက်ပြီး ဝှဲချီးကျင်းပမယ့် ရာပြည့် မွေးနေ့မင်္ဂလာ အချိန်အခါသမယမှာ ပေါ်မလာ ပျောက်ဆုံးဇာတ်ခင်းသူကတော့ မွေးနေ့ရှင်ကလေး မောင်မောင်အယ်လန်ပေါ့။

## (၂)

၂၀၀၅၊ မေ ၂၊ တနင်္လာ။

အယ်လန်ဟာ ပန်းခင်းထဲမှာ တွေတွေကြီး ရပ်နေတယ်။ ကုတ်အညို၊ ဘောင်းဘီအညို၊ အိမ်တွင်းစီး ညှပ်ဖိနပ်အညိုတွေကို ဆင်ယင်ထားတဲ့ အယ်လန်ဟာ ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်တဲ့ စွန့်ဦးတီထွင် ခေါင်းဆောင် တစ်ယောက်တော့ မဟုတ်ပေဘူး။ နို့ ... ဒီအသက်၊ ဒီအရွယ်မှာ ဘယ်သူ ကများ ခေတ်မီနိုင်မှာမို့လဲ။ ဘာကိုများ တီထွင်ရဦးမှာလဲ။ ဘယ်သူ့ကို ခေါင်း ဆောင်နိုင်ဦးမှာလဲ။ ရာပြည့် မွေးနေ့မင်္ဂလာ အခမ်းအနားက ထွက်ပြေးလာ တယ်ဆိုတာ အသက်တစ်ရာတန်း လူတစ်ယောက်အဖို့ ထူးထွေသိအံ့ရာသောဝ် ကိစ္စကြီးလို့ ဆိုခဲ့ရင် အသက်တစ်ရာထိ နေနိုင်တယ်ဆိုတာကိုက ထူးပေ ဆန်းပေသည်လို့ ပြောရမလိုဖြစ်နေတယ်။ ပထမတော့ အခန်းထဲ တိတ်တိတ်ကလေး ပြန်ဝင်ပြီး ဦးထုပ်နဲ့ ဖိနပ် ပြန်ယူဦးမလို့ပဲ။ နောက်တော့ အတွင်းအိတ်ထဲက ပိုက်ဆံအိတ်ကို စမ်းမိတော့ စိတ်ပြောင်းသွားတယ်။ ညွှန်မှူး အဲလစ်ဆိုတဲ့ဟာမကြီးက သူ့ကိုယ်သူ ဆဋ္ဌမ အာရုံရှိတယ်လို့ ဆိုတာကိုး။ ဟုတ်တော့လည်း ဟုတ်တယ်။ ဗော့ဒကာတွေ ဝှက်ထားရင် ဒင်း အမြဲတမ်း ရှာတွေ့တယ်။ ခုလောက်ဆို ဒီဟာမကြီးဟာ သူ့အခန်းထဲမှာ နှာခေါင်းတရှုံ့ရှုံ့နဲ့ အနံ့လိုက်ခံနေလောက်ပြီ။ ငါးကြီးတစ်ကောင် ဘယ်လွတ်သွားလဲ မသိလို့ သံသယတွေ ဖြစ်နေလောက်ပြီလားမသိ။

ကဲ ... ကဲ ... အချိန်ရှိခိုက် လုံ့လစိုက်မှ ဖြစ်မဟော့လို့ အယ်လန့်ခမျာ အတွေးပေါက်၊ ပန်းမွှေ့ရာ ရွှေကော်ဇောပေါ်မှာ ဂျိုးဂျိုးဂွျတ်ဂွျတ် မြည်နေတဲ့ ဒူးတုန်ကြီးနဲ့ သူ လမ်းလျှောက်၊ ပိုက်ဆံအိတ်ထဲက ငွေလေးငါးရာက ပုန်းဖို့ လျှိုးဖို့ အဖော်ကောင်းဆိုတာ သူ ကောင်းကောင်းကြီး သဘောပေါက်။ ပေါက် ပင် ပေါက်ငြား တစ်ချက်တော့ နောက်ဆုံးအနေနဲ့ လှည့်ကြည့်ဖြစ်အောင် ကြည့်မိသေးတယ်။ လွန်ခဲ့တဲ့ သုံးလေးလလောက်အထိ ဒီလူအိုရုံကို သူ နောက်ဆုံး ခေါင်းချရမယ့်နေရာလို့ တထစ်ချ သတ်မှတ်ထားခဲ့တာ။ ခုတော့လည်း ဘယ်နားနေနေ၊ ဘယ်နားသေသေ ဘာစောက်ရေးပါမတဲ့တုံး။

အနှစ်တစ်ရာ သက်တမ်းရှိနေတဲ့ လူအိုကြီးဟာ သူ့ ရှုရှုံးဖိနပ်တွေကို နေသားတကျ ပြင်စီးနေတယ်။ ဘာ ... ရှုရှုံးဖိနပ်၊ ဟုတ်စ။ ဟုတ်တယ်လေ။ ဒီလောက် အိုရွဲနေတဲ့ဟာကြီးတွေဟာ ဖိနပ်ပေါ် ရှုရှုံးမကျအောင် ကော့ပန်း ခြင်းငှာ မစွမ်းသာတော့ဘူး မဟုတ်လား။ ပြီးတော့ ပန်းခြံတစ်ခုကို ဖြတ်၊ မြို့ပိန် မြို့သိမ်ကလေးတွေထုံးစံ စိတ်ကူးရရင် ထထခင်းတတ်တဲ့ ဈေးကွက် လပ်ကလေးကို ကျော်၊ ဘုရားရှိခိုးကျောင်းနောက်က ပတ်လျှောက်နေတုန်း ဒူးတွေကိုက်လာလို့ သက်သာလို သက်သာငြား ဘုရားကျောင်းဝင်း သချိုင်းကုန်းနားက ခုံတန်းလေးတစ်ခုပေါ် ထိုင်ချလိုက်တယ်။ ဒီမြို့က ဘုရားသခင် တွေ၊ ဘာသာရေးတွေ သိပ်နားလည်တာမဟုတ်တော့ ဘုရားကျောင်းဝင်း ဆိုပေမဲ့ စိတ်ချလက်ချ နေလို့ရပ့ါမလားလို့ သူ စိုးရိမ်မိသေးတယ်။ အမယ် ... ဟာဟ ... တိုက်တိုက်ဆိုင်ဆိုင် သူထိုင်တဲ့ခုံတန်း မျက်နှာချင်းဆိုင် အုတ်ဂူထဲက ဟန်နင်းအယ်လ်ဂေါ့ဆန်ဆိုတဲ့ ဖွတ်ကျားဟာ သူနဲ့ တစ်နှစ်တည်း မွေးတဲ့ ငနဲပါကလား။ ဖွားဖက်တော်ဆိုပေမဲ့ ကြမ္မာကတော့ ကွာသလေ။ ဟန်နင်းဟာ

လွန်ခဲ့တဲ့ ခြောက်ဆယ့်တစ်နှစ်ကတည်းက သရဲဖြစ်နှင့်ပြီးသား။ တကယ်လို့ အယ်လန်သာ နည်းနည်းစပ်စုတတ်မယ်ဆိုရင် ဟန်နင်း တစ်ယောက် ၃၉ နှစ်ဆိုတဲ့ အရွယ်ကတည်းက မာလကီးယားခဲ့တယ် ဆိုတာကိုသူ ချက်ချင်းတွေ့မှာပဲ။ သို့သော် သူများကိစ္စ သူ့ကိစ္စမဟုတ်ဆိုတဲ့ ဝါဒကို ခိုင်ခိုင်မြဲမြဲ တစ်သက်လုံး ကိုင်စွဲထားတဲ့ အယ်လန့်အဖို့ ဘယ်သူ ဘယ်လို သေသေ၊ ရှင်ရှင် နည်းနည်းမှ စိတ်မဝင်စား။ သူများကိစ္စ စိတ်ဝင်စားနေမယ့်အစား ကိုယ့်အကြောင်းကိုယ် စဉ်းစားရတာ မြတ်တာပေါ့။ ကြည့်စမ်း၊ ကြည့်စမ်း။ ဒီနှစ်တွေထဲ လူအိုရုံမှာ ငုတ်တုတ်ထိုင်ပြီး သေဖို့စောင့်နေမိတာ ဘယ်လောက် မိုက်တွင်းနက်တဲ့ လုပ်ရပ်တုန်း။ သေရင် ပြီးပြီလို့ ခံယူမိတာ မှားလိုက်လေခြင်း။ ဘယ်လောက် ကိုက်ကိုက်၊ ဘယ်က နာနာ၊ အဲလစ်ဆိုတဲ့ ကောင်မကြီးလက်က လွတ်အောင် ပြေးရတာဟာ ငုတ်တုတ်ထိုင် သေဖို့စောင့်ရင်း အလကားနေရင်း မြေကြီး အောက် ခြောက်ပေရောက်သွားတာထက် စာရင် တုန္နိုင်းမမီအောင် မြတ် သပေါ့။

မွေးနေ့ရှင် ကောင်ကလေးဟာ အဲသလို အနုလုံ ပဋိလုံ သုံးသပ်ပြီး သကာလ ဒူးတွေ နာနေသေးပေမဲ့ အတင်းကြိုးစားထ၊ အုတ်ဂူထဲက ဟန်နင်းကို လက်ပြရင်း သူ့ရဲ့ ထွက်ပြေးလွတ်မြောက်ရန် မဟာစီမံကိန်း အည့်စား ကြီးကို ဆက်လက်အကောင်အထည်ဖော်ဖို့ ထွက်လာခဲ့တယ်။

ဘုရားကျောင်းဝင်းထဲကနေ တောင်ဘက်စူးစူးအတိုင်း ဖြတ်ချလာလိုက်တာ နောက်ဆုံး ကျောက်တုံးနံရံနဲ့ တိုက်လုနီးပါးအထိ။ နံရံက တစ်မီတာလောက်ပဲ မြင့်တာပါ။ ခက်နေတာက အသက်တစ်ရာ အဘိုးကြီး အယ်လန်ခမျာ အမြင့်ခုန်သမားတစ်ယောက်လို ခွေ့ခနဲ ခုန်တက်ဖို့ကိစ္စပဲ။ နံရံရဲ့ ဟိုတစ်ဖက်မှာတော့ မန်ကိုပင်း အဝေးပြေး ကားရပ်နားစခန်းကို ပြူးနေ အောင်

မြင်နေရပြီ။ ဘိုးတော်ကြီး အယ်လန်ဟာ သူ့ခန္ဓာကြီးကိုသယ်လာတဲ့ ခြေထောက်တွေ
ဦးတည်ရာ အဝေးပြေးကားဝင်းဟာ သူ့အတွက် အလွန်အင်မတန်
အသုံးကျတယ်ဆိုတာ ချက်ချင်း သဘောပေါက်လိုက်တယ်။ လွန်ခဲ့တဲ့
နှစ်ပေါင်းများစွာတုန်းက အယ်လန်ဟာ အကြောက်အလန့် တစ်စက်ကယ်မှ
မရှိပါဘဲနဲ့ ဟိမဝန္တာကိုတောင် ဖြတ်ကျော်ခဲ့ဖူးပြီးသားပဲ။ အဲဒီတုန်းက
အတွေ့အကြုံနဲ့ ခွန်အားတွေကို စားမြုံ့ပြန်ပြီး ခုကားဝင်းနဲ့ သူ့ကြားက
နောက်ဆုံးအတားအဆီး နံရံကြီးကို အံခဲပြီး ဖြတ်ကျော်တော့မယ်။ ပြင်းပြ
လွန်းလှတဲ့ ဒီဆန္ဒကြောင့် ကျောက်တုံးနံရံဟာ ကြည့်ရင်းကြည့်ရင်း သူ့မျက်စိ
ရှေ့မှာ ကျုံ့ဝင်သွားသလိုပဲ။ နောက်ဆုံး ပုပုသေးသေးလေး ဖြစ်သွားတဲ့ နံရံကို
အယ်လန်ဟာ ကျားကုတ်ကျားခဲ တွယ်တက်နေပြီ။ ရွံ့စရာကောင်းလိုက်တဲ့
စောက်အသက်နဲ့ စောက်ဒူး။
မန်ကိုပင်းဆိုတာ ခုလိုနေသာတဲ့ တနင်္လာမနက်မျိုးမှာတောင် တိတ်ဆိတ်
ခြောက်ကပ်နေတဲ့ မြို့မည်ကာမတ္တ မြို့မျိုး။ ပျားပန်းခပ် စည်ကားတယ်ဆိုတာ
အိပ်မက်ထဲတောင် ထည့်မက်လို့မရတဲ့အရာ။ ရာပြည့်မွေးနေ့မင်္ဂလာ အခမ်းအနားက
ထွက်ပြေးဖို့ ဆုံးဖြတ်ပြီးကတည်းက ခုထိ လူသူတစ်ယောက်မှ မမြင်မိသေးဘူး။
ကားဝင်းကလည်း ကျီးနဲ့ဖုတ်ဖုတ်ပဲ။ လက်မှတ်ရောင်းတဲ့ ပြတင်းနှစ်ပေါက်
တွေ့တယ်။ တစ်ပေါက်က ပိတ်ထားတယ်။ ဖွင့်ထားတဲ့ လက်မှတ်ပေါက်နောက်မှာ
မျက်မှန်ဝိုင်းလေးတပ်၊ ဆံပင်ပါးပါးကို ပိပြား အောင် ဖြီးပြီး ယူနီဖောင်းဝတ်ထားတဲ့
လူဖလံလေးတစ်ယောက် ထိုင်နေတယ်။ ကွန်ပျူတာကို အသဲအမဲကြည့်နေတဲ့ အဲဒီ
လက်မှတ်ရောင်းအကောင်ဟာ အယ်လန့်ကို တစ်ချက်မော့ကြည့်တယ်။
ရှုပ်လေခြင်းဆိုတဲ့ မလိုတမာအကြည့် မျိုးပဲ။ အခန်းထောင့်မှာထိုင်စောင့်နေတဲ့

ရွှေရောင်ဆံပင်ရှည် မုတ်ဆိတ်ဗရပွနဲ့ ပြန်လမ်းမရှိဆိုတဲ့ စာတန်းကြီး
နောက်ကျောမှာရေးထားတဲ့ ဒီနင်းဂျက်ကက် ဝတ်ထားတဲ့ လူရွယ်တစ်ယောက်ရယ်၊
ခု အယ်လန်ရယ်ဆိုတော့ လက်မှတ်ရောင်း စိတ်ထဲမှာ အခန်းထဲလူတွေ
အရမ်းကျပ်ပိတ်သိပ်နေတယ်လို့ ထင်နေသလား မသိ။
ရွှေရောင်ဆံပင်နဲ့ အကောင်ဟာ စာမတတ်တဲ့ နလပိန်းတုံးနေမှာ။
'ပျက်နေသည်၊ မသုံးရ'လို့ စာတန်းကြီး ပြူးနေအောင်ချိတ်ထားတဲ့ မသန်စွမ်း
အိမ်သာတံခါးကို ဖွတ်အတင်း ဖွင့်နေလေရဲ့။ ဘယ်လိုဖွင့်ဖွင့် မပွင့်တဲ့ အဆုံး
မှာတော့ သူ လက်လျှော့လိုက်ပြီး နောက်အိမ်သာတစ်လုံးဆီ ရွှေ့သွားတယ်။
နောက်အိမ်သာရောက်တော့ သူ့မှာ ပြဿနာတစ်မျိုး ဖြစ်လာပြန်တယ်။ ကြည့် ရတာ
ရွှေရောင်ဆံပင်ဟာ သူ့ရဲ့ ဇရာမ ဘီးတပ်ခရီးဆောင်အိတ် မီးခိုး ရောင်ကြီးကို
အပြင်မှာ ထားခဲ့ချင်ပုံမရဘူး။ အိမ်သာထဲယူသွားဖို့ ကြိုးစား နေတယ်။ နို့ပေသိ
အိမ်သာက ကျဉ်းလွန်းတော့ သူနဲ့အိတ် အတူတကွ ယှဉ်တွဲ နေထိုင်ရလောက်အောင်
နေရာမရှိ။ တစ်ကြိမ်မှာ တစ်ယောက်သာ ဝင်ခွင့် ပြုမည်ဆိုတဲ့ အနေအထားမျိုး။
ရွှေရောင်ဆံပင်အဖို့ အိတ်ကို အပြင်မှာထားပြီး အိမ်သာထဲဝင် ကိစ္စရှင်းချင်ရှင်း၊
ဒါမှမဟုတ် အိတ်ကို အိမ်သာထဲသွင်းပြီး သူက အပြင်မှာ နေချင်နေ။ ဒါကလွဲလို့
ဒင်းမှာ ရွေးစရာမရှိ။
အဲ ... သူ့ကြည့်နေလို့ မပြီးသေးဘူး။ ဒါနဲ့ အယ်လန်ဟာ သူ့
ခြေထောက်တွေကို မှန်မှန်ကန်ကန် ရွေ့လျားဖို့ အမိန့်ပေးရင်း လက်မှတ် ရောင်း
ကောင်တာဆီ တရှပ်ရှပ်နဲ့ လျှောက်သွားတယ်။ ဘယ်အချိန်၊ ဘယ် နေရာကို
ဘယ်ကား သွားမှာပါလိမ့်။ ဘယ်ခရီး၊ ဘယ်လမ်းအတွက် ဘယ် လောက်
ကျမှာပါလိမ့်။ ဘယ်လို၊ ဘယ်ကားက ဘယ်နား လာမှာပါလိမ့်။ ခုချက်ချင်းနော်။

လက်မှတ်ရောင်းတဲ့လူခမျာ အယ်လန့် မေးခွန်းရှည်ကြီးတွေကြောင့်
မူးနောက်သွားပုံပါပဲ။
'ဒါနဲ့ ခင်ဗျားက ဘယ်သွားချင်တာလဲ' လို့ မေးပုံကို ထောက်ရရင် အယ်လန်
မေးသမျှ သူ့ညာဘက်နားက ဝင်ပြီး ဘယ်ဘက်နားက ထွက်သွား ပုံပဲ။
ခက်ပါဘိခြင်း၊ အယ်လန် သက်ပြင်းရှည်ကြီး ချလိုက်တယ်။ ငါ့စကား ဒင်း
နားမလည်ပါ့လား။ ကိုင်း ... ပြန်ပြောမယ်၊ တိတိကျကျ ပြောမယ်။
၁။ ခု ဘယ်ကား ဘယ်ကို ထွက်မလဲ။
၂။ ကားခ ဘယ်လောက်ကျမလဲ။
လက်မှတ်ရောင်းကောင်ဟာ အယ်လန့် အမေးစကားကို နားထောင်ရင်း
ဘတ်စ်ကားအချိန်ဇယားကို ကြည့်နေတယ်။
'နောက် သုံးမိနစ်ကြာရင် စထရန်နာ့ဇ်ကိုသွားမယ့် ကားနံပါတ် ၂၀၂ ထွက်မယ်၊
အဆင်ပြေလား'
အို ... သူ့ထက် အဆင်ပြေတာတောင် သူ့လောက် အဆင်ပြေမှာ မဟုတ်။
ပြေလွန်းလို့ ပြေပြေ ပြေပြေနဲ့တောင် မြည်နေသေး။
လက်မှတ်ရောင်းက ဆက်ပြောတယ်။ 'အဲဒီကားက ခု ထွက်တော့မှာ၊
လက်မှတ်ကို ယာဉ်မောင်းဆီကသာ တစ်ခါတည်း ဝယ်တော်မူပေတော့တဲ့'
လက်မှတ်ကို ယာဉ်မောင်းဆီကဝယ် ဆိုပဲ။ ဒါဆို လက်မှတ်ရောင်း
ကောင်တာနောက် ထိုင်ပြီး ဒင်း ဘာလုပ်နေတုံး။ ကဲလေ ... ပြောမနေ တော့ပါဘူး။
ဦးထုပ်ကလေး အသာမ နှုတ်ဆက်၊ ကျေးဇူးမတင်ပေမဲ့ ကျေးဇူးတင်စကား
ဖျစ်ညှစ်ပြောပြီး ထွက်တော်မူ ကောင်တာက ခွာလာခဲ့တယ်။
ခုံတန်းရှည်ပေါ် ထိုင်ချရင်း သူ အတွေးမျှင် တန်းမိနေပြန်တယ်။ မွေးနေ့ပွဲက

သုံးနာရီ စမှာဆိုတော့ နောက် ဆယ့်နှစ်မိနစ်ဆို စတော့မှာပေါ့။
ဆူညံပွက်လောရိုက်နေမယ့် မွေးနေ့လာပရိသတ် သူ့အခန်းတံခါးကို ဝုန်းခနဲ ဖွင့်လိုက်တာနဲ့၊ ဟိဟိ … ဒီအတွေးနဲ့တင် အတော် ပျော်စရာကောင်းနေပြီ။
အဲသလို ပျော်နေတုန်း တစ်ယောက်ယောက် သူ့နားကပ်လာတာကို မျက်လုံးထောင့်ကနေ မြင်ဖြစ်အောင် မြင်လိုက်တယ်။ ခုနက အိမ်သာထဲ အိတ်ပါ သယ်ချင်နေတဲ့ ရွှေရောင်ဆံရှည်ကောင်။ အင်း … ဒီအကောင်နဲ့ စကားမပြောဘဲနေလို့ မရတော့ဘူးဆိုတာ သူ သိလိုက်တယ်။ ဆိုးတော့လည်း မဆိုးပါဘူး။ ခေတ်လူငယ်တစ်ယောက်နဲ့ စကားပြောရတော့လည်း ခုခေတ် အကြောင်း စောကြောနိုင်သပေါ့။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး။
အဲ … အဲ … စကားတော့ ပြောရတယ်။ သို့သော် အယ်လန် မျှော်လင့်သလို လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး မဟုတ်။ ရွှေရောင်ဆံရှည်ဟာ အယ်လန့်ကို ခဏရပ်ကြည့်နေပြီးမှ …
'ဒီမှာ …' တဲ့၊ လှမ်းပြောတယ်။
အယ်လန်ကတော့ အင်မတန်ဖော်ရွေတဲ့ လေမျိုးနဲ့ 'ကောင်းသော နေ့လယ်ခင်းပါခင်ဗျာ၊ ဘာများကူညီရမလဲ ခင်ဗျ'လို့ ပဋိသန္ဓာရစကား ဆို လိုက်တယ်။ ဩော် … လက်စသတ်တော့ လူမှုရေး၊ နိုင်ငံရေးထက် အရေး ကြီးတဲ့ အိမ်သာရေးကိုး။ အိမ်သာထဲ ယူလို့မရတဲ့ သူ့ ခရီးဆောင်အိတ်ကြီးကို ခဏကြည့်ပေးထားပါလားတဲ့။ သူ အီးသိပ်ယိုချင်နေပြီတဲ့။
အယ်လန်လည်း ပြန်ပြောပါတယ်။ အသက်ကြီးလွန်းလို့ နဂိုနေ မစိုပြည် ပျက်ယွင်းလာပေမဲ့ စက္ခုအာရုံကတော့ ကောင်းသေးကြောင်း၊ ခရီးဆောင်အိတ်ကို ကြည့်ပေးထားရတဲ့ အလုပ်ဟာ သူ့အတွက် အပန်းမကြီးပါကြောင်း ပေါ့။ အဲ …

ကိုရင့်အနေနဲ့ မအောင့်နိုင် မအည်းနိုင်တဲ့ အရေးပေါ်ကိစ္စကို ဖြေရှင်းဖို့ အရေးကြီးနေသလို သူကလည်း ခုထွက်တော့မယ့် ကားကို မီအောင် သွားဖို့ လိုနေကြောင်း။

ရွှေရောင်ဆံရှည်ဟာ အယ်လန် နောက်ဆုံးပြောတဲ့ စကားတွေကို မကြားတော့ဘူး။ အိမ်သာဆီ ဖင်လိမ်ပြီး အတင်းအဓမ္မ နင်းခွ ပြေးနေပြီ။

လူ့လောကမှာ နှစ်တစ်ရာ နေခဲ့ပြီးတဲ့ အဘိုးကြီးဟာ စိတ်ဆိုး ဒေါသ ထွက်တယ်ဆိုတာ ချိုနဲ့လားလို့ မေးရမယ့်လူဖြစ်တဲ့အတွက် ရွှေရောင်ဆံရှည် ရဲ့ အပြုအမူနဲ့ပတ်သက်လို့ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး။ ဒါပေမဲ့လည်း အဲသလိုလုပ်သွားတဲ့ သူ့အပေါ် စေတနာလည်း တစိုးတစိမှ မရှိပါဘူး။ မရှိ လို့လည်း နောက်ဆက်တွဲဖြစ်ရပ်တွေ ဖြစ်လာတာပေါ့။

ရွှေရောင်ဆံရှည် အိမ်သာထဲဝင်၊ တံခါးပိတ်ပြီးပြီးချင်း ဘတ်စ် နံပါတ် ၂၀၂ ဂိတ်ထဲ ထိုးဆိုက်လာတယ်။ အယ်လန်ဟာ ဘတ်စ်ကိုကြည့်တယ်၊ အိတ် ကို ကြည့်တယ်၊ ဘတ်စ်ကို ထပ်ကြည့်တယ်၊ အိတ်ကို ထပ်ကြည့်တယ်။ အိတ်က ဘီးလေးလုံးတပ်ပဲ။ ဒါဆို ဆွဲရတာ အင်မတန် လွယ်တာပေါ့။ ကောင်းပြီလေ၊ အိုကေပေါ့။ ဆုံးဖြတ်ချက်ချ၊ ထိုင်ရာက ထ။

ကားမောင်းသမားက အင်မတန် ချိုသာယဉ်ကျေးတယ်။ အအိုလွန်နေတဲ့ အဘိုးကြီးကိုရော ခရီးဆောင်အိတ်ကြီးကိုပါ ဆင်းလာပြီး သယ်ပေးရှာတယ်။ အယ်လန်က ကျေးဇူးစကားဆိုရင်း ပိုက်ဆံအိတ်ကို ထုတ်တယ်။ အိတ်ထဲက ငွေတွေ အကုန်ထုတ်ကြည့်တယ်။ ငွေစက္ကူ ခြောက်ရာ့ငါးဆယ်နဲ့ အကြွေနည်းနည်း။ ငါးဆယ်တန်ကို ကိုင်ထားရင်း ...

'ဒီခရီးလမ်းအတွက် ငါးဆယ်ဖိုးစီးရင် ဘယ်ထိ ရောက်နိုင်ပါသလဲ ခင်ဗျား' လို့

မေးလိုက်တယ်။

ကားသမားက ဒီအဘိုးကြီး တစ်ယောက်တည်း ငါးဆယ်ဖိုးစီးပြီး ဘယ်ကို ဘယ်လိုသွားမှာပါလိမ့်လို့ အံ့အားသင့်နေပေမဲ့ မပြောတော့ပါဘူး။

ဘိုင်ရင့်ချ်ဘူတာထိဆို လေးဆယ့်ရှစ်ကရောင်း ကျတယ်လို့ပဲ အဖြေပေးလိုက် တယ်။

အင်း ... မဆိုးဘူးပဲ။ ကားသမားက ခုပဲ လောလောလတ်လတ် ခိုးလာတဲ့ အိတ်ကြီးကို စနစ်တကျနေရာချပေးတယ်။ အယ်လန်က ညာဘက် ရှေ့ဆုံးတန်းမှာ နေရာယူရင်း ပြတင်းပေါက်ကနေ ကြည့်နေတယ်။ အိမ်သာတံခါးက ပိတ်ထားတုန်း။ ကား ဘီးလိမ့်တဲ့အထိ ပိတ်နေတုန်း၊ ကား အရှိန်ရလာတဲ့အထိ ပိတ်တုန်း၊ ပိတ်ဆဲ။ ယိုလကွာ၊ အထဲမှာ ယိုကောင်းကောင်းနဲ့ ယိုသာယို၊ အပြင်ရောက်တာနဲ့ မင်း ငိုရပြီသာမှတ်။

စထရန်နာ့ဗ် ဘတ်စ်ကားဟာ ချောင်ချောင်ချိချိပဲ။ နောက်ဆုံးတန်းမှာ မိန်းမကြီးတစ်ယောက်၊ အလယ်လောက်မှာ ကလေးနှစ်ယောက်နဲ့ ကလေးအမေ တစ်ယောက်၊ ရှေ့ဆုံးမှာ အိုမင်းရွတ်တွနေတဲ့ အဘိုးကြီးတစ်ယောက် ဒါပဲ။

အဲဒီအဘိုးကြီးဟာ ငတ်တုတ်ကြီးထိုင်ရင်း ဘာလို့များ ဒီအိတ်ကြီးကို ယူလာခဲ့မိပါလိမ့်လို့ သူ့ကိုယ်သူ အံ့အားသင့်နေတယ်။

ရွှေရောင်ဆံရှည်ကို စောက်မြင်ကတ်လို့လား၊ အိတ်ထဲမှာ အဝတ် အစားတွေ၊ ဦးထုပ်တွေ ပါမယ်လို့ မျှော်လင့်လို့လား။ ဒီအိတ်ကို ယူလာခြင်း အားဖြင့် ဘာမှ အရှုံးမရှိဘူးလို့ ယူဆလို့လား။ မသိဘူး။ အဖြေ တိတိပပ မရှိ။ ကဲလေ ... ဘဝဆိုတာ ဒီလိုပဲ။

အချိန်ပိုကစားသလို သက်တမ်းကိုလွန်ပြီး နေရမင့်ဟာ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးပေါ့။ ထုံးစံအတိုင်း လုပ်ချင်ရာလုပ်မကွာ။ ဘာဖြစ် တုန်း။

ဆိုဖာထိုင်ခုံပေါ် ဇိမ်ကျကျ လှဲချလိုက်တယ်။ ကောင်းတယ်။ ကျေနပ်တယ်။ ဇိမ်ပဲ။ မျက်တောင်တွေစင်းလာပြီး မျက်ခွံတွေလေးလာပြီ။ အိခနဲ၊ တွဲခနဲ၊ စိုက်ခနဲ၊ မိုက်ခနဲ။

အဲဒီအချိန်မှာ လူအိုရဲ့ ညွှန်မှုူးမကြီး အဲလစ်ဟာ လူအိုရဲ့ အခန်းနံပါတ်တစ်ကို လက်ပြုတ်ထွက်မတတ် ထပ်ကာထပ်ကာ ခေါက်နေလေရဲ့။

'အယ်လန် … မနောက်နဲ့တော့၊ ကျီစားတာ တော်လောက်ပြီ၊ မြို့တော် ဝန်ကြီး ရောက်နေပြီရှင့်၊ အားလုံးလည်း လူစုံပြီ၊ ကြားရဲ့လား အယ်လန် … အရက် ခိုးသောက်နေပြန်ပြီလား၊ ထွက်ခဲ့၊ ခုချက်ချင်းနော် အယ်လန် … အယ်လန် …'

တစ်ချိန်တည်းမှာပဲ မန်ကိုပင်း ကားစခန်းထဲက အိမ်သာတံခါး ပွင့်လာတယ်။ ရွှေရောင်ဆံရှည်ဟာ ပေါ့ပါးလွတ်လပ်စွာ ထွက်လာတယ်။ ခါးပတ် ပြင်ပတ်၊ လက်တစ်ဖက်က ဆံပင်တွေသပ်ရင်း ခုံတန်းတွေဘက် အကြည့်ကရောက်။ ဘယ်ကြည့်၊ ညာကြည့်၊ တောကြည့်၊ တောင်ကြည့်၊ ဗလာနတ္ထိ။

'ဟာကွာ … တောက် …'

'တောက်' နောက်က စကားလုံးတွေပျောက်၊ အတော်ကြာမှ ပြန်ရှာ တွေ့။

'သေချင်းဆိုးကြီး … ပြန်တွေ့လို့ကတော့ သေပြီသာ အောက်မေ့ပေတော့ကွာ'

(၃)

၂၀၀၅၊ မေ ၂၊ တနင်္လာ။

မေလ နှစ်ရက်နေ့၊ ညနေသုံးနာရီ နောက်ပိုင်းမှာတော့ မန်ကိုပင်းရဲ့ တိတ်ဆိတ်ငြိမ်သက်မှုတွေ အစိတ်စိတ် အမွှာမွှာ ပြိုကွဲကုန်တော့တယ်။ စစချင်းတော့ လူအိုရဲ့ ညွှန်မှုူးမ အဲလစ်ဟာ ဒေါသထက် စိုးရိမ်ပူပန်စိတ်

ငယ်ထိပ်တက်ပြီး မာစတာကီး သော့တွဲကြီး ဆွဲထုတ်လိုက်တယ်။ အခန်းထဲ ရောက်ရောက်ချင်း တန်းသိတာပါပဲ။ အယ်လန်က သူ့ပြေးလမ်းကြောင်းကို ဘာမှ အဖုံးအကွယ်မလုပ်ထားခဲ့တော့ ပြတင်းပေါက်က ကျော်ချတယ်ဆိုတာ အသိသာကြီးပဲ။ သူ့ခြေရာ ကောက်ကြည့်ရင် ထွက်မသွားခင် ပန်းခင်းထဲ ငူငူကြီး ရပ်နေသေးတယ်ဆိုတာလည်း သိရတာပ။

မြို့တော်ဝန်ကြီးဟာ ဒီအရေး ငါကိုင်တွယ်မှ ဖြစ်မဟဲ့လို့ အသိဝင်လာတယ်။ ဝန်ထမ်းတွေကို နှစ်ယောက်တစ်ဖွဲ့ ဖွဲ့ပြီး ချက်ချင်းလိုက်ရှာဖို့ သူ အမိန့်ပေးတယ်။ အယ်လန်လို အဘိုးကြီးဟာ ဘယ်နည်းနဲ့မှ ဝေးဝေးမသွားနိုင်ဘူး။ ဒီနားတစ်ဝိုက် ဂရုစိုက်ရှာကြ။ ပန်းခြံထဲ သူ ခဏခဏသွားနေကျ။ အစိုးရ အရက်ဆိုင်ထဲ၊ မင်းလမ်းပေါ်က ဆိုင်တွေထဲ၊ တောင်ကုန်းပေါ်က ကလျာဏယုဝ အသင်းတိုက်ထဲ ရှာကြစမ်းပေါ့။ သူကိုယ်တိုင်ကတော့ လူအိုရုံထဲကနေ တစ်ဖဝါးမှမခွာဘဲ ရှိနေတဲ့ လူအိုတွေ နောက်ထပ် ထွက်မပြေးစေဖို့ မျက်စိ ဒေါက်ထောက်ကြည့်နေမယ်ဆိုပဲ။ တိုးတိုးတိတ်တိတ် သိုသိုသိပ်သိပ် လုပ်ကြဖို့၊ မလိုအပ်ဘဲ သတင်းတွေမပြန့်စေဖို့ အကြီးအကျယ် ကြိတ်မှာနေ ပေမဲ့ လူပျောက်ရှာတဲ့ နှစ်ယောက်တွဲ တစ်တွဲဟာ ဒေသိယ သတင်းစာ တစ်စောင်က သတင်းထောက်မနဲ့ ဓာတ်ပုံဆရာဆိုတာ သူ ပမာဒ လေခပြီး မေ့နေရှာတယ်။

ကားဝင်းဟာ မြို့တော်ဝန်ကြီးရဲ့မူလ ရှာဖွေရေး ရေဒါထဲမှာ မပါဘူး။ အဲ ... အဲဒီကားဝင်း ဆိုသဟာထဲမှာတော့ ရွှေရောင်ဆံပင်ရှည်၊ မုတ်ဆိတ်ဗရပွနဲ့ ပြန်လမ်းမရှိဆိုတဲ့ စာတန်းကြီး နောက်ကျောမှာရေးထားတဲ့ ဒီနင်း ဂျက် ကက် ဝတ်ထားတဲ့ လူရွယ်တစ်ယောက်ဟာ ဒေါသ မီးတောင်ကြီးကနေ သောက ချော်ရည်တွေ တသွင်သွင်စီးရင်း ကားဝင်းတစ်ခုလုံး ပိုက်စိပ်တိုက် ရှာနေလေရဲ့။

ရှာကား ရှာ၏၊ မတွေ့။ လူအိုကြီးရော သူ့အိတ်ကြီးပါ ပျောက် ခြင်းမလှ ပျောက်။ ဆံရှည်ဟာ လက်မှတ်ပေါက်ဘက် ဦးလှည့်လိုက်တယ်။ လက်မှတ်ရောင်း လူဖလံလေးဆီ သူ ဦးတည်တယ်။ သေနာကျကြီးနဲ့ သူ့အိတ် ဘယ်ရောက်သွားသလဲဆိုတာ သိကိုသိမှ ဖြစ်လိမ့်မယ်။

လက်မှတ်ရောင်း လူဖလံလေးဟာ အလုပ်မှာ ငြီးငွေ့တယ်ဆိုပေမဲ့ စောင့်ထိန်းရမယ့် ကျင့်ဝတ်တရားကိုတော့ မဖောက်ဖျက်ဖူး။ အော်ကြီး ဟစ်ကျယ်လုပ်နေတဲ့ ဆံရှည့်ကိုကြည့်ရင်း ခရီးသည်တွေရဲ့ အတွင်းရေးကို အခွင့်မရှိဘဲ ဖွင့်မပြောရဘူးဆိုတဲ့ ကျင့်ဝတ်သင်ခန်းစာကို သူ ပို့ချနေတယ်။ ဆံရှည်ဟာ ခဏငြိမ်သွားတယ်။ ပြီးတော့ ဘယ်ဘက်ကို ငါးကိုက်လောက် သူ လျှောက်သွားတယ်။ လက်မှတ်ရုံထဲဝင်တဲ့ တံခါးပေါက်လေး တွေ့တယ်။ သော့ခတ်ထားလား၊ မခတ်ထားလား အလုပ်ရှုပ်ခံပြီး ကြည့်မနေ ဘူး။ နောက်တစ်လှမ်းဆုတ်ပြီး တံခါးကို ဆောင့်ကန်ချလိုက်တယ်။ တံခါး ပတ္တာတွေ လေမှာ ဝဲလွင့်သွားတယ်။ လူဖလံလေးဟာ အကူအညီခေါ်ဖို့ တယ်လီဖုန်းခွက်ကို လက်လှမ်းမယ်ကြံတုန်း စွေ့ခနဲ လေထဲ မြောက်တက် သွားတယ်။ ဆံရှည်က သူ့ကို နားရွက်နှစ်ဖက်စလုံးဆွဲပြီး လေထဲ မြှောက်တင်လိုက်တာ။

'ဒီမယ် ကျင့်ဝတ်တွေ၊ နင့်ဝတ်တွေ ကျုပ် မသိဘူး၊ အေး ... လူတွေ စကားပြောအောင် ဘယ်လိုလုပ်ရမယ်ဆိုတာတော့ ကောင်းကောင်းသိတယ်'

ဆံရှည်က အဲသလိုပြောပြီး လည်နေတဲ့ ဆုံလည်ကုလားထိုင်ပေါ် လူဖလံလေးကို ဆောင့်ချလိုက်တယ်။

ဆံရှည်ဟာ သူလိုချင်တဲ့အဖြေ မရရင် ဘယ်လိုလုပ်မယ်ဆိုတာ လူဖလံလေးကို ပြောပြလိုက်တာနဲ့ တစ်ပြိုင်နက် ကျင့်ဝတ် စောင့်ထိန်းချင် လှတဲ့ လက်မှတ်ရောင်း

လူဖလံလေးဟာ ချက်ချင်းပဲ သိသမျှ မချွင်းမချန် ပြောဖို့
ဆုံးဖြတ်ချက်ချလိုက်တယ်။ မချရင်ဖြင့် သူ့ဖွားဖက်တော်ကို တူနဲ့ သံ သုံးပြီး
ထွင်းဖောက်မယ်လို့ ဆံရှည်ကောင်က ပြောသကိုး။ သူပြောတာ ကလည်း မျက်စိထဲ
ကွင်းကွင်းကွက်ကွက်မြင်အောင် သရုပ်ပေါ်လွန်းသကိုး။ ဒါနဲ့ပဲ အဘိုးကြီးဟာ
စထရန်နဲ့ဇ်သွားတဲ့ ဘတ်စ်ကားပေါ် ပါသွားတယ်လို့ ထင်ရကြောင်း၊ အိတ်ပါသွား
မသွားတော့ မသိကြောင်း၊ ခရီးသည်တွေကို သူလှျိုလုပ်ဖို့ သူ ဝါသနာမပါကြောင်း
သိသမျှ အူမ ချေးခါးမကျန် ပြောချ လိုက်တယ်။
သူပြောတဲ့ သတင်းအချက်အလက်တွေကြောင့် ဖရဏာပီတိ ဂွမ်းဆီထိ မတတ်
ဆံရှည် ကျေနပ်နေတာ သတိထားမိတဲ့ လူဖလံလေးဟာ အားတက်လာပြီး
နောက်ထပ် အချက်အလက်တွေ သူ့ပါးစပ်က သွန်ကျလာတယ်။ မန်ကိုပင်းနဲ့
စထရန်နဲ့ဇ်ကြားမှာ မှတ်တိုင် ဆယ့်နှစ်ခုရှိကြောင်း၊ အဘိုးကြီးဟာ အဲဒီထဲက
တစ်ခုခုမှာ ဆင်းသွားနိုင်ကြောင်း၊ အတိအကျကိုတော့ ကား
ဆရာပဲ သိမှာဖြစ်ကြောင်း၊ အချိန်ဇယားအရဆို အဲဒီကားဟာ ဖလန်းကိုသွား
ဖို့အတွက် မန်ကိုပင်း ကားဝင်းကို ညခုနစ်နာရီ ဆယ်မိနစ်မှာ ပြန်ဝင်လာမှာ
ဖြစ်ကြောင်း၊ ... ကြောင်း၊ ... ကြောင်း၊ ... ကြောင်း။
ဆံရှည်ဟာ နားရွက်တွေနီရဲပြီး အကြောက်ကြီး ကြောက်နေတဲ့ လူဖလံ
လေးနားမှာ ထိုင်ချလိုက်တယ်။
'နေဦး၊ ကျုပ် စဉ်းစားဦးမယ်' တဲ့။
အပြောနဲ့အလုပ် ညီအောင် သူ စဉ်းစားတယ်။ လူဖလံလေးဆီက ကားဆရာရဲ့
ဖုန်းနံပါတ်ကို ရအောင်မေး၊ ဖုန်းဆက်ပြီး အဘိုးကြီးကိုင်လာတဲ့ အိတ်ဟာ သူ့ဆီက
ခိုးသွားတာလို့ ပြောလိုက်ရင် ကောင်းမလား။ ဒါဆို ကားဆရာက ရဲကို

အကြောင်းကြားလိုက်ရင် ... ဟာ ... မဖြစ်ဘူး၊ မဖြစ်ဘူး။ နေဦး၊ တကယ်တော့ အလျင်လိုစရာ ဘာအကြောင်းမှမရှိဘူး မဟုတ်လား။ ဒီလောက် အိုကိုင်း ချိနဲ့နေတဲ့ မသာကြီးဟာ စထရန်နဘ့ဇ်ကနေ ဘယ်ဆက် သွားသွား၊ မြန်မြန်သွားနိုင်စရာ လမ်းမမြင်၊ တုန်တုန်ချိချိနဲ့သွားရင် သဲလွန်စ တွေ အများကြီး ကျန်မှာပဲ။ သူသွားတဲ့လမ်းတစ်လျှောက် နောက်ကလိုက်ပြီး တွေ့တဲ့လူ နားရွက်ဆွဲမေးမပြော ခံနိုင်ရိုးလား။ ဆံရှည်ဟာ လူတွေဆီက သူတို့သိသမျှ ပြောအောင် ညှစ်ထုတ်နိုင်တဲ့ သူ့စွမ်းရည်အပေါ် နည်းနည်းမှ သံသယ မရှိဘူး။

ဒီလိုနဲ့ ကားပြန်ရောက်တဲ့ အထိစောင့်ဖို့၊ ရောက်ရောက်ချင်း ကားသမားကို ရင့်ရင့်သီးသီး အင်တာဗျူးဖို့ သူ ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်ပြီး တာနဲ့ ထိုင်ရာက ဝုန်းခနဲထပြီး လက်မှတ်ရောင်း လူဖလံလေးကို ခုကိစ္စ ရဲတိုင်လို့ကတော့ သူ့တင်မက သားမြေးတီတွတ် ကျွတ်ဆတ် ဆွေစဉ်မျိုးဆက် ဒုက္ခရောက်စေရမယ် ဆိုတဲ့အကြောင်း ကျိန်တွယ် ကြုံးဝါးပြလိုက်တယ်။

တကယ်တော့လည်း လက်မှတ်ရောင်းခမျာ သားမြေးတီတွတ်ဖို့ မိန်းမ တောင် မူးလို့ ရှူစရာမရှိ။ သို့သော်လည်း နားရွက်နဲ့ ငယ်ပါ ပိုနေမြဲ ကျားနေမြဲ ဖြစ်စေဖို့အရေး ရဲတိုင်ဖို့ မပြောနဲ့၊ မျက်မွေးထော်လို့တောင် မော်မကြည့်ပါ ကြောင်း အာမဘန္တေ ခံလိုက်တယ်။

နောက်တစ်နေ့ မတိုင်ခင်အထိလည်း ဒီကတိကို သူ အမှန်တကယ် ထိန်းသိမ်းခဲ့တယ်လေ။

ရှာဖွေရေးအတွဲတွေ လူအိုရုံ ပြန်ရောက်လာကြပြီ။ ဘာမှ ရှာမတွေ့ဘူး လို့ ဝိုင်းအစီရင်ခံကြတယ်။ မြို့တော်ဝန်က ရဲမခေါ်ချင်ဘူး။ ဆိုတော့ တခြား

ဘာမှလည်း မစဉ်းစားတတ်ဘူး။ သတင်းထောက်မက သူ့ကို အရဲစွန့် မေး
လိုက်တယ်။
'ဒါဆို ဘာဆက်လုပ်မှာလဲ မြို့တော်ဝန်မင်းရှင့်'
မြို့တော်ဝန်ကြီးဟာ ခဏ ငြိမ်သွားတယ်။ ပြီးတော့မှ ...
'အင်း ...၊ ရဲကို အကြောင်းကြားရတော့မှာပေါ့'လို့ လေးလေးကြီး ပြောလိုက်ရင်း
စိတ်ထဲက မီဒီယာလွတ်လပ်ခွင့် ဆိုတာကြီးကို ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲနေတယ်။

ကားဆရာက ညင်ညင်သာသာ လှုပ်နှိုးနေတဲ့အတွက် အယ်လန် နိုးလာတယ်။
ဘိုင်ရင့်ချ်ဘူတာ မှတ်တိုင်ဆိုတာကို ရောက်ပြီတဲ့။ အယ်လန် ဆင်းလိုက်တယ်။
အိတ်ကြီးကို ကားဆရာက အောက်ထိ ချပေးတယ်။ 'တစ်ယောက်တည်း
ဖြစ်ရဲ့လား'တဲ့။ စိုးရိမ်ပြီး မေးရှာတယ်။ 'ဖြစ်ပါတယ်၊ မပူပါနဲ့'လို့ ဖြေလိုက်တယ်။
ကျေးဇူးတင်စကား ပြောတယ်။ လက်ပြ နှုတ် ဆက်ပြီး ဘတ်စ်ကားထွက်သွားတာကို
ငေးနေလိုက်တယ်။
သစ်ပင်ကြီးတွေ အုပ်ဆိုင်းလွန်းလို့ နေရောင်တောင် မမြင်ရဘူး။
ဂျက်ကက်အပါးလေးနဲ့ အိမ်တွင်းစီး ခြေညှပ်ဖိနပ်စီးထားတဲ့ အယ်လန်ဟာ
ချမ်းစိမ့်စိမ့် ဖြစ်လာတယ်။ ဘိုင်ရင့်ချ်ဘူတာသာ ဆိုတယ်။ ဘာဘူတာ အရိပ်
အယောင်မှ မတွေ့ရဘူး။ ကြည့်လေရာ မြင်လေတိုင်း သစ်ပင်တွေချည်းပဲ။
ညာဘက်မှာတော့ ကျောက်ခင်းလမ်းကျဉ်းလေး ရှိတယ်။
အင်း ... အိတ်ထဲမှာတော့ အနွေးထည်ထူထူတွေ ပါမှာပဲလို့ တွေးမိလို့
အိတ်ကြီးကို ဖွင့်ကြည့်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ အိတ်က သော့ခတ်ထားတာ။ ခု
ဖွင့်စရာ ဘာပစ္စည်းမှလည်း မရှိဘူး။ ကဲ ... ကဲ ... ဆက်သွားမှ။ နို့မို့ရင် အေးလို့

ခဲသေသွားလိမ့်မယ်။

လက်ကိုင်တံကနေ အသာလေး ဆွဲသွားရုံပဲ။ အိတ်က ဘီးနဲ့ဆိုတော့ အတော်သက်သာပါတယ်။ ဒီလိုနဲ့ ကျောက်ခင်းလမ်းအတိုင်း အယ်လန်က ရှေ့ကလျှောက်၊ အိတ်က နောက်ကလိုက်လာတယ်။

ကိုက် နှစ်ရာ၊ သုံးရာလောက် လျှောက်ပြီးတော့ ဘိုင်ရင့်ချ်ဘူတာ ဘာတုံးဆိုတာ သူ မျက်ဝါးထင်ထင် တွေ့လိုက်ရတယ်။ လတ်စသတ်တော့ မသုံးတော့တဲ့ ရထားလမ်းဟောင်းနဲ့ ပိတ်ထားတဲ့ ဘူတာရုံပါကလား။ အယ်လန်ဟာ သူ့အတွေးတွေနဲ့ သူ့ခွန်အားတွေကို ပြန်စုစည်းနိုင်ဖို့ ခရီးဆောင် အိတ်ကြီးကို ဖင်ခုပြီး ထိုင်ချလိုက်တယ်။

သူ့ဘယ်ဘက်မှာတော့ ဘူတာတစ်ဖြစ်လဲ အဝါရောင် နှစ်ထပ် အဆောက်အအုံတစ်ခု ရှိနေတယ်။ ပြတင်းပေါက်တွေက အကုန်ပိတ်ထား တယ်။ ညာဘက် ရထားလမ်းဟောင်းအတိုင်း လိုက်သွားရင် တောနက်ကြီးထဲ ရောက်သွားမယ်။ မသုံးတာကြာပြီဆိုပေမဲ့ ရထားလမ်းကတော့ မြားတစ်စင်းလို ဖြောင့်ဖြောင့်တန်းတန်း ထင်ထင်ရှားရှား မြင်နေရတုန်းပဲ။ ဒါပေမဲ့ အချိန် သိပ်ကြာလာရင်တော့ တောထသွားမှာပါလေ။ အချိန်ပဲ လိုတာပါ။

'ရထားလမ်းပေါ် မလျှောက်ရ'ဆိုတဲ့ ဆိုင်းဘုတ်တစ်ခု ချိတ်ထားတာ တွေ့တယ်။ ဘာရထားမှ မလာတာကို ဘဇာကြောင့် မလျှောက်ရမတုံးလို့ သူ့စိတ်ထဲ စောဒကတက်နေမိတယ်။ ခဏနေတော့ ဘူတာရုံဟောင်းထဲကနေ လူတစ်ယောက် ထွက်လာတယ်။ လျှာထိုးဦးထုပ်နဲ့၊ လည်ရှည်ဖိနပ်နဲ့ အသက်ကတော့ ခုနစ်ဆယ်လောက်ရှိပြီ ထင်တယ်။ အဲဒီလူဟာ သူ့ကိုကြည့်၊ မျက် မှောင်ကြီး ကြုတ်ရင်း တန်းတန်းမတ်မတ် လျှောက်လာတယ်။ ဒီတောကြီးမျက်မည်းထဲ

ရောက်လာတဲ့ သူစိမ်းအဘိုးကြီးဟာ ဘာလဲ၊ ညာလဲပေါ့လေ။

အယ်လန်ကတော့ အိတ်ပေါ် ထိုင်နေတုံး။ သူ့မှာ ပြောဖို့စကားလည်း မရှိ။ နှုတ်ဆက်ဖို့ အားလည်း မရှိ။ သူ့ဆီလာနေတဲ့လူကို စိုက်ကြည့်နေရုံသာ တတ်နိုင်ရှာပါတယ်။ လျှာထိုးဦးထုပ်နဲ့ လူက သူ့ကို မေးတယ်။

'ခင်ဗျားက ဘယ်သူလဲ၊ ဒီကို ဘာလာလုပ်တာလဲ'

အယ်လန်က ရုတ်တရက် မဖြေနိုင်ဘူး။ ရန်သူလား၊ မိတ်ဆွေလား စိတ်ထဲမှာ ချိန်ဆနေမိတယ်။ သို့ပင် သို့ငြားသော်လည်း ပတ်ဝန်းကျင်မှာ တစ်ယောက်တည်းတွေ့ရတဲ့ သူ့ကို ဒီညအတွက် ကျောချစရာနေရာ၊ စားစရာ သောက်စရာ ပေးကောင်းပေးဖွယ်ရှိတဲ့ ဒီလူ့ကို စကားမပြောလို့ မဖြစ်ချေဘူး။ ကဲ … ပြောမယ်။

သူ့နာမည် အယ်လန်ဖြစ်ကြောင်း၊ ဒီနေ့ အသက်တစ်ရာ ပြည့်တဲ့ အကြောင်း၊ ဘာလုပ်ရမှန်း မသိတာနဲ့ လူအိုရုံကနေ ထွက်ပြေးလာကြောင်း၊ လမ်းမှာ ကြုံနေတုန်း ဆုံနေတုန်း ရိုင်းစိုင်းတဲ့ လူရွယ်တစ်ယောက်ဆီက ခရီးဆောင်အိတ်ကြီး ခိုးလာကြောင်း၊ အခိုးခံရလို့ ကာယကံရှင်ကတော့ ပျော်မှာမဟုတ်တဲ့အကြောင်း၊ ဒူးမကောင်းကြောင်း၊ ဒါကြောင့် လမ်းကြာကြာ မလျှောက်နိုင်ဘဲ မကြာခဏ နားနားပေးရကြောင်း။

အကြောင်းစုံ ပြောပြီးတော့ တရားသူကြီး အမိန့်ချမှတ်တာ စောင့်နေတဲ့ တရားခံလို အယ်လန်ဟာ လျှာထိုးဦးထုပ်နဲ့ လူဆီက စကားသံကို စောင့်မျှော်နေတယ်။ ဦးထုပ်နဲ့လူက ပြုံးလိုက်ပြီး …

'ဒါဆို ခင်ဗျားကြီးက သူခိုးပေါ့'လို့ ပြောရင်း သူ့ကို အနီးကပ် စေ့စေ့ ကြည့်နေတယ်။

'ခင်ဗျား တကယ်ပဲ အသက်တစ်ရာရှိပြီလား၊ ဒါဆို ခင်ဗျား ဆာနေ ရောပေါ့ ...' တဲ့။

အသက်တစ်ရာ ရှိခြင်းနဲ့ ဆာခြင်း နှစ်ခုကြားက ဆက်စပ်မှု ယုတ္တိဗေဒကို အယ်လန် မစဉ်းစားတတ်ပေမဲ့ ဆာတာကတော့အမှန်ပဲ။ ဒါနဲ့ပဲ ဘာစားရမှာလဲ၊ သောက်စရာရော ပါရဲ့လားလို့ မေးလိုက်တယ်။

ဦးထုပ်နဲ့လူက သူ့ကိုယ်သူ မိတ်ဆက်တယ်။ သူ့နာမည် ဂျူးလီးယပ် ဂွန်ဆင်တဲ့။ သူက အယ်လန့်ကို ဆွဲထူတယ်။ အိတ်ကို သူ သယ်ခဲ့မယ့် အကြောင်း ပြောတယ်။ စားစရာက သမင်သားရို့စ်၊ သောက်စရာ ကျိန်းသေပေါက် ပါမယ့်အကြောင်း ပြောတယ်။ ဒူးတွေအတွက် သဘောရှိ ကလောဟိ နားနိုင်ကြောင်း အာမဘန္တေခံတယ်။

တကယ်တော့လည်း ဂျူးလီးယပ် ဂွန်ဆင်ဟာ ဘယ်သူနဲ့မှ စကား မပြောရတာ နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီ။ ခု အိတ်တစ်လုံးနဲ့ အဘိုးကြီးကို မြင်တော့ သူ ဝမ်းသာလုံးဆို့နေတာ။ ကိုင်း ... သောက်ပြီ၊ ညာဘက်ဒူးအတွက် တစ်ခွက်၊ ဘယ်ဒူးအတွက် တစ်ဖလား၊ ကျောရိုးအတွက် တစ်ပက်၊ လည်ပင်းအတွက် တစ်စက်၊ ခံတွင်းလိုက်ဖို့ တစ်မြုံ့၊ သောက်ရင်းနဲ့ စကားပြောကြ၊ ဂျူးလီးယပ်ရဲ့ ဘဝဇာတ်ကြောင်းကို ခုလို အယ်လန် နားထောင်ရ။

အန်ဒါ့စ်ဂွန်ဆင်နဲ့ အယ်လ်ဗီနာဂွန်ဆင်ရဲ့ တစ်ဦးတည်းသော သားလှ ရွှေသွေး ဂွန်ဆင်လေးအဖြစ် ဂျူးလီးယပ်ကို ဆွီဒင်မြောက်ပိုင်းမှာ မွေးဖွားခဲ့၊ လူလားမြောက်လာတော့ မိသားစု ယာခင်းမှာ ယာသမားဖြစ်၊ စောက်သုံး တစ်စက်မှ မကျတဲ့အကောင်လို့ မြည်တွန်တောက်တီးပြီး သူ့အဖေက သူ့ကို နေ့တိုင်း ရိုက်၊ ၂၅ နှစ်သားမှာ အမေနဲ့ အဖေ ရှေ့ဆင့်နောက်ဆင့်သေ၊ တစ်ကောင်ကြွက်ကလေး

ဂျူးလီးယပ်ဟာ လယ်ယာအလုပ်မှာ မထွန်းကားမှန်း ကိုယ့်ကိုယ်ကိုယ်သိလို့
ခြေစောင့်လက်စောင့် မြေဇကေ နည်းနည်းကလွဲလို့ ရှိသမျှ အကုန်ရောင်းပြီး
စတော့ဟုမ်းတက်၊ နှစ်နှစ်ကြာတော့ ရှိသမျှငွေ အကုန်ပြောင်လို့ တောပြန်ပြေး၊
သစ်ပင်တွေစိုက်။

ဟူဒစ်ခ်စဗောခရိုင် လျှပ်စစ်ကုမ္ပဏီကို ဓာတ်တိုင်အဖြစ်သုံးဖို့ သစ်လုံး
ငါးထောင်သွင်းဖို့ ကန်ထရိုက်ရ၊ ဂျူးလီးယပ်ခမျာ ဝမ်းသာအားရ၊ ရှုပ်ထွေး လှတဲ့
အခွန်စနစ်အကြောင်း ဘာမှမသိဘဲ အားကြိုးမာန်တက် ဓာတ်တိုင် အတွက်
သစ်တွေခုတ်၊ အလုပ်သမားခတွေ တနင့်တပိုးကုန်၊ လောဘက ကျောမ
တက်နေတော့ ရသမျှသစ် ငမ်းဖောင်းထ ခုတ်လိုက်တာ လိုချင်တဲ့
ဓာတ်တိုင်အမြင့်ထက် တစ်ကိုက်လောက် တိုနေ၊ ဓာတ်တိုင်တွေ ဆင်တော့
လယ်ကွင်းတွေထဲ ကြိုးတွေကျ၊ လယ်မလုပ်ရ၊ ပြဿနာတွေ တစ်လှေကြီးတက်၊
လယ်သမားတွေရဲ့ ဒေါသဟာ လျှပ်စစ်ကုမ္ပဏီ၊ ဒီကတစ်ဆင့် ဂျူးလီးယပ်ဆီ
ရောက်၊ ကြံရာမရ ဖြစ်၊ ထွက်ပြေး၊ ဆန်းစ်ဗောက ဟိုတယ်မှာ ခုနစ်လလောက် ပုန်း၊
နောက်ဆုံး ဖြုန်းပြာခါကျ၊ ကိုင်း ... ပြောရတာမော၊ ထပ်သောက်လိုက်ကြဦးစို့။
အိမ်း ... ဟုတ်တာပေါ့၊ သောက်သင့်တာပေါ့။ သမင်သားရိုးစ်
ဆိုသဟာကလည်း ဘီယာလေးနဲ့ မျှောချမှ အရသာပိုရှိတယ် မဟုတ်လား။
အဲဒီအခိုက်အတန့်မှာ အယ်လန်ဟာ အသက်ရှင်နေရတာကို ကျေနပ်လွန်းလို့
သေရမှာကိုတောင် ကြောက်သလို ဖြစ်လာတယ်။
ဂျူးလီးယပ်က သူ့ဇာတ်ကြောင်းကို ဆက်ပြန်တယ်။ ဆန်းစ်ဗောကို
လယ်ထွန်စက်နဲ့ ခွေးပြေး ဝက်ပြေး ပြေး (မောင်းပို့တဲ့ လယ်သမားက သူ့ကို
အမှုန့်ကြိတ်ပစ်ချင်တဲ့အကြည့်နဲ့ ကြည့်နေ) သူ့ရဲ့ မပြောပလောက်တဲ့ အမှား

လေးကို ဒေသခံ လယ်သမားတွေက နောင် နှစ်တစ်ရာကြာလည်း ခွင့်မလွှတ်နိုင်ဘူးဆိုတဲ့ သတင်းစကားကို ကြား၊ ဒါနဲ့ပဲ တောင်ပိုင်းကို ဆက်ပြေး၊ မေရီဖရက်မှာ ခဏ စတည်းချ၊ ခိုးဝှက်စားသောက်၊ နောက်တော့ မြို့ပြဘဝကို ငြီးငွေ့၊ ဂရစ်ပ်ပှမ်းတည်းခိုခန်း မီးခံသေတ္တာတစ်လုံးထဲက ရလာတဲ့ ကရောင်းနှစ်သောင်းခွဲနဲ့ ခု ဘိုင်ရင့်ချ် ဘူတာရုံဟောင်းကို ဝယ်ပြီး ဧကစာရီ ကျင့်၊ သစ်တောထဲဝင်၊ အမဲပစ်၊ အရက်ချက်၊ စုံစီနဖာလုပ်ပေမဲ့ စီးပွားရေးက မကောင်း၊ ဒီလိုနဲ့ ခုချိန်ထိ ဖြစ်သလို ဘဝကို ဖြတ်သန်းပါသတဲ့။

အချိုပွဲအဖြစ် ထပ်ချကြဖို့ ဂျူးလီးယပ်က အကြံပေးတဲ့အခါ အသက် တစ်ရာ အယ်လန်မှာ စဉ်းစားရရှာတယ်။ ချတာက ချလို့ရပါတယ်။ မချခင် အိမ်သာရှာမှ ဖြစ်လိမ့်မယ်။ မှောင်စပြုလာပြီမို့ ဂျူးလီးယက်က မီးဖွင့်လိုက်ပြီး လှေကားညာဘက်မှာ အိမ်သာရှိတဲ့အကြောင်း၊ အိမ်သာကပြန်လာရင် ချဖို့ ခွက်အသစ် ဖြည့်ထားတဲ့အကြောင်း ပြောပြတယ်။

အိမ်သာထဲမှာ မတ်တတ်ရပ်ရင်း ရှုရှုးပန်း၊ ထုံးစံအတိုင်း ရှုရှုးက အားမကောင်း၊ ရှုရှုး ဖိနပ်တွေစိုစိုရွဲ။ ရှုရှုးပန်းခြင်းအမှု တစ်ဝက်လောက် အရောက် လှေကားပေါ်က အသံတွေ ကြားလိုက်တယ်။ သူခိုးလာတဲ့ အိတ်ကို ဆွဲပြီး ဂျူးလီးယပ် လှေကားပေါ်တက်သွားတယ် ထင်မိပေမဲ့ ခြေသံက သိပ် ပြင်းလွန်းတယ်။ ခဏနေတော့ သူ သိလိုက်ပြီ။ ဒါဟာ ရွှေရောင် ဆံပင်ရှည် မုတ်ဆိတ်ဗရပွနဲ့ ပြန်လမ်းမရှိဆိုတဲ့ စာတန်းကြီး နောက်ကျောမှာရေးထားတဲ့ ဒီနင်းဂျက်ကက်ဝတ်ထားတဲ့ လူရွယ်ပဲ။

အင်း ... တကယ်ပဲ သူဆိုရင်တော့ သူတို့တွေ့ဆုံမှုဟာ ကောင်းသော တွေ့ဆုံခြင်း မဖြစ်နိုင်ဘူးလေ။

ဘတ်စ်ကားဟာ စထရန်နဲ့ဇ်ကနေ မန်ကိုပင်းကို သတ်မှတ်ချိန်ထက် သုံးမိနစ် စောရောက်လာတယ်။ ခရီးသည်လည်း တစ်ယောက်မှ မပါတော့တဲ့ အတွက် ကားသမားဟာ ဖလန်မရောက်ခင် နောက်ဆုံးမှတ်တိုင်ဖြစ်တဲ့ မန်ကို ပင်းမှာ အေးအေးဆေးဆေး နားဖို့၊ အသက်ဝဝ ရှူဖို့ အချိန်ရပြီလို့ ထင်မိ တာပေါ့။ သို့သော်လည်း စီးကရက်ကလေးသောက်ဖို့ မီးညှိရုံ ရှိသေး။ ရွှေရောင် ဆံပင်ရှည် မှတ်ဆိတ်ဗရပွနဲ့ ပြန်လမ်းမရှိဆိုတဲ့ စာတန်းကြီး နောက်ကျောမှာ ရေးထားတဲ့ ဒီနင်းဂျက်ကက်ဝတ်ထားတဲ့ လူရွယ်တစ်ယောက် သူ့ရှေ့ ရောက် လာတယ်။

သူ့ကြည့်ရတာ ယီးတီးယားတားနဲ့ သိပ်ဟန်ပုံမရဘူး။ ဒါနဲ့ပဲ 'ခင်ဗျား က ဖလန်သွားမှာလား' လို့ ရွံ့တွန့်တွန့်နဲ့ မေးလိုက်တယ်။

'ကျုပ် ဖလန် မသွားဘူး၊ ခင်ဗျားလည်း မသွားရဘူး' တဲ့၊ ပြန်ဖြေပုံက။

ဘတ်စ်ကားကို လေးနာရီလောက် စောင့်နေရတဲ့အတွက် ဆံရှည်ဆီမှာ စိတ်ရှည်သည်းခံမှု တစိုးတစိမှ မကျန်တော့ဘူး။ တစ်ချိန်တည်းမှာပဲ တကယ် လို့သာ ကားခိုးပြီး ထွက်ပြေးရင် စထရန်နဲ့ဇ် မရောက်ခင် ဖမ်းမိမှာပဲဆိုတဲ့ အတွေးကလည်း ဝင်လာတယ်။ အဲဒီအချိန်မှာ ရဲကားတွေဟာ မြို့ပေါက်စန လေးထဲမှာ စုဝေးစပြုနေပြီ။ ရဲသားတွေဟာ ကားဝင်းထဲ ရောက်လာပြီ။ လက်မှတ်ပေါက်မှာ ကယောင်ချောက်ချားနဲ့ ထိုင်နေတဲ့ လူဖလံလေးကို ဘာ ကြောင့် ဒီလောက် ကြောက်နေရကြောင်း၊ ဘာကြောင့် လက်မှတ်ရုံတံခါးက ပျက်စီးနေကြောင်း စစ်မေးနေတယ်။

ဆံရှည်ခမျာ ရဲတွေ ဘာကိစ္စနဲ့ ရောက်လာမှန်း မသိရှာဘူး။ ပြန်လမ်း မရှိ

ဂိုဏ်းက သူ့ဘော့စ်ဟာ မန်ကိုပင်းကို အကြောင်းသုံးခုကြောင့် ရွေးချယ် ခဲ့တာ။

၁။ စတော့ဟုမ်းနဲ့ နီးခြင်း

၂။ လမ်းပန်းဆက်သွယ်ရေး ကောင်းခြင်း

၃။ အရေးအကြီးဆုံး အဓိကကျတဲ့အကြောင်းက လက်တံရှည်လုပါတယ် ဆိုတဲ့ တရားဥပဒေဟာ ဒီနေရာကို လက်လှမ်းမမီလို့ သဘောရှိ ကလောဟိ နိုင်ခြင်းဆိုတဲ့ အကြောင်းတွေပဲ။ ပုံမှန်အားဖြင့် မန်ကိုပင်းမှာ ရဲမရှိ၊ စုံထောက် မရှိ။ ခုတော့ မရှိသင့် မရှိထိုက်ပါဘဲနဲ့ ရဲတွေ ခြေချင်းလိမ်နေပြီ။ အုံလိုက် ကျင်းလိုက်ပဲ။ ဟုတ်တယ်လေ။ ရဲကားနှစ်စီးနဲ့ ရဲလေးယောက်ကြီးများတောင် ဆိုတော့ အုံလိုက်ကျင်းလိုက်ပေါ့။ ပထမတော့ ဒီရဲတွေ ငါ့နောက် လိုက်လာ တာပဲလို့ တွေးရင်း ဆံရှည်ဟာ ပူထူသွားတယ်။ ဒါပေမဲ့ လက်မှတ်ရောင်းတဲ့ လူနဲ့ ရဲတွေ ပြောနေဆိုနေပုံ ကြည့်ရတာ သူ့နောက်လိုက်တာ ဟုတ်ပုံမရဘူး။ ဘတ်စ်ကားစောင့်နေတုန်း ဆံရှည်ဟာ လက်မှတ်ရောင်း ရုံးခန်းထဲက ဖုန်းကို တစ်စစီဖြစ်အောင် ရိုက်ခွဲပြီး ရုံးခန်းတံခါးကိုလည်း ပျက်သထက်ပျက်အောင် တတ်အားသရွေ့ လုပ်ထားတယ်။ လက်မှတ်ရောင်းကောင် ကြောက်သထက် ကြောက်အောင်ပေါ့။

ဘတ်စ်ကားဆိုက်လို့ ခရီးသည်တစ်ယောက်မှ မပါမှန်း သေချာတဲ့ အခါမှာတော့ ကားကိုရော ကားသမားကိုပါ ပြန်ပေးဆွဲဖို့ ဆံရှည်က ဆုံးဖြတ် ချက် ချလိုက်တယ်။ လာရာလမ်းအတိုင်း မြောက်ဘက် ပြန်လှည့်မောင်းဖို့ ကားသမားကို စည်းရုံးသိမ်းသွင်းတာ စက္ကန့်နှစ်ဆယ်လောက် ကြာသွားတယ်။ ဆံရှည်ဟာ မနက်က အယ်လန် ထိုင်သွားတဲ့နေရာမှာ ထိုင်ရင်း ကားပေါ် လိုက်လာခဲ့တယ်။ အာရုံယူနေသလားတော့ မပြောတတ်ပါဘူး။

ကားသမားကတော့ တစ်ကိုယ်လုံး နတ်ကျသလို တုန်နေလို့ စီးကရက်
မီးညှိသောက်နေမိတယ်။ ကားပေါ် ဆေးလိပ်မသောက်ရဆိုတဲ့ ဥပဒေရှိပေမဲ့ ခု
သူ့အတွက် တစ်ခုတည်းသော ဥပဒေဟာ သူ့နောက် မျက်စောင်းထိုးခုံမှာ
ထိုင်လိုက်လာတဲ့ ရွှေရောင်ဆံပင်ရှည်၊ မှတ်ဆိတ်ဗရပွနဲ့ ပြန်လမ်းမရှိဆိုတဲ့
စာတန်းကြီး နောက်ကျောမှာရေးထားတဲ့ ဒီနင်းဂျက်ကက် ဝတ်ထားတဲ့ ဆံရှည်
ကောင်ပဲလေ။

သွားနေရင်းနဲ့ ဆံရှည်ဟာ ကားသမားကို အိတ်သူခိုး အဘိုးကြီး ဘယ်
ဆင်းသွားသလဲ မေးတယ်။ ကားသမားကလည်း အဘိုးကြီးဟာ ဘိုင်ရင့်ချ်
ဘူတာမှတ်တိုင်မှာ ဆင်းသွားကြောင်း၊ ငါးဆယ်တန်တစ်ရွက်ပြပြီး ငါးဆယ်ဖိုး
စီးရင် ဘယ်ထိရောက်မလဲဆိုလို့ ဘိုင်ရင့်ချ်မှာ ချပေးခဲ့ကြောင်း ကရား ရေလွှတ်
တတွတ်တွတ် ဖြေနေတယ်။

တကယ်က ဘိုင်ရင့်ချ်ဘူတာအကြောင်း ကားသမားလည်း ဘာမှ သေချာသိတာ
မဟုတ်ဘူး။ ဘယ်သူမှ ဘယ်တုန်းကမှလည်း အဲဒီမှတ်တိုင်မှာ
အဆင်းအတက်လုပ်တာ မရှိခဲ့ဘူး။ ပိတ်ထားတဲ့ ရထားလမ်းရယ်၊ ခပ်ဝေးဝေးမှာ
ဘိုင်ရင့်ချ်ရွာရှိတယ် ဆိုတာရယ်လောက်ပဲ ရေးတေးတေးသိတာ။ အဘိုးကြီး
အလွန်ဆုံးသွားနိုင်လှ အဲဒီရွာအထိပေါ့။ ခရီးဆောင်အိတ်က ဘီးပါတယ် ဆိုပေမဲ့
အတော်လေးတာ။ သူ အဝေးကြီး ဘယ်ဆွဲနိုင်မလဲ။

ဒီစကားတွေ ကြားရတော့ ဆံရှည်ဟာ အလွန့်အလွန် စိတ်သက်သာ
သွားတယ်။ စတော့ဟုမ်းက သူ့ဘော့စ်ကို အကြောင်းမကြားသေးဘူးလို့
ဆုံးဖြတ်လိုက်တယ်။ သူ့ဘော့စ်က လူတွေကို ကြောက်အောင်လုပ်တဲ့နေရာမှာ
သူ့ထက်သာတယ်ဆိုတာ သူ ကောင်းကောင်းသိတယ်။ တကယ်လို့များ အိတ်

ပျောက်သွားတာသာ သိလို့ကတော့ အမလေးလေ့ ... ဆံရှည် တွေးရင်း ကြက်သီးထလာတယ်။ မဖြစ်ဘူး။ သူ့ဘာသာသူ ဖြေရှင်းပြီးမှ အရိပ်အကဲကြည့် ပြောပြတော့မယ်။ အဘိုးကြီး ဘယ်ရောက်ရောက် အမြန်ဆုံးရှာပြီး သူ့လက်ထဲ အိတ်ပြန်ရောက်မှ ဖြစ်မှာ။

'ကဲ ... ဘိုင်ရင့်ချ်ဘူတာမှတ်တိုင် ရောက်ပါပြီ'

ကားသမားဟာ ပြောပြောဆိုဆို ကားပေါ်က အမြန်ဆင်းပြီး လမ်းပေါ် မှောက်ချလိုက်တယ်။ သေဖို့ရန် ပြင်ဆင်ထားလိုက်တယ်။ သို့သော် သူသေဖို့ အချိန်မတန်သေးဘူး။ သူ့လက်ကိုင်ဖုန်းကတော့ သေချိန်တန်သွားခဲ့တယ်။ ဖုန်းကလေးဟာ ဆံရှည်ရဲ့ဖိနပ်အောက်မှာ တစ်စစီ ဝိညာဉ်ကြွေလွင့်သွား ရှာတယ်။ အဲဒီနောက်တော့ ဖလန်သွားတဲ့ လမ်းတစ်လျှောက် ရဲတိုင်လို့ကတော့ ဘိုးဘေးဘီဘင် ဘွတ်ဘော် သားမြေးတီတွတ် ကျွတ်ဆတ် အသက်နဲ့ခန္ဓာ အိုးစားကွဲစေရမယ်ဆိုတဲ့အကြောင်း ဆံရှည့်ပါးစပ်က တရစပ် ထွက်လာ တယ်။ ကျိန်စာတိုက်ပြီးချိန်မှာတော့ ဆံရှည်ဟာ ကားပေါ်ကဆင်းပြီး ကားသမားကို ပြန်လွှတ်လိုက်တယ်။ သနားစရာ ကားဆရာကတော့ အကြောက် လွန်ပြီး ဖလန် မသွားနိုင်ဘဲ စထရန်နာ့ဇ်ရောက်အောင် မောင်းမိ။ ထရက်ဂတ် လမ်းအလယ်ကောင်ကြီးမှာ ရပ်၊ ဒေလီယာဟိုတယ်ထဲ ကြောင်တောင်တောင်ကြီး ဝင်သွားပြီး ဝီစကီလေးခွက် ဆင့်ချလိုက်တယ်။ ခဏနေတော့ သူ ငိုပါ လေရော။

နောက်နှစ်ခွက် ထပ်သောက်အပြီးမှာတော့ အရက်ဘားက လူက တယ်လီဖုန်းခေါ်ခွင့် ပေးတယ်။ သူ ချုံးပွဲချ ငိုလိုက်ပြန်ရင်း သူ့ကောင်မလေး ဆီ ဖုန်းခေါ်ပါလေရော။ ဆံရှည်ဟာ လမ်းပေါ်မှာ သူ့အိတ်ခြေရာကို ကောက်ဖို့ ကြိုးစားပေမဲ့ မှောင်နေပြီမို့ အရာမထင်ဘူး။ ဒီတောကြီးထဲမှာ ခဏနေရင် ကိုယ့်လက်

ကိုယ်တောင် မမြင်ရအောင် မှောင်သွားတော့မယ်။ ဘာလုပ်ရရင် ကောင်းမလဲ။ ဘာလုပ်ရမလဲ။ ဆံရှည်ရဲ့ သောကတွေဟာ အပေါ်ထပ်မှာ မီးလင်း နေတဲ့ ဘူတာရုံအဝါကို မြင်လိုက်ရချိန်မှာ တစ်ခါတည်း ချုပ်ငြိမ်းသွားတယ်။ ကိုင်း ... ဘိုးဘိုး သူခိုး၊ ဘယ်ပြေးမလဲ ... တွေ့ကြသေးတာပေါ့။

အယ်လန်ဟာ ရှုရှူးပန်းတာ ရပ်လိုက်တယ်။ အိမ်သာတံခါးကို သတိထား ဖွင့်လိုက်ပြီး မီးဖိုခန်းထဲက အသံဗလံတွေကိုနားစွင့်တယ်။ အမလေး ... သိပ်ဟုတ်တာပေါ့။ သူ ထင်တဲ့အတိုင်းပဲ။ ဂျူးလီးယပ်ဂျွန်ဆင်ကို ကိုင်လှုပ်ပြီး 'ဟိုမသာကြီး ဘယ်မတုံး'လို့ မေးနေတာ အီးယိုတဲ့ ဆံရှည့်အသံ အစစ်ပဲ။ မီးဖိုခန်းထဲ တစ်လှမ်းချင်း ဝင်လိုက်တယ်။ ရှုရှူးဖိနပ်တွေက ဘာသံမှ မထွက်ဘူး။ အလိုလေး ... ဆံရှည်ဟာ ဂျူးလီးယပ်ကို နားရွက်နှစ်ဖက် စုံဆွဲပြီး လေထဲ မြှောက်ထားသကိုး။ ဒါ မန်ကိုပင်းက ကားလက်မှတ်ရောင်းတဲ့ လူဖလံ လေးကို လုပ်နည်းအတိုင်း တစ်ထပ်တည်းပဲ။ နားရွက်ကနေ ဆွဲ၊ တစ်ကိုယ် လုံး ကိုင်လှုပ်ပြီး မေးနေတာ သနားစရာ ဂျူးလီးယပ်ခမျာ ဒုက္ခရောက်နေရှာ။ တကယ်ဆို အခန်းအလယ်ကောင် တည့်တည့်မှာရှိတဲ့ သူ့အိတ်ကြီး ပြန်တွေ့ နေမှပဲ။ ကျေနပ်ပါတော့လား။ ဂျူးလီးယပ်ကလည်း နာလွန်းလို့ ရှုံ့မဲ့နေပေမဲ့ ခေါင်းကတော့ မာတယ်။ ဘာမှ ပြန်မဖြေဘူး။ သစ်ကုန်သည်ဟောင်းကြီးဟာ ခေါင်းကြော အတော်မာတာပဲ။ ဒါနဲ့ပဲ အယ်လန်ဟာ တွယ်ဖို့ လက်နက်လိုက်ရှာတယ်။ လက်နက်အလောင်းအလျာတွေ တွေ့တယ်။ ကုလားအော် တစ်ချောင်း၊ သစ်သားတုတ်တစ်ခု၊ ခြင်ဆေးတစ်ဘူး၊ ကြွက်သတ်ဆေး တစ်ထုပ်။ ဟုတ်ကပြီ။ ကြွက်သတ်ဆေးနဲ့ ချမယ်။ ဟင် ... ဘယ်လိုချမှာလဲ။ သူ့ပါးစပ်ထဲ ကြွက်သတ်ဆေး

နှစ်ဇွန်း ထည့်ပေးတာကို ပါးစပ်လေးဖြဲပြီး လိမ်လိမ်မာမာ စားမတဲ့လား။ ဒါဆို ကုလားအော်ရော၊ အမလေး … ဒီ သံတူရွှင်း အလေးကြီး ဘယ်မနိုင်ပါ့မလဲ။ အသက်ကဖြင့် တစ်ရာရှိနေပြီ ဟာကို။ ခြင်ဆေးနဲ့ မှုတ်မလား။ ဖွီ … တုံးလိုက်တဲ့အကြံ။ ဆိုတော့ တုတ်ပေါ့ လကွယ်။

အယ်လန်ဟာ တုတ်ကိုင်ပြီး သူ့အသက်နဲ့စာရင် လျှပ်စစ်လိုမြန်တဲ့ ခြေလှမ်းလေးလှမ်း လှမ်းလိုက်တယ်။ ခု သူ ဆံရှည့်နောက်ကျော ရောက်ပြီ။ သူ့နောက်ကို တစ်ယောက်ယောက်ရောက်နေတာ ဆံရှည်လည်း ခံစားမိပုံပဲ။ ဒါကြောင့်လည်း ဂျူးလီးယပ်ကို လွှတ်ပြီး သူ နောက်လှည့်လိုက်တာပေါ့။ အဲသလိုလှည့်လိုက်တော့ တုတ်ဟာ သူ့နဖူးတည့်တည့် ထိတာပေါ့။ ဆံရှည်ဟာ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်း မသိလိုက်ဘဲ နောက်ပြန်ကြီး လဲကျသွားတာ ထမင်းစားစားပွဲစောင်းနဲ့ နောက်စေ့ မိတ်ဆက်မိပြန်တယ်။ ကိုင်း … သွေးလည်း မထွက်၊ အသံလည်း မထွက်ဘဲ မျက်စိစုံမှိတ်ပြီး ငြိမ်သွားပြီ။

'ဟား … ကောင်းလိုက်တာဗျာ' ဂျူးလီးယပ်က ကောင်းချီးပေးနေတယ်။

'အင်း … ကျေးဇူးပါပဲ၊ ဒါနဲ့ ခင်ဗျားအချို့ပွဲ ဘယ်မလဲ'

ဆံရှည် သူတို့ခြေထောက်နားမှာ စင်းစင်းကြီး မေ့နေတုန်း သူတို့ နှစ်ယောက်ဟာ စားပွဲဆက်ထိုင်ကြတယ်။ ဂျူးလီးယပ်က ဘရန်ဒီ နှစ်ခွက် ထည့်ပြီး အဘိုးကြီးနဲ့ အဘိုးလေး ခွက်တွေကိုယ်စီမြှောက်လို့ တို့စ်လုပ်နေ ကြတယ်။ ဂျူးလီးယပ်က ခွက်ပြန်ချလိုက်ပြီး …

'ဆိုတော့ ဒီအကောင်ဟာ အိတ်ပိုင်ရှင်ပဲ ဖြစ်ရမယ်၊ ဟုတ်စ …' လို့ မေးလိုက်တယ်။

အင်း … သူ့ကို အသေအချာရှင်းပြမှ ဖြစ်မယ်လို့ အယ်လန် တွေးမိ တယ်။

နေစမ်းပါဦး။ ဘာကို အသေအချာ ရှင်းပြမှာတုံး။ ဒီနေ့ ဖြစ်ခဲ့တာတွေကို ကိုယ်ကိုယ်တိုင်တောင် ကောင်းကောင်း နားလည်လို့လား။ ဒါပေမဲ့လည်း ဖြစ်ပျက်ခဲ့သမျှတွေကို သူ အသေးစိတ် ပြောပြပါတယ်။ ပြောနေရင်း ဟိုဆံရှည်ကောင် သတိရလားပြီး ခုန်အုပ်မလားလို့ ကျောက ချမ်းနေသေး တယ်။ ခုထိ ရဲတွတ်နေတဲ့ နားရွက်ကြီးနှစ်ဖက်ကို ကြည့်ပြီး ဂျူးလီးယပ်ကို အယ်လန်က တောင်းပန်နေတယ်။ ဂျူးလီးယပ်ကတော့ မလိုပါဘူးတဲ့။ ဒါမျိုး ကြုံဖန်များလို့ ရိုးနေပြီတဲ့။

ခု သူ ကြည်ကြည်လင်လင် ပြန်ဖြစ်လာပြီ။ ဒီလောက် သဲကြီးမဲကြီး လိုက်နေတဲ့ အိတ်ထဲ ဘာရှိလဲဆိုတာ သိအောင် ဖွင့်ကြည့်ကြစို့လို့ သူပြောတယ်။ အိတ်က သော့ခတ်ထားတယ်လို့ အယ်လန်ကပြောတော့ ...

'မကြောင်စမ်းပါနဲ့ အယ်လန်ရာ၊ ဘယ်သော့မှ ဂျူးလီးယပ်ကို တားလို့ မရဘူးဗျ'လို့ ဝင့်ဝင့်ကြွားကြွား ပြန်ပြောလိုက်တယ်။

ဒါပေမဲ့လည်း အရင်ဆုံး ကြမ်းပြင်ပေါ်ကဟာကြီးကို တစ်ခုခု လုပ်ရမယ်။ ဒီအကောင် သတိရလာရင် ဒုက္ခတွေ များကုန်မှာကိုး။

ဒီအကောင့်ကို ဘူတာရုံအပြင်ဘက်က သစ်ပင်မှာ ကြိုးနဲ့တုပ်ထားဖို့ အယ်လန်က အကြံပေးတယ်။ ဂျူးလီးယပ်က ကန့်ကွက်တယ်။ သတိရလာလို့ အသံပြုနဲ့ အော်နေရင် ရွာထဲက ကြားကုန်လိမ့်မယ်တဲ့။ ရွာထဲဆိုတာ အိမ်ခြေ သုံးလေးအိမ်ပဲဆိုပေမဲ့ သူတို့က ဂျူးလီးယပ်နဲ့ မတည့်တော့ ဆံရှည်ကို လာလွှတ်ပေးရင် ဘယ့်နှယ်လုပ်မတုံးတဲ့။

တကယ်တော့ ဂျူးလီးယပ်မှာ ပိုကောင်းတဲ့အကြံ ရှိတယ်။ မီးဖိုခန်းနဲ့ ကပ်လျက်မှာ သမင်သားတွေထားတဲ့ အအေးခန်းရှိတယ်။ ခုလောလောဆယ်တော့

အသားကုန်နေလို့ အခန်းက လွတ်နေတယ်။ အခန်းလွတ်နေတုန်း အအေးခတ်
လွှတ်မထားဘူးတဲ့။ မီတာခက စောက်ကျိုးနည်း ဈေးကြီး တာတဲ့။ ပြောမယ့်သာ
ပြောတာ။ မီးကို သူက ခိုးသွယ်ထားတာ။ တောထဲက ယာခင်း
သစ်လုံးအိမ်ကလေးတစ်လုံးမှာနေတဲ့ ဂေါ့စတာဆိုတဲ့လူက ဘုမသိ ဘမသိနဲ့
ဂျူးလီးယပ်အတွက် မီတာခပါ ရောပေးနေရတာ။ သို့သော် အလကားရတိုင်း
မတရားသုံးလို့ ဘယ်ဖြစ်မတုံးတဲ့။ ကြာကြာဝါးမယ့်သွား အရိုး
ကြည့်ရှောင်တတ်ရမတဲ့လေ။
အယ်လန်က ပိတ်ထားတဲ့ အအေးခန်းကို စစ်ဆေးကြည့်တယ်။
တကယ်ကောင်းတဲ့ အကျဉ်းခန်းပဲ။ ခြောက်ပေ ကိုးပေဆိုတဲ့ အကျယ်အဝန်းဟာ
ဆံရှည့်အဖို့ လိုတာထက်တောင် ပိုနေသေးတယ်။ ဟုတ်ပြီ။ အေးအေးဆေးဆေး
ဒင်းကို ဒီထဲထည့်ထား။
အဘိုးကြီးနှစ်ယောက် ဆံရှည့်ကို ဆွဲလာကြတယ်။ အအေးခန်းထဲ
ပစ်ထည့်လိုက်တော့ ဆံရှည်ဆီက 'အင်း ... အဲ ...' နဲ့ အသံထွက်လာတယ်။
အမလေး ... သူ သတိရလာတော့မယ်။ ပိတ်ဟ တံခါးကို မြန်မြန်။
ပြီးတာနဲ့ အဘိုးကြီးနှစ်ယောက် ဒရောသောပါး ပြန်ပြေးလာကြတယ်။
ခရီးဆောင်အိတ်ကြီးကို ထမင်းစားစားပွဲပေါ် မ,တင်တယ်။ ခက်ရင်းခွတစ်ခုနဲ့
သော့ကို ဟိုလှည့်ဒီလှည့် လှည့်ရင်း ချောက်ခနဲ ပွင့်သွားတော့ ဂျူးလီးယပ်က
အယ်လန့်ကို လှည့်ကြည့်တယ်။
'ဘာပစ္စည်းဖြစ်ဖြစ်၊ ခင်ဗျားနဲ့ ကျွန်တော် တစ်ယောက်တစ်ဝက်လေ၊ အဲ ...
ကျွန်တော်နဲ့တော်မယ့်ဖိနပ် ပါရင်တော့ ပေးပေါ့ဗျာ ... နော့ ...'
အယ်လန်က ဂျူးလီးယပ်ကိုပြောရင်း အိတ်ကို ဖွင့်ချလိုက်တယ်။

'အလို ...'

'ဘုရားရေ ...'

'သေနာကြီးတွေ ... ကျုပ်ကို ထုတ်ပေးကြစမ်း'

အအေးခန်းထဲက အသံကြီးက လန့်စရာ၊ ကလူ ... ကလူ ...။

(၄)

၁၉၀၅–၁၉၂၉

အယ်လန် အီမန်နျူရယ် ကားလ်ဆန်ကို ၁၉၀၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ မွေးဖွားခဲ့တယ်။ သူ မမွေးခင် တစ်ရက်အလိုက သူ့အမေဟာ ဖလန်မှာ ဝှဲချီးကျင်းပတဲ့ အလုပ်သမားနေ့ စုရုံးချီတက် ဆန္ဒပြပွဲမှာ အမျိုးသမီးများ အခွင့်အရေးရရှိရေး၊ တစ်ရက် အလုပ်ချိန် ရှစ်နာရီဖြစ်ရေးနဲ့ တခြားသော လေဖန်းဒန်းစီး တောင်းဆိုမှုများကို ရင်ကွဲဖင်ကွဲ အာပေါင်အာရင်းသန်သန် ဟစ်အော်တောင်းဆိုရင်း အကျိုးဆက်အဖြစ် ညသန်းခေါင်ကျော်မှာ ဗိုက်နာ လာပါလေရော။ ဒီလိုနဲ့ သူ့ရဲ့တစ်ဦးတည်းသော သားလှရွှေသွေး အယ်လန် လေးကို မွေးဖွားခဲ့တယ် ဆိုပါတော့။ ကလေးမွေးတာကတော့ ရိုးရာမပျက် အိမ်မှာတဲ့။ ကလေးမွေးဖို့ အိမ်နီးနားချင်း ကတော်တစ်ယောက်က ကူညီခဲ့တယ်။ အဲဒီကတော်ဟာ ဝမ်းဆွဲအတတ်ပညာကို မကျွမ်းကျင်လှပေမဲ့ နပိုလီယန် ဘိုနာပတ်ရဲ့ အကြည်တော်ဖြစ်တဲ့ ဆွီဒင်ဘုရင် ကားလ် ၁၄ ယိုဟန်ကို သူ့အသက် ကိုးနှစ်တုန်းက ဂါရဝပြု ဖူးတွေ့ခွင့်ရထားလို့ ဂုဏ်ရှိန် သတင်း ကျော်စောပါသတဲ့။ အဲဒီ ဂုဏ်သတင်းကျော်စောသူ ကတော်ကြီး ကူမွေးပေးလိုက်တဲ့ ကလေးဟာ ဘာအခက်အခဲမှ မရှိဘဲ ကောင်းစွာ လူလား မြောက် ကြီးပြင်းလာခဲ့တယ်။

အယ်လန့် အဖေကတော့ ကြင်နာတတ်ပြီး ဒေါသကြီးသူ ဖြစ်သတဲ့။ ဘယ်လို ... ဘယ်လို ... ဘယ့်နှာတုန်း။ ဩော် ... ဒီလိုလေ။ သူဟာ သူ့ကိုယ်သူနဲ့ သူ့မိသားစုကို အလွန်အင်မတန် ကြင်နာတယ်။ ကျန်တဲ့ လူ့အဖွဲ့အစည်း တစ်ခုလုံးအပေါ်တော့ အစဉ်အမြဲ စိတ်အလိုမကျ ဒေါပွနေပါသတဲ့။ လူတွေက လည်း သူ့ကို အလိုမကျပါဘူး။ အဲသလို အလိုမကျတာ ဘယ်အချိန်က စသလဲဆိုရင် ဖလန်က ကွက်လပ်တစ်ခုမှာ မတ်တတ်ရပ်ပြီး သန္ဓေတားခြင်းရဲ့ အကျိုးကျေးဇူးတွေကို သူ အာပြဲလျှာပြဲ ဟောကြားချိန်ကတည်းကတဲ့။ အဲသလို ဟောကြားလို့ သူဟာ ဆယ်ကရောင်း ဒဏ်ရိုက်ခံရတယ်။ ဒါ့အပြင် ပိုဆိုးတာက အယ်လန့်အမေက အိပ်ခန်းထဲ ဝင်မလာနဲ့ဆိုတဲ့ တားမြစ်ချက်ကို ချခဲ့လို့ သူ ဟောခဲ့တဲ့ကိစ္စအတွက် သူ ပူစရာပန်စရာ မလိုတော့ဘူး။

အဲဒီတုန်းက အယ်လန်က ခြောက်နှစ်သား။ သူ့အဖေ ဘာဖြစ်လို့ အိပ်ရာပြောင်းသွားတာလဲ ဆိုတာကို သူ့အမေကို တကျီကျီ မေးတယ်။ ပြန်ရတဲ့အဖြေက နားရွက် လိမ်ဆွဲမခံချင်ရင် ထပ်မမေးနဲ့တဲ့။ တခြားကလေး တွေလိုပဲ အယ်လန်လည်း နားရွက်အဆွဲ မခံချင်ဘူး။ ဆိုတော့ မမေးတော့ဘူး။

အဲဒီအချိန်ကစလို့ အယ်လန့်အဖေဟာ အိမ်မှာနေချိန် နည်းသထက်နည်း လာတယ်။ နေ့ဘက်ဆို ရထားဘက်က သူ့အလုပ်မှာရှိတယ်။ ညနေဆို ဆိုရှယ်လစ်ဝါဒ ဆွေးနွေးပွဲတွေမှာ ရှိတယ်။ ညဆို၊ အဲ ... ညဆိုရင်တော့ မသိဘူး။ အိမ်မှာမနေပေမဲ့ အိမ်ထောင်ဦးစီး ဝတ္တရားတော့ မပျက်ဘူး။ အပတ်တိုင်း မိန်းမကို လစာအပ်တယ်။ နောက်ဆုံး အလုပ်ပြုတ်တဲ့နေ့အထိပဲ။ အဲဒီနေ့ကတော့ အယ်လန့်အဖေဟာ စတော့ဟုမ်းကိုသွားပြီး ထောင်ပေါင်းများစွာသော လူတွေနဲ့အတူ ဘုရင်မင်းမြတ်ကို နန်းတော်မှာ သွားဖူးပြီး အဖမြေကို စွမ်းစွမ်းတမံ

ကာကွယ်ပါမယ့်အကြောင်း အာမဘာန္တေသွားခံမယ့် ခရီးသည် တစ်ယောက်ကို ရန်သတ္တရုပြုတဲ့အတွက် အလုပ်က ထုတ်ခံရတယ်။

'အဖမြေကို မကာကွယ်ခင် အရင်ဆုံး ကိုယ့်ကိုယ်ကိုယ် ကာကွယ်လကွာ' အယ်လန့်အဖေဟာ ပြောပြောဆိုဆိုနဲ့ ခရီးသည်ကို ခွပ်ခနဲ ထိုးချလိုက်တာ ခရီးသည်ဟာ ပိုးလိုးပက်လက် လန်သွားသတဲ့။ အလုပ်က ထုတ်ခံရတဲ့အတွက် အယ်လန့်အဖေဟာ မိသားစုကို မကျွေးနိုင် မမွေးနိုင်တော့ဘူး။ ခရီးသည်ကို ထိုးတယ်။ မထော်မနမ်း မအပ်မရာ သန္တေတားတဲ့အကြောင်းလည်း လျှောက်ပြောတယ်ဆိုတဲ့ ဂုဏ်ရှိန်သတင်း ကျော်စောခြင်းကြောင့် တခြားအလုပ်ရှာလည်း အချိန်ဖြုန်းသလိုပဲ ဖြစ်မှာ။ ဒါကြောင့် အယ်လန့် အဖေအဖို့ လုပ်စရာဆိုလို့ တော်လှန်ရေးကို ထိုင်စောင့်ဖို့ပဲ ရှိတော့တယ်။ တော်လှန်ရေးက မြန်မြန်ဆန်ဆန်ဖြစ်မှ ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုခေတ်မှာ အရာရာက သိပ်နှေးကွေးတာကိုး။ အယ်လန့်အဖေဟာ တော်လှန် ရေး အကျိုးရလဒ်ကို မြင်ချင်လှပြီ။ ဆွီဒင် ဆိုရှယ်လစ်လောကအတွက် အပြည်ပြည်ဆိုင်ရာ မိုဒယ်တစ်ခု လိုနေတယ်။ အဲဒီအတွေးအခေါ်ဟာ မြင်မြင် လေရာကို မီးလိုက်ရှို့နေတဲ့အတွက် လက်ကားအရောင်းသမား ကုန်သည်ကြီး ဂူစတေ့ဗ်ဆင်လို အရင်းရှင် အကောင်ကြီးတွေဟာ အဝီစိရောက်သလို ဖင်ပူ လာခဲ့တယ်။

မနေနိုင်တော့ဘူး၊ မစောင့်နိုင်တော့ဘူးဆိုတဲ့ အယ်လန့်အဖေဟာ အထုပ်ပြင်ပြီး ရုရုကို ထွက်သွားခဲ့တယ်။ ရည်ရွယ်ချက်က ဇာဘုရင်ကို ဖြုတ်ချရာမှာ တစ်တပ်တစ်အားပါဝင်ဖို့တဲ့။ အယ်လန့်အမေဟာ ရနေကျ လခကလေးတွေကို လွမ်းလှပေမဲ့ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားတဲ့ သူ့ယောကျာ်းအတွက် ကြည်နူးနေပြန်တယ်။ မိသားစုမှာ ဦးဆောင်ငွေရှာသူ မရှိတော့တဲ့အတွက်

ငွေကြေးစီမံခန့်ခွဲခြင်း တာဝန်ဟာ အယ်လန့်အမေနဲ့ ဆယ်နှစ်သားပဲ ရှိသေးတဲ့ အယ်လန့်အပေါ် ကျရောက်လာတယ်။ အယ်လန့်အမေဟာ သူပိုင်တဲ့

ကောင်းစွာကြီးထွားပြီး သစ်ပင် ၁၄ ပင်ကို ခုတ်လှဲ၊ အပိုင်းပိုင်း အထစ်ထစ် ခုတ်ပြီး ထင်းအဖြစ် ရောင်းစားတယ်။ အယ်လန်ကတော့ နိုက်ထရို ဂလစ်ထရင်း (ဒိုင်းနမိုက်) ထုတ်လုပ်ရေး ကုမ္ပဏီခွဲတစ်ခုမှာ အခစား ဝင်လုပ် တယ်။ စိန့်ပီတာစဘတ် (နောက်တော့ ပီထရိုဂရက်လို့ နာမည်ပြောင်း) ကနေ မှန်မှန်ရနေတဲ့ စာတွေကိုဖတ်ရင်း သူ ယုံကြည်သက်ဝင်လှတဲ့ ဆိုရှယ်လစ် ဝါဒရဲ့ ကောင်းချီးမင်္ဂလာအပေါ် ချီတုံချတုံ သံသယဝင်လာပုံတွေကို မြင်ရတဲ့ အတွက် အယ်လန့်အဖေအပေါ် အယ်လန့်အမေက အံ့သြနေခဲ့တယ်။

သူ့စာတွေထဲမှာ အယ်လန့်အဖေဟာ ပီထရိုဂရက် နိုင်ငံရေးလောကထဲက သူ့မိတ်ဆွေတွေအကြောင်း တို့ထား ထိထားခဲ့တယ်။ အများဆုံး အတို့ခံရတဲ့လူ နာမည်က ကားလ်တဲ့။ ရှရှနာမည်နဲ့ နည်းနည်းမှမတူဘူး။ အယ်လန့် အဖေက အန်ကယ်ကားလ် ဒါမှမဟုတ် အန်ကယ်လ်လို့ပဲ စာထဲထည့်ရေးတဲ့ အခါမတော့ ကားလ်ဆိုတာ ရှရှမဟုတ်ဘူးဆိုတဲ့အတွေး အယ်လန့် ခေါင်းထဲ ရောက်လာခဲ့တယ်။ အယ်လန့်အဖေ အပြောအရတော့ အန်ကယ်လ်ရဲ့ အတွေးအခေါ်အရ သာမန် ပြည်သူလူထုကြီးဆိုတာဟာ သူတို့အတွက် ဘာလိုအပ်တယ် ဆိုတာကို သိဖို့ ဝေးစွ။ ခြောက်ပါး၊ ခုနစ်ပါးပဲတဲ့။ သူတို့အတွက် အကောင်းဆုံး တွေကို အစဉ်ထာဝရ လုပ်ပေးနိုင်တဲ့ ခေါင်းဆောင်ကောင်းတစ်ယောက် မရှိမဖြစ် လိုအပ်တယ်တဲ့။ ဒါကြောင့် တစ်ဦးကောင်း တစ်ယောက်ကောင်း အုပ်ချုပ်တဲ့ တစ်သွေး တစ်သံ တစ်မိန့် စနစ်ဟာ အများညီ 'ဤ' ကို 'ကွဲ' ဖတ်တဲ့ ဒီမိုကရေစီ ဆိုတာထက် တုနှိုင်းမမီအောင် သာလွန်မြင့်မြတ်တာ ပေါ့တဲ့။ ပညာတတ်ပြီး

ကိုယ့်တာဝန်ကိုယ်ယူနိုင်တဲ့ လူ့အဖွဲ့အစည်းက ခေါင်းဆောင်ဆိုတာကို စိတ်တိုင်းကျ ရွေးချယ်နိုင်လာပြီဆိုရင်တော့ တစ်မျိုးပေါ့တဲ့။ ခုလောလောဆယ်မှာတော့ ဘော်ရှီဗစ် ဆယ်ယောက်မှာ ခုနစ် ယောက်က စာမတတ်ဘူးလက္ခာတဲ့။ အဲဒီ စာမတတ် ပေမတတ်တွေ လက်ထဲ ကို အာဏာအပ်နှင်းလို့ ဖြစ်မလားကွတဲ့။ အန်ကယ်လ်က ရှုံ့မဲ့ပြီး ပြောတယ် ဆိုပဲ။

ဒါပေမဲ့ အယ်လန့်အဖေဟာ သူ့စာတွေထဲမှာ ဘော်ရှီဗစ်တွေကို တတ်နိုင်သလောက် ကာကွယ်ရှာပါတယ်။ ရုရှအက္ခရာ စာလုံးတွေဟာ ဘယ်လိုပုံစံရှိလဲဆိုတာ မင်းတို့ တွေးမိမှာတောင် မဟုတ်ပါဘူးတဲ့။ လူတွေ စာမတတ်တာလည်း မဆန်းဘူးတဲ့လေ။

ဘော်ရှီဗစ်ဆိုသူများရဲ့ အမူအကျင့်က သာဆိုးသေးတယ်။ အမြဲတမ်း ညစ်ပတ်နံစော်ပြီး ဆယ့်နှစ်ရာသီ ဖော့ဒကာမှူးနေတဲ့ ဒီလူတွေဟာ ဆွီဒင်က မီးရထားလမ်း အလုပ်သမားတွေအတိုင်းပဲ။ သို့သော် ရုရှက မီးရထားလမ်း တွေဟာ အမြဲ ဖြောင့်တန်းနေတာကို တွေ့ရတဲ့ အယ်လန့်အဖေဟာ အမြဲတမ်း ညာဘက် သို့မဟုတ် ဘယ်ဘက်ကို ယိမ်းနေတဲ့ ဆွီဒင် ရထားလမ်းတွေနဲ့ ယှဉ်ကြည့်ရင်း ရှက်အားပိုနေခဲ့သေးတယ်။

သို့သော်လည်း ယေဘုယျအားဖြင့်တော့ ဘော်ရှီဗစ် ဆိုသူတွေဟာ ဆွီဒင်တွေလိုပဲ ဆိုးတာပါပဲ။ အန်ကယ်လ်ဆိုသူကတော့ ဆိုရှယ်လစ်ဝါဒ ဆိုသဟာ တစ်ယောက်နဲ့တစ်ယောက် ပေါ်တင်ဖြစ်ဖြစ် နောက်ကျောက ဓားနဲ့ထိုးတာဖြစ်ဖြစ်၊ ဘယ်လိုပုံမျိုးနဲ့ဖြစ်ဖြစ်၊ တွေ့ရာသ၍်ချိုင်း ဓားမဆိုင်း သတ်ကြ၊ စားမာန်ခုတ်ကြ၊ ခွက်စောင်းခုတ်ကြရင်း နောက်ဆုံး အားလုံးသော ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်တဲ့ မဟာခေါင်းဆောင်ကြီးတစ်ယောက် ပေါ်တော်

မူလာတဲ့ အချိန်ထိ ချီတက်ရမယ့်ဝါဒ ဖြစ်သတဲ့။ ဒါကြောင့် တော်လည်း တော်၊ ပညာလည်းတတ်၊ ကမ္ဘာ့အမြင်လည်းရှိတဲ့ ဇာဘုရင်ကို မှီခိုတာကိုက ဆိုရှယ်လစ်ဝါဒပဲပေါ့တဲ့။

အန်ကယ်လ်ဟာ သူ ဘာပြောနေတာလဲဆိုတာကို သူ ကောင်းကောင်း သိပါတယ်။ တကယ်တော့ သူဟာ ဇာဘုရင်နဲ့ တစ်ကြိမ်မက တွေ့ဆုံ ဆွေးနွေးခဲ့ပြီးသား။ ဇာဘုရင် ဒုတိယမြောက် နီကိုလပ်စ်ဟာ နှလုံးကောင်း ဝမ်းကြီး ဘုရင်မင်းမြတ်ပါတဲ့။ ကံလေး နည်းနည်းဆိုးနေတာရယ်၊ သီးနှံတွေ မအောင်မြင်တာရယ်၊ ဘော်ရှီဗစ် တော်လှန်ရေးရယ်ကြောင့် အခြေအနေတွေ ဟာ ရှုပ်ထွေးကုန်တာတဲ့။ ငြိမ်းချမ်းရေးအတွက် တပ်ဖွဲ့တွေ စုစည်းနေတာကို ဂျာမနီက အထင်လွဲပြီး စောင့်ကြည့်ခြင်း ခံနေရရှာသတဲ့။ တကယ်တော့ ဇာဘုရင်ဟာ လူကောင်းသူကောင်း တရားရှင် ဘုရင်မင်းမြတ်။ ဟတ် ... ဟတ် ... ဟတ် ...။ ဒါဟာ ဘယ်သူမှန်းမသိတဲ့ အန်ကယ်လ်ဆိုသူရဲ့ လောကအမြင်။ အဲ ... အန်ကယ်လ်ကို ကြည်ညိုသူ အယ်လန့်အဖေရဲ့ လောကအမြင်ပဲပေါ့။ ကံဆိုးနေရှာတဲ့ တော်ကြီးဘုရား ဇာဘုရင်ကို အယ်လန့်အဖေဟာ သနားစိတ် တွေ တတောက်တောက်နဲ့ ယိုစိမ့်နေရှာတယ်။ သူလည်းပဲ ကံဆိုးရှာတယ်လို့ တွေးရင်း သူ့ကိုယ်သူလည်း သနားတာပေါ့။

သို့သော် ရုရှ ဇာဘုရင်နဲ့ ဆွီဒင် ဖလန်ဒေသက ရိုးသားတဲ့ သာမန် ကျေးတောသားတို့အပေါ် ဖုံးလွှမ်းထားတဲ့ ကံဆိုးခြင်း တိမ်မည်းညိုတွေဟာ အနေးနဲ့ အမြန်ပဲ ပြောင်းလဲသွားမှ ဖြစ်လိမ့်မယ်။

အယ်လန့်အဖေဟာ ရုရှကနေ ပိုက်ဆံတွေ ဘာတွေ ပြန်ပို့လေ့မရှိဘူး။ ဒါပေမဲ့ နှစ်နှစ်လောက်ကြာတော့ အယ်လန်တို့အိမ်ကို ကြွေနဲ့လုပ်ထားတဲ့ အီစတာပွဲတော်

ကြက်ဥတစ်လုံး ပါဆယ်ရောက်လာတယ်။ အယ်လန့်အဖေ ပို့လိုက်တာ။
သူ့အပြောအရတော့ အဲဒီ ကြွေကြက်ဥတွေလုပ်တဲ့ ရုရှရဲဘော် တစ်ယောက်ဆီက
ဖဲကစားရင်း နိုင်လို့ ရလာတာတဲ့။
ချစ်စွာသော ဇနီးသည်ကို အဲသလို ကြွေကြက်ဥ ပို့တဲ့အတွက်
အယ်လန့်အမေဟာ သူ့ယောကျ်ားကို အကြီးအကျယ် စိတ်ဆိုးတာပေါ့။ စားလို့မရ၊
ဘာမရ။ တကယ်ဆို ကြက်ဥအစစ်တစ်လုံးလောက် ပို့ရင်တောင် စားပစ်လိုက်လို့
ရသေးတယ် မဟုတ်လား။ စိတ်ဆိုးဆိုးနဲ့ ကြွေကြက်ဥကို ပြတင်းပေါက်က
လွှင့်ပစ်လိုက်မလို့ လုပ်ပြီးမှ လက်ကားအရောင်းသမား ကုန်သည်ကြီး
ဂူစတေ့ဗ်ဆင်ကို သွားရောင်းရင် ကောင်းမလားလို့ အတွေး ပေါက်လာတယ်။ သူက
ကောင်းပေ့ ညွှန့်ပေ့ဆိုတာကိုမှ ကြိုက်တာလေ။ ကြွေကြက်ဥဆိုတာ ကောင်းပေ့
ညွှန့်ပေဆိုတဲ့ စပါယ်ရှယ်ပစ္စည်း မဟုတ်လား။
လက်ကားအရောင်းသမား ကုန်သည်ကြီး ဂူစတေ့ဗ်ဆင်ဟာ နှစ်ရက် တိတိ
စဉ်းစားခန်းဝင်ပြီးတဲ့နောက် ကြွေကြက်ဥကို ဆယ့်ရှစ်ကရောင်းကြီး များတောင်
ပေးဝယ်လိုက်တဲ့အတွက် အယ်လန့်အမေရဲ့ အံ့အားသင့်မှုဟာ မှန်းဆလို့တောင်
မရခဲ့ဘူး။ သို့သော် တကယ့်ပိုက်ဆံပေးတာတော့ မဟုတ်ဘူးပေါ့။ အရင်ရှိခဲ့တဲ့
အကြွေးတွေနဲ့ နှိမ်လိုက်တာလေ။ ဘာပဲဖြစ်ဖြစ် နည်းဘူးကြီးပဲ။
အဲဒီနောက်ပိုင်းမှာတော့ အယ်လန့်အမေဟာ ကြွေကြက်ဥတွေကို
မျှော်တော်ဇောနဲ့ မောတော့တယ်။ မျှော်သာမျှော် ပေါ်မလာတော့ပါဘူး။
နောက်စာတစ်စောင် ရောက်လာခဲ့အခါ ဇာဘုရင်ရဲ့စစ်တပ်ဟာ ဇာဘုရင်ကို
ပုန်ကန်ပြီဆိုတဲ့အကြောင်း၊ ကြွေကြက်ဥလုပ်သူကြီးလည်း ဆွစ်ဇာလန်ကို
ထွက်ပြေးသွားပြီဖြစ်ကြောင်း ထည့်ရေးထားတယ်။ သို့သော်လည်း၊ အနို့သော်

လည်း အယ်လန့်အဖေကတော့ ရှုရှကမခွာဘဲ ဘယ်လိုက ဘယ်လို ရှေ့တန်း ရောက်လာမှန်း မသိတဲ့ လီနင်ဆိုတဲ့ လူပြက်နဲ့ ဆက်လက်တိုက်ပွဲဝင်ဖို့ ဆုံးဖြတ်ထားသတဲ့လေ။

လီနင်။ လီနင့်အပေါ်မြင်တဲ့ အယ်လန့်အဖေရဲ့ အမြင်တွေဟာ ဆွိဒင် စတော်ဘယ်ရီတွေစိုက်ဖို့ သူဝယ်လိုက်တဲ့ ၁၂ မီတာပတ်လည် မြေကလေးကို ဝယ်ဝယ်ချင်းနေ့မှာပဲ ပုဂ္ဂလိကမြေပိုင်ဆိုင်မှု မရှိစေရလို့ အမိန့်ထုတ်ပြန်မှုနဲ့ တိုက်ရိုက် အချိုးကျနေခဲ့တယ်။ ဒီအကြောင်းကို သူ့ဆီကရတဲ့ နောက်ဆုံးစာထဲမှာ ဒီလိုဖော်ပြထားခဲ့တယ်။

'ဒီမြေကွက်ကလေးဟာ လေးရှုဗယ်တောင် မတန်ပါဘူး၊ ဒါပေမဲ့ ဒါဟာ ငါ့မြေ၊ ငါပိုင်တဲ့မြေ၊ စတော်ဘယ်ရီစိုက်ဖို့မြေ၊ ငါ့မြေကို တစ်လက်မတောင် ကျူးကျော်မခံဘူးကွ၊ ကဲ ... ခုတော့ စစ်ဖြစ်ပြီ'

မှန်တယ်။ ခုတော့ စစ်ဖြစ်ပြီ။ ဖြစ်တာမှ ကမ္ဘာအနှံ့ကို ဖြစ်တာ။ နှစ်ပေါင်းများစွာ ကြာအောင်ကို ဖြစ်တယ်။ တကယ်က အယ်လန် ဒိုင်းနမိုက် ကုမ္ပဏီမှာ အလုပ်မဝင်ခင် တစ်နှစ်လောက်ကတည်းက ဖြစ်ချင်နေတာ။ ဒိုင်းနမိုက်တွေကို သေတ္တာထဲ အစီအရီထည့်နေရင်းနဲ့ အလုပ်သမားတွေပြော နေကြတဲ့ စကားကို အမြဲ နားထောင်နေခဲ့တာ။ နားထောင်ရင်းနဲ့ ဒီလူတွေဟာ ဘာဖြစ်လို့များ ဒီလောက် သိနေပါလိမ့်လို့ အံ့သြမိသေး။ သြစတြီးယားက ဆားဘီးယားကို စစ်ကြေညာ၊ ဂျာမနီက ရှုရှကို စစ်ကြေညာ၊ ဂျာမနီက ပြင်သစ်ကို စစ်မကြေညာခင် တစ်ရက်အလိုမှာ လူဇင်းဘတ်ကို ဝင်ရောက် သိမ်းပိုက်ပြီး ဘယ်လ်ဂျီယံနယ်ထဲ ကျူးကျော်။ ဂရိတ်ဗြိတိန်က ဂျာမနီကို စစ်ကြေညာ။ သြစတြီးယားက ရှုရှကို စစ်ကြေညာ၊ ဆားဘီးယားက ဂျာမနီကို စစ်ကြေညာ။

အဲသလိုနဲ့ မုန့်လုံးစက္ကူကပ် ဖြစ်လိုက်တဲ့စစ်။ နောက်တော့ ဂျပန် ဆိုတာရော အမေရိကန်ဆိုတာတွေပါ ပါလာ။ ဇာဘုရင်ပြုတ်ကျပြီး လနည်း နည်း ကြာတော့ ဗြိတိန်က ဘဂ္ဂဒက်ကို ဝင်သိမ်း။ ခဏနေတော့ ဂျေရုစလင် ကိုပါ ထပ်သိမ်း။ ဂရိနဲ့ ဘူဂေးရီးယားက ငြာသံကိုယ်စီပေးပြီး ဆော်ပလော် တီးကြ၊ အာရပ်တွေက အော်တိုမန်အင်ပါယာကို ဆက်တော်လှန်နေကြ။

ဆိုတော့ ခု စစ်ဖြစ်ပြီဆိုတဲ့စကား သောက်ကျိုးနည်းအောင် မှန်တာပေါ့။ သိပ်မကြာပါဘူး။ ဇာဘုရင် တော်ဝင်မျိုးဆက် တစ်ဆက်လုံး လီနင့် လူတွေလက်ထဲ မျိုးပြုတ်သွားပြီဆိုတဲ့ သတင်းစကား ကြားရတယ်။ ကြည့်ရတာ ဇာရဲ့ကံဆိုးမှုဟာ ထာဝရဖြစ်လိမ့်မယ်လို့ အယ်လန် တွေးမိတယ်။

အဲ ... သုံးလေးလကြာတော့ ပီထရိုဂရက်က ဆွီဒင်ကောင်စစ်ဝန်ဆီက ကြေးနန်းရောက်လာတယ်။ အယ်လန့်အဖေ သေပြီတဲ့။

အယ်လန့်အဖေဟာ သူပိုင် ၁၂ မီတာပတ်လည် မြေကို ပတ်ပတ်လည် ခြံစည်းရိုးကာပြီး လွတ်လပ်တဲ့ သမ္မတနိုင်ငံတော်အဖြစ် ကြေညာသတဲ့။ တကယ့်ရှုရှုလို့ နာမည်ပေးထားတဲ့ သူ့နိုင်ငံတော်ကြီးကို လှည့်ပတ်စစ်ဆေးနေတုန်း စစ်သားနှစ်ယောက် ရောက်လာပြီး သူ့ခြံစည်းရိုးတွေကို တွန်းလှဲသတဲ့။ နိုင်ငံတော် အချုပ်အခြာအာဏာကို တစ်လက်မပင် အကျူးကျော်မခံ လို့ သန္နိဋ္ဌာန်ချထားတဲ့ အယ်လန့်အဖေဟာ နယ်စပ်မျဉ်းကို ကျူးကျော်လာတဲ့ ရန်သူတွေကို လက်သီးလက်နက်သုံးပြီး အပြင်းအထန် တွန်းလှန်တယ်။ စစ်သားနှစ်ယောက်ဟာ ဘယ်လိုမှ အကျိုးနဲ့ အကြောင်းနဲ့ ရှင်းပြလို့မရတဲ့ အတွက် လက်သီးလက်မောင်းတန်းနေတဲ့ အဲဒီလူရဲ့ မျက်ခုံးနှစ်ဖက်ကြား ကျည်ဆန်ပစ်သွင်းလိုက်ဖို့ဆိုတဲ့ နည်းလမ်းထက် ပိုကောင်းတာကို စဉ်းစားလို့

မရရှာကြဘူးတဲ့။ ဒါမှပဲ သူတို့တာဝန်တွေကို အေးချမ်းစွာ ထမ်းဆောင်ခွင့် ရကြရှာသတဲ့။

အယ်လန့်အမေဟာ သူ့ချစ်လင်ရဲ့ သေဋ္ဌီကာကို နာကြားပြီးတဲ့နောက် ကောင်စစ်ဝန်ရဲ့ ကြေးနန်းစာကိုကိုင်ရင်း ဒီလောက် ရူးတဲ့နမ်းတဲ့ သေနည်း လမ်းကို မရွေးဘဲ မနေနိုင်ဘူးလားရှင်လို့ စိတ်ပျက်လက်ပျက် မြည်တွန် တောက်တီးလိုက်တယ်။

အရင်တုန်းက သူ့ယောကျ်ားကို အိမ်ပြန်လာဖို့ တစ်ခါမှ သူ မမျှော် လင့်ခဲ့ဖူးဘူး။ ခုတော့ ပြန်လာရင်ကောင်းမယ်လို့ တိတ်တခိုး မျှော်လင့် နေမိတယ်။ အသက်ကထောက် ချောင်းကဆိုး၊ အဆုတ်က မကောင်းချင် ဆိုတော့ ထင်းခွဲရတာ အရင်လို မလွယ်တော့ဘူး။ ခွဲသံကြီးနဲ့ သက်ပြင်း တစ်ချက် သူ ချလိုက်တယ်။ ဒါ သူ့ရဲ့ ဝမ်းနည်းပူဆွေးမှုကို အဆုံးစွန် ပြလိုက် တာပဲပေါ့။

အယ်လန့်အမေဟာ အယ်လန့်ကို ‘အားလုံးဟာ သူ့သဘော သူ ဆောင်တတ်တာပဲ။ ဖြစ်စရာရှိတာဟာ ဖြစ်ကိုဖြစ်မှာပဲ’ လို့ လေးနက်တဲ့ ဒဿနစကားကို ပြောခဲ့တယ်။ အဲဒီနောက်မှာတော့ သူ့သားရဲ့ဆံပင်တွေကို ကြင်နာယုယမှုအပြည့်နဲ့ ခပ်ကြမ်းကြမ်းပွတ်သပ်ပြီး ထင်းခွဲဖို့ ထွက်သွား ခဲ့တယ်။

သူ့အမေရဲ့ ပြင်ညှာယိုစကားကို အယ်လန်တစ်ယောက် နည်းနည်းမှ နားမလည်ခဲ့ဘူး။ သူ နားလည်တာကတော့ သူ့အဖေ သေပြီ၊ သူ့အမေ ချောင်း ဆိုးနေပြီ၊ စစ်ကြီး ပြီးသွားပြီ ဆိုတာပဲ။ နို့ ... သူ့ကိုယ်သူရော ဘယ်လို နားလည်တုန်း။ နားလည်တာပ။

အသက်ဆယ့်သုံးနှစ်သား သူဟာ ခုဆို နိုက်ထရိုဂလစ်စထရင်း၊ ဆယ် လူလို့စ် နိုက်ထရိတ်၊ အမိုနီယမ် နိုက်ထရိတ်၊ ဆိုဒီယမ် နိုက်ထရိတ်၊ လွှစာ မှုန့်၊

ဒိုင်နိုက်ထရိုတော်လူအင်းနဲ့ တခြားပစ္စည်းတွေ ပေါင်းစပ်ရင် ဖောက်ခွဲရေး ပစ္စည်း လုပ်လို့ရတယ်ဆိုတာ ကောင်းကောင်းကြီး သိနေ၊ လုပ်တတ်နေခဲ့ပြီ။ တစ်နေ့နေ့မှာတော့ ဒီအရည်အသွေးတွေနဲ့ သူ့အမေကို အပြတ်ကူညီလိုက်ဦးမှာ။

အဲ ... နောက်နှစ်နှစ်လောက်ကြာတော့ အယ်လန့်အမေဟာ ချောင်းဆိုး ခြင်းကို အဆုံးသတ်လိုက်ပြီး သူ့အဖေ ဘုံဗိမာန် ထူထောင်ကောင်း ထူထောင် ပြီးလောက်တဲ့ ကောင်းကင်ဘုံကို ဝင်ရောက်သွားခဲ့တယ်။ ကျန်ရစ်ခဲ့တဲ့ သူတို့ အိမ်ကလေးထဲမှာတော့ သူ့အကြွေး ကိုးကရောင်း မဆပ်ဘဲ မပြောမဆို ထွက်သွားတဲ့ သူ့အမေကို ဒေါသူပုန်ထနေတဲ့ လက်ကားအရောင်းသမား ကုန်သည်ကြီး ဂူစတေ့ဗ်ဆင်ကို အယ်လန် တွေ့လိုက်ရတယ်။ ဒါပေမဲ့ သူ့အတွက် ဘာမှမရှိ။ ဒါနဲ့ အကြွေးလိုချင်ရင် ကာယကံရှင်ဆီ ကိုယ်တိုင်လိုက်တောင်းချည်လို့ ပြောလိုက်တယ်။ လက်ကားအရောင်းသမား ကုန်သည်ကြီး ဂူစတေ့ဗ်ဆင်ဟာ ၁၅ နှစ်သား အယ်လန်ထက်စာရင် ခန္ဓာကိုယ်က သေးကွေး ကြုံလှီနေတာရယ်၊ ကောင်ကလေး အယ်လန်ဟာ ခုထက်ပို ကြီးထွားလာဦးမယ့် အရိပ်လက္ခဏာ တွေကို မြင်နေရတာရယ်၊ အနည်းဆုံး သူ့အဖေ တစ်ဝက်လောက် ရှုးခဲ့ နှမ်းခဲ့ရင်တောင် ဘာမဆို လုပ်နိုင်စွမ်းရှိတယ်ဆိုတာရယ် အကြောင်းကြောင်း သော အကြောင်းများကို အကြောင်းပြုပြီးသကာလ နောက်ထပ်တစ်ခါ အကြွေးဆိုတဲ့အသံ သူ့ပါးစပ်က ထွက်မလာဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ သူ့အမေဟာ အကြွေးတွေဝိုင်းနေတယ်လည်း ဆိုသေး၊ ဘဏ်စာအုပ်ထဲမှာ ပိုက်ဆံ ရာပေါင်းများစွာလည်း ရှိနေသေးတာကို အယ်လန့်ခမျာ နားမလည်နိုင်ရှာဘူး။ ဘာပဲပြောပြော အဲသလို ပိုက်ဆံရှိနေတဲ့အတွက် အမေ့ ကို ကောင်းကောင်းမွန်မွန် မြေမြှုပ် သင်္ဂြိုဟ်နိုင်ရုံမျှမက ကားလ်ဆန်

ဒိုင်းနမိုက်ကုမ္ပဏီကိုပါ ထူထောင်နိုင်ခဲ့တာပေါ့။ အသက် ၁၅ နှစ်ပဲ ရှိသေး တယ်ဆိုပေမဲ့ ဒိုင်းနမိုက် ဘယ်လိုလုပ်ရတယ်ဆိုတာ သူ ကောင်းကောင်းကြီး သိနေခဲ့ပြီကိုး။

ဖောက်ခွဲ စမ်းသပ်မှုတွေကို သူ့အိမ်နောက်က ဇရာမ ဖုန်းဆိုးမြေပေါ်မှာ အားပါးတရ လွတ်လပ်စွာ သူလုပ်တယ်။ လွတ်လပ်လွန်းအားကြီးလို့ နှစ်မိုင်အကွာက အနီးဆုံး အိမ်နီးနားချင်းရဲ့ နွားမကြီး သားလျှောပါလေရော။ သို့သော် အဲဒီအကြောင်းကို အယ်လန်ဟာ လုံးဝမသိခဲ့ဘူး။ အိမ်နီးနားချင်းခမျာ လက်ကားအရောင်းသမား ကုန်သည်ကြီး ဂူစတေ့ဗ်ဆင်လိုပဲ အဖေတူသားအဖေနီးပါး ရူးနှမ်းတဲ့ ကားလ်ဆန်မျိုးကို တုန်နေအောင် ကြောက်သလေ။

ဒိုင်းနမိုက်ကုမ္ပဏီမှာ တောက်တိုမည်ရ ရာထူးနဲ့ အလုပ်ဝင်နေ ကတည်းက လက်ရှိ ကမ္ဘာ့နိုင်ငံရေး အခြေအနေ အဖြစ်အပျက်တွေကို အယ်လန်တစ်ယောက် စိတ်ဝင်စားနေခဲ့တယ်။ တစ်ပတ် တစ်ခါလောက် ဖလန်က ပြည်သူ့စာကြည့်တိုက်ကို စက်ဘီးနဲ့သွားပြီး နောက်ဆုံးရ သတင်းတွေနဲ့ သူ့ကိုယ်သူ ခေတ်မီအောင် အားဖြည့်တတ်တယ်။ အဲဒီစာကြည့်တိုက် ရောက်တိုင်း အငြင်းအခုံဝါသနာပါတဲ့ လူငယ်တွေနဲ့ အမြဲတွေ့တယ်။ သူတို့ က အယ်လန့်ကို နိုင်ငံရေးလှုပ်ရှားမှု တစ်ခုခုမှာ ပါစေချင်တယ်။

သို့သော်လည်း အယ်လန်ရဲ့ ကမ္ဘာ့အခင်းအကျင်းအပေါ် စိတ်ဝင်စားမှုဆိုတာက စိတ်ဝင်စားမှုသက်သက်ပဲ။ အဲဒါတွေကို အပြောင်းအလဲဖြစ်အောင် ကြိုးပမ်းအားထုတ်လိုစိတ် နည်းနည်းမှ သူ့မှာမရှိဘူး။

နိုင်ငံရေးသဘောတရားအရဆိုရင် အယ်လန့်ငယ်ဘဝဟာ ဆူးငြောင့်ခလုတ်ကန်သင်းအပြည့်နဲ့ မုန်တိုင်းထန်တဲ့ ရက်စွဲများလို့ ဆိုရမယ်ထင်တယ်။ သူက

အလုပ်သမားလူတန်းစား စစ်စစ်ပဲ။ အသက် ၁၀ နှစ်မှာ ကျောင်း ထွက်ပြီး စက်ရုံမှာ အလုပ်ဝင်လုပ်တဲ့ သူ့ကိုမှ အလုပ်သမားလူတန်းစားလို့ မသတ်မှတ်ရင် ဘယ်သူ့ သွားသတ်မှတ်ရမတုံး။ တခြားတစ်ဖက်မှာတော့ သူဟာ သူ့အဖေကို အထင်ကြီးလေးစားတယ်။ တိုတောင်းလှတဲ့ ဘဝသက်တမ်းအတွင်း စစချင်း လက်ယာစွန်းက အမြင်တွေကို ကိုင်စွဲ၊ ခဏ နေတော့ လက်ဝဲစွန်းရောက်၊ ပြီးတော့ ဇာဘုရင် ဒုတိယမြောက် နီကိုလပ်စ်ရဲ့ ဘုန်းတော်ဘွဲ့ကို ချီးမွမ်းရင်း မီးခြစ်ဆံဘူးလောက် မြေတစ်ကွက်အတွက် ဗလာဒီမာလီနင်နဲ့ ထိပ်တိုက်တွေ့ဆုံရဲ့သူကြီးပေကပဲ။

အမေ။ အမေကတော့ တက်မတတ် ချက်မတတ် ချောင်းဆိုး၊ ချောင်း ဆိုးရပ်သွားတဲ့ ခဏတာမှာ ဘုရင်ကစလို့ ဘော်ရှီဗစ်အဆုံး အသားကုန် ကျိန်ဆဲ၊ ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင်တွေလည်း မလွတ်၊ လက်ကား အရောင်းသမား ကုန်သည်ကြီး ဂူစတေ့ဗ်ဆင်က ပင်တိုင်၊ အဆုံးမတော့ အယ်လန့်အဖေပေါ့။ အယ်လန်ကိုယ်တိုင်ကတော့ အရူးအနှမ်းတစ်ယောက် မဟုတ်တာ သေချာပါတယ်။ ကျောင်းသုံးနှစ်ပဲ နေခဲ့ရပေမဲ့ စာရေး၊ စာဖတ်၊ အတွက် အချက်အတွက် သုံးနှစ်ဆိုတာ ပိုတောင် ပိုနေသေး။ ဒိုင်းနမိုက်ကုမ္ပဏီက သူ့ဘော်ဒါ အလုပ်သမားတွေရဲ့ ကောင်းမှုနဲ့ ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင် နိုင်တာလည်း ကြာခဲ့ပြီ။

သို့သော်လည်း အယ်လန်လေး တစ်ဘဝတာ ကိုင်စွဲမယ့် ဘဝဒဿန ကတော့ သူ့အဖေ သေပြီဆိုတဲ့ ကြေးနန်းသတင်း လာတဲ့နေ့က သူ့အမေ ပြောခဲ့တဲ့ စကားလုံးတွေပါပဲ။ ရင်ထဲကို တစ်ခါတည်း ဝင်သွားခဲ့တဲ့ ဘဝ ဒဿနပေါ့။

အားလုံးဟာ သူ့သဘော သူဆောင်တတ်တာပဲ။ ဖြစ်စရာရှိတာ ဟာ

ဖြစ်ကိုဖြစ်မှာပဲ။

ဒီဘဝလမ်းညွှန်ကို သရဏဂုံတည်မိသွားတဲ့ အယ်လန်ဟာ သူ့အဖေ ဆုံးတယ်ဆိုတဲ့ သတင်းကြားတော့ ထင်းခွဲနေတုန်းပေါ့။ ပုံမှန်ထက် အချိန် ပိုကြာပြီး စကားတစ်ခွန်းမှမပြောဘဲ ရှိပေမဲ့ ထင်းခွဲကတော့ မပျက်ခဲ့ဘူး။ အဖေ့နောက်ကို အမေ လိုက်သွားတုန်းကလည်း အယ်လန်ဟာ မီးဖိုခန်းထဲ ထိုင်ပြီး ပြတင်းပေါက်ကနေ အပြင်လောကကို တိတ်တိတ်ဆိတ်ဆိတ် ငေးနေခဲ့တယ်။ သူ့ဘာသာသူပဲ ကြားနိုင်တဲ့ စကားတစ်ခွန်းတော့ တိုးတိုးလေး ရေရွတ်လိုက်ပါသေးတယ်။

'ဟုတ်ပြီလေ၊ နှုတ်ဆက်ပါတယ် အမေရယ် ...'

အယ်လန်ဟာ အလုပ်ကြိုးစားခဲ့တယ်။ ၁၉၂၀ ဆယ်စုနှစ်ရဲ့ ပထမပိုင်း မှာတင် သူ့ ဒိုင်းနမိုက်ကုမ္ပဏီဟာ ဖောက်သည်အတန်အသင့် ရလာခဲ့တယ်။ စနေညနေခင်း သူ့ပြိုင်ဘက်တွေ ကနေ၊ ထနေ၊ ရှုနေကြချိန်မှာ အယ်လန်ဟာ အိမ်တွင်းအောင်းရင်း ဒိုင်းနမိုက်ဖော်မြူလာအသစ်တွေ တီထွင်ကြံဆနေတယ်။ တနင်္ဂနွေဆိုရင်တော့ ဖုန်းဆိုးမြေကွင်းကြီးထဲ ဆင်းပြီး အသစ်တီထွင်ထားတဲ့ ဒိုင်းနမိုက်ကို စမ်းသပ်တော့တာပဲ။ သို့သော် ဘုရားကျောင်းမတက်လို့ ခဏခဏ ပွမ်တတ်တဲ့ ကျောင်းထိုင်ဆရာတော်နဲ့ ကတိကဝတ် ပြုထားတဲ့အတွက် မနက် ၁၁ နာရီနဲ့ ၁ နာရီကြားမှာတော့ စမ်းသပ်လေ့မရှိဘူး။

တစ်ကိုယ်တည်း ဇကစာရီကျင့်ပြီး အလုပ်ထဲ ခေါင်းနှစ်ထားတဲ့ အယ်လန်ဟာ သူ့အလုပ်သူ သိပ်ကျေနပ်တယ်။ အလုပ်သမား လှုပ်ရှားမှုတွေ အစည်းအဝေးတွေ သူ တက်လေ့မရှိဘူး။ သူက အလုပ်သမား သိပ်ဆန့်လွန်း တော့ ဘူဇွာဆန်တဲ့ အစည်းအဝေးတွေကို တက်လို့မဖြစ်ဘူး မဟုတ်လား။

တကယ်လို့များ အယ်လန်တစ်ယောက် ကုန်သည်ကြီး ဂူစတေ့ဗ်ဆင်
သူ့အမေဆီက ညာတာပါတေးနဲ့ အလကားပဲတင်း လိမ်ယူထားလိုက်တဲ့ ကြွေ
ကြက်ဥအတွက် စတော့ဟုမ်းက သံတမန်တစ်ယောက်ကို တစ်ဆင့် ပြန်ရောင်း ရင်း
ဘယ်လောက် အကျိုးအမြတ်ရသွားလဲဆိုတာ သိခဲ့ရင် ဘာဖြစ်မယ်ထင်သလဲ။
အဲဒီအတွက်ကြောင့် ဂူစတေ့ဗ်ဆင်ဟာ ခရိုင်ထဲက တတိယမြောက်
မော်တော်ကားပိုင်ရှင် ဖြစ်လာခဲ့တယ်။
အဲဒီအချိန်မှာတော့ သူဟာ အလွန်အင်မတန် ကံကောင်းသူ တစ်ယောက်ပေါ့။
သို့သော်ငြားလည်း ၁၉၂၅ ခုနှစ်၊ ဩဂုတ်လ တနင်္ဂနွေ ဝတ်ပြုပွဲ အပြီးမှာတော့ သူ့ရဲ့
ကံကောင်းခြင်းတွေ နိဂုံးချုပ်ခဲ့တယ်။ အဲဒီနေ့က အများ ပြည်သူတွေ သူ့ကားကို
မြင်စိမ့်သောငှာ မဟာကရုဏာတော် အနန္တနဲ့ ကားမောင်းထွက်လာတဲ့
ဂူစတေ့ဗ်ဆင်ဟာ ကံဆိုးမိုးမှောင်ကျချင်တော့ အယ်လန်
ကားလ်ဆန်ရဲ့ အိမ်ရှေ့က ဖြတ်မောင်းလာမိလျက်သား ဖြစ်နေတယ်။ အကွေ့
တစ်နေရာမှာတော့ ဂူစတေ့ဗ်ဆင်ဟာ ကြောက်သလို ဖြစ်လာပြီး ဘယ်လိုက
ဘယ်လိုဖြစ်မှန်းမသိ၊ ကားဂီယာတွေဟာ ညပ်ကုန်တယ်။ အဲသလိုနဲ့ ဂူစတေ့ဗ်
ဆင်ရဲ့ မော်တော်ကားဟာ လမ်းအတိုင်း ညာဘက်ကို ပြေပြေလေးကွေ့ရမယ့် အစား
အယ်လန်ကားလ်ဆန်အိမ်နောက်က ဖုန်းဆိုးမြေကို တည့်တည့်ကြီး
ဦးတည်မိလျက်သား ဖြစ်သွားတယ်။ တကယ်တော့ အယ်လန့်ခြံရှေ့မှာ သူကိုယ်တိုင်
မတ်တတ်ရပ်ပြီး ဖြစ်ပုံပျက်ပုံ အလုံးစုံကို ရှင်းပြရင်တောင် အတော်ဆိုးလှပြီ။ ခုတော့
အဲဒီထက် အပုံကြီးပိုဆိုးတာတွေ ဖြစ်သွားခဲ့တယ်။ ဖြစ်ချင်တိုင်းဖြစ်နေတဲ့
မော်တော်ကားကို ဂူစတေ့ဗ်ဆင် ရပ်အောင် လုပ်လိုက် နိုင်ချိန်မှာ အယ်လန်ကလည်း
တနင်္ဂနွေနေ့ရဲ့ ပထမဆုံး ဖောက်ခွဲစမ်းသပ်မှုကို စတင်လိုက်ချိန်ပေါ့။

အယ်လန်ကတော့ ပြားနေအောင်ဝပ်ပြီး အကာအကွယ်ယူထားချိန် ဆိုတော့ ဖြစ်ပျက်သမျှကို ဘာမှ မတွေ့လိုက်၊ မကြားလိုက်ဘူး။ ဖုန်းဆိုးမြေ ပေါ် သွားကြည့်တဲ့အခါမှပဲ တစ်ခုခုမှားနေတယ်ဆိုတာ သူ သိတော့တယ်။ သူ ဒိုင်းနမိုက်စမ်းတဲ့ တွင်းကြီးထဲမှာ ဂူစတော့ဗ်ဆင်ရဲ့ ကားရော၊ ဂူစတော့ဗ်ဆင် ကိုယ်တိုင်ရော အစိတ်စိတ် အမွှာမွှာ အပိုင်းပိုင်း အတစ်တစ်။ ဂူစတော့ဗ်ဆင်ရဲ့ ခေါင်းကတော့ မြက်ခင်းပေါ် တင်နေလေရဲ့။ အပျက် အစီးပုံကြီးကို စူးစိုက်ကြည့်နေတဲ့ မျက်လုံးကြီးက ပွင့်လျက်သား။

'ဟေ့လူ ... ကျုပ်ခြံဝင်းထဲ ဘာလာလုပ်တာတုံး'

အယ်လန့် အမေးကို ဂူစတော့ဗ်ဆင်တစ်ယောက် ဘယ်သောအခါမှ ပြန်ဖြေနိုင်မှာ မဟုတ်ပါလေတော့။

နောက်လေးနှစ်အတွင်း အယ်လန်ဟာ အချိန်တိုင်းနီးပါး စာဖတ်ရင်း လူ့လောက ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်တဲ့ သူ့ရဲ့ အသိဉာဏ်ပညာ ဗဟု သုတကို မြှင့်တင်ခဲ့တယ်။ ဂူစတော့ဗ်ဆင် အပိုင်းပိုင်း အတစ်တစ်ဖြစ်အောင် ပေါက်ကွဲသွားပြီးတဲ့နောက် အယ်လန်တစ်ယောက် အရှုးထောင်ထဲ ရောက်နေ တာ သူ့ကိုယ်သူ တွေ့လိုက်ရတယ်။ ဘာလို့ ဒီနေရာရောက်လာသလဲ ဆိုတာ ပြောရခက်သား။ မကြာပါဘူး။ အပ်ပ်ဆာလာတက္ကသိုလ် လူမျိုးစု ဇီဝဗေဒ ပညာရှင် ပါမောက္ခ ဘန်းဟဒ်ယွန်းဘော့ရဲ့ သာဝကတစ်ယောက် ပေါက်ချလာတယ်။

အယ်လန့်အဖေအကြောင်း သိထားတဲ့အတွက် အယ်လန့်ကို လေ့လာရင်း သူ့ရဲ့ ပညာခရီးကို ပေါက်မြောက်အောင် လျှောက်လှမ်းမယ် ဆိုပဲ။ လေ့လာပေါ့။ လျှောက်လှမ်းပေါ့။ ဒီလိုနဲ့ အယ်လန်ဟာ ပါမောက္ခ ယွန်းဘော့ရဲ့ လက်ခုပ်ထဲကရေ ဖြစ်သွားတယ်။ သူ့လက်ထဲ ရောက်ရောက် ချင်း ပါမောက္ခ ယွန်းဘော့ဟာ

အယ်လန့်ကို သင်းကွပ်ပစ်လိုက်တယ်။ အကြောင်းကတော့ အယ်လန်ဟာ သူ့အဖေနဲ့ သိပ်တူသတဲ့။ နိုင်ငံတော်အနေနဲ့ ထူးပေဆန်းပေသည်၊ ရှုးပေနှမ်းပေသည်ဆိုတဲ့ ကားလ်ဆန်မျိုးဆက်ကို နောက်ထပ် အပွားခံလို့ မဖြစ်ဘူးတဲ့။

အယ်လန့်အဖို့တော့ သင်းကွပ်တဲ့ကိစ္စဟာ တို့မမှုပါ ဆိုသလိုပဲ။ ပါမောက္ခ ယွန်းဘော့ဟာ သူ့ရောဂါဝေဒနာတွေကို အားကြိုးမာန်တက်ကုပေး ရှာတယ်လို့ အထင်ရောက်ပြီး ကျေးဇူးတောင် တင်နေသေး။ သူ့ကို မေးခွန်းတွေ အများကြီးမေးတာလည်း ကြုံရပ့်။ လူတွေကို ပစ္စည်းတွေကို ဘာဖြစ်လို့ ဖောက်ခွဲတာလဲ၊ နီဂရိုးသွေးများပါသလား အစရှိသဖြင့်ပေါ့။ ဒီမေးခွန်း တွေကို သူကလည်း ကြိုးစားဖြေပါတယ်။ ဒိုင်းနမိုက်တစ်ထုပ်ကို ဖောက်ခွဲ လိုက်တဲ့အခါ ပစ္စည်းတွေ ပေါက်ကွဲသွားပုံနဲ့ လူတွေ ပေါက်ကွဲသွားပုံကို ကြည့်ရတာ မတူကြောင်း၊ ဒိုင်းနမိုက်ဖောက်လိုက်လို့ ကျောက်တုံးကြီးတစ်တုံး အလယ်ကနေ ထက်ခြမ်းကွဲသွားရင် မြင်ရသူ ကြည်နူးမှာဖြစ်ကြောင်း၊ ကျောက်တုံးနေရာမှာ လူဆိုရင်တော့၊ အဲ … လူဆိုရင်တော့ … သူ ဘာဖြစ်လို့ ထွက်မပြေးဘဲ အပေါက်ကွဲခံသလဲဆိုတာ စဉ်းစားလို့မရကြောင်း၊ ပါမောက္ခ ယွန်းဘော့ အဲသလိုမျိုး မစဉ်းစားတတ်၊ မခံစားတတ်ရင် အင်မတန် အံ့သြစရာ ဖြစ်ကြောင်း။

သို့သော်လည်း ပါမောက္ခ ယွန်းဘော့က သူ့လူနာတွေနဲ့ အဲသလိုမျိုး ဒဿနိက ဆွေးနွေးဝိုင်းမျိုး ကျင်းပလေ့မရှိဘူး။ နီဂရိုးသွေး ပါသလားချည်း အယ်လန့်ကို ဇွတ်မေးနေတယ်။ အယ်လန်ကတော့ သိဘူးတဲ့၊ ဘယ်သိနိုင်မလဲ တဲ့။ သူ လူဖြူဖြစ်သလို သူ့အမေရော အဖေပါ လူဖြူပဲတဲ့။ နီဂရိုးသွေး ပါ မပါကတော့ ကိုယ့်ဘာသာကိုယ် စဉ်းစားဆုံးဖြတ်ပေါ့တဲ့။ တကယ်လို့ တွေ့ ခွင့်ရရင်

နီဂရိုးဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာ မျက်ဝါးထင်ထင် အရှင် လတ်လတ် တွေ့ချင်ပါသေးသတဲ့။ ပါမောက္ခ ယွန်းဘော့ဆီမှာ နီဂရိုး တစ် ယောက်လောက်ရှိရင် ပြလှည့်စမ်းပါဆိုပဲ။

ပါမောက္ခ ယွန်းဘော့နဲ့ သူ့တပည့်ဟာ သူတို့ကသာ မေးမယ်၊ နင် မေးတာတော့ မဖြေရေးချ မဖြေဆိုတဲ့ အထာမျိုးတွေနဲ့ တုံဏှိဘာဝေ လုပ်နေ ကြတယ်။ စာရွက်တွေမှာ တောင်ခြစ်မြောက်ခြစ်၊ တောရေးတောင်ရေး လုပ်နေ ကြတယ်။ တစ်ခါတလေတော့လည်း အယ်လန့်ကို သူတို့ လွတ်လပ်ခွင့် ပေးထားကြတယ်။ ဘာမှ လာမမေးကြဘူး။ အဲသလိုအချိန်မျိုးဆို အယ်လန် စာဖတ်တာပေါ့။ နေ့စဉ်သတင်းစာတွေ၊ ဆေးရုံစာကြည့်တိုက်က စာအုပ်တွေ၊ မျိုးစုံပဲ။ တစ်နေ့ သုံးနပ် မှန်မှန်စား၊ အခန်းထဲမှာ အိမ်သာထား၊ ကိုယ်ပိုင်အခန်းက စိတ်ကြိုက်ဗျား ဆိုသလို အယ်လန်ဟာ ဒီမှာနေရတာကို အကြီးအကျယ် ဖိမ်တွေ့နေတယ်။

တစ်ခါတော့ ပါမောက္ခ ယွန်းဘော့ကို နီဂရိုးဖြစ်တာ၊ ဂျူးဖြစ်တာ ဘာအန္တရာယ်ရှိလို့တုံးလို့ မေးမိလို့ ကိုယ့်အလုပ် ကိုယ်လုပ်၊ သူများကိစ္စ ဝင်မစွက်နဲ့လို့ သတိပေးခံရတယ်။ နောက်တစ်ခါ ထပ်မေးရင် နားရွက်ဆွဲ ခံရမယ်လို့ အမေ ပြောခဲ့တာကိုတောင် သတိရမိသေး။

နှစ်တွေ ကြာလာတာနဲ့အမျှ အယ်လန့်ကိုမေးတဲ့ အင်တာဗျူးတွေဟာ နည်းလာတယ်၊ ကျဲလာတယ်။ မျိုးရိုးနိမ့်ကျသူများကို သင်းကွပ်ခြင်းဆိုတဲ့ ကိစ္စ အပြင်မှာ ပေါက်ကြားသွားပြီး ပါလီမန်က စုံစမ်းစစ်ဆေးရေးကော်မတီ လွှတ်မယ်ဆိုတဲ့ သတင်းတွေ ကြားကြားချင်း ပါမောက္ခ ယွန်းဘော့ဟာ အယ်လန့်နေရာမှာ တခြားသူတစ်ယောက် အမြန်အစားထိုးရမယ်ဆိုတဲ့ ဆုံး

ဖြတ်ချက်ကို ချလိုက်တယ်။ ၁၉၂၉၊ နွေဦးမှာ အယ်လန့်ကို နေကောင်းသွားပြီ ဆိုတဲ့ မှတ်ချက်နဲ့အတူ ဖလန်သွားဖို့ ရထားလက်မှတ်ဖိုးငွေ ထည့်ပေးပြီး ပြန်လွှတ်လိုက်တယ်။ အပြန်ခရီးအတွက် မိုင်နည်းနည်းလောက် လမ်းလျှောက်ရပေမဲ့ အယ်လန်က မမှုဘူး။ လေးနှစ်လောက် သံတိုင်ကြား နေခဲ့ရပြီးတဲ့နောက် သူ့ခြေထောက်တွေ အညောင်းဆန့်ပေးဖို့ လိုနေတယ် မဟုတ်လား။

(၅)

၂၀၀၅၊ မေ ၂၊ တနင်္လာ။

ဒေသိယသတင်းစာအဖို့ အဘိုးကြီးတယောက် အသက်တစ်ရာပြည့် မွေးနေ့မင်္ဂလာမှာ ပျောက်ကွယ်သွားတယ်ဆိုတာကို ဦးဦးဖျားဖျား ဖော်ပြလိုက်နိုင်တယ်။ တကယ့် သတင်းဦး၊ သတင်းထူး၊ သတင်းဘီလူးကြီးတွေကို ငတ်မွတ်နေတဲ့ သတင်းထောက်မက အဘိုးကြီးကို ပြန်ပေးဆွဲသွားတာ မဖြစ်နိုင်ဘူးလို့ ဘယ်ပြောလို့ရမလဲဆိုပြီး ဖွတ်လုပ်နေတော့တယ်။ ရာပြည့် ဘိုးဘိုးဟာ ခေါင်းကောင်းသားပဲ။ မျက်မြင်သက်သေများရဲ့ အဆိုအရ ရူးနေတာ၊ နှမ်းနေတာ၊ သူငယ်ပြန်နေတာမျိုးမှ မရှိဘဲလေ။

ဘာပဲဖြစ်ဖြစ် အသက်တစ်ရာပြည့် မွေးနေ့မှာ ပျောက်သွားတယ် ဆိုတာကိုက တစ်ခုခု ထူးနေပြီမဟုတ်လား။ သတင်းစာမှာပါတဲ့ သတင်းကို ဒေသခံ ရေဒီယိုက ချက်ချင်းလွှင့်တယ်။ ခဏနေတော့ အမျိုးသားရေဒီယို၊ ပြည်သူပိုင်သတင်းစာ၊ တီဗီသတင်းနဲ့ အင်တာနက် ဝက်ဘ်ဆိုက်တွေမှာ စက်ရပ်သတင်း ဖြစ်ကုန်တော့တယ်။

ဒီလိုနဲ့ ဖလန်က ဌာနေရဲတွေဟာ ဒေသန္တရ မှုခင်းတပ်ဖွဲ့ကို အမှုအခင်း

လွှဲအပ်လိုက်တယ်။ မှုခင်းတပ်ဖွဲ့က ရဲကားနှစ်စီးအပြည့် ရဲတွေ လွှတ်လိုက်တယ်။ စုံထောက်မှူးကြီး အေရွှန်ဆန် ဆိုတဲ့လူလည်း ပါတယ်။ သူတို့နောက်ကနေ ကူညီရှာဖွေပေးချင်တဲ့ သတင်းထောက်တွေကလည်း တပ်ထောင်တာ ဗိုလ်ထုချီပြီး ပါလာခဲ့တယ်။ အဲ ... မီဒီယာတွေကိုလည်း မြင်ရော ဒေသခံ ဌာနေရဲမှူးဟာ ဒီကိစ္စကို ကိုယ်တိုင်ဦးဆောင် စုံစမ်းစစ်ဆေး ကိုင်တွယ်မယ် ဆိုတဲ့အကြောင်း ကင်မရာရှေ့မှာ ရင်ကော့ ပြောတော့တယ်။

ကနဦးမှာတော့ စည်ပင်သာယာ နယ်နိမိတ်တစ်လျှောက် ရဲကားတွေကို အစုန်အဆန် ခေါက်တုံ့ခေါက်ပြန်မောင်းပြီး စုံစမ်းစစ်ဆေးတယ်။

အေရွှန်ဆန်ကတော့ လူအိုရုံက လူတွေကို မေးမြန်းစုံစမ်းနေတယ်။ မြို့တော်ဝန်ကြီးကတော့ ပျာယီးပျာယာနဲ့ အိမ်ပြန်သွားပြီး ဖုန်းပိတ်ပစ်လိုက်တယ်။ ဒီအဘိုးကြီး ပျောက်သွားတဲ့ကိစ္စမှာ ဝင်ပါရင် ကောင်းကျိုးထက် ဆိုးကျိုးက ပိုတယ်လို့ ယူဆပြီး သူ့မျက်ခုံးတွေ လှုပ်နေတယ်။

သဲလွန်စတွေကလည်း ဟိုတစ်စ ဒီတစ်စ ရလာပါတယ်။ အယ်လန့်ကို စက်ဘီးစီးသွားတာ မြင်လိုက်တယ်ဆိုတာရော၊ လူတန်းရှည်တစ်ခုမှာ တန်းစီစောင့်နေတယ်ဆိုတာရော၊ ဆေးဆိုင်တစ်ခုရှေ့မှာ အော်ကြီးဟစ်ကျယ် ဆဲနေတယ်ဆိုတာရော။ အဲသလို အမျိုးမျိုးလျှောက်ပြောတော့ ဒုက္ခရောက်တာပေါ့။

စေတနာ့ဝန်ထမ်း တစ်ရာတိတိပါတဲ့ ရှာဖွေရေးအဖွဲ့ကြီးကို စုစည်းစေလွှတ်လိုက်တဲ့ ဌာနေရဲမှူးခမျာ ရှာကား ရှာ၏၊ မတွေ့ ဆိုတဲ့အဖြေ ရတဲ့အတွက် ပိုးလိုးပက်လက် လန်ရှာတယ်။ ခုချိန်ထိ ရဲမှူးခမျာ နားမလည်နိုင်ရှာဘူး။ အဘိုးကြီးမှာ ကျောက်ဒိုးကောင်းကောင်းတွေ အများကြီးရှိတယ်လို့ သတင်း စကားကြားထားရပေမဲ့ ဒါ အိုမင်းရွတ်တွနေတဲ့ အဘိုးကြီးတစ်ယောက် ပျောက်သွားတဲ့

သာမန်ကိစ္စပဲ၊ ဘာများ ထူးခြားနေလို့လဲ။

ဒီလိုနဲ့ စုံစမ်းစစ်ဆေးရေးဟာ ရှေ့မတိုးသာ နောက်မဆုတ်သာနဲ့ တန့်နေလိုက်တာ ည ခုနစ်နာရီခွဲမှာ အက်စ်ကီစတူးနားက အနံ့ခံ ရဲခွေး ရောက်လာတဲ့အချိန်အထိပဲ။ ရဲခွေးဟာ အယ်လန့်ရဲ့ လူပ်ကုလားထိုင်ကို အနံ့ခံတယ်။ ပြတင်းပေါက်ကို ဦးတည်လှမ်းနေတဲ့ ခြေလှမ်းတွေကို အနံ့ခံတယ်။ ပန်းခင်းကို အနံ့ခံတယ်။ လမ်းကိုဖြတ်၊ ဘုရားကျောင်းဝင်း၊ ကျောက်တုံးနံရံ၊ အဝေးပြေးကားဝင်း၊ ခရီးသည်နားနေခန်းမှာ ရပ်။

အခန်းက သော့ခတ်ထားပြီ။ ညပိုင်းတာဝန်ခံက ခရီးသည် နားနေခန်းကို တနင်္လာကနေ သောကြာထိ ည ခုနစ်နာရီခွဲဆို သော့ခတ်လေ့ရှိကြောင်း၊ နေ့တာဝန်ခံ ပြန်သွားပြီဖြစ်ကြောင်း၊ အရေးကြီးရင် သူ့အိမ် လိုက်သွားဖို့ အကြောင်း၊ သူ့နာမည် ရွှန်နီဟော့ထ် ဖြစ်ကြောင်း၊ လိပ်စာက ဖုန်းစာအုပ်မှာ ရှိမှာဖြစ်ကြောင်း ပြောတယ်။

ဌာနေ ရဲမှူးဟာ လူအိုရုံရှေ့ ကင်မရာမီးရောင် တဖျတ်ဖျတ်ရှေ့မှာ ရပ်ရင်း သနားစရာ စိတ်သိပ်မနှံ့ရှာတဲ့ အိုကြီးအိုမကြီးကို ညဘက်မှာပါ ဆက်ရှာဖို့ လူထုရဲ့အကူအညီလိုကြောင်း ပြောကြားနေချိန်မှာ စုံထောက် အေရွှန်ဆန်ကတော့ ရွှန်နီဟော့ထ်ရဲ့ အိမ်တံခါးကို ခေါက်နေခဲ့တယ်။ အနံ့ခံ ခွေးရဲ့ အလိုအရ အဘိုးကြီးဟာ အဝေးပြေးကားဝင်း ခရီးသည် နားနေခန်းကို ရောက်ခဲ့တာ သေချာကြောင်း၊ အဲဒီအချိန် လက်မှတ်ရုံထဲမှာရှိနေတဲ့ မစ္စတာ ဟော့ထ်အဖို့ အဘိုးကြီး ဘယ်သွားတယ်ဆိုတာကို ပြောပြဖို့လိုကြောင်း တံခါး အပြင်ကနေ ရှင်းပြနေတယ်။

သို့သော်လည်း မစ္စတာဟော့ထ်ကတော့ ဘယ်လိုရှင်းပြ ရှင်းပြတံခါး

မဖွင့်ပေးဘူး။ အိပ်ခန်းထဲမှာ ကြောင်တစ်ကောင်ကိုပိုက်၊ တုန်တုန်ယင်ယင်နဲ့ ထိုင်နေပြီး အိမ်ရှေ့တံခါးကို စိုက်ကြည့်။ 'သွား ... သွား ... ထွက်သွား'လို့ ကိုယ့်ဖင် ကိုယ်ကြားရုံ တိုးတိုးလေးပြောနေတယ်။

ဘယ်လိုမှ ခေါ်မရတဲ့အဆုံး နောက်ဆုံးမှာ စုံထောက်ကြီးဟာ ရွှန်နီဟော့ထ် တစ်ယောက် ရည်းစားဆီရောက်နေတယ်လို့ ကောက်ချက်ချလိုက်တယ်။ အဘိုးကြီးဟာ ဒီနားတစ်ဝိုက်မှာ လျှောက်သွားနေတာ ဖြစ်ရင် ဖြစ် ဒါမှမဟုတ် ဘတ်စ်ကားနဲ့ တစ်နေရာရာကို ပါသွားချင် ပါသွား။ ဘယ်လိုပဲ ဖြစ်ဖြစ် အသက်နဲ့ ခန္ဓာတော့ မြဲနေဦးမယ်လို့ ယူဆလိုက်တယ်။ ကဲလေ ... မနက်ဖြန်ကျမှ သူ့အလုပ်ထဲ လိုက်သွားပြီး ရွှန်နီဟော့ထ်ကို တွေ့တာပေါ့။ တကယ်လို့ မနက်ဖြန်ထိ အဘိုးကြီး ပေါ်မလာတော့လည်း ပေါ်မလာလို့လို့ မှတ်ရမှာပေါ့။

ည ကိုးနာရီ နှစ်မိနစ်မှာတော့ ခရိုင်ရဲဌာနဟာ အဝင်ဖုန်းတစ်ခု လက်ခံ ရရှိတယ်။

'ဟယ်လို ... ကျွန်တော့်နာမည် ဘာတေးလ်ကားလ်ဂရင်ပါ၊ ကျွန်တော့် မိန်းမကိုယ်စား ဖုန်းဆက်တာပါ၊ ကျွန်တော့်မိန်းမ နာမည်က ဂါဒါ ကားလ် ဂရင်တဲ့ခင်ဗျ၊ ဟုတ်ကဲ့၊ သူက ပြီးခဲ့တဲ့ သုံးလေးရက်လောက်က ဖလန်ကို ရောက်နေခဲ့တယ် ခင်ဗျ၊ ကျွန်တော်တို့သမီးနဲ့ သူ့ယောက်ျားဆီ သွားတာပါ၊ သမီးက နေ့စေ့လစေ့ ဖြစ်နေပြီမို့ ထုံးစံအတိုင်း အလုပ်တွေများတာပေါ့ဗျာ၊ ဒါပေမဲ့ ဒီနေ့တော့ အိမ်ပြန်ချိန်တန်ပြီလို့ ယူဆပြီး၊ ဩော် ... ဟုတ်ပါတယ်၊ ကျွန်တော့်မိန်းမကို ပြောတာပါ၊ အဲ ... သူက မန်ကိုပင်းကို ဖြတ်ပြီး ကျွန်တော် တို့နေတဲ့ စထရန်နဲ့ဇ်ကိုသွားတဲ့ ဘတ်စ်ကားနဲ့ ပြန်လာခဲ့တယ်၊ အင်း ...

ဘာမှတော့ မဟုတ်ပါဘူး၊ ကျွန်တော့်မိန်းမကလည်း ဒီလိုပဲ ယူဆပါတယ်။ ဒါပေမဲ့ ခုနက ရေဒီယိုနားထောင်တော့ အသက်တစ်ရာ အဘိုးကြီး တစ် ယောက် ပျောက်သွားတယ်လို့ ကြားလိုက်တယ်၊ အဲဒါ ပြန်တွေ့ပြီလားလို့၊ ခင်ဗျာ ... မတွေ့သေးဘူး ဟုတ်လား၊ အင်းလေ ... ကျွန်တော့်မိန်းမကတော့ မန်ကိုပင်းကနေ အင်မတန်အိုတဲ့ အဘိုးကြီးတစ်ယောက် ခရီးဆောင်သေတ္တာ ဇရာမကြီးတစ်လုံးနဲ့အတူ တက်လာတယ်လို့ ပြောတယ်ခင်ဗျ၊ ကြည့်ရတာ ခရီးဝေး သွားမယ့်ပုံပဲတဲ့၊ အဲ ... ကျွန်တော့်မိန်းမက နောက်ဆုံးခုံ၊ အဘိုးကြီး က ရှေ့ဆုံးခုံမှာ ထိုင်တာမို့ အဘိုးကြီးနဲ့ ကားဆရာ ဘာတွေပြောနေကြသလဲ ဆိုတာတော့ မသိဘူးတဲ့ခင်ဗျ၊ ဘယ်လို ... ဘယ်လို ... ဂါဒါ ဘာပြောလိုက် တာလဲ၊ သြော် ... ဂါဒါက ပြောတယ်၊ သူများ စကားပြောတာကို စပ်စပ်စုစု ချောင်းနားထောင်တတ်တဲ့အထဲမှာ သူ မပါဘူးတဲ့၊ စထရင်းနာ့ဇ်အထိတော့ သူ လိုက်မလာဘူးတဲ့၊ လမ်းမှာ ဆင်းသွားသတဲ့၊ ဒါပေမဲ့ ဘယ်နား ဆင်းသွား လဲ ဆိုတာတော့ မသိဘူးတဲ့၊ သစ်တောကြီးတစ်ခု အလယ်မှာပဲတဲ့'

အဲဒီဖုန်းကို အသံဖမ်းထားလိုက်တယ်။ ပြီးတော့ စာအပြည့်အစုံ ပြန် ရိုက်ပြီး စုံထောက်မှူးကြီးရှိတဲ့ မန်ကိုပင်းက ဟိုတယ်ကို ဖက်စ်နဲ့ ပို့ပေးလိုက် တယ်။

(၆)

၂၀၀၅၊ မေ ၂၊ တနင်္လာ – ၂၀၀၅၊ မေ ၃၊ အင်္ဂါ။

အလိုလေးလေး ... ခရီးဆောင်သေတ္တာကြီး တစ်ခုလုံး ငါးရာတန် ကရောင်းငွေအထုပ်တွေ အပြည့်ပဲ။ ဂျူးလီးယပ်ဟာ ချက်ချင်းပဲ တွက်ချက် လိုက်တယ်။ ကန့်လန့်ဖြတ် ဆယ်ထုပ်၊ အမြင့် ငါးထုပ်၊ ငါးရာတန် အုပ်တွေ ...

အင်း ...။

'ကျုပ်တွက်ချက်တာ မှန်မယ်ဆိုရင် ဒါတွေ အားလုံးပေါင်းရင် သုံးဆယ့်ခုနစ်သန်းခွဲ ရှိမယ်ဗျ'

'အလို ... ဒါဆို အတော်များတာပေါ့'

အဲဒီအချိန်မှာ အအေးခန်းထဲက လူရွှယ်ကတော့ အာခေါင်ခြစ်ပြီး အော်နေပြီ။

'ခွေးသူခိုးကြီးတွေ၊ သေချင်းဆိုးကြီးတွေ၊ ငါ့ကို လွှတ်ပေးကြစမ်း'

အော်တယ်၊ ဆောင့်ကန်တယ်၊ ထပ်အော်တယ်။ အယ်လန်နဲ့ ဂျူးလီးယပ်ဟာ ပြည်ပန်းညို ချိုချင်လျက် ဆားက ဖျက်နေတဲ့ အဲဒီအသံကြောင့် အပြည့်အဝ မပျော်နိုင်ဘဲ စိတ်အနှောင့်အယှက် ဖြစ်နေကြရှာတယ်။ နောက်ဆုံးမတော့ အယ်လန်ဟာ မီးလျှံလိုတောက်နေတဲ့ လူရွယ်ရဲ့ ဒေါသတွေ ငြိမ်း အေးစေရန် အလို့ငှာ စေတနာ အနန္တနဲ့ အအေးခန်း အအေးဓာတ်လွှတ်တဲ့ ခလုတ်ကို ဖွင့်ပေးလိုက်ရတော့တယ်။

သိပ်မကြာလိုက်ပါဘူး။ အအေးခန်းထဲက အကောင်ဟာ သူ့အခြေအနေဟာ ကူကယ်ရာမဲ့ဖြစ်ပြီဆိုတာ သဘောပေါက်သွားတယ်။ သေချာ စဉ်းစားနိုင်ဖို့အတွက် သူ ဆူဆူညံညံ မလုပ်တော့ဘူး။ အေးသထက် အေးလာတဲ့ အခန်းထဲမှာ ကြွက်ကလေးလို ကုပ်ပြီး တဒိန်းဒိန်းကိုက်နေတဲ့ ခေါင်းကို ဖိပြီး ထိုင်နေတယ်။ မိနစ်နည်းနည်းလောက် စဉ်းစားလိုက်တဲ့အခါကျတော့ ဘယ်လောက် အော်အော်၊ ဘယ်လောက်ကန်ကန် အကျိုးမထူးဘူးဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလာခဲ့တယ်။ အကူအညီတောင်းမှ ဖြစ်တော့မယ်။ ဘော့စ်ကို ဖုန်းခေါ်မှ ဖြစ်တော့မယ်။ ကြောက်စရာကောင်းပေမဲ့ မတတ် နိုင်တော့ဘူး။ နီးရာဓား ကြောက်ရမှာပဲ။

တစ်မိနစ်၊ နှစ်မိနစ်လောက် ငြိမ်ပြီး စဉ်းစားနေတုန်း မခံမရပ်နိုင်အောင်
အေးလာတယ်။ နောက်ဆုံးတော့ သူ့လက်ကိုင်ဖုန်းကို ထုတ်လိုက်တယ်။
အား … ဖုန်းမမိဘူး။

ညနေခင်းက ရင့်မှည့်လာပြီး ညအသွင်ပြောင်း၊ ညက အိုမင်းရင့်ရော် ပြီး
မနက်မိုးသောက် အလင်းရောက်လာခဲ့တယ်။ အယ်လန်ဟာ မျက်လုံး ပွင့်လာတော့
သူ ဘယ်နားရောက်နေမှန်း ရုတ်တရက် မသိရှာဘူး။ ဇကန္တတော့ အိပ်ပျော်ရင်း
သေများသွားသလား။ သေမင်းနိုင်ငံတော်များ ရောက်နေ တာလား။
အဲဒီအချိန်မှာ ယောကျ်ားသံတစ်သံက မင်္ဂလာနံနက်ခင်းလို့ သူ့ကို
နှုတ်ဆက်တာ ကြားလိုက်ရတယ်။ သတင်းကောင်းနဲ့ သတင်းဆိုး ဘယ်ဒင်းကို
အရင် ကိုကိုအယ်လန် နားဆင်ချင်ပါသလဲတဲ့။

'သတင်းဆိုးကို ကျော်ပြီး သတင်းကောင်း အရင်ပြောဗျာ'

အိုကေ … မနက်စာသုံးဆောင်ရန် အဆင်သင့်ပါခင်ဗျတဲ့။ ဂျူးလီးယပ်က
သတင်းကောင်းကို ပြောလိုက်တယ်။ ကော်ဖီရယ်၊ သမင်သားအေးအေး လေး
ညှပ်ထားတဲ့ ဆန်းဒဝစ်ချ်ရယ်၊ အိမ်နီးနားချင်းတွေဆီက ခိုးထားတဲ့
ကြက်ဥတွေရယ်။

ဟုတ်တာပေါ့။ ဒါ သတင်းကောင်း ဇကန်အမှန် ဟုတ်သလေ။ မနက် စာ
အကောင်းစားကို မြိန်ရည်ယှက်ရည်စားဖို့ စားပွဲထိုင်လိုက်ချိန်မတော့ သတင်းဆိုးကို
နားဆင်ဖို့ အဆင်သင့်ဖြစ်ပြီဆိုတာ အယ်လန် သိလိုက်တယ်။
ဂျူးလီးယပ်က အသံတိမ်လေးနဲ့ပြောတယ်။

'သတင်းဆိုးကတော့ မနေ့က အအေးဓာတ်လွှတ်တဲ့ ခလုတ်ကို ပိတ်ဖို့
မေ့သွားတယ်'

'အဲဒီတော့ ...'

'အဲဒီတော့ ခုလောက်ဆို အထဲကကောင် ခဲသေနေရောပေါ့'

အယ်လန်တစ်ယောက် စိတ်အိုက်သွားတယ်။ လည်ပင်းကို သူ ကုတ်နေတယ်။ စိတ်ထိခိုက်နေရှာသလား။

'အို ... အင်းလေ၊ ဒါနဲ့ ခင်ဗျား ကြက်ဉတွေပြုတ်ထားတာ အနေတော်ပဲဗျာ၊ စားလို့သိပ်ကောင်းတယ်'

မနက်ရှစ်နာရီမှာ စုံထောက်မှူးကြီး အေရွှန်ဆန်ဟာ စိတ်လက် မကြည်မသာနဲ့ နိုးလာခဲ့တယ်။ ဘယ့်နှယ် ... လူကြားလို့မှ မကောင်း၊ သူ့လို စုံထောက်ကျော်ကြီးကို အဘိုးကြီးတစ်ယောက် ပျောက်တဲ့အမှု လိုက်ခိုင်း ရတယ်လို့။ စိတ်စက်များနှယ် ညစ်ပါတယ်။

အေရွှန်ဆန်ဟာ ရေချိုးတယ်၊ အဝတ်လဲတယ်၊ ပလက်ဗ်နာဟိုတယ်ရဲ့ ထမင်းစားခန်းကို မနက်စာစားဖို့ ဆင်းလာတယ်။ လမ်းမှာ မနေ့ညက သူ့ဆီ ဖက်စ်လာပို့ပေးတဲ့ ဧည့်ကြိုနဲ့တွေ့တယ်။ မနေ့က ဧည့်ကြိုကောင်တာ ပိတ်သွားတာတောင် သူ့ဆီ တကူးတက လာပေးရှာတာ။

နောက်တစ်နာရီလောက်နေတော့ စုံထောက်ကြီးဟာ သူ ကိုင်တွယ်နေရတဲ့ အမှုကို နောက်ထပ် အမြင်တစ်မျိုးနဲ့ မြင်လာပြန်တယ်။ ခရိုင်ရဲဌာနက ပို့ပေးတဲ့ ဖက်စ်ဟာ အဝေးပြေးကားဝင်း လက်မှတ်ရုံမှာ ဖြူဖျော့နေတဲ့ ရွှန်နီဟော့ထ်ကို အေရွှန်ဆန် မတွေ့မချင်း ရှင်းရှင်းလင်းလင်း မရှိခဲ့ဘူး။ ဟော့ထ်ကို သိပ်ကြာကြာ မအစ်လိုက်ရဘူး။ ရေကာတာ ကျိုးပေါက်သလို အေရွှန်ဆန် သိချင်တာအားလုံး သူ့ပါးစပ်က ဝေါခနဲ ဝေါခနဲ သွန်ကျလာ တယ်။

သိပ်မကြာဘူး။ အက်စ်ကီစတူးနားက ဖုန်းဝင်လာတယ်။ မနေ့ညနေက ဘတ်စ်ကားတစ်စီးဟာ ဖလန်ကို ပြန်ရောက်မလာကြောင်း ကားကုမ္ပဏီက သတင်းပို့သတဲ့။ အဲဒီကားဆရာလည်း ပြန်ပေးဆွဲခံရသလိုလို ဘာလိုလို။ ကားဆရာရဲ့ ကောင်မလေး ဂျက်ဆီကာဗျော့ခ်မန်းဆီ ဖုန်းဆက်ရင် ကောင်း မလား။ စုံထောက်ကြီးဟာ ပလက်ဗ်နာဟိုတယ်ကို ပြန်လာတယ်။ ကော်ဖီ တစ်ခွက် သောက်တယ်။ အသစ်တွေ့ရှိရတဲ့ သတင်းအချက်အလက် အားလုံး ကို စုစည်းပြီး ဟောသလို ချရေးတယ်။

အဘိုးအို အယ်လန်ကားလ်ဆန်သည် ရာပြည့်မွေးနေ့မင်္ဂလာ မကျင်းပ မီ နာရီပိုင်းအလိုတွင် သူ မှီတင်းနေထိုင်ရာ လူအိုရုံမှ တရားမဝင် ထွက်ခွာ သွားခဲ့သည်။ ကားလ်ဆန်သည် အသက်အရွယ် ကြီးရင့်လှပြီဖြစ်သော်လည်း အာရုံခြောက်ပါး ကောင်းမွန်နေသေးသည်ဟု ဆို၏။ ရုပ်ပိုင်းဆိုင်ရာလည်း အတန်အသင့် ကြံ့ခိုင်မှုရှိနေသေးသည်။ ထိုသို့ ကြံ့ခိုင်နေခြင်းကြောင့်လည်း ပြတင်းပေါက်မှ ကျော်ထွက်ပြီး လျှောက်သွားနိုင်ခြင်းဖြစ်သည်မှာ သေချာ လှသည်။ အပြင်မှ အကူအညီရယူခဲ့သလောဟု သံသယဖြစ်ဖွယ်ရှိသော်လည်း နောက်ပိုင်းတွေ့ရှိချက်များအရ သူ့အားသူကိုးသွားသည်ဟုသာ ကောက်ချက် ချရမည်။ လူအိုရုံညွှန်မှူး အဲလစ်အင်္ဂလွန်ကလည်း အယ်လန်ဟာ အိုနေပေမဲ့ သူလုပ်ချင်တာကို ကောင်းကောင်းကြီး လုပ်နိုင်သေးတဲ့လူပဲဟု ထပ်ဆင့် ထောက်ခံထားသည်ကို တွေ့ရှိရသည်။

အနံ့ခံခွေးများ၏ တွေ့ရှိချက်အရ ကားလ်ဆန်သည် ပန်းခင်းပေါ် အတန်ကြာ ရပ်နေပြီးသည့်နောက် မန်ကိုပင်းမြို့တွင်း ဦးတည်ရာမဲ့ လျှောက်သွားရင်း အဝေးပြေးကားဝင်းရှိ ခရီးသည်နားနေခန်းသို့ ရောက်သွားခဲ့သည်။

မျက်မြင်သက်သေ ရွန်နီဟော့ထ်၏ အဆိုအရ သူသည် ဟော့ထ်၏ လက်မှတ်ရောင်း ပြတင်းပေါက်သို့ တန်းတန်းမတ်မတ် လျှောက်လာပြီး၊ တစ်နည်းအားဖြင့် တရှုပ်ရှုပ်ဖြင့် လျှောက်လာပြီး ထိုသို့ လျှောက်လှမ်းလာချိန်ဝယ် အဘိုးကြီး၏ ခြေလှမ်းစိပ်စိပ်များကိုလည်းကောင်း၊ အိမ်တွင်းစီး ညှပ်ဖိနပ် စီးထားသည်ကိုလည်းကောင်း သတိပြုမိခဲ့သည်ဟု ဆို၏။

ဟော့ထ်၏ ထွက်ဆိုချက်များအရ ကားလ်ဆန်သည် မန်ကိုပင်းမှ မြန်နိုင်သမျှ မြန်အောင် ထွက်ခွာချင်နေခဲ့သည်ဟု ယူဆရသည်။ ဘယ်ကို ဦးတည်သွားမည်၊ ဘာနှင့်သွားမည်ဆိုသည်က အရေးမကြီး၊ ထွက်ခွာရဖို့သာ အရေးကြီးသည်ဟု အဓိပ္ပာယ်ပေါက်နေသည်။

ထိုအချက်ကို ကားဆရာ လန်းနက်ရမ်မ်နာ၏ ရည်းစားဖြစ်သူ ဂျက်စီကာဗျော့ခ်မန်းက တိုက်ဆိုင်စွာ ထောက်ခံထား၏။ ကားဆရာကား အိပ်ဆေးအမြောက်အမြား သောက်သုံးထားမှုကြောင့် ခုချိန်ထိ စစ်မေး၍ မရနိုင်သေး။ ဗျော့ခ်မန်း၏ ထွက်ဆိုချက်မှာ လောက်လားစွာ အားကိုးထိုက်လှသည်။ ကားလ်ဆန်သည် ရမ်မ်နာထံမှ ကားလက်မှတ်ဝယ်ရာတွင် ငွေကြေးကို နဂိုကတည်းက ဆုံးဖြတ် ကန့်သတ်ထားခဲ့သည်။ သူ့လားရာသည် ဘိုင်ရင့်ချ် ဘူတာမှတ်တိုင် ဖြစ်လာခဲ့သည်။ သို့တည်းမဟုတ် ဖြစ်သွားခဲ့သည်။ ထိုနေရာတွင် တစ်စုံတစ်ယောက်က ကားလ်ဆန်ကို စောင့်မျှော်နေခဲ့သည်ဟု ယုံကြည်ယူဆရန် အကြောင်းတစ်ခုမှ မရှိခဲ့ပါ။

နောက်ထပ် စိတ်ဝင်စားဖွယ် အချက်အလက်တစ်ခု ရှိသေးသည်။ ကားလက်မှတ်ရောင်းသူသည် ကားလ်ဆန်တွင် ခရီးဆောင်အိတ် ပါ၊ မပါ သတိမထားမိခဲ့။ ကားပေါ်တက်သောအခါ ခရီးဆောင်အိတ်ကြီးတစ်လုံး ပါသွားခဲ့သည်

ဆိုခြင်းကြောင့် ထိုအချက်သည် ပြန်လမ်းမရှိ လူဆိုးဂိုဏ်းမှ အဖွဲ့ဝင် တစ်ဦးဦးနှင့် ထိပ်တိုက်တွေ့ဆုံမှုတစ်ခု ဖြစ်ကောင်းဖြစ်ခဲ့နိုင်သည် ဆိုသည့် အနုမာန မှန်းဆချက်တစ်ရပ် ပေါ်ပေါက်စေခဲ့သည်။

ဂျက်စီကာ ဗျော့ခ်မန်း၏ စကားများထဲတွင် ခရီးဆောင်အိတ် အကြောင်း မပါရှိခဲ့ပါ။ သို့သော် ရဲဌာနမှရရှိသည့် ဖက်စ်အရ ကားလ်ဆန်သည် ပြန်လမ်းမရှိ ဂိုဏ်းဝင်တစ်ဦးဦးထံမှ အဆိုပါအိတ်ကို ခိုးယူခဲ့သည်ဟု ယူဆရန် အကြောင်းများကို တွေ့ရှိရသည်။

ဗျော့ခ်မန်းနှင့် ဖက်စ်သတင်းတို့ကို ပေါင်းစပ်လျှင် ကားလ်ဆန်သည် မနေ့က နေ့လယ် သုံးနာရီ မိနစ်နှစ်ဆယ်တွင်လည်းကောင်း၊ ပြန်လမ်းမရှိ ဂိုဏ်းဝင်သည် နောက်လေးနာရီ အကြာတွင်လည်းကောင်း ဘိုင်ရင့်ချ်ဘူတာ မှတ်တိုင်သို့ အသီးသီး အသက ရောက်ရှိကြပြီး အမည်မသိ ဦးတည်ရာသို့ ပျောက်လှမ်းသွားကြသည်။

ပထမလူက အသက်တစ်ရာ၊ လေးလံသည့် ခရီး ဆောင် အိတ်ကြီးနှင့် ဒုတိယလူက ပထမလူထက် ခုနစ်ဆယ့်ငါးနှစ် ပိုငယ် သူ။

စုံထောက်ကြီးဟာ မှတ်စုစာအုပ်ကို ပိတ်လိုက်တယ်။ ကော်ဖီ လက်ကျန်ကို မော့လိုက်တယ်။ ခု ဆယ်နာရီ နှစ်ဆယ့်ငါးမိနစ် ရှိပြီ။

ကဲ ... နောက်မှတ်တိုင်ကတော့ ဘိုင်ရင့်ချ်ဘူတာပေါ့။

မနက်စာစားနေတုန်း ဂျူးလီးယပ်ဟာ အယ်လန့်ကို မနက်စောစော အယ်လန် အိပ်နေတုန်း သူ လုပ်ခဲ့တာတွေ၊ ကြံစည်ခဲ့တာတွေကို အူမ ချေးခါး မကျန် ပြောပြနေတယ်။

ပထမဆုံးအနေနဲ့ အအေးခန်းထဲက ကံမကောင်း အကြောင်းမလှရှာတဲ့

မတော်တဆမှုလေးအကြောင်း သူ စပြောတယ်။ အအေးခန်း အပူချိန်ဟာ
ရေခဲမှတ်အောက် မိုင်ပေါင်းများစွာရောက်နေတာ တစ်ညနေလုံး၊ တစ်ညလုံး။
အနည်းဆုံး ဆယ်နာရီထက်မနည်း ရှိခဲ့ပြီဆိုတာ ဂျူးလီးယပ် သတိထားမိချိန်မှာ
ကုလားအော်ကြီး ကိုင်ပြီး အအေးခန်းတံခါးကို သွားဖွင့်ကြည့်ခဲ့သတဲ့။ သတိဆိုတာ
ပိုတယ်မရှိဘူး မဟုတ်လား။ တော်ကြာ ဟိုအကောင်ဟာ ဖျတ်ဖျတ်လတ်လတ်
အသင့်အနေအထားနဲ့ တံခါးဖွင့်တာနဲ့ ဆောင့်ကန်လိုက် ရင် ဘယ့်နှယ်လုပ်မတုံး။
ဒါပေမဲ့ ကုလားအော်ကြီး ကိုင်ထားတာ လေးတာပဲ အဖတ်တင်တယ်။
လူရှယ်အတွက် နားရွက်ဆွဲတာတွေ၊ ဆောင့်ကန်တာတွေ ခေတ်ကုန်သွားခဲ့ပြီ။
ဆောင့်ကြောင့်ထိုင်၊ တစ်ကိုယ်လုံး ရေခဲဖုံးပြီး ဘာကိုမှ မမြင်တော့တဲ့ မျက်လုံး
တွေက အသက်ဝိညာဉ်ဓာတ် ကင်းမဲ့စွာ ပွင့်လို့။ တိုတိုပြောရရင်တော့ ရေခဲ
ရိုက်ထားတဲ့ သမင်လို လုံးဝဥသုံ သေနေခဲ့ပြီ။
အဖြစ်ဆိုး ဆိုပေမဲ့ ဒီလိုဖြစ်သွားတဲ့အတွက် အစစ အရာရာ လွယ်ကူ
ချောမွေ့သွားတယ်လို့ ဂျူးလီးယပ် တွေးမိတယ်။ ဒီလောက် ရိုင်းစိုင်း ကြမ်းတမ်းတဲ့
အကောင်ကို အသက်ရှင်လျက် အပြင်ထုတ်ရင် ဒုက္ခတွေ အလွန်များလိမ့်မယ်။
ဂျူးလီးယပ်ဟာ အအေးဓာတ်လွှတ်တဲ့ ခလုတ်ကိုပိတ်ပြီး အအေးခန်း တံခါးကို
ဖွင့်ထားတယ်။ အမယ် ... သေတော့ သေတယ်။ တစ်ကိုယ်လုံး
ရေခဲရိုက်ထားသလိုကြီးတော့ မဖြစ်သေးပါဘူးလေ။
မီးဖို မီးမွှေးပြီး မီးလှုံရင်း ပိုက်ဆံထုပ်ကြီးကို သေချာ ရေကြည့်တယ်။ ဟယ် ...
သူ မူလမှန်းထားသလို ၃၇ သန်းခွဲ မဟုတ်ဘူး။ သန်း ငါးဆယ် တိတိရှိတယ်။
ဂျူးလီးယပ် ပြောပြတာတွေကို အယ်လန်က စားရင်းသောက်ရင်း
နားထောင်နေတယ်။ စားလို့ကလည်း ကောင်းလိုက်တာ ပြောမနေပါနဲ့တော့။

မှတ်မိသမျှ မနက်စာတွေထဲမှာ ဒီတစ်ကြိမ် စားအကောင်းဆုံးပဲ။ ငွေအကြောင်း မရောက်မချင်း သူ ဘာမှ ဝင်မပြောဘူး။ အဲ … ငွေအကြောင်းလည်း ရောက် ရော … ‘သန်းငါးဆယ်ဆိုတော့ သုံးဆယ့်ခုနစ်သန်းခွဲထက်စာရင် အညီအမျှ ခွဲဖို့ဝေဖို့ ပိုအဆင်ပြေတာပ၊ ဟောဟိုနားက ဆားဘူးလေး လှမ်းလိုက်စမ်းပါ’ လို့ သူပြောလိုက်တယ်။

ဂျူးလီးယပ်က အယ်လန် ပြောတဲ့အတိုင်း လိုက်နာဆောင်ရွက်ပြီး ၃၇ သန်းခွဲဆိုလည်း အညီအမျှ ခွဲလို့ရကြောင်း၊ သန်းငါးဆယ်ဆိုတော့ တစ်ဝက်စီခွဲဖို့ ပိုလွယ်ကြောင်း ပြောတယ်။ အဲဒီနောက်မှာတော့ ဂျူးလီးယပ်က အယ်လန့်ကို နားချတယ်။ ခုချိန်ဟာ ဒီကနေခွာရမယ့် အချိန်ပဲတဲ့။ အအေးခန်း ထဲက ကောင်က အန္တရာယ်မပြုနိုင်တော့ပေမဲ့ သူ့တစ်ယောက်တည်းလို့ ဘယ်သူပြောလဲတဲ့။ သူ့လိုအကောင် နောက်ထပ် ဆယ်ယောက်လောက် အချိန် မရွေး မီးဖိုခန်းထဲ ရောက်လာနိုင်တယ်တဲ့။

ဟုတ်ပါတယ်။ အယ်လန် သဘောပေါက်ပါတယ်။ ဒါပေမဲ့ သူက သူ့ကိုယ်သူတောင် သယ်နိုင်တော့တာ မဟုတ်ဘူး။ ဂျူးလီးယပ်ကတော့ လမ်း လျှောက်တာကို တတ်နိုင်သမျှ မလုပ်ရအောင် စီမံပေးမယ်လို့ အာမခံနေတယ်။

ဟုတ်တယ်၊ ပြေးရမယ်။

အအေးခန်းထဲက အကောင်ကိုပါ သူတို့နဲ့အတူ သယ်သွားနိုင်ရင် အကောင်းဆုံး။ တကယ်လို့ ဒီအလောင်းကြီး ဒီထဲမှာ တွေ့သွားရင် အဘိုးကြီး နှစ်ယောက် ဒုက္ခရောက်မှာ။

ကဲ … ကဲ … စားနေသောက်နေလို့ မပြီးသေးဘူး။ သွားမယ်ဆိုလည်း သွားကြမှ ဖြစ်မယ်။ ဂျူးလီးယပ်နဲ့ အယ်လန်ဟာ အအေးခန်းထဲက မသာကို

မနိုင်မနင်းနဲ့ မ,လာပြီး ထမင်းစားစားပွဲက ကုလားထိုင်မှာ ခဏတင်။ အားမွေး။
အယ်လန်ဟာ အလောင်းကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း … 'ဒီ အကောင်ဟာ
ခြေထောက်တွေက ကိုယ်လုံးနဲ့မလိုက်အောင် သေးတာပဲ၊ အေး လေ … သေးသေး၊
ကြီးကြီး ခု သူ့ဖိနပ်တွေ ဘာမှ အသုံးမကျတော့ဘူး မဟုတ်လား … နော …' လို့
ပြောလိုက်တယ်။

ဂျူးလီးယပ်ကလည်း စိုးရိမ်ပါတယ်။ အပြင်မှာ အေးပုံနဲ့ အယ်လန့်
ခြေထောက်တွေ နင်းကိုက်ကုန်မှာ စိုးပါတယ်။ တကယ်လို့သာ အယ်လန့်
ခြေထောက်နဲ့ တော်မယ်ထင်ရင် ဖိနပ်တွေ ချွတ်ပေးပါ့မယ်တဲ့။ ကုလား ထိုင်ပေါ်က
လူငယ်လေးက ဘာမှ မပြောပုံထောက်ရင်တော့ သူ့ဖိနပ်တွေ ယူတာ
ကြည်ဖြူပုံပေါ်တယ်တဲ့။

စွပ်ကြည့်တော့ ထင်တဲ့အတိုင်း ဖိနပ်တွေက ကြီးနေတယ်။ ဒါပေမဲ့လည်း
စုတ်ပြတ်နေတဲ့ ရှုရှူးညှပ်ဖိနပ်တွေထက်စာရင် အပုံကြီးသာတာပေါ့။

နောက်တစ်ဆင့်အနေနဲ့ အဘိုးကြီးနှစ်ယောက်ဟာ မသာကောင်ကို
တစ်ယောက်တစ်ဖက် ညှပ်ပြီး တွဲခေါ်လာကြတယ်။ ဒီလိုနဲ့ ရထားစကြႍ လမ်းပေါ်
သုံးယောက်သား ရောက်၊ နှစ်ယောက်က မတ်တတ်၊ တစ်ယောက် က ပက်လက်၊
ကိုင်း … ဘာဆက်လုပ်ကြမတုံးလို့ အယ်လန်က ဂျူးလီးယပ် ကို မေး။

'ဒီမှာပဲ ရပ်နေ၊ ဘယ်မှ လျှောက်မသွားနဲ့'

ဂျူးလီးယပ်က အယ်လန့်ကို ပြောတယ်။

'မင်းလည်း ဘယ်မှ လျှောက်မသွားနဲ့'

ပက်လက်လန်နေတဲ့ ဆံရှည့်ကိုလည်း ပြောတယ်။

ဂျူးလီးယပ်ဟာ စကြႍပေါ်ကနေ ရထားလမ်းပေါ် ဆင်းလိုက်ပြီး စိုက်စိုက်

စိုက်စိုက်နဲ့ လျှောက်သွားတယ်။

ခဏနေတော့ ရထားသံလမ်းတွေ လိုက်စစ်တဲ့ ထရော်လီကြီးကို ခန့်ခန့်

ထည်ထည် မောင်းလာတာ တွေ့လိုက်ရတော့တယ်။

'၁၉၅၄ ခုနှစ်ထုတ် ဂန္ဓဝင်လက်ရာဗျ၊ ကဲ ... ကြွကြ၊ ကြွကြ'

ဂျူးလီးယပ်ဟာ ထရော်လီကို လက်တွန်းဂီယာနဲ့ ထိန်းမောင်းနေတယ်။

သူ့နောက်မှာ အယ်လန်၊ အယ်လန့် နောက်မှာ မသာ။ မသာက ထိုင်လျက်သား။

နေကာမျက်မှန်မည်းကြီး တပ်လို့။

အဲသလို သူတို့တစ်တွေ ထွက်တော်မူ နန်းကခွာခဲ့ကြချိန်က ဆယ့်

တစ်နာရီထိုးဖို့ ငါးမိနစ်အလို။ နောက် သုံးမိနစ်အကြာမှာ ဘိုင်ရင့်ချ်ဘူတာရုံ

ဟောင်းရှေ့ကို နက်ပြာရောင် ဖော်လ်ဗိုကားတစ်စီး ထိုးဆိုက်လာပြီး စုံထောက်ကြီး

အေရွန်ဆန် ကားပေါ်က ဆင်းလာတယ်။

ဘူတာအဆောက်အဦဟာ လူသူကင်းမဲ့နေပုံပဲ။ ဒါပေမဲ့ သေချာအောင် အနီးကပ်

ကြည့်လိုက်ဦးမယ်။ ပြီးမှ ဘိုင်ရင့်ချ်ရွာထဲသွားတော့မယ်။

ယိုင်နဲ့နဲ့ ဘူတာစင်္ကြံတွေပေါ် သတိကြီးကြီးနဲ့ တက်လိုက်တယ်။

တံခါးကိုဖွင့်ပြီး 'လူရှိသလားခင်ဗျ'လို့ မေးလိုက်တယ်။

ဘာသံမှ မကြားဘူး။ အိမ်ထဲ ဝင်ကြည့်လိုက်တယ်။ လူနေတဲ့ပုံပဲ။

မီးဖိုခန်းထဲမှာ လောလောလတ်လတ် လူနှစ်ယောက် မနက်စာစားသွားတဲ့

သက်သေတွေ ရှိနေတယ်။ ကြမ်းပြင်ပေါ်မှာတော့ စုတ်ပြတ်ရွဲပြဲနေတဲ့ ညှပ်

ဖိနပ်တစ်ရန်။

ပြန်လမ်းမရှိဆိုတာ တရားဝင်သဘောကတော့ မော်တော်ဆိုင်ကယ်

ကလပ်တစ်ခုပေမဲ့ တကယ်က ရာဇဝတ်မှုမှတ်တမ်းရှိတဲ့ လူငယ်တွေ စုပေါင်း ထားတဲ့ အုပ်စုတစ်ခုပဲ။ အဲဒီအုပ်စု ခေါင်းဆောင်ကတော့ ရာဇဝတ်မှုမှတ်တမ်း အကြီးအကျယ်ရှိတဲ့ လူလတ်ပိုင်းတစ်ယောက်။ အားလုံးမှာ ရာဇဝတ်မှု ကျူးလွန်ဖို့ ရည်ရွယ်ချက် တစ်လုံးတစ်ဝတည်း ရှိတယ်။

ခေါင်းဆောင်ကြီးနာမည်က ပါ ဂန်နာ ဂါဒင်တဲ့။ ဒါပေမဲ့ သူ့နာမည်ကို ဘယ်သူမှ မခေါ်ရဲဘူး။ အားလုံးက သူ့ကို ဘော့စ်လို့ပဲ ခေါ်ကြတယ်။ သူ ကိုယ်တိုင်ကလည်း ဘော့စ်လို့ပဲ ခေါ်စေချင်တယ်။ ဘော့စ်ဟာ အရပ်က နှစ်မီတာ၊ အတ္တဘောက ၂၃၀ ကီလိုရှိပြီး သူ့ရှေ့မှာ ယီးတီးယားတားလုပ်သူ မှန်သမျှ ခားနဲ့ပိုင်းဖို့ ဝန်မလေးတဲ့ လူတစ်ယောက်ပဲ။

ဘော့စ်ရဲ့ ရာဇဝတ်မှုဆိုင်ရာ ဘဝလမ်းကြောင်းအစကတော့ ခပ်မှိန်မှိန် ခပ်ကုပ်ကုပ်ပါပဲ။ သူက အစုစပ် လုပ်ငန်းရှင်တစ်ယောက်နဲ့အတူ ဆွီဒင်ကို သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေ သွင်းတယ်။ ထုတ်လုပ်တဲ့နိုင်ငံကို ညာပြော ခြင်းအားဖြင့် အခွန်ကို ရှောင်လွှဲပြီး စားသုံးသူတွေကို ဈေးကြီးကြီးနဲ့ ရောင်းလို့ ရတာပေါ့။

ပြဿနာက ဘော့စ်ရဲ့ ပါတနာပဲ။ သင်းက ဘော့စ်လိုမျိုး ဘယ်သူ သေသေ မာချင်သည့် ငတေစိတ်ဓာတ်မျိုး တင်းပြည့် ကျပ်ပြည့် မရှိရှာဘူး။ ဘော့စ်က အစားအသောက်တွေကို ဖော်မလင်စိမ်ရောင်းဖို့ သဘောကျတယ်။ အာရှတိုက်ဆို ဒီလိုပဲလုပ်နေတာ ကြာကြာလှပေါ့။ ဒီလိုနဲ့ ဖိလစ်ပိုင်ကနေ ဖော်မလင်စိမ်ထားတဲ့ ဆွီဒင်အသားလုံး ဆိုတာတွေကို သင်္ဘောနဲ့တင်၊ ပေါပေါပဲပဲနဲ့ ဝယ်ပြီး ညာချဖို့ ကြံတယ်။ ဖော်မလင်သာနာနာစိမ် အသားလုံး တွေဟာ သုံးလနဲ့လည်း မပုပ်ဘူး။ ၁၀၀ ဒီဂရီ စင်တီဂရိတ်မှာလည်း မသိုးဘူး။

အဲဒီဟာတွေဟာ ဈေးပေါလွန်းလို့ အမြတ်ရဖို့အတွက် ဆို့ဒင် အသား
လုံးလို့တောင် တံဆိပ်ကပ်စရာ မလိုဘူး။ ဒိန်းမတ် အသားလုံးလောက် ညာဖြီးရင်
အမြတ်က အတော် တနင့်တပိုးရမှာလို့ ဘောဲ့စ်က ပြောတယ်။ သူ့ပါတနာ
စောက်ထိုက နိုးတဲ့။ ဖော်မလင်ဆိုတာ လူသေအလောင်း စိမ်တာတဲ့။ အသားလုံးတွေ
ထာဝရ အသက်ရှည်စေဖို့ စိမ်ရတာမျိုး မဟုတ်ဘူးတဲ့။ ဖျင်း ပါ့။ တုံးပါ့။ ညံ့ပါ့။
အပါ့။
ဒီလိုနဲ့ ဖော်မလင်စိမ်အသားလုံးလည်း မသွင်းဖြစ်ဘဲ သူတို့နှစ်ယောက်
ခွာပြဲသွားကြတယ်။ ဘောဲ့စ်က နောက်တစ်မျိုး ကြံတယ်။ နှင်းလျှောစကိတ် စီးရင်
စွပ်တဲ့ မျက်နှာဖုံးလေးစွပ်ပြီး သူ့ပြိုင်ဘက် စတော့ဟုမ်း သစ်သီး တင်သွင်းရေး
လီမိတက်ကို နေ့ခင်းကြောင်တောင် ဝင်လုဖို့ မဟာစီမံကိန်း ကြီးပေါ့။
ရဲတင်းတစ်လက်ရယ်၊ ရှိသမျှ အကုန်ထုတ်ဆိုပြီး အာခေါင်ခြစ် အော်လိုက်တဲ့
ဒေါသသံကြီးရယ် အကူအညီနဲ့ သူဟာ ကရောင်းငွေ လေးသောင်း
တစ်ထောင်လောက် ပိုချမ်းသာလာတာ မြင်တော့ သူ့ကိုယ်သူတောင် အံ့သြမိတယ်။
အလကားနေရင်း ဘာဖြစ်လို့များ အပင်ပန်းခံပြီး ဟိုဟာ တင်သွင်းချင်၊ ဒီဟာ
တင်သွင်းချင်နဲ့ ဖင်ယားနေမိပါလိမ့်။ ခုလို ဘာမှ မည်မည်ရရ
မလုပ်လိုက်ရဘဲလည်း ငွေဆိုတာ ရနိုင်တာပဲ မဟုတ်လား။
ဒီလိုနဲ့ သူ့ပါရမီအထုံကို လူမှန်နေရာမှန် အသုံးချနိုင်ခဲ့တယ်။ အနုကြမ်းစီး
လုယက်ခြင်း လုပ်ငန်းကြီးကို ထူထောင်ပြီး နှစ်နှစ်ဆယ်အတွင်းမှာ သူဟာ
နှစ်ကြိမ်လောက်ပဲ မသွားချင်တဲ့နေရာကို သူ့ဆန္ဒမပါဘဲ အတင်းအကျပ်
အပန်းဖြေခရီး ထွက်ခဲ့ရဖူးတယ်။
ဆယ်စုနှစ်နှစ်ခု ကြာလာတော့ ဘောဲ့စ်ဟာ လုပ်ငန်းတိုးချဲ့ဖို့ စိတ်ကူးတယ်။

ဒီလိုနဲ့ သူ့စိတ်ကြိုက် လူငယ်လူရွယ် အပေအတေ နှစ်ယောက်ကို ရှာတွေ့လာတယ်။ ပထမဆုံး သူလုပ်တဲ့အလုပ်ကတော့ အဲဒီနှစ်ကောင်ကို ရှူးကြောင်ကြောင် နာမည်ပြောင်တွေ ပေးတာပဲ။ တစ်ယောက်ကို မင်းတုံးတဲ့၊ နောက်တစ်ယောက်ကို ရေပုံးတဲ့။ နာမည်လှလှတွေ သူ ရှာကြံပေးတယ်။အဲဒီ မင်းတုံးနဲ့ ရေပုံး ကောင်းမှုနဲ့ ငွေတိုက်ကားကို နှစ်ကြိမ်တိတိ အောင်မြင် စွာ မောင်ပိုင်စီးနိုင်ခဲ့တယ်။ တတိယအကြိမ် မောင်ပိုင်စီးဖို့ ကြိုးစားချိန်မှာတော့ သူတို့သုံးယောက် စလုံး ထောင်ထဲကို လေးနှစ်ခွဲစီ ရောက်သွားကြတယ်။ အဲဒီမှာတင် ဘော့စ်ဟာ

ပြန်လမ်းမရှိ ဂိုဏ်းတော်ကြီးကို ထူထောင်ဖို့ အကြံရလာတယ်။ ပထမအဆင့် အနေနဲ့ ပြန်လမ်းမရှိကလပ် တစ်ဖြစ်လဲ ဂိုဏ်းဟာ အနည်းဆုံး ဂိုဏ်းဝင် ငါးဆယ် ရှိရမယ်။ လုယက်၊ မူးယစ်နဲ့ ခြိမ်းခြောက် ငွေညှစ်ဆိုတဲ့ ဌာနခွဲ သုံးခု ထားမယ်။ ဟာကွက်မရှိအောင်၊ ထောင့်စေ့အောင် ပြင်ဆင်ခြင်းအားဖြင့် ထောင်ထဲကို ဘယ်တော့မှ ပြန်လမ်းမရှိစေရဘူး။ ပြန်လမ်းမရှိ ဂိုဏ်းဟာ အကွက်ချစီမံတဲ့ မြေအောက်လောကရဲ့ စံတော်ဝင် ရီးယဲမက်ဒရစ် ဖြစ်စေ ရမယ်လို့ ကြုံးဝါးတယ်။ သူက ဘောရှူးလေ။

စစချင်းတော့ ထောင်တွင်း ဂိုဏ်းသား လူသစ်စုဆောင်းရေးလုပ်ငန်းဟာ အဆင်ပြေ ချောမွေ့နေခဲ့တယ်။ ဒါပေမဲ့ ဘော့စ်အမေဆီက ရောက်လာတဲ့ စာတစ်စောင်ကြောင့် ဘော့စ် ကြံသမျှ အဟောသိကံ ဖြစ်သွားခဲ့တယ်။ သူ့ အမေက ဘာရေးတုံးဆိုတော့ သူသားရွှေသွေး ပါဂန်နာလေးတစ်ယောက် ကံအကြောင်းမလှလို့ ထောင်ထဲရောက်နေတုန်း လူမိုက်တွေနဲ့ အပေါင်း အသင်း လုပ်တာကို ကျပ်ကျပ်ရှောင်၊ ခဏခဏ ယောင်တတ်တဲ့ အာသီးကို ဂရုစိုက်၊ ထောင်ကလွတ်လာရင် ရတနာကျွန်း ဂိမ်းကစားဖို့ စောင့်နေမယ် ဆိုပဲ။

အဲဒီစာအကြောင်း လူတိုင်း သိသွားပြီးတဲ့နောက် ဘော့စ်တစ်ယောက် ဒုက္ခရောက်တော့တာပဲ။ နေ့လယ်စာစားချိန် ယူဂိုဆလပ်ဗ် ဂိုဏ်းသားတွေကို သွေးခွဲဖို့ ကြံတာလည်း မအောင်မြင်၊ အရင်က လူတိုင်းကြောက်တဲ့ စိတ္တဇ လူသတ်သမားလို ဟန်ဆောင်နေတာလည်း ခု ဘယ်သူမှ မကြောက်တော့။ ဩဇာ၊ အာဏာ၊ သိက္ခာ အကုန်တန်းစီ ထိခိုက်တော့တာပဲ။ စုထားပြီးသား ဂိုဏ်းသား ၃၀ မှာ ၂၇ ယောက် နုတ်ထွက်သွားခဲ့တယ်။ မူလဂိုဏ်းဝင် မင်းတုံး၊ ရေပုံးအပြင် ကပ်သပ်ကျန်ခဲ့တာကတော့ ဗင်နီဖွဲလားက ဟိုဆေးမာရီယာ ရိုဒရီဂေးဆိုတဲ့ အကောင်ပဲ။ သူက ဘာလို့ ကျားပိန်တွယ် တွယ်နေတုန်း ဆိုတော့ သူက ဘော့စ်ကို မေတ္တာရှိနေလို့ပဲ။ ဒါပေမဲ့ သူ ဘော့စ်ကို ကျိတ် ကြွေနေမှန်း ဘယ်သူမှ မသိဘူး။ သူ့ကိုယ်သူတောင် မသိဘူး။ အဲဒီ ဗင်နီ ဖွဲလားသားကိုလည်း ကရာကက်စ်လို့ နာမည်ပေးတယ်။ သူ့တိုင်းပြည် မြို့ တော် နာမည်ပါ။ ဘော့စ်ဟာ ဘယ်လိုပဲ၊ ဘယ်လောက်ပဲ ခြိမ်းခြောက်၊ ထုထောင်း၊ မြှူဆွယ်တာတွေလုပ်လုပ် အကြောင်းမထူးတော့ဘူး။ တစ်နေ့မှာ တော့ သူနဲ့ သူ့သာဝက သုံးယောက် ထောင်ထဲက လွတ်လာခဲ့ကြတယ်။

စိတ်ဓာတ်ကျနေတဲ့ ဘော့စ်ဟာ ပြန်လမ်းမရှိဂိုဏ်း ထူထောင်ရန် မဟာ အကြံကြီးကို စွန့်လွှတ်လုဆဲဆဲထိ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ကရာကက်စ်ရဲ့ ကောင်းမှုနဲ့ ကိုလံဘီယာက ရဲဘော်တစ်ယောက်နဲ့ ဆက်သွယ်မိပြီး အဆက် အသွယ်တွေများ … များ … များ …။ နောက်ဆုံးတော့ ပြန်လမ်းမရှိ ဂိုဏ်းဟာ ကိုလံဘီယာ မူးယစ်မှောင်ခိုလုပ်ငန်းကြီး အရှေ့ဥရောပကို စီးဝင်တဲ့ မဟာ လမ်းကြောင်းရဲ့ တစ်ထောက်နား ကွန်းခိုစခန်းအဖြစ် အသုံးတော်ခံနိုင်လာ တော့တယ်။ မူးယစ်လုပ်ငန်းဟာ ကြီးကျယ်သထက် ကြီးကျယ်လာတဲ့အတွက် လုယက်နဲ့

ခြိမ်းခြောက် ဌာနခွဲတွေ ဖွင့်စရာမလိုလောက်အောင် အလုပ် တွင်ကျယ်လာခဲ့တယ်။ ခုတော့ ဘော့စ်ဟာ ရေပုံး၊ ကရာကက်စ်တို့နဲ့အတူ စတော့ဟုမ်းမှာ အရေးပေါ် စစ်ကောင်စီ အစည်းအဝေးတစ်ရပ် ကျင်းပနေရပြီ။ မင်းတုံးဆိုတဲ့ စောက်ရူး တစ်ခုခုဖြစ်နေတာ သေချာပြီ။ ဂိုဏ်းရဲ့ သမိုင်းမှာ အကြီးကျယ်ဆုံး ငွေလွှဲမှုတာဝန်ကြီးကို သွားထမ်းဆောင်ရင်း လမ်းမှာ ဘယ်လိုဖြစ်တယ် မသိ။ မနက်က ဝယ်လက် ရုရှတွေနဲ့ ဆက်သွယ်ကြည့်တော့ ပစ္စည်းရပြီ၊ ငွေပေး လိုက်ပြီတဲ့။ ဒါကြောင့် နောက်ပိုင်းကိစ္စ သူတို့နဲ့ မဆိုင်လို့ ပြောလွှတ်လိုက် တယ်။ ခုလောလောဆယ်တော့ ရုရှတွေ အမှန်ပြောတာလို့ပဲ ယူဆထား လိုက်မယ်။ ငွေမြင်လို့ စိတ်မခိုင်ဘဲ မင်းတုံးဆိုတဲ့ကောင် ငွေထုပ်ပိုက်ပြီး လစ်သွားပြီလား။ ဟင့်အင်း … မဖြစ်နိုင်ဘူး။ မင်းတုံးဟာ ဒီလိုလုပ်ဖို့အတွက် သိပ်တုံးလွန်းတယ်။ အဲ … ပြောလို့တော့ မရဘူး။ သိပ်လည်လွန်းတာလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ။ စောင့်ကြည့်ရမှာပဲ။

အကြောင်းသိ တစ်ယောက်ယောက်က ဒီလုပ်ငန်းကြီးကို အစအဆုံး မန်ကိုပင်းကနေ စောင့်ကြည့်နေတာများလား။ ဒါမှမဟုတ် မင်းတုံး စတော့ဟုမ်းကို ပြန်လာတဲ့လမ်းမှာ နောက်ကောက်ချပြီး အိတ်ကြီး မ,သွားတာများလား။ ဒါပေမဲ့ ဘယ်သူက အဲသလို လုပ်မှာလဲကွာ၊ ဘယ်သူလဲ။ ဘော့စ်ဟာ ဒီမေးခွန်းကို အဆိုတင်ပေမဲ့ စစ်ကောင်စီက အဖြေမပေးနိုင်ဘူး။ ဘယ်ပေးနိုင်မတုံး။ စစ်ကောင်စီဝင် သုံးယောက်လို့ သူ နာမည်ခန့်ခန့်ပေးထားတဲ့ တပည့် သုံးကောင်စလုံးက စောက်ရူးတွေချည်းပဲကို။

ဘယ်လိုပဲဖြစ်ဖြစ် ခု သူ ရေပုံးကို လွှတ်ရတော့မယ်။ ဘာလို့တုံး ဆိုတော့ စောက်ရူးချင်း အတူတူပေမဲ့ စောက်ရူး ရေပုံးက စောက်ရူး ကရာကက်စ် ထက်စာရင်

နည်းနည်း အရူးသက်သာလို့ပဲ။ ဒါကြောင့် စောက်ရူး ရေပုံးကို လွှတ်ရင် စောက်ရူး မင်းတုံးနဲ့တကွ ငွေအိတ်ကြီးကို ရှာတွေ့နိုင်ဖို့ အခွင့် အလမ်းများတယ်လို့ ထင်ရတာပေါ့။

'မင်း မန်ကိုပင်းကို ချက်ချင်းလိုက်သွား၊ သတိလည်း ထားဦး၊ ဟို ဂျာကင်ကြီးကို ဝတ်မသွားနဲ့၊ ခု မန်ကိုပင်း တစ်မြို့လုံး ရဲတွေချည်းပဲ၊ အသက် တစ်ရာ အဘိုးကြီးတစ်ယောက် ပျောက်တာကို ရှာနေကြတယ်တဲ့'

ဂျူးလီးယပ်၊ အယ်လန်နဲ့ မသာကတော့ သစ်တောအလယ်က ဖြတ်ပြီး ထရော်လီခရီးကို နှင်နေခဲ့ကြတယ်။ ဗစ်ကားကို ရောက်တော့ ကံဆိုးမိုးမှောင် ကျပြီး လယ်သမားတစ်ယောက်နဲ့ ပက်ပင်းတိုးတယ်။ သူ့စိုက်ခင်းကို လာကြည့်နေတဲ့ လယ်သမားဟာ မသုံးတော့တဲ့ ရထားလမ်းဟောင်းပေါ် ထူးထူးဆန်းဆန်း မောင်းလာတဲ့ ထရော်လီနဲ့ ထရော်လီပေါ်က လူတွေကို ကြောင် ကြည့်နေတယ်။

'မင်္ဂလာနံနက်ပါခင်ဗျာ' – ဂျူးလီးယပ်

'ကောင်းသောနေ့ပါ ခင်ဗျာ' – အယ်လန်

သူတို့ရဲ့ ပဋိသန္ဓာရ စကားတွေကို မသာနဲ့ လယ်သမားက ခွန်းတုံ့မပြန်။ လယ်သမားဟာ သူတို့ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေတယ်။

ထရော်လီက သံမဏိစက်ရုံနား နီးလာတော့ ဂျူးလီးယပ်ဟာ စိတ်ပူ လာတယ်။ အစကတော့ လမ်းမှာ ရေကန်တစ်ခုခုကို ဖြတ်သွားရင် မသာကို ကန်ထဲ ပစ်ချမယ်လို့ သူ အကြံကြီး ကြံလာခဲ့တာ။ ခု ဘာကန်မှလည်း မတွေ့ဘူး။ သံမဏိစက်ရုံဝင်းနားမှာ ဂျူးလီးယပ်ဟာ ထရော်လီကို ဆောင့် ရပ်လိုက်တယ်။ သတိမရှိတဲ့ မသာဟာ ယိုင်လဲပြီး နဖူးနဲ့ သံတိုင် ဆောင့်မိရှာ

တယ်။ ဒီအဖြစ်ကြောင့် အယ်လန်ဟာ မသာကို သနားနေမိတယ်။

'အမလေးလေ့ ... အတော်နာမှာနော်၊ အင်း ... ခုတော့ တစ်မျိုးပေါ့လေ'

'ဒါ အသက်ဝိညာဉ် ကင်းမဲ့ရခြင်းရဲ့ အကျိုးကျေးဇူးပေါ့ဗျ'

ဂျူးလီးယပ်က လောလောလတ်လတ် တွေ့ရှိချက်ကရတဲ့ သင်ခန်းစာ အဖြစ် အယ်လန့်ကို ပြောလိုက်တယ်။

ဂျူးလီးယပ်ဟာ ထရော်လီပေါ်ကဆင်းပြီး ဘုဇပတ်ပင်ကြီး တစ်ပင် နောက်ကနေ ပုန်းလျှိုးကွယ်လျှိုးနဲ့ မြေမျက်နှာသွင်ပြင် အခင်းအကျင်းကို လေ့လာနေတယ်။ စက်ရုံတစ်ခုလုံး လူသူကင်းရှင်းပြီး တံခါးတွေကျတော့ ဟောင်းလောင်းပွင့်နေတယ်။

နာရီကြည့်တော့ ဆယ့်နှစ်နာရီ ဆယ်မိနစ်။ သြော် ... နေ့လယ်စာ စားချိန်ပဲ။ ဇရာမ ကုန်သေတ္တာကြီးတစ်လုံးကို တွေ့မိတယ်။ အဲဒီကိုသွားပြီး အခြေအနေကြည့်မယ်လို့ သူ ကြေညာလိုက်တယ်။ အယ်လန်က ဂျူးလီးယပ်ကို ကံကောင်းပါစေကြောင်း ဆုတောင်းပေးပြီး လမ်းမပျောက်အောင် ဂရုစိုက်ပါလို့ စိုးရိမ်တကြီး မှာတယ်။

ဟာဟ ... လမ်းမပျောက်အောင် ဂရုစိုက်ရမတဲ့။ ကုန်သေတ္တာကဖြင့် မီတာသုံးဆယ်လောက်ပဲ ဝေးတာကို။ သူ ဝင်သွားပြီ။ တစ်မိနစ်အတွင်း မျက်စိအောက်က ပျောက်သွားပြီ။ ဟော ... ပြန်လာပြီ။ ကဲ ... ခု မသာကို ဘယ်လိုလုပ်ရမယ်မှန်း သိပြီတဲ့။

ကုန်သေတ္တာထဲမှာ သစ်သားပုံးတွေနဲ့ ထည့်ထားတဲ့ သံမဏိပစ္စည်းတွေ ချည်းပဲတဲ့။ သစ်သားပုံးတွေကလည်း ရှည်လမျောနဲ့ဆိုတော့ မသာအတွက် တိုင်း၍ရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့်ပဲတဲ့။

အတွင်းအကျဆုံး သစ်သားပုံးထဲက သံမဏိ ဆလင်ဒါကြီးထဲကို
အင်မတန်လေးတဲ့ မသာ နေရာချအပြီးမတော့ အယ်လန်တစ်ယောက် ခြေကုန်
လက်ပန်းကျနေခဲ့ပြီ။ အဖုံးကိုပိတ်လိုက်တော့ ပို့ရမယ့်လိပ်စာ ရိုက်ထားတာ
တွေ့လိုက်တယ်။ အက်ဒစ်အဘာဘာ တဲ့ (အီသီအိုးပီးယားနိုင်ငံ မြို့တော် လေ)။
ဒါနဲ့ပဲ သူ ပြောဖြစ်အောင် ပြောလိုက်တယ်။
'ကဲကဲ … မျက်စိကိုဖွင့် နားကိုစွင့်ပြီး ကမ္ဘာတစ်ခွင် ပြဲပြဲစင်အောင်
သွားပေရော့ဗျာ၊ သွားပေရော့ …'
'ဗျို့ … အယ်လန် မြန်မြန်လုပ်ဗျ၊ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး'
ဘာပဲပြောပြော ခုထိတော့ အဆင်ပြေချောမွေ့နေတုန်း။ အဘိုးကြီး နှစ်ယောက်
အလုပ်ကိစ္စပြီးလို့ ဘုဇပတ်ပင်အောက် ပြန်ရောက်တဲ့အထိ နေ့လယ်စာစားချိန်
မကုန်သေး။ သူတို့ ထရော်လီပေါ် ပြန်နားနေချိန်မှာတော့ စက်ရုံထဲမှာ
လူသူလှုပ်ရှားမှုတွေ တွေ့လာတယ်။ ခုနက သူတို့ အလောင်း ထည့်ပစ်ခဲ့တဲ့
ကုန်သေတ္တာထဲကို နောက်ထပ် ကုန်တွေ အပြည့်ဖြည့်နေတာ
တွေ့ရတယ်။ ကြည့်နေတုန်းပဲ ပြည့်သွားတဲ့ ကုန်သေတ္တာကို သော့ခတ်လိုက်ပြီး
နောက်တစ်လုံးထဲ ကုန်တွေဆက်ဖြည့်နေတယ်။
ဒီလိုနေရာမျိုးမှာ သံမဏိစက်ရုံ လာတည်ထားတာကို အယ်လန်က
အံ့သြနေတယ်။ ဂျူးလီးယပ်ကတော့ ဒီစက်ရုံက ရာဇဝင်နဲ့ဗျ။ နှယ်နှယ်ရရ
မမှတ်နဲ့တဲ့။ ၁၇ ရာစုနှစ် အနှစ်သုံးဆယ် စစ်ပွဲတုန်းက သတ်အားဖြတ်အား
ပိုထိရောက်ချင်သူတိုင်းအတွက် ဘက်မရွေးစတမ်း အမြောက်တွေ ထုတ်လုပ်
ပေးခဲ့တာ ဒီကနေပေါ့တဲ့။

အင်း … ၁၇ ရာစုနှစ်က လူတွေဟာ တယ်တုံးသကိုး။ တစ်ယောက်နဲ့

တစ်ယောက် သတ်ဖို့များ ဒီလောက် အပင်ပန်းခံ၊ ငွေကုန်ကြေးကျခံပြီး အမြောက်လာဝယ်နေကြတယ်။ မသကာ ခဏစောင့်လိုက်ပါလား။ ဘယ်သူပဲ ဖြစ်ဖြစ် အချိန်တန်ရင် ဘယ်သူမှ သတ်စရာမလိုဘဲ မာလကီးယားမှာပဲကို။ ဂျူးလီးယပ်ကတော့ အဲသလိုပြောကြေးဆို ကမ္ဘာ့အထင်ကရ ကိစ္စအားလုံးဟာ ဘာမှမလုပ်ဘဲ စောင့်နေရင် ဖြစ်လာမှာတောင် မဟုတ်ဘူးတဲ့။ ကဲကဲ ... ခုတော့ ကိုယ့်အားကိုယ်ကိုး လမ်းလျှောက်ရတော့မယ်။ ဂျူးလီးယပ်ရဲ့ အစီ အစဉ်ကတော့ အေကာအထိ လမ်းလျှောက်သွား၊ ပြီးမှ နောက် ဘယ်သွားရ မလဲ စဉ်းစားမယ်ဆိုပဲ။

ဘိုင်ရင့်ချ်ဘူတာရုံဟောင်းကို ဝင်ကြည့်တာ ဖိနပ်စုတ်တစ်ရန်ကလွဲလို့ စိတ်ဝင်စားစရာ ဘာမှမတွေ့တဲ့ စုံထောက်ကြီး အေရွှန်ဆန်ဟာ လူအိုရုံကို ပြန်ပြပြီး သက်သေထူဖို့ အဲဒီဖိနပ်တွေကို ယူလာခဲ့တယ်။ အိမ်ထဲမှာ မီးဖိုခန်း၊ ရေကန်၊ အအေးခန်းတွေ တွေ့ပေမဲ့ ဘာမှ မထူးခြားဘူး။
အေရွှန်ဆန်ဟာ ဘိုင်ရင့်ချ်ရွာထဲ ဆက်လျှောက်လာပြီး တွေ့တဲ့အိမ် တွေ တံခါးလိုက်ခေါက်တယ်။ သုံးအိမ်က လူရှိလို့ တံခါးဖွင့်ပေးကြတယ်။ အဲဒီမိသားစု သုံးစုဆီကနေ ဘူတာအောက်ထပ်မှာ ခိုကပ်နေတဲ့ ဂျူးလီးယပ် ဂျွန်ဆင်ဆိုသူအကြောင်း သူ ကောင်းကောင်းနာကြားခွင့်ရတယ်။ ဂျူးလီးယပ် ဂျွန်ဆင်ဆိုတဲ့ လူညစ် လူဆိုး သူခိုးအကြောင်း ဘာမှ ထူးထူးဆန်းဆန်းတော့ မကြားမိဘူးတဲ့။ လူကောင်းမဟုတ်ဘူး ဆိုတာတော့ တညီတညွတ်တည်း ပြောကြတယ်။
'ဒီလူ့ကို ထောင်ထဲသာ ပို့ထားစမ်းပါ'
ဒေါသအကြီးဆုံး တစ်ယောက်က အဲသလို တောင်းဆိုတယ်။
'ဟုတ်ပြီဗျာ၊ ဘာအကြောင်းတွေနဲ့လဲ'

စုံထောက်ကြီးဟာ ပင်ပန်းတဲ့လေသံနဲ့ မေးလိုက်တယ်။

'ဘာအကြောင်းတွေ ရမှာလဲ၊ ညညဆို ကျုပ်ခြံထဲက ကြက်ဥတွေ လာခိုးတယ်၊ မနှစ်က ဆောင်းတွင်းကမှ ဝယ်ထားတဲ့ စွပ်ဖားကို ခိုး၊ ဆေးသစ် သုတ်ပြီး သူ့ဟာပါလို့ ပြောင်လိမ်တယ်၊ ကျုပ် စာတိုက်ပုံးနံပါတ်နဲ့ စာအုပ်တွေ မှာပြီး သူ စောက်ကမြင်းကြောထ မှာတဲ့ စာအုပ်ဖိုးကို ကျုပ်က ပေးရတယ်၊ ၁၄ နှစ်ပဲရှိတဲ့ ကျုပ်သားကို ဖော့ဒကာရောင်းဖို့ ကြိုးစားတယ်၊ ပြီးတော့ ...'

'ရပြီ၊ ရပြီ၊ တော်ပါတော့၊ ကျွန်တော် သူ့ကို ထောင်ထဲပို့ပါ့မယ်၊ ခုတော့ သူ ဘယ်မှာရှိမှန်း မသိသေးလို့ ရှာပါရစေဦး'

မန်ကိုပင်းကို ပြန်လှည့်နေတဲ့ အေရွန်ဆန့်ဆီကို လမ်းတစ်ဝက်မှာ ဖုန်း ဝင်လာတယ်။ လယ်သမားတစ်ယောက် ဆက်တာ။ ပြီးခဲ့တဲ့ တစ်နာရီ ကျော်ကျော်လောက်က ဘိုင်ရင့်ချ်နဲ့ အေကာကြား မသုံးတော့တဲ့ ရထားလမ်း ပေါ်ကနေ ထရော်လီကြီးစီးပြီး ဒီဒေသရဲ့ နာမည်ကြီး ရာဇဝတ်သမားဟာ အဘိုးကြီးတစ်ယောက်ရယ်၊ အိတ်ကြီးတစ်လုံးရယ်၊ နေကာမျက်မှန်နဲ့ လူရွယ် တစ်ယောက်ရယ်ကို တင်ပြီး ထွက်သွားတာကို တွေ့လိုက်ရတယ်လို့ ပြောတယ်။ လယ်သမားရဲ့ ထင်မြင်ချက်အရ ဖိနပ်မစီးထားပေမဲ့ မျက်မှန်နဲ့ လူရွယ်ဟာ ခေါင်းဆောင်ဖြစ်နိုင်တယ်တဲ့။

အေရွန်ဆန်ဟာ ကားကိုအရှိန်နဲ့ ပြန်ကွေ့လိုက်တယ်။ 'ဘာပြောတာ ပါလိမ့်၊ ငါ နားမလည်ဘူး'လို့ ညည်းရင်း ကားပြန်ကွေ့တဲ့အရှိန်နဲ့ ထိုင်ခုံ ပေါ်က ညှပ်ဖိနပ်တွေ ကားကြမ်းပြင်ပေါ် ကျသွားခဲ့တယ်။

မီတာနှစ်ရာလောက် လျှောက်ပြီးတဲ့အခါ အယ်လန်ဟာ တရွတ်ဆွဲ လာတယ်။

သူက ဘာမှ မပြောပေမဲ့ ဂျူးလီးယပ်က အဘိုးကြီး ဒူးအခြေအနေ ဆိုးနေပြီဆိုတာ သိလိုက်တယ်။ ဟိုရှေ့မှာ ဟော့ဒေါ့ရောင်းတဲ့ဆိုင်လေး တွေ့ နေရပြီ။ အဲဒီဆိုင်လေးထိသာ အားတင်းပြီးလျှောက်၊ ဟော့ဒေါ့လည်း ဝယ် ကျွေးမယ်၊ ရှေ့ဆက်သွားဖို့လည်း အဆင်ပြေအောင် သူ စီစဉ်မယ်လို့ ဂျူးလီး ယပ်က အားပေးတယ်။ သူ့တစ်သက် ဘယ်တုန်းကမှ မညည်းတွားခဲ့ဖူး ကြောင်း ပြန်ပြောရင်း အယ်လန်က အားတင်းလျှောက်နေတုန်း ဂျူးလီးယပ်က သုတ်ခြေတင်သွားတယ်။

ဟော့ဒေါ့ဆိုင်ကို အယ်လန်ရောက်တော့ ဂျူးလီးယပ်က ဟော့ဒေါ့ တစ်ဝက်တောင် ကုန်နေပြီ။ အဲ ... မပြီးသေးဘူး။

'အယ်လန်ရေ၊ ဘန်နီကို လာနှုတ်ဆက်လှည့်ဦး၊ သူက ကျုပ်တို့ရဲ့ ကားဒရိုင်ဘာဖြစ်သွားပြီ' တဲ့။

ဟော့ဒေါ့ဆိုင်ပိုင်ရှင် ဘန်နီဟာ ပိုနီတေးလ် မြင်းမြီးဆံပင်နဲ့ အသက် ငါးဆယ်လောက် ငနဲတစ်ယောက်ပဲ။ ဂျူးလီးယပ်ဟာ ဟော့ဒေါ့တစ်ခု၊ လိမ္မော်ရည်တစ်ခွက်၊ ၁၉၈၈ ထုတ် ဘန်နီရဲ့ ငွေရောင်မာစီဒီးကားနဲ့ ဘန်နီ ဒရိုင်ဘာ၊ ဒရိုင်ဘာ ဘန်နီ လေးမျိုးတွဲကို ကရောင်းတစ်သိန်းနဲ့ အရောင်း အဝယ်လုပ်ဖို့ စုစုပေါင်း နှစ်မိနစ်လောက်ပဲ အချိန်ယူလိုက်ရတယ်။

အယ်လန်က ဟော့ဒေါ့ဆိုင်ရှင်ကို အသေအချာ ကြည့်နေတယ်။

'ကျုပ်တို့က ခင်ဗျားကို ဝယ်လိုက်တာလား၊ ငှားလိုက်တာလား'

အယ်လန့်အမေးကို ဘန်နီက ခုလိုဖြေတယ်။

'ကားက ဝယ်လိုက်တာ၊ ကျွန်တော့်ကိုယ်က ဒရိုင်ဘာအဖြစ် ငှားလိုက်တာ၊ ဟော့ဒေါ့လည်း ပါတယ်လေ။ ဗီယင်နာ ဝက်အူချောင်း ညှပ်ပေးရမလား ခင်ဗျ'

'မညှပ်နဲ့၊ ရိုးရိုးဝက်အူချောင်းဆို ရပြီ၊ နေဦး၊ ဈေးကို သဘောမတူသေးဘူး၊ ကားက ကားဟောင်း၊ ဒရိုင်ဘာပါတယ် ဆိုဦးတော့ ဈေးကြီးလွန်းတယ်၊ ချောကလက်နို့တစ်ဘူးလောက် ထပ်ထည့်မှ တရားမျှတမှာပေါ့'

'အမလေး ... ရပ့ါ၊ ရပ့ါ'

အယ်လန့် တောင်းဆိုမှုကို ဘန်နီက ချက်ချင်းသဘောတူတယ်။ ချောကလက်နို့ မကလို့ တစ်ဆိုင်လုံး ဖြုတ်ယူသွားလည်း သဘောရှိ ကလော ဟိ၊ ဟော့ဒေါ့ဆိုင်က ရှုံးနေတာ၊ ဖြုတ်ချင်တာ ကြာလှပြီ။ ရွာစွန်ဇနပုဒ်မှာ ဟော့ဒေါ့ရောင်းစားတယ်ဆိုတာ စကတည်းက စုတ်ပွဲတဲ့ အကြံပေကပဲ။ ကဲ ... ခုတော့ ဂုဏ်သရေရှိ လူကြီးမင်းနှစ်ဦးရဲ့ ကိုယ်ပိုင်ယာဉ်မောင်း ကြီး ဖြစ်ကပီ။ ချောကလက်နို့ဘူးတွေ ရှိသမျှ အကုန်တင်ခဲ့လို့ အယ်လန်က ပြောတယ်။ ဂျူးလီးယပ်ကတော့ ခုချက်ချင်း ဆိုင်ကိုပိတ်ပြီး ဒရိုင်ဘာအဖြစ် အသွင်ပြောင်းလိုက်တော့လို့ တွန်းနေတယ်။ အချိန်မရှိဘူးတဲ့။ အလုပ်ရှင်နဲ့ ငြင်းခုံတာဟာ အကျိုးမရှိဘူးလို့ ဘန်နီက ယူဆတယ်။ ဒီလိုနဲ့ စားဖိုမှူးဝတ်စုံ ချွတ်၊ ချောကလက်ဘူးတွေ တင်၊ ဂျူးလီးယပ်က အိတ်ကြီးနဲ့ သူနဲ့ နောက်ခန်းမှာ စီးမယ်၊ အယ်လန်က ခြေဆန့်လက်ဆန့် ရှေ့မှာစီးဖို့ ပြောတယ်။ ဒီလိုနဲ့ အေကာရဲ့ တစ်ခုတည်းသော ဟော့ဒေါ့ဆိုင် မန်နေဂျာဟာ ကိုယ်ပိုင်ယာဉ်မောင်းအဖြစ် အသွင်ပြောင်းသွားခဲ့တော့တယ်။

'ဒါနဲ့ လူကြီးမင်းတို့ နှစ်ယောက်က ဘယ်သွားကြမှာလဲ'

'မြောက်ပိုင်းကို သွားကြမလား' ဂျူးလီးယပ်ရဲ့ အမေး။

'အင်း ... ကောင်းပါတယ်၊ နို့ ... တောင်ပိုင်း ဆိုရင်ရော' အယ်လန်ရဲ့ အဖြေ။

'ဟုတ်ပြီလေ၊ ဒါဆိုလည်း တောင်ပိုင်းပေါ့' ဂျူးလီးယပ်

'ဟုတ် ... ဟုတ် ... တောင်ပိုင်းနော်၊ ဟုတ်ကဲ့ခင်ဗျ' ဘန်နီ။

နောက် ဆယ်မိနစ်အကြာမှာ အေရွှန်ဆန်ဟာ အေကာကို ရောက်လာတယ်။ ရထားလမ်းတစ်လျှောက်ကြည့်ရင်း သံမဏိစက်ရုံ နောက်ကျောမှာ ရပ်ထားတဲ့ ထရော်လီကို တွေ့သွားတယ်။ သို့သော် ထရော်လီ တွေ့ရုံနဲ့တော့ ဘာသဲလွန်စမှ မရ။ စက်ရုံအလုပ်သမားတွေလည်း ဘယ်သူမှ ထရော်လီကို မတွေ့။ ဒါပေမဲ့ နေ့လယ်စာစားချိန်ပြီးတော့ အဘိုးကြီးနှစ်ယောက် ဧရာမ အိတ်ကြီးတစ်လုံးဆွဲပြီး လမ်းလျှောက်သွားတာ တွေ့တယ်လို့တော့ ပြောကြ တယ်။ ဟော့ဒေါ့ဆိုင်ဘက် ဦးတည်သွားကြတာတဲ့။

အေရွှန်ဆန်က သေချာ မေးတယ်။ နှစ်ယောက်တည်းလား၊ သုံး ယောက် မဟုတ်ဘူးလားလို့ပေါ့။ ဘယ်အလုပ်သမားမှ တတိယလူကို မတွေ့ မိပါဘူးတဲ့။ ဟော့ဒေါ့ဆိုင်ဘက် လျှောက်လာရင်း အေရွှန်ဆန် အမျိုးမျိုး စဉ်းစား ကြည့်ပေမဲ့ ဘာမှ ကောက်ချက်ဆွဲမရဘူး ဖြစ်နေတယ်။ ဟော့ဒေါ့ဆိုင်မှာ ရပ်လိုက်တော့ ဗိုက်က ဆာလာတယ်။ ဒါပေမဲ့ ဟော့ဒေါ့ဆိုင်က ပိတ်ထား တယ်။ အေးလေ ... ဒီလောက် ခေါင်တဲ့နေရာမှာ ဟော့ဒေါ့ဆိုင် ရေရှည် ဘယ်ဖွင့်နိုင်မလဲ။ ဒါနဲ့ ဓာတ်ဆီဆိုင်ဘက် ဆက်သွားတယ်။ ဓာတ်ဆီဆိုင် ကတော့ ဘာဆို ဘာမှ မသိလိုက်၊ မမြင်လိုက်၊ မတွေ့လိုက်ပါဘူးတဲ့။ ဓာတ်ဆီစော်နံနေတဲ့ ဟော့ဒေါ့တစ်ခုတော့ သူ့ကို ရောင်းလိုက်တယ်။

စားပြီးတော့ အေရွှန်ဆန်ဟာ စူပါမားကက်ကို သွားတယ်။ ပန်းဆိုင်ကို သွားတယ်။ အိမ်ခြံမြေပွဲစားဆီ သွားတယ်။ တွေ့သမျှလူ အကုန်လိုက်မေး ပေမဲ့ ဘယ်သူမှ ဘာမှ မသိကြဘူး။ ကဲ ... ခုတော့ လမ်းဆုံးပြီ။ မန်ကိုပင်း ပြန်ဖို့ပဲ

ရှိတယ်။ ဘာပဲဖြစ်ဖြစ် အနည်းဆုံးတော့ သူ့မှာ ညှပ်ဖိနပ်စုတ်တစ်ရံ ရှိနေပြီ မဟုတ်လား။

ကားပေါ်ကနေ ရဲဌာနကို ဖုန်းဆက်ရပြန်တယ်။ ရဲမှူးက ပလက်ဖ်နာ ဟိုတယ်မှာ နှစ်နာရီကို သတင်းစာရှင်းလင်းပွဲ လုပ်မတဲ့။ အဲဒီမတိုင်ခင် ဘာမှ မပြောနိုင်ဘူးတဲ့။ ခပ်တင်းတင်းပဲ။

ဒီလိုနဲ့ ရဲမှူးဟာ အေရွှန်ဆန် တားချိန်မရခင် သတင်းစာရှင်းလင်းပွဲ ကြီး ဝှဲချီး ကျင်းပတော့တယ်။ ရဲဌာနအနေနဲ့ အယ်လန်ကားလ်ဆန် ပျောက် ဆုံးမှုကို မနေ့ကထုတ်တဲ့ သတင်းစာမှာ ဖော်ပြသလို ပြန်ပေးမှုလို့ ယူဆ ကြောင်း၊ ကားလ်ဆန်ဟာ ခုထိ အသက်ရှင်နေသေးကြောင်း၊ ဒါပေမဲ့ ငရဲက လူတွေရဲ့ လက်ထဲမှာ ရောက်နေကြောင်း။

မေးခွန်းတွေ အသံချေ အနန္တ တက်လာပေမဲ့ ရဲမှူးက ကျွမ်းကျင်စွာ ဆင်ဖှေ့ရန်ရှောင်နိုင်ခဲ့တယ်။ ကားလ်ဆန်နဲ့ ပြန်ပေးသမားတွေဟာ နေ့လယ် စာ စားချိန်လောက်မှာ အေကာရွာကို ရောက်ခဲ့ကြောင်း၊ ရဲရဲ့ အကောင်းဆုံး မိတ်ဆွေဖြစ်တဲ့ ပြည်သူက မျက်စိကိုဖွင့် နားကိုစွင့်ပြီး ကူညီဖို့လိုကြောင်း။

ရဲမှူးဟာ ပြောသာ ပြောနေရပေမဲ့ ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့ အစောကြီး ထွက်သွားလို့ တယ်မကြည်ချင်ဘူး။ တကယ်လို့သာ အေရွှန်ဆန်က ပြန်ပေးဓာတ်လမ်းကို ခုထက်ပို ဖွယ်ဖွယ်ရာရာ စုံစမ်းနိုင်ခဲ့ရင် သူတို့ ခုလို ဘယ်ထွက်သွားလိမ့်မလဲ။

ဒါပေမဲ့လည်း တစ်နိုင်ငံလုံးက အတင်းအဖျင်း သတင်းစာတွေ၊ ဒေသခံ သတင်းစာတွေ၊ ရေဒီယိုက သတင်းထောက်တွေ ကျန်သေးတာပဲ။ ဒါပေမဲ့ ဟိုတယ် ထမင်းစားခန်း နောက်ကျောမှာ ရပ်နေတဲ့ လူတစ်ယောက်ကိုတော့ ရဲမှူး

သတိမထားမိဘူး။ သူက နိုင်ငံပိုင် သတင်းဌာနကများလား။

ရေပုံးက ဘယ်သတင်းဌာနကမှ မဟုတ်ဘူး။ ဒါပေမဲ့ ကြားရသမျှ သုံးသပ်ရရင် မင်းတုံးတစ်ယောက် ဒီမြို့မှာတော့ မရှိလောက်တော့ဘူး။ သူ သေနေလောက်ပြီလို့ ခန့်မှန်းမိတယ်။

စုံထောက်ကြီး အေရွှန်ဆန်လည်း ပလက်ဖ်နာဟိုတယ် ရောက်ရော သတင်းစာရှင်းလင်းပွဲလည်း ပြီးရော။ ဒါနဲ့ အေရွှန်ဆန်ဟာ လူအိုရုံကို ပြေးတယ်။ ညှပ်ဖိနပ်တွေကို ပြတယ်။ အစစ်ပေါ့တဲ့။ ဒါ အယ်လန့်ဟာတွေ ပဲတဲ့။ ညွှန်မှူး အဲလစ်က ဖိနပ်တွေကို နမ်းကြည့်ပြီး ရှုံ့မဲ့ ခေါင်းညိတ်လို့ အတည်ပြုတယ်။ ဟိုတယ် ဧည့်ခန်းမှာ ရဲမှူးနဲ့ ပြန်တွေ့တာကတော့ စုံထောက်ကြီး အတွက် ကံဆိုးခြင်းလက်ဆောင်ပဲ။ ရဲမှူးက စုံထောက်ကို သတင်းစာ ရှင်း လင်းပွဲအကြောင်း ပြောပြပြီး ဒီအမှုကို သူ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့တဲ့ အချက်တွေနဲ့အညီ ပြေလည်အောင် ဖြေရှင်းဖို့ အမိန့်တော်မြတ် ချမှတ်ခဲ့တယ်လေ။ ပြီးပြီးချင်း ရဲမှူးဟာ ပြန်ပြေးပါလေရော။ အလုပ်တွေ များတယ်လေ။

ဆွဲချ ရှေ့နေနဲ့တွေ့ဖို့ အချိန်ရောက်ပြီ။

အေရွှန်ဆန်ကတော့ ကော်ဖီတစ်ခွက်သောက်ပြီး နောက်ဆုံးရရှိတဲ့ အချက်အလက်တွေပေါင်းစပ်လို့ အမှုကို ပြန်တည်ဆောက်ရတယ်။ ထရော်လီ ပေါ်က ခရီးသည်သုံးယောက်ရဲ့ ဆက်နွယ်မှုကို ဇဟိုပြုဖို့ ဆုံးဖြတ်လိုက်တယ်။ အကယ်၍များ လယ်သမားပြောသလို မဟုတ်ဘဲ ကားလ်ဆန်နဲ့ ဂျွန်ဆင် နှစ်ယောက်စလုံးဟာ တတိယခရီးသည်နဲ့ ပတ်သက်မှု တစ်စုံတစ်ရာ ကွဲပြား ခြားနားမယ်ဆိုရင် အမှုတစ်ခုလုံး ပြောင်းလဲသွားနိုင်တယ်။ သတင်းစာ ရှင်းလင်းပွဲမှာ ရဲမှူး ဘာတွေပဲ ပြောသွားပြောသွား၊ သူပြောတာ မှန်ဖို့

ခဲယဉ်းလွန်းတယ်။ ပြန်ပေးသီအိုရီတွေကို အိုးမည်းသုတ်သလိုပဲ နေမှာ။
မျက်မြင်သက်သေတွေရဲ့ ထွက်ဆိုချက်အရ ကားလ်ဆန်နဲ့ ဂျွန်ဆန်ဟာ အေကာမှာ
အိတ်ဆွဲပြီး လျှောက်သွားခဲ့ကြတယ်ဆိုတော့ ဒီအဘိုးကြီး နှစ်ယောက်ဟာ
ဆိုးသွမ်းမိုက်ရိုင်းတဲ့ ပြန်လမ်းမရှိ ဂိုဏ်းဝင်ကို ဘယ်လို နှိပ်ကွပ် ခဲ့သလဲ
ဆိုတဲ့မေးခွန်း ပေါ်လာခဲ့တယ်။

ဒါဟာ ထူးဆန်းနေပေမဲ့ မဖြစ်နိုင်တာတော့ မဟုတ်ဘူး။ ဒီလိုနဲ့ အက်စ်ကီ
စတူးနားက အနံ့ခံ ရဲခွေးကို ပြန်ခေါ်ရပြန်တယ်။ ခွေးနဲ့ ခွေးထိန်းဟာ လယ်သမားရဲ့
လယ်ကွင်းကနေ အေကာ သံမဏိစက်ရုံအထိ လမ်းအရှည်ကြီး လျှောက်ရတယ်။
ဒီကြားထဲမှာပဲ ပြန်လမ်းမရှိ ဂိုဏ်းဝင် ပျောက်ကွယ်သွားခဲ့ တာကိုး။
ကားလ်ဆန်နဲ့ ဂျွန်ဆင်ဟာ သံမဏိစက်ရုံနဲ့ ဓာတ်ဆီဆိုင်ကြား မီတာ
နှစ်ရာလောက်ရှိတဲ့ အကွာအဝေးအတွင်း အငွေ့ပြန်သလို ပျောက်သွားတာကတော့
အင်မတန် အံ့သြစရာကောင်းတယ်။ ဘာသဲလွန်စမှကို ရှာမတွေ့ဘူး။
အဲဒီလမ်းပေါ်မှာ ပိတ်ထားတဲ့ ဟော့ဒေါ့ဆိုင်တစ်ဆိုင်ပဲ ရှိနေတာကိုး။
အေရွန်ဆန့် လက်ကိုင်ဖုန်းဟာ မြည်လာပြန်တယ်။ ရဲဌာနက ဖုန်းဝင်
လာတယ်။ ရာပြည့်အဘိုးကြီးကို ဂျိုလ်ဘီမှာ တွေ့ပြန်သတဲ့။ ငွေရောင် မာစီဒီး
ကားတစ်စီးနဲ့ မြင်းမြီးဆံပင်ပိုင်ရှင် လူတစ်ယောက်က ပြန်ပေးဆွဲသွားတာတဲ့။
'သေချာအောင် လိုက်စုံစမ်းမလား ဆရာ'
'မစုံစမ်းနဲ့၊ နေပေ့စေ'
သူ့တပည့် အမေးကို အေရွန်ဆန်က သက်ပြင်းချရင်း ဖြေလိုက်တယ်။
စုံထောက်လုပ်သက် ကြာလေလေ အဲသလို မဟုတ်က ဟုတ်က သတင်းတွေ နောက်
မလိုက်ရဘူးလို့ အလုပ်က သင်ပေးလေလေ။ ခုဆို အရာအားလုံးဟာ မြူဆိုင်းသလို

မှိုင်းနေတယ်၊ ဝေဝါးနေတယ်။

ဘန်နီဟာ ဂျိုလ်ဘီမှာ ဓာတ်ဆီထည့်ဖို့ ရပ်လိုက်တယ်။ ဂျူးလီးယပ်က
အိတ်ကြီးကို ခဲရာခဲဆစ်ဖွင့်ပြီး ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်တယ်။
ဓာတ်ဆီထည့်နေတုန်း ဂျူးလီးယပ်က ကားပြင်ထွက် အညောင်း ဆန့်တယ်။
အယ်လန့်ကို အိတ်သေချာစောင့်ကြည့်ထားဖို့ မှာတယ်။ တစ်နေ့လုံး ပင်ပန်းလွန်းလို့
အယ်လန်ကတော့ တစ်လက်မလောက်တောင် မလှုပ်နိုင် တော့ဘူး။
ဘန်နီ ပြန်ရောက်လာတယ်။ ခဏနေတော့ ဂျူးလီးယပ် ပြန်လာတယ်။
တောင်ပိုင်းကို ဦးတည်ပြီး မာစီးဒီး ခရီးဆက်ခဲ့တယ်။

ခဏနေတော့ ကားနောက်ခန်းက ချိုးချိုးချွတ်ချွတ် အသံတွေ ကြားတယ်။
ဂျူးလီးယပ်က ချိုချဉ်ထုပ်ဖောက်ပြီး အယ်လန်နဲ့ ဘန်နီကို ချိုချဉ်တွေ
ဝေပေးနေတယ်။

'ဟီးဟီး ... ကျုပ်အိတ်ထဲက တွေ့တာဗျ'တဲ့။
အယ်လန်က အဲဒီစကားကြားတော့ မျက်ခုံးပင့်လိုက်ပြီး ... 'အိတ်ကြီး ထဲမှာ
သန်းငါးဆယ် ပါတာတောင် ချိုချဉ်ထုပ် ခိုးဖြစ်အောင် ခိုးခဲ့သေးတယ်' လို့
ပြောလိုက်မိတယ်။

'ဘယ်လို ... အိတ်ထဲမှာ သန်းငါးဆယ်၊ ဟုတ်လား'
သူ့စကား ကြားသွားတဲ့ ဘန်နီက ချက်ချင်းမေးတယ်။
'အို ... အို ... ဒုက္ခပါပဲ' အယ်လန်။
'သန်းငါးဆယ် မရှိပါဘူး၊ ကျုပ်တို့ ခင်ဗျားကို တစ်သိန်းပေးရမယ်လေ'
ဂျူးလီးယပ်။

'အဲ ... ခုနက ဓာတ်ဆီဖိုး ငါးရာလည်း ပါတယ်လေ' အယ်လန်။

ဘန်နီကတော့ ဘာမှ မပြောနိုင်ဘဲ ငူငိုင်ငိုင်ကြီး ဖြစ်နေတယ်။ တော်တော်လေး

ကြာတော့မှ သူ့အသံ ထွက်လာတယ်။

'ဒါဆို အိတ်ထဲမှာ လေးဆယ့်ကိုးသန်း ရှစ်သိန်း ကိုးသောင်း ကိုး ထောင့်ငါးရာ

ကရောင်း ရှိတယ်ပေါ့'

'အင်း ... ခင်ဗျား အတွက်အချက် တော်သကိုးဗျ'

အယ်လန်က ပြောလိုက်တယ်။

တိတ်သွားကြပြန်တယ်။ ခဏကြာတော့ ကိုယ်ပိုင်ယာဉ်မောင်းကို

အကြောင်းစုံရှင်းပြလိုက်တာ ကောင်းမယ်လို့ ဂျူးလီးယပ်က ပြောတယ်။

ရှင်းပြပြီးလို့ ဘန်နီ့အနေနဲ့ သူတို့ရဲ့ ကနဦး သဘောတူညီချက်ကို လက်မခံနိုင်

တော့ရင်လည်း ဖြစ်ပါတယ်တဲ့။

သူတို့ပြောပြတဲ့ဇာတ်လမ်းကို နားထောင်ရင်း ဘန်နီ ကြက်သီးတွေ

ထလာသတဲ့။ လူတစ်ယောက်ကို အအေးခန်းထဲထည့်၊ ခဲသေအောင် ထားပြီး

သံမဏိဆလင်ဒါတွေထဲထည့်၊ နိုင်ငံခြားပို့လိုက်သတဲ့။ အမလေးလေ့ ... အို ...

ဒါဟာ ဇော့ဒကာကြောင့် မတော်တဆ ဖြစ်သွားတာပဲလေ။ ဖြစ်မှာပေါ့၊

သောက်တာကိုး။ ဘန်နီတို့ကတော့ အရက်ဆို ဝေါင်ဝေါင်ရှေးသလေ။

ဒီလိုနဲ့ ကိုယ်ပိုင်ယာဉ်မောင်း အသစ်စက်စက်ကြီးဟာ လေးလေးနက်နက်

စဉ်းစားတယ်။ ဒီငွေသန်းငါးဆယ်ဟာ မူလက ပိုင်ရှင်မှား၊ နေရာမှား ရောက်ခဲ့တာ။

ခုမှ လူလူသူသူလက်ထဲ ရောက်တာ။ နောက်ပြီး အလုပ် ဝင်ဝင်ချင်းနေ့မှာ

ပြုတ်တယ်ဆိုလည်း လူကြားလို့ ဘယ်ကောင်းပါ့မလဲ။

ဒီလိုနဲ့ သူလည်း ကြံရာပါဖြစ်သွားတယ် ဆိုကြပါစို့။ ခု ကြံရာပါကြီး ဘန်နီက

မေးပြီ။ ရှေ့ဆက်ပြီးတော့ ဘာအစီအစဉ် ရှိကြတုံးတဲ့။ တကယ်တော့ မမေးချင်ပါဘူး။ မမေးလို့ကလည်း မဖြစ်ဘဲကိုး။

အယ်လန်နဲ့ ဂျူးလီးယပ်ကလည်း ဖြေပါတယ်။ ဘာမှ မရှိဘူးတဲ့။ မမှောင်မချင်း လမ်းပေါ်မှာ မောင်းနေပြီး မှောင်မှပဲ ဆက်ဆွေးနွေးကြဖို့ ကြံထားတာတဲ့။

'သန်းငါးဆယ် ... သန်းငါးဆယ် ...'

ဘန်နီက ပြောလိုက်၊ ပြုံးလိုက်နဲ့ ဂီယာချိန်းနေတယ်။

'လေးဆယ့်ကိုးသန်း ရှစ်သိန်း ကိုးသောင်း ကိုးထောင့် ငါးရာပါ'

အယ်လန်က အမှားပြင်ပေးတယ်။

ဂျူးလီးယပ်ကတော့ ခုအချိုကြီး ခိုးခဲ့ပြီးဖြစ်တဲ့အတွက် ခိုးခြင်းအမှုကို ဝေရာမဏိပါတော့မယ်လို့ အာမဘန္တေ ခံနေလေရဲ့။ ခံသာ ခံတာ၊ သူ့ကတိ သူ မတည်နိုင်ဘူးဆိုတာရော၊ စောရနက္ခတ်နဲ့ သူခိုးသွေးက တစ်ကိုယ်လုံး စီးနေတယ် ဆိုတာကိုရော သူ့ကိုယ်သူ သိပ်သိ။

သုံးယောက်သား တိတ်သွားကြပြန်တယ်။ အယ်လန်က တခေါခေါ၊ ဂျူးလီးယပ်က ချိုချဉ်တမြုံ့မြုံ့၊ ဘန်နီက နာမည်မေ့နေတဲ့ သီချင်းတစ်ပုဒ်ကို တညည်းညည်း။

ဒီဇာတ်လမ်းဟာ တော်ရုံနဲ့ လွယ်လွယ်ကူကူဆုံးမှာ မဟုတ်ဘူးဆိုတာ အတင်းအဖျင်း သတင်းထောက်တစ်ယောက်က အာရုံရနေတယ်။ နေ့လယ်က သတင်းစာရှင်းလင်းပွဲမှာ ရဲမှူးလျှောက်ပြောနေတာ နားထောင်ပြီးကတည်းက တကယ့်အဖြစ်အပျက်ကို ခန့်မှန်းဖို့အတွက် ဝါရင့်သတင်းထောက်တွေအဖို့ အချိန်သိပ်မယူလိုက်ရဘူး။ နည်းနည်းလေး အနံ့ခံလိုက်တော့ သတင်းစဉ်

သတင်းစာတိုက်ဟာ လက်မှတ်ရောင်း ရှန်နီဟော့ထ်ကို အိမ်မှာ တွေ့ခွင့်ရလိုက်တယ်။ သူ့ကြောင်ကို အဖော်ရှာပေးပါမယ်ဆိုတဲ့ ကတိကဝတ်နဲ့ပေါ့။ သတင်းထောက်ဟာ ရှန်နီဟော့ထ်ကို အက်စ်ကီစတူးနားက ဟိုတယ်လေး တစ်ခုကို သွေးဆောင်ဖြားယောင်းပြီး ခေါ်လာခဲ့တယ်။ ပြိုင်ဘက် သတင်းစာတိုက်က သတင်းထောက်တွေ ရှာမရအောင်ပေါ့။ ပထမတော့ ဟော့ထ်က ဖွင့်ပြောဖို့ ကြောက်နေတယ်။ သူ့နားရွက်ကို ပြတ်မတတ် ဆွဲသွားတဲ့ ဟိုအကောင်ကို တွေးရင်း တွေးရင်း စိမ့်ကြောက်နေတယ်။ ဒါပေမဲ့ သတင်း ထောက်က ဟော့ထ်ကို ဘာမှ ကြောက်စရာမရှိကြောင်း၊ ခု ရဲတွေရှိနေပြီ ဖြစ်ကြောင်း ပြောပြီး သိသမျှ ဖွင့်ပြောဖို့ မြှူတယ်။

သတင်းစဉ်ဟာ ဟော့ထ်တစ်ယောက်လောက်နဲ့ ဘယ်ကျေနပ်ပါ့မလဲ။ ဒီလိုနဲ့ ဘတ်စ်ကားဆရာ၊ ဘိုင်ရင့်ချ်ရွာသားတွေ၊ ထရော်လီ တွေ့လိုက်တဲ့ လယ်သမားနဲ့ အေကာက လူတွေဟာ ခြင်ထောင်ထဲကနေ သတင်းစဉ်လက်ထဲ ကျရောက်ကုန်ကြတယ်။ နောက်တစ်နေ့ သတင်းစာအတွက် အကြောင်းအရာတွေ ပွထနေအောင် ရတယ်။ ထင်ရာပြောကြတဲ့ ကောက်ချက်တွေ တစ်ပုံ တစ်ခေါင်းပေမဲ့ သတင်းထောက်အတွက်ကတော့ ကျေနပ်စရာတွေချည်းပဲ။

ငွေရောင်မာစီဒီးဟာ မောင်းမြဲ မောင်းဆဲပဲ။ အယ်လန်က ရှေ့ခုံမှာ ဟောက်သံပေး၊ ဂျူးလီးယပ်က အိတ်ကြီးကို ခေါင်းအုံးပြီး မသက်မသာ အိပ်။ ဘန်နီကတော့ ဘယ်သွားရရင် ကောင်းမလဲဆိုတာ အလူးအလဲ အပြူးအပြဲ စဉ်းစား။ အဝေးပြေးလမ်းမကြီးကို ရှောင်မယ်လို့ ဆုံးဖြတ်ချက်ချ။ တောင်ပိုင်းကို ဦးတည်ပေမဲ့ စမာလန် သစ်တောအုပ်ထဲက ဖြတ်မောင်းမယ်လို့ စဉ်းစား။ ညကျမှပဲ ကွန်းခိုရာနေရာ ရှာမယ်။ ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့။

အယ်လန် နိုးလာတယ်။ အိပ်ချိန်ရောက်ခါနီးပြီ မဟုတ်လားတဲ့။ သူ့ အသံကြားတော့ ဂျူးလီးယပ်လည်း နိုးလာတယ်။ ဘေးဘီ ဘယ်ညာ၊ ကျီး ကြည့် ကြောင်ကြည့် ကြည့်တယ်။ မြင်မြင်လေရာ သစ်ပင်တွေချည်းပဲ။ တို့ ဘယ်ရောက်နေတာလဲ။

ဘန်နီက ရှင်းပြတယ်။ ခု ဗက်စ်ဂျိုမြောက်ဘက် ဆယ့်ငါးမိုင်အကွာ ရောက်နေပြီ ဖြစ်ကြောင်း၊ လူကြီးမင်းတို့နှစ်ယောက် စက်တော်ခေါ်နေတုန်း သူ့ဘာသာသူ တွေး၊ သူ့ဘာသာသူ အဆိုပြု၊ သူ့ဘာသာသူ ထောက်ခံပြီး သူ့ဘာသာသူ အတည်ပြုလိုက်တဲ့ ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ အဓိကကတော့ လုံခြုံရေးအတွက်ဖြစ်ကြောင်း၊ ညအိပ်ဖို့ စိတ်ချရတဲ့နေရာကို ရှာမှာဖြစ်ကြောင်း ပြောကြားတယ်။

ဟုတ်တော့လည်း ဟုတ်တယ်။ သူတို့နောက်ကို ခု ဘယ်သူတွေလိုက် နေပြီဆိုတာ မသိပေမဲ့ သန်းငါးဆယ်ပါတဲ့ အိတ်ကြီးတစ်အိတ်ကို ခိုးလာပြီဆိုရင် အေးအေးချမ်းချမ်း မနေနိုင်တော့တာတော့ အမှန်ပဲလေ။ ဒါကြောင့် ဗက်စ်ဂျိုကိုဦးတည်နေတဲ့ အဝေးပြေးလမ်းမကြီးပေါ်က ဆင်းလာပြီး ရော့ထ်နီး ဆိုတဲ့ ဇနပုဒ်ကို ဦးတည်နေတယ်။ ညဘက်တည်းဖို့ ဟိုတယ်လေးတွေတော့ လမ်းမှာ ရှာတွေ့ကောင်းပါရဲ့။

ဂျူးလီးယပ်က တော်သကွာလို့ ချီးကျူးတယ်။ သို့သော်လည်း သိပ်ကြီးတော့ မတော်လှသေးဘူးတဲ့ ဆက်ပြောတယ်။ ဘာတွေ ပြောနေတာတုံး။ သူပြောတဲ့စကားကို ခုလို ရှင်းပြတယ်။ ကဲ ... ရော့ထ်နီးရောက်လို့ ဘယ်သူမှ မသိနိုင်တဲ့ ဟိုတယ်သေးသေးလေးမှာ တည်းပြီ ဆိုပါစို့။ အသံမကြား၊ မဖိတ် ခေါ်ဘဲ ဝုန်းခနဲ မိုးပေါ်က ကျသလို ရောက်လာတဲ့ ဧည့်သည်သုံးယောက်ကို

ရွာသားတွေက သတိမထားမိဘဲ နေမတဲ့လား။ ဒါကြောင့် ဟိုတယ်ကို မရှာနဲ့။
ဒီသစ်တောထဲက ယာတောအိမ် တစ်လုံးလုံးကို ရှာ။ ငွေလေး ဘာလေးပေးပြီး
စားဖို့သောက်ဖို့၊ အိပ်ဖို့ စီစဉ်တာ ပိုကောင်းမယ်။
ဟုတ်သလေ၊ တယ်တော်တဲ့လူ။ ဘန်နီက သဘောကျတယ်။ ဒါနဲ့ပဲ
တွေ့တွေ့ချင်း ကျောက်ခင်းလမ်းတစ်ခုထဲ ကွေ့ချလိုက်တယ်။
နှစ်မိုင်လောက် လမ်းကြမ်းမှာ မောင်းပြီးတဲ့နောက် မှောင်စပျိုးလာချိန်မှာ
လမ်းဘေးက စာတိုက်ပုံးတစ်လုံးကို သုံးယောက်သား တွေ့လိုက်ကြ ရတယ်။
စာတိုက်ပုံးမှာကပ်ထားတဲ့ လမ်းညွှန်အတိုင်း လမ်းကျဉ်းကလေး ကနေ ခက်ခက်ခဲခဲ
ကိုက်တစ်ရာလောက် မောင်းဝင်သွားတော့ ယာခင်းအိမ် တစ်လုံးဆီ
တန်းတန်းမတ်မတ် ရောက်သွားကြတယ်။ နှစ်ထပ် အုတ်တိုက်
နီနီ၊ ပြတင်းပေါက် ဖြူဖြူနဲ့ စပါးကျီပါတဲ့ အိမ်ကလေး။ ရေကန်ကြီးတစ်ခုဘေးမှာ။
ကြည့်ရတာ လူနေပုံမပေါ်ဘူး။ ဘန်နီက မာစီဒီးကို အိမ်ပေါက်ဝ
ရှေ့တည့်တည့်မှာ ရပ်လိုက်တယ်။ ရုတ်တရက် ဆံပင်နီနီ၊ အလုပ်သမားဝတ်စုံ နီနီနဲ့
အသက်လေးဆယ်လောက် မိန်းမတစ်ယောက် အိမ်ထဲက ထွက်လာ တယ်။
သူ့ဘေးမှာ ဧရာမ အယ်လ်ဖေးရှင်းခွေးကြီးက လျှာကြီးထွက်လို့။
သုံးယောက်သား ကားပေါ်က ဆင်းလိုက်ကြတယ်။ ဂျူးလီးယပ်က ခွေးကို
မျက်စိဒေါက်ထောက် ကြည့်နေတယ်။ ကြည့်ရတာ ရန်လိုပုံတော့ မရဘူး။
မိတ်ဆွေဖွဲ့ချင်ပုံပါပဲ။
ဂျူးလီးယပ်က တစ်ကိုယ်လုံးနီနေတဲ့ မိန်းမကို နှုတ်ဆက်ပြီး စားဖို့ အိပ်ဖို့
စီစဉ်ပေးနိုင်မလားလို့ တဲ့ပဲ ပြောလိုက်တယ်။
မယ်နီမဟာ သူ့မျက်စိရှေ့မှာ ဘွားခနဲပေါ်လာတဲ့ အဖွဲ့သား သုံး ယောက်ကို

ကြည့်နေတယ်။ အင်မတန်အိုတဲ့ အဘိုးကြီးရယ်၊ မအို့တအို အဘိုး ကြီးရယ်၊ အို ... စတိုင်လ်ထွားတဲ့ အမိုက်စားလေးရယ်၊ ဟိ ... အသက်က လည်း အနေတော်ပဲ၊ ဟင့် ... မြင်းမြီးဆံပင်လေးနဲ့တော့။ သူ ပြုံးလိုက်တာ မြင်တော့ ဂျူးလီးယပ်က အဆင်ပြေပြီ အောက်မေ့တာ။ ပါးစပ်က ထွက်လာ တော့ 'ဒါ ဟိုတယ်မဟုတ်ဘူးတော့ ...' တဲ့။

အယ်လန်ခမျာ သက်ပြင်းမောကြီး ချရှာတယ်။ သူ့အနေနဲ့ စားဖို့နဲ့ အိပ်ဖို့ လိုအပ်နေပြီ။ ဘဝဟာ သိပ်ပင်ပန်းလွန်းနေပြီ။ လူအိုရုံမှာဆို အနည်း ဆုံးတော့ ဒီလို မပင်ပန်းဘူးလေ။

ဂျူးလီးယပ်လည်း စိတ်ပျက်တာပါပဲ။ ဒါနဲ့ သူက ဆက်ပြောတယ်။ အခု သူတို့အားလုံး သိပ်ပင်ပန်းနေပြီ။ ဒါကြောင့် စားဖို့နဲ့ အိပ်ဖို့ စီစဉ်ပေးနိုင် ရင် ကရောင်းတစ်ထောင် ပေးမယ်လို့ ပြောမိပြောရာ ပြောချလိုက်တယ်။

'ဘယ်လို ... ကရောင်းတစ်ထောင် ဟုတ်လား၊ ရှင်တို့က ဘာလဲ၊ ဓားပြတွေလား ... ဝရမ်းပြေးတွေလား ...'

သူပြောတာ မှန်လွန်းလို့ နောက်ထပ် မေးခွန်းတွေ ထွက်မလာအောင် ဂျူးလီးယပ်ခမျာ ပိတ်ရတယ်။ ခရီးဝေးကြီး နှင်လာရလို့ပါ။ သူက ခရီးဆက် နိုင်ပေမဲ့ အယ်လန်က အိုလှပြီ။ ခရီးမဆက်နိုင်တော့ဘူး။ ဒါကြောင့်ပါ၊ ဘာညာ။ ပလီတယ်၊ ချွဲတယ်။ အယ်လန်ကလည်း အသံတုန်ကြီးနဲ့ ဝင်ပြော တယ်။

'ဟုတ်တယ်၊ မနေ့က ကျုပ် အသက်တစ်ရာပြည့် မွေးနေ့ဗျ'

'ဘယ်လို ... အသက်တစ်ရာ ... ဟုတ်လား၊ ဘုရား ဘုရား ...'

အသက်တစ်ရာကို သရဲသဘက်လို အနီမက ပြောနေတယ်။ ပြီးတော့ သူ စဉ်းစားနေတယ်။ ငြိမ်သွားတယ်။ နောက်ဆုံးတော့ ကဲ ... နေချင်လည်း နေကြတဲ့။

ကရောင်း တစ်ထောင်တွေ ဘာတွေ လာမလုပ်နဲ့တဲ့။ ဒါ ဟိုတယ် မဟုတ်ဘူးတဲ့။ တယ်သဘောထားပြည့်ဝတဲ့ အမျိုးသမီးပဲ။ ဘန်နီက မယ်နီမကို လေးစားကြည့် ကြည့်နေတယ်။ သူ ဝင်ပြောလိုက်တယ်။

'အလှကလေးရေ … ကျွန်တော် ခင်ဗျားရဲ့ခွေးနဲ့ မိတ်ဆွေဖွဲ့လို့ ရမလား ခင်ဗျာ'

'ဘာ … အလှကလေး ဟုတ်လား၊ ရှင် ကန်းနေသလား၊ ဘတ်စတာနဲ့ မိတ်ဆွေဖွဲ့ချင်သပဆို ဖွဲ့၊ အခန်းကတော့ အပေါ်ထပ်မှာ တစ်ယောက် တစ်ခန်း ရမယ်၊ အခန်းလွတ်တွေ အများကြီး၊ ကြမ်းပြင်ပေါ်က ကြွက်ဆေး တွေကို သတိထား၊ ကောက်မစားနဲ့ သေတတ်တယ်၊ နောက်တစ်နာရီအတွင်း ညစာရမယ်'

ပြောရင်း ဆိုရင်း အနီမဟာ စပါးကျီဘက် ကော့ပက် ကော့ပက်နဲ့ ထွက်သွားတယ်။ သူ့ခွေး ဘတ်စတာကလည်း ဖဝါးခြေထပ် လိုက်သွားတယ်။ သူ့နားက ဖြတ်သွားတုန်း ဘန်နီက နာမည်လှမ်းမေးတယ်။ အနီမက လှည့် မကြည့်ဘဲ ဖြေတယ်။ သူ့နာမည် ဂန်နီလာတဲ့။ ဒါပေမဲ့ ခုနကလို အလှကလေး လို့ပဲ ခေါ်တဲ့။ အိုကေ … အိုကေ။ ဘန်နီက ကတိပေးလိုက်တယ်။ ခေါ်မယ်။ ခေါ်မယ်။

'ကျွန်တော်တော့ ချစ်မိပြီ ထင်တယ်ဗျာ'

ဘန်နီရဲ့ တုန်ယင်လှိုက်မောသံ။

'ကျုပ် သိပ်ပင်ပန်းနေပြီဗျာ'

အယ်လန်ရဲ့ အသံတုန်ကြီး။

အဲဒီအချိန်မှာပဲ စပါးကျီထဲက ထွက်လာတဲ့ အသံကြီးကြောင့် ခြေကုန် လက်ပန်းကျနေတဲ့ အယ်လန်တောင် ဆတ်ခနဲ ထရပ်လိုက်မိတယ်။ အသံ ကြီးက ဧရာမ တိရစ္ဆာန်ကြီးတစ်ကောင် နာနာကျင်ကျင် အော်လိုက်တဲ့ အသံ ကြီး။

အလှကလေးကတော့ အေးဆေးပဲ။

'ဆွန်ညာ ... ငြိမ်ငြိမ်နေစမ်း၊ ငါ လာနေပြီ'

(၇)

၁၉၂၉–၁၉၃၉။

အိမ်က အနိစ္စသဘောနဲ့ ကိစ္စချောလုနီးပါး အခြေအနေ ဖြစ်နေခဲ့ပြီ။ အယ်လန်တစ်ယောက် ပါမောက္ခ ယွန်းဘော့ရဲ့ ပြုစုယုယမှုကို ခံနေရတဲ့ နှစ်တွေအတွင်း အိမ်က အမိုးတွေလန်၊ အကာတွေပြုတ်၊ ပြတင်းပေါက်တွေ ကွဲပြီး စုံးစုံးမြေသို့ ကျလုနီး။

အယ်လန်ဟာ အိမ်အခြေအနေကိုကြည့်ပြီး ဖုန်နိုင်းချင်းနဲ့ မီးဖိုချောင်ထဲမှာ ငူငူကြီး ထိုင်နေတယ်။ ပြတင်းပေါက်ကို ဖွင့်လိုက်တယ်။ ဗိုက်ဆာနေပေမဲ့ တစ်အိမ်လုံး လိုက်ကြည့်ချင်သေးတယ်။ လိုက်ကြည့်လိုက်တော့လည်း စိတ်ဓာတ်တက်မလာပါဘူး။

သူက ဒီမှာမွေး ဒီမှာကြီးခဲ့တယ်။ ဒါပေမဲ့ ခုတစ်ခါတော့ အိမ်က သူ့အပေါ် အရမ်းကို စိမ်းကားနေတယ်။ အတိတ်ကာလက အိမ်နဲ့ သူရဲ့ ပဋ္ဌာန်း ဆက်တွေကို ခု ဖြတ်ပစ်ဖို့ အချိန်တန်ပြီလား။ အချိန်တန်လောက်ပြီ။ သေချာ တာပေါ့။

အယ်လန်ဟာ ဒိုင်းနမိုက်ချောင်းတွေ အများကြီး ထုတ်လိုက်တယ်။ သူ့ပစ္စည်းတွေကို ထုပ်ပိုးပြီး စက်ဘီးပေါ် တင်လိုက်တယ်။ ပြီးတော့ ၁၉၂၉ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှာ သူ အိမ်ကထွက်လာခဲ့တယ်။ တင်ကြို စီမံထားတဲ့ အတိုင်း နောက် သုံးမိနစ်အကြာမှာ ဒိုင်းနမိုက် ပေါက်ကွဲတယ်။ အိမ်ကလေးဟာ တစ်စစီ ဖြစ်သွားခဲ့တယ်။ အိမ်နီးနားချင်းရဲ့ နွားမကြီး နောက်တစ်ကြိမ် သားလျှောရရှာပြန်တယ်။

နောက် တစ်နာရီကြာတော့ အယ်လန်ဟာ ဖလန်ရဲဌာန အချုပ်ခန်းထဲ ရောက်ပြီး သူ့ကိုစောင့်ကြပ်နေတဲ့ ရဲအကြပ်ကြီး ခရွတ်ခ်ရဲ့ရှေ့မှာ ညစာ စားနေပြီ။ ရဲဌာနမှာ ရဲကားဆိုတာကြီး ရှိနေပြီမို့ ကိုယ့်အိမ်ကိုယ်ဖောက်ခွဲပြီး ထွက်ပြေးတဲ့ သူ့ကို ဖမ်းဖို့ အချိန်သိပ်မယူလိုက်ရဘူး။ ဒီတစ်ကြိမ် ပြစ်မှုက ပိုထင်ရှားတယ်။ ရဲကြပ်ကြီး ခရွတ်ခ်ရဲ့ အဆိုအရ တာဝန်သိစိတ်မဲ့စွာ ဖျက်ဆီး ခြင်းဆိုပဲ။ အင်းပေါ့။ ရှေ့က ပေါင်မုန့်လေး ကမ်းလိုက်စမ်းပါလို့ ဗျစ်တောက် ဗျစ်တောက်နဲ့ သူ့ကို အပြစ်တင်နေတဲ့ ခရွတ်ခ်ကို အယ်လန်က ပြောလိုက် တယ်။

ကမ်းဘူး။ ဘာလို့ ကမ်းရမှာတုံး။ ရဲကြပ်ကြီး ခရွတ်ခ်ကသာ မကမ်းတာ။ သူ့လက်ထောက်ကတော့ ကမ်းပေးလိုက်သဗျား။

အယ်လန်လည်း ခပ်အေးအေးပဲ ညစာစားပြီး အချုပ်ခန်းထဲ သူ့ဘာသာ သူ ပြန်ဝင်သွားတယ်။ အခန်းထဲရောက်တော့ ... 'ဒီနေ့ထုတ် သတင်းစာလေး ဘာလေးများ မရှိဘူးလား၊ အိပ်ရာမဝင်ခင် ဖတ်ရအောင်' ဆိုပြီး တောင်းပြန် တယ်။ ရဲကြပ်ကြီး ခရွတ်ခ်ဟာ အချုပ်ခန်းမီးကိုပိတ်ပြီး တံခါးကို ဆောင့်ပိတ် လိုက်တယ်။ နောက်တစ်နေ့မနက် မိုးလင်းလင်းချင်း အပ်ပ်ဆာလာကို ဖုန်းဆက်ပြီး ဒီသေချင်းဆိုးကို အမြန်ဆုံးလာခေါ်ဖို့ အကြောင်းကြားလိုက်တယ်။

သို့သော်လည်း ဖုန်းလက်ခံဖြေကြားတဲ့ ပါမောက္ခ ယွန်းဘော့ရဲ့ လုပ်ဖော်ကိုင်ဖက်ဟာ ခရွတ်ခ် ပြောစကားတွေကို ဒီဘက်နားက ဝင်ပြီး ဟိုဘက်နားက ထွက်ပစ်လိုက်တယ်။ မျိုးညှံ့သင်းကွပ် လေ့လာခြင်းလုပ်ငန်းကို ကားလ်ဆန်တစ်ယောက် အောင်မြင်ခဲ့ပြီမို့ ခု တခြားလူတွေကိုပဲ ဆက် လေ့လာနေပါတယ်တဲ့။ တိုင်းပြည်နဲ့ လူမျိုးကို ဂျူးတွေ၊ ဂျစ်ပစီတွေ၊ နီဂရိုးတွေနဲ့ အစုတ်ပလုတ်တွေ ရန်က သူတို့ ဘယ်လို စွမ်းစွမ်းတမံ ကာကွယ်နေတယ် ဆိုတာကို

ရဲကြပ်ကြီး သိစေချင်တယ်တဲ့။ မစ္စတာကားလ်ဆန် သူ့အိမ်သူ ဖောက်ခွဲတာ အပ်ပ်ဆာလာနဲ့ မဆိုင်ရေးချ မဆိုင်။ ကိုယ့်ပစ္စည်းကိုယ် စိတ်တိုင်းကျ လုပ်ခွင့်ရှိတယ် မဟုတ်ဘူးလား။ အင်မတန် လွတ်လပ်တဲ့နိုင်ငံမှာ နေတာဆို။ ရဲကြပ်ကြီးဟာ တယ်လီဖုန်းခွက်ကို ဆောင့်ချလိုက်တယ်။ မအေပေး မြို့ကြီးသား လူလည်တွေ။ မနေ့ညနေက ကားလ်ဆန်ကို မသိချင်ဟန်ဆောင်ပြီး လွှတ်ပေးလိုက်ရ ကောင်းသား။ အင်းလေ ... နောင်တဆိုတာ နောင်မှ ရတတ်သကိုး။

အမှားကိုမြင်၊ အမှန်ပြင်တဲ့ ရဲကြပ်ကြီးကြောင့် နောက်တစ်နေ့ မနက်မှာ အယ်လန်ကားလ်ဆန်ဟာ အထုပ်အပိုးတွေနဲ့ စက်ဘီးပေါ် ပြန်ရောက်နေ တော့တယ်။ သုံးရက်စာ အစားအသောက်တွေနဲ့၊ စောင်ထူကြီး နှစ်ထည်နဲ့။ စေတနာ ဖြိုးမောက်လှတဲ့ ခရွတ်ခ်ကို သူ လက်ပြနှုတ်ဆက်ခဲ့ပေမဲ့ ဟိုက ပြန်မပြဘူး။ ဒါနဲ့ မြောက်ဘက်ကိုဦးတည် နင်းလာလိုက်တယ်။ ဘာကြောင့်တုံး ဆိုတာတော့ ပြောတတ်ဘူး။ စိတ်ထဲ ကောင်းမယ်ထင်သလို လုပ်တာပဲ။

နေ့လယ်ပိုင်းမှာ ဟေလီဖော့စ်နတ်စ်သွားတဲ့ လမ်းပေါ် ရောက်လာခဲ့တယ်။ နောက်ထပ် တစ်ရက်လောက်တော့ ထပ်သွားရဦးမှာပဲ။ အယ်လန်ဟာ မြက်ခင်းထူထူရှိတဲ့ တောင်စောင်းလေးတစ်ခုမှာ နားလိုက်တယ်။ စောင်တစ်ထည် ဖြန့်ခင်းပြီး စားဖို့သောက်ဖို့ ပြင်တယ်။ ပါးပါးလှီးထားတဲ့ ဝက်အူချောင်းနဲ့ ပေါင်မုန့်ကို နာနာဝါးရင်း ဘေးပတ်ဝန်းကျင်ကို အကဲခတ်တယ်။

အလို ... သူ ခဏနားတဲ့နေရာဟာ စက်ရုံနေရာတွေပဲ။ စက်ရုံအပြင်ဘက်မှာ အမြောက်လုံးကြီးတွေ စုပုံထားတယ်။ ကြည့်ရတာ စက်ရုံက အလုပ်သမား မမြဲဘူး ထင်တယ်။ ဒီနေရာက ဘယ်မြို့နဲ့မှ မနီးဘူးကိုး။ ဟုတ်ပြီ၊ ဒီနေရာဟာ

အလုပ်လုပ်ဖို့ သိပ်ကောင်းတဲ့နေရာပဲ။ ဟုတ်တယ်။ အမြောက်လုံးတွေ အပြင်မှာ စုပုံထားပုံထောက်ရင် အလုပ်ရဖို့ လွယ်လိမ့်မယ်။

ထင်တဲ့အတိုင်းပဲ။ စက်ရုံမှူးနဲ့ စကားနည်းနည်းပြောပြီးတာနဲ့ သူ့ကို ဖောက်ခွဲကျွမ်းကျင် လုပ်သားအဖြစ် တန်းခန့်လိုက်တယ်။ လတ်တလော ဖြစ်နေတဲ့ သူ့အခြေအနေတွေကိုတော့ ပြောလို့ ဘယ်ဖြစ်ပါ့မလဲ။ ကောင်းတယ်၊ ကောင်းလိုက်တာ။

ဒီမှာပဲ ပျော်ပျော်ကြီးအလုပ်လုပ်တော့မယ်လို့ အယ်လန် စဉ်းစားတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ အမြောက်ဈေးကွက်က ယိုင်နဲ့နဲ့ရယ်။ အမှာစာတွေ လည်း ကျနေတယ်။ ပထမကမ္ဘာစစ်ကြီး ပြီးကတည်းက ရာဇပလ္လင်ပေါ်မှာ အံတကြိတ်ကြိတ်နဲ့ စံမြန်းတော်မူနေတဲ့ ဘုရင်မင်းမြတ်ကို မော်ဖူးရင်း ကာကွယ်ရေးဝန်ကြီးဟာ စစ်သုံးစရိတ်တွေကို အလိုက်တသိ လျှော့ချနေတာကိုး။ အမြော်အမြင်ကြီးလှတဲ့ စစ်ဝန်ကြီးဟာ ဆီဇင် တပ်မတော်ကို ခေတ်မီ လက်နက် တပ်ဆင်ပေးဖို့ လိုတယ်ဆိုတာ သိပြီးသား။ သို့သော် လိုတယ်ဆိုတိုင်း တပ်ဆင်ရမတဲ့လား။

ဒီလိုနဲ့ စစ်လက်နက်အစား လူ့လောက အကျိုးပြုမယ့် ပစ္စည်းတွေ ပိုထုတ်လုပ်ကြတာပေါ့။ အဲသလိုဆိုတော့ လက်နက်စက်ရုံက အလုပ်သမားတွေ အလုပ်လက်မဲ့ ဖြစ်ကုန်ကြတာပေါ့။

ဘယ်သူဘယ်လို အလုပ်လက်မဲ့ဖြစ်ဖြစ် ဖောက်ခွဲရေး စပါယ်ရှယ်လစ် ဆိုသဟာမျိုးက ရွှေထက်ရှားသမို့ စက်ရုံပိုင်ရှင်ဟာ အယ်လန်လိုလူမျိုးကို လက်လွတ်မခံနိုင်ဘူး။ သူ့ ဖောက်ခွဲပါရမီအပေါ်မှာလည်း ရင်သပ်ရှုမော အံ့သြဘနန်းဖြစ်ရင်း အထင်ကြီးသထက် ကြီးတာပေါ့။ ခုလက်ရှိ မရှိသုံး သုံးနေရတဲ့

ဖောက်ခွဲစပါယ်ရှယ်လစ်က နိုင်ငံခြားသား ဖြစ်နေတာရယ်၊ ဆွီဒင်စကား မပြောတတ်တာရယ်၊ တစ်ကိုယ်လုံးက အမွေးမည်းတွေရယ်ကြောင့် မသတီတာ ကြာကြာလှပေါ့။

အယ်လန်ကတော့ အဲသလို အသားအရောင်ပေါ် မူတည်ပြီး လူကို အဆင့်အတန်း ခွဲခြားတာမျိုးကို နားမလည်နိုင်။ ဒါ ပါမောက္ခ ယွန်းဘော့ရဲ့ ထူးထွေသိ အံ့ရာသောဝ် အကြံဉာဏ်မျိုးတွေ။ ဒါပေမဲ့ အယ်လန် တစ်ယောက် ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် လူမည်းဆိုတာကို မြင်ဖူးတဲ့အခါ အမွေးကလွဲလို့ သိပ်လည်း မမည်းပါကလားလို့ တွေးမိပြန်တယ်။ ဒီလိုနဲ့ပဲ ဆွီဒင်သား အယ်လန်နဲ့ စပိန်သား အက်စတီဗင်တို့ဟာ မခွဲဘဲ တတွဲတွဲ တွေ့ရတဲ့ ဖောက် ခွဲရေး စပါယ်ရှယ်လစ်တွေ ဖြစ်လာခဲ့တယ်။ အလုပ်သမား တန်းလျားမှာ တစ်ခန်းတည်း အတူတူနေကြတယ်။ အက်စတီဗင်က အယ်လန့်ကို သူ့ဘဝ ဇာတ်ခုံ ခင်းပြတယ်။ မက်ဒရစ်က ပါတီပွဲတစ်ခုမှာ တွေ့ခဲ့ရတဲ့ လှပျိုဖြူလေးကို အစွဲကြီးစွဲ၊ အကြီးအကျယ် ဇာတ်လမ်းဖြစ်၊ အတော်ကြီးနောက်ကျမှ သိလိုက်ရတာက ဒီကောင်မလေးဟာ စပိန် ဝန်ကြီးချုပ် မီဂွယ် ပရိုင်မို ဒီ ရေဗာရာရဲ့သမီး ဆိုတာကိုပဲ၊ ဒီ ရေဗာရာ ဆိုတာ ညှိလို့နှိုင်းလို့၊ ဆွေးနွေးလို့၊ ရင်ကြားစေ့လို့ ရစကောင်းတဲ့လူမျိုး မဟုတ်။ ဘုရင်ဆိုသူကို လည်မျိုနင်းပြီး တိုင်းပြည်ကို ထင်သလို အုပ်ချုပ်နေတဲ့သူကိုး။ အာဏာရှင်လို့ခေါ်ရင် ရိုင်းလို့ ဝန်ကြီးချုပ်လို့ခေါ်တာပဲ ရှိတယ်။ ဒါပေမဲ့ သူ့သမီးကတော့ ဟီး … ဟီး … ဟီး … ဟီး …။

မြင့်မြတ်တော်မူပေထသော ယောက္ခထီးလောင်းကြီးအတွက် ပစ္စည်းမဲ့ ဝါဒီ အက်စတီဗင်ဟာ ဘယ်ထောင့်ကကြည့်ကြည့် စောက်ချိုးမပြေဘူးပေါ့။ ဒီလိုနဲ့ ဒီ

ရေဗာရာနဲ့ ရင်ဆိုင်ရတဲ့ ပထမနဲ့ နောက်ဆုံးအကြိမ် တွေ့ဆုံပွဲမှာ အက်စတီဗင်ကို အကြင်နာကြီးစွာနဲ့ ရွေးစရာ နှစ်ခုပေးခဲ့တယ်။ နံပါတ်မှာ တစ်၊ စပိန်ပိုင်နက်က ချက်ချင်းထွက်။ နံပါတ်မှာ နှစ်၊ ခုချက်ချင်း လည်မျိုကို ကျည်ဆန်ဖောက်ဝင်သွားတာ ခံ။

ဒီ ရေဗာရာက ရိုင်ဖယ်ကို မောင်းတင်လိုက်တဲ့အခါ အက်စတီဗင်က နံပါတ်တစ်ကို ရွေးချယ်ဖို့ စိတ်နှလုံး ဒုံးဒုံးချ ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ရဲရဲတင်းတင်းပြောရင်း တရှုံ့ရှုံ့ငိုနေတဲ့ ကောင်မလေးကို တစ်ချက်မှ ငဲ့မကြည့်ဘဲ အခန်းထဲကနေ လေအလျင်နဲ့ ထွက်လာခဲ့သတဲ့။

စပိန်ပိုင်နက်နဲ့ ဝေးနိုင်သမျှဝေးအောင် ဆိုခြင်းကြောင့် အက်စတီဗင်ဟာ မြောက်ဘက်ကို ခရီးနှင်တယ်။ မြောက်ရင်း မြောက်ရင်း မြောက်နိုင်သမျှ မြောက်လိုက်တာ နောက်ဆုံး ဆောင်းရာသီမှာ အကုန်အေးခဲနေတဲ့ ရေကန်ကြီး တွေ ရှိတဲ့အရပ်ကို ရောက်လာခဲ့တယ်။ အဲဒီအချိန်ကစလို့ ဆွီဒင်ကို သူ ရောက်လာခဲ့တာပဲ။ လွန်ခဲ့တဲ့ သုံးနှစ်ကစလို့ ကက်သလစ် ဘုန်းတော်ကြီး တစ်ပါးရဲ့ အကူအညီနဲ့ ဒီလက်နက်စက်ရုံမှာ အလုပ်ရတယ်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ခွင့်လွှတ်တော်မူလောက်တဲ့ မုသာဝါဒလေး နည်းနည်း သုံးရတယ်။ စပိန်ရဲ့ စွန့်ဦးတီထွင် ဖောက်ခွဲရှင်လို့ ဖြီးလိုက်တော့ ဖောက်ခွဲရေး စပါယ်ရှယ်လစ် ဖြစ်လာတာပေါ့။ အမှန်တော့ သူ့အလုပ်က ဈေးကြိုဈေးကြားမှာ ခရမ်းချဉ်သီးအနှမ်းတွေ လိုက်ကောက်တာ။

အနို့သော်လည်း၊ သို့သော်လည်း ရိုးသားကြိုးစားတဲ့ အက်စတီဗင်ဟာ အလုပ်ကို ကြိုးစားသင်ယူလာလိုက်တာ အယ်လန် ရောက်လာချိန်မှာ သူဟာ တကယ်ပဲ ဖောက်ခွဲရေးစပါယ်ရှယ်လစ် ဖြစ်နေခဲ့ပြီ။

ဆွီဒင်ပြည် တစ်နံတစ်လျား ကိုယ့်အိမ်မှတ်ပါ၊ ကိုယ့်ယာမှတ်ပါ ဝါဒကို လက်ကိုင်ထားတဲ့ အယ်လန်ကတော့ စက်ရုံမှာ၊ တန်းလျားမှာ အလွန် ပျော်သပေါ့။ အယ်လန်နဲ့ အက်စတီဗင် ဘယ်လိုဆက်သွယ်ကြသလဲ။ ပထမ တစ်နှစ်မှာ အယ်လန်ဟာ အက်စတီဗင်ပြောတဲ့ စပိန်စကားကို ထမင်းစား၊ ရေသောက် နားလည်လာခဲ့တယ်။ ဒုတိယ နှစ်နှစ်မှာ အယ်လန်ကိုယ်တိုင် စပိန်လို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်လာခဲ့တယ်။ သို့သော်လည်း အယ်လန့်ကို အပြည်ပြည်ဆိုင်ရာ ဆိုရှယ်လစ်ဝါဒ သင်ကြားရှင်းလင်းတဲ့ ကိစ္စကိုတော့ လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက အက်စတီဗင်က လက်မြှောက်ခဲ့ပြီးပြီ။ နည်းမျိုးစုံ သုံးပြီး ရှင်းပြသော်လည်း ဟောရင်းနဲ့ပင် ပျံတော်မူချင်လာတဲ့အတွက် အက်စတီဗင် လက်မှိုင်ချခဲ့ရတယ်။ သူ့အချစ်ဆုံး သူငယ်ချင်းကြီးအပေါ် ဘယ်လို နားလည်ရမှန်းတောင် အက်စတီဗင့်ခမျာ မသိနိုင်ရှာ။ အယ်လန် ဆိုတာ ကလည်း ကမ္ဘာ့ဖြစ်စဉ်တွေကို ကန့်လန့်တိုက်နေတာမျိုး မဟုတ်။ ဘာအကြံ ဘာဉာဏ်မှကို မရှိတာကလား။

အယ်လန့်မှာလည်း ဒီလိုအတွေးမျိုးကတော့ ရှိပါ့။ သနားစရာ ကောင်း လိုက်တဲ့ အက်စတီဗင်ငယ်ငှဲ့။ ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက် ဆိုသလိုမျိုး။ လူလေးက ကောင်းချင်ပါလျက်နဲ့ ဘာမဟုတ်တဲ့ နိုင်ငံရေးဆိပ် တက်နေရှာတယ်။ အင်းလေ ... သူတစ်ယောက်တည်း အဲသလိုဖြစ်နေတာ တော့ မဟုတ်ရှာပါဘူး။ တစ်ဆောင်း သစ်လိုက်၊ တစ်နွေ ဝင်လိုက်နဲ့ အချိန်တွေကုန်ရင်း အယ်လန့်ဘဝ အလှည့်အပြောင်းဖြစ်မယ့်အချိန် ရောက်လာတယ်။ ခွေးမသားကြီး ပရိုင်မို ဒီ ရေဗာရာ ပြုတ်ပြီ၊ တိုင်းပြည်က ထွက်ပြေးပြီဆိုတဲ့သတင်း အက်စတီဗင့်ဆီ ရောက်လာတယ်။ ဟုတ်ကပြီ။ ဒါဆို ဒီမိုကရေစီဟာ နှုတ်ခမ်း ပါးနား

လျက်နေပြီပေါ့။ ဆိုရှယ်လစ်အောင်ပွဲဟာ လက်တစ်ကမ်းအလို ရောက် ပြီပေါ့။
ဒီလိုနဲ့ အက်စတီဗင် အိမ်ပြန်ဖို့ ပြင်တော့တယ်။ စက်ရုံကလည်း အမှာစာ
နည်းသထက် နည်းနေပြီ။ မစ္စတာ ကာကွယ်ရေးဝန်ကြီးက စစ်ထပ်မတိုက်ဖို့
ဆုံးဖြတ်ချက် ချတော်မူလိုက်ပြီတဲ့။ ဒါကြောင့် သူတို့ ဖောက်ခွဲရေး
စပါယ်ရှယ်လစ်နှစ်ယောက် ပင်စင်ပေးခံရမယ့်နေ့ နီးပြီပေါ့။ ဒါနဲ့
အယ်လန်တစ်ယောက် အနာဂတ်အတွက် ဘာတွေများ စိတ်ကူးကြံစည်နေ ပါလိမ့်။
စပိန်ကိုများ လိုက်ခဲ့လေမလား။

စပိန်လိုက်ဖို့ အယ်လန်လည်း စဉ်းတော့စဉ်းစားပါတယ်။ တစ်ဖက်ကလည်း
စပိန်တော်လှန်ရေးမှမဟုတ်။ ဘာတော်လှန်ရေးကိုမှ စိတ်ဝင်စားလို့ မရဘူး။
ဘာပဲဖြစ်ဖြစ် စပိန်ဆိုတာက နိုင်ငံခြားမဟုတ်လား။ တစ်သက်လုံး စာထဲမှာပဲ
တွေ့ဖူးတဲ့ နိုင်ငံခြား ဆိုသဟာကို မျက်မြင်ကိုယ်တွေ့ ကြုံရရင်
မကောင်းပေဘူးလား။ လမ်းမှာ လူမည်းဆိုသူတွေတောင် တွေ့ချင်တွေ့နိုင်
သေးတယ်။

စပိန်သွားမယ့်လမ်းမှာ လူမည်း တွေ့ကိုတွေ့စေရမယ်လို့ အက်စတီဗင် လည်း
ကတိပေးလိုက်ရော အယ်လန်တစ်ယောက် လိုက်ကိုလိုက်မယ် ဖြစ် တော့တာပဲ။
ဒီလိုနဲ့ သူငယ်ချင်းနှစ်ယောက် ဒူးတိုက် ဆွေးနွေးကြတယ်။ ဖွတ်ကျားကျလှတဲ့
စက်ရုံပိုင်ရှင်ကိုတော့ စကားထဲတောင် ထည့်မပြောကြ။ ဒါနဲ့ပဲ လစာတွေရတာနဲ့
လစ်ဖို့ သဘောတူကြတယ်။

အဲဒီဆွေးနွေးပွဲရဲ့ ရလဒ်အဖြစ် အယ်လန်နဲ့ အက်စတီဗင်ဟာ တနင်္ဂနွေမနက်
ငါးနာရီမှာ စက်ဘီးနောက်က နောက်တွဲလေး ကိုယ်စီတပ်ပြီး တောင်ဘက်စူးစူး
ဦးတည်နင်းလို့ စပိန်သွား တောလားကို စခဲ့ကြတာပေါ့။ စက်ရုံပိုင်ရှင်

အိမ်ရှေ့ရောက်တော့ အက်စတီဗင်က ခဏရပ်ပြီး သူ့ရဲ့ နောက်ဆုံး လက်ဆောင်ကို အိမ်ရှေ့တံခါးဝမှာ တရိုတသေ သွားထားတယ်။ မနက်တိုင်း သူ့အိမ်ရှေ့မှာ လာလာပို့ထားတဲ့ နွားနို့ထည့်တဲ့ ဖန်တကောင်းကြီးထဲကို မနက်က သူ အိမ်သာထဲမှာစွန့်ပြီး တရိုတသေ သိမ်းထားတဲ့ အရည်နဲ့ အဖတ်တွေ လောင်းထည့်ဖို့ ကြံနေတယ်။ သူ့ကိုတွေ့တိုင်း မျောက်လို့ ခေါ်တတ်တဲ့ စက်ရုံပိုင်ရှင်နဲ့ ဆယ်ကျော်သက် သားနှစ်ယောက်အတွက် သူ့ရဲ့ လက်ဆောင်ပေါ့။ အယ်လန်ကတော့ သူ့ကို သတိပေးရှာပါတယ်။

'လက်စားချေတယ်ဆိုတာ မကောင်းပါဘူးကွာ၊ လက်စားချေတာဟာ နိုင်ငံရေးနဲ့ တူသကွ၊ မုန့်လုံးစက္ကူကပ်ရင်း ဆိုးရာက သာဆိုး၊ နောက်ဆုံး အဆိုးတကာ့ထိပ်ခေါင် ဖြစ်တဲ့အထိ လုံးချာလည်လိုက်နေတာဟ'

ဘယ်လိုပြောပြော မရပါဘူး။ အက်စတီဗင့်ဘက်က ကြည့်တော့လည်း မှန်သလေ။ လက်မှာ အမွေးလေးနည်းနည်းရှိပြီး သူတို့ပြောတဲ့ ဘာသာစကား မပြောတတ်ရုံနဲ့ မျောက်ဖြစ်ရရောလား၊ သေနာတွေ။ ကဲ … ခု မျောက်ချေး စားပြီး မျောက်သေး သောက်ကြ … မှတ်ကရော။

အယ်လန် ကိုယ်ချင်းစာပါတယ်။ ဒီလိုနဲ့ ချစ်သူငယ်ချင်းနှစ်ယောက် အလျှော့အတင်းလုပ်ကြတယ်။ နောက်ဆုံးတော့ နွားနို့အိုးထဲ အဖတ်မထည့်ဘဲ အရည်ပဲ လောင်းထည့်ဖို့ သဘောတူကြတယ်။

စက်ဘီးကိုယ်စီ၊ နောက်တွဲကိုယ်စီနဲ့ တောင်ဘက် ဦးတည်သွားတဲ့ ဖောက်ခွဲရေးစပါယ်ရှယ်လစ် နှစ်ယောက်ကို တွေ့လိုက်တယ်လို့ မျက်မြင် သက်သေတွေ လာပြောတဲ့အချိန်မှာ စက်ရုံပိုင်ရှင်ကလည်း နောက်အပတ် လူလျှော့ဖို့ စီမံကိန်းဆွဲနေချိန်ပေါ့။ သစ်ချသီးဘီစကစ်ကို မြို့ရင်း နို့ကို အားရပါးရ

မော့ချလိုက်ချိန်မတော့ စက်ရုံပိုင်ရှင်ဟာ တစ်လောကလုံး အမှောင်ဖုံး မတတ် ဖြစ်သွားတယ်။ ကြည့်စမ်း၊ ဘီစကစ်တွေ မကောင်းတော့ဘူး။ အမိုး နီးယားနံ့တွေတောင် ထွက်နေပါပေါ့လား။ ဘီစကစ်ရဲ့ အရသာဆိုး ပျောက်အောင် နွားနို့ နောက်တစ်ကျိုက် ကျိုက်ချလိုက်ရရှာတယ်။

အလို … စပိန်ဆိုတဲ့နေရာကို မောင်အယ်လန်လေး ရောက်နေပါပေါ့လား။ ဥရောပတစ်ကြော စက်ဘီးနဲ့ စုန်ဆင်းလာလိုက်ကြတာ သုံးလလောက် ကြာသွားတယ်။ လမ်းတစ်လျှောက် တွေ့လိုက်တဲ့လူမည်းတွေ။ သူမှန်းထား တာထက်တောင် ပိုသေး။ ပထမဆုံး လူမည်းတစ်ယောက်ကို အရှင်လတ်လတ် မျက်ဝါးထင်ထင် တွေ့ပြီးသကာလ လူမည်းစိတ်ဝင်စားမှု တစ်ခါတည်း ပျောက်သွားတယ်။ အသားအရောင် ကွာခြားတာကလွဲလို့ ဘာမှလည်း မထူး ပါကလား။ မိုက်မိုက်ရိုင်းရိုင်း ပြောတတ်တာက လွဲရင်ပေါ့။ အို … ဒါမျိုးက အဖြူတွေလည်း ပြောတာပဲ။ ဆီဒင်တောင်ပိုင်းက ဟာတွေဆို သာတောင် ပြောသေး။ တန်တော့ ပါမောက္ခ ယွန်းဘော့ထ် ဆိုတဲ့လူဟာ ငယ်ငယ် ကတည်းက လူမည်းကြောက်ရောဂါ စွဲနေရှာတယ်နဲ့တူတယ်။

တကယ်တော့ ဗရုတ်သုတ်ခ ဖြုတ်စဗျင်းတောင်း အဖြစ်ဆုံးအချိန် တည့်တည့်မှာ အယ်လန်နဲ့ အက်စတီဗင် အဲဒီကို ရောက်သွားကြတာ။ ဘုရင်က ရောမကို ထွက်ပြေးသွားပြီ။ သမ္မတနိုင်ငံတော်ဆိုတာကြီး အစပျိုးနေပြီ။ လက်ဝဲသမားတွေက တော်လှန်ရေး၊ တော်လှန်ရေးလို့ အာခေါင်ခြစ် အော်နေချိန်မှာ လက်ယာသမားတွေက စတာလင်ရဲ့ ရှုရှလိုဖြစ်မှာကို ဖင်တုန်အောင် ကြောက်နေကြချိန်ပေါ့။

အက်စတီဗင်ဟာ သူ့နိုင်ငံလည်း ပြန်ရောက်ရော သူ့ချစ်သူငယ်ချင်းကြီးရဲ့

နိုင်ငံရေးရေချိန်ကို မေ့သွားပြီး တော်လှန်ရေးလမ်းကြောင်းထဲ အယ်လန့်ကို ဒရွတ်တိုက် ဆွဲခေါ်သွားတယ်။ အယ်လန်ကတော့ ဘယ်အရှုပ်ထုပ်ထဲမှ မပါရေးချ မပါချင်။ အတော်လေး ထဲထဲဝင်ဝင် ဖြစ်လာတဲ့အချိန်ထိ အပြောနဲ့ အလုပ်၊ အရှေ့နဲ့ အနောက်၊ တောင်နဲ့ မြောက် အမြဲဖြစ်နေတတ်တဲ့ အဲဒီ နိုင်ငံရေးဆိုတာကြီးကို သူ ဘယ်လိုမှနားမလည်နိုင်။

လက်ယာစွန်းသမားတွေရဲ့ မအောင်မြင်တဲ့ တပ်အာဏာသိမ်းမှုကြီး ပြီးတော့ လက်ဝဲစွန်းသမားတွေရဲ့ အထွေထွေသပိတ်ကြီး ပေါ်လာတယ်။ အဲဒီ နောက်တော့ ပြည်လုံးကျွတ် ရွေးကောက်ပွဲကြီး ဝှဲချီးကျင်းပ၊ လက်ဝဲတွေက တပြုံးပြုံး၊ လက်ယာတွေက မဲ့တဲ့တဲ့။ နိဂုံးချုပ်တော့ စစ်ဖြစ်ပြန်ပတဲ့။ ကြောင်းကျိုး ကွင်းဆက်ကို လိုက်ရှာရင်း သေသာ သွားမယ်၊ အယ်လန်ကတော့ နားမလည်။ နိုင်ငံရပ်ခြားမှာ မျက်စိသူငယ်နဲ့ နေရတာဆိုတော့လည်း အက်စတီဗင့် နောက် ဖဝါးခြေထပ် လိုက်ရုံကလွဲလို့ သူ ဘာလုပ်နိုင်ဦးမှာလဲ။ ကြွ ထ ရွ နေတဲ့ အက်စတီဗင်ကတော့ တပ်ထဲဝင်သတဲ့။ ဝင်ဝင်ချင်း ဖောက်ခွဲရေးသမားမှန်း သိသွားလို့ တပ်ကြပ်ကြီး ချက်ချင်းဖြစ်သတဲ့။

ယူနီဖောင်း တကားကားနဲ့ ဖရဏာပီတိ ဂွမ်းဆီထိနေတဲ့ အယ်လန့် မိတ်ဆွေကြီးဟာ သူ့ရဲ့ ပထမဆုံးတိုက်ပွဲအတွက် ဖင်တကြွကြွ ဖြစ်နေတုန်း တပ်စုခေါင်းဆောင်က အာရာဂွန်တောင်ကြားက တံတားနှစ်ခုကို ဖောက်ခွဲပစ်ဖို့ အမိန့်ပေးလာတယ်။ အက်စတီဗင်ပါတဲ့ အုပ်စုက ပထမတံတားကိုချိုးဖို့ တာဝန်ကျတယ်။ ကျောက်တုံးကြီးတစ်တုံးပေါ်တက်၊ ရိုင်ဖယ်ကို ဘယ်လက်နဲ့ ကိုင်၊ ညာဘက်လက်ကို လေထဲဆန့်တန်းရင်း တက်ကြွတဲ့ ကြက်ဖကြီး အက်စတီဗင်တစ်ယောက် အသံကုန် ဟစ်ကြွေးလိုက်တယ်။

'ဖက်ဆစ်စနစ်ကို အသက်ပင်သေသေ ချမယ်၊ အားလုံးအတွက် အသက် …
သက် … …'

ပြီးအောင်တောင် မဟစ်လိုက်ရရှာဘူး။ မော်တာကျည်သင့်ပြီး ခေါင်း တစ်ခြမ်း၊ လက်တစ်ဖက် ပြုတ်သွားရှာတယ်။ မီတာနှစ်ဆယ်အကွာက အယ်လန်လည်း မိုးမွှန်အောင် ပစ်နေတဲ့ကြားက ကျောက်တုံးပေါ်တက်၊ အသံကုန် ဟစ်ရလောက်အောင် မိုက်မဲလှတဲ့ သူ့ရောင်းရင်းဆီက လွင့်ကျလာတဲ့ သွေးနဲ့ ခန္ဓာအတိုအစတွေ ပေပွကုန်မစိုးလို့ အစွမ်းကုန် ရှောင်တိမ်းရသပေ့ါ။ သူ့အုပ်စုထဲက တပ်သားတစ်ယောက်က အော်ကြီးဟစ်ကျယ် ငိုနေတယ်။ ရောင်းရင်းကြီးအမှတ်တရ ဘာမှ သိမ်းထားစရာ မကျန်လောက်အောင် တစ်စစီဖြစ်သွားရှာတဲ့ အက်စတီဗင်ကို ကြည့်ပြီး … 'စက်ရုံမှာ နေနေရင် အကောင်းသားကွာ' လို့ အယ်လန် ညည်းရှာတယ်။ သူ့အိမ်လေးမှာနေရင်း ငြိမ်းငြိမ်းချမ်းချမ်း သစ်ခုတ်နေရတဲ့ ကာလတွေကို အမှတ်ရလာတယ်။

အက်စတီဗင်ကို အပိုင်းပိုင်း အတစ်တစ်ဖြစ်စေတဲ့ မော်တာကျည်ဆန်ဟာ စစ်ပွဲအစ သင်္ကေတပေမဲ့ နိဂုံးကမ္ပတ် အဆုံးသတ်တော့ မဟုတ်ခဲ့ဘူး။ အိမ်လွမ်းဝေဒနာ ခံစားနေရတဲ့ အယ်လန့်ခမျာ အရပ်ရှစ်မျက်နှာ ကြည့်လေရာ စစ်ဖြစ်နေတာကို အလန့်တကြား မြင်လိုက်ရတယ်။ ခုနေ ဆွီဒင်ကို လမ်း လျှောက်ပြန်လို့ကတော့ ငရဲကြီးရှစ်ထပ်ကို ဖြတ်ပြန်ရသလိုနေမှာ။ ဘယ်သူ မှလည်း သူ့ကို လက်ကမ်းကြိုနေမှာမဟုတ်။

ဒီလိုနဲ့ အခက်ကြုံနေတဲ့ အက်စတီဗင့် တပ်မှူးကို သူ သတင်းပို့တယ်။ သူဟာ ဥရောပရဲ့ ထိပ်သီး ဖောက်ခွဲရေးပညာရှင်ဖြစ်ကြောင်း၊ တံတားမကလို့ ဘာပစ္စည်းဖြစ်ဖြစ် အကုန်ဖောက်ခွဲပေးနိုင်ကြောင်း၊ အဲဒီအတွက် တစ်ရက် သုံးကြိမ်

စိတ်ကြိုက်စားခွင့်၊ ဝိုင် စိတ်ကြိုက်သောက်ခွင့် ပေးရမှာဖြစ်ကြောင်း ဈေးညှိလိုက်တယ်။ တပ်မှူးကလည်း ပြန်ပြောတာပေါ့။ သမ္မတနိုင်ငံတော်နဲ့ ဆိုရှယ်လစ်ဝါဒ သီချင်းကိုဆိုဖို့ ကက်ကက်လန် ငြင်းတာတွေ၊ အရပ်ဝတ် အရပ်စားကြီးနဲ့ နေတာတွေ ပြင်ရမယ်တဲ့။

'ဒီမယ် ကျုပ် ခင်ဗျားအတွက် တံတားတွေ ဖောက်ခွဲပေးမယ်ဆိုရင် ကျုပ်ဟာကျုပ် ဘာဝတ်ဝတ် ဘာအရေးတုံး၊ အဲဒါကိုမှ မကျေနပ်ရင် ကိုယ့်ဘာသာကိုယ် ဖောက်ခွဲပေတော့'

အယ်လန့်စကားကြားတဲ့အခါ တပ်မှူးခမျာ ဆတ်ဆတ်ခါရှာ။ သူ့ တပ်သက်တမ်းတစ်လျှောက် အရပ်သားတစ်ယောက်က အဲသလို ပမာမခန့် သူ့မျက်ခုံးမွေးပေါ် စကြိုလျှောက်ပြီး သူ့ပါးစပ်ထဲ အီးတက်ယိုသွားတာမျိုး တစ်ခါဖူးမှ မခံရဖူးပေဘဲကိုး။ ဒါပေမဲ့ သူ အားကိုးတကြီး ခေါ်ထားတဲ့ ဖောက်ခွဲဝိဇ္ဇာကြီးက ခု အစိတ်စိတ် အမွှာမွှာ ဖြစ်သွားခဲ့ပြီ။ တပ်မှူးဟာ စစ်မြေပြင်သုံး ခုံပေါ်ထိုင်ပြီး အယ်လန့်ကို ခန့်ရမလား၊ သတ်ရမလား စဉ်းစားနေတုံး တခြားတပ်မှူးတစ်ယောက်က သူ့နားနားကပ်ပြီး လာပြောတယ်။ ခုနက သေသွားတဲ့ တပ်ကြပ်ထက် ခု ခင်ဗျားရှေ့က ဆွီဒင်ကောင်ဟာ ဖောက်ခွဲရေး ကိစ္စမှာ အဆများစွာ တော်သတဲ့။

ကဲ … ဒီလိုနဲ့ ဆုံးဖြတ်ချက်ချတဲ့ကိစ္စ ခပ်မြန်မြန်ပြီးသွားတယ်။

(က)ဆီညော် ကားလ်ဆန် ရှင်စေ

(ခ) တစ်ရက် သုံးနပ် စိတ်တိုင်းကျ တီးစေ

(ဂ) သူကြိုက်တာ သူဝတ်ပစေ

(ဃ)ဝိုင်ကို သူများသောက်သလောက် ခွဲတမ်းကျ သောက်စေ၊ နည်းနည်း

ပိုသောက်ချင်လည်း သောက်ပစေ။

အပြန်အလှန်အနေနဲ့ တပ်မှူး ခိုင်းသမျှ ဘယ်နေရာမဆို ပေါက်ကွဲအောင် သူ လုပ်ပေးရမယ်။ အဲ … စစ်သားနှစ်ယောက်ကိုလည်း အမြဲ မျက်စိဒေါက်ထောက်ပြီး သူ့ကို ကြည့်ခိုင်းထားရမယ်။ သူဟာ စပိုင် တစ်ယောက် မဟုတ်ဘူးလို့ ဘယ်သူ အာမခံနိုင်မလဲ။

ရက်ကို လစား၊ လကို နှစ်မျို၊ အချိန်တရွေ့ရွေ့ ကုန်လာခဲ့တယ်။ ခုချိန်ထိတော့ ခွဲခိုင်းသမျှအကုန် ဝုန်းခနဲ ဒိုင်းခနဲ သိမ့်သိမ့်တုန်အောင် သူ ခွဲနိုင်ဆဲ။ နို့ပေသိ အချိန်တိုင်းတော့ နဘယံ ဘေးမရှိ ဘယ်ဟုတ်ပါ့မတုံး။ ဖောက်ခွဲဖို့ ပစ်မှတ်ထားတဲ့နေရာရောက်အောင် မြွေလိမ်မြွေကောက် မိကျောင်း တက် တက်၊ ရောက်ရင် ဖောက်ခွဲရေးပစ္စည်းတွေ စနစ်တကျဆင်၊ အချိန်ကိုက်၊ ပြီးရင် မြွေလိမ်မြွေကောက် တွားသွားပြီး အမြန်ဆုံးနှုန်းနဲ့ လုံခြုံတဲ့နေရာကို လွတ်အောင်ပြေး ဒါမျိုးကိုး။ ဆိုတော့ အယ်လန် စလုပ်ပြီး သုံးလကြာတဲ့အခါ သူ့နောက်က အရိပ်ပမာလိုက်နေတဲ့ စစ်သားနှစ်ယောက်ထဲက ပထမ တစ်ယောက် ကြွသွားတယ် (ဒိုင်းနမိုက်ဆင်ပြီး ပြန်ပြေးတော့ လမ်းမှားပြီး ရန်သူ့ စခန်း ရောက်သွားလို့)။ ခြောက်လနေတော့ နောက်တစ်ယောက် ထပ်ကြွ။ သို့သော် တပ်မှူးက လူစားမထိုးတော့။ ဆီညော်ကားလ်ဆန်ဟာ သူ့အလုပ်မှာ လက်ဖျားခါအောင် တော်ကြောင်း သူ ကောင်းကောင်းသိသွားခဲ့ပြီ။

လူတွေကို မလိုအပ်ဘဲ သတ်ဖြတ်နေရတာကို မုန်းလှတဲ့ အယ်လန်ဟာ တံတားတွေမှာ လူတစ်ယောက်မှ မရှိတာ သေချာမှ ဖောက်ခွဲတတ်တယ်။ စစ်ကြီး မပြီးခင်ကလေးမှာ သူ နောက်ဆုံး ဖောက်ခွဲရေးတာဝန်ယူရတဲ့ တံတားအထိ အမြဲ အဲသလိုပဲ သူ လုပ်ခဲ့တယ်။ အားလုံး ပြင်ဆင်ပြီးသွားလို့ တံတား အောက်ဘက်က

ချုံပုတ်ထဲကို လေးဖက်ထောက်ဝင်ဖို့အလုပ် တံဆိပ်တွေ အများကြီး ချိတ်ထားတဲ့ လူဖလံလေးတစ်ယောက်ကို ခြံရံပြီး ရန်သူ့ကင်း တစ်ဖွဲ့ တံတားဆီ တည့်တည့်ကြီးလာနေတာကို တွေ့လိုက်ရတယ်။ အမလေး … ဒင်းတို့ သေတော့မယ်။ သမ္ဘတတပ်ပေါင်းစု ဒင်းတို့ဖင်နား ကပ်နေတာ မသိရှာကြဘူး။

မကြာခင် အက်စတီဗင်နဲ့တကွ ထောင်ပေါင်းများစွာသော စပိန်သား တွေနောက် လိုက်ကြရတော့မယ်။ အယ်လန် မကြည့်ရက်ဘူး။ သဟာကြောင့် မတ်တတ်ရပ် လူလုံးပြပြီး အော်လိုက်တယ်။ လက်တွေလည်း ဝှေ့ယမ်းလို့ပေါ့။ ‘ဝေးဝေးသွားကြ၊ ရှောင်ကြရှားကြ၊ နို့မို့ရင် ခင်ဗျားတို့ ပေါက်ကွဲတဲ့ထဲ ပါသွားလိမ့်မယ်’

တံဆိပ်တွေနဲ့ လူဖလံလေးက စပြီးလှုပ်ရှားလိုက်တယ်။ မကြာခင် တစ်ဖွဲ့လုံး တံတားပေါ်ကနေ အယ်လန့်ချုံပုတ်နား ရောက်လာတယ်။ ရိုင်ဖယ် ရှစ်လက်ဟာ အယ်လန့်မျက်နှာနားမှာ ဝဲလို့။ တကယ်လို့သာ အဲဒီအချိန်မှာ အုန်းခနဲ တံတားကြီးမပေါက်ကွဲခဲ့ရင် တစ်လက်လက်ကနေ ကျည်ဆန် ထွက်လာမှာ အသေအချာပဲ။ ပေါက်ကွဲတဲ့အရှိန်ကြောင့် တံဆိပ်တွေနဲ့ လူဖလံလေးဟာ အယ်လန်နဲ့အတူ ချုံပုတ်ထဲ လုံးထွေးသွားတယ်။ အဲသလို ဖြစ်သွားတော့ ဘယ်သူမှ မပစ်ရဲတော့ဘူး။ မတော်လို့ တံဆိပ်နဲ့လူကို ကျည် သင့်ရင် ခြေမျိုလိမ့်မယ်။ နောက်တစ်ခုက အယ်လန့်ပုံပန်းက အန္တရာယ်မရှိတဲ့ အရပ်သားလို ဖြစ်နေတယ်။ အားလုံးပြီးသွားတဲ့အခါ တံဆိပ်တွေနဲ့ လူဖလံ လေးဟာ ကုန်းရုန်းထလာပြီး မဟာသေနာပတိတို့မည်သည် စစ်ရိပ်စစ်ကဲကို ကြည့်တတ်ရကြောင်း၊ ခု တံတားမရှိတော့လို့ ပြန်ဆုတ်တာ အကောင်းဆုံး ဖြစ်ကြောင်း မိန့်ခွန်းတွေ ခြွေနေတယ်။ သူ့အသက်ကိုကယ်ခဲ့တဲ့ ကျေးဇူးရှင်ကြီး အယ်လန်ကို

ဝမ်းသာအယ်လဲနဲ့ ထမင်းစားဖိတ်တော့တယ်။

'လိုက်ခဲ့၊ ထမင်းစားလှည့်ဗျ၊ ကျုပ် ထမင်းချက်က တောင်ပိုင်းကနေ

တကူးတက ခေါ်ထားရတာ'

ဟုတ်ပါပြီ။ အယ်လန်လည်း ဒီလောက်တော့ သိပါတယ်။ ရန်သူလို့

သူတို့ခေါ်ခေါ်နေတဲ့ စပိန်တပ်မတော်ရဲ့ မဟာသေနာပတိ ဗိုလ်ချုပ်ကြီး ဖရန်ကိုကို

သူ မရည်ရွယ်ဘဲ ကယ်တင်လိုက်သလို ဖြစ်သွားခဲ့ပြီ။ ခုနေများ သမ္မတဂိုဏ်းသား

ယူနီဖောင်းနဲ့ဆို သေတာ ကြာပေါ့။ အရပ်ဝတ်နဲ့ဆိုတော့ သူ့ကို ဘာသံသယမှ

မရှိဘူး။ ခုလောက်ဆို တောင်ကုန်းပေါ်ကနေပြီး အယ်လန် ဖြစ်ပျက်နေသမျှကို

သမ္မတတပ်ပေါင်းစုက မှန်ပြောင်းနဲ့ ကြည့်နေ မှာ အသေအချာပဲ။ ကျန်းမာ

အသက်ရှည်ချင်ရင် ခုနေ ဘက်ပြောင်းမှ တန်ကာကျမယ်။ တကယ်တော့လည်း

ဘက်ပြောင်းပြောင်း၊ မပြောင်းပြောင်း သူ ဘာနားလည်တာလိုက်လို့။ ပြီးတော့

ဗိုက်ကလည်း ဆာနေပြီကိုး။ တောင် ပိုင်းက ထမင်းချက်ဆိုတော့ လက်ရာလည်း

ကောင်းမှာနော်။ ဝိုင်နီလေးနဲ့ ဆိုရင် ... ဟင်း ... ရှလွတ် ...။

'ဟုတ်ကဲ့၊ လိုက်ပါ့မယ်၊ စားပါ့မယ်၊ ဗိုလ်ချုပ်ကြီးခင်ဗျ'

လွန်ခဲ့တဲ့ ဆယ်နှစ်။ လက်နက်စက်ရုံမှာ ဖောက်ခွဲရေး ကျွမ်းကျင်သူ အဖြစ်

အလုပ်ဝင်တုန်းက အရှူးထောင်မှာ လေးနှစ်နေခဲ့ရကြောင်း၊ လွတ်လွတ်ချင်း

သူ့အိမ်ကို ဖောက်ခွဲပစ်ခဲ့ကြောင်း အယ်လန် တစ်ခွန်းမှ မဟခဲ့ဘူး။ ဒါကြောင့်လည်း

အလုပ်အင်တာဗျူးဟာ ပန်းခင်းသောလမ်း ဖြစ်ခဲ့တယ်။

ခုဗိုလ်ချုပ်ကြီးနဲ့ စကားလက်ဆုံကျချိန်မတော့ အဲဒီ အတိတ်က ဖြစ်ရပ်တွေကို

အယ်လန် ပြန်တွေးနေမိတယ်။ လိမ်တာဟာ နည်းနည်းမှ မကောင်းဘူး။ တစ်ဖက်က

ကြည့်ပြန်တော့လည်း သမ္မတတပ်ပေါင်းစုရဲ့ အရပ်သားပညာရှင်အဖြစ်

ရှိသမျှတံတားအကုန် ဖုံးလိုက်ခွဲသူဟာ ကျွန်တော်ပါ ခင်ညာလို့ ဝန်ခံလို့ ဘယ်ဖြစ်လိမ့်မလဲ။ ဒါကြောင့် အယ်လန်ဟာ ဗိုလ်ချုပ်ကြီးကို မယုတ်မလွန် ပြောတယ်။ သမ္မတတပ်ပေါင်းစုဘက်ကနေ ထွက်ပြေးလာရင်း ချုံထဲရောက်နေတာပါလို့ပေါ့။ ချုံထဲကနေ တံတားကို မိုင်းထောင်နေတာ တွေ့ကြောင်း၊ ဒါကြောင့် ဗိုလ်ချုပ်ကြီးကို စိုးရိမ်လွန်လွန်း၊ အားကြီးလွန်လွန်းလို့ အသက်ကို ပဓာနမထား စွန့်လွှတ်စွန့်စား သတိပေး ရခြင်း ဖြစ်ကြောင်း။ သူ စပိန်မှာရောက်နေရခြင်း အကြောင်းကတော့ လွန်လေပြီးသော ဝန်ကြီးချုပ် ပရိုင်မို ဒီ ရေဗာရာနဲ့ ထဲထဲဝင်ဝင် ပတ်သက်မှု ရှိတဲ့ သူ့မိတ်ဆွေကြီးတစ်ယောက်ကြောင့် ဖြစ်ကြောင်း၊ ခုတော့ အဲဒီ မိတ်ဆွေကြီး မော်တာကျည်သင့်ပြီး အနိစ္စရောက်တာ ကြာပြီဖြစ်ကြောင်း၊ သမ္မတတပ်ပေါင်းစု ကြားကနေ ခုတော့ လွတ်အောင်ပြေးနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောပြတယ်။

အယ်လန်ဟာ အကြောင်းအရာ ပြောင်းလိုက်တယ်။ သူ့အဖေဟာ ဇာဘုရင် နီကိုလတ်ရဲ့ အတွင်းစည်းထဲကဖြစ်ကြောင်း၊ လီနင့်လူ ဘော်ရှီဗစ်တွေနဲ့ မနိုင်နိုင်တဲ့ တိုက်ပွဲကို တစ်ကိုယ်တော်ဆင်နွှဲရင်း အာဇာနည်ပီပီ အသက်စွန့် ခဲ့ကြောင်းတွေကို ဗိုလ်ချုပ်ကြီးရဲ့ ယာယီတဲမှာ ညစာစားရင်း ပြောတယ်။ ဝိုင်နီတွေ သူ့ဗိုက်ထဲ ဝင်လေလေ၊ သူ့အဖေရဲ့ စွန့်စားခန်းတွေက ရဲရဲတောက် လာလေပေါ့။

ဗိုလ်ချုပ်ကြီးခမျာ ကြည့်ရင်း ကြည့်ရင်း အယ်လန့်ကို ကြည်ညိုလာ၊ ပထမ သူ့အသက်ကို ကယ်၊ ခု ... တော်ကြီးဘုရား ဇာဘုရင်နဲ့ အဆက် အသွယ်ကလည်း ရှိ။ ကြည့်စမ်း ... တော်လိုက်တဲ့လူနှယ်။အစားအသောက်ကလည်း ကောင်းပါ့။ ဝိုင်ကလည်း ချောင်းစီးမတတ်။ အယ်လန့်အတွက် ...၊ အယ်လန့်အဖေ အာဇာနည်အတွက် ...၊ တော်ကြီးဘုရား ဒုတိယမြောက် နီကိုလပ်နဲ့ တော်ဝင်

ရှရှမိသားစုအတွက် … ဆုမွန်ကောင်းများ တောင်းရင်း တစ်ခွက်ပြီးတစ်ခွက်။

နောက်ဆုံးတော့ အယ်လန့်လို မျိုးကြီးရိုးကြီးနဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းမြောက်လှတဲ့အကြောင်း ပြော၊ တင်းတင်း ဖက်၊ နှုတ်ဆက်ရင်း ဗိုလ်ချုပ် ကြီး ပက်လက်လန်။

တစ်သက်မခွဲ ရွှေလက်တွဲမယ့် မိတ်ဆွေကြီးနှစ်ဦး အတူတူ ပြန်နိုး လာကြတဲ့အခါမတော့ စစ်ကြီး နိဋ္ဌိတံသွားခဲ့ပြီ။ ဒါနဲ့ပဲ စပိန်ပြည်အသစ်ကြီး ရဲ့ အစိုးရအဖွဲ့ ခေါင်းဆောင်နေရာကို ဗိုလ်ချုပ်ကြီးဟာ အကြင်နာကြီးစွာ ယူရှာတယ်။ အယ်လန့်ကို သူ့အတွင်းဝန် ကိုယ်ရံတော်ခေါင်းဆောင် လုပ်ပါ့လားလို့ ကမ်းလှမ်းလိုက်တယ်။ ဘယ်လိုပြောရမလဲပေါ့နော်၊ ကမ်းလှမ်းတာကို ကျေးဇူးတင်ပါတယ်ပေါ့နော်၊ သို့သော်လည်း မြင့်မြတ်တော်မူပေထသော ခေါင်းဆောင်ကြီးက ခွင့်ပြုတော်မူတယ်ဆိုရင်ဖြင့် နေရပ်ချက်ကြွေ ဇာတိမြေကို ပြန်ချင်လှတယ်ပေါ့နော် …၊ ဒီလို ဒီလို ပြောလိုက်တယ်။ ခေါင်း ဆောင်ကြီးကလည်း အကူအညီလိုတိုင်း လက်မနှေးစတမ်း ထုတ်ပြဖို့ စာတစ်စောင် ရေးပေးလိုက်တယ်။ မင်းညီမင်းသားတစ်ပါးလို ခြွေရံသင်းပင်း ဖော်တစ်သင်းနဲ့ လစ္စဘွန်းအထိ လိုက်ပို့စေတယ်။ လစ္စဘွန်းကနေ ထွက်တဲ့ သင်္ဘောတိုင်း မြောက်ဘက်ကိုသွားတယ်လို့ပဲ ဗဟုသုတကြွယ်ဝလှတဲ့ ခေါင်းဆောင်ကြီးခမျာ ထင်နေရှာတာကိုး။

တကယ်တော့ လစ္စဘွန်းကနေ အရပ်တကာကို သင်္ဘောတွေ ထွက်တာလေ။ အယ်လန်လည်း ခဏရပ်ရင်း စဉ်းစားလိုက်တယ်။ နောက်တော့ စပိန် အလံလွှင့်ထားတဲ့ သင်္ဘောတစ်စီးရဲ့ ကပ္ပတိန်ကို ဗိုလ်ချုပ်ကြီးရဲ့စာ ပြလိုက်တယ်။ အရာရာ အဆင်ပြေချောမွေ့ ပန်းခင်းသောလမ်းတမျှ။ သို့ပင်သို့ငြား ထိုသင်္ဘောက

ဆွီဒင်မသွား။ သဟာကြောင့်မို့ အယ်လန်တစ်ယောက် ကိုယ့်ကိုယ်ကိုယ်
ပြန်မေးခွန်းထုတ်၊ ထုတ်ပင်ထုတ်ငြား ... အဖြေကား မရ။

(၈)

၂၀၀၅၊ မေ ၃၊ အင်္ဂါ–၂၀၀၅၊ မေ ၄၊ ဗုဒ္ဓဟူး။
သတင်းစာရှင်းလင်းပွဲ ပြီးသွားတော့ ဘီယာတစ်လုံး ထိုင်စုပ်ရင်း ရေပုံး
တစ်ယောက် နက်နက်နဲနဲ စဉ်းစားနေတယ်။ ဘာတွေ ဘယ်လောက်ဘယ်လို စဉ်းစား
စဉ်းစား၊ ခေါင်းသာ ပွင့်ထွက်သွားမယ်။ ခုထိ အဖြေမှန်း ခေါင်းမှန်းခွဲလို့ မရသေး။
ဘာတွေတုံး၊ ဘယ်လိုနားလည်ရမှာတုံး။ အသက်တစ်ရာ အဘိုးကြီးကို မင်းတုံးက
ပြန်ပေးဆွဲသွားတာလား၊ မင်းတုံးကို အဘိုးကြီးက ပြန်ပေးဆွဲတာလား၊
ပြိုင်တူဆွဲကြတာလား ...။ စဉ်းစားရင်းနဲ့ ခေါင်းတွေ တဒိန်းဒိန်း ကိုက်လာတယ်။
တော်ပြီ၊ မစဉ်းစားဘူး။ ဘော့စ်ဆီ ဖုန်းဆက်။ သတင်းပို့ရလောက်အောင်
ထူးတဲ့သတင်းမျိုး ခုထိ မရသေးဘူးဆိုတာကို သတင်းပို့။ မန်ကိုပင်းမှာ ဆက်နေပြီး
နောက်အမိန့်ကိုစောင့်လို့ ဘော့စ် ပြော တာကို တစ်သဝေမတိမ်း နာယူ။
ကဲ ... ဖုန်းပြောပြီးပြီ။ ခုတော့ ကိုယ့်တစ်ယောက်တည်းပါ။ ဘီယာလေးကို
သောက်ကာ ခေါင်းကလေး ပွတ်လို့၊ စိတ်ကလေး ရှုပ်လို့ အတိတ် ပြန်လွမ်းကာ
မှိန်းနေတာ၊ အချိန်ရမှ နားဆင်ပါ။
ရေပုံးရဲ့ လူမိုက်ဘဝလမ်းကို ဘရာ့ဇ်မှာ စခဲ့တယ်။ ဒီကနေ ကီလို
နှစ်ဆယ်လောက် ဝေးပြီး ခု အယ်လန်နဲ့ မိတ်ဆွေသစ်များ ဆုံစည်းနေကြတဲ့
နေရာတစ်ဝိုက်ပေါ့။ သူ့လို စိတ်တူကိုယ်တူတွေ စုပြီး လူတကာ ဖိန့်ဖိန့်တုန်

သွားအောင် အကြမ်းစားများ (The Violence) လို့ နာမည်ပေးပြီး မော်တော် ဆိုင်ကယ်ဂိုဏ်း ဖွဲ့တယ်။ သတင်းစာတိုက်ကို လုမယ်၊ ပြီးရင် စီးကရက်ဆိုင်ကို အနုကြမ်းစီးမယ် စသဖြင့် တွက်ရေးနဲ့ စက်သူဌေးလုပ်နေတယ်။ နာမည်ကို ခံ့ညားအောင် ဆွီဒင်လိုမရေးဘဲ အင်္ဂလိပ်လိုရေးဖို့ ခေါင်းဆောင် ရေပုံး ဆုံးဖြတ်တော်မူတယ်။ ခိုးလာတဲ့ သားရေဂျာကင် အသစ်စက်စက်တွေရဲ့ နောက်ကျောမှာ ‘အကြမ်းစားများ’လို့ စာတန်းထိုးဖို့ သူ့ရည်းစား အစ္စဘယ်လာ ကို ခိုင်းမိတယ်။ ခက်တာက အစ္စဘယ်လာဟာ တစ်ခါမှ သေချာ ကျောင်းမနေ ဖူးတဲ့အတွက် စာလုံး ဘယ်လိုပေါင်းရမယ်မှန်း ဘယ်သိပါ့မလဲ။ ဆွီဒင် လိုတောင် သေချာမပေါင်းတတ်တာ အင်္ဂလိပ်လိုတော့ ဝေးပေါ့။

ဒီလိုနဲ့ ထင်သလို ထိုးပေးလိုက်တဲ့ စာတန်းဟာ မူလရည်ရွယ်သလို အကြမ်းစားများ (The Violence) မဖြစ်ဘဲ တယောသမားများ (The Violins) ဖြစ်သွားခဲ့တယ်။ အဖွဲ့ဝင်တွေရဲ့ ပညာအရည်အချင်းကလည်း အစ္စဘယ်လာနဲ့ သူမသာ ကိုယ်အသုဘဆိုတော့ ဒါကို ဘယ်သူမှ သတိ မထားမိခဲ့ကြဘူး။

ဒါကြောင့်လည်း ဗက်စ်ဂျိုက ဂီတခန်းမ အုပ်ချုပ်သူတွေဆီကို ဘရာ့ဇ်က တယောသမားများအဖွဲ့က စာရောက်လာတော့ လူတိုင်း အံ့သြကြတာပေါ့။ ဂီတဖျော်ဖြေပွဲကို ဆားပြတိုက်ဖို့လို့ ဘယ်သူမှ မထင်ကြဘဲ ရွက်ပုံးသီးဂီတ သမားတွေ ဝင်ဖျော်ဖြေချင်လို့ တောင်းပန်တဲ့စာလို့ ထင်ကုန်ကြတယ်။ အဲဒီအကြောင်းကို ရေပုံး သိတဲ့အခါ အနာပေါ် တုတ်ကျသလို

ဆတ်ဆတ်ခါသွားတယ်။ ဒါနဲ့ပဲ သတင်းစာတိုက်ကို ပညာမပေးခင် ဂီတ ခန်းမကို ပညာပေးရမယ်လို့ ဆုံးဖြတ်ပြီး ဗက်စ်ဂျိုကိုသွား၊ ခန်းမ မှန်တံခါးကနေ အုတ်ခဲတစ်လုံး ပစ်သွင်းလိုက်တယ်။

အုတ်ခဲဟာ သူ စေစားရာကို တန်းတန်းမတ်မတ် ဝင်သွားပါတယ်။ စွပ်ထားတဲ့ သူ့လက်အိတ်တစ်ဖက်ပါ ပါသွားတာက လွဲရင်ပေါ့။ လုံခြုံရေး ခေါင်းလောင်းသံတွေ ဆူညံလာချိန်မှာတော့ ဘာမဟုတ်တဲ့ လက်အိတ်လေး တစ်ဖက်အတွက်နဲ့ စွန့်စားရရင် မတန်ဘူးလို့ ရေပုံး တွက်ဆလိုက်တယ်။

ဒါပေမဲ့လည်း လက်အိတ်တစ်ဖက်မရှိတာ ဆိုးလိုက်တာကွာ။ ဗက်စ်ဂျိုကနေ ဘရာ့ဇ် အပြန်လမ်းတစ်လျှောက် ဆိုင်ကယ်မောင်းရင်း လက်အိတ် မပါတဲ့ လက်ဟာ ရေခဲတုံးလို ဖြစ်လာတယ်။ ပိုဆိုးတာကတော့ စာသာ မတတ်တယ်၊ မဟုတ်တဲ့နေရာ သေချာချင်တဲ့ မသာမ အစ္စဘယ်လာဟာ သူ့ကိုကို ရေပုံးအတွက် သဒ္ဒါလွန်ပြီး လက်အိတ်အတွင်းသားမှာ ရေပုံးရဲ့ နာမည်နဲ့ လိပ်စာကို အသေအချာ ချုပ်ထည့်ပေးလိုက်တာကလား။ ဆိုတော့ မနက်မိုးလင်းလင်းချင်း ရဲတွေရောက်လာပြီး ရေပုံးကိုပင့်သွားပါလေရော။

အားလုံးလည်း စစ်မေးပြီးရော 'အကြမ်းစားများ'ကနေ 'တယောသမားများ' ဖြစ်သွားရှာတဲ့ သူတို့အဖွဲ့အကြောင်း သတင်းစာထဲပါလာတယ်။ ဘရာ့ဇ်က လူတွေအကုန် ဖင်ဆောင့် ရယ်ကြတာပေါ့။ ဒေါသက ကျော်မတက်သွားတဲ့ ရေပုံးဟာ သူတို့ကို ရယ်သွမ်းသွေးတဲ့ သတင်းစာတိုက်ကို မီးလောင်တိုက်သွင်းဖို့ ဆုံးဖြတ်တယ်။ ဒါကြောင့် သတင်းစာတိုက်ပိုင်ရှင် တူရကီ–ဘူဂေးရီးယန်း စပ်ကျားကောင်ကြီးဟာ အသက်လု ပြေးခဲ့ရတယ်။ လက်အိတ်တစ်ဖက် စွပ်ရတာက ဘာမှ မစွပ်ရတာထက်စာရင် တော်သေးတယ်လို့ ခံယူခဲ့ပေမဲ့ ဗရုတ်ဗရက်

အချိန်တွင်း အဲဒီ လက်ကျန်တစ်ဖက်ပါ ပျောက်သွားပြန်တယ် (အဲဒီထဲမှာလည်း သူ့နာမည်နဲ့ လိပ်စာ ပါတာပဲ)။မကြာပါဘူး။ ရေပုံးတစ်ယောက်

ထောင်နန်းစံရတော့တယ်။ အဲဒီမှာ သူ ဘော့စ်နဲ့ တွေ့တာပဲ။ မွေးဌာနေ ဘရာ့ဇ်ကိုရော၊ ဒုက္ခပေးတဲ့ ဖွတ်ကျားမ အစ္စဘယ်လာကိုပါ စိတ်အနာကြီး နာနေတဲ့ ရေပုံးဟာ နေရပ်ကိုစွန့်ပြီး ဘော့စ် နောက်လိုက်ဖို့ ဆုံးဖြတ်လိုက်တော့တယ်။ ခေါင်းဆောင်ကြီး မရှိတော့ပေမဲ့ 'တယောသမားများ'ကတော့ ဆက်ရှိ နေတုန်းပဲ။ သို့သော် ဦးတည်ချက်ပန်းတိုင်ကို ပြောင်းလိုက်ကြတယ်။ ရေပုံးရဲ့ ညီက ခေါင်းဆောင်တက်လုပ်နေတဲ့ 'တယောသမားများ'ဟာ ကားတွေကို ခိုးပြီး မိုင်နှုန်းတွေ လျှော့ပစ်တယ်။ မိုးလင်းလို့ ကားထဲဝင်ဝင်ချင်း ခင်ဗျား ကားဟာ မိုင်ဝက်ပဲ မောင်းရသေးတယ်ဆိုတာ တွေ့ရင် လူတွေ ဘယ်လောက် စိတ်ချမ်းသာလိုက်မလဲဗျာလို့ သူက ပြောလေ့ရှိတယ်။

ရေပုံးကတော့ သူ့အပေါင်းအဖော်များနဲ့ တစ်ခါတလေ အဆက်အသွယ်ရှိပေမဲ့ နေရာဟောင်းကို ခြေဦးပြန်မလှည့်တော့ဘူးလေ။

'စောက်သုံးကျတဲ့ဘဝ မဟုတ်ဘူး'

ဒါ သူ့ဘဝကို စားမြုံ့ပြန်ပြီးတိုင်း နိဂုံးချုပ်လေ့ရှိတဲ့ ရေပုံးရဲ့ အာလုပ် စကားပေါ့။

ကဲကဲ ... စောက်သုံးမကျတဲ့ ဘဝကို စားမြုံ့ပြန်နေမယ့်အစား သုံးဘူး မြောက် ဘီယာကို လက်စသတ်ပြီး ဘော့စ်အမိန့်အတိုင်း ဟိုတယ်ကို သွား စစ်မှပဲလေ။

အေကာရွာထဲကို စုံထောက် အေရွှန်ဆန်ရယ်၊ ခွေးထိန်းရယ်၊ ရဲခွေး ကစ်ကီရယ် ရောက်လာတဲ့အချိန်မှာ မှောင်စပျိုးနေခဲ့ပြီ။ ရထားလမ်းအတိုင်း အကြာကြီး

လျှောက်ခဲ့ကြရတာလေ။ လမ်းတစ်လျှောက် အနံ့ခံစပါယ်ရှယ်လစ် ရဲခွေးဟာ ဘာမှ ထူးထူးခြားခြား မတွေ့ရဘူး။ ဒါပေမဲ့ စွန့်ပစ်ထားတဲ့ ထရော်လီပေါ်လည်း ရောက်ရော ခွေးဟာ လှုပ်လှုပ်ရှားရှားဖြစ်လာတယ်။ ခြေထောက်တစ်ချောင်း မြှောက်ပြီး စူးစူးဝါးဝါး ဟောင်တော့တာမို့ အေရှန် ဆန်ရဲ့ မျှော်လင့်ချက်တွေ တစ်ဖန်ပြန်လည် အသက်ဝင်လာခဲ့တယ်။ သူက ခွေးထိန်းကို မေးလိုက်တယ်။

'ဒါ ဘာအဓိပ္ပာယ်လဲ …'

ခွေးထိန်းက ခွေးရဲ့အမူအရာနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ရင် ဘာ အဓိပ္ပာယ်ဆိုတာကို မဆိုင်တာတွေ ရှည်ရှည်ဝေးဝေး ရှင်းပြနေတယ်။ နောက်ဆုံးကျမှ ခြေတစ်ချောင်းမြှောက်ပြီး ဟောင်နေရင် မသာတွေ့လို့ဆိုပြီး ပြောတော်မူတော့တယ်။

'မသာ … ဟုတ်လား၊ အလောင်းကို ပြောတာလား …'

'ဟုတ်တယ်၊ ဒီ ထရော်လီပေါ်မှာ အလောင်းရှိခဲ့တယ်'

မူလက အေရှန်ဆန်ရဲ့စိတ်ထဲမှာ ပြန်လမ်းမရှိ ဂိုဏ်းဝင်ဟာ ကံဆိုးရှာတဲ့ ရာပြည့်အဘိုးကြီး အယ်လန်ကို သတ်ပစ်လိုက်ပြီ ထင်နေတာ။ ခုတော့ ထရော်လီပေါ် အလောင်းတွေ့တယ်ဆိုတော့ ထင်တာနဲ့ ပြောင်းပြန်များ ဖြစ်နေ သလား။ ဟူး … ဘာပဲပြောပြော အတော်စိတ်သက်သာရာ ရသွားခဲ့တယ်။

အလှကလေးဟာ သူတို့လူစုကို အာလူး၊ အမဲသား၊ ဘီယာတွေနဲ့ ညစာ ကျွေးတယ်။ မခေါ်ဘဲ ရောက်လာတဲ့ ဧည့်သည်တွေဟာ ဆာပေမဲ့ မစားဝံ့ သေးဘူး။ ခုနက စပါးကျီထဲက အသံကြီးက ဘာလဲဆိုပြီး ဝိုင်းမေးကြတယ်။ အလှကလေး မယ်နီမက အေးဆေးပဲ။

'အဲဒါ ဆွန်ညာလေ၊ ကျုပ်မွေးထားတဲ့ ဆင်ပေါ့ တော်ကြီးတို့ရဲ့'

ဂျူးလီးယပ် – 'ဘယ်လို၊ ဘယ်လို ... ဆင် ... ဟုတ်လား'

အယ်လန် – 'ဟင် ... ဆင် ...'

ဘန်နီ – 'သြ ... အသံကြားကတည်းက ထင်တော့ ထင်သား'

မြင်မြင်ချင်း ချစ်မိသွားတဲ့ ဟော့ဒေါ့ဆိုင်ပိုင်ရှင်ဟောင်းဟာ အလှကလေးကို ကြည့်လေ ချစ်လေ ဖြစ်လာတယ်။ အို ... လှလိုက်တဲ့ နီနီတျာရဲ၊ နီစွေးစွေး၊ တစ်ကိုယ်လုံး နီရယ် ... ခုနစ်ဆောင်တိုက်ခန်းထဲကများ ခုန်ထွက်လာလေရော့သလားကွယ်။ အဲဒီအချိန်မှာ သူ့အလှကလေး နီစွေးစွေးက ဆင် ဠီကာ ခင်းနေခဲ့ပြီ။

သြဂုတ်လဆန်း တစ်မနက်မှာ သူ့ဥယျာဉ်ထဲက ပန်းသီးတွေ ခိုးစား နေတဲ့ ဆင်ကို အလှကလေး တွေ့လိုက်ရတယ်။ တကယ်လို့ ဆင်သာ စကား တတ်ခဲ့ရင် 'ကျွန်မက ဇက်စ်ဂျိုမှာပြနေတဲ့ ဆပ်ကပ်ထဲက ထွက်ပြေးလာတာပါရှင့်၊ ရေငတ်လွန်းလို့ သောက်စရာတစ်ခုခု လိုက်ရှာတာပါရှင့်၊ ကျွန်မကို ထိန်းတဲ့ ဆင်ထိန်းက သူ့အလုပ် သူမလုပ်ဘဲ မြို့ထဲထွက် အရက်သောက် နေလို့ပါရှင့်'လို့ စီကာပတ်ကုံး ပြောပြမယ်ထင်တယ်။

မှောင်စပျိုးတဲ့အချိန်မှာ ခြေဦးတည့်ရာ ထွက်လာတဲ့ ဆင်မဟာ ဟယ်လ်ဂါရေကန်ကို ရောက်လာခဲ့တယ်။ သူ ရေသောက်ရုံနဲ့ မတင်းတိမ်တော့ဘူး။ ရေအေးအေးကို စိမ်ချင်စိတ်တွေ ပြင်းပြလာတယ်။ ဒါနဲ့ သူ ရေကန်ထဲ ဆင်းတယ်။ ခပ်တိမ်တိမ်ပဲလို့ထင်တဲ့ ရေဟာ တဖြည်းဖြည်း နက်လာတယ်။ ဒီလိုနဲ့ သူ့ဇာတိစိတ်အရ ဘယ်လိုတတ်နေမှန်းမသိတဲ့ ရေကူးခြင်း အမှုကို သူပြုတယ်။

များသောအားဖြင့် ဆင်တွေရဲ့ အတွေးလမ်းကြောင်းဟာ လူတွေလို

ယထာဘူတကျကျ၊ ယုတ္တိဗေဒကျကျ ဘယ်ရှိပါ့မလဲ။ ဒါကြောင့် လည်း နောက်ကို လေးမီတာလောက် ပြန်ကူးရင် ကမ်းခြေရောက်ပါလျက်နဲ့ နှစ်ကီလိုမီတာခွဲလောက်ဝေးတဲ့ ကန်ရဲ့ တခြားတစ်ဖက်ကိုရောက်အောင် သူ ကူးလာတာပေါ့။

အဲသလိုလုပ်ခဲ့လို့ အကျိုးဆက်နှစ်မျိုး ဖြစ်ထွန်းလာတယ်။ နံပါတ်တစ်က ဆပ်ကပ်ထဲက လူတွေ ဒေါင်းတောက်၊ ရဲကို အကြောင်းကြား၊ ရဲက ဆင်ခြေရာလမ်းကြောင်းအတိုင်း ဟယ်လ်ဂါရေကန်ကိုလိုက်၊ အဲဒီမှာ ခြေရာ လည်း ပျောက်၊ ရေလည်းနောက်။ နံပါတ်နှစ်က ကျန်းမာပကတိ ချမ်းသာ အတိရှိတဲ့ ဆင်မဟာ အမှောင်ကို အကာအကွယ်ယူပြီး အလှကလေးရဲ့ ပန်းသီးခြံ အထိအောင် ဒုတ်ဒုတ်ထိ ရောက်။

အလှကလေးကတော့ ဒါတွေ မသိပါဘူး။ ဆင်ဟာ ဆင်ပေါ့။ သူ့ဆီ ရောက်လာတော့ သူ့အပိုင်ပေါ့။ ဒါနဲ့ သူ ဆင်မကို ဆွန်ညာလို့ နာမည်ပေး လိုက်တယ်။ သူ့အသည်းကျော် အဆိုတော် ဆွန်ညာ ဟီဒန်ဘရက်ကို စွဲပြီး တော့ပေါ့။ ဆွန်ညာနဲ့ သူ့ခွေး ဘက်စတာဟာ ရက်ပေါင်းများစွာ ညှိနှိုင်းကြပြီး နောက်ဆုံးတော့ အတူယှဉ်တွဲနေထိုင်ဖို့ သဘောတူလိုက်ကြတယ်။

ဆောင်းဝင်လာတဲ့အချိန်မှာ ဆင်ပီသလှတဲ့ ဆင်မ ဆွန်ညာအဖို့ စားရေးသောက်ရေး ခက်ခဲလာတယ်။ ဒါပေမဲ့ တိုင်း၍ရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့် ဆိုသလို အလှကလေးရဲ့အဖေဟာ အမွေ ကရောင်း တစ်သန်းပေးပြီး အိမ်ကထွက်သွားလို့ အလှကလေးဟာ သူအလုပ်လုပ်တဲ့ ရှော့ထ်နီးက ဆေးခန်းကနေထွက်ပြီး ဆင်နဲ့ ခွေးအတွက် အချိန်ပြည့် စောင့်ရှောက်နိုင်တဲ့ ကျေးဇူးကြီးပေ တို့မေမေ ဖြစ်လာခဲ့တယ်။

ဒီလိုနဲ့ နွေဦးပေါက်လာတယ်။ ဆွန်ညာလည်း အစာဖောဖောသီသီ ရလာတယ်။
အဲဒီအချိန်မှာ အဖေထွက်သွားပြီး နှစ်နှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် မာစီးဒီးနဲ့
ဧည့်သည်တွေ ဖြုန်းခနဲ ရောက်လာခဲ့တယ်။ ခု ဒီ အကြောင်း သူ့ဧည့်သည်တွေကို
ဇာတ်စုံခင်းနေပြီ။ ဘာမှလည်း လျှို့ဝှက်ထား စရာ မရှိဘဲကိုး။
အယ်လန်နဲ့ ဂျူးလီးယပ်ဟာ အလုကလေးရဲ့ ဇာတ်လမ်းထဲမှာ နစ်ဝင်
နေကြတယ်။ ဘာသံမှ မထွက်။ ဘန်နီကတော့ …
'အင်း … ဒါပေမဲ့ သူ့အော်သံက တစ်မျိုးပဲ၊ သူ နာနာကျင်ကျင် ခံစား
နေရတယ်လို့ ကိုယ်ထင်တယ်'လို့ ပြောလိုက်တော့ အလုကလေးက မျက်လုံး
ပြူးသွားပြီး ….
'ဟုတ်ပါ့တော်၊ အမှန်ပဲ၊ ရှင် ဘယ်လိုလုပ်သိသလဲ'လို့ မေးပါလေရော။
ဘန်နီက ခဏစဉ်းစားလိုက်ပြီး …
'ကိုယ်က တိရစ္ဆာန်ဆရာဝန် ဖြစ်လုဖြစ်ခင်ပဲ၊ ဒီအကြောင်း တိုတို
နားထောင်ချင်လား ရှည်ရှည်နားထောင်ချင်လား' တဲ့။
ရှည်ရှည်နားထောင်ဖို့ အားလုံး သဘောတူကြတယ်။ သို့သော်လည်း
နားမထောင်ခင် ဖြစ်လုဖြစ်ခင် တိရစ္ဆာန်ဆရာဝန်အဖို့ သူနဲ့အတူသွားပြီး ဆွန်ညာရဲ့
ဘယ်ဘက် ရှေ့ခြေထောက်အခြေအနေ သွားကြည့်မှဖြစ်မယ်လို့ အလုကလေးက
အရေးဆိုတယ်။
အယ်လန်နဲ့ ဂျူးလီးယပ်ကတော့ ထမင်းစားစားပွဲ ဆက်ထိုင်ရင်း
မြင်းမြီးဆံပင်နဲ့ တိရစ္ဆာန်ဆရာဝန် ဆိုတဲ့အကောင်ဟာ ရှာစွန်ဇနပုဒ် မီးကလေး
မိုတ်တုတ်မှာ အသက်ငင်နေတဲ့ ဟော့ဒေါ့ဆိုင်ပိုင်ရှင် ဘယ်လို ဖြစ်လာသလဲ
ဆိုတဲ့ကိစ္စကို စောကြောရင်း အဖြေရှာမတွေ့ ဖြစ်နေကြတယ်။ မြင်းမြီးဆံပင်နဲ့

တိရစ္ဆာန်ဆရာဝန်တဲ့ ...။ ထူးပ့ါ၊ ဆန်းပ့ါ။

ဘန်နီကတော့ သနားစရာ ဆွန်ညာကို ယုံကြည်မှုအပြည့်နဲ့ စမ်းသပ်

စစ်ဆေးနေတယ်။ တကယ်လည်း ဒီလို တိရစ္ဆာန်ပေါင်းများစွာကို သူ

လက်တွေ့စမ်းသပ်ခဲ့ပြီးသား။ ဒုတိယခြေချောင်းက ခြေသည်းကျိုးပြီး အသားထဲ

စိုက်နေရှာတာကိုး။ ဒါကြောင့် ခြေထောက်ကြီး ယောင်ကိုင်းပြီး သူနာနေ

ရှာတာပေ့ါ။ အလှကလေးတစ်ယောက် ဘယ်လိုမှ ဆွဲထုတ်လို့မရခဲ့တဲ့ ဆင်

ခြေသည်းကျိုးကို နှစ်မိနစ်လောက်နဲ့ ဘန်နီက အသာလေး ထုတ်ပြလိုက်တယ်။

ခြေထောက်ယောင်နေတာအတွက်တော့ ဒီတိုင်းထားလို့ မဖြစ်ချေဘူး။

'ပဋိဇီဝဆေး လိုတယ်ဗျ၊ တစ်ကီလိုလောက် လိုတယ်'

'လိုတယ်ဆို ရရမှာပေ့ါရှင်'

ရရမှာပေ့ါသာ ပြောတာ။ ရဖို့အတွက်က ရှော့ထနီးကို ညကြီးသန်းခေါင်

သွားရမှာ။ ဒါနဲ့ပဲ ဘန်နီနဲ့ အလှကလေး ညစာစားဖို့ ပြန်ရောက် လာကြတယ်။

ဘီယာရယ်၊ သီးစုံအရက်ရယ် ပါတော့ ညစာကို မြိန်မြိန်ယှက်ယှက်

စားနိုင်ကြတယ်။ ဘန်နီကတော့ အရက်မသောက်ဘူး။ ဖျော်ရည်ပဲ သောက်တယ်။

နောက်ဆုံးအလုတ်ကို သွပ်လိုက်ကြပြီးတဲ့အခါမတော့ ဧည့်ခန်းထဲက

မီးလင်းဖိုနံဘေး လက်တင်ကုလားထိုင်ပေါ် ကိုယ်စီကိုယ်င ရောက်သွားကြ။ အဲဒီမှာ

ဘန်နီ့ဘဝဇာတ်ကြောင်းကို ဝိုင်းကာဝန်းကာ ထောင်၊ နားစွင့်။

စတော့ဟုမ်းတောင်ပိုင်းမှာ မွေးဖွားကြီးပြင်းလာခဲ့ကြတဲ့ ဘန်နီနဲ့ သူ့ထက်

တစ်နှစ်ကြီးတဲ့ သူ့အစ်ကို ဘော်ဆီဟာ နွေရာသီဆိုရင် ဒယ်လာနာ က သူတို့ဦးလေး

ဖရန်ဆီဆီ သွားသွားနေကြသတဲ့။ ဖရန်ဆီဟာ လုပ်ငန်းပေါင်း များစွာကို

အောင်မြင်စွာ စီမံခန့်ခွဲနေတဲ့ စွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ဦး ဖြစ်သတဲ့။ ဦးလေး

ဖရန်ဆီဟာ ကျောက်စရစ်ခဲကနေ ဝန်ချီစက်အထိ
ရောင်းလို့ရသမျှ အကုန်ရောင်းတတ်တဲ့ ကမ္ဘာ့ရောင်းကြီး ဆိုပဲ။ အလုပ် လုပ်ခြင်း၊
အိပ်စက်အနားယူခြင်းနဲ့ စားသောက်ဝါးမျိုခြင်းဆိုတဲ့ လုပ်၊ အိပ်၊ စား
ဤသုံးပါးကား ဖရန်ဆီ့ ပင်ကိုစရိုက်လို့ ဆိုရမယ်။ အချိန်ရှိသ၍ လုပ်၊ အိပ်၊
စားနဲ့တင် သံသရာလည်နေတဲ့အတွက် ချစ်ရေးချစ်ရာမှာ ချူချာသွား တယ်။ တွဲသမျှ
မိန်းမတိုင်း စိတ်ပျက်လက်ပျက်နဲ့ သူ့ကို ခွာသွားကြတယ်။ တကယ်တော့ အမြဲတမ်း
လုပ်၊ အိပ်၊ စားချည်းတော့ မဟုတ်ပါဘူး။ တနင်္ဂနွေလို နေ့မျိုးဆို သူ
ရေချိုးသေးတယ်။

ထားတော့။ ဘယ်လိုပဲဖြစ်ဖြစ် ၁၉၆၀ကျော် နွေကာလတိုင်းမှာ ဦးလေး
ဖရန်ဆီရဲ့အစ်ကို ဘန်နီ၊ ဘော်ဆီတို့ရဲ့ အဖေဟာ သူ့သားတွေကို လေကောင်း
လေသန့် ရှူစေဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဒယ်လာနာကို အမြဲလွှတ်လေ့ရှိတယ်။
သူတို့အဖေရဲ့ ရည်ရွယ်ချက် အောင်မြင်သလား ဆိုတာတော့ သံသယရှိဖွယ်ပဲ။
ဘန်နီနဲ့ ဘော်ဆီဟာ ဦးလေး ဖရန်ဆီရဲ့ ကျောက်ခွဲစက်နား မှာချည်း နေနေကြတော့
လေကောင်းလေသန့်အစား ကျောက်မှုန့်တွေချည်း ရှူမိနေတော့တာကိုး။ ဦးလေး
ဖရန်ဆီကတော့ သူတို့ကို အမြဲဆုံးမရှာတယ်။

'ကောင်လေးတွေ ပညာကို တတ်အောင်သင်ကွာ၊ ပညာမတတ်ရင် ငါ့လို
ပင်ပန်းကြလိမ့်မယ်'

အမယ် ... ပညာမတတ်ရင် ငါ့လို ပင်ပန်းမတဲ့။ သူ့လို နေရရင်ကို
အတော်ဟန်နေပြီလို့ ဘန်နီနဲ့ ဘော်ဆီ တွေးနေကြတယ်။ သူတို့ဦးလေး
ကျောက်ခွဲစက်ကြီးထဲ လိမ့်ကျပြီး အမှုန့်ကြိတ် မခံရခင်အထိ အဲဒီအတွေးကို
ညီအစ်ကိုနှစ်ယောက်စလုံး တွေးကြတုံး။ ဦးလေး ဖရန်ဆီဟာ ကျောင်း

ကောင်းကောင်း မနေခဲ့ရတဲ့အတွက် အမြဲစိတ်ဆင်းရခဲ့တာတော့ အမှန်ပဲ။ စာကောင်းကောင်း မရေးတတ်ဘူး။ သင်္ချာဆိုတာ ချိုနဲ့လားလို့ မေးရလောက် အောင် ညံ့တယ်။ အင်္ဂလိပ်စာဆို တစ်လုံးမှ မတတ်ဘူး။ အထွေထွေ ဗဟုသုတ

ဆိုလို့ကတော့ နော်ဝေပြည်ရဲ့မြို့တော်ဟာ အော်စလိုဆိုတာ တစ်ခုပဲ သိတယ်။ သို့သော် စီးပွားရေး ဘယ်လိုလုပ်ရမယ်၊ ငွေလုံး ငွေလှိုင်းကြီးတွေကို ဘယ်လို စီးရမယ် ဆိုတာတော့ သူ ကောင်းကောင်းသိတယ်။

ဒါကြောင့် ဦးလေးဖရန်ဆီ သေချိန်မှာ ငွေဘယ်လောက် ချန်ထား ခဲ့လဲဆိုတာ ပြောရခက်တယ်။ အဲဒီအချိန်မှာ ဘော်ဆီက ၁၉ နှစ်၊ ဘန်နီက ၁၈ နှစ် အသီးသီး အသက ရှိနေကြပြီ။ တစ်နေ့မတော့ သူတို့ညီအစ်ကို နှစ်ယောက်ကို ရှေ့နေတစ်ယောက်က ဆက်သွယ်တယ်။ ဦးလေး ဖရန်ဆီရဲ့ သေတမ်းစာမှာ အမွေဆက်ခံသူများအဖြစ် သူတို့နှစ်ယောက်ကို ထည့်ထား သတဲ့။ ဒါပေမဲ့ 'ရော့ယူ ... အင့် ...' ဆိုပြီး ပေးတာမဟုတ်ဘူး။ အချက် အလက်တွေက ရှုပ်ထွေးတယ်။ သေချာ ဆွေးနွေးတိုင်ပင်ဖို့ လိုတယ်။ ဒါ ကြောင့် လာတွေ့လှည့်ကြတဲ့။ ရှေ့နေရုံးခန်းကို ရောက်သွားကြတဲ့အခါ သူတို့အတွက် ငွေပုံကြီးတွေ စောင့်နေတာကို ညီအစ်ကိုနှစ်ယောက် တွေ့လိုက်ကြရတယ်။ ဒါပေမဲ့ ညီအစ်ကိုနှစ်ယောက်စလုံး တက္ကသိုလ်ပညာရေး ဆုံးခန်းတိုင်ပြီး ဘွဲ့ရမှ ငွေ ရမှာတဲ့လေ။ သေတမ်းစာက မဆုံးသေးဘူး။ ကျောင်းနေ ပညာသင်ချိန် ကာလအတွင်း လစဉ် လိုလေသေးမရှိတဲ့ ထောက်ပံ့ငွေ ရမတဲ့။ တကယ်လို့ ကျောင်းထွက်ရရင်၊ ဒါမှမဟုတ် အတန်းတင်စာမေးပွဲကြီး အောင်သွားရင် ထောက်ပံ့ငွေ ရပ်မတဲ့။ ဘွဲ့ရရင်တော့ တစ်လုံးတစ်ခဲပေးမယ့် ငွေတွေ စောင့်နေမတဲ့။ ကဲ ... ခု ဘယ်လိုလုပ်မလဲ။ ဘယ်လိုမှ မလုပ်နဲ့။ ခုချက်ချင်း တစ်ခုခုကို

အမြန်သင်။ ဒီလိုနဲ့ ညီအစ်ကိုနှစ်ယောက် ခုနစ်ပတ်ကြာမယ့် ဂဟေဆော် သင်တန်းကို အပြေးအလွှား တက်ကြတယ်။ မင်းတို့ဦးလေးက မင်းတို့ ထင် တာထက် ဉာဏ်ကြီးသကွာဆိုတဲ့ ရှေ့နေကြီးစကားကို ရင်ဝယ်ပိုက်ရင်းပေါ့။ သင်တန်းကာလ တစ်ဝက်ကျိုးတော့ ဖြစ်ရပ်နှစ်ခု ဖြစ်လာတယ်။ နံပါတ်တစ်က ဘန်နီဟာ သူ့အစ်ကိုရဲ့ ဗိုလ်ကျမှုကို ရွံရှာလာတယ်။ အစစ အရာရာ ဩဇာလိုက်ပေးနေတာကို သည်းမခံနိုင် ဖြစ်လာတယ်။ နံပါတ်နှစ်ကတော့ သူ ဂဟေဆော်သမား မဖြစ်ချင်ဘူး။ ဒီလိုနဲ့ ညီအစ်ကိုနှစ်ယောက် စောက်စကားများကြပြီး ဘန်နီက စတော့ဟုမ်းတက္ကသိုလ် ရက္ခဗေဒသင်တန်း ကို ပြောင်းတက်တယ်။ ရှေ့နေကြီးရဲ့အလိုအရ ပညာသာ သင်နေပလေ့စေ။ လစဉ်ထောက်ပံ့ကြေးက သေချာသလေဆိုပဲ။

ဒီလိုနဲ့ ဘော်ဆီတစ်ယောက် ဂဟေဆော်သင်တန်း ပြီးသွားတယ်။ သို့သော် သူ့ညီ ဘန်နီက ပညာဆက်လက်သင်ကြားနေတဲ့အတွက် နှစ်ယောက်စလုံး ကျောင်းပြီးမှ အမွေရမယ်ဆိုတဲ့ သေတမ်းစာမူအရ သူ ပိုက်ဆံ မရ။ မရတဲ့အပြင် ပညာရေးဆုံးခန်းတိုင်သွားလို့ ထောက်ပံ့ကြေးပါ ဖြတ်ခံရ။ သဟာကြောင့်မို့ သူတို့ညီအစ်ကိုနှစ်ယောက်ဟာ ကမ္ဘာ့ရန်တွေ ဖြစ်လို့လာ။ ပစ္စည်းမဲ့ဒေါသတွေ ပေါက်ကွဲပြီး မူးရူးနေတဲ့ဘော်ဆီဟာ ညီကလေး ဘန်နီ ထောက်ပံ့ကြေးကလေးနဲ့ ဝယ်ထားတဲ့ ဆိုင်ကယ်အသစ်ကလေးကို ထုပြီးထောင်းပြီးတဲ့ အခါမတော့ ညီအစ်ကိုနှစ်ယောက် သေခန်းပြတ်သွားတော့ တယ်။

ဘော်ဆီဟာ စီးပွားရေးလုပ်ဖို့ ကြိုးစားတယ်။ သူ့ညီ မျက်ခွက်ကို မကြည့်ချင်တဲ့အတွက် ဗက်စတာဂေါ့ထ်လန်းကို ပြောင်းသွားတယ်။ ဘန်နီ ကတော့ တစ်နှစ်ပြီးတစ်နှစ် သောတုဇနေ ဆင်စွယ်နန်းတော်မှာ ပညာသင်လျက်ပဲ။

သေတမ်းစာအလိုအရ ပညာသာ သင်နေပေ့စေ၊ အမြဲထောက်ပံ့နေဦးမှာ ဆိုခြင်းကြောင့် ဘာသာရပ်တစ်ခုကို သင်၊ ပြီးရင် နောက်ဆုံး စာမေးပွဲကြီးဖြေခါနီးမှ ကပ်ပြီး တခြားဘာသာရပ်တစ်ခုကို ပြောင်းသင်၊ ဒီလို နဲ့ ဘန်နီတစ်ယောက် အနေအစား ချောင်လည်နေချိန်မှာ ကံဆိုးသူ မောင်ရှင် ဘော်ဆီကတော့ ပါးစပ်က အမြှုပ်ထွက်မတတ် သူ့ညီကို ကျိန်ဆဲရင်း အမွေ စောင့်နေရှာတာပေါ့။

ဘန်နီ့ရဲ့ ပညာရှာကာလတွေဟာ ဆယ်စုနှစ်သုံးစု တိုင်လာခဲ့တယ်။ တစ်ရက်မတော့ အလွန်အင်မတန် အိုရွဲ့နေတဲ့ ရှေ့နေကြီးက သူ့ကို ဆက်သွယ်တယ်။ သူ့ဦးလေး ထားခဲ့တဲ့ အမွေတွေ ခု အကုန်ကုန်ပြီတဲ့။ နောက်ထပ် ထပ်ပေးစရာ ဘာမှ မကျန်တော့ဘူးတဲ့။ တကယ်တော့လည်း သူတို့ ညီအစ်ကို နှစ်ယောက်စလုံး တကယ်ခံစားရမယ့် အမွေဆိုတာကြီးကို မေ့တောင်မေ့နေ ကြပါပြီ။ မမေ့နိုင်တဲ့ ရှေ့နေကြီးကတော့ အသက်ကိုးဆယ်ကျော်တဲ့အထိ အမွေထိန်းအဖြစ် ဝင်ခံရင်း ဘာမှ ပေးစရာမကျန်အောင် ပြောင်သလင်းခါသွားပြီး နှစ်ပတ်လောက်ကြာတော့ တီဗီကြည့်တဲ့ ပက်လက်ကုလားထိုင်မှာ ဘဝတစ်ပါး ပြောင်းသွားခဲ့တော့တယ်။

လွန်ခဲ့တဲ့ တစ်ပတ်၊ နှစ်ပတ်လောက်က အဲဒီကိစ္စတွေနဲ့ ပူပူနွေးနွေး ကြုံတွေ့ခဲ့ပြီး နောက်မှာတော့ အလုပ်တစ်ခုခု မဖြစ်မနေ လုပ်ကိုလုပ်မှ ဖြစ်တော့မယ်ဆိုတာကို ဘန်နီ သိလိုက်ရတယ်။ ဆွီဒင်မှာ ပညာအတတ်ဆုံး ပုဂ္ဂိုလ်ဖြစ်နေတဲ့ ဘန်နီဟာ ဈေးကွက်သီအိုရီတွေကို စောဖေက နောကျေနေပေမဲ့ တကယ့်အလုပ်ကို ဘာမှ မည်မည်ရရ မလုပ်တတ်တော့ဘူး။

သူသာ စာမေးပွဲဖြေမယ်ဆိုရင် အနည်းဆုံး ဘွဲ့ဆယ်ခုလောက် ရပြီးနေပြီ။ ခုတော့ ဘာမှ လုပ်စရာမရှိတဲ့အတွက် ဟော့ဒေါ့ဆိုင်လေးတစ်ခု

ကယောင်ချောက်ချားနဲ့ ထထောင်တယ်။ ခုတော့လည်း ဘန်နီ၊ ဘော်ဆီ
ညီအစ်ကိုနှစ်ယောက်စလုံးရဲ့ အမွေဇာတ်လမ်း တစ်ခန်းရပ်ပြီပေါ့။
ဘန်နီ့ ဘ၀ဇာတ်ကြောင်းကို နားထောင်ပြီးတဲ့အခါ ဂျူးလီးယပ် တစ်ယောက်
စိတ်ပူလာတယ်။ အဲသလောက် ပညာတွေသင်လာတဲ့ အဋ္ဌာရသ ဆယ့်ရှစ်ရပ်
တတ်လုတတ်ခင် အကောင်ကြီးဟာ ဘယ့်နှယ်ကြောင့်များ ဒီ အဘိုးကြီးတွေနဲ့
အပေါင်းအသင်း ဖြစ်နေတာတုံးလို့ အလှကလေးက မေးလာရင်
ဘယ်လိုလုပ်မလဲပေါ့။ ဒါပေမဲ့လည်း အလှကလေးက ဒါတွေ စိတ်မ၀င်စားပါဘူး။
ဘန်နီ့ကိုပဲ စိတ်၀င်စားတာ။ အလှကလေးဟာ တဖျတ်ဖျတ် တောက်နေတဲ့
မျက်လုံးတွေနဲ့ ဘန်နီ့ကိုကြည့်ရင်း …
'ဒီလောက် နှစ်အကြာကြီး စာသင်လာတာ တိရစ္ဆာန်ဆေးကုတစ်မျိုး တည်းတော့
မဟုတ်လောက်ဘူး မဟုတ်လား'လို့ မေးလိုက်တယ်။
တွေ့တွေ့ချင်း အကုန်အစင် ဇာတ်ကြောင်းလှန်လို့ မဖြစ်သေးဘူး ဆိုတာ ဘန်နီ
သဘောပေါက်ပါတယ်။ နို့ပေသိ သူ့ဘ၀ဇာတ်ကြောင်းကတော့ မေးရင်
ပြောထိုက်တယ်မဟုတ်လား။ နှစ်ပေါင်း သုံးဆယ်လောက် လေးဖက်ပတ်ရံ
အုတ်နံရံတွင်း အခန်းကျဉ်းမှာ စာအုပ်နဲ့ မျက်နှာ ကပ်လာတာ၊ တိရစ္ဆာန်ဆရာ၀န်
ဖြစ်လုဖြစ်ခင်တင် ဘယ်ကမလဲ၊ ဆရာ၀န် ဖြစ်လုဖြစ်ခင်၊ ဗိသုကာ ဖြစ်လုဖြစ်ခင်၊
အင်ဂျင်နီယာ ဖြစ်လုဖြစ်ခင်၊ ရက္ခဗေဒပညာရှင် ဖြစ်လုဖြစ်ခင်၊ ဘာသာဗေဒသမား
ဖြစ်လုဖြစ်ခင်၊ အားကစားနည်းပြ ဖြစ်လု ဖြစ်ခင်၊ သမိုင်းပညာရှင် ဖြစ်လုဖြစ်ခင်နဲ့
တခြား အပြားပြားသော ပညာရှင် ဖြစ်လုဖြစ်ခင် အဆင့်ပါခင်ဗျ။ ဘွဲ့လို
နှစ်ရှည်သင်တန်းမျိုး မဟုတ်ဘဲ အထွေထွေ ရက်တိုသင်တန်းလေးတွေလည်း
ပွစိတက်အောင် သူ တက်ဖူး တယ်။ တစ်ခါတလေ နှစ်ခု၊ သုံးခု တစ်ပြိုင်နက်တည်း

တက်တယ်။ အဲ ... သူ ဖြစ်လုဖြစ်ခင် နောက်တစ်ခုကျန်သေးတာ သတိရလာတယ်။
ဘန်နီက အလှကလေးကို ငေး၊ ခြေဖျားထောက်လိုက်ရင်း အင်မတန်သာယာတဲ့
အသံနဲ့

'ကူကယ်ရာမဲ့ အမှောင်ဖုံးတဲ့ ဘဝ
အထီးကျန်ဝေဒနာအတွက် သီချင်းသံ ညည်းဆို
ချစ်ဇနီးအတွက် ဒီသီချင်းဟာဖြင့်
တော်ဝင်ရတနာတစ်ပါးလို
တင့်တယ်ခြင်း အလျှင်းပြည့်ဝနေတော့တယ်'

အစချီတဲ့ ဆွီဒင် ရှေးကဗျာကြီးတစ်ပုဒ်ကို ဌာန်ကရိုဏ်းကျကျ ရွတ်
လိုက်တယ်။ အလှကလေးခမျာ မိန်းမောလို့နေတော့ရှာ။

ဘန်နီက ထပ်ရှင်းပြပြန်တာ။

'အီရစ်ခ် အက်ဇယ် ခါးလ်ဖဲ့ထ်ရဲ့ လက်ရာပေါ့၊မင့်ရဲ့ အစားအသောက် နဲ့
ညီ့ဝတ်ကျေမှုကို ကိုယ်က ဂုဏ်ပြုတာပါ၊ ကိုယ်ဟာ စာပေပညာရှင် တစ်ယောက်
ဖြစ်လုဖြစ်ခင်ဆိုတာ မပြောရသေးဘူးနဲ့ တူတယ်နော် ...'

မီးလင်းဖိုရှေ့မှာ ကကြဖို့ ကမ်းလှမ်းလိုက်တာကို အလှကလေးက ဟင့်အင်းလို့
ချက်ချင်း ငြင်းတဲ့အတွက် ဘန်နီတစ်ယောက် ကိုယ်ရှိန် သတ်လိုက်ရတယ်။ ဒါ
မယ်နီမ ပလီနေတယ်ဆိုတာကို ဂျူးလီးယပ်ကတော့ ချက်ချင်းသိတာပေါ့။ ခုတော့
အားကစားဝတ်စုံကို ဇစ်ဆွဲချပြီး ဘန်နီ့အတွက် သူ ပြင်ဆင်နေပြီပဲ။

အယ်လန် အနားယူသွားချိန်မှာတော့ ကျန်တဲ့ သုံးယောက်ဟာ ကော့ညက်၊
ကော်ဖီ စပ်ချဖို့ စိုင်းပြင်းနေကြတယ်။ ဂျူးလီးယပ်က အူယား ဖားယား၊ ဘန်နီက
အင်တင်တင်။

အဲဒီအချိန်မှာ ဂျူးလီးယပ်ဟာ အလုကလေးအပေါ်ကို မေးခွန်းမိုးကြီး ရွာသွန်းဖြိုးတော့တယ်။ ဒီယာခင်းအကြောင်းနဲ့ သူ့အကြောင်း စုံတကာ စေ့အောင် မေးတယ်။ သိချင်တာက တစ်ပိုင်း၊ သိသင့်လို့က တစ်ပိုင်း။ ဒါပေမဲ့ သူ အပူအပင်တော့ မရှိပါဘူး။ အရှိန်ရလာပြီမို့ အလုကလေးကလည်း အားလုံး မခွင်းမချန် ပြောတာပဲ။ သူ ငယ်ငယ်တုန်းကအကြောင်း၊ ဆယ့်ရှစ် နှစ်မှာ ယောကျ်ားရတဲ့အကြောင်း၊ ဆယ်နှစ်ကြာတော့ ကန်ထုတ်ခံလိုက်ရတဲ့ အကြောင်း၊ ကလေးမရှိတဲ့အကြောင်း၊ ဒါသူတို့မိသားစုရဲ့ ရွှေရာသီအိမ်ရာ ဖြစ်တဲ့အကြောင်း၊ အမေဆုံးသွားတာ ခုနစ်နှစ်ရှိတဲ့အကြောင်း၊ အဖေ ထွက်သွားတဲ့အကြောင်း၊ အရင်က ရော့ထနီးဆေးခန်း ဧည့်ကြိုလုပ်ခဲ့တဲ့အကြောင်း၊ ခုဆို အဖေချန်ထားခဲ့တဲ့ အမွေတွေ ကုန်လုနီးပြီဆိုတဲ့အကြောင်း။

'ကျွန်မ အသက်လေးဆယ့်သုံးနှစ် ရှိပြီ၊ သေဖို့ လမ်းတစ်ဝက် ရောက် ပြီပေါ့'

အလုကလေးရဲ့စကားကို ဂျူးလီးယပ်က ...

'အင်း ... အဲသလိုလည်း တထစ်ချပြောလို့ ဘယ်ရမလဲကွဲ့'လို့ ပြန် ပြောလိုက်တယ်။

ခွေးထိန်းဟာ ကစ်ကီ့ကို ညွန့်ကြားချက်အသစ်တွေ ထပ်ပေးနေတယ်။ ခွေးမ ကစ်ကီကလည်း နှာခေါင်းတရှုံ့ရှုံ့နဲ့ ထရော်လီပေါ်က ဆင်းလာတယ်။

ကောင်းတယ်၊ ကောင်းတယ်။ ကေန္တတော့ အလောင်းမြှုပ်ထားတဲ့နေရာကို အနံ့ခံနေတာပဲ ဖြစ်ရမယ်။ အေရွှန်ဆန်တစ်ယောက် မျှော်လင့်ချက်ကြီးစွာနဲ့ ကြည့်နေချိန်မှာ ကစ်ကီဟာ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ လုပ်နေတယ်။ခဏ နေတော့ သူ့သခင် ခွေးထိန်းကို လှည့်ကြည့်တယ်။ ကစ်ကီ့မျက်နှာက အီလည် လည်ကြီး။

သူ့ခွေးမရဲ့ အမူအရာကို ခွေးထိန်းက ဟောသလို ဘာသာပြန်ပြတယ်။
'ကစ်ကီက ပြောနေတယ်၊ သူ စိတ်မကောင်းပါဘူးတဲ့၊ အလောင်း
ဘယ်ရောက်သွားသလဲ ဆိုတာ သူ ဘယ်လိုမှ မသိနိုင်ပါဘူးတဲ့ ခင်ဗျား'
ဟုတ်ရဲ့လား။သူက ခွေးစကားပါရဂူ ကျနေတာပဲ။ ကစ်ကီ ပြောချင် တာ အဲဒါ
ဟုတ်ချင်မှ ဟုတ်မှာပေါ့။ 'ဟိုးမြေအောက် အနက်ကြီးမှာ အလောင်း ကို
မြှုပ်ထားကြတယ်ရှင့်'လို့ ဖြစ်ချင်ဖြစ်မှာပေါ့။ နောက်တစ်ခုကတော့ ဒီ စက်ရုံကနေ
ထွက်သွားတဲ့ သယ်ယူပို့ဆောင်ရေးယာဉ် မှန်သမျှကို စစ်ဖို့ လိုတယ်။
ရတဲ့အဖြေကတော့ ကွန်တိန်နာသယ်တဲ့ ကားတစ်စီး ဂိုသင်ဘတ် ဆိပ်ကမ်းကို
ထွက်သွားသတဲ့။ အဲဒီကားကို လမ်းပေါ်မှာတွေ့လို့ တားတာပဲ၊ စစ်တာပဲ။ ဒါပေမဲ့
အလောင်းကတော့ မြေလျှိုးပြီး မိုးပျံသွားသလို အစအနတောင် မတွေ့။
နောက် သုံးပတ်ကြာတဲ့အခါမှာ စူးအက်တူးမြောင်း တောင်ဘက်စွန်မှာ
ဘွားခနဲပေါ်လာတဲ့ ကုန်သင်္ဘောကြီးတစ်စီးပေါ်မှာ တာဝန်ကျတဲ့ အီဂျစ်
ကင်းစောင့်လူငယ်လေး တစ်ယောက်ဟာ ကုန်သေတ္တာတစ်လုံးထဲက စူးစူး ဝါးဝါး
အပုပ်နံ့ကြီးကို ရလိုက်တယ်။ အနံ့က မခံမရပ်နိုင်အောင် ဆိုးလှတဲ့ အတွက်
ကင်းစောင့်ကောင်လေးဟာ နှာခေါင်းနဲ့ ပါးစပ်ကို အဝတ်စည်းပြီး အနံ့လာရာ
ကုန်သေတ္တာကို ဖြဲရှာတော့ ပုပ်သိုးနေတဲ့ အလောင်းတစ်လောင်း
ထွက်လာပါလေရော။ အီဂျစ်သင်္ဘောသားလေးလည်း ခြေမကိုင်မိ၊ လက် မကိုင်မိ
ဖြစ်တော့တာပေါ့။ ဒါကြီးနဲ့ ရှေ့ဆက်သွားလို့ ဘယ်ဖြစ်လိမ့်မလဲ။ ဆိပ်ကမ်းကပ်ရင်
အားလုံး ကိုယ်ကျိုးနည်းကုန်မယ်။ ဒါနဲ့ပဲ အလောင်းဆီက တန်ဖိုးရှိမယ်ထင်တာတွေ
အကုန်ယူထားပြီး အလောင်းကို ပင်လယ်ထဲ ပစ်ချ လိုက်တော့တယ်။
ဒီလိုနဲ့ ရွှေရောင်ဆံပင်ရှည်၊ မုတ်ဆိတ်ဗရပွနဲ့ ပြန်လမ်းမရှိဆိုတဲ့ စာတန်းကြီး

နောက်ကျောမှာရေးထားတဲ့ ဒီနင်းဂျက်ကက် ဝတ်ထားတဲ့ လူရွယ်တစ်ယောက်ရဲ့
ဘဝဟာ ပင်လယ်နီထဲမှာ ငါးစာအဖြစ် ပြန်လမ်းမရှိဘဲ နိဂုံးချုပ်ခဲ့တော့တယ်။

ကန်သာယာယာခင်းထဲက ပျော်ပွဲဖွဲ့နေတဲ့ အုပ်စုဟာ သန်းခေါင် မတိုင်ခင်
လူစုခွဲကြတယ်။ ဂျူးလီးယပ်က အပေါ်ထပ်တက် စက်တော်ခေါ်ဖို့ ပြင်နေချိန်မှာ
ဘန်နီနဲ့ အလုကလေးက ရှော့ထနီးက ဆေးခန်းကိုသွားဖို့ မာစီးဒီးပေါ်
တက်ကြတယ်။ လမ်းတစ်ဝက်လောက် ရောက်မှ ကားနောက်ခန်းမှာ စောင်ခြုံပြီး
အိပ်နေတဲ့ အယ်လန့်ကို မြင်ကြတယ်။ အယ်လန်က နိုးလာပြီး
လေကောင်းလေသန့်ရှူဖို့ အပြင်ထွက်ရင်း ကားထဲဝင်အိပ်ဖို့ အကြံရကြောင်း၊
အပေါ်ထပ်တက်ဖို့က သူ့ဒူးနဲ့ မဖြစ်နိုင်တဲ့အတွက် ကားထဲပဲ ဝင်အိပ်လိုက် ကြောင်း၊
သူက ငယ်ငယ်ရွယ်ရွယ် အသက်ကလေး ကိုးဆယ် မဟုတ်ကြောင်း ရှင်းပြရှာတယ်။
နှစ်ယောက်ကနေ သုံးယောက်ဖြစ်သွားလည်း ကိစ္စတော့ မရှိ။ အလုကလေးက
သူ့အကြံကို ရှင်းပြတယ်။ အလုပ်ထွက်လိုက်ပေမဲ့ ဆေးခန်း သော့တွေ သူ့မှာ
ရှိနေသေးကြောင်း၊ အထဲရောက်တာနဲ့ ဒေါက်တာ အာလန် ဆန်ရဲ့ ကွန်ပျူတာထဲ
ဝင်မယ့်အကြောင်း၊ ဆရာဝန့်နာမည်ကို အလွဲသုံးစား လုပ်ပြီး ပဋိဇီဝဆေးညွှန်း
ရေးမယ့်အကြောင်း၊ ကွန်ပျူတာက လျှို့ဝှက်ကုတ်
တောင်းလည်း ကိစ္စမရှိကြောင်း၊ ဒေါက်တာအာလန်ဆန်ဟာ ကွန်ပျူတာ
နလပိန်းတုံးမို့ ဒီကွန်ပျူတာတွေဆင်တော့ သူပဲ အစအဆုံး လုပ်ခဲ့ရတဲ့ အကြောင်း၊
ဒါကြောင့် အစစ အရာရာ အဆင်ပြေကြောင်းပေါ့။
မာစီးဒီးဟာ ရာဇဝတ်မှုကျူးလွန်မယ့်အရပ်ကို ဦးတည်မောင်းလာတယ်။
ကားဟာ အပ်ကျသံ မကြားလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေတဲ့

ရော့ထနီးမြို့လေးထဲ ဝင်လာတယ်။ ဘန်နီ၊ အယ်လန်နဲ့ အလုကလေးဟာ
ကားထဲကထွက်ပြီး ရှေ့ကြည့်၊ နောက်ကြည့်၊ တောင်ကြည့်၊ မြောက်ကြည့်
လုပ်နေတုန်း ကားတစ်စီး သူတို့နားက ဖြတ်သွားတယ်။ ကားမောင်းသူက
သူတို့သုံးယောက်ကို အံ့ဩတကြီး ကြည့်နေတယ်။ ရော့ထနီးလို့ ဇနပုဒ်မှာ ဒီအချိန်
လူလေးယောက် နိုးနေတယ်ဆိုတာ လွန်လှပြီ။

ဆေးခန်းနောက်ပေါက်ကနေ သူတို့ ဝင်တယ်။ ကွန်ပျူတာကို ဖွင့်တယ်။
အရာရာတိုင်းဟာ စီစဉ်ထားတဲ့အတိုင်း ချောချောမောမောပဲ။ မချောမောတာက
ဆေးညွှန်းရေးတဲ့အခါကျမှ။ လူပါးဝလှတဲ့ ကွန်ပျူတာဟာ ဘယ်လူနာကိုမှ
ပဋိဇီဝဆေး တစ်ကီလို ညွှန်းမရအောင် လုပ်ထားသလေ။

ရတယ်လေ။ ဒီလောက်ကတော့ ပညာရှင်ကြီး ဘန်နီအဖို့ အပျော့ပေါ့။
'အရီသရိုမိုက်စင်ရယ်၊ ရိုင်ဖာမင်ရယ်၊ ဂျန်တာမိုင်စင်ရယ်၊ ရိုင်ဖန်ပီစင်ရယ် ၂၅၀
ဂရမ်စီ ရေးလိုက်၊ ရောင်နေတာကို ပဋိဇီဝဆေး မျိုးစုံနဲ့ ထောင့်ပေါင်းစုံက
တိုက်မယ်'

အလုကလေးဟာ ဘန်နီ့ကို လွှတ်အထင်ကြီးသွားတယ်။ ဒါကြောင့်
ဒီဆေးနာမည်တွေ စာလုံးပေါင်းဖို့ ဘန်နီ့ကို သူ ဖိတ်ခေါ်တယ်။ ဘန်နီက နောင်
အရေးကြုံရင်သုံးဖို့ ဆေးအတော်များများကိုပါ တစ်ခါတည်း ဆေးညွှန်း
ရေးခိုင်းလိုက်တယ်။

ဆေးခန်းက ဝင်ရလွယ်သလို ထွက်ရလည်း လွယ်ပါ့။ အိမ်ကို ချော
ချောမောမော ပြန်ရောက်ကြ။ အယ်လန့်ကို အပေါ်ထပ် လိုက်ပို့ပြီးတဲ့အခါ မနက်
နှစ်နာရီခွဲမှာတော့ ကန်သာယာ ယာခင်းအိမ်က မီးပွင့်တွေ ငြိမ်းသွား ခဲ့တော့တယ်။
ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှတဲ့ ဒီဒေသမှာ ညဆယ်နာရီလောက်ဆို

နိုးနိုးကြားကြားရှိနေသူ လက်ချိုးရေလို့ ရတယ်။ ဒါပေမဲ့ ကန်သာယာ ယာခင်းအိမ်နဲ့ ကီလိုနှစ်ဆယ်အကွာက ဘရာ့ဇ်မှာတော့ လူငယ်လေး တစ် ယောက် မအိပ်နိုင်ဘဲ အိပ်ရာထဲ တလူးလူး တလိမ့်လိမ့်နဲ့ ဖြစ်နေရှာတယ်။ စီးကရက်ဆာနေတဲ့ အဲဒီလူငယ်လေးဟာ 'အကြမ်းစားများ' တစ်ဖြစ်လဲ 'တယောသမားများ' ရဲ့ ခေါင်းဆောင်သစ်၊ ရေပုံးရဲ့ ညီငယ်ပေါ့။ လွန်ခဲ့တဲ့ သုံးနာရီလောက်က နောက်ဆုံး လက်ကျန်စီးကရက် ကုန်သွားတဲ့အခါ ဒီည တော့ ဒုက္ခရောက်ပြီဆိုတာ သူ သိလိုက်တယ်။

ကဲလေ ... မနက်ကျမှ ဝယ်တာပေါ့လို့ စိတ်ဆုံးဖြတ်ပြီး ဖွတ်မိုတ်အိပ်ပေမဲ့ သန်းခေါင်ကျော်တော့ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။ ဘရာ့ဇ်က ဆိုင်တွေကို သံတူရွှင်းနဲ့ ကလော်ဖွင့်ပြီး ဝင်လို့ရပေမဲ့ မဖြစ်ဘူး။ နာမည်ဂုဏ်သတင်း ကျော်ကြားတဲ့ သူ့အနေနဲ့ ဘရာ့ဇ်မှာ ထပ်အမည်းစက်ထင်လို့ မဖြစ်ရေးချမဖြစ်။ ဒီလိုနဲ့ ဆယ့်ငါးမိနစ် ကားမောင်းရမယ့် ရှော့ထနီးအထိ သွားဖို့ သူ ဆုံးဖြတ်တယ်။ သန်းခေါင်ကျော်ကျော်လေးမှာ သူ့ရဲ့ ဖော်လ်ဗို ၂၄၀ ကားဟောင်းကြီးထဲဝင်ပြီး မောင်းလာခဲ့တယ်။ ရှော့ထနီးရောက်တော့ ဆေးခန်းနားမှာ တောကြည့်တောင်ကြည့်လုပ်နေတဲ့ လူသုံးယောက်ကို တွေ့ လိုက်ရတယ်။ ဆံပင်နီနဲ့ မိန်းမက တစ်ယောက်၊ မြင်းမြီးဆံပင်နဲ့ ငနဲက တစ်ပွေ၊ အိုမင်းရွတ်တွနေတဲ့ အဘိုးကြီးက တစ်ယောက်။

ရေပုံးရဲ့ညီဟာ ဒီကိစ္စကို နက်နက်နဲနဲ မသုံးသပ်မိပါဘူး (တကယ်တော့ နက်နက်ပဲဖြစ်ဖြစ်၊ တိမ်တိမ်ပဲဖြစ်ဖြစ် ဘယ်တုန်းကမှလည်း မသုံးသပ် ခဲ့ဖူးပါဘူး)။ စတိုးဆိုင်တွေ လျှောက်ကြည့်တယ်။ သံတူရွှင်းနဲ့ ကလော်ဖွင့်လို့ ရတာ တစ်ဆိုင်မှ မတွေ့။ ဆေးလိပ်သောက်ချင်လိုက်တာလည်း သေမတတ် ဖြစ်နေခဲ့ပြီ။

နောက်တစ်နေ့မနက် ဆယ့်တစ်နာရီလောက် နိုးလာချိန်မှာတော့ အယ်လန်ဟာ အားပြည့်အင်ပြည့် ပြန်ဖြစ်နေပြီ။ ပြတင်းပေါက်ကတစ်ဆင့် ရေကန်နဲ့အနားမှာ ဝိုင်းနေတဲ့ သစ်တောကြီးကို သူကြည့်တယ်။ အင်း ... ရာသီဥတုကတော့ သာယာပါ့။ သူ့ရဲ့ တစ်စုံတည်းသော အဝတ်တွေကို ဝတ်လိုက်တယ်။ အဝတ်အစားတော့ ဝယ်ဦးမှလို့ သူတွေးတယ်။ ခုတော့ သူတို့ သုံးယောက်စလုံး သွားပွတ်တံတောင် မပါခဲ့ကြဘူး။ မပါတော့လည်း မတိုက် ရုံပ။ အယ်လန် ဆင်းလာတော့ ဂျူးလီးယပ်နဲ့ ဘန်နီက မနက်စာ စားနှင့် နေကြပြီ။ အလှကလေးကတော့ ရော့ထနီးကို ထွက်သွားပြီ။ ကိုယ့်ဘာသာ ထည့်စားကြ။ အကုန်မစားနဲ့၊ နည်းနည်းချန်ထား။ ဘက်စတာ့အတွက်လို့ စာတစ်စောင်ရေးပြီး အမှာတော် ပါးထားခဲ့တယ်။

မင်္ဂလာမနက်လို့ အပြန်အလှန် နှုတ်ဆက်ကြ။ နေလို့ကောင်းလွန်းလို့ နောက်တစ်ညလောက် ဒီမှာဆက်အိပ်ဖို့ ဂျူးလီးယပ်က အကြံရ။ ဒီအကြံမှာ သူတို့ရဲ့ ကားဒရိုင်ဘာစနက် မကင်းဘူးလို့ အယ်လန် သံသယရှိ။ ကဲ ... ထားတော့။ ဘာအရေးတုံး။ အိမ်ရှင် သဘောတူရင် နေရုံပ။

အဲသလိုဆိုတော့ ဘန်နီ ရွှေဘော်တော် ခွေ့သပေါ့။ အလှကလေးကို သူ ရင်ခုန်နေဆဲကိုး။ သူ့အတွက် စာထဲမှာ မနေ့ညကအတွက် ကျေးဇူးတင် တယ်လို့ အလှကလေး ရေးထားခဲ့တယ်။ ဘာအတွက်လဲ ...။ ကဗျာအတွက် လား ...။ အို ... မကြာခင် သူပြန်လာမှာပဲလေ။

တစ်နာရီလောက်နေတော့ ခြံဝမှာ အလှကလေး ဘွားခနဲ ပေါ်လာတယ်။ ဘန်နီ့မျက်လုံးထဲမှာ ကားပေါ်ကဆင်းလာတဲ့ အလှကလေးဟာ လှသထက်လှလာပြီး အလှပဂေးဖြစ်လာတယ်။ အားကစားဝတ်စုံ နီရဲရဲကြီး မဝတ်တော့ဘူး။

ဆံပင်တွေလည်း ပြင်လာတယ်။ ဘန်နီဟာ အလှကလေးဆီ ခြေလှမ်းကျဲကြီးတွေ လှမ်းရင်း ...

'အိမ်က ကြိုဆိုပါတယ် ကိုယ့်ရဲ့ အလှပဂေးရယ်'လို့ ညလိုက်တယ်။

သူတို့နှစ်ယောက်ကို အဘိုးကြီးနှစ်ယောက်က ကြည်နူးစွာ ကြည့်နေတယ်။

မကြာခင် သူတို့မျက်နှာပေါ်က အပြုံးတွေ ပျောက်ကုန်တယ်။ အလှကလေး ဝင်လာပုံက ဘီလူးမလို ခြေလှမ်းမျိုးတွေနဲ့ ဆောင့်ကြီးအောင့်ကြီးကိုး။ ဟော ... သူတို့ကို မျက်လုံးပြူးကြီးနဲ့ ကြည့်နေပြီ။

'လာကြစမ်း ... သေချင်းဆိုးကြီးတွေ၊ ကျုပ် အကုန်သိခဲ့ပြီ၊ ခု ဧည့်ခန်းထဲလာခဲ့ကြ၊ ကျုပ်ကို အမှန်အတိုင်း လာပြောကြ'

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။

ဘန်နီ – 'နို့ ... သူ အကုန်သိပြီးပြီဆို၊ ဘာများ ထပ်သိချင်သေးတာတုံး'

ဂျူးလီးယပ် – 'ငြိမ်ငြိမ်နေစမ်း ဘန်နီ'

အယ်လန် – 'ဟုတ်တယ်၊ သူပြောတဲ့အတိုင်းပဲ'

ခုတော့ သူတို့ရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့် ဧည့်ခန်းထဲကို ဝင်ကြရရှာပြီ။

မနက်စောစောထ။ ထုံးစံအတိုင်း မြက်တွေရိတ်၊ ဆင်စာကျွေးပြီး အလှကလေးဟာ ဘန်နီ့အတွက် အလှနည်းနည်းပြင်ဖို့ အကြံရတယ်။ အားကစား ဝတ်စုံ အနီကြီးကို အဝါနုရောင် ဝတ်စုံလေးနဲ့ လဲဝတ်တယ်။ ဆံပင်တွေကို ကျစ်ဆံမြီးနှစ်ခွ စည်းတယ်။ မိတ်ကပ်ပြင်ပြီး သူ့ဖောက်စ်ဝက်ဂွန် အနီလေးနဲ့ ရှော့ထနီးကို ဈေးဝယ်ထွက်ခဲ့တယ်။ သူ့ခွေး ဘက်စတာက ထုံးစံအတိုင်း ဘေးခုံမှာ ထိုင်လို့ပေါ့။ စူပါမားကက်ရောက်လို့ ဈေးဝယ်နေတုန်း ဘက်စတာက သတင်းစာကို

ပြူးကြည့်နေတာ သတိထားမိလို့ သူလည်း ကြည့်လိုက်တော့ လားလား ...
အဘိုးကြီး ဂျူးလီးယပ်နဲ့ အဘိုးကြီး အယ်လန့် ပုံတွေကို တွေ့လိုက်ရပါ
လေရောလား။ သတင်းခေါင်းစဉ်က ...
'လူဆိုးများ ရာပြည့်အဘိုးကြီးကို ပြန်ပေးဆွဲ၊ ယနေ့ စောရထိပ်ခေါင်
တေက်ပြားနောက်သို့ ရဲတို့ လိုက်ချေပြီ' တဲ့။
အဲဒါကိုလည်းမြင်ရော အလုကလေးမျက်နှာဟာ ပန်းသီးလို ရဲတွတ် သွားတယ်။
သူ့အတွေးတွေ နေရာအနှံ့ လွင့်ပျံ့ကုန်တယ်။ အစားအသောက် တွေ ဝယ်ဖို့ကိစ္စ သူ
ဖျက်သိမ်းလိုက်တယ်။ သူတောင်းစားကြီး သုံးကောင်ကို နေ့လယ်မတိုင်ခင်
နှင်ထုတ်မှ ဖြစ်မယ်။ ခုတော့ ဆေးဆိုင်ဝင်ပြီး မနေ့ညက ဆေးညွှန်းတွေနဲ့ ဆေးတွေ
သူ ဝယ်တယ်။ သတင်းစာကိုဝယ်ပြီး အသေအချာ ဖတ်တယ်။
အကြောင်းစုံသိလေ သူ ဒေါသထွက်လေပဲ။ တန်တော့ ပြန်လမ်းမရှိ
ဂိုဏ်းဝင်ဆိုတာ ဟို ... ဟို ... ဘန်နီများလား။ ဂျူးလီးယပ်ဆိုတဲ့ အဘိုးကြီးက
စောရထိပ်ခေါင် တေက်ပြားလား။ ဘယ်သူက ဘယ်သူ့ကို ပြန်ပေးဆွဲလာ တာလဲ။
သူတို့ကြည့်ရတာတော့ တည့်လိုက်ကြတာ အလွန်ပဲ။
အို ... ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ ဒေါသက အနိုင်ရသွားတယ်။ ဒါ
ဘာပဲဖြစ်ဖြစ် ငါ့ကို လှည့်စားတာပဲ။ အလုကလေးရေ ...၊ ဘာရေ ... ပလီစိ
ချောက်ချက်လုပ်ပြီး ဂန်နီလာ ဗျော့ခ်ယွန်းကို ဒါမျိုးလာလုပ်လို့ ရရိုး လား။ သိမယ်။
ကားထဲဝင်ပြီး သတင်းစာကို နောက်တစ်ကြိမ် ထပ်ဖတ်လိုက်တယ်။
'တနင်္လာနေ့မနက် ရာပြည့်မွေးနေ့ပွဲ မကျင်းပမီ မန်ကိုပင်းလူအိုရုံမှ မွေးနေ့ရှင်
အယ်လန်ကားလ်ဆန် ပျောက်ဆုံးသွားခဲ့သည်။ ယခုအခါ သူ့ကို ပြန်လမ်းမရှိဟု
အမည်ရသော လူဆိုးဂိုဏ်းက ပြန်ပေးဆွဲသွားသည်ဟု ရဲတပ်ဖွဲ့က

ယုံကြည်ယူဆလျက် ရှိ၏။ ကျွန်ုပ်တို့သတင်းထောက်၏ စုံစမ်းမှု အရ
အဆိုပါကိစ္စတွင် ဂျူးလီးယပ်ဂျွန်ဆင် အမည်ရှိ စောရထိပ်ခေါင်
တောက်ပြားတစ်ဦးလည်း ပါဝင်ပတ်သက်နေခဲ့သည်'
အဲဒီနောက်မှာတော့ သက်သေတွေဆီကရတဲ့ သတင်းအချက်အလက် တွေကို
ဝေဝေဆာဆာ ရေးထားတယ်။ နေစမ်းပါဦး။ ရွှေရောင်ဆံပင် မုတ်ဆိတ်ဗရပွနဲ့
ပြန်လမ်းမရှိဂိုဏ်းဝင်၊ ဟုတ်လား …။ အို … ဒါဆို ဘန်နီ မဟုတ်ဘူးဘဲ။ ဟင်း …
ဘာလို့များ ရင်ထဲက အလုံးကြီး ကျသွားတာလဲကွယ်၊ မိဂန်နီလာရယ်။
မနေ့က ဆိုဒါမန်လန်း တောအုပ်အလယ်က ထရော်လီပေါ်မှာ
အယ်လန်ကားလ်ဆန်ရယ်၊ ဂျူးလီးယပ်ဂျွန်ဆင်ရယ်၊ ပြန်လမ်းမရှိ ဂိုဏ်းသား ရယ်
အတူတကွ တွေ့လိုက်ရတယ်ဆိုတဲ့ နေရာရောက်တော့ သူ့စိတ်တွေ ရှုပ်လာတယ်။
သူတို့ရဲ့ပတ်သက်မှုကို သတင်းစာက ရေရေရာရာ ပြော မထားဘူး။
သတင်းထောက်ကလည်း မျက်မြင်သက်သေ လယ်သမား တန်းဂရို့ရဲ့ အပြောပေါ်
တည်ရေးရတာကိုး။
ဒါပေမဲ့ နောက်ထပ်တစ်မျိုး ကျန်သေးတယ်။ ရာပြည့်အဘိုးကြီးနဲ့
သူခိုးအဘိုးကြီးတို့ကို နောက်ဆုံးတွေ့လိုက်ရတဲ့နေရာက ဟော့ဒေါ့ဆိုင်ပိုင်ရှင်
ဘန်နီယွန်းဘတ်လည်း အစအန ရှာမရအောင် ပျောက်နေတယ်ဆိုပဲ။
အလှကလေးဟာ သတင်းစာကိုလိပ်ပြီး ဘက်စတော့ပါးစပ်ထဲ ထိုး
ထည့်လိုက်တယ်။ ပြီးတော့ သူ့ယာခင်းအိမ်ကို ပြန်လာခဲ့တယ်။ ရာပြည့် အဘိုးကြီး၊
သူခိုးအဘိုးကြီးနဲ့ ဟော့ဒေါ့ဆိုင်ပိုင်ရှင် သူ့အိမ်ထဲရောက်နေတာ သေချာတယ်။
ဟော့ဒေါ့ဆိုင်ပိုင်ရှင် ဆိုသဟာဖြင့် ချောလည်းချော၊ ခန့်လည်း ခန့်၊ ပညာကလည်း
ပြည့်စုံပါဘိသနဲ့။ အို … ခုချိန်ဟာ အချစ်တွေ၊ အနှစ်တွေ လုပ်နေရမယ့်အချိန်

မဟုတ်ဘူး။ ဒါဆို ဘာဖြစ်လို့ တွေးရင်း ဝမ်းနည်းလာ သလဲကွယ်။ ဧည့်ခန်းထဲ ရောက်ရောက်ချင်း ဘက်စတာ့ပါးစပ်ထဲက သတင်းစာကို ဆွဲယူပြီး သတင်းကို အော်ကြီးဟစ်ကျယ် ဖတ်ပြလိုက်တယ်။ ငါးမိနစ်အတွင်း ဖြေရှင်းချက်အပြည့်အစုံပေးဖို့ တောင်းဆိုလိုက်တယ်။ ပြီးတော့ သတင်းစာကို ခွေးပါးစပ်ထဲ ပြန်ထည့်၊ လက်ပိုက်ရင်း စောင့်နေလိုက်တယ်။

ဘန်နီက အယ်လန့်ကိုကြည့်၊ အယ်လန်က ဂျူးလီးယပ်ကို ကြည့်၊ ဂျူးလီးယပ်က ပါးစပ်ကြီးဖြဲ တဟဲဟဲရယ်ရင်း ...

'ဟာဟ ... စောရထိပ်ခေါင် ငတက်ပြားတဲ့၊ ကျုပ်ကို ပြောတာ၊ ကြည့်စမ်း၊ မဆိုးဘူးနော်'လို့ သောက်ရှက်မရှိ ရေရွတ်နေတယ်။

အလှကလေးကတော့ သူ့ကို နည်းနည်းမှ အထင်မကြီးဘူး။ နဂို နီတဲ့ မျက်နှာဟာ ဒေါသကြောင့် ရဲတွတ်သွားတယ်။ ဘယ်သူမှ ဂန်နီလာ ဗျော့ခ် ယွန်းကို ကျောလို့မရဘူး ဆိုတဲ့အကြောင်းကို ဆီမန်းမန်းသလို ရွတ်ရင်း နံရံမှာချိတ်ထားတဲ့ နှစ်လုံးပြူးကြီးကို ဆွဲပါလေရော။ တကယ်တော့ နှစ်လုံး ပြူး သံချေးတက်ကြီးက ပစ်လို့မရပါဘူး။ ပစ်မရလည်း ဘာအရေးတုံး။ လိုအပ်ရင် သူခိုးရော၊ ဟော့ဒေါ့ရော၊ ဟို ရာပြည့်ဆိုတဲ့ ဟာကြီးကိုပါ သေနတ်ဒင်နဲ့ ခေါင်းရိုက်ခွဲပစ်မယ်။ ဂန်နီလာ ဗျော့ခ်ယွန်းတဲ့ဟေ့ ...၊ တစ်ယွန်းတည်း ရှိတယ်။

ဂျူးလီးယပ် မပြုံးရဲတော့ဘူး။ ဘန်နီလည်း ခြေတစ်လှမ်းတောင် မရွေ့ ရဲဘူး။ အချစ်စိတ်တွေလည်း ဘယ်နား အငွေ့ပြန်သွားတယ် မသိ။ အဲဒီအချိန် မှာ လှုပ်တုပ်လှုပ်တုပ်နဲ့ ရှေ့တိုးလာတာက အယ်လန်။ အယ်လန်က စဉ်းစား ချိန် တောင်းတယ်။ အလှကလေးရဲ့ ခွင့်ပြုချက်နဲ့ ဂျူးလီးယပ်ကို ဟိုဘက်ခန်း ခေါ်သွားပြီး ဆွေးနွေးခွင့်တောင်းတယ်။ အလှကလေးက ပေးပါတယ်။ ဒါပေမဲ့

ယီးတီးယားတားတော့ မလုပ်လေနဲ့ဆိုပဲ။

တစ်ဖက်ခန်းမှာ အယ်လန်က ဂျူးလီးယပ်ကို ဖျောင်းဖျတယ်။ အလှကလေးရဲ့ ဒေါသကို မဆွဖို့ပေါ့။ ဂျူးလီးယပ်ကလည်း လက်ခံပါတယ်။ ပြီးတော့ အလှကလေးကို ဝေစုပေးပြီး သူတို့အဖွဲ့ထဲ သွတ်သွင်းဖို့ အကြံပေးတယ်။ အယ်လန် သဘောတူတယ်။ ဒါပေမဲ့ အိတ်ပိုင်ရှင်ကို အအေးခန်းထဲ ထည့်၊ ခဲသေအောင်ထားပြီး အာဖရိက ပို့လိုက်တဲ့အကြောင်းတော့ မပြောပြရင် ကောင်းမယ်တဲ့။ ဒါပေါ့၊ ဒါပေါ့။ အဘိုးကြီး မလိုတာတွေ အစိုးရိမ်လွန်နေ တယ်လို့ တွေးမိပေမဲ့ ထားပါတော့လေ။ မပြောနဲ့ဆို မပြောဘူးပေါ့။

အဲဒီအချိန်မှာ အယ်လန် အကြံရလာပြန်တယ်။ အိတ်ထဲက ငွေတွေကို လေးစု အညီအမျှ ခွဲ။ တစ်ခါတည်း ပေးထားလိုက်။ ဒါဆို ဘယ်သူမှ ပါးစပ် မဖွာတော့ဘူး။ အမြတ်အဖြစ် ဒီကန်သာယာယာခင်းအိမ်မှာ တစ်နွေလုံး နေချင်နေရဦးမယ်။ ဟိုဂိုဏ်းဆိုတာက သူတို့ကို မြေလှန်ရှာနေပြီ မဟုတ်လား။

ဂျူးလီးယပ်ကတော့ သက်ပြင်းကြီး ချလိုက်တယ်။ 'ကားလေး မောင်းခိုင်းဖို့နဲ့ သုံးလေးလလောက် တည်းခိုဖို့ ၂၅ သန်းကြီးများတောင် ပေးရမတဲ့ကွာ၊ အေးလေ … ဘယ်တတ်နိုင်မတုံး၊ သဘောတူတယ်၊ တူတယ်ကွာ'

ဒီလိုနဲ့ မီးဖိုခန်း ဒူးတိုက်အစည်းဝေး ပြီးသွားပြီး သူတို့နှစ်ယောက် ဧည့်ခန်း ပြန်ရောက်လာကြတယ်။ ဘန်နီနဲ့ အလှကလေးကို နောက်ထပ် မိနစ်ဝက်လောက် သည်းခံစောင့်ဖို့ပြောရင်း ဂျူးလီးယပ်က ငွေအိတ်ကြီး မချ လာတယ်။ စားပွဲပေါ်တင်ပြီး အိတ်ကို ဖွင့်လိုက်တယ်။ ပြီးတော့ အသံ ကျယ်ကြီးနဲ့ … 'ဒီငွေတွေကို လေးယောက် အညီအမျှခွဲဖို့ အယ်လန်နဲ့ ကျုပ် သဘောတူပြီးပြီ' လို့ ကြေညာလိုက်တယ်။

အလှကလေးဟာ နှလုံးခုန်ရပ်မတတ် ဖြစ်သွားတယ်။ အလိုလေး … ဘုရား ဘုရား … လို့ သူ ရေရွတ်နေတယ်။ ဂျူးလီးယပ်ကတော့ … 'ထိုင်ပါ ဦးလေး၊ ကျုပ် ရှင်းပြပါ့မယ်'တဲ့။

ရှင်းပြလိုက်သမှ လုံးစေ့ပတ်စေ့ပဲ။ မပြောပါနဲ့ ဆိုတာတွေလည်း ခရေစေ့တွင်းကျ အကုန်လျှောက်ပြော။ ဖြစ်ကြောင်းရယ် ကုန်စင်ကို နာကြား ရတဲ့အခါ အလှကလေးခမျာ ဘန်နီလိုပဲ အလောင်းနဲ့ပတ်သက်တဲ့ အပိုင်းကို လက်ခံရခက်ခဲပေမဲ့ အယ်လန် လူအိုရုံက ထွက်ပြေးခန်းကိုတော့ ကောင်းချီး ပေးသလေ။ 'ဟို … သူတောင်းစားကောင်နဲ့ လက်ထပ်ပြီး ဆယ့်လေးရက် လောက် အကြာမှာ ကျွန်မလည်း အဲသလို လုပ်ခဲ့လိုက်ရမှာ'လို့ ဝမ်းနည်း ပက်လက် သူပြောရှာတယ်။

ဒီလိုနဲ့ ယာခင်းအိမ်ဟာ သာသာယာယာ ပြန်ဖြစ်လာတယ်။ အလှကလေးနဲ့ ဘက်စတာဟာ မြို့ထဲ တစ်ခေါက်ပြန်ထွက်သွားတယ်။ ငါးရာတန် အုပ်လိုက်ကိုင်သွားသမို့ လိုတဲ့အစားအသောက်၊ အဝတ်နဲ့ စုံစီနဖာ အကုန် ကြုံးဝယ်တော့မယ်ပေါ့လေ။

အေရွှန်ဆန်ဟာ မျက်မြင်သက်သေ မိန်းမကြီးတစ်ယောက်ကို မေးခွန်း တွေ ထုတ်နေတယ်။ သူက အယ်လန့်ကိုလည်း မြင်ဖူးသတဲ့။ လူအိုရုံ ညွှန်မှူး မကြီး အဲလစ်က သတင်းစာတွေကို အယ်လန့်ဓာတ်ပုံဟောင်းတွေ ပေးထား တာကိုး။ မေးစရာရှိတာ မေးပြီးတဲ့နောက် အေရွှန်ဆန်ဟာ ရသမျှ အချက် အလက်တွေကို ပြန်သုံးသပ်တယ်။ သူတို့ ဘယ်သွားရမယ်မှန်း သေသေချာချာ ရေရေရာရာ သိပြီးသွားကြတာလား၊ ဒါမှမဟုတ် ကြုံရာကျပန်း ခြေဦး တည့်ရာ သွားတာလား။

သိပြီး သွားတာက မသိဘဲ သွားတာထက် ခြေရာ ခံရ လွယ်တာပေါ့။ ဒါပေမဲ့ ဒီလူတွေနဲ့တော့ ဘာမှ ကံသေကံမ မပြောနိုင်ဘူး။ အယ်လန်ကားလ်ဆန်၊ ဂျူးလီးယပ်ဂွန်ဆင်၊ ဘန်နီယွန်းဘတ် တစ်ယောက်နဲ့ တစ်ယောက် ဘာအဆက်အစပ်မှလည်း မရှိဘူး။ ဂွန်ဆင်နဲ့ ယွန်းဘတ် ကြဲဖော်ကြဲဖက်လို့ ယိုးစွပ်ရအောင်ကလည်း နေတဲ့နေရာက တစ်ယောက်နဲ့ တစ်ယောက် ကီလိုနှစ်ဆယ်လောက် ကွာနေတယ်။ ကြည့်ရတာ ဟော့ဒေါ့ ဆိုင်ပိုင်ရှင် ယွန်းဘတ်ကိုပါ အတင်းအကျပ် ပြန်ပေးဆွဲပြီး ကားမောင်းခိုင်း တာများလား။ ရာပြည့် အဘိုးကြီးကိုလည်း ထိုနည်းလည်းကောင်း ဇွတ်အတင်းအဓမ္မ ခေါ်လာတာလား။ ဒါဆို ...

၁။ ဘိုင်ရင့်ချ်ဘူတာ မှတ်တိုင်မှာ ဘာဖြစ်လို့ အယ်လန်ကားလ်ဆန် ဆင်းပြီး ဂျူးလီးယပ်ဂွန်ဆင်နဲ့ တွေ့ရတာလဲ

၂။ မျက်မြင်တွေရဲ့ ထွက်ချက်အရ အယ်လန်နဲ့ ဂျူးလီးယပ် နှစ်ယောက် သား

က။ တောအုပ်ထဲမှာ ထရော်လီကြီး ပျော်ပျော်စီးနေတာ၊

ခ။ စက်ရုံဝင်းနားမှာ ခိုးကြောင်ခိုးဝှက် သွားလာနေကြတာ ...

ဒါတွေက ဘာလဲ။ ဘာကို ရည်ညွှန်းသလဲ။ ဘယ်လိုနားလည်ရမှာလဲ။ မျက်မြင်သက်သေ မိန်းမကြီးကတော့ ငွေရောင်မာစီးဒီးကားဟာ လမ်းမကြီး ကနေ ဆင်းပြီး ထရန်နတ်စ်ကို ဦးတည်မောင်းသွားတယ်လို့ ဆိုတယ်။ ၂၄ နာရီ ကြာသွားခဲ့ပြီဆိုပေမဲ့ အချက်အလက်တွေက စိတ်ဝင်စားဖို့ ကောင်း တုန်းပဲ။ ကြည့်ရတာ အော့စကာရှမ်းအထိ မောင်းပြီး ဂေါ့လန်ကျွန်းဘက် ကူးမလို့လား။ ဒါပေမဲ့ ဖယ်ရီခရီးသည်ထဲမှာ သူတို့နဲ့တူတာ မတွေ့ရဘူးတဲ့။ဒါဆို စမာလန် မြောက်ပိုင်းဘက်များ ရောက်သွားသလား၊ အဲသလောက်

မြန်မြန်မောင်းနိုင်ပါ့မလား။ နောက်ကလိုက်နေမှန်း သိရင်တော့ မောင်းချင်မောင်းမှာပေါ့။

ဘာပဲပြောပြော ကားပေါ်ပါသွားသူတွေမှာ နိုင်ငံကူးလက်မှတ် မပါ ဘူး။ နိုင်ငံခြားတော့ ထွက်ပြေးလို့မရတာ သေချာတယ်။ ဒီနေရာနဲ့ ကီလိုမီတာ ငါးရာ ပတ်ချာလည်က ရှိသမျှခာတ်ဆီဆိုင် အကုန် ဖုန်းဆက် အကြောင်း ကြားထားတယ်။ ငွေရောင် မာစီးဒီးနဲ့ လူသုံးယောက်ကို ဘယ်သူမှ မတွေ့မိကြ ဘူးတဲ့။ လူမရှိတဲ့ ကိုယ်တိုင်ထည့် ဓာတ်ဆီဆိုင်တွေများ ဝင်ထည့်ကြသလား။ အို ... ကားအကြာကြီး မောင်းလာပြီးမှတော့ ဓာတ်ဆီထည့်ရင်း ရှူရှူးလေး ပန်း၊ အအေးလေးသောက်၊ ဟော့ဒေါ့လေး ဝါး လုပ်ချင်မှာပေါ့။ ဝန်ဆောင်မှု ပေးတဲ့ ဆီဆိုင်တွေမှာပဲ ထည့်မှာပေါ့။ ကဲ ... ဘယ်နားတွေမှာ ရှိနိုင်လဲ။

'ဂျိဘီ၊ ထရန်နပ်၊ အက်ခ်ယို၊ နက်ခ်ယို၊ ဗက်လန်ဒါ၊ အဇီဒါ ...
ဘယ်နားတုံးကွာ'

ဆေးလိပ်ငတ် ဝေဒနာညကို အလူးအလဲ ကုန်ဆုံးစေပြီး အိပ်ရာနိုးလာ တာနဲ့ တစ်ပြိုင်နက် ဘရာ့ဇ်ရဲ့ အကြမ်းစားများ ခေါင်းဆောင်ကြီးဟာ ဆေးလိပ်ရာပုံတော် ဖွင့်တော့တယ်။ အဲဒီမှာ သတင်းစာ ရှေ့မျက်နှာဖုံး ခေါင်း ကြီး သတင်းကိုလည်း မြင်လိုက်ရော သူ ဆေးလိပ်ကို မေ့သွားတယ်။ သတင်းစာကို ဝယ်တယ်၊ ဖတ်တယ်။ ပြီးတာနဲ့ သူ့အစ်ကို ရေပုံးဆီ ဖုန်း ကောက်ဆက်တော့တယ်။

နောက်ဆုံးတော့ ထူးဆန်းစွာ ပျောက်ဆုံးသွားတဲ့ ရာပြည့်ဘိုးဘိုးဟာ တစ်ပြည်လုံး အာရုံစိုက်ရာ သတင်းလူသား ဖြစ်လာတော့တယ်။ အဲဒီ အကြောင်း တီဗီကနေ သတင်းကားလွှင့်တဲ့အခါ တစ်ပြည်လုံးက လူတစ်သန်း ခွဲလောက်

အုတ်အုတ်ကျက်ကျက် ကြည့်ကြတယ်။ အယ်လန်နဲ့ ကန်သာယာ ယာခင်းက သူ့ရဲဘော်သစ်များလည်း သတင်းကားပရိသတ်ပေါ့။

'အင်း … ကျုပ်သာ မဟုတ်ခဲ့ဘူးဆိုရင် အဲဒီအဘိုးကြီးအတွက် စိတ် မကောင်း ဖြစ်မိမှာဗျ'

အယ်လန်က အဲသလို မှတ်ချက်ပေးလိုက်တယ်။

အလုကလေးကတော့ စိတ်အေးချမ်းသာစွာ မနေနိုင်ရှာဘူး။ အယ်လန် ရယ်၊ ဂျူးလီးယပ်ရယ်၊ ဘန်နီရယ်ကို လူတွေ့ခံလို့ မဖြစ်ချေဘူးလို့ သူ တွေး နေတယ်။ မာစီးဒီးကားကိုလည်း စပါးကျီထဲမှာ ထည့်ထားရမယ်။ နောက် တစ်နေ့မှာတော့ အလုကလေးဟာ သူ ကာလကြာရှည် မျက်စိကျနေတဲ့ ရောမ ဘတ်စ်ကားကြီးကို ဝယ်ချလာတယ်။ ထိုင်ခုံအတော်များများကို ဖြုတ်ပြီး ရောမ တံခါးပေါက်ကြီးတပ်ထားတဲ့ အဲဒီကားကြီးဟာ သူ့စီမံကိန်းနဲ့ကွက်တိ။ သူတို့ သွားရတော့မယ်။ သွားကြတော့မယ်။ မကြာခင်ပေါ့၊ အကုန်လုံးပေါ့၊ တစ်မိသားစုလုံး၊ ဆွန်ညာရောပေါ့။

(၉)

၁၉၃၉–၁၉၄၅။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့မှာ စပိန်အလံ လွှင့်ထူထားတဲ့ အယ်လန့်ရဲ့သင်္ဘော နယူးယောက်ဆိပ်ကမ်းကို ကပ်လာခဲ့တယ်။ အမေရိကန် ရဲ့သင်္ဘော မောင်ပိုင်စီးခြင်းကို ခံလိုက်ရတာ။ ၁၉၄၅ ခုနှစ် စစ်ပြီးချိန်အထိ အဲဒီသင်္ဘောဟာ အမေရိကန်ရေတပ်အတွက် အမှုတော်ထမ်းရတော့တာပေါ့။ သင်္ဘောပေါ်ပါသမျှ လူ၊ ကုန် အဲလစ်ကျွန်းက လူဝင်မှုကြီးကြပ်ရေးရုံးကို

ပို့ခံရတယ်။ လေးခုသော မေးခွန်းကြီးတွေကို သာတူညီမျှ အမေးခံရတယ်။

၁။ နာမည်

၂။ တိုင်းပြည်နဲ့ လူမျိုး

၃။ အလုပ်အကိုင်

၄။ အမေရိကန်ကို ဘာလာလုပ်

စပိန်စကားပြန်ကတစ်ဆင့် ဖြေကြရာမှာ သူတို့ဟာ ရိုးရိုးသင်္ဘောသားတွေသာ ဖြစ်ကြောင်း၊ ခု သူတို့သင်္ဘောကို သိမ်းလိုက်တော့ ဘယ်မှ သွားစရာမရှိလို့ ဒီရောက်လာတာဖြစ်ကြောင်း ပြောကြရှာတယ်။ အိုကေ ... ဆက်လုပ်။ အယ်လန်ကတော့ တစ်မျိုး တစ်ဘာသာလေ။ သူ့နာမည်ကို စပိန်စကားပြန်က အသံမထွက်တတ်ရှာဘူး။ ဘယ်ကလာတုံးဆိုတော့ ဆွီစီရာက လာတယ်လို့ စကားပြန်နားထဲမှာ ကြားနေတယ်။ ဘာအလုပ်လုပ်သလဲဆိုတော့ ဖောက်ခွဲရေး စပါယ်ရှယ်လစ်တဲ့။ ကိုယ်ပိုင် ဒိုင်းနမိုက်လုပ်ငန်းကနေ အမြောက် စက်ရုံထိ လုပ်ဖူးသတဲ့။ အခု စပိန်နဲ့ စပိန် တိုက်တဲ့စစ်ပွဲမှာ ပါခဲ့သတဲ့။

ဗိုလ်ချုပ်ကြီးဖရန်ကိုရဲ့ စာကိုလည်း ထုတ်ပြလိုက်ရော ကြောက်ဒူးတုန်သွားတဲ့ စပိန် စကားပြန်ဟာ လူဝင်မှုကြီးကြပ်ရေး အရာရှိကို အဲဒီအကြောင်း ဘာသာပြန် ပြောလိုက်တယ်။ အရာရှိက သူ့အထက်လူကြီးကို၊ သူ့အထက်လူကြီးက သူ့အထက်အထက်လူကြီးကို အဆင့်ဆင့် အကြောင်းကြားကြတယ်။ ပထမတော့ အဲဒီ အထက်လူကြီး နှစ်ယောက်နဲ့ အောက်လူကြီး တစ်ယောက်ဟာ ဒီ ဖက်ဆစ် ဆွီဒင်ကောင်ကို လာရာလမ်း ချက်ချင်း ပြန်ပို့မှပဲလို့ အကြံဖြစ်ကြတယ်။ 'ကျုပ်ပြန်ဖို့ သင်္ဘောသာ ရှာပေး၊ ဝမ်းသာအားရကို ပြန်ဦးမှာ'လို့ အယ်လန်က ပြန်ပြောတာပေါ့။

အဲသလိုလည်း မဖြစ်သေးဘူးလေ။ ဒီလိုနဲ့ ဆက်မေးတယ်။ မေးလေ
ထင်ရှားလေ ဖြစ်လာတာက အယ်လန်ဟာ ဖက်ဆစ်လည်း မဟုတ်၊ ကွန်
မြူနစ်လည်း မမည်၊ အမျိုးသားရေးဝါဒီလို့လည်း ပြောမရ။ ဖောက်ခွဲရေး
ကျွမ်းကျင်တာ တစ်ခုကလွဲလို့ ကျန်တာ ဘာမှမဟုတ်ဘူး ဆိုတာပါပဲ။ ဒီလို
အကောင်မျိုးက ဗိုလ်ချုပ်ကြီးဖရန်ကိုရဲ့ ရင်ဘတ်မိတ်ဆွေတဲ့လားကွယ်။
အသာလုပ်ပါ။ အဓိပ္ပာယ်မရှိ ဘာမရှိ။

လူဝင်မှုကြီးကြပ်ရေး အထက်အထက်လူကြီးရဲ့ အစ်ကိုတစ်ယောက်က
နယူးမက္ကစီကို လော့စ်အလားမို့စ်မှာ နေတယ်။ သူ သိသလောက်တော့ သူ့
အစ်ကိုဟာ စစ်တပ်အတွက် ဖောက်ခွဲရေးပစ္စည်းတွေ လုပ်ပေးနေတဲ့လူပဲ။ ခု
အယ်လန်ဆိုတဲ့လူကို ဘာလုပ်ရမှန်း မသိတာနဲ့ စိတ်ရှုပ်ပြီး အချုပ်ထဲ
ထည့်ထားလိုက်တယ်။ တစ်လ၊ နှစ်လလောက်ဆိုပြီး ထည့်လိုက်တာ နှစ်နဲ့ချီ
ကြာသွားတယ်။ အယ်လန့်ကို သူ မေ့တောင်နေပြီ။ တစ်နေ့မှာတော့ ကွန်နီ
တိကတ်က ယာခင်းအိမ်မှာ ကျေးဇူးတော်နေ့ အခမ်းအနား မိသားစု ပြန်ဆုံ ကြတုန်း
သူ့အစ်ကိုက သူ့ကို စစ်တပ်က မဟာဖောက်ခွဲရေး ပစ္စည်းကြီးတစ်မျိုး
အမှာစာရှိတဲ့အကြောင်း တိုးတိုးပြောတယ်။ ဖောက်ခွဲရေးသမားမှန်သမျှ လိုချင်
နေတဲ့ သူ့အစ်ကိုအတွက် လက်တိုလက်တောင်းခိုင်းရလည်း မဆိုးဘူးဆိုပြီး
ဟိုဆီဒင်ကောင်ကို ပေးလိုက်ဖို့ အကြံရတယ်။ ကြက်ဆင်သားကို လှီးရင်း
ညီအစ်ကိုနှစ်ယောက် အဲဒီအကြောင်း ပြောနေကြတယ်။

ဒီလိုနဲ့ ၁၉၄၃၊ ဆောင်းရာသီမှာ အယ်လန်တစ်ယောက် သူ့ဘဝမှာ
ပထမဆုံးအကြိမ်အဖြစ် လေယာဉ်ပျံစီးပြီး လော့စ်အလားမို့စ်က အမေရိကန်
အမျိုးသားဓာတ်ခွဲခန်းဆီ ရောက်လာခဲ့တယ်။ သူ အင်္ဂလိပ်လို တစ်လုံးမှ

မပြောတတ်တဲ့အတွက် စပိန်စကားပြောတတ်တဲ့ ဗိုလ်လေးတစ်ယောက်က သူ့ကို ကူညီတယ်။ အယ်လန်က သူသိတဲ့ ပေါက်ကွဲပစ္စည်းဆိုင်ရာ ဓာတုဗေဒ ဖော်မြူလာတွေကို ပြောပြရတယ်။ သူ့ပေါက်ကွဲရေး ဖော်မြူလာတွေက ကားတစ်စီးဖောက်ခွဲရင်တောင် အလုပ်မဖြစ်ဘူးလို့ ပြောခံရတဲ့အခါ အယ်လန်က ဒီလိုပြန်ပြောတယ်။ 'အလုပ်ဖြစ်ပါတယ်၊ ကားထဲမှာ လူပါရင် ပိုတောင် အလုပ်ဖြစ်သေး၊ ကျုပ်က လက်တွေ့စမ်းခဲ့ပြီးပြီ' တဲ့လေ။

အင်္ဂလိပ်လို ပိုပိုပြီး ပြောတတ်လာလေလေ တဖြည်းဖြည်း နေရာအနှံ့ လွတ်လွတ်လပ်လပ် သူ သွားနိုင်လာလေလေ ဖြစ်လာတယ်။ တစေ့တစောင်း လေ့လာရင်း ဖောက်ခွဲနည်းအသစ်တွေလည်း တတ်လာတယ်။ ညနေညနေ ဓာတ်ခွဲခန်းက လူတွေ အသီးသီး အသက မြို့ထဲထွက် မိတ်လိုက်နေချိန်မှာ အယ်လန်ဟာ ဓာတ်ခွဲခန်းထဲဝင်ပြီး အပီအပြင် လေ့လာတာလေ။

ဥရောပမှာတော့ စစ်ရှိန်က တရိပ်ရိပ်တက်ပြီး စစ်မီးက ဟုန်းဟုန်း တောက်နေပြီ။ အယ်လန်ရဲ့ ဖောက်ခွဲရေးနည်းပညာတွေဟာလည်း တဟုန်းဟုန်း တက်နေပြီ။ ခုဆို သူ့အဖို့ နိုက်ထရိုဂလစ်ဆရင်းတို့၊ ဆိုဒီယမ်နိုက် ထရိတ်တို့ဆိုတာ အပျော်တမ်းသမားတွေ သုံးတဲ့ပစ္စည်း ဖြစ်သွားခဲ့ပြီ။ ဟိုက်ထရိုဂျင်တို့၊ ယူရေနီယမ်တို့နဲ့မှ ဆိုတဲ့အဆင့် ရောက်နေပြီ။

တကယ်တော့ ၁၉၄၂ ကတည်းက လော့စ်အလားမို့စ်မှာ လုံခြုံရေးတွေ အကြီးအကျယ် တင်းကျပ်ထားတာ။ သမ္မတ ရုစဗဲ့ အမိန့်နဲ့ ဧရာမဗုံးကြီး တစ်လုံးကို သိပ္ပံပညာရှင်တွေ ကြိတ်လုပ်နေကြတာ။ အတော်ကြီးတယ်။ မဟာတရား ကြီးတယ်။ စောက်ကျိုးနည်းအောင် ကြီးတယ်။ အဲဒီဗုံးကြီးနဲ့ဆို စပိန်တံတား အစင်းနှစ်ဆယ်လောက် တစ်ပြိုင်နက် ဖောက်ခွဲနိုင်လိမ့်မယ် ထင်တယ်။

ဘာပဲပြောပြော အယ်လန်ဟာ ဓာတ်ခွဲခန်းလက်ထောက် ဖြစ်တဲ့ အတွက် နေရာမရွေး ဝင်လို့ရတယ်။ အယ်လန်ဟာ သူတို့လုပ်နေတာတွေကို အကုန်သိနေတယ်။ ၁၉၄၅၊ ဧပြီမှာတော့ သူတို့လုပ်ငန်း ပြီးလုပြီးခင် ဖြစ်လာတယ်။ အဏုမြူပေါက်ကွဲမှု စွမ်းအားကို ဘယ်လိုရအောင် လုပ်ရမယ်ဆိုတာ သူတို့ သိနေကြပြီ (အယ်လန်လည်း သိနေပြီ)။ ဒါပေမဲ့ ဒီစွမ်းအားကို ဘယ်လို ထိန်းချုပ်ရမယ်ဆိုတာ မသိကြသေးဘူး။ အယ်လန်ဟာ အဲဒီကိစ္စကို နေ့မနား ညမအား စဉ်းစားတယ်။ သူ့ကို ဘယ်သူမှ မမေးပေမဲ့ သူစိတ်ပူတယ်။ နောက်ဆုံးတော့ ဘယ်သူမှမသိသေးတဲ့ ထိန်းချုပ်နည်းကို သူ သိလာခဲ့တယ်။ အပတ်တိုင်း တပ်က ထိပ်တန်းခေါင်းဆောင်တွေရယ်၊ ဂျေ ရောဘတ် အိုပင် ဟိန်းမား ခေါင်းဆောင်တဲ့ ထိပ်သီး ရူပဗေဒ သိပ္ပံပညာရှင်တွေရယ် စုဝေး ညီလာခံကြတယ်။ သူတို့ ကော်ဖီခွက်တွေကို ဖြည့်ပေးရင်း အယ်လန် နားစွင့် နေတာပေါ့။ သိပ္ပံပညာရှင်တွေဟာ ဆံပင်တွေထဲ လက်ထိုးဖွပြီး အယ်လန့်ကို ကော်ဖီထပ်ဖြည့်ခိုင်းတယ်။ ဗိုလ်ချုပ်ကြီးတွေဟာ ခေါင်းကုတ်ရင်း အယ်လန့်ကို ကော်ဖီထပ်ဖြည့်ခိုင်းတယ်။ ခေါင်းချင်းဆိုင် ဆွေးနွေးကြ။ နှစ်ဖွဲ့စလုံး ပက်လက်လန်ရင်း အယ်လန့်ကို ကော်ဖီထပ်ဖြည့်ခိုင်းတယ်။ အပတ်စဉ် အမြဲတမ်း ဒါပဲ ... ဒါပဲ .. ဒါပဲ ... ဒါပဲ။ ဝင်ပြောလိုက်ရင် ကောင်းမလားလို့ အယ်လန် စဉ်းစားသေးတယ်။ ဒါပေမဲ့ ရာရာစစ မင်းလိုကောင်က ဆိုတာမျိုး အပြောခံရမယ်လေ။ ဒါကြောင့် ရေငုံနှုတ်ပိတ်နေခဲ့တယ်။ ဒါပေမဲ့ တစ်ကြိမ်မှာတော့ သူ ဘာလုပ်မှန်း မသိလိုက်ခင် သူ့ပါးစပ်က ထွက်လာတဲ့ စကားသံကို သူ့နားက ကြားလိုက်ရပါလေရော။

'ခဏလေးပါ၊ ခင်ဗျားတို့ ဘာဖြစ်လို့ ယူရေနီယမ်ကို နှစ်ပိုင်း အညီ ပိုင်းဖို့

မစဥ်းစားကြတာလဲ ခင်ဗျ'

ရောဘတ် အိုပင်ဟိန်းမားရဲ့ခွက်ထဲ ကော်ဖီဖြည့်ပေးရင်း သူ့ပါးစပ်က အဲသလို ထွက်သွားတယ်။ ပါးစပ်ဟောင်းလောင်းဖြစ်သွားတဲ့ အိုပင်ဟိန်း မားဟာ တောက်တိုမည်ရ စားပွဲထိုးလေးကို လှည့်ကြည့်ရင်း ...

'ဘယ်လို ... ဘယ်လို ... မင်း ဘာပြောလိုက်တယ်'လို့ မေးလိုက်တယ်။

ကဲ ... ဆတ်ဆော့တော့ ခုမှ ဘာမှဟုတ်ဘူးလို့

ငြင်းလို့မရတော့ဘူး။ဆက်ပြောရတော့မယ်။

'ဒီလိုလေ ... ယူရေနီယမ်ကို နှစ်ခြမ်း အညီအမျှခြမ်းပြီး လက်ခုပ် လက်ဝါး အုပ်ထားလိုက်၊ ကိုယ်လိုချင်တဲ့အချိန် ပေါက်ကွဲအောင် လုပ်လို့ ရတာပေါ့'

'နှစ်ခြမ်း အညီအမျှခြမ်း၊ ဟုတ်လား ...'

အိုပင်ဟိန်းမားဟာ ခေါင်းထဲမှာ အတွေးတွေ ပလုံစီရင်း သေချာအောင် ထပ်မေးလိုက်တယ်။

'ပါမောက္ခကြီး သိတဲ့အတိုင်းပဲ၊ ထပ်တူထပ်မျှညီရမယ် မဟုတ်ပါဘူး၊ အအုပ်အခံ လုပ်နိုင်ဖို့ပဲ အရေးကြီးတာပါ'

အယ်လန့်ကို စားပွဲထိုးခန့်ထားမိတဲ့ ဗိုလ်လေး လူးဝစ်ဟာ မတန်မရာ ဝင်ပြောနေတဲ့ သူ့အကောင်ကို သတ်ချင်တဲ့ မျက်နှာပေးနဲ့ ကြည့်နေတယ်။ ဒါပေမဲ့ သိပ္ပံပညာရှင်တစ်ယောက်ကတော့ တလက်လက် တောက်နေတဲ့ မျက်လုံးတွေနဲ့ အယ်လန့်ကိုကြည့်ရင်း ...

'အဲဒီတော့ ဘယ်လိုဖောက်ခွဲမှာလဲ၊ လေထဲမှာ ဖောက်ခွဲမှာလား'လို့ မေးလိုက်တယ်။

ပညာရဲရင့် ပွဲလယ်တင့်လှတဲ့ အယ်လန်က ရဲရဲတင်းတင်း ဖြေချလိုက်တယ်။

'သေချာတာပေါ့ ခင်ဗျ၊ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တဲ့ နည်းပါပဲ'

အိုပင်ဟိန်းမားဟာ အယ်လန့်ကို စေ့စေ့ကြည့်ရင်း 'မင်းနာမည် ဘယ်သူတုံး ...' လို့ မေးလိုက်တယ်။

'အယ်လန်ပါ ခင်ဗျ'

'ဟုတ်ပြီ မစ္စတာ အယ်လန်၊ ဖောက်ခွဲမယ့်အချိန်မှာ အဲဒီအပိုင်းနှစ်ခု တစ်ပြိုင်နက် ပေါက်ကွဲအောင် ဘယ်လိုလုပ်မှာလဲ'

'ဒါက လွယ်ပါတယ်၊ အမြဲသုံးနေကျ ဖောက်ခွဲနည်းကို သုံးပေါ့ခင်ဗျ၊ ဒီလောက်ကတော့ ပါမောက္ခကြီးတို့အားလုံး သိကြမှာပါ'

ဒီအစည်းအဝေးခန်းထဲက ဟာကြီးတွေအားလုံး ဖွတ်ကျားတွေ မဟုတ်ဘူး။ သူ့နယ်နဲ့သူ ပြိုင်ဘက်မရှိတွေချည်းပဲ။ စက္ကန့်ပိုင်းအတွင်း အိုပင်ဟိန်းမားဟာ ခေါင်းထဲကို ဖော်မြူလာတွေ တန်းစီဝင်လာပြီး စိတ်တွက်တွက်ရင်း စားပွဲထိုးကောင်လေး မှန်တယ်ဆိုတာ သိလိုက်တယ်။ ကြည့်စမ်း၊ ရချင်တော့ လည်း လွယ်လွယ်လေးပါကလား။ ဗုံးရဲ့နောက်ကျောမှာ သာမန် ပေါက်ကွဲပစ္စည်းလေး ကပ်ပေးလိုက်၊ အဝေးထိန်းချုပ်ခလုတ်နဲ့ ဖောက်ခွဲ၊ သူ့ဟာနဲ့သူ အဆင့်ဆင့် ပေါက်ကွဲသွားရင်း ... ဟား ... တယ်ဟုတ်ပါလား။

'ဝုန်း ... ဒုန်း ...'

အိုပင်ဟိန်းမား ပါးစပ်က အသံထွက်လာတယ်။

အယ်လန်က ပြုံးကြည့်ရင်း ...

'ဒါပေါ့ ပါမောက္ခကြီး သိသွားပြီ၊ ဒါနဲ့ ကော်ဖီယူကြဦးမလားခင်ဗျာ' လို့ မေးလိုက်တယ်။

အဲဒီအချိန်မှာ အစည်းအဝေးခန်းတံခါး ဝုန်းခနဲပွင့်သွားပြီး ဒုတိယ

သမ္မတထရူးမန်း ဆိုင်းမဆင့် ဗုံမပါ ဝင်ချလာတယ်။ ထုံးစံအတိုင်း အကြောင်း မကြား ဘာမကြားနဲ့ပေါ့။

ဝုန်းခနဲ ထရပ်လိုက်တဲ့ လူစုကို 'ထိုင်ကြ၊ ထိုင်ကြ'လို့ ဒုတိယသမ္မတက ပြောလိုက်တော့ အယ်လန်လည်း ကယောင်ချောက်ချားနဲ့ ထိုင်ချလိုက်တယ်။ ဟုတ်တယ်လေ။ ဒုတိယသမ္မတလောက် အဆင့်ရှိတဲ့ ပုဂ္ဂိုလ်က ထိုင်ပါ ဆိုတာကို လိမ်လိမ်မာမာ ထိုင်မှပေါ့လို့ သူ တွေးနေတယ်။

ဒုသမ္မတက အိုပင်ဟိုင်းမားကို အခြေအနေ အစီရင်ခံခိုင်းတယ်။ အိုပင် ဟိုင်းမားလည်း ကမန်းကတန်း ထရပ်ရင်း ဟိုချောင်ထဲမှာ ထိုင်နေတဲ့ မစ္စတာ အယ်လန်ရဲ့ ကျေးဇူးနဲ့ ခုပြဿနာကို ဖြေရှင်းပြီးပြီဖြစ်ကြောင်း အစီရင်ခံလိုက် တယ်။ မစ္စတာအယ်လန်ရဲ့ ဖြေရှင်းချက်ဟာ မစမ်းသပ်ရသေးပေမဲ့ ကျိန်းသေ ပေါက် အလုပ်ဖြစ်မှာဖြစ်ကြောင်း၊ နောက်သုံးလဆို စမ်းသပ်ဖောက်ခွဲဖို့ အဆင်သင့်ဖြစ်မှာဖြစ်ကြောင်း ပြောလိုက်တယ်။

ဒုသမ္မတက တစ်ခန်းလုံးကို ခေါင်းတညိတ်ညိတ်နဲ့ လိုက်ကြည့်နေတယ်။ ဗိုလ်လေး လူးဝစ်လည်း ခုမှ အသက်ဝဝရှူနိုင်တယ်။ နောက်ဆုံးတော့ ထရူးမန်းဟာ အယ်လန့်ကို ကြည့်ရင်း ...

'ကဲ ... ဒီနေ့ သူရဲကောင်းကတော့ မစ္စတာအယ်လန်ပေါ့ကွယ်၊ အင်း ... ဗိုက်ဆာသကွာ၊ ဝါရှင်တန် မပြန်ခင် တစ်ခုခုစားဦးမှ၊ ကျုပ်နဲ့အတူ လိုက် စားလှည့်ပါလား မစ္စတာအယ်လန်'လို့ ဖိတ်ခေါ်လိုက်တော့တယ်။

ကြည့်စမ်း။ ဆယ်စုနှစ်တစ်စုအတွင်း ဗိုလ်ချုပ်ကြီးဖရန်ကိုရဲ့ ညစာ၊ ခု ထရူးမန်းရဲ့ နေ့လယ်စာ။ ကြည့်ရတာ ကမ္ဘာ့ခေါင်းဆောင်ဆိုတဲ့ လူကြီးတွေဟာ သူတို့ကြိုက်တာတစ်ခုခု လုပ်ပေးရင် စားဖို့သောက်ဖို့ ဖိတ်တတ်ကြတယ် ထင်တယ်။

ဒါ အယ်လန့်စိတ်ထဲက အတွေး။ ပါးစပ်ကတော့ ဒု သမ္မတကြီးရဲ့ ဖိတ်ကြားမှုကို ကျေးဇူးတင် ဂုဏ်ယူစွာ လက်ခံပါတယ်ပေါ့။ ဒီလိုနဲ့ သူတို့နှစ်ယောက် အစည်းအဝေးခန်းထဲက ထွက်လာခဲ့တယ်။ အိုပင် ဟိန်းမားကတော့ အီလည်လည် မျက်ခွက်ကြီးနဲ့ ကျန်ရစ်ခဲ့တယ်။

လော့စ်အလားမို့စ်က သူ့အကြိုက် မက္ကစီကန် စားသောက်ဆိုင်မှာ သူတို့နှစ်ယောက် အကျအန ထိုင်ကြတယ်။ သက်တော်စောင့်တွေကတော့ ထောင့်တိုင်းထောင့်တိုင်းမှာ ခြေချင်းလိမ်လို့ပေါ့။ လုံခြုံရေးအဖွဲ့အကြီးအကဲက ဒုသမ္မတနားကပ်ပြီး မစ္စတာအယ်လန်ဟာ အမေရိကန်မဟုတ်ကြောင်း၊ သူနဲ့အတူထိုင်လို့ မဖြစ်ကြောင်း အစီရင်ခံတယ်။ ထရူးမန်းက နားမထောင်ဘူး။ မစ္စတာအယ်လန်ရဲ့ မျိုးချစ်စိတ်ကို ဂုဏ်ပြုရမတဲ့။ ဇွတ်ပြော၊ ဇွတ်ထိုင် တယ်။ ဒုသမ္မတဟာ အင်မတန် စိတ်လက်ကြည်သာ ရွှင်ပျနေတယ်။ ဝါရှင်တန် အပြန်မှာ ဂျော်ဂျီယာက ပိုလီယိုဆေးရုံမှာ နားနေရတဲ့ သမ္မတရစဗဲ့ ဆီဝင်ပြီး သတင်းကောင်းပြောဖို့ ဆုံးဖြတ်လိုက်တယ်။ သမ္မတကြီးလည်း ကြားချင်ရှာမှာပဲလေ။

အင်မတန်ပျော်နေတဲ့ ဒုသမ္မတဟာ ...

'ကိုင်း ... ကျုပ်က အစားမှာမယ်၊ ကိုရင်လေးက အသောက်မှာ ...'လို့ ရွှင်မြူးမြူး ပြောလိုက်တယ်။

စားပွဲထိုးချုပ်ကို ထရူးမန်း စားဖွယ်တွေ မှာပြီးချိန်မှာ အသောက်ကိစ္စ အယ်လန့်ဘက် လှည့်လာတယ်။

'တကွီလာ နှစ်ပုလင်းပေး'

အယ်လန် မှာတာကိုကြားတော့ ထရူးမန်းဟာ အူတက်မတတ် ရယ်တယ်။

'တကွိုလာ နှစ်ပုလင်းဆို စားပွဲအောက် မှောက်သောက်ရကိန်း မြင်သဟေ့'လို့ သူပြောတယ်။ အယ်လန်ကလည်း မနှစ်က မက္ကစီကန်တွေ ပြောတာ ကြားဖူးသတဲ့။

တကယ် သတ္တိရှိတဲ့လူမှသာ တကွီလာ သောက် တာတဲ့။ ဒုတိယသမ္မတကြီးက မသင့်တော်ဘူးထင်ရင်တော့ နွားနို့ပဲ သောက် ပါလို့ ပြောတယ်။

'အမယ်မယ် ... ကျုပ်စကား ကျုပ်တည်ရမပေါ့ဗျ'

ထရူးမန်းက ရယ်ရယ်မောမောပြောရင်း သံပရာရည်နဲ့ ဆားပါ မှာလိုက်တယ်။

နောက် သုံးနာရီလောက်ကြာတော့ နှစ်ယောက်သား 'ဟယ်ရီရေ ...၊ အယ်လန်ရေ ...' နဲ့ ဖြစ်ကုန်ကြပြီ။ တကွီလာ နှစ်ပုလင်းဟာ အပြည်ပြည် ဆိုင်ရာ ဆက်ဆံရေးမှာ တယ်လည်းအလုပ်ဖြစ်သကိုး။ အယ်လန်က သူ ဗိုလ်ချုပ်ဖရန်ကိုရဲ့ အသက်ကို ဘယ်လို ကယ်တင်ခဲ့ရတယ်ဆိုတာ ထရူးမန်း ကို ပြောပြတယ်။ အပြန်အလှန်အားဖြင့် ထရူးမန်းကလည်း သမ္မတရုစဖဲ့ ဘီးတပ်ကုလားထိုင်ပေါ်ကနေ ဒယီးဒယိုင်ထတဲ့ပုံ လုပ်ပြပြီး အယ်လန့်ကို ဖျော်ဖြေတယ်။

နှစ်ယောက်သား အကြီးအကျယ် ရယ်ပွဲဖွဲ့နေကြတုန်း လုံခြုံရေးအဖွဲ့ ခေါင်းဆောင်ဟာ ဒုတိယသမ္မတနားကို ကုန်းကွပြီး ကပ်လာတယ်။

'ပြောစရာရှိလို့ပါ ဒုတိယသမ္မတကြီးခင်ဗျာ ...'

'အိမ်း ... ပြောလကွာ'

ဒုတိယသမ္မတက မူးသံကြီးနဲ့ ပြောတယ်။

'သီးသန့် နှစ်ကိုယ်ကြားပြောမှ ဖြစ်မှာပါ ခင်ဗျာ'

'သီးသန့် နှစ်ကိုယ်ကြားပြောရအောင် မင်းကိုယ်မင်း ဟမ်ဖရေ ဘိုးဂတ် များ အောက်မေ့နေလား၊ ဒါနဲ့ မင်း သူ့ကို မြင်ဖူးလား'

အယ်လန် – 'ဒုတိယသမ္မတကြီးခင်ဗျာ'

'ဘာတုံးဟ ... ဘာလို့ တစာစာ ခေါ်နေတာတုံး'

'ဟုတ်ကဲ့၊ ခုပြောမှာ သမ္မတကြီး ရုစဗဲ့ကိစ္စပါခင်ဗျ'

'အေး ... ပြောလေ၊ နင့်အဖေ ဆိတ်အိုကြီး ဘာဖြစ်တုံး'

'သမ္မတကြီး ဆုံးပြီတဲ့ လူကြီးမင်း ခင်ဗျ'

(၁၀)

၂၀၀၅၊ မေ ၉၊ တနလ်ာ။

ရော့ထနီးက စူပါမားကက်အပြင်မှာ လေးရက်တိတိ ရေပုံးတစ်ယောက် စိတ်ရှည်လက်ရှည်နဲ့ စောင့်နေတယ်။ သူ မျှော်လင့်နေတာက ပထမ သူ့ဘော်ဒါ မင်းတုံး၊ ဒုတိယ အသက်တစ်ရာ အဘိုးကြီး၊ တတိယဆံပင်နီနဲ့ ကောင်မနဲ့ မြင်းမြီးဆံပင်နဲ့ အကောင် (ဘယ်လိုပုံစံတွေမှန်းတော့ သေချာမသိ)။ နောက်ဆုံး မာစီးဒီးကိုပေါ့။ ဒီမှာ ထိုင်စောင့်ဖို့အကြံက သူ့ကိုယ်ပိုင်အကြံမဟုတ်၊ ဘော့စ်ရဲ့အကြံ။ ဖုန်းပြောပြီးပြီးချင်း ရော့ထနီးက ဆေးခန်းတစ်ခု ရှေ့မှာ သူတို့ပစ်မှတ်တွေကို တွေ့ခဲ့တဲ့အကြောင်း သူ့ညီ ပြောတယ်လို့ ဘော့စ်ကို အစီရင်ခံတော့ ဘော့စ်က စဉ်းစားပြီး ဒါဆို အနေးနဲ့အမြန် ဈေးဝယ်လာကြမှာပဲ။ စူပါမားကက်ရှေ့က စောင့်လို ညွှန်ကြားပါတော့တယ်။ ဒါကြောင့်လည်း ဘော့စ်ဟာ ဘော့စ်ဖြစ်တာ။ ဘော့စ်ထက် ဘော့စ်တဲ့လူတောင် ဘော့စ်လောက် မဘော့စ်နိုင်ဘူးလေ။ ဒါပေမဲ့ ခုငါးရက်တောင် ရှိသွားပြီလေ။ ရေပုံးတစ်ယောက် နေမထိ ထိုင်မသာ ဖြစ်လာတယ်။ အာရုံစူးစိုက်မှုလည်း နည်းလာတယ်။ သဟာကြောင့်လည်း ဆံပင်နီနဲ့ အမျိုးသမီး၊ အနီရောင် ဖောက်စ်ဝက်ဂွန်လေး မောင်းလာတာကို သတိမထားမိဘူး။ သို့သော် အဲဒီမိန်းမ သူ့ရှေ့က

ဖြတ်လျှောက်သွားချိန်မတော့ သူ ကောင်း ကောင်းကြီး သတိထားမိလိုက်တယ်။ ဆံပင်နဲ့ အသက်အရွယ်အရတော့ ဟုတ်လောက်တယ်။ သေတော့ မသေချာဘူး။ စတော့ဟုမ်းက ဘော့စ်ကို အစီရင်ခံလိုက်တယ်။ ထင်တဲ့အတိုင်း ဘော့စ်လေသံက သိပ်အားရစရာမရှိဘူး။ မင်းတုံး သို့မဟုတ် အဘိုးကြီးကို မျှော်လင့်နေကြတာကိုး။ ဘာပဲဖြစ်ဖြစ် ကားနံပါတ်မှတ်ပြီး သူ့နောက်လိုက်၊ ပြီးမှ ပြန်အစီရင်ခံဆိုတဲ့ ညွှန်ကြားချက်ကို ရလိုက်တယ်။

အဇီဒါက ဟိုတယ်တစ်ခုမှာ အေရှ့န်ဆန် လေးရက်လုံးလုံး အောင်းနေ ခဲ့တယ်။ မျက်မြင်သက်သေတွေရဲ့ ထွက်ချက်အသစ်တွေကြောင့် ခု ဗဟိုချက်မကို ရောက်ခါနီးပြီလို့ သူ ခံစားနေရတယ်။
ဒါပေမဲ့ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ဘူး။ ပြန်မလို့ လုပ်နေတုန်း ဖုန်းသတင်း ဝင်လာတယ်။ သူ့အဖွဲ့တွေဟာ ပြန်လမ်းမရှိဂိုဏ်းချုပ် ပါဂန်နာ ဂါဒင်ရဲ့ ဖုန်းမှာ အသံဖမ်းစက် ခိုးတပ်တာ အောင်မြင်သတဲ့။
  ဘော့စ်တစ်ဖြစ်လဲ ဂါဒင်ဟာ ကျော်စောသတင်းနဲ့ ရဲစာရင်း ပေါက် နေတာ ကြာခဲ့ပြီ။ မီဒီယာတွေတောင် ဂါဒင့်နာမည်နဲ့ ဓာတ်ပုံ သတင်းစာထဲ ထည့်ဖူးသေးတယ်။ ဒါကြောင့် သူ့ဖုန်းကို အသံဖမ်းစက်တပ်ဖို့ ညွှန်ကြားတာ ခုတော့ အောင်မြင်ပြီတဲ့။ ဖုန်းပြောသမျှ အသံဖမ်း၊ စာပြန်ရိုက်ပြီး အဇီဒါကို ဖက်စ်ပို့ပေးလိုက်ကြတယ်။
'ဟယ်လို …'
'ဟုတ် … ဘော့စ်၊ ကျွန်တော်ပါ'
'အေး … ဘာထူးလဲ၊ ပြော'

'စူပါမားကက်အပြင်မှာ ထုံးစံအတိုင်း ထိုင်စောင့်နေတုန်း ဆံနီမ တစ်ယောက်
အထဲဝင်သွားတယ် ခင်ဗျ'
'ဒီကောင်မပဲ တွေ့တာလား၊ မင်းတုံးတို့၊ အဘိုးကြီးတို့ရော ...'
'မ ... မတွေ့ဘူး ဘော့စ်၊ ကောင်မ တစ်ကောင်တည်း'
'မာစီးဒီးနဲ့ လာတာလား ...'
'အဲ ... အဲဒါတော့ မတွေ့လိုက်ဘူး ဘော့စ်၊ ဒါပေမဲ့ ကားဝင်းထဲမှာ မာစီးဒီး
တစ်စီးမှ မရှိဘူးခင်ဗျ၊ တစ်ခုခု မောင်းလာတာနေမှာ'
(ငါးစက္ကန့်လောက် ငြိမ်)
'ဟယ်လို ...'
'အေး ... နေဦး၊ နေဦး၊ ငါ စဉ်းစားနေတယ်'
'ဟုတ် ...'
'အဲဒီမြို့မှာ ဆံနီမတစ်ယောက်ပဲ ရှိတာတော့ မဖြစ်နိုင်ဘူး မဟုတ်လား'
'ဟုတ် ... ဒါပေမဲ့ သတင်းရထားတဲ့ အသက်အရွယ်နဲ့တော့ ကိုက်တယ် ခင်ဗျ'
'ဒါဆိုလည်း နောက်ယောင်ခံလိုက်ကွာ၊ ကားနံပါတ် မှတ်ထား၊ သတိ
ထားနော်၊ စောက်ရူးမထနဲ့၊ ငြိမ်ငြိမ်လေး နောက်ကလိုက်သွား၊ ပြီးရင် ပြန်သတင်းပို့'
(ငါးစက္ကန့်လောက် ငြိမ်)
'ဟော့ ... ပြောတာ ကြားလား'
'ဟုတ် ... ဟုတ် ... ကျွန်တော် ထူးတာနဲ့ ပြန်ဆက်မယ်နော်'
'အေး ... နောက်တစ်ခါခေါ်ရင် လက်ကိုင်ဖုန်းကိုခေါ်၊ ဒီဖုန်းက အလုပ်
ကိစ္စအတွက်ပဲလို့ ပြောထားတယ်မဟုတ်လား'
'ဟုတ် ... ပြောထားပါတယ်၊ ဒါလည်း အလုပ်ကိစ္စပဲ မဟုတ်ဘူးလား ဘော့စ်၊

ရှုရှုတွေနဲ့လုပ်ထားတဲ့ ကိစ္စလေ၊ ဘော့စ် မေ့များမေ့နေသလားလို့’

‘ဟာ … ဒီ ခွေးသားကတော့ …’

(ဆဲသံတွေနဲ့ ဖုန်းပြောခြင်း နိဂုံးချုပ်)

အေရှန်ဆန်ဟာ ဖက်စ်ကို ဖတ်လိုက်ပြီး ခု ထပ်ရလာတဲ့ အချက်အလက်တွေနဲ့ အမှုကို ပြန်စီနေတယ်။ သူတို့ပြောတဲ့ မင်းတုံး ဆိုတာ ခုသေပြီလို့ ယူဆထားတဲ့ ပြန်လမ်းမရှိ ဂိုဏ်းဝင် ဗျန့်ဗိုင်လွန်း ဖြစ်မယ်။ ဒါဆို ဂါဒင့်ဆီ ဖုန်းဆက်တာက ရေပုံးလို့ခေါ်တဲ့ ဟန်းရစ်ဟူလ်တန်ပေါ့။ ဟုတ်ပြီ။ ဒါဆို လမ်းကြောင်းမှန်ပေါ် ရောက်နေတယ်ဆိုတာ သေချာသွားပြီ။ အယ်လန်

ကားလ်ဆန်ရယ်၊ ဂျူးလီးယပ်ဂျွန်ဆန်ရယ်၊ ဘန်နီယွန်းဘတ်ရယ်၊ မာစီဒီး ရယ်၊ ခု ဆံနီမ ဆိုတာရယ်ဟာ စမာလန် တစ်နေရာရာမှာ ရှိကိုရှိရမယ်။ ဒီကောင်မကြီးလို့ ပြောသံအရ အသက်ငယ်ငယ်တော့ မဖြစ်နိုင်ဘူး။ အလွန် အမင်း အသက်ကြီးပြီး အိုရွဲ့နေတာလည်း မဟုတ်လောက်ဘူး။

စတော့ဟုမ်း ပြန်လမ်းမရှိဂိုဏ်းက ဒီအုပ်စုထဲမှာ မင်းတုံးပါ ရှိတယ်လို့ ယူဆနေတယ်။ ဘာဖြစ်လို့လဲ။ ဒါဆို မင်းတုံး သေတာကို သူတို့ မသိဘူးပေါ့။ ဒါနဲ့ အဲဒီဆံနီမက ဘယ်က ဘယ်လို ပါလာတာလဲ။

အယ်လန်၊ ဂျူးလီးယပ်နဲ့ ဘန်နီတို့ရဲ့ မိသားစု နောက်ကြောင်းရာဇဝင် ကိုလိုက်ဖို့ အေရှန်ဆန် ညွှန်ကြားလိုက်တယ်။ စမာဆန်မှာ ညီမတို့၊ ဘာတို့ များ ရှိနေမလား။ ဆံပင်နီတဲ့ ဆွေမျိုးကို ရှာလကွာ။ သတင်းရထားတဲ့ အသက် အရွယ်နဲ့ ကိုက်တယ်လို့ ရေပုံး ပြောသွားတယ်။ ဘာသတင်း ရတာတုံး၊ သူတို့ကို ဘယ်သူ သတင်းပေးတုံး။ ဒါဆို တစ်ယောက်ယောက်က သူတို့ အုပ်စုကို မြင်ပြီး ရေပုံးကို လှမ်းပြောတာပေါ့။ အသံဖမ်းစက် စောစောတပ်လို့ မရတာ နာသကွာ။

ဘာပဲပြောပြော ရေပုံးဆိုတဲ့ကောင် ဆံနီမနောက် လိုက်နေလောက်ပြီ။
မှားလိုက်ရင် ကိစ္စမရှိဘူး။ မတော်လို့ ဟုတ်နေရင် စတော့ဟုမ်းက သူ့ဘော့စ်
လိုက်လာပြီး အဘိုးကြီး အယ်လန်တို့အုပ်စုတော့ အမှုန့်ကြိတ်ခံရမှာ။
အက်စကီတူနာက ဆွဲချရှေ့နေ ကွန်နီရာနီလစ်ဆီ ဖုန်းဆက်ရတယ်။ အစ ကတော့
ရာနီလစ်က စိတ်မဝင်စားဘူး။ အေရွန်ဆန်ရဲ့ သတင်းအချက်အလက် တွေကို
ကြားပြီးတဲ့နောက်မှာတော့ ဒီလိုဆို ဂါဒင်တို့အုပ်စုကို အလွတ်ပေးလို့
ဘယ်ဖြစ်ပါ့မလဲလို့ ကြုံးဝါးပါတော့တယ်။

ပစ္စည်းအပြည့်အသိပ်ထည့်လာတဲ့ အိတ်ကြီးနှစ်အိတ်ကို ကားပေါ် တင်ရင်း
အလုကလေး အိမ်ပြန်လာခဲ့တယ်။ ရေပုံးလည်း သတိကြီးကြီး ထားပြီး
ခပ်လှမ်းလှမ်းက နောက်ယောင်ခံလိုက်လာတယ်။ လမ်းမကြီးပေါ် ရောက်တော့
ဘော့စ်ကို ဖုန်းဆက်တယ် (လက်ကိုင်ဖုန်းကိုပေါ့)။ ဆံနီမကြီးရဲ့ ကားအမျိုးအစားနဲ့
နံပါတ်ကို သတင်းပို့လိုက်တယ်။
ရှော့ထနီးက ထွက်လာပြီး မကြာခင် ဆံနီမဟာ လမ်းခွဲတစ်ခုထဲ ချိုးချ
လိုက်တယ်။ ကျောက်ခင်းလမ်းလေးပဲ။ သူ မှတ်မိပြီ။ အရင်က ဒီနေရာမှာ
လမ်းကြမ်း ကားမောင်းပြိုင်ပွဲ လုပ်ခဲ့ကြဖူးတယ်။ သူလည်း ဝင်ပြိုင်တယ်။
သူ့ရည်းစား ငထုံမက ဘေးကထိုင်ပြီး မြေပုံကြည့်ပေးတာ။ စောက်ကောင်မ မြေပုံကို
ဇောက်ထိုးကြီးကြည့်နေတာ လမ်းတစ်ဝက်လောက်ရောက်မှ သတိထားမိတယ်။
ဆံနီမကားဟာ ဖုန်တထောင်းထောင်းနဲ့ ရှေ့က မောင်းနေတယ်။ ဖုန်လုံးကြီးကို
အကာအကွယ်ယူပြီး နောက်ကလိုက်ရလို့ သူ့ကို မမြင်နိုင်ဘူး ဆိုပြီး ရေပုံး
ကျေနပ်နေတယ်။ ဒါပေမဲ့ ခဏနေတော့ ရှေ့က ဖုန်လုံးကြီး ရုတ်တရက်

အဝီစိကျသလို ပျောက်သွားတယ်။ စောက်ကျိုးနည်းမှပဲ။
ရုတ်တရက် ပျာယာခတ်သွားပေမဲ့ ကိုယ့်ကိုယ်ကိုယ် ထိန်း။ မသာမ
တစ်နေရာရာမှာ လမ်းချိုးသွားပြန်ပြီ။ နောက်ကို တစ်ကီလိုမီတာလောက်
ပြန်ဆုတ်တော့ ညာဘက်မှာ စာတိုက်ပုံးကလေးရှိတဲ့ လမ်းကျဉ်းလေးတစ်ခု
တွေ့လိုက်ရတယ်။ ဒီထဲဝင်သွားတာပေါ့။ ဒါဆို ...။
ရေပုံးဟာ အားတက်လာတယ်။ လမ်းကျဉ်းထဲ ဇွတ်မောင်းဝင်လိုက်တယ်။
သိုသိုသိပ်သိပ်လုပ်ဖို့ ဘော့စ် မှာလိုက်တာတွေ မေ့သွားတယ်။ ကားကို စောက်ရမ်း
မောင်းနေတယ်။ ခဏနေတော့ ကားလမ်းဆုံးသွားပြီး ခြံဝင်း တစ်ခုကို တွေ့၊
နည်းနည်းထပ်အရှိန်တင်၊ ပိုမြန်မြန်မောင်း၊ ရုတ်တရက် အဘိုးကြီးတစ်ယောက်
တိရစ္ဆာန်ကြီးတစ်ကောင်ကို အစာကျွေးနေတာ တွေ့၊ အမလေး ...
သူ့ရှေ့တည့်တည့်မှာ အား ... ဘာကောင်ကြီးတုံး၊ အလို ... ဆင် ... ဆင် ...။
အဘိုးကြီး အယ်လန်ဟာ ခပ်မြန်မြန်ပဲ ဆွန်ညာနဲ့ မိတ်ဆွေဖြစ်သွား တယ်။
သူတို့က အတော်တူတယ်လေ။ အယ်လန်က လူအိုရုံကနေ ပြတင်း ပေါက် ကျော်ချ
ပြေးခဲ့သလို ဆွန်ညာကလည်း ဆပ်ကပ်ထဲကနေ ရေကန် ဖြတ်ကူး ပြေးခဲ့တာပဲ။
ဆွန်ညာ့မျက်နှာပေါ်က အရေးအကြောင်းတွေကလည်း သူနဲ့ အတော်တူတယ်လို့
အယ်လန် ထင်နေတယ်။
ဆင်မ ဆွန်ညာကလည်း အယ်လန့်ကို အလွန်ခင်ပါသတဲ့။ သူ့ကို
အသီးကျွေးတယ်။ ဗိုက်ကုတ်ပေးတယ်။ အေးအေးသက်သာ စကားပြောတယ်။
ဘာပြောမှန်း နားမလည်ပေမဲ့ သုတိသာယာစကားတွေပဲ နေမှာ။ ဒါကြောင့်
အဘိုးကြီးစကား သူ နားထောင်တယ်။ အဘိုးကြီးက ထိုင်လို့ပြောရင် ဖင်ထိုင်
ချလိုက်ရော။ လှည့်လို့ပြောရင် ပျော်ပျော်ကြီး လှည့်လိုက်တာပဲ။ မတ်တတ်ရပ်

ဆိုရင်လည်း ရပ်မှာပဲ။ ဒါပေမဲ့ အဘိုးကြီးက အဲလိုတော့ မခိုင်းတတ်ဖူး။ ပြီးရင်
ပန်းသီးစားရမယ်။ ဗိုက်ကို ကုတ်ပေးမယ်။ ဇိမ်ပဲ။

အဲသလို ဖြစ်နေချိန်မှာ အလှကလေးဟာ ဘန်နီ၊ ဘက်စတာတို့နဲ့အတူ
ဝရန်တာမှာ ကော်ဖီခွက်ကိုယ်စီနဲ့ နပ်နေချိန်ပေါ့။ ဂျူးလီးယပ်ကတော့ ကန်ထဲမှာ
ငါးမျှားနေတယ်။ နွေအပူချိန်က သိသိသာသာ တက်လာတယ်။ တစ်ပတ်လုံး
နေပူနေတယ်။ ရာသီဥတုက သာယာနေတယ်။

ဖြစ်လုဖြစ်ခင် ပညာရှိကြီး ဘန်နီဟာ ဗိသုကာလည်း ဖြစ်လုဖြစ်ခင်
ဆိုတဲ့အတွက် အလှကလေး ဝယ်လာတဲ့ စကန်နီယာကားကြီးပေါ် ဆင်တင်ဖို့
ဒီဇိုင်းဆွဲတယ်။ ဂျူးလီးယပ်ကလည်း ခေသူမဟုတ်။ စောရထိပ်ခေါင် မဖြစ်ခင်
သစ်ကုန်သည်ကြီးမို့ လှောင်အိမ်လောက်ကတော့ ကောင်းကောင်းရိုက်တတ် သလေ။
မိတ်ဆွေသစ်တွေကို ကြည့်ရင်း အလှကလေး ပီတိဖြာလာတယ်။ ဘန်နီရဲ့
ညွှန်ကြားချက်နဲ့ ဂျူးလီးယပ်ဟာ ဘတ်စ်ကားပေါ်မှာ ဆင်လှောင် အိမ်ကို နေ့ဝက်နဲ့
အပြီးဆင်နိုင်တယ်။

ဆွန်ညာနဲ့ အယ်လန် စမ်းဝင်ကြည့်တယ်။ ဆွန်ညာက ကားပေါ်က
လှောင်အိမ်ကို ကျေနပ်နေတယ်။ နည်းနည်းကျဉ်းပေမဲ့ ဘယ်ဘက်မှာ အစာပုံး၊
ညာဘက်မှာ ရေပုံး၊ လေဝင်လေထွက်ကလည်းကောင်း၊ အားလုံး ကွက်တိ။
ကောင်းလိုက်တဲ့ ဆင်သယ်ယာဉ်ကြီး။

အဲသလို ပြင်ဆင်ပြီးလေ၊ ကန်သာယာယာခင်းက မခွာချင်လေဖြစ်
လာကြတယ်။ ဘန်နီနဲ့ အလှကလေးက တတိယမြောက်ညက စလို့ တစ်ခန်း တည်း
ပေါင်းအိပ်ကြတယ်။ မီးလင်းဖိုလေးနားထိုင်ပြီး သောက်လိုက်စားလိုက်၊
စကားပြောလိုက်နဲ့ ကုန်ခဲ့ရတဲ့ ညချမ်းတွေဟာ အယ်လန့်အဖို့ မမေ့နိုင်စရာ ပါပဲ။

ခု တနင်္လာနေ့မှာတော့ ရိုက္ခာပြတ်ပြီမို့ အလှကလေးက ရှော့ထနီးသွားပြီး ဈေးဝယ်တယ်။ ဖောက်စ်ဝက်ဂွန်နဲ့ပေါ့။ မာစီဒီးကတော့ စပါးကျီထဲ တုတ်တုတ်မျှ မလှုပ်။

သူတို့အတွက်က အိတ်ကြီးတစ်အိတ်၊ ဆွန်ညာ့အတွက်က အာဂျင်တီးနား ပန်းသီးတွေ အပြည့်ပါတဲ့ အိတ်ကြီးတစ်အိတ်။ အိမ်ရောက်တာနဲ့ ပန်းသီးအိတ်ကို အယ်လန့်ကိုပေးပြီး ဘန်နီ၊ ဘက်စတာတို့နဲ့အတူ ကော်ဖီ၊ ဘယ်လ်ဂျီယမ် စတော်ဘယ်ရီ သုံးဆောင်ရင်း ဝရန်တာမှာ ငြိမ့်။ ဂျူးလီးယပ်လည်း ငါးမျှားတာ နားပြီး အိမ်ထဲ ပြန်ဝင်လာ။

အဲဒီအချိန်မှာ အယ်လန်နဲ့ ဆွန်ညာ့ဆီ တည့်တည့်ကြီး တိုးဝင်လာတဲ့ ဖို့ထ်မက်စတန်းကားကို သူတို့ မြင်လိုက်ရတာ။

အားလုံးထဲမှာ ဆွန်ညာက အအေးဆေးဆုံးပဲ။ အယ်လန်ကျွေးတဲ့ ပန်းသီးတွေစားရင်း ခုဝင်လာတဲ့ ဧည့်သည်ကို ဖင်ပေးထားတယ်။

အယ်လန်က ဒုတိယ အအေးဆေးဆုံး။ သေခြင်းတရားဆိုတာ ဘဝမှာ အကြိမ်ကြိမ် အခါခါ ကြုံခဲ့ပြီးသားမို့ ဖို့ထ်မက်စတန်း မကလို့ တင့်ကား ဝင်လာလည်း မတုန်လှုပ်။ အချိန်တန် ရပ်သွားမှာမဟုတ်လား။

ဘက်စတာက တတိယ အအေးဆေးဆုံး။ လူတွေ့တိုင်း ထိုးဟောင် တတ်တဲ့အကျင့် သူ့မှာ မရှိတဲ့အတွက် နားရွက်တွေထောင်ရင်း ကားကို စိုက်ကြည့်နေတယ်။ လိုအပ်ရင် လှုပ်ရှားဖို့ အဆင်သင့်။

အလှကလေး၊ ဘန်နီနဲ့ ဂျူးလီးယပ်ကတော့ ပြေးဆင်းလာပြီး အတွဲလိုက် တန်းစီရင်း မြင်ကွင်းကို ကြည့်နေတယ်။

ရေပုံးဟာ ကားကို ဖွတ်အတင်းဆောင့်ရပ်၊ ခြောက်လုံးပြူးကို ကိုင်ရင်း

ဆင်းလာတယ်။ ပထမဆုံး သေနတ်နဲ့ ထိုးချိန်လိုက်တာ ဆင်ဖင်ကြီး ဖြစ်နေ တာကို သိသွားတဲ့အတွက် အယ်လန်နဲ့ မိတ်ဆွေသုံးယောက်ကို ပြန်ပြောင်း ချိန်တယ်။

'ဟေ့ … လက်မြှောက် …'

အလို … ဟေ့ … လက်မြှောက် ဆိုပဲ။ သူ့ကိုယ်သူ ဘာထင်နေသတုံး။ လက်ထဲက ပန်းသီးနဲ့ ပေါက်လိုက်ရရင် ကောင်းမလား၊ ဒါမှမဟုတ် စတော်ဘယ်ရီ ခြင်းလိုက် လောင်းချလိုက်ရမလား၊ ဒါမှမဟုတ် … … …။

'ဟိုအဘိုးကြီး ယီးတီးယားတားမလုပ်နဲ့၊ လက်ထဲကဟာကြီး ချ'

'ယီးတီးယားတား … ဟုတ်စ'

'ခင်ဗျား့ စောက်ပါးစပ်ကြီး ပိတ်ထားစမ်း၊ ငွေအိတ် ဘယ်မတုံး၊ ငွေအိတ် သယ်လာတဲ့ကောင် ဘယ်မတုံး'

သြော် … ခုတော့ သူတို့ ရောက်လာကြပြီကော။ အလှကလေး တွေး နေတယ်။ ကံကောင်းခြင်းလက်ဆောင်တွေ နိဋ္ဌိတံပြီကော။ ဘယ်သူမှ အဖြေ မပေးကြဘူး။ ဆင်ကလွဲလို့ အားလုံး စိတ်ညစ်နေကြတယ်။ ဆင်မ ဆွန်ညာကတော့ သွင်းကုန် သွင်းပြီးလို့ ထုတ်ကုန်ထုတ်ဖို့ အချိန်ကျပြီ။ ဒါကြောင့် ရေပုံးဘက်လှည့်ထားတဲ့ ဖင်ကြီးကနေ အီးတုံးတွေ ဒလဟော သွန်ကြလာ တယ်။

'ဟာ … စောက်ကျိုးနည်းမှပဲ'

ရေပုံးဟာ ဆင်ချေးပေမှာစိုးလို့ ရှောင်လိုက်ပြီး …

'ဘာလို့ ဆင်ကြီးက ရောက်နေရတာလဲ'လို့ ကြောင်တောင်တောင် မေး လိုက်တယ်။

ဘက်စတာဟာ မနေနိုင်တော့ဘူး။ ဟောင်ချင်စိတ် ငယ်ထိပ်တက်လာတယ်။ သို့သော်လည်း ဘယ်လူစိမ်းကိုမှ မဟောင်ရဘူးဆိုတဲ့ သခင်မ ညွှန်ကြားချက်က

ရှိလေတော့ တဝုဝုနဲ့ ညည်းနေတယ်။ ဝရန်တာက အယ်လ်ဖေးရှင်းကြီးကို မြင်တော့ ရေပုံးဟာ နောက်နှစ်လှမ်း ဆုတ်လိုက်တယ်။ ပစ်ဖို့ အသင့်ပြင်ထားလိုက်တယ်။ အဲဒီအချိန်မှာပဲ နှစ်တစ်ရာ သက်တမ်းရှိနေတဲ့ အယ်လန့်ဦးနှောက်ကြီးဟာ အကြံသစ်တစ်ခုကို မွေးဖွားသန့်စင်လိုက်တယ်။ အကြံမှ တကယ့်အကြံ။ စောက်ကျိုးကြီးနည်းမယ့် အကြံ။ အခန့်မသင့်ရင် သေနတ်မှန်မယ်။ ဒါပေမဲ့ ကြောက်ရိုးလား။ အသက်ပြင်းပြင်း တစ်ချက်ရှူ၊ အမြဲပြုံးနေတဲ့ နှုတ်ခမ်းတွေ က ပိုပြုံးရင်း ပြဿနာကောင်ဆီ တန်းတန်းမတ်မတ် လျှောက်သွားတယ်။

ပါးစပ်ကလည်း ...

'ကြည့်စမ်း၊ ကြည့်စမ်း ... ကောင်းလိုက်တဲ့ သေနတ်လေး၊ ဒါ အစစ် လား၊ ကျုပ် ကိုင်ကြည့်လို့ ရမလား'လို့ တတွတ်တွတ် ပြောနေတယ်။

အဘိုးကြီးတော့ အဆန်ချောင်သွားပြီလို့ ကျန်တဲ့သုံးယောက် အတွေး ပေါက်။ ရေပုံးကလည်း 'ဟေ့ ... သေနာကျကြီး ရှေ့မတိုးနဲ့၊ ကျုပ် ပစ်မှာနော်' လို့ တရစပ်ပြော၊ အဲသလိုနဲ့ အယ်လန်က ရှေ့တိုး၊ ရေပုံးက သေနတ်နဲ့ချိန်ရင်း နောက်ဆုတ် ... ဆုတ် ... ဆုတ် ...။

ပူပူနွေးနွေး ဆင်ချေးပုံကြီးကို နင်းမိရင် ဘယ်လောက် ဟန်ချက်ထိန်းရ ခက်သလဲဆိုတာ ကြုံဖူးမှ သိလိမ့်မယ်။ ခု ရေပုံး ကြုံပြီ။

ဘာဖြစ်မှန်း မသိခင် ဝုန်းခနဲ လဲသွားတယ်။ အယ်လန်က သူ့စီမံကိန်း နောက်ဆုံးအဆင့်ကို အကောင်အထည်ဖော်ပြီ။

'ထိုင်ချလိုက် ဆွန်ညာ၊ ထိုင်ချ၊ ထိုင်ချ ... ထိုင် ... ထိုင် ... ထိုင်' အလိုလေး ... အယ်လန့်အကြံကို သိသွားတဲ့ အလှကလေးက 'မလုပ်နဲ့ ဆွန်ညာ၊ မထိုင်နဲ့' လို့ လှမ်းအော်နေတယ်။

ဆင်ချေးပုံပေါ် ပက်လက်ကလေးလန်နေတဲ့ ရေပုံးလည်း ခုမှ သူ့ ကံကြမ္မာကို သေချာ သဘောပေါက်သွားပြီး စောက်ကျိုးနည်းပြီလို့ ထအော် လိုက်တယ်။

အားလုံးကို ဖင်ပေးထားတဲ့ ဆွန်ညာကတော့ အယ်လန့်စကားကိုပဲ သေချာကြားလိုက်တယ်။ သူ့အပေါ် ကောင်းရှာတဲ့ အဘိုးကြီး။ သူ ဖြစ်စေ ချင်တာ ဖြစ်ရမပေ့ါ။ အလှကလေးက မလုပ်နဲ့ ဆိုတာကိုလည်း သူက လုပ်လုပ်လို့ ကြားနေတယ်။ ဟုတ်ပြီ ... ထိုင်ပြီ။

ဆွန်ညာ့ဖင်ကြီးဟာ ပူနွေးနွေးအရာတစ်ခုပေါ် ကျသွားတယ်။ အားပါးတရ ထိုင်ချလိုက်တော့ ဂျိုးဂျိုးဂွျတ်ဂွျတ်အသံတွေ ကြားလိုက်ရတယ်။ ခဏနေတော့ အားလုံး ငြိမ်၊ ဆွန်ညာကတော့ ပန်းသီး နောက်တစ်လုံးစားဖို့ အဆင်သင့်ပဲ။ ဂျူးလီးယပ်က ပြောလိုက်တယ်။

'ဒါ နံပါတ်နှစ် အကောင်ပဲ ဖြစ်ရမယ်'

အလှကလေးကတော့ 'အလိုလေး ... ဘုရား ... ဘုရားကိုယ်တော်မြတ်ကြီး ကယ်တော်မူပါ' လို့ ညည်းနေတယ်။

ဘန်နီက 'အို ... အင် ...' လုပ်နေချိန်မှာ အယ်လန်ကတော့ 'ရော့ဟော့ နောက်တစ်လုံး' ဆိုပြီး ဆွန်ညာ့ကို ပန်းသီးပစ်ကျွေးနေတယ်။

ရေပုံးကတော့ ဘာတစ်လုံးမှ မပြောနိုင်။ ဘယ်တော့မှလည်း ပြောနိုင် တော့မယ် မဟုတ်။

ဘော့စ်ဟာ နောက်သုံးနာရီလောက် ကြာတဲ့အထိ ရေပုံး ဆက်သွယ် လာမှာကို စောင့်တယ်။ ဘာသံမှ မကြားတဲ့အဆုံး အခြေအနေ မကောင်းဘူး လို့ တွက်လိုက်တယ်။ 'လူတွေ ... လူတွေ ... ငါခိုင်းတဲ့အတိုင်း တစ်သဝေ မတိမ်း ဘာဖြစ်လို့များ မလုပ်ကြပါလိမ့်နော်' လို့ သူ ညည်းတွားနေတယ်။

ခုတော့ သူကိုယ်တိုင် ကိုင်တွယ်ရတော့မယ်ဆိုတာ သေချာနေပြီ။
ရေပုံးဆီကရတဲ့ ကားနံပါတ်ကို မော်တော်ယာဉ်ဌာန လှမ်းမေးလိုက်တာ
ခဏနေတော့ ဖောက်စ်ဝက်ဂွန် အနီရောင်ဆိုတာ သိလာရပါလေရော။

(၁၁)

၁၉၄၅–၄၇။
တက္ကိုလာ တစ်ပုလင်းလုံး သောက်ပြီး အသံဆိုးကြီးနဲ့ တအီအီငိုဖို့
ဖြစ်နိုင်မယ်ဆိုရင် အဲဒါ ဒုတိယသမ္မတ ဟယ်ရီ အက်စ် ထရူးမန်းပဲလို့သာ
မှတ်လိုက်ကြပေတော့။
သတင်းဆိုးရဲ့ အကျိုးဆက်ကတော့ ဒုတိယသမ္မတဟာ ဝါရှင်တန်ကို
ခုချက်ချင်း ပြန်ရမှာဖြစ်တယ်။ အယ်လန်ကတော့ ငွေရှင်းဖို့အရေး စားပွဲထိုး ချုပ်နဲ့
အကြေအလည် ညှိနှိုင်းနေရတယ်။ အမေရိကန်ရဲ့ လာလတ္တံ့သော သမ္မတဆီက
အကြွေးတောင်းဖို့ကိစ္စ စားပွဲထိုးချုပ်က သဘောတူလိုက်တယ်။ သူ့လိပ်စာလည်း
သိနေတာပဲကို နော။
ဓာတ်ခွဲခန်းကို သူ လမ်းလျှောက်ပြန်လာတယ်။ လုပ်မြဲအတိုင်း သိပ္ပံ
ပညာရှင်ကြီးတွေကို ကော်ဖီငှဲ့ပေးတယ်။ စားပွဲ ဆက်ထိုးတယ်။ ဒါပေမဲ့ သူ့ကို
ရှိန်ကုန်ကြပြီ။ ဆက်ဆံရေး ပြောင်းကုန်ကြပြီ။ အရင်လို နေလို့မကောင်း တော့ဘူး။
ဒီလိုနဲ့ အလုပ်ပြောင်းဖို့ စဉ်းစားနေတုန်း သူ့ဆီ ဝါရှင်တန်က ဖုန်းဝင်လာတယ်။
'အယ်လန်လားဟေ့ ... ကျုပ် ဟယ်ရီပါ'
'ဘယ်က ဟယ်ရီတုံးဗျ ...'
'ဟ ... ထရူးမန်းလဟ၊ ဟယ်ရီထရူးမန်း၊ သမ္မတ ထရူးမန်း၊ လဖွတ် တဲ့မှပဲ ...

မေ့နေပြီလား'

'သြ ... ဟုတ်ကဲ့ သမ္မတကြီးခင်ဗျား၊ နေ့လယ်စာစားလို့ သိပ်ကောင်း တယ်နော်၊ လေယာဉ် မီတယ်မဟုတ်လား'

ဘာ မမီစရာ အကြောင်းရှိလဲ။ သူ့ကိုယ်ပိုင်လေယာဉ် အဲဖို့စ် ၂ ပေါ် တက်ပြီး ငါးနာရီလုံးလုံး ကုလားသေ ကုလားမော အိပ်လိုက်သွားရုံ ဥစ္စာကို။

ခုတော့ သွားလေသူကြီး ပေးခဲ့တဲ့အမွေတွေကို ဟယ်ရီ ဆက်ခံနေရပြီ။ အဲဒါအတွက် အယ်လန့်အကူအညီ လိုတယ်။ ကူညီပေးနိုင်မလားတဲ့။ ရတာပေါ့။ ကူညီမှာပေါ့။ နောက်တစ်နေ့မနက်မှာ လော့စ်အလားမို့စ်ကနေ အပြီးထွက်ခဲ့လိုက်တယ်။

ဘဲဥပုံရုံးခန်းဆိုတာ တကယ်ပဲ ဘဲဥပုံပါကလားလို့ အယ်လန် တွေးနေတယ်။ အဲဒီရုံးခန်းထဲမှာ သူ့သောက်ဖော်သောက်ဖက်ကြီးနဲ့ အခု အတူ ထိုင်နေရပြီ။

သမ္မတကြီးခမျာ အမျိုးသမီးတစ်ယောက်ကြောင့် အကျပ်ရိုက်နေရှာတယ်။ နိုင်ငံရေးကိစ္စပါပဲ။ သူ့နာမည်က စုမေလင်းတဲ့။ ကြားဖူးသလား အယ်လန်။ သြော် ... မကြားဖူးဘူးလား ... အင်း ... အင်း ...။

စုမေလင်းဆိုတာ တရုတ်ဆိုတဲ့ တိုင်းပြည်က ကူမင်တန်ခေါင်းဆောင် ချန်ကေရှိတ်ရဲ့မိန်းမ။ အမေရိကမှာ ပညာသင်။ သွားလေသူကြီးကတော် မစ္စရုစဗဲ့ရဲ့ ချစ်သူငယ်ချင်း။ အင်မတန် လှပချောမောသော တရုတ်မလေးပေါ့လကွယ်။ သွားလေရာ ပရိသတ်ထောင်ချီစုနိုင်တဲ့၊ အမေရိကန် အောက်လွှတ် တော်လို နေရာမျိုးမှာ မိန့်ခွန်းပြောခွင့်ရတဲ့ ခေသူမဟုတ် အစားထဲကပေါ့။ ခုလည်း သမ္မတကြီးရုစဗဲ့ ပေးခဲ့တဲ့ကတိစကား ဆိုတာကို ကိုင်စွဲရင်း သမ္မတ ထရူးမန်းကို အရေးဆိုနေလေရဲ့။

'တန်တော့ ဒါ နိုင်ငံရေးနဲ့ ပတ်သက်လိမ့်မယ် ထင်တယ်'
အယ်လန်က ဟယ်ရီ့စကား နားထောင်ရင်း မှတ်ချက်ဝင်ပေးတယ်။
'အင်း … သမ္မတဖြစ်လာရင် ဒါတွေက ရှောင်လွှဲမရဘူးလေ'
ဟယ်ရီထရူးမန်းက စိတ်ပျက်လက်ပျက် လေသံနဲ့ ပြန်ပြောတယ်။
ခုလတ်တလောမှာတော့ မန်ချူးရီးယားအရေးကြောင့် ကူမင်တန်နဲ့ ကွန်မြူနစ်
ခဏတစ်ဖြုတ် ငြိမ်းချမ်းရေးရနေကြသတဲ့။ သို့သော်လည်း မကြာခင် ဂျပန်
လက်နက်ချတာလိုက်တာနဲ့ တရုတ်ပြည်တွင်းမှာ ဒီနှစ်ဖွဲ့
ဆော်ပလော်တီးကြဦးမှာပဲတဲ့။
'ဒါနဲ့ ဂျပန်က သေချာပေါက် လက်နက်ချမယ်လို့ ဘယ်လို သိတုံး'
အယ်လန့်ရဲ့အမေးကို 'စောင့်ကြည့်ပေါ့'လို့ ထရူးမန်းက ပြောရင်း
အကြောင်းအရာ ပြောင်းလိုက်တယ်။ တရုတ်ပြည်အကြောင်း သိကောင်းစရာတွေ
အယ်လန့်ကို သူ လျှောက်ပြောနေတယ်။ ထောက်လှမ်းရေးသတင်းတွေအရ
ကွန်မြူနစ်တွေ အရေးသာနေသတဲ့။ စစ်မဟာဗျူဟာရုံး အလိုအရ ချန်ကေရှိတ်ရဲ့
စစ်ဗျူဟာဟာ အလွန်ဖွတ်ကျားကျသတဲ့။ ချန်ကေရှိတ်ဟာ မြို့တွေကိုသာ
အလေးထားပြီး တောပိုင်းတွေကို လွှတ်ထားလို့ ကွန်မြူနစ်ဝါဒ ဖြန့်ဖို့
လမ်းခင်းပေးသလို ဖြစ်နေတယ်တဲ့။ ကွန်မြူနစ်ခေါင်းဆောင် မော်စီတုံးကို
အမေရိကန်က မကြာခင် ကပ္ပိမှာဖြစ်ပေမဲ့ ပြည်သူတွေအကြား သူ့ဝါဒတွေ
ပျံ့ကုန်မှာ စိုးရိမ်ရသတဲ့။ ဒါကို ချန်ကေရှိတ်သာ မသိတာ။ သူ့မိန်းမ စုမေလင်းက
ကောင်းကောင်းသိတယ်။ ဒါကြောင့် သူ့တပ် သူဖွဲ့ဖို့ မဒမ် ချန်ကေရှိတ်က
ကြံစည်နေတယ်။

သမ္မတဟာ စစ်ဗျူဟာအကြောင်းတွေ ဆက်ပြောတယ်။ ဒါပေမဲ့ အယ်လန်

နားမထောင်နိုင်တော့ဘူး။ ဘဲဥပုံ ရုံးခန်းကို ပတ်ကြည့်နေတယ်။ ပြတင်းပေါက်တွေက ကျည်လုံရဲ့လား၊ ဘယ်တံခါးကနေ ဝင်ရင် ဘယ်ရောက် သတုံး ဆန်းစစ်နေတယ်။

ဇရာမ ကော်ဇောကြီးကို ဖုန်ခါဖို့ သိပ်ခက်မှာပဲလို့ တွေးနေတယ်။ ခဏနေတော့ ကရားရေလွှတ် ပြောနေတဲ့ သမ္မတကို ဟန့်ဦးမှလို့ သူ အသိ ဝင်လာတယ်။

'ခဏလေး … ဟယ်ရီ၊ ကျွန်တော့်ကို ဘာလုပ်စေချင်တာလဲ'

'အင်း … ကျုပ်ပြောနေတာက တောပိုင်းတွေမှာ ကွန်မြူနစ်တွေ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်မပြုနိုင်တဲ့အတွက် …'

'အင်းလေ … ကျွန်တော့်ကို တကယ်လုပ်စေချင်တာက ဘာလဲ'

'စုမေလင်းက အမေရိကန်ဆီက လက်နက်အထောက်အပံ့ လိုချင်နေတယ်၊ ရသမျှလိုချင်တယ်၊ ရနိုင်တာထက် ပိုလိုချင်တယ်'

'တိတိကျကျ ပြောပါဗျာ၊ ကျွန်တော် ဘာလုပ်ရမှာလဲ'

တတိယပို့မေးတော့မှ ထရူးမန်းဟာ ခဏငြိမ်သွားပြီး …

'တရုတ်ပြည် သွားပြီး တံတားတွေ ဖောက်ခွဲစေချင်တာ' လို့ လိုရင်း ပြောတော်မူတော့တယ်။

အယ်လန်ဟာ မျက်နှာကြီး ဝင်းသွားပြီး …

'စောစောကတည်းက ပြောလိုက် ပြီးရော' လို့ ပြောလိုက်တယ်။

'ဖောက်ခွဲနိုင်သမျှ အကုန်သာ ဖောက်ခွဲ၊ ဒါမှ ကွန်မြူနစ်တွေ … တွေ …'

'တိုင်းသစ်ပြည်သစ်ကို ရောက်ရချည်သေးရဲ့၊ ကောင်းပါ့၊ ကောင်းပါ့'

'စုမေလင်းရဲ့ လူတွေကိုလည်း ဖောက်ခွဲနည်း သင်တန်းပေးပါ၊ ဒါမှ … မှ …'

'ဘယ်တော့ သွားရမှာလဲ'

အယ်လန်ဟာ ဖောက်ခွဲရေး စပါယ်ရှယ်လစ်။ အမေရိကန် သမ္မတ လောင်းနဲ့ သောက်ရင်းစားရင်း ခင်မင်ခဲ့ရပေမဲ့ ဆွိဒင်က ဆွိဒင်ပါပဲ။ သဟာကြောင့်မို့ နိုင်ငံရေးကို နည်းနည်းမှ စိတ်မဝင်စားဘူး။ နည်းနည်းလောက်များ စိတ်ဝင်စားခဲ့ရင် အမေရိကန်အနေနဲ့ စင်ပြိုင် စစ်ပရောဂျက်နှစ်ခုကို တစ်ပြိုင်နက် ထောက်ခံလို့မရဘူးဆိုတာ ချက်ချင်းသိမှာပဲ။ တရားဝင်အားဖြင့် အမေရိကန်ဟာ ချန်ကေရှိတ်ရဲ့ ကူမင်တန်ပါတီကို ထောက်ခံတယ်။ ခု ချန်ကေရှိတ်ကတော် မြွေမ (သမ္မတရဲ့အမြင်)ရဲ့ တံတားဖျက်မယ့် လုပ်ငန်းတွေကိုလည်း ထောက်ခံတယ် လုပ်လို့ မရဘူး။ ဒါပေမဲ့ ထရူးမန်းဟာ စုမေလင်းနဲ့ မဒမ် ရစဗဲ့တို့ရဲ့

လက်ဖက်ရည်စကားဝိုင်း သဘောတူညီချက်ကို ကန့်ကွက်ပိုင်ခွင့်လည်း မရှိပြန်ဘူး။ ဒါကြောင့် ကြားလူ အယ်လန်ကို စုမေလင်းနဲ့ မိတ်ဆက် ပေးလိုက်မယ်။ ဒါဆို ပျားလည်းစွဲသာ ရှဥ့်လည်းလျှောက်သာ။ ဖိမ်ပဲ။

နောက်တစ်ချက် အနေနဲ့ကတော့ ဆုံးဖြတ်ပြီးသား ကိစ္စပဲ။ ဖိလစ်ပိုင် အရှေ့ပိုင်းက ကျွန်းတစ်ကျွန်းပေါ်မှာ ဘီ ၅၂ ဗုံးကြဲလေယာဉ်ကြီးဟာ သမ္မတ အမိန့်ကို စောင့်နေတယ်။ အားလုံး အဆင်သင့်ပဲ။ ဘာမှ အမှားအယွင်း ဖြစ်စရာ မရှိ။

နောက်တစ်နေ့ကတော့ ၁၉၄၅ ခုနှစ်၊ ဩဂုတ် ၆ ရက်နေ့လေ။

စုမေလင်း ဆိုတာကြီးနဲ့ ပထမဆုံးအကြိမ် တွေ့လိုက်တာနဲ့ သူ့ဘဝ အပြောင်းအလဲကတော့ ကြီးကြီးမားမားဖြစ်ပြီလို့ အယ်လန် သိလိုက်တယ်။ ဝါရှင်တန်က ထိပ်တန်းဟိုတယ်တစ်ခုရဲ့ ဖိမ်ခန်းဆွီခန်းကြီးထဲမှာ ကိုယ်ရံတော် နှစ်ဒါဇင်ကျော် ကြားကနေ တိုးဝှေ့ပြီး မင်းကတော်နဲ့တွေ့တော့ အယ်လန်က လက်ကမ်းပေးရင်း ...

'မင်္ဂလာပါ မဒမ်၊ ကျွန်တော် အယ်လန်ကားလ်ဆန်ပါ ခင်ဗျ' လို့ နှုတ်ခွန်းဆက်လိုက်တယ်။

စုမေလင်းဆိုတဲ့ မိန်းမက သူ့ဘက်ကို လှည့်တောင်မကြည့်ဘဲ ကုလား ထိုင်ကို လက်ညှိုးထိုးပြရင်း 'ထိုင်' တဲ့။ တစ်ခွန်းတည်း ပြောတယ်။

ဒီနှစ်များအတွင်း အယ်လန်ဟာ စောက်ရူးဆိုတာကနေ ဖက်ဆစ် ဆိုတာအထိ အမျိုးမျိုး စွပ်စွဲခံရဖူးတယ်။ ဒါပေမဲ့ သူဟာ ထားရာနေ စေရာ သွားတဲ့ ခွေးတစ်ကောင်တော့ မဟုတ်ပေဘူး။ သို့သော်လည်း ရှေ့ ဘာဆက် ဖြစ်ဦးမလဲ သိချင်တာရယ်၊ ကုလားထိုင်က ဇိမ်ကျမယ့်ပုံ ရှိတာရယ်ကြောင့် ပြောစကား နားထောင်ရင်း ဝင်ထိုင်လိုက်တယ်။

အယ်လန်လည်း ထိုင်ပြီးရော စုမေလင်းက တရစပ် ပြောတော့တာပဲ။ နိုင်ငံရေး အကြောင်းတွေပေါ့။ သမ္မတရစ်ဖ့်က သူ့အကြံအားလုံးကို ထောက်ခံရုံ မက ဒီစီမံကိန်းရဲ့ နောက်ကွယ်ကလူဟာ ရစ်ဖ့်ပဲလို့ ပြောနေတယ်။ အယ်လန်လည်း အံ့အားသင့်နေတယ်။ သချိုင်းကုန်းကနေ ထပြီး ဒီစီမံကိန်းကို ကွပ်ကဲ နိုင်တယ်ဆိုတော့ ရစ်ဖ့်ဟာ လူလွန်မသားပဲ။

ကွန်မြူနစ်ရန်စွယ်ကို အပြီးတိုင် ချေမှုန်းသုတ်သင်ဖို့ လိုသတဲ့။ တရုတ်နိုင်ငံရဲ့ ပြည်နယ်တစ်ခုပြီးတစ်ခု ဟိုလူပြက် မော်စီတုံး နိုင်ငံရေးအဆိပ် လိုက်ခတ်နေတာကို တားမှဖြစ်မှာတဲ့။ ဒါပေမဲ့ ဒီစီမံကိန်းကို သူ့လင် ချန်ကေရှိတ် သိလို့ မဖြစ်ဘူးတဲ့။ ဘယ်လိုစကားမှန်းလည်း မသိ။

'ဘာလို့မဖြစ်တာလဲ၊ ခင်ဗျားတို့ အချစ်ရေးမှာ အနှောင့်အယှက်ဖြစ်မှာ စိုးလို့လား'

အဲသလိုလည်း မေးလိုက်ရော စုမေလင်းရဲ့ နဂါးမျက်စောင်းဟာ

အယ်လန့်အပေါ် ဝင်းခနဲ ကျလာခဲ့တယ်။ သယ် ... ရာရာစစ။ မိုက်ရိုင်း ထောင်လွှား စော်ကားလေခြင်း။ တော်တန်တိတ်။ သမ္မတရစဖွဲ့ရဲ့ ထောက်ခံ မှုနဲ့ လုပ်တဲ့ စီမံကိန်း။ အယ်လန်ဆိုတာ သူ ထားရာနေ စေရာသွားရမယ့် ကျွန်သပေါက်။ မမေးဘဲ မပြောနဲ့။ မခေါ်ဘဲ မလာနဲ့။ ရှင်းလား။

အယ်လန် ဒေါသမထွက်ပါဘူး။ ဒေါသဆိုတာ သူ့အဘိဓာန်မှာမှ မရှိဘဲ။ ခု မေးတဲ့အတွက်ကြောင့် ပြောတော့ ပြောရမယ်ပေ့ါ။

'အင်း ... ကျုပ် ကြားတာတော့ ရစဖွဲ့က သေပြီဆို၊ လူသေတစ်ယောက် ရဲ့ ညွှန်ကြားချက်ကို လိုက်နာစရာ မလိုဘူးလို့ ကျုပ် ထင်တယ်၊ နောက် တစ်ခုက ကျုပ်ကို သမ္မတထရူးမန်းက ကိုယ်တိုင်ကမ်းလှမ်းလို့ ဒီအလုပ်ကို ဝင်လုပ်တာ၊ မင်းကတော်အနေနဲ့ ကျုပ်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်တယ်ဆိုရင် တရုတ်ပြည်ကို နောက်များမှပဲ လာလည်တော့မယ်၊ တံတား ဆိုတာလည်း ကျုပ် အများကြီး ဖောက်ခွဲခဲ့ပြီးပြီပဲ'

ကဲ ... အခု ဘာလုပ်ကြမလဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ဗုဒ္ဓဘာသာဝင်နဲ့ လက်ထပ်လို့ သူ့အမေ သူ့ကို အတိုက်အခံ လုပ်ပြီးချိန် ကတည်းက စုမေလင်းကို ဘယ်သူမှ ထိပ်တိုက်မတွေ့ရဲခဲ့တာ။ သူ့အမေတောင် သူ့သမီး ထိပ်တန်းရောက်လာတော့ မေမေ ပြောမိတာ မှားပါတယ် သမီးရယ်လို့ ပြန်တောင်းပန်ရသေးတာ။ ခုတော့ သူ ပြန်စဉ်းစားနေရပြီ။ ကြည့်ရတာ အခြေအနေ ဟန်ပုံမရဘူး။ ဘယ်အမေရိကန်မဆို သမ္မတရစဖွဲ့ အကြောင်း၊ သမ္မတကတော်နဲ့ သူငယ်ချင်းဖြစ်တဲ့အကြောင်း သူ ပြောလိုက် တိုင်း တုန်တက်သွားကြတယ်။ ခုအကောင်ကတော့ ပမာမခန့်နဲ့။ သောက် ထရူးမန်းဆိုတဲ့လူ ဘယ်လိုကောင်စားမျိုးကို ပို့လိုက်တယ် မသိ။

ဒါပေမဲ့ စုမေလင်းဟာ ခေါင်းမာသင့်တဲ့ နေရာမှာပဲ မာတာ။ ခု
ပန်းတိုင်မရောက်သေးခင် မာန်သိပ်တက်လို့ မဖြစ်ဘူး။ ဒါကြောင့် သူ ဗျူဟာ
ပြောင်းလိုက်တယ်။ သူ ချက်ချင်း ပြုံးလိုက်တယ်။ လက်ကမ်းပေးလိုက်ပြီး ...

'ကျွန်မတို့ သေချာမိတ်မဆက်ရသေးဘူး ထင်တယ်နော်' လို့ ပြောလိုက်တယ်။
နောက်ကျပေမဲ့ လုံးဝ မလုပ်တာထက်စာရင် တော်သေးတယ် မဟုတ်လား။
အယ်လန်ကလည်း ဒီလောက်တော့ သိပါတယ်။ လက်ဆွဲနှုတ်ဆက်၊
ပြုံးပြပေါ့လေ။ ဒါပေမဲ့ နောက်ကျတာဟာ လုံးဝမလုပ်တာထက်စာရင်
တော်သေးတယ်ဆိုတာကို လက်မခံချင်ဘူး။ သူ့အဖေကိုပဲ ကြည့်လေ။ ရှုရှ
တော်လှန်ရေးမတိုင်ခင် တစ်ရက်မှာ ဇာဘုရင်ထောက်ခံသူ ဖြစ်လာတော့ ဘာ
ဖြစ်သွားတုံး။

နောက်နှစ်ရက်ကြာတော့ အယ်လန်ဟာ စုမေလင်းရယ်၊ သူ့ ကိုယ်ရံတော် ဆိုတဲ့
လူနှစ်ဆယ်နဲ့အတူ လော့စ်အိန်ဂျယ်လီးစ်ကို ချီတက်နေခဲ့ကြပြီ။ ဒိုင်းနမိုက်
ကုန်သေတ္တာကြီးနဲ့အတူ ရှန်ဟိုင်းသွားဖို့ သင်္ဘောကို စောင့်ရမယ် လေ။
ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကျော်နေတဲ့ ခရီးတစ်လျှောက် အယ်လန်ဟာ
စုမေလင်း မမြင်ကွယ်ရာမှာနေလို့ မရဘူး။ သင်္ဘောပေါ်မှာ ပုန်းစရာနေရာမှ မရှိဘဲ။
ဒါနဲ့ပဲ မပုန်းတော့ဘူး။ ညစာစားတိုင်း ကပ္ပတိန့်နား ထိုင်တယ်။ ရလဒ်ကတော့
အစားကောင်း စားရတာပဲ။ မကောင်းတာကတော့ စုမေလင်း လည်း အဲဒီစားပွဲမှာ
လာထိုင်ပြီး နိုင်ငံရေးအကြောင်းချည်း ခွပြောတာပဲ။

နောက်ထပ် မကောင်းတဲ့အချက်ကတော့ သောက်စရာကို ဗော့ဒကာ အစား
ငှက်ပျောသီးဖျော်ရည်ဆိုတာကြီး ပေးတယ်။ ဆိုးလိုက်တာ ပြောမနေပါနဲ့တော့။
လည်ချောင်းထဲကနေတစ်ဆင့် ဝမ်းထဲကို လျှောခနဲကျမသွားဘဲ

အာခေါင်မှာကပ်နေတဲ့ ဒီအရည်ဟာ ရှောင်သင့်ရှောင်ထိုက်တဲ့ အရည်ပေပဲလို့ အယ်လန် တွေးနေတယ်။

စုမေလင်းကတော့ ကြိုက်ပုံပဲ။ တစ်ခွက်ပြီးတစ်ခွက်မှာ သောက်တယ်။ သောက်လေ သောက်လေ အာပေါင်အာရင်းသန်သန်နဲ့ နိုင်ငံရေးစကား ပြောလေပေါ့။

အဲဒီ ညစာစားပွဲတွေမှာ အယ်လန် သိခဲ့ရတာတွေ အများကြီးပေါ့။ ပြည်တွင်းစစ်မှာ လူပြက် မော်စီတုံးနဲ့ ကွန်မြူနစ်တွေနိုင်ဖို့ သေချာသတဲ့။ သူ့ချစ်လင်ကြီး ချန်ကေရှိတ်ဟာ စစ်ရေးစစ်ရာမှာ အင်မတန်ညံ့သတဲ့။ ခု အဲဒီ ညံ့ကြီးဟာ လူပြက် မော်စီတုံးနဲ့ တောင်ပိုင်းက ချုံကင်းမှာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကျင်းပမလို့ စိုင်းပြင်းနေသတဲ့။ နားရှိလို့သာ ကြားရတယ် မယုံ နိုင်ပေါင်တော်တဲ့။ ကွန်မြူနစ်နဲ့ ဆွေးနွေးသတဲ့။ နောက်ဆုံးကျတော့ ဘယ်ဘူတာ ဆိုက်မတဲ့တုံး။

ဆွေးနွေးပွဲက ပျက်မှာပဲဆိုတာ စုမေလင်း သေချာသိတယ်။ သူ့ အထောက်တော်တွေကတစ်ဆင့် ကွန်မြူနစ်စစ်တပ်ဟာ စီချွမ်ပြည်နယ် တောင်တန်းတွေပေါ်ကနေ သူတို့ခေါင်းဆောင် မော်ရဲ့အမိန့်ကို စောင့်မျှော် နေတယ်ဆိုတာ သူ သိတယ်။ အဲဒီကတစ်ဆင့် ရှန်ဇီးနဲ့ ဟီနန်ကို ဆင်းလာ ကြမယ်ဆိုတာလည်း သိတယ်။

အယ်လန်က ဘယ်တော့မှ ဝင်မဆွေးနွေးဘဲ ရေငုံနှုတ်ပိတ်နေပေမဲ့ ယဉ်ကျေးလွန်နေတဲ့ ကပ္ပတိန်က စကားထောက်လုပ်လိုက်၊ ငှက်ပျောသီးရည် ဖြည့်ပေးလိုက်နဲ့ မီးလောင်ရာ လေပင့်နေတော့တယ်။ မော်စီတုံးရဲ့ အနုပ်စုတ် ကုပ်စုတ် တပ်က အသာစီးရနေတယ်ဆိုတာကို ကပ္ပတိန်ဟာ မယုံနိုင်အောင်

ဖြစ်နေရှာတယ်။ အမေရိကန် ကျောထောက်နောက်ခံ အပြည့်ရှိတဲ့ ကူမင်တန်တပ်ဟာ လူအင်အား လက်နက်အင်အားမှာ အပြတ်အသတ်သာတာ မဟုတ်ဘူးလား။

ဒီမေးခွန်းကြောင့် ညစာစားပွဲစကားဝိုင်းဟာ နောက်ထပ် တစ်နာရီ လောက်ထပ်ကြာသွားတယ်။ စုမေလင်းရဲ့ အပြောအရ သူ့ယောကျ်ား အဂ္ဂသေနာပတိချန်ကေရှိတ်ဟာ ခေါင်းဆောင်မှုပိုင်းရော ဉာဏ်ရည်မှာပါ နွားကြီးတစ်ကောင်လိုထုံသတဲ့ ထိုင်းသတဲ့။ ဘုရားပေးတဲ့ နွားပေါ့။ မြို့တွေ ကို ထိန်းချုပ်နိုင်ရင် ကိစ္စပြီးရောလို့ ခုထိ အဲဒီနွားကြီးက ထင်နေတုန်းတဲ့။

စုမေလင်းဟာ မော်စီတုံးနဲ့ တိုက်ပွဲမှာ ထိပ်တိုက်တွေ့ဖို့ မရည်ရွယ်ပါဘူး။ အယ်လန် အပါအဝင်မှ လူလေး နှစ်ဆယ့်တစ်ယောက်ရှိတဲ့ သူ့တပ်နဲ့ ဘယ်လိုလုပ်တိုက်မလဲ။ တိုက်များတိုက်မိရင် ဒုက္ခနဲ့ လှလှတွေ့မှာပေါ့။

ဆိုတော့ ပထမအဆင့်အနေနဲ့ လူပြက်ကို ခြေချုပ်မိအောင်လုပ်ရမယ်။ ကွန်မြူနစ်တပ်ကို ဖြတ်လေးဖြတ် လုပ်ရမယ်။ ငတ်အောင် လုပ်ရမယ်။ ရွာတွေကိုနှိပ်စက်အောင် လုပ်ရမယ်။ ဒါမှ သူ့ယောကျ်ားရဲ့ ကူမင်တန်တပ်ကို ရွာသားတွေကကယ်တင်ရှင်လို့ မြင်လာကြမယ်။ ဒါမှ တိုင်းပြည်အုပ်ချုပ် မင်းလုပ်လို့ ရမယ်။ လူပြက်ပဲဖြစ်ဖြစ်၊ နွားကြီးပဲဖြစ်ဖြစ် တိုင်းပြည် ကျော ထောက်နောက်ခံရှိမှအုပ်ချုပ်လို့ရမယ် မဟုတ်လား။

စုမေလင်းရဲ့ မဟာအကြံကတော့ ဆွေးနွေးပွဲပျက်သွားတာနဲ့ တစ်ပြိုင်နက်အယ်လန့်အစွမ်းနဲ့ တံတားတွေဖောက်ခွဲပြီး လူပြက်နဲ့ သူ့တပ်ကို တိဘက်တစ်ဝက်လောက်ထိ တောင်ပေါ်မှာ မလှုပ်သာ မယှက်သာအောင် ချုပ်ထားဖို့ပဲ။ စုမေလင်းက ဒီလို ကြုံးဝါးတယ်။

'တရုတ်ပြည်မှာ မြစ်ပေါင်း ငါးထောင်ရှိသဟော့၊ ဒီ ကပ်ပါးကောင်နဲ့ သူ့တပ် ဘယ်နားသွားသွား မြစ်နဲ့ တိုးစေရမယ်'

လူပြက်တဲ့၊ ကပ်ပါးကောင်တဲ့။ အဲဒီလူပြက်၊ ကပ်ပါးရဲ့ တပ်ကို နွားကြီးရဲ့တပ်က တိုက်နေတုန်း အစိမ်းရောင် ငှက်ပျောရည်တွေ သောက်နေတဲ့ မြွေမက ကြားကဖြတ်တီးဖို့ ခု ကြံနေသလေ။ အယ်လန် ဝင်ပြော လိုက်တယ်။

'အင်း ... စိတ်ဝင်စားစရာပါပဲ၊ ဘာဆက်ဖြစ်မလဲ ကြည့်ကြသေး တာပေါ့လေ၊ ဒီမယ် ကပ္ပတိန် ... ဒီအစိမ်းရည်ကြီးတွေအစား ဖော့ဒကာလေး များ မရနိုင်ဘူးလား ခင်ဗျာ'

ကံမကောင်းဘူး။ မရဘူးတဲ့။ ငှက်ပျောရည် မကြိုက်ရင် လီမွန် သောက်တဲ့။ လိမ္မော်ရည် သောက်တဲ့၊ သံပရာရည် သောက်တဲ့။

'အင်းလေ ... မတတ်နိုင်ဘူးပေါ့၊ ဒါနဲ့ ရှန်ဟိုင်းကို ဘယ်တော့လောက် ရောက်မလဲခင်ဗျာ'

အယ်လန်နဲ့ စုမေလင်းရဲ့လူ နှစ်ဆယ်ဟာ ခုတော့ ယန်စီမြစ်ထဲမှာ စီချွမ်ကို ဦးတည်ပြီး သွားနေရပြန်ပေါ့။ ကွန်မြူနစ်တပ်တွေကို သွားရေး ခက်အောင် သွားလမ်းမသာဘဲ လာလမ်းမဖြောင့်အောင် ဖောက်သင့် ဖောက်၊ ခွဲသင့်ခွဲဖို့ပေါ့။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့မှာ သူတို့ခရီးစဉ်ကို စခဲ့ကြတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲစပြီး နှစ်ရက်အကြာမှာပေါ့။ ထင်တဲ့ အတိုင်း ဆွေးနွေးပွဲလည်း စလယ်ဝင် ဖင်မမည်းခင်က ကွဲတာပါပဲ။

ဖော်သဟာ ဆွေတစ်သင်းနဲ့ ပျော်ပွဲစားထွက်လာတယ် အောက်မေ့နေတဲ့ စုမေလင်းရဲ့ ကိုယ်ရံတော်များဟာ ဆိပ်ကမ်းတကာကပ်ပြီး ပျော်ပွဲဖွဲ့ကြတယ်၊ မူးတယ်၊ ဖာချတယ်။ မဟုတ်တာမှန်သမျှ အကုန်လုပ်တယ်။ ဒီလိုနဲ့ ပါသမျှငွေ

ကုန်တော့ လူတွေဆီက လည်ပင်းညှစ်ပြီး အခွန်ကောက် တယ်။ ဆိပ်ကမ်းမှာ ကုန်တင်ကုန်ချ လုပ်သူတိုင်း ငါးယွမ်ပေး စနစ်နဲ့ ထင်တိုင်း တွယ်တယ်။ အတွန့်တက်တဲ့လူ ပစ်သတ်ခံရတယ်။

အဲဒီ ရသမျှ အခွန်ငွေတွေလည်း ခဏနေတော့ ကုန်တာပါပဲ။ လူတွေဆီက အဲသလို လည်ပင်းညှစ်၊ ထင်တိုင်းကြဲပြီးတော့ လူတွေ ထောက်ခံမှုကလည်း ရချင်သေးသကိုး။ ဒါ သူတို့ပြဿနာလေ။ အယ်လန်တို့ကတော့ နေသာသပ လေညာကပဲ။

အဲသလို ကြုံတိုင်းဆော် တပ်ဖွဲ့ကြီးဟာ နောက်နှစ်လလောက် ကြာတော့ စီချွမ်ပြည်နယ်ကို ရောက်လာတယ်။ သူတို့ ရောက်လာချိန်မှာ မော်စီတုံး တပ်တွေ မြောက်ပိုင်းကို ချီတက်သွားတာ ကြာ ကြာလှပေါ့။ စုမေလင်း ထင်သလို တောင်ပေါ် မတက်ဘူး။ တောင်ကြားထဲ ဆင်းချသွားပြီး ယီဘင်မြို့တော်ကို ကာကွယ်နေတဲ့ ကူမင်တန်တပ်တွေနဲ့ ထိပ်တိုက်တွေ့တယ်။ မကြာ ပါဘူး။ ယီဘင်လည်း ကွန်မြူနစ်လက်ထဲ ကျသွားတယ်။ ကူမင်တန်တပ်သား ၃၅၀၀ သေတယ်။ အဲဒီထဲမှာ ၂၅၀၀ လောက်က လူမှန်းသူမှန်း မသိအောင် မူးရူးနေလို့ မသေသင့်ဘဲ သေတာ။ ကွန်မြူနစ် သုံးရာကျတာနဲ့ နှိုင်းယှဉ်ရင် မျက်ရည်တောက်တောက်ကျလောက်တဲ့ ကိန်းဂဏန်းပဲ။

ဒါပေမဲ့ ယီဘင်တိုက်ပွဲဟာ ကူမင်တန်တွေအတွက် အောင်ပွဲလို့ ပြော လို့ရတယ်။ ကွန်မြူနစ်သုံ့ပန်း ၅၀ ဖမ်းမိတယ်။ ၄၉ ယောက်ကို ပစ်သတ်ပြီး ကျင်းထဲ ဆောင့်ကန်ချလိုက်တယ်။ အယောက် ငါးဆယ်မြောက် အကျဉ်းသား … အဲ … အကျဉ်းသူကတော့ ယန်ချင်ပါတဲ့။ နာမည်ကျော်ကြားတဲ့ ရုပ်ရှင် မင်းသမီး၊ လူပြက် မော်စီတုံးရဲ့ တတိယမြောက် ချစ်သည်းတုန်မယားလေး။

ဒီလိုနဲ့ ယီဘင်မှာ ကူမင်တန်တပ်မှူးနဲ့ စုမေလင်း တပ်သားတွေကြား အငြင်းပွားကြတော့တယ်။ ယန်ချင်ကို ဒီမှာပဲ ချုပ်ထားရမလား၊ စုမေလင်းဆီ ပို့ရမလား ကိစ္စပေါ့။ သို့သော် အဲဒီအချိန် စုမေလင်းက တိုင်ပေ ရောက်နေတဲ့ အတွက် ကူမင်တန်တပ်မှူးက ယန်ချင်ကို မုဒိမ်းကျင့်ပစ်လိုက်ဖို့ အကြံကောင်း ရတယ်။ စုမေလင်းရဲ့ ကိုယ်ရံတော်များကလည်း မကန့်ကွက်ပါဘူး။ တစ်တပ် တစ်အားတောင် ပါဝင်ဆင်နွှဲကြသေးတယ်။ ဒါပေမဲ့ အသက်တော့ပါမသွား စေနဲ့တဲ့။ ယန်ချင့် ကံကြမ္မာကို စုမေလင်းနဲ့ ချန်ကေရှိတ်တို့ကသာ စီရင်ပိုင်ခွင့် ရှိတယ်မဟုတ်လား။ နိုင်ငံတကာ လှည့်လာတဲ့ စုမေလင်း ကိုယ်ရံတော်တွေဟာ ယီဘင်က တပ်မှူးကို အဲသလို အထက်စီးက ပြောတယ်။ တပ်မှူးကလည်း သဘောတူတယ်။ နေ့လယ်ကျရင် သုံ့ပန်းလွှဲပေးမယ်လို့ ပြောတယ်။ စုမေလင်း လူတွေလည်း သောက်စားမူးယစ်ပြီး သုံ့ပန်းရတနာကို သယ်ပြီး အိမ်ပြန်ဖို့ စိုင်းပြင်းကြတယ်။

လမ်းတစ်လျှောက် အယ်လန်ဟာ လှေဦးမှာထိုင်ရင်း လှေစောင့်ကောင်လေး အားမင်နဲ့ ခင်မင်လာတယ်။ နှစ်လလောက်ကြာတော့ အားမင် သင်ပေးလို့ အယ်လန်ဟာ တရုတ်စကားကို နားလည်လာခဲ့တယ်။ ငယ်ငယ်ကတည်းက အသောက်အစား ကင်းတဲ့လူကို သတိသာထားလို့ သူ့အဖေ သင်ကြားပေးခဲ့ဖူးတယ်။ ခြောက်နှစ်သားလောက်မှာ သူ့အဖေက သူ့ကို ပခုံးပေါ်တင်ရင်း … ‘ငါ့သား … ဘုန်းကြီးတွေကို သတိထား၊ မသောက် တတ်တဲ့ လူတွေကို သတိထား၊ မသောက်တဲ့ဘုန်းကြီး ဆိုလို့ကတော့ သတိ ကြပ်ကြပ်သာထား’ တဲ့။ သူပြောတဲ့စကား သူတည်လှတဲ့ အယ်လန့်အဖေဟာ ခရီးသည် မျက်ခွက်ကို အရက်မူးပြီး စွတ်ထိုးလို့ ရထားဝန်ထမ်းအဖြစ်က ထုတ်ခံရပေမဲ့ မျက်ခုံးတစ်ချက်

မတွန့်ဘူး။ သူ့အမေကတော့ သူ့ကို ဒီလို သင်ခန်းစာ ပေး တယ်။
'သောက်တတ်စားတတ်တဲ့ ငမူးငရူးတွေကို သတိသာထား ငါ့ချစ်သား ...၊ ဒါ ငါ့ဘဝနဲ့ရင်းပြီး ရခဲ့တဲ့ သင်ခန်းစာ'
မိဘနှစ်ပါးရဲ့ သင်ခန်းစာတွေနဲ့ ကြီးပြင်းခဲ့ရတဲ့ အယ်လန်ဟာ ဘုန်းကြီးနဲ့ နိုင်ငံရေးသမားဟာ တန်းတူညီမျှ ဆိုးကြတယ်လို့ သေသေချာချာ သိတယ်။ ကွန်မြူနစ်၊ ဖက်ဆစ်၊ အရင်းရှင် ဘာဖြစ်ဖြစ် နိုင်ငံရေးသမားမှန် အော့ကြောလန်တွေချည်းပဲ။ လူဖြောင့် လူမှန်တွေဟာ ဘယ်တော့မှငှက် ပျောသီးရည် မသောက်ဘူး။ ဒါ အဖေပြောတာ မှန်တယ်။ သောက်ခဲ့ရင် လည်း ဟန်မပျက်စေရဘူး။ ဉာဏ်မမှဲ့စေရဘူး။ ဒါ အမေပြောတာ မှန်တယ်။ မြစ်ကို အစုန်အဆန်သွားနေတဲ့ အချိန်အတွင်း ငမူး နှစ်ဆယ် (အမှန် တော့ ဆယ့်ကိုးယောက်ပဲ ကျန်တော့တယ်။ တစ်ယောက်က မူးပြီး လှေပေါ်က ပြုတ်ကျလို့ သေရစ်ခဲ့ပြီ) ရဲ့ စောက်ကျင့်ဆိုးတွေကို ကြည့်ရင်း စုမေလင်းကို ကူညီချင်စိတ် အယ်လန့်မှာ တစ်စက်မှ မကျန်တော့ဘူး။ အဲဒီကောင်တွေ တစ်ယောက်ပြီးတစ်ယောက် ဟိုအကျဉ်းသမလေးကို မုဒိမ်းတက်ကျင့်နေတာလည်း မမြင်ချင်ဘူး။ သူ့ဟာသူ ကွန်မြူနစ်ဖြစ်ဖြစ်၊ ဘယ်သူ့မိန်းမဖြစ်ဖြစ် ပေါ့။ ဒါကြောင့်မို့ အကျဉ်းသမနဲ့အတူ ထွက်ပြေးဖို့ သူ ကြံတယ်။ လှေစောင့် ကောင်လေး အားမင်ကို သူ တိုင်ပင်တယ်။ အားမင်က ကူညီမယ်၊ သူလည်း လိုက်မယ်တဲ့။ စုမေလင်းရဲ့အကောင် ဆယ့်ရှစ်ယောက်ဟာ ယီဘင်မှာ ပျော်ပွဲ သဘင် ဆင်ယင်ကျင်းပနေတုန်း ၁၉ ယောက်မြောက် အကောင်က ယန်ချင်ရဲ့ အချုပ်ခန်းကို စောင့်နေတယ်။ အယ်လန်က အစောင့်နား သွားထိုင်ပြီး အတူတူ သောက်ကြဖို့ ကမ်းလှမ်းတယ်။ အစောင့်က ပထမတော့ အင်တင်တင်၊ နောက်

တော့လည်း ဆန်အရက်ရဲ့ ဆွဲဆောင်မှုဒဏ်ကို မခံနိုင်ပါဘူး။ တစ်ခွက် တစ်ဖလားလောက်ကတော့ ရပါတယ်ဆိုပြီး ချတော့တယ်။ နောက်နှစ်နာရီ လောက် အကြာ အားမင် ရောက်လာတော့ အစောင့်ခမျာ မှောက်နေရှာပြီ။ အယ်လန်က ပိုးစိုးပက်စက် မူးမေ့နေတဲ့ အစောင့်ကိုကြည့်ရင်း ...

'သနားစရာ ငါ့လူရာ၊ ဆီဒင်တစ်ယောက်နဲ့ ဘယ်တော့မှ ယှဉ် မသောက်လေနဲ့လကွာ၊ မင်းက ဖင်လန် ဒါမှမဟုတ် ရုရှ ဆိုရင်တော့ တစ်မျိုးပေါ့' လို့ ဩဝါဒပေးခဲ့တယ်။

ဒီလိုနဲ့ ဖောက်ခွဲဝိဇ္ဇာ အယ်လန်ရယ်၊ လှေစောင့် အားမင်ရယ်၊ ထာဝရ ကြီးမြတ်လှသော ကွန်မြူနစ်ခေါင်းဆောင်ကြီးရဲ့ ကြင်ယာတော် ယန်ချင်ရယ် သုံးယောက်သား မှောင်ရိပ်ခိုရင်း လွတ်မြောက်ခဲ့ကြတယ်။ သူတို့တောင် တန်းတွေဆီ ဦးတည်သွားတယ်။ ယန်ချင်က လမ်းကျွမ်းတယ်။ လမ်းတစ်လျှောက် တွေ့တဲ့ တိဘက်တိုင်းက သူတို့ကို အားတက်သရော ကူညီကြတယ်။ ကွန်မြူနစ်တွေ အောင်ပွဲခံရင် တိဘက်ကို လွတ်လပ်ရေး ချက်ချင်းပေးမယ်လို့ သူတို့ ထင်နေကြတာကိုး။

မြောက်ဘက်ကို ဦးတည်ရမယ်။ ကူမင်တန်နယ်မြေကို ရှောင်ကွင်းပြီး ပတ်သွားရမယ်။ ဒီလိုနဲ့ တောင်တွေပေါ်မှာ လနဲ့ချီ လျှောက်ပြီးတဲ့နောက် ကွန်မြူနစ်တပ်တွေ စခန်းချရာ ရှန်ဇီနယ်ထဲ ရောက်လာခဲ့ကြတယ်။ ကောင်လေး အားမင်ကတော့ ကြီးမြတ်လှသော ခေါင်းဆောင်ကြီး မော်ကို ဖူးတွေ့ခွင့် ရတော့မယ်ဆိုပြီး အားတွေ တက်နေတယ်။ ယန်ချင်ကလည်း ကျေးဇူး ဆပ် မယ် ဆိုသကိုး။ အယ်လန်ကတော့ ကွန်မြူနစ်တွေဟာ သူ မရှိလည်း အဆင် ပြေမယ်လို့ သေချာပေါက် သိတဲ့အတွက် ယန်ချင် ခွင့်ပြုရင် အိမ်ပြန်ချင်တယ်လို့

အရေးဆိုလိုက်တယ်။

ယန်ချင်ကလည်း ခွင့်ပြုပါတယ်။ ဒါပေမဲ့ သူ့အိမ် ဆီ့ဒင်ဆိုတာက တခြားကမ္ဘာလိုပဲ။ ဘယ်လို ရောက်အောင်သွားမှာလဲလို့ ပြန်မေးတယ်။ သင်္ဘောနဲ့ လေယာဉ်နဲ့ဆိုရင်တော့ မြန်တာပေါ့တဲ့။ ဒါပေမဲ့ ခုတောင် တန်းတွေပေါ်မှာ သင်္ဘောဆိပ်ရော လေယာဉ်ကွင်းရော ဘာမှမရှိ။ သူ့မှာလည်း ပိုက်ဆံက မရှိဆိုတော့ လမ်းလျှောက်ပြန်မယ်တဲ့။

သူတို့ တည်းနေတဲ့ရွာက ရွာသူကြီးက ဝင်ပြောတယ်။ သူ့ညီတစ်ယောက် ရှိတယ်တဲ့။ မြောက်ဘက် အူလန်ဘာတောကနေ အနောက်ဘက် ကဘူးလ်အထိ၊ ဘင်္ဂလားပင်လယ်အော်ကနေ အရှေ့အင်ဒီး ကျွန်းစုတွေထိ ပြပြစင်အောင် ခရီးနှင်ခဲ့ဖူးတဲ့ သူ့ညီဟာ ခု ရွာပြန်ရောက်နေသတဲ့။ သူ့ကို မြေပုံဆွဲခိုင်းပြီး အဲဒီမြေပုံ အားကိုးနဲ့ မစ္စတာကားလ်ဆန် အိမ်ပြန်လို့ ရမှာ ပါတဲ့။

အယ်လန်ကားလ်ဆန်ဟာ လက်ဖြစ်မြေပုံတစ်ခု၊ သံလိုက်အိမ်မြှောင် တစ်ခု အားကိုးပြီး ဟိမဝန္တာကိုဖြတ်လို့ အိမ်ပြန်ခရီးကို စလိုက်တယ်။ တကယ်ဆိုရင် ဟိမဝန္တာမြောက်စူးစူးကို ဦးတည်ပြီး ကက်စပီယန်ပင်လယ်ထိ သွားရမှာ။ ဒါပေမဲ့ ထင်သလိုဆွဲထားတဲ့ မြေပုံက ဒီလိုဘယ်ညွှန်းလိမ့်မလဲ။ ယန်ချင်နဲ့ အားမင်ကို နှုတ်ဆက်ပြီး သူ ခရီးစထွက်လာတယ်။ ဟိမဝန္တာကို တက်၊ တိဘက်ကို ဦးတည်၊ ဗြိတိသျှ အိန္ဒိယကို ဆင်း၊ အာဖဂန်နစ္စတန်ကို ဖြတ်၊ အီရန်ကို ဝင်၊ တူရကီကို ကျော်ပြီး ဥရောပမြေကို နင်းမယ်ပေါ့လေ။

နှစ်လလောက်လည်း ကြာရော သူ လမ်းမှားနေပြီလို့ အယ်လန် သံသယရှိလာတယ်။ ဒါကြောင့် နောက်ကြောင်းပြန်လှည့်ပြီး အစက ပြန်သွား မယ်လို့ ဆုံးဖြတ်တယ်။ နောက် လေးလလောက်လည်း ကြာရော သွားတာ

သိပ်နှေးလွန်းနေတယ်လို့ သူ ခံစားရတယ်။ ဒါနဲ့ပဲ တောင်ပေါ်ရွာ တစ်ရွာ ကနေ ကုလားအုတ်တစ်ကောင်ဝယ်ဖို့ ခြေဟန်လက်ဟန်နဲ့ရော မီးကျိုး မောင်း ပျက် တရုတ်စကားနဲ့ပါ ဈေးညှိတယ်။ ကုလားအုတ် ရောင်းတဲ့လူက သူ့သမီး ကိုပါ ခေါ်သွားမှ ရောင်းမယ်လို့ ဇွတ်အတင်း ပြောတယ်။

သူ့သမီး ဘာလုပ်ဖို့တုံး။ ကိုယ်ကာယ အလိုအားဖြင့်တော့ အယ်လန့်မှာ ဒီလိုသွေးသားဆန္ဒ တစိုးတစိမှ မရှိ။ သွေးသားဆန္ဒ ဖြစ်စေမဲ့ဟာတွေက ပါမောက္ခ ယွန်းဘော့ထ်ရဲ့ ခွဲစိတ်ခန်းအမှိုက်ပုံးထဲမှာ ကျန်ခဲ့ပြီ။ ဒါပေမဲ့ တိဘက် ကုန်းမြေမြင့်မှာ တစ်ယောက်တည်း ခရီးသွားတာထက်စာရင် စကား ပြောဖော်လေး ပါတော့ မဆိုးဘူးပေါ့။

အဲသလို တွက်ရေးက စက်သူဌေးလုပ်ခဲ့ပေမဲ့ ကုလားအုတ်ကုန်သည် သမီးက ပျင်းစရာကောင်းလှတဲ့ တိဘက်တို ဘားမန်းစကား တစ်မျိုးပဲ ပြော တတ်တာ။ အယ်လန် ဘယ်လိုမှ နားမလည်ဘူး။ ပြီးတော့ သူ့ကို ပြုံတီတီနဲ့ ခဏခဏ ကြည့်တယ်။ ဒါနဲ့ပဲ ဇွတ်အတင်း ချန်ထားပစ်ခဲ့တယ်။

နှစ်လလောက် ပျင်းစရာခရီးကို တစ်ကိုယ်တော် ချီတက်ခဲ့ပြီးတဲ့နောက် ကုလားအုတ်ခရီးသည် အယ်လန်ဟာ ကမ္ဘာ့ခေါင်မိုးကို ရောက်လာခဲ့တယ်။ သူ့လိုပဲ ကုလားအုတ်ကိုယ်စီနဲ့ ခရီးသွားသုံးယောက်ကို သူတွေ့လိုက်တယ်။ အယ်လန်က သူတို့ကို တရုတ်လို၊ စပိန်လို၊ အင်္ဂလိပ်လိုနဲ့ ဆွီဒင်လို အမျိုးစုံ နှုတ်ဆက်တယ်။ အင်္ဂလိပ်လိုက အလုပ်ဖြစ်သွားတယ်။

ဘယ်သွားမလို့တုံး။ ဆွီဒင်ပြန်မလို့လို့ ပြန်ဖြေလိုက်တဲ့အခါ ခရီးသွား သုံးယောက်ရဲ့ မျက်လုံးတွေ ဆန်ကောလောက် ပြူးကုန်တယ်။ ဥရောပမြောက် ပိုင်းထိ ကုလားအုတ်စီးသွားမယ်၊ ဟုတ်လား။ အင်း ... အဲသလိုတော့လည်း

မဟုတ်ဘူးပေါ့။ အော်ရီဆွန် ရောက်ရင်တော့ ကူးတို့နဲ့ ကူးရမှာပေါ့လို့ ပြန်
 ဖြေတော့ သူတို့ နားမလည်ဘူး။ ဘာတုံး … အော်ရီဆွန်။ ဒါနဲ့ပဲ ရှင်းပြရ ပြန်တယ်။
အော်ရီဆွန်ဆိုတာ ဘောလ်တစ်ပင်လယ်အော်နဲ့ အတ္တလန္တိတ် သမုဒ္ဒရာ
ဆုံစည်းရာနေရာ ဖြစ်တဲ့အကြောင်းပေါ့။ အယ်လန်ဟာ ဗြိတိသျှ–အမေရိကန်
ဖင်လျက်နေတဲ့ အီရန်ရဲ့ ရှားဘုရင်ထောက်ခံသူ မဟုတ်မှန်း သေချာသွားချိန်မတော့
သူတို့ အင်မတန် ဖော်ဖော်ရွေရွေ ဖြစ်လာကြတယ်။
သူတို့သုံးယောက်က တီဟီရန် တက္ကသိုလ်မှာ အင်္ဂလိပ်စာ လေ့လာခဲ့ ကြသတဲ့။
ကျောင်းပြီးတော့ တရုတ်ကို သွားသတဲ့။ တရုတ်ပြည်မှာ နှစ်နှစ်ကြာ မော်စီတုံးရဲ့
နည်းနာနိဿယများကို ဆည်းပူးပြီးသကာလ ခု အီရန် ပြန်လာ တာတဲ့။ ကျုပ်တို့က
မာ့က်စ်ဝါဒီတွေတဲ့။ ကျုပ်တို့ချစ်တဲ့မြေ အီရန်မှာ မာ့က်စ်ဝါဒကို မျိုးစေ့ချမတဲ့။
အညွှာက်ပေါက်အောင် လုပ်မတဲ့၊ ပေါင်းသင်မတဲ့၊ ရေလောင်းမတဲ့၊
လူတိုင်းအတွက် သာတူညီမျှ လောကနိဗ္ဗာန်ဘုံကို ဖန်တီးမတဲ့၊ အမလေးလေ့ …
ပြောနေလိုက်ကြတာ။
အယ်လန် ဝင်ပြောလိုက်တယ်။
'ဟုတ်ပြီ ရဲဘော်တို့၊ ဒါနဲ့ ဗော့ဒကာလေးများ ပါကြသလားဗျာတို့'
ပါပါသဗျာ။ ဗော့ဒကာကို တွေ့ရှိပြီးနောက်မှာတော့ အယ်လန့်ရဲ့ ခရီးလမ်းဟာ
အလွန်အင်မတန် သာယာချောမွေ့သွားတော့တယ်။
ဆယ့်တစ်လအတွင်း သူတို့လေးယောက်ဟာ အနည်းဆုံး သုံးကြိမ် လောက်
သေဘေးကြီးနဲ့ နီးခဲ့ကြတယ်။ တောင်ပြိုတာတွေ၊ ဓားပြတွေ၊ အအေး ဒဏ်တွေ၊
ဆာလောင်မွတ်သိပ်မှုတွေကို အံခဲဖြတ်ကျော်ခဲ့ရတယ်။ ကုလားအုတ် နှစ်ကောင်
သေကျန်ခဲ့တယ်။ တတိယအကောင်ကို စားပစ်လိုက်ကြတယ်။

နောက်ဆုံးအကောင်ကို အာဖဂန် ပြည်ဝင်ခွင့်အတွက် လူဝင်မှုကြီးကြပ်ရေးကို လာဘ်ထိုးလိုက်တယ်။

ဟိမဝန္တာ ဖြတ်ကျော်ခန်းဟာ ပန်းခင်းသောလမ်းလို့ အယ်လန် ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး။ ဒါပေမဲ့ အီရန် ကွန်မြူနစ်လေးတွေရဲ့ အကူအညီက သူ့အတွက် အလွန်တန်ဖိုးရှိခဲ့တယ်။ အယ်လန်ရဲ့ ဖောက်ခွဲရေးကျွမ်းကျင်မှုကို သိကြပြီးတဲ့နောက် သူတို့တော်လှန်ရေးမှာ ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်တယ်။ အယ်လန်ကတော့ သူတို့ကို ကံကောင်းပါစေလို့ ဆုတောင်းပေးရင်း ဆွီဒင်က သူ့အိမ်ကိုပြန်ဖို့ပဲ စိတ်စောနေခဲ့တယ်။ (လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်က သူ့အိမ်ကို သူ ဖောက်ခွဲပစ်ခဲ့ပြီးပြီ ဆိုတာကိုတော့ သူ မေ့နေခဲ့တယ်)

၁၉၄၇ နွေဦးမှာတော့ ဟိမဝန္တာ တောင်ဘက်ပိုင်းကို သူတို့ ရောက်လာခဲ့ကြတယ်။ အီရန်မြေနား နီးလာလေလေ။ ကွန်မြူနစ် လက်သစ်လေးတွေဟာ တက်ကြွလာလေလေပဲ။ ခုချိန်ဟာ တိုင်းပြည်ကို ကမောက်ကမဖြစ်အောင် သွေးထိုးနေတဲ့ နိုင်ငံခြားသားတွေကို ဆုံးမရမယ့်ကာလ။ ဖွတ်ကျားကျလှတဲ့ ရှားဘုရင်ကို ဗြိတိသျှတွေ မြှောက်ပေးနေတာ နှစ်ပေါင်းမနည်းတော့ ဘူး။ နောက်ဆုံး ရှားဟာ သူတို့အချစ်တော် ခွေးကလေးအဖြစ် မနေနိုင်တော့ဘဲ ကလန်ကဆန် လုပ်လာတဲ့အခါကျတော့ ဗြိတိသျှကောင်တွေဟာ ရှားကို နန်းချပြီး သူ့သားကို နန်းတင်လိုက်တော့တယ်။ အဲဒီအကြောင်း ကြားတော့ အယ်လန်ဟာ စုမေလင်းနဲ့ ချန်ကေရှိတ်ကို သတိရမိတယ်။ မိသားစု ဆက် ဆံရေးဆိုတာ တစ်ခါတလေတော့လည်း ဆန်းသားနော်။

ရှားရဲ့သားက ရှားထက်ကိုပိုပြီး မြှောက်ပေးရလွယ်သမို့ ခုတော့ ဗြိတိသျှသာမက အမေရိကန်ကပါ အီရန်ရဲ့ ရေနံကို ခြယ်လှယ်ချုပ်ကိုင်လာ

တော့တယ်။ မော်စီတုံးကို အားကျတဲ့ အီရန် ကွန်မြူနစ်တွေဟာ ဒီကိစ္စတွေကို ခု တားတော့မယ်၊ ဆီးတော့မယ်။ ဒါပေမဲ့ ပြဿနာက မော် နောက်လိုက် အီရန် ကွန်မြူနစ်တွေနဲ့ စတာလင် နောက်လိုက် အီရန် ကွန်မြူနစ်တွေ မတည့်ကြဘူးတဲ့။ သို့သော် အားမလျှော့ပါဘူး။ လှေခွက်ချည်းကျန် အလံမလှဲ ဆိုသမို့လား။

သူရဲကောင်း သုံးယောက်အဖို့ သေမြေကြီး ရှင်ရွှေထီးပေါ့။

နောက်တစ်နေ့ အီရန်မြေပေါ် နင်းမိတယ်ဆိုတာနဲ့ သူတို့လေးယောက်စလုံးကို နယ်ခြားစောင့်တပ်က ဆီးဖမ်းပါလေရော။ ဖာရစီဘာသာနဲ့ ရေးထား တဲ့ ကွန်မြူနစ် ကြေညာစာတမ်း ကိုယ်စီပါကြတဲ့ သူရဲကောင်းသုံးယောက်ကို နေရာမှာတင် ပစ်သတ်လိုက်တယ်။ ဘာမှမပါတဲ့ အယ်လန်ကိုတော့ နိုင်ငံခြားသားလည်း ဖြစ်ပုံရတာမို့ စစ်ဆေးဖို့ ဖမ်းထားလိုက်တယ်။

သူ့နောက်ကျောကို သေနတ်ထောက် ဖမ်းခေါ်သွားတုန်း အယ်လန်ဟာ ဦးထုပ်ချွတ်ပြီး သေဖော်ရှင်ဖက် ဟိမဝန္တာ အတူဖြတ်လာတဲ့ ရဲဘော်သုံးယောက်ကို နှုတ်ဆက်တယ်။ မျက်စိရှေ့တင် အသက်ထွက်သွားရှာတဲ့အတွက် စိတ်တော့ မကောင်းရှာဘူးပေါ့။

ဒါပေမဲ့လည်း ပူဆွေးတမ်းတနေချိန် မရပါဘူး။ လက်ပြန်ကြိုးတုပ်ခံ ရပြီး ထရပ်ကားနောက်ခန်းထဲ ပစ်ထည့်ခံရတယ်။ တီဟီရန်က ဆွီဒင်သံရုံး၊ အကယ်၍ ဆွီဒင်သံရုံး မရှိခဲ့ရင် အမေရိကန်သံရုံးကို ပို့ပေးပါလို့ သူ အင်္ဂလိပ်လို တတွတ်တွတ် ပြောနေတုန်း မျက်နှာကို အဝတ်နဲ့ အုပ်ခံလိုက်ရတယ်။ 'ငြိမ်ငြိမ်နေစမ်း၊ သောက်နိုင်ငံခြားသား အစုတ်ပလုတ်'လို့ ဖာရစီလို လှမ်းပြောလိုက်တဲ့ အသံကိုတော့ သူ နားမလည်နိုင်ခဲ့ဘူး။ နားမလည်ပေမဲ့ ခြိမ်းခြောက်တဲ့ အသံမှန်းတော့ ကောင်းကောင်းသဘောပေါက်တယ်။ ဒါကြောင့် ပါးစပ်ပိတ်ထားလိုက်တယ်။

ကမ္ဘာဟိုဘက်ခြမ်းက ဝါရှင်တန်ဒီစီမှာတော့ သမ္မတ ဟယ်ရီထရူးမန် ဟာ သူ့ပြဿနာနဲ့သူ ဝလချီးလည်နေတယ်။ ရွေးကောက်ပွဲ နီးလာပြီမို့ သူ့ပေါ်လစီတွေကို ရှင်းရှင်းလင်းလင်းချပြဖို့ လိုနေပြီ။ တောင်ပိုင်းက လူမည်း တွေရဲ့ ထောက်ခံမှုကို ဘယ်လောက်ရနိုင်မလဲဆိုတဲ့ ဗျူဟာမြောက် မေးခွန်းကြီးကို သူ ဖြေရမယ်။ ခေတ်ဆန်တာရယ်၊ ခေါင်းမာတာရယ်ကြား ဟန်ချက်ညီအောင် နေတတ်ဖို့ လိုတယ်။ ဒါက ပြည်တွင်းကိစ္စ။

ကမ္ဘာ့အရေးမှာတော့ စတာလင်ကို ဘယ်လိုဆက်ဆံမလဲဆိုတာ အရေး ကြီးတယ်။ ဘယ်လို ဆက်ဆံဆက်ဆံ အလျှော့ပေးဖို့တော့ သူ့မှာ စိတ်ကူး လုံးဝမရှိ။ စတာလင်ဟာ လူတချို့အတွက် ကောင်းချင်ကောင်းမယ်။ ထရူးမန်း အတွက်တော့ နည်းနည်းမှ မကောင်း။

အဲ ... သမိုင်းသစ် မော်ကွန်းထိုးနေတဲ့ ဂန္ဓာလရာဇ်ပြည်မှာ မော်စီတုံးကို စတာလင်က ထောက်ခံတဲ့အတွက် ထရူးမန်းအဖို့ အပျော်တမ်းသမား ချန်ကေရှိတ်ကို ထောက်ခံဖို့လမ်းမှတစ်ပါး အခြားမရှိ။ စုမေလင်းလည်း သူ လုပ်ချင်တာ လုပ်နေရလို့ ကျေနပ်နေမှာပေါ့။ ဒါနဲ့ မိတ်ဆွေကြီး အယ်လန် ကားလ်ဆန် တစ်ယောက်လည်း ဘယ်လိုနေတယ် မသိ။ အင်မတန် ခင်ဖို့ ကောင်းတဲ့ ငနဲ။ အဲဒီအချိန်မှာ ချန်ကေရှိတ်ဟာ တစ်ရှုံးတည်း ရှုံးနေတယ်။ စုမေလင်းရဲ့ စီမံကိန်းဟာလည်း ဖောက်ခွဲရေးသမား ပျောက်သွားလို့ ဘာမှဆက်လုပ်လို့ မရဘူး။ သောက်ဖောက်ခွဲရေးသမားဟာ လူပြက်ရဲ့ မယားမြွောင်ကိုပါ မ,သွား သေးတယ်လေ။

စုမေလင်းဟာ သမ္မတထရူးမန်းနဲ့ တွေ့ရမယ့်အချိန်ကို အံခဲ စောင့်နေရင်း သေချင်းဆိုး အယ်လန်ကားလ်ဆန်ကို ထည့်ပေးလိုက်တဲ့ ထရူးမန်းကို

လည်ပင်းညှစ်သတ်ချင်စိတ်တွေ တဖွားဖွား ပေါ်နေတယ်။ ထရူးမန်းကတော့ သူနဲ့ မတွေ့ရေးချ မတွေ့။ အဲသလိုနဲ့ အမေရိကန်ဟာ ကူမင်တန်ကို ဇွတ်မှိတ် ထောက်ခံရင်း တရုတ် တစ်နယ်ပြီးတစ်နယ် မော်စီတုံးလက်ထဲရောက်ရင်း နောက်ဆုံးတော့ ချန်ကေရှိတ်၊ စုမေလင်းနဲ့ ကူမင်တန် တစ်အုပ်စုလုံး ထိုင်ဝမ် ကို ပြေးကြ။ ဂန္ဓာလရာဇ်ပြည်မကြီး တစ်ခုလုံးကတော့ လူပြက်မော် လက်ထဲ မှာ ရဲရဲနီ။

(၁၂)

၂၀၀၅၊ မေ ၉၊ တနင်္လာ။

ကန်သာယာ ယာခင်းက မိတ်ဆွေများဟာ ခု ကားပေါ်တက်ရတော့မယ့် အချိန်ဆိုတာ ကောင်းကောင်းကြီး သိကြတယ်။ သို့သော် မသွားခင် လုပ်စရာရှိတာ လုပ်ကြရဦးမယ်။

အလုကလေးဟာ မိုးကာအင်္ကျီကြီးဝတ်၊ လက်အိတ်တွေစွပ်ရင်း ဆွန်ညာ တက်ထိုင်ထားလို့ အသက်ပျောက်နေတဲ့ မသာကို စတင်ရှင်းလင်းတယ်။ မသာလက်ထဲက ခြောက်လုံးပြူးကိုယူပြီး ဝရန်တာလက်တန်းပေါ် တင်ထားရင်း ခဏနေတော့ သူ မေ့သွားတယ်။

မသာ ရေပုံးကို ဆေးကြောသန့်စင်ပြီးချိန်မှာတော့ သူ့ကား ဖို့ဒ်မတ် စတန်း နောက်ခန်းထဲ ထည့်လိုက်တယ်။ နေရာ သိပ်မယူပါဘူး။ ဆွန်ညာ့ လက်ချက်နဲ့ အပြားလိုက်ကြီး ဖြစ်နေတာကိုး။ ဖို့ဒ်မတ်စတန်းကို ဂျူးလီးယပ်က မောင်း၊ ဗောက်စ်ဝက်ဂွန်ကို ဘန်နီက မောင်းရင်း ထွက်ခဲ့ကြတယ်။ ကန် သာယာ ယာခင်းနဲ့ ခပ်ဝေးဝေးတစ်နေရာမှာ ကားကို မီးရှို့ခဲ့ကြမယ်ပေါ့လေ။

ဒါပေမဲ့ မီးရှို့ဖို့ ဓာတ်ဆီပုံးမှ မပါဘဲ။ ဒါနဲ့ပဲ ဂျူးလီးယပ်နဲ့ ဘန်နီဟာ ဘရာ့ဇ် က

ခါတ်ဆီဆိုင်တစ်ဆိုင်ကို ဝင်ကြတယ်။ ဘန်နီက ပုံးနဲ့ ခါတ်ဆီဝယ်နေ ချိန်မှာ ဂျူးလီးယပ်က ချိုချိုချဉ်ချဉ်ဝါးဖို့ ခဲဖွယ်ဘောဇဉ် သွားဝယ်တယ်။ ဗီအိတ်အင်ဂျင် မြင်းကောင်ရေ သုံးရာအားနဲ့ တောက်ပြောင်နေတဲ့ ဖို့ဒ်မတ်စတန်းဟာ ဘရာ့ဇ်လို ဇနပုဒ်ကဆီဆိုင်ရှေ့ ရပ်ထားတာဟာ စတော့ ဟုမ်း မြို့လယ်ကောင်မှာ ဘိုးရင်း ၇၄၇ တစ်စီး ရပ်ထားသလောက် အံ့သြစရာ ကောင်းနေတယ်။ ဒီတော့ ခု ကားခိုးဂိုဏ်းဖြစ်နေပြီဖြစ်တဲ့ 'အကြမ်းစားများ' အဖို့ သွားရည်ယိုစရာပေါ့။ ရေပုံးညီဟာ ကားထဲ ဝင်လိုက်တယ်။ ကြည့်စမ်း၊ ကားပိုင်ရှင် စောက်ရူးကြီးဟာ ကားသော့တန်းလန်းထားပြီး မုန့်ဝင်ဝယ်နေ တယ်။ ဂျူးလီးယပ်နဲ့ ဘန်နီ ဆီပုံးနဲ့အတူ အပြင်ထွက်လာတော့ ဖို့ဒ်မတ် စတန်းကို အစအနတောင် မမြင်ရတော့ဘူး။

'နေစမ်းပါဦး၊ ကျုပ် ဒီနားမှာပဲရပ်ခဲ့တာ မှတ်တယ်'

ဂျူးလီးယပ်က ဇဝေဇဝါနဲ့ ပြောလိုက်တယ်။

'ဟုတ်တယ်လေ'

'ခု ဘယ်ရောက်သွားလဲ'

'ဘယ်သိမလဲ၊ မရှိတော့ဘူးလေ'

'ဟင် ... ဒါဆို ပြဿနာတက်ပြီလား'

'သေချာတာပေါ့၊ ဒုက္ခနဲ့ လှလှတွေ့ပြီ'

နှစ်ယောက်သား အဲသလို ပြောကြရင်း အခိုးမခံရတဲ့ ဖောက်စ်ဝက်ဂွန် အနီလေးနဲ့ အိမ်ပြန်လာခဲ့ကြတော့တယ်။

မဟူရာရောင် လက်လက်ထနေပြီး ခေါင်မိုးမှာ အဝါစင်းနှစ်စင်းနဲ့

ဖို့ဒ်မတ်စတန်းဟာ 'အကြမ်းစားများ'အဖို့ ဆုလာဘ်ကြီးတစ်ခုပဲ။ နောက် တစ်နေ့ သူတို့ မန်းမှုတ်လိုက်ကြတာ တရားဝင်လိုင်စင်နဲ့ကား ဖြစ်သွားတယ်။ ရီဂါက စီးပွားဖက်တွေဆီ ကားကို ပို့လိုက်တယ်။

ဒါပေမဲ့လည်း ထင်သလို ဖြစ်မလာခဲ့ဘူး။ ဆွီဒင်တွေ ပို့လိုက်တဲ့ကား ဟာ ရီဂါတောင်ပိုင်းက ဂိုဒေါင်ထဲထည့်ထားရင်း အပုပ်နံ့ရလာတယ်။ ပြုံးပြဲ ရှာကြတော့ ကားနောက်ခန်း ကြမ်းပြင်မှာ ပြားကပ်နေတဲ့ အလောင်းကြီးကို တွေ့ရော။ ဒါနဲ့ပဲ နံပါတ်ပြားတွေ အကုန်ဖြုတ်၊ ရစရာမရှိအောင် ထုနှက်ပြီး လမ်းမှာတွေ့တဲ့ ငမူးတစ်ကောင်ကို အရက်လေးလုံးနဲ့ သွေးဆောင်ရင်း ကားသော့်ချိုင်း သွားပစ်ခိုင်းလိုက်တယ်။ ကားရော၊ အလောင်းရော ကြိတ်စက်ထဲ ထည့်လိုက်မှာလေ။

ခုတော့ ကန်သာယာ ယာခင်းက မိတ်ဆွေများ ထွက်ခွာရန် အသင့်ပဲ။ ကားနဲ့ အလောင်းအတွက် နောက်ဆံငင်နေပေမဲ့ အယ်လန်က အားလုံးဟာ သူ့သဘော သူဆောင်တာပဲ။ ဖြစ်စရာရှိတာ ဖြစ်ကိုဖြစ်မှာပဲလို့ ဖျောင်းဖျတဲ့ အတွက် စိတ်နည်းနည်းအေးကြတယ်။ ကားသူခိုးက အလောင်းတွေ့လို့ ရဲတိုင် ပါ့မလား။ ဘယ်တိုင်လိမ့်မလဲ။

ကဲ ... ညနေခြောက်နာရီ ထိုးနေပြီ။ မမှောင်ခင် သွားကြမှ။ လမ်းမ ကြီးပေါ် ရောက်ဖို့ အချိန်အတော်ယူရဦးမယ်။ ကားကကြီးပြီး လမ်းကသေး၊ လေက ထန်နေတယ်လေ။

ဆင်လည်း တင်ပြီးပြီ။ ဆင်ခြေရာလက်ရာတွေလည်း ဖျောက်ပြီးပြီ။ ဗောက်စ်ဝက်ဂွန်နဲ့ မာစီးဒီးကတော့ ထားခဲ့ရလိမ့်မယ်။

မတတ်နိုင်ဘူး။ ကဲ ... ကားစထွက်ပြီ။ အလုကလေးက ကိုယ်တိုင်

ကားမောင်းမလို့ ကြံသေးတယ်။ ဒါပေမဲ့ ဘန်နီက ထရပ်ကားမောင်းပညာရှင် ဖြစ်လုဖြစ်ခင်ဆိုတော့ ကားမောင်းတာဝန်ကိုယူဖို့ အားလုံး သဘောတူကြတယ်။ သူ့လိုင်စင်ကလည်း ရှိသမျှကား အကုန်မောင်းခွင့်ရှိတာကိုး။

စာတိုက်ပုံးလမ်းဆုံရောက်တော့ ဘယ်ဘက်ကွေ့လိုက်တယ်။ အလှကလေး အလိုအရ ကျောက်ခင်းလမ်းအတိုင်း အေဘီထိ လိုက်သွား၊ ပြီးမှ လမ်းမကြီးပေါ် တက်တဲ့။ အေဘီရောက်ဖို့ နာရီဝက်လောက်ပဲ ကြာမယ်တဲ့။ အဲဒီအချိန်မှာ သူတို့အားလုံး ဘယ်သွားကြမှာလဲဆိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ဆွေးနွေးနေခဲ့ကြပြီ။

လွန်ခဲ့တဲ့ လေးနာရီလောက်က ဘော့စ်ဟာ စိတ်မရှည် လက်မရှည်နဲ့ သူ့ရဲ့ နောက်ဆုံးလက်ကျန် သာဝကကို ထိုင်စောင့်နေခဲ့တယ်။ စနည်းနာ ထွက်သွားတဲ့ ကာရာကက်စ် ပြန်လာရင်တော့ ဘာပဲဖြစ်ဖြစ် သူတို့ တောင်ပိုင်းကို လိုက်ကြတော့မှ ဖြစ်မယ်။

ဆိုင်ကယ်တွေ၊ တံဆိပ်ကပ်ထားတဲ့ ဂျာကင်တွေနဲ့ မဖြစ်ဘူး။ အခု သတိကြီးကြီးထားရမယ့်အချိန် ရောက်ပြီ။

ဒီနင်းဂျက်ကက် နောက်ကျောမှာ ပြန်လမ်းမရှိ စာတန်းထိုးထားတဲ့ သူ့ရဲ့မဟာဗျူဟာကို သံသယဖြစ်နေတာတော့ ကြာခဲ့ပြီ။ အစကတော့ မြင်ရုံနဲ့ ရင်တုန် ကျောစိမ့်အောင်ရယ်၊ တွေ့ရုံနဲ့ လေးစားဦးညွှတ်အောင်ရယ် ရည်ရွယ် ချက်ကြီး နှစ်ချက်နဲ့ ဒါကို လုပ်ခဲ့တာပဲ။ ဒါပေမဲ့ ဂိုဏ်းဝင်က မျှော်မှန်းတာ ထက် အများကြီး နည်းနေတာက တစ်ကြောင်း၊ ရှိတဲ့ မင်းတုံး၊ ရေပုံး၊ ကာရာကက်စ်နဲ့ သူ လေးယောက် အချင်းချင်း မမှတ်မိစရာ အကြောင်းမရှိတာက တစ်ကြောင်း၊ စာတန်းထိုးဂျာကင်ကြီး တဖားဖားလုပ်နေရင် ထင်းခနဲ သိပြီး ကားခနဲ

အဖမ်းခံရမှာစိုးတာက တစ်ကြောင်း၊ မင်းတုံးတစ်ယောက် မန်ကိုပင်းမှာ ဖြစ်သွားတဲ့ကိစ္စကြောင့် တစ်ကြောင်း စာတန်းထိုး ဂျာကင်ကိစ္စက အနုလုံ ပဋိလုံ သုံးသပ်ဖို့လိုလာတယ်။ မင်းတုံးက အများသူငါလို ဘတ်စ်ကား စီးသွား တာရယ်၊ ရှရှတွေ ချက်ချင်းသိဖို့ စာတန်းထိုးဂျာကင် ဝတ်သွားတာရယ် ကြောင့် ခုလို နောက်ဆက်တွဲတွေ ဖြစ်လာရတာပေါ့။

ခု အဲဒီကောင် မင်းတုံး ဘယ်သောင်ဘယ်ကမ်း ကပ်နေမှန်း မသိဘူး။ အနည်းဆုံးတော့ ဘယ်ရောက်ရောက် သတင်းပို့ဖို့ တာဝန်ကို သူ မကျေခဲ့ဘူး။ ခွေးသား၊ သူတောင်းစား ...။ ဘော့စ်ဟာ ဒေါသဖြစ်ဖြစ်နဲ့ ဂျာကင်တွေအားလုံး မီးပုံရှို့လိုက်တယ်။

ဟိုကောင် ကာရာကက်စ်ကလည်း ဘယ်သွားသေနေတယ် မသိ။သွားဖို့က အချိန်တန်နေပြီ။

နောက် ရှစ်မိနစ်လောက်နေတော့ ကာရာကက်စ် ပေါက်ချလာတယ်။ ဘာလို့ နောက်ကျနေတုံး မေးတော့ ဆဲဗင်း အလဲဗင်း ဝင်ပြီး ဖရဲသီးဝယ်နေလို့တဲ့။ အဆာပြေတယ်၊ ရေငတ်ပြေတယ်၊ အရသာရှိတယ်တဲ့လေ။

'ဘာကွ ... အဆာပြေတယ်၊ ရေငတ်ပြေတယ်၊ အရသာရှိတယ် ... ဟုတ်လား၊ အဖွဲ့ထဲက လူတစ်ဝက်လောက် ကရောင်း သန်းငါးဆယ်နဲ့အတူ အစအန ရှာမတွေ့အောင် ပျောက်နေတဲ့အချိန်မှာ မင်းက အသီးဝယ်နေတယ်၊ ဟုတ်လား ...'

'အသီးမဟုတ်ဘူး ဘော့စ်၊ ဟင်းသီးဟင်းရွက် အနွယ်ဝင်ပါ၊ သခွား သီးနဲ့ အမျိုးတူပဲလေ'

ဘော့စ်ဟာ ဆက်ပြီး သည်းမခံနိုင်တော့ဘူး။ ဖရဲသီးကို ကိုင်ပြီး ကာရာကက်စ် ခေါင်းကို ထုခွဲလိုက်တယ်။ ဖရဲသီးနဲ့ထုခံရတဲ့ ကာရာကက်စ်ဟာ ရှိုက်ကြီးတငင်

ငိုရင်း သူဒီအဖွဲ့ထဲမှာ မနေချင်တော့ဘူးလို့ ပြောတော့တယ်။ မင်းတုံး ပျောက်သွားတယ်၊ ရေပုံး ပျောက်သွားတယ်၊ ခု ဘောစ်က သူ့ကို ရက်ရက်စက်စက် လုပ်တယ်။ ကာရာကက်စ်ဟာ ဖုန်းဆက်ပြီး တက္ကစီ ခေါ်တယ်။

လေဆိပ်ကို သွားမယ်။ ကာရာကက်စ်က မိသားစုတွေဆီ ပြန်မယ်။

အနည်းဆုံးတော့ နာမည်ရင်းကို သူ ပြန်ရမယ် မဟုတ်လား။

'ပြန်မလာဘူး၊ ဘယ်တော့မှ ပြန်မလာဘူး' လို့ အော်ရင်းဟစ်ရင်း ကာရာကက်စ်ဟာ တံခါးကို ဝုန်းခနဲပိတ်ပြီး ထွက်သွားတယ်။

ဟင်း ... ဘောစ်က သက်ပြင်းရှည်ကြီး ချလိုက်တယ်။ အခြေအနေတွေက ရှုပ်ထွေးသထက် ရှုပ်ထွေးလာခဲ့ပြီ။ ပထမဆုံး မြေလျှိုး မိုးပျံသလို မင်းတုံး ပျောက်သွားတယ်။ ငါကလည်း ငါပဲ။ ကျောမထိ လိုမ့်တက်နေတဲ့ ဒေါသတွေကို ရေပုံးနဲ့ ကာရာကက်စ်ပေါ် ပုံမချသင့်ဘူး။ နောက်တော့ ရေပုံး ပျောက်သွားပြန်တယ်။ ငါကလည်း ငါပါပဲ။ ဒေါသတွေကို တစ်ယောက် တည်း ကျန်တဲ့ ကာရာကက်စ်အပေါ် ပုံမချသင့်ဘူး။ ခု ကာရာကက်စ် ထွက်သွားခဲ့ပြီ။ ငါကလည်း ငါပဲ။ သူ့ခေါင်းကို ဖရဲသီးနဲ့ မထုသင့်ဘူး။ မလုပ်သင့်တာတွေချည်း လုပ်ခဲ့လို့ ခုတော့ ဘောစ် တစ်ယောက်တည်းပါ။လွမ်းရင်းနဲ့ ကျန်ခဲ့တာ ဇာတ်လမ်းကို ခု ကပြဖျော်ဖြေနေရပြီ။ ဘယ်မတုံး မင်းတုံးရာ ... ငွေအိတ်ကြီးဘုန်းပြီး ပြေးများသွားသလား၊ အဲသလောက် သူ မိုက်ပါ့မလား။

ရေပုံးကရော ... ဘယ်မတုံးကွာ။

ဘောစ်ဟာ သူ့ရဲ့ ဘီအမ်ဒဘလျူ အိတ်စ် ၅ အသစ်စက်စက် ကားကြီးကို မောင်းထွက်လာခဲ့တယ်။ ထုံးစံအတိုင်း မဟားတရား အမြန်မောင်းတယ်။

စတော့ဟုမ်းကနေ စမာလန်ထိ ကီလိုမီတာ သုံးရာခရီးမှာ သူ့နောက်ကသာ

ရဲကားလိုက်လာခဲ့ရင် ဘီအမ်ဒဘလျူထဲက လူဟာ နောက်အနှစ် လေးရာလောက်ထိ
ကားလိုင်စင် သိမ်းထားသင့်တယ်လို့ ဆုံးဖြတ်မှာပဲ။
တစ်ချိန်တည်းလောက်မှာပဲ ဘော့စ်ကိုယ်တိုင် ထွက်လာပြီဆိုတာကို သိတဲ့
စုံထောက်မှူးကြီး အေရွှန်ဆန်ဟာလည်း ကိုယ်တိုင်ကိုယ်ကျ အမှုလိုက်ဖို့
ဆုံးဖြတ်ချက်နဲ့ အဇီဒါက ထွက်လာခဲ့တယ်။
ဘီအမ်ဒဘလျူမှာ ဂျီပီအက်စ် လမ်းပြစနစ်ပါလို့ ကန်သာယာယာ ခင်းထိ
ဘော့စ်အတွက် အခက်အခဲမရှိ မောင်းလာနိုင်တာပေါ့။ ရောက်ခါ နီးလေ
စိတ်မရှည်လေဘဲ။ ဒါကြောင့် မောင်းနိုင်သမျှ အသားကုန် စောက်ရမ်း မောင်းတယ်။
နောက်ကလိုက်နေတဲ့ အေရွှန်ဆန်တစ်ယောက် သူ့ဖင်ဖျားတောင် မသီနိုင်လို့
ဒုက္ခတွေရောက်နေတယ်။ ဘီအမ်ဒဘလျူဟာ အမြီး တောင် မမြင်ရအောင်
သူ့မြင်ကွင်းထဲက ပျောက်သွားတယ်။
ဂါဒင် ဘယ်များသွားပါလိမ့်။ ဘယ်လိုရှာရမလဲ။ ဆီးကင်းလောက်
ချွေးသီးကြီးတွေ အေရွှန်ဆန့်နဖူးက ကျလာတယ်။ ဘာဆက်လုပ်ရမလဲ။
ဘယ်ဘက်က လမ်းချိုးထဲများ ကွေ့သွားသလား၊ ဒါမှမဟုတ် ရှေ့ထနီး အထိ
တန်းတန်းမတ်မတ် မောင်းသွားသလား။ မပြောတတ်ဘူး။ မမှန်းတတ်ဘူး။ ကဲ ...
မထူးပါဘူး။ လမ်းချိုးထဲ ကွေ့ချလိုက်မယ်။ ဖြစ်ချင်ရာ ဖြစ်။
ကျောက်ခင်းလမ်းပေါ်မှာ မောင်းရတဲ့အခါ ဘော့စ်ဟာ ကားအရှိန်ကို တစ်နာရီ
ကီလိုမီတာ ၁၈၀ နှုန်းကနေ ၂၀ နှုန်းထိ လျှော့ချလိုက်ရတယ်။ ဂျီပီအက်စ်ထဲမှာ
ပန်းတိုင်ကိုရောက်ဖို့ ၃.၇ ကီလိုမီတာပဲ လိုတော့တယ်လို့ ပြနေတယ်လေ။
ကန်သာယာ ယာခင်းအဝင် စာတိုက်ပုံးလမ်းထဲကွေ့ခါနီး မီတာ ၂၀၀
အလိုမှာတော့ လမ်းထဲကနေ ထွက်သွားတဲ့ ဇရာမ ဘတ်စ်ကားကြီးတစ်စီးရဲ့

နောက်ပိုင်းကို ဘော့စ် မြင်လိုက်ရတယ်။ အလို ဘယ်သူတွေပါလိမ့်။ ယာခင်းမှာ ဘယ်သူတွေ ရှိမှာပါလိမ့်။ သူ ဘာလုပ်ရမလဲ။ ယာခင်းထဲ ဝင်ရမလား၊ ဘတ်စ်ကားနောက် လိုက်ရမလား။

ကဲ … ယာခင်းထဲ အရင်ဝင်မယ်။ ဘတ်စ်ကားနောက်ကို အချိန်မရွေး လိုက်လို့ရတာပဲ။ ယာခင်းသွားတဲ့ လမ်းကျဉ်းလေးထဲ ကွေ့ချလိုက်တယ်။ ဟော … တွေ့ပြီ။ ရေကန်ရယ်၊ ယာခင်းအိမ်ရယ်၊ စပါးကျီရယ်။

ဒါပေမဲ့ ရေပုံး မရှိဘူး။ မင်းတုံး မတွေ့ဘူး။ ဆံနီမ မမြင်ဘူး။ အဘိုးကြီးတွေ မမြင်ဘူး။ ငွေအိတ် မရှိဘူး။ ဘယ်သူမှ မရှိဘူး။

စပါးကျီထဲမှာ ကားနှစ်စင်း ရှိတယ်။ တစ်စင်းက ဗောက်စ်ဝက်ဂွန် အနီ။ တစ်စီးက မာစီးဒီး ငွေရောင်။

ဟုတ်ပြီ။ နေရာကတော့ နေရာမှန်ပဲ။ ဒါပေမဲ့ နည်းနည်းလေး နောက်ကျသွားတယ်။

ဟိုဘတ်စ်ကားကို လိုက်ရမယ်။ ကိစ္စမရှိဘူး။ ခဏလေးနဲ့ မီသွားမှာ။ လီဗာကို အဆုံးထိ နင်းချလိုက်ရင်း ဘီအမ်ဒဘလျူဟာ ဖုန်လုံးကြီးနဲ့အတူ ရွေ့နေချိန်မှာ သူလာတဲ့လမ်းအတိုင်း လာနေတဲ့ အပြာရောင်ဖော်လ်ဗိုကားကို ဘော့စ် သတိမထားမိလိုက်ဘူး။

ဂါဒင်ကို ပြန်တွေ့လို့ ဖြိုးခနဲ ဝမ်းသာသွားတဲ့ အေရှန်ဆန်ဟာ ဂါဒင့် ရဲ့ အရှိန်ကြောင့် လိုက်လို့မမီ ပြေးပြန်ပြီ ဖြစ်ဦးမယ့်အရေးကို မြင်ပြီး ဖျတ်ခနဲ ဝမ်းနည်းသွားတယ်။ ဘာပဲဖြစ်ဖြစ် လိုက်တာတော့ လိုက်ရမှာပဲ။ စာတိုက်ပုံးမှာ ရေးထားတဲ့နာမည်က ဂါနီလာဗျော့ယွန်းတဲ့။ ဒါကြောင့်လည်း ဆံနီမလို့ ခေါ်ကြတာကိုး။ လူနဲ့ နာမည်နဲ့ လိုက်ပါ့ ဆံနီမ ဂါနီလာရယ်။

အေရွှန်ဆန်ဟာ ကန်သာယာ ယာခင်းတဲထဲ ဝင်လိုက်တယ်။ ဘော့စ်တွေ့ခဲ့သလိုပဲ ယာခင်းအိမ်ဟာ လူမရှိတော့ဘူးဆိုတာ သူ တွေ့လိုက်တယ်။ အေရွှန်ဆန်ရဲ့ စုံထောက်မျက်စိက ဘော့စ်ထက် အများကြီးပိုစူးတဲ့အတွက် မီးဖိုခန်းထဲက နေ့စဉ်ထုတ် သတင်းစာတွေ၊ ရေခဲသေတ္တာထဲက လတ်လတ်ဆတ်ဆတ် စားစရာတွေ၊ စပါးကျီထဲက ကားနှစ်စီးကို မြင်လိုက်တယ်။ သူ့ရဲ့ ကွင်းဆက်တွေကလည်း ပြည့်စုံသထက် ပြည့်စုံလာတယ်။ ဝရန်တာလက်ရန်းပေါ်က ခြောက်လုံးပြူးကို သူ တွေ့တယ်။ ဒါ ဘယ်သူ့ဟာလဲ။ ရေပုံးဆိုတဲ့ ကောင်ရဲ့ သေနတ်ဖြစ်မယ်။ လက်ဗွေစစ်ဖို့ သူ သိမ်းလိုက်တယ်။ စာတိုက် ပုံးထဲက စာအိတ်ကြီးတစ်အိတ် တွေ့တယ်။ ၁၉၉၂ ထုတ် အဝါရောင် စကန် နီယာ ကေ ၁၁၃ ကားပိုင်ရှင်ပြောင်းလဲခြင်း မှတ်တမ်းကို ကားလိုင်စင် ထုတ် ပေးရေးဌာနက အကြောင်းကြားစာ။ အင်း ... ခုတော့ သူတို့အုပ်စု ဘတ်စ်ကား နဲ့ ခရီးဆက်ကြပြီပေါ့လေ။

ဘတ်စ်ကားဟာ ဖြည်းဖြည်းမောင်းနေတယ်။ ခု တောကြီးမြိုင်လယ် ကြားက ဖြတ်မောင်းနေခဲ့ပြီ။ ဘီအမ်ဒဘလျူအနေနဲ့ ဘတ်စ်ကားကို ခဏလေးနဲ့ မီလာခဲ့တယ်။ လမ်းက ကျဉ်းလှတဲ့အတွက် ဘတ်စ်ကားကို ကျော် တက်လို့မရဖြစ်နေတယ်။

နောက်ကနေ ဖြည်းဖြည်းလိုက်ရင်း ကားထဲကို ပြူးပြဲကြည့်နေတယ်။ သူတို့နောက် ငါးမီတာအကွာမှာ ကပ်ပါလာတဲ့ အန္တရာယ်ကို မသိကြသေးတဲ့ လူစုဟာ ရှေ့ဆက်ရမယ်အရေးအတွက် ကားပေါ်မှာ အပြင်းအထန် ဆွေးနွေးနေကြတယ်။ ဘယ်သွားနေကြမလဲ၊ ဘယ်မှာသွားပုန်းကြရင် ကောင်းမလဲ။

အစကတော့ ကန်သာယာ ယာခင်းမှာပဲ ကိုယ်ရောင်ဖျောက်ပြီး နုပ်နေဖို့ပဲ။
မမျှော်လင့်တဲ့ဧည့်သည် ရောက်လာပြီး ဆွန်ညာက အဲဒီကောင်ပေါ် ဖင်ထိုင်
ချလိုက်ပြီး နောက်ပိုင်းမှာတော့ အလွန်ကောင်းတဲ့ အကြံဟာ သူ့ထက်ဆိုးတာ
တောင် သူ့လောက်မဆိုးတဲ့ အကြံဘ၀ကို ပြောင်းသွားတယ်။
ခုပြဿနာက အယ်လန်ရယ်၊ ဂျူးလီးယပ်ရယ်၊ အလှကလေးရယ်၊
ဘန်နီရယ်ဟာ အားလုံး တစ်ကောင်ကြွက်တွေချည်း ဖြစ်နေတာပဲ။ ဒီကား
၀ါကြီးရယ်၊ လူလေးယောက်ရယ်၊ ခွေးတစ်ကောင်ရယ်၊ ဆင်တစ်ကောင်ရယ် ကို
ဝှက်ပေးထားမယ့်လူ ဤဒွန္နယာမှာ ဘယ်နား သွားရှာရပ့်။
အယ်လန်ကတော့ သူ တစ်ကောင်ကြွက်ဖြစ်ရခြင်းဟာ သူ့အမှား မဟုတ်ဘဲ
သူ့အသက်ကြောင့်လို့ ရှင်းပြတယ်။ သူ့အသက်လောက် ဘယ် ဆွေမျိုးမှ
မရှည်ကြတဲ့အတွက် တစ်ယောက်ပြီးတစ်ယောက် သေရင်း မျိုးပြုတ် သွားခဲ့တာ။
ဂျူးလီးယပ်ကတော့ ဆွေမျိုးထက် ရန်သူပိုများတဲ့သူ။ ခု တွေ့နေရတဲ့ အယ်လန်၊
ဘန်နီနဲ့ အလှကလေးဟာ သူ့ဆွေမျိုးပေါ့တဲ့။ အလှကလေးကတော့ လင်နဲ့
ကွဲပြီးကတည်းက နှစ်ပေါင်းများစွာ ဧကစာရီ ကျင့် လာလို့ ခုလောက်ဆို
သူရှိနေမှန်းတောင် ဘယ်သူမှ မသိကြတော့ဘူးတဲ့။
ဒါဆို ဘန်နီကရော။ သူ့မှာ အစ်ကိုတစ်ယောက် ရှိတယ်မဟုတ်လား။ဟုတ်ပ့်၊
ဒေါသကုမ္မာရ ဘော်ဆီလေ။
'ဟော့ … ဒေါသကုမ္မာရ မကလို့ ဘာဖြစ်ဖြစ် ငွေပေးပြီးဆွယ်ရင် ပျော့ စမြဲပဲ
မဟုတ်လား' လို့ ဂျူးလီးယပ်က ပြောလိုက်တော့ ဘန်နီ့မျက်နှာကြီး ဝင်းသွားတယ်။
အိတ်ထဲမှာ ငွေတွေ အပြည့်အသိပ်ပါတာ ဘာလုပ်ဖို့လဲ။ ဒါပေမဲ့ ဒီတိုင်းတော့
ပေးလို့မဖြစ်ဘူး။ ဘော်ဆီကို ပလီရလိမ့်မယ်။ ကိစ္စ မရှိဘူး။ ခရုမှာလည်း အဆန်နဲ့

ဘန်နီ့မှာလည်း အကြွဲနဲ့။

ဘန်နီက ဘော်ဆီ့ဆီ ဖုန်းကောက်ဆက်တယ်။ သူ့အသံလည်း ကြားရော ဘော်ဆီက နှစ်လုံးပြူး ကောက်ကိုင်တော့တာပဲ။

'လာခဲ့စမ်း၊ ဖင်ပွင့်သွားအောင်ကို ပစ်မယ်'တဲ့။

ဘန်နီက အေးဆေးပဲ။ 'အင်း ... လာမှာ၊ သူ တစ်ယောက်တည်း မဟုတ်ဘူး၊ အပေါင်းအသင်းတွေပါ ခေါ်လာမယ်'လို့ ပြောလိုက်တယ်။

'အန်ကယ်ဖရန်ဆီ့ အမွေကိစ္စလည်း ရှင်းရဦးမှာ'လို့ အနံ့ပေးလိုက် တယ်။

ဘော်ဆီ ငြိမ်သွားတယ်။ ခဏနေတော့ သူ တည့်တည့်မေးတယ်။

'မင်း ဘယ်လောက်ပါလာလဲ ...'

'သုံးသန်းလောက် ...'

ဘော်ဆီ ရုတ်တရက် စကားမပြောနိုင်ဘူး။ သုံးသန်း ... သုံးသန်းတဲ့လား။

ခွေးသူခိုးလေးက ချမ်းသာလှချည်းလား။ သုံးသန်းရော ကရဲ့လား။

'လေးသန်းလောက် မပါဘူးလား'

ရလေ လိုလေ အိုတဏှာ ဘော်ဆီ့အကြောင်း သူ ကောင်းကောင်းသိတာပေါ့။

ဒီကောင့်ကို ဒီထက်ပိုပြောလို့ မဖြစ်။

'ရတယ်လေ ... မင်း မလာစေချင်ရင် ငါတို့ ဟိုတယ်မှာပဲနေမယ်'

'ဟာ ... အဲသလိုမဟုတ်ဘူး၊ လာပါ၊ လာပါ၊ နေပါ၊ နေပါ၊ ကြိုက်သလောက်နေ၊ ကြိုက်သလိုနေ၊ နှစ်သန်းလောက်တော့ ပေးပေါ့ ... နော ... သုံးသန်းပေးချင်လည်း မငြင်းပါဘူးလေ၊ များလေ ကောင်းလေပေါ့'

ဘော်ဆီက သူ့အိမ်လိပ်စာ ပေးလိုက်တယ်။ ဒီရောက်ဖို့ဆို အနည်းဆုံး နှစ်နာရီလောက်တော့ ကြာဦးမှာပေါ့။ ကဲ ... ခုတော့ အားလုံး ကောင်းသွားပြီ။

ကျောက်ခင်းလမ်းပေမဲ့ လမ်းကလည်း ကျယ်လိုက်တာ၊ ဖြောင့်လိုက်တာ၊ ဖြူးလို့။ အဲသလို ကျယ်ကျယ်ဖြောင့်ဖြောင့် လမ်းကိုပဲ ဘော့စ်က စောင့်နေတာ။ ဟင်း … ဟင်း … တွေ့ကြသေးတာပေါ့။ နေနှင့်ဦး၊ ဆယ်မိနစ်လောက်တော့ မေးလိုက်နေဦးမယ်။ ဟင် … ဟဲ့ … ငါ စတော့ဟုမ်းက ထွက်လာကတည်းက တစ်ခါမှ ဆီမထည့်ရသေးဘူး။ ကားက အချက်ပြနေပြီ။ နောက်ကလိုက်နေရင်း ဆီပြတ်၊ ငွေအိတ်၊ မင်းတုံး၊ ရေပုံးတို့ ပါလောက်တဲ့ ကားဝါကြီး ဖင်ပိုင်းကို ကြိတ်မနိုင် ခဲမရ ကြည့်ရင်း လူသူမနီးနဲ့ တောအုပ်ကြီးအလယ်မှာ တစ်ယောက်တည်း ကျန်ခဲ့ရမယ့် အိပ်မက်ဆိုးကြီး မက်တော့မယ်။ ဒါမျိုး ဘယ်တော့မှ အဖြစ်မခံဘူး။ ဘော့စ်ကွ၊ ကျားလိုလူကွ၊ ငါးလိုလူ မဟုတ်ဘူးကွ။ လီဗာကို အဆုံးနင်းလိုက်တယ်။ ဘတ်စ်ကားကို စက္ကန့်ပိုင်းအတွင်း ကျော်တက်သွားတယ်။ မီတာတစ်ရာ့ငါးဆယ်လောက် ရှေ့ကျော်မောင်းလိုက်ပြီး ကားကို လမ်းပေါ်မှာ ကန့်လန့်ဖြတ် ရပ်ပစ်လိုက်တယ်။ ခြောက်လုံးပြူးကိုထုတ်ပြီး အသင့်အနေအထားနဲ့ နေလိုက်တယ်။

ခု မရှိတော့တဲ့ သူ့တပည့်တွေထက် ဘော့စ်က ဉာဏ်ရည်သာတာ သေချာတယ်။ ဘတ်စ်ကားကို ဘီအမ်ဒဘလျူနဲ့ ပိတ်တားရတဲ့ ရည်ရွယ်ချက်က သူ့မှာ ဆက်မောင်းစရာ ဓာတ်ဆီမရှိတော့လို့ဘဲ။ လမ်းလယ်မှာ ကန့် လန့်ဖြတ် ရပ်ထားတဲ့ ကားကိုမြင်ရင် ဘတ်စ်ကားသမားဟာ ဘယ်နည်းနဲ့မဆို ကားကို ရပ်မှာပဲလို့ သူ အပိုင်တွက်ထားတယ်။ ဒါ ပုံမှန်စိတ်၊ ပုံမှန်အတွေးရှိတဲ့ လူတွေရဲ့ သဘောအတိုင်းပဲပေါ့။ လမ်းပေါ်မှာ တစ်ခုခုတွေ့ရင် ရပ်ရစမြဲ မဟုတ်လား။ မရပ်ဘူးကွာ၊ ဘာဖြစ်ဖြစ်လို့ စွန့်စားတဲ့လူ ရှိလို့လား။ ဘော့စ် တွက်ထားသလိုပဲ ဘန်နီဟာ လမ်းလယ်ကောင်မှာ ပိတ်ရပ်ထားတဲ့

ဘီအမ်ဒဘလျူကို မြင်တော့ ဘရိတ်နင်းရမလားလို့ အရင်ဆုံး စဉ်းစားတယ်။ သို့သော် ဘန်နီဟာ ဖြစ်လုဖြစ်ခင် ပညာရှင် မဟုတ်လား။ သူ့ခေါင်းထဲမှာ အတွက်အချက်တွေနဲ့ ပြည့်သွားတယ်။ ဆင်တင်လာတဲ့ သူတို့ကားဟာ တန်ပေါင်းများစွာ အလေးချိန်ရှိတယ်။ ရုတ်တရက် ဘရိတ်ထအုပ်ရင် ခုလို ကျောက်ခင်းလမ်းပေါ်မှာ ဒုက္ခတွေ့နိုင်တယ်။ အခန့်မသင့်ရင် မှောက်လိမ့်မယ်။ ကားကိုမရပ်ဘဲ ဘီအမ်ဒဘလျူကို ရှောင်မောင်းဖို့ ကြိုးစားပေမဲ့ တစ်နာရီ ကီလိုမီတာငါးဆယ်နှုန်း သွားနေတဲ့ ဆယ့်ငါးတန်လေးတဲ့ ဘတ်စ်ကားဟာ ဧရာမ တော်ပီဒိုကြီးတစ်လုံးလို ဘီအမ်ဒဘလျူကို ဝင်ကြုံးလိုက်တော့တယ်။

ဘီအမ်ဒဘလျူဟာ လေထဲ မြောက်တက်သွားပြီး မီတာနှစ်ဆယ်လောက်အကွာက နှစ်ရာစ်ဆယ် သက်တမ်းရှိတဲ့ ထင်းရှူးပင်ကြီးကို ဝုန်းခနဲ ဝင်ဆောင့်တော့တယ်။ ဂျူးလီးယပ်က အဲဒီမြင်ကွင်းကို ကြည့်ရင်း ...

'ဒါ နံပါတ်သုံးအကောင် ဖြစ်လိမ့်မယ်' လို့ သေသေချာချာ မချာတဲ့ မှတ်ချက်ကို ပေးလိုက်တယ်။

ဘတ်စ်ကားပေါ်က ခြေနှစ်ချောင်းနဲ့ ခရီးသည်အားလုံးဟာ ကားပေါ်က ဆင်းပြီး ဘီအမ်ဒဘလျူရဲ့ အခြေအနေကို ဝိုင်းကြည့်နေကြတယ်။ လက် တစ်ဖက်က စတီယာရင်ကိုကိုင်၊ နောက်လက်တစ်ဖက်က ခြောက်လုံးပြူးကို ကိုင်ထားတဲ့ အကောင်တစ်ကောင်ဟာ မသာတစ်လောင်းလို ငြိမ်သက်နေတယ်။ သေနတ်ကိုင်ထားပုံက ဟိုတစ်နေ့က ဆင်နင်းခံရတဲ့ကောင်အတိုင်းပဲ။ ဂျူးလီးယပ်က အဲဒီအကောင်ကိုကြည့်ရင်း ...

'တတိယအကြိမ် ကံစမ်းမဲပေါက်သွားပြန်ပဟော့၊ ဒီလောက်ဆို ဒီကောင်တွေ သိသင့်ပြီ' လို့ အူရှင်နေတဲ့လေသံနဲ့ ပြောလိုက်တယ်။ ဘန်နီကတော့

စိတ်ညစ်နေရှာတယ်။ တစ်ရက် တစ်ယောက် သတ်ရင်တောင် လွန်လှပြီ။ ဒီနေ့ကို ညနေ ခြောက်နာရီမထိုးခင် နှစ်ယောက်ရှိပြီ။ ကံမကောင်းရင် နောက်ထပ် မောင်ရှင်များလည်း ရှိဦးမလား မသိ။

ဒီမသာကိုလည်း ဗုက်ထားမှဖြစ်မယ်လို့ အယ်လန်က အကြံပေးတယ်။

အဲဒီအချိန်မှာ အလှကလေးရဲ့ စူးစူးဝါးဝါးအော်သံကို ကြားလိုက်ရတယ်။

ကားပေါ်က မသာ အသက်ဝင်လာလို့လေ။ ကြောက်လို့အော်တာ မဟုတ်ဘူး။ဘာလို့ ကားကို ကန့်လန့်ဖြတ်ရပ်ထားရတာလဲလို့ အော်ဟစ် ရန်တွေ့နေတာ။

မသာခမျာ တအေ့အေ့နဲ့ အန်နေရုံကလွဲလို့ ဘာမှ ပြန်မပြောနိုင်ရှာဘူး။

လွန်ခဲ့တဲ့ နာရီဝက်က ဂါဒင် ထွက်သွားတဲ့ လမ်းကြောင်းအတိုင်း အေရွှန်ဆန် လိုက်လာခဲ့တယ်။ မီမယ်လို့ မထင်ပေမဲ့ တစ်ခုခု တွေ့လိုတွေ့ငြား လိုက်ခဲ့တာ၊ ဘာပဲဖြစ်ဖြစ် ဗက်စ်ဂျိုအထိ ရောက်အောင်သွားပြီး ဟိုတယ် ကောင်းကောင်းမှာ ခဏနားမှ ဖြစ်မယ်။

အဲ … ခဏနေတော့ ထင်းရှူးပင်ကြီး တစ်ပင်အောက်မှာ ပိန်ရှုံ့ တွန့်လိမ်နေတဲ့ ဘီအမ်ဒဘလျူကို တွေ့လိုက်ရတယ်။ ဂါဒင်တော့ စောက် ရမ်းမောင်းပြီး စောက်ရမ်းတိုက်ပြီလို ပထမတော့ ထင်လိုက်သေးတယ်။ ဒါပေမဲ့ အနားရောက်လို့ သေချာကြည့်တော့ သူ ထင်သလိုမဟုတ်ဘူး။

ပထမအချက် – ကားထဲမှာ ဘယ်သူမှမရှိဘူး။ ဒရိုင်ဘာခုံမှာ သွေးတွေ ရွှဲနေပေမဲ့ ဘယ်သူ့မှ မတွေ့ဘူး။

ဒုတိယအချက် – ကားညာဘက်တစ်ခြမ်းလုံး အတိုက်ခံထားရတာ။ဆေးဝါတွေ စွန်းနေတယ်။ ကားဝါကြီးက အရိုန်ပြင်းပြင်းနဲ့ ဝုန်းသွားတာ သိပ်သိသာတယ်။

၁၉၉၂ ခုနှစ်ထုတ် စကန်နီယာ အဝါရောင် ကေ ၁၁၃ ဆိုတာ အေရှန်ဆန့် ခေါင်းထဲ အလိုလို ဝင်လာတယ်။ မဝင်လို့လည်း မရဘူး။ ဘီအမ် ဒဘလျူ ညာဘက်နောက်တံခါးမှာ စကန်နီယာကားဝါကြီးရဲ့ နံပါတ်ပြားက ကမ္ပည်းထိုးသလို မြုပ်နှံထားတာကိုး။

ကဲ … ဘာတွေဖြစ်နေမှန်းတော့ ခုထိ သေချာမသိသေးဘူး။ ဒါပေမဲ့ ရှင်းသည်ထက် ရှင်းလင်းသည်ထက် လင်းလာတာကတော့ ရာပြည့်ဘိုးဘိုး အယ်လန်ကားလ်ဆန်နဲ့ သူ့ခြွေရံသင်းပင်းတစ်သိုက်ဟာ ရန်များကို ကိုယ် ရှင်းမယ် လုပ်ပြီး အလောင်းတွေကို ဖျောက်ပစ်နေတာကတော့ အသေအချာပဲ။

(၁၃)

၁၉၄၇–၄၈။

ထရပ်ကားနောက်ခန်းမှာ ဗိုက်မှောက်၊ လက်နောက်ပြန်ကြိုးတုပ်ခံရပြီး တီဟီရန်သွားရတဲ့ ခရီးထက်စာရင် ကျန်တဲ့ဟာတွေဟာ အယ်လန့်အတွက် ပန်းခင်းသော လမ်းပဲ။ အေးကလည်းအေး၊ နွေးထွေးအောင် လုပ်ပေးနိုင်တဲ့ ဆိတ်နို့ပူပူလေးတောင်မှ မသောက်ရနဲ့ အယ်လန့်ခမျာ ဒုက္ခအတော်ရောက် ရှာတယ်။

ဒါကြောင့်လည်း ခရီးဆုံးရောက်တဲ့အခါ သူ အလွန်အင်မတန် နှစ် ထောင်းအားရ ဖြစ်ရတယ်။ မြို့လယ်ကောင်က အညိုရောင် အဆောက်အအုံ ကြီး အဝင်တံခါးရှေ့မှာ ကားရပ်လိုက်တဲ့အခါ နေတောင်အတော်စောင်းနေပြီ။ စစ်သားနှစ်ယောက်က သူ့ကိုတွဲပြီး ကားပေါ်ကချတယ်။ ကြိုးတွေ ဖြည် ပေးတယ်။ ပြီးတော့ သေနတ်နဲ့ချိန်ရင်း ခေါ်သွားကြတယ်။ အကယ်၍များ

ဖာရစီစကားကို သူတတ်ခဲ့ရင် အဝင်ဝက အဝါရောင်ဆိုင်းဘုတ်လေးထဲက စာသားတွေကို သူ ဖတ်တတ်မှာပဲ။ ခု မတတ်တော့ မဖတ်ဘူးပေါ့။ အင်း … သိပ်တော့လည်း ဂရုစိုက်မှာ မဟုတ်ပါဘူးလေ။ ခုချိန်မှာ သူ ဂရုစိုက်တာ ကတော့ မနက်စာဖြစ်ဖြစ်၊ နေ့လယ်စာဖြစ်ဖြစ်၊ နှစ်မျိုးစလုံးဖြစ်ဖြစ် သူ့ကို တစ်ယောက်ယောက်က ကျွေးဖို့ပဲ။

သူကသာ မသိသာ၊ သူ့ကိုခေါ်လာတဲ့ စစ်သားနှစ်ယောက်ကတော့ သေချာသိသလေ။ အယ်လန့်ကို နေရာချပြီးတဲ့နောက်မှာတော့ သွားဖြဲပြပြီး ကံကောင်းပါစေလို့ အင်္ဂလိပ်လို ပြောသွားကြတယ်။ အယ်လန်ကလည်း ကျေးဇူးတင်စကား ပြောလိုက်ပါတယ်။ ရွှံ့ပြောတာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ခွန်းတုံ့ပြန်ရမှာ လူ့ဝတ္တရားကိုး။ မှတ်တမ်းတင်ပြီးတဲ့အခါ အယ်လန့်ကို အချုပ်ခန်းထဲ ပို့လိုက်ကြတယ်။

အောင်မလေး … အချုပ်ခန်းဟာ အယ်လန့်အဖို့ တကယ့် ရှန်ဂရီလာ ဘုံသာယာပဲ။ ခုတင်လေးလုံး တန်းစီခင်းထားတယ်။ ခုတင်တစ်လုံးစီမှာ စောင်နှစ်ထည်စီ တင်ထားတယ်။ လျှပ်စစ်မီး ရှိတယ်။ ရေဘုံဘိုင်နဲ့ လက်ဆေးဇလုံ ရှိတယ်။ အမှိုက်ပုံး ရှိတယ်။ အစားအသောက်လည်း ချက်ချင်း ကျွေးတယ်။ စွပ်ပြုတ်တစ်ဇလုံနဲ့ ရေတစ်လီတာ သောက်လိုက်တယ်။ အလွန် အရသာရှိ။ ခုတင်သုံးလုံး လွတ်နေတယ်။ စတုတ္ထ ခုတင်ပေါ်မှာတော့ လူတစ်ယောက် သူ့ကိုကျောပေးပြီး အိပ်နေတယ်။ အယ်လန် ရောက်လာတော့ သူ နိုးသွားတယ်။

ထထိုင်တယ်။ ပိန်ပိန်ရှည်ရှည် အဝတ်နက်ဝတ်ပြီး ကော်လာဖြူ တတ်ထားတယ်။ အယ်လန်က အဲဒီလူကို အင်္ဂလိပ်စကား ပြောတတ်လားလို့ မေးလိုက်တယ်။ ဝတ်စုံနက်နဲ့ ကော်လာဖြူပုဂ္ဂိုလ်က ပြောတတ်တယ် ထင်တာပဲတဲ့။

အောက်စဖို့ဒ်မှာ မွေး၊ အောက်စဖို့ဒ်မှာ ကြီး၊ အောက်စဖို့ဒ်မှာ ပညာသင်ခဲ့တဲ့ သူ့နာမည်က ကီဗင်ဖာဂူဆန်ပါတဲ့။ လွန်ခဲ့တဲ့ ၁၂ နှစ်က အီရန်ကို သာသနာပြုဖို့ ရောက်လာတဲ့ အင်္ဂလိကန် သင်းအုပ်ဘုန်းကြီးပါတဲ့။ မစ္စတာကာလ်ဆန်ကရော ဘယ်ဘက်က ရပ်တည်ပါသလဲတဲ့ မေးတယ်။

ဘယ်ဘက်ကရပ်တည်လဲ ... ဟုတ်လား။ ဘယ်ဘက်ကမှ မရပ်တည်ဘူး။ လမ်းပျောက်နေသော ဝိညာဉ်ပေါ့။ ကိုယ်မသိတဲ့ ဘာသာရေးဆိုတာကို မှန်းဆဝေဖန်တဲ့ အလုပ်ကို သူ ဝါသနာမပါဘူး။

ဘုန်းတော်ကြီး ဖာဂူဆန်ဟာ အဲသလိုလည်း ကြားလိုက်ရော သူ့ကို အပြင်းအထန် ဟောကြားတော့တယ်။ ဒါပေမဲ့ အင်္ဂလိကန်တစ်ယောက် မဖြစ်ချင်လည်း ရပါတယ်တဲ့။ အယ်လန့် ရပ်တည်ချက်ကို သူ လေးစား လိုက်နာမှာပါတဲ့။ ဒါပေမဲ့ ဝိညာဉ်အေးချမ်းဖို့တော့ လိုသတဲ့။ သဟာကြောင့်မို့ တြိနိတီတရားတော် ဟောကြားခွင့်ပြုပါတဲ့။ အင်္ဂလိကန်ဒေသနာ သုံးဆယ်ကိုးခုရဲ့ ပထမဆုံး တရားဦးပေါ့တဲ့။

အယ်လန်ကလည်း ရိုးရိုးသားသားပဲ ပြန်ပြောပါတယ်။ ကမ္ဘာပေါ် ရှိသမျှ အကြောင်းကိစ္စ အားလုံးထဲမှာ သူ စိတ်မဝင်စားဆုံးက အဲဒီ သုံးပါးတစ်ဆူ တြိနိတီပဲလို့လေ။

အင်း ... တကယ့် မိစ္ဆာဒိဋ္ဌိပေကပဲ။ ဒါပေမဲ့ ဘုရားသခင်က အကြောင်း ရှိတော်မူလို့ တို့နှစ်ယောက်ကို ဒီအကျဉ်းခန်းထဲမှာ ဆုံစည်းစေတာ ဖြစ်မှာပါလေ။ ကောင်းတော့ မကောင်းဘူးပေါ့။ ဒါပေမဲ့ ကျုပ်တို့နှစ်ယောက်စလုံး ဖန်ဆင်းရှင်နဲ့တွေ့ဖို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သွားနေကြတာပဲလေ။ ခုနက ခင်ဗျားရပ်တည်ချက်ကို လေးစားပါ့မယ်လို ကတိမပေးမိဘူးဆိုရင်တော့

တကယ့်အမှန်တရား၊ အစစ်အမှန်ယုံကြည်မှုကို ထွေးပွေ့နိုင်ဖို့ ကျုပ် လမ်းပြ
ပေးလိုက်ချင်တာလို့ ဘုန်းတော်ကြီးက မချိတင်ကဲ ပြောတယ်။
အယ်လန်ဟာ ဘုန်းကြီးကို ပြုံးကြည့်နေတယ်။ ဘာမှတော့ မပြောဘူး။
ခဏနေတော့ ဒီကအခြေအနေကို ဘုန်းကြီးက သူ့ကိုရှင်းပြတယ်။
ဒီအကျဉ်းစခန်းဟာ ပြည်တွင်းလုံခြုံရေးနဲ့ စုံစမ်းထောက်လှမ်းရေးလို့ခေါ်တဲ့
လျှို့ဝှက်ပုလိပ်အဖွဲ့က ကွပ်ကဲကြောင်း၊ နာမည်ကြားပြီး ဒီအဖွဲ့လက်ထဲ
ရောက်နေလို့ ကိုယ့်ကိုယ်ကိုယ် လုံခြုံလိမ့်မယ်လို့ မယူဆသင့်ကြောင်း၊ ဒီအဖွဲ့ရဲ့
အန္တိမ ရည်မှန်းချက်ဟာ ရှားဘုရင် လုံခြုံရေးသာဖြစ်ကြောင်း၊ ဒီအတွက်
အီရန်ပြည်သူတွေ ရှားကို ကြောက်ရွံ့ခန့်ညား ရိုသေလာအောင် ဆိုရှယ်လစ်၊
ကွန်မြူနစ်နဲ့ အစ္စလာမ်မစ်ဝါဒီတွေကို ရှာဖွေဖော်ထုတ် နှိမ်နင်းပြီး ပါရှားတစ်ခွင်
အေးချမ်းစေချင်တဲ့ စိတ်ရင်းစေတနာ အပြည့်ရှိကြောင်း။
'ဩော် ... ဒါဆို သူတို့ နှိမ်နင်းချင်တဲ့အထဲမှာ အင်္ဂလိကန် ဘုန်းကြီးတွေရော
ပါနေသလား'
အယ်လန်က ဒီလိုမေးတော့ မစ္စတာဖာဂူဆန်က ဟောသလို ရဲရဲတောက်
ဖြေတယ်။
အင်္ဂလိကန်ဘုန်းကြီးတို့ မည်သည် ဘာကိုမှ မကြောက်ကြောင်း၊ ဘာမှ
ကြောက်ဖို့မလိုကြောင်း၊ ဒါပေမဲ့ လျှို့ဝှက်ပုလိပ်ရဲ့ သံလက်သီး၊ ပင့်လက်သီး၊
ထောက်လက်သီး၊ ဝိုက်လက်သီး၊ လက်သီးပုန်းနဲ့ ပွဲသိမ်းဒူးတွေရဲ့ ဒဏ်ကို
မခံနိုင်ကြောင်းနဲ့ အဲဒါတွေကိုတော့ ကြောက်မိကြောင်း ဝန်ခံတော်မူရှာတယ်။
ဖြစ်ရလေ ...။ အယ်လန်ဟာ သူ့ရဲ့အိုးစားဖက် အကျဉ်းသားကို သနားသွားတယ်။
ဘုန်းကြီးဖြစ်ပြီး ခများမှာ ဘုန်းမကြီးနိုင်ရှာပါလား။ အကြောင်းအရာ ပြောင်းဦးမှ။

ဒီအခန်းထဲ ဘယ်လိုလုပ် ရောက်လာသလဲ ဆရာတော်။

ဘုန်းတော်ကြီးက သူ့ဘဝ ဇာတ်ကြောင်းကို ဒီလို ခင်းခဲ့တယ်။

သာသနာ့ဝန်ထမ်း လုပ်တော့မယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက် သူဟာ ဘုရားသခင်ရဲ့ စကားသံကို အမြဲ နားစွင့်နေခဲ့တယ်တဲ့။ ကျမ်းစာသင်ဘဝ ပြီးဆုံးချိန် ကာလမှာ သူ မျှော်လင့်တောင့်တနေတဲ့ ဘုရားနှုတ်ကပ္ပါတ်တော်ဟာ အိပ်မက်ကတစ်ဆင့် ရောက်လာခဲ့တယ်။ ‘ကမ္ဘာတစ်လွှား ခရီးသွား၍ သာသနာပြုပါတော့ ချစ်သား’တဲ့။ ဒါပေမဲ့ ဘယ်သွားရမယ်ဆိုတာတော့ ဘုရားသခင်က ပြောတော်မမူခဲ့ဘူး။

သူ့ရောင်းရင်း ဘုန်းတော်ကြီးတစ်ပါး ဆီကသာ ကြားခဲ့ရတယ်။

အီရန် ... အီရန်တဲ့လေ။ အဲဒီ အီရန်ဆိုတဲ့ တိုင်းပြည်မှာ ဘာသာရေး လွတ်လပ်ခွင့် အကြီးအကျယ် ချိုးဖောက်နေပါသတဲ့။ ဉပမာအားဖြင့် အီရန်မှာ အင်္ဂလိကန်ဆိုလို့ လက်ချိုးရေလို့ ရသတဲ့။ ရှီယိုက်တို့၊ ဆွန်နီတို့၊ ဂျူးတို့အပြင် တခြား ယီးတီးယားတား ဘာသာဝင်တွေနဲ့သာ ပြည့်နှက်လို့နေပါသတဲ့။ ခရစ်ယာန်ဆိုရင်လည်း အာမေးနီးယန်း–အက်ဆီးရီးယန်းတွေလောက်သာ ရှိပါသတဲ့။

ဩော် ... အဲသလိုတဲ့လား။ သူ မသိဘူး။ သူ မသိတာကို ပြောပြလို့ အယ်လန်က ဘုန်းတော်ကြီးကို ကျေးဇူးတင်စကား ပြောလိုက်တယ်။

အို ... ဒါပေမဲ့ နိုင်ငံရေးအရ မဟာဗြိတိသျှနဲ့ အီရန်ဟာ မဟာမိတ် ကောင်း မဟုတ်လား။ အင်္ဂလိကန်ကျောင်းတော်က ဇရာမကြီးတွေရဲ့ အဆက်အသွယ်နဲ့ ဘုန်းတော်ကြီးဟာ ဗြိတိသျှလေယာဉ်ကြီး စီးရင်း တီဟီရန်ကို ခန့်ညားစွာ ဆိုက်ရောက်လာတယ်။

အဲဒါ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် ၁၉၃၅ လောက်တုန်းက ကိစ္စ။ ရောက်တယ်

ဆိုကတည်းက ဘုန်းတော်ကြီးဟာ မနားမနေ အလုပ်လုပ်တယ်။ ဗလီတွေ၊ နတ်နန်းတွေ၊ ဘုရားကျောင်းတွေထဲကို လူစုံချိန် ဖြုန်းခနဲဝင်ပြီး သူတို့ ဘာသာရေးအခမ်းအနားတွေ မစခင် စကားပြန်တစ်ယောက် အကူအညီနဲ့ တကယ့်အစစ်အမှန် ဘာသာတရားနဲ့ ယုံကြည်မှုအကြောင်းကို ဟောကြား တယ်။ ဘုန်းတော်ကြီးရဲ့ မဟာသတ္တိကို လက်ဖျားခါအောင် ချီးကျူးမိတဲ့ အယ်လန်ဟာ တစ်ချိန်တည်းမှာပဲ ဘုန်းတော်ကြီးခမျာ စိတ်မှန်တော် မူရှာရဲ့ လားလို့ သံသယဖြစ်မိတယ်။ အဲသလိုဟောတော့ ဘာများ ဖြစ်ကုန်သလဲ။

တစ်ခါတည်းနဲ့တော့ ဘယ်အောင်မြင်ပါ့မလဲတဲ့။ ဆုံးခန်းတိုင်တဲ့အထိလည်း ဘယ်တုန်းကမှ ဒေသနာတရားများကို ဟောကြားတော်မူခွင့် မရခဲ့ရှာပါဘူး။ စကားပြန်ကို ဆွဲထုတ်တဲ့အခါ ထုတ်၊ သူ့ကို တွေ့ရာပစ္စည်းနဲ့ ပေါက် တဲ့အခါ ပေါက်၊ နှစ်ယောက်စလုံးကို ကန်ထုတ်ခံရတာလည်း အကြိမ်ပေါင်း မရေမတွက်နိုင်။ သို့သော်လည်း သူတို့ရင်ထဲကို အင်္ဂလိကန် သာသနာမျိုးစေ့လေးတွေ ချပေးနိုင်ခဲ့ပြီလို့ သူ ထင်နေခဲ့တယ်။

သို့သော်လည်း ကျော်စောသတင်း အင်မတန် ကြီးမားလာတဲ့အခါ သူ့အတွက် စကားပြန်လုပ်ပေးမယ့်လူ မရှိတော့ဘူး။ ဒါနဲ့ပဲ ဘုန်းတော်ကြီးဟာ ဖာရစီဘာသာကို ကျားကုတ်ကျားခဲ သင်တယ်။ နည်းဗျူဟာတွေ ပြောင်းလဲ တယ်။ အစီအစဉ်သစ်တွေ ချမှတ်တယ်။

ဘုရားကျောင်းတွေ၊ ဗလီတွေကို မသွားတော့ဘဲ ဈေးတွေထဲ သူသွားတယ်။ အားလားလား ... အမှားတွေ သင်နေတယ်လို့ သူ ထင်တဲ့ ဘာသာတရားမှာ နောက်လိုက်တွေ တယ်များပါကလား။ ဈေးသူဈေးသားတွေ အကုန်လုံး ဒီဘာသာဝင်တွေချည်းပဲ။

သို့သော် လေ့ခွက်ချည်းကျန် အလံမလှဲစတမ်း သစ်သားပုံးတစ်လုံးပေါ် တက်ပြီး သူ ဟောတယ်။ တစ်နှစ်ပြီး တစ်နှစ် အချိန်တွေ ကုန်သွားပေမဲ့ သူ မျှော်လင့်သလို မဖြစ်။ ဝိညာဉ်တွေက ကယ်တင်မခံ။
ဒါနဲ့ ဘယ်လောက်များများ အင်္ဂလိကန်ဖြစ်အောင် စည်းရုံးနိုင်ခဲ့လဲလို့ အယ်လန် ထပ်မေးတယ်။ ရှစ်ယောက်တဲ့ ခင်ဗျား။ ရှစ်ယောက်ကြီးများတောင် စည်းရုံးနိုင်တယ်။ အထင်ကြီးသလို ဖြစ်လာတုန်း နေဦးတဲ့၊ အဲဒီရှစ်ယောက်က တကယ်တော့ လျှို့ဝှက်ပုလိပ်အဖွဲ့က သူ့ကိုထောက်လှမ်းဖို့ လွှတ်ထားတဲ့ သူလျှိုတွေမှန်း နောက်တော့ သိခဲ့ရတယ်တဲ့။ ၁၂ နှစ် သာသနာပြုလိုက်တာ တစ်ယောက်မှ ဘာသာပြောင်းဖို့ စည်းရုံးလို့မရ။ သနားစရာ ဘုန်းတော် ကြီးနှယ်။
ဘုန်းတော်ကြီးဟာ အခြေအနေမှန်ကို အနုလုံ ပဋိလုံ ဒီလို သုံးသပ် တယ်။
အီရန်ဆိုတဲ့ ဒီတိုင်းပြည်မှာ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ ဘာသာပြောင်းချင်ဦးတော့။ ပြောင်းရဲမှာ မဟုတ်ဘူး။ လျှို့ဝှက်ပုလိပ်အဖွဲ့က ခြေချင်းလိမ်နေတာကိုး။ ဘာသာပြောင်းတာနဲ့ နိုင်ငံခြားသူလျှိုဆိုပြီး အဖြောင် ခံရမှာပဲ။ ဒါကြောင့် အယူလွှဲနေမှန်း သိသော်လည်း အယူမှန်ကို မပြောင်းရဲ ကြတာပေ့ါ။
ဒီနေရာမှာ အယ်လန်က ဝင်ထောက်တယ်။ နို့ ... နေစမ်းပါဦး။ အီရန်တွေဟာ သူတို့ လက်ရှိကိုးကွယ်နေတဲ့ ဘာသာတရားအပေါ် ကျေနပ်တဲ့အတွက် နှစ်သက်တဲ့အတွက် ဘာသာမပြောင်းကြတာ မဟုတ်ဘူးလား။
ဘုန်းတော်ကြီးက သူ့တစ်သက်မှာ ဒီလို ပေါ့ပေါ့တန်တန် စကားမျိုး မကြားခဲ့ဖူးကြောင်း၊ သူ့ဇာတ်လမ်းကို ဆုံးအောင် ဆက်နားထောင်ဖို့ လို ကြောင်း၊ ဘာမှမသိဘဲ ဝင်ဝင်မပြောစေလိုကြောင်း။

ဘုန်းတော်ကြီး ဖာဂူဆန်ဟာ လျှို့ဝှက်ပုလိပ်က သူ့သာသနာပြု လုပ်ငန်းကို သူလျှိုဒလန်တွေနဲ့ ဝင်နှောင့်ယှက်တဲ့အတွက် နည်းလမ်းအသစ်တွေကို စဉ်းစားတော်မူတယ်။ ကြီးရမယ်၊ ကျယ်ရမယ်၊ တစ်လောကလုံး ဖိန့်ဖိန့် တုန်စေရမယ်။

ဒီလိုနဲ့ စပိုင်ရှစ်ယောက်ကို ခါချလိုက်ပြီး မြေအောက်ကွန်မြူနစ်တွေနဲ့ အဆက်အသွယ်ရှာတယ်။ အယူမှန်အဖွဲ့ရဲ့ ဗြိတိသျှ ကိုယ်စားလှယ်လို့ သူ့ ကိုယ်သူ ပြောတယ်။ အနာဂတ်အတွက် ဆွေးနွေးကြစို့လို့ ကမ်းလှမ်းတယ်။ ဒီလိုနဲ့ ရာဇာဗီ ကော်ရာဆန် ပြည်နယ်မှာ ထိပ်တန်း ကွန်မြူနစ်ငါးယောက်နဲ့ လျှို့ဝှက် ဆွေးနွေးကြတယ်။ တီဟီရန်က ကွန်မြူနစ်တွေနဲ့ ဆက်သွယ်ချင်ပေမဲ့ ခုတော့ ရရာနဲ့ စရမှာပဲလေ။

ဘုန်းတော်ကြီး ဖာဂူဆန်ဟာ သူ့အကြံကို ကွန်မြူနစ်တွေဆီ ချပြတယ်။ အီရန်မှာ ကွန်မြူနစ် အောင်ပွဲခံတဲ့နေ့၊ အင်္ဂလိကန်ဘာသာရေးကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းပေး၊ အကယ်၍ အလိုရှိခဲ့ရင် သူကိုယ်တိုင် သာသာနာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ပြီး နိုင်ငံသားအားလုံး ဆင်းရဲ ချမ်းသာမရွေး သမ္မာကျမ်းစာရရှိရေး စီမံချက်ကို အကောင်အထည်ဖော်မယ်။ တစ်နိုင်ငံလုံးအနှံ့ ခရစ်ယာန်ဘုရားကျောင်းတွေဆောက်၊ ဗလီတွေကို ဥပဒေ ထုတ်ပြန်ပြီး ပိတ်ပစ်၊ ဒီအကြံကို လူကြီးမင်းတို့ ဘယ်လိုယူဆပါသလဲ။ သူ့စီမံကိန်းအပေါ် ကွန်မြူနစ်တွေဟာ စိတ်အားထက်သန်မှု နည်းနည်းမှ မရှိကြဘူး။ စပ်စုချင်စိတ်လေးတောင် မရှိကြဘူး။

တော်လှန်ရေး အောင်မြင်ရင် ကွန်မြူနစ်ဝါဒမှတစ်ပါး တခြား ဘာဝါဒမှ မရှိစေရဘူးလို့ ပြောလွှတ်လိုက်ကြတယ်။ သူတို့ရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို

အလဟဿ ဖြုန်းတီးတဲ့အတွက် သူ့ကို ဟိန်းသွား၊ ဟောက်သွား၊ ငေါက်သွား၊ ငမ်းသွားကြသေးတယ်။

အဲဒီအတွက် မဲခွဲ ဆုံးဖြတ်တယ်။ ဘုန်းတော်ကြီးကို တီဟီရန်ပြန်တဲ့ ရထားပေါ် တင်မပေးခင် ကြိမ်ဒဏ်ပေးဖို့ သုံးမဲ၊ နှစ်မဲနဲ့ အတည်ပြုတယ်။ အသက်နဲ့ခန္ဓာ အိုးစားမကွဲချင်ရင် နောက်တစ်ခါ ပြန်မလာနဲ့တဲ့။

ဝင်မပြောနဲ့ ဆိုပေမဲ့ မနေနိုင်တော့ဘူး။ အယ်လန် ဝင်ပြောပြန်တယ်။ ဘုန်းတော်ကြီးဟာ ရှူးနေတာ သေချာကြောင်း၊ ကွန်မြူနစ်နဲ့ ဘာသာရေး သဘောတူညီချက်ရဖို့ ဆွေးနွေးတာဟာ တောင်ထိပ် ကြာပေါက်၊ အနောက် နေထွက်လည်း ဖြစ်လာမှာမဟုတ်ဘူး ဆိုတာကို ဘုန်းကြီး မသိတာ အံ့ဩ ကြောင်း။ သူ့ကို ဉာဏ်ရှိတယ်၊ မရှိဘူး ဝေဖန်နေစရာ မလိုဘူးတဲ့။ ဒီကိစ္စ အောင် မြင်ဖို့ အခွင့်အရေးနည်းတယ်ဆိုတာ သူသိပြီးသားပါတဲ့။ ဒါပေမဲ့ ‘မစ္စတာ ကားလ်ဆန် စဉ်းစားကြည့်စမ်းပါ၊ အကယ်၍များ အလုပ်ဖြစ်သွားခဲ့ရင်၊ ကန်တာဘူရီက ဂိုဏ်းချုပ်ဆရာတော်ကြီးဆီကို အင်္ဂလိကန် ဘာသာဝင်အသစ် သန်းငါးဆယ် ရတယ်လို့ ကြေးနန်းပို့နိုင်မှာလေ၊ ဒါဆို ဘယ်လို ဖြစ်သွားမလဲ၊ တွေးကြည့်စမ်း’ အင်း … ပါရမီရှင်နဲ့ ဝမ်းတွင်းရူးကြားက ခြားထားတဲ့စည်းဟာ ပါးပါးလေး မဟုတ်လား။ ခုကိစ္စမှာ သေချာမပြောနိုင်ပေမဲ့ ရူးတဲ့ဘက်က ရာခိုင်နှုန်းများတယ်လို့ သံသယရှိတာတော့ အမှန်ပဲ။

ကံဆိုးချင်တော့ ရာဇာဗီ ကွန်မြူနစ်တွေကို လျှို့ဝှက်ပုလိပ်က အသံဖမ်းစက် တပ်ပြီး ဖြစ်နေတယ်။ ဒါကြောင့် တီဟီရန်ရောက်လို့ ရထားပေါ်က ဆင်းဆင်းချင်း တန်းအဖမ်းခံရတာပေါ့။

‘မတတ်နိုင်ဘူး၊ ကျုပ် အကုန်ဖွင့်ပြောလိုက်ရတယ်၊ ကွန်မြူနစ် ကြိမ်ဒဏ်ထက်

ပုလိပ်နှိပ်စက်တာက အဆပေါင်းများစွာ ဆိုးတာကိုး'
ဝန်ခံပြီးပြီးချင်း ခု အကျဉ်းခန်းထဲ ရောက်လာတာပဲတဲ့။ ခုထိတော့ ဘာမှ မလုပ်သေးဘူးတဲ့။ လျှို့ဝှက်ပုလိပ် အကြီးအကဲဖြစ်တဲ့ ဒုတိယဝန်ကြီးချုပ်ဟာ လန်ဒန်ကို ခရီးထွက်နေသတဲ့လေ။

'ဒုတိယ ဝန်ကြီးချုပ် ... ဟုတ်လား'

'ဟုတ်ပ ... ဟုတ်ပ၊ လူသတ်သမားခေါင်းဆောင်လေ'

အလို ... လူသတ်သမားခေါင်းဆောင် ဒုတိယဝန်ကြီးချုပ်တဲ့လား။

'ဟုတ်ပ ... ဟုတ်ပ၊ ဒါပေမဲ့ သူ့ရှေ့ရောက်ရင် ဒုတိယဆိုတဲ့စကား ယောင်လို့တောင် မထွက်မိစေနဲ့လို့ အချုပ်ခန်းစောင့်တွေဆီက ကြားရတယ်၊ ဒီလူသတ်သမားအဖွဲ့ကို ဒုတိယကမ္ဘာစစ်ပြီးကတည်းက အမေရိကန်စီအိုင်အေက လာထောင်ပေးခဲ့တာဆိုပဲ'

'စီအိုင်အေ ... ဟုတ်လား'

'အင်း ... ခုတော့ အဲသလိုခေါ်တာပဲ၊ အရင်ကတော့ အိုအက်စ်အက်စ် လို့ ခေါ်ခဲ့ကြတာပေါ့၊ ဘယ်လိုနာမည်ခေါ်ခေါ် ညစ်ပတ်စုတ်ပွဲ့တဲ့ အလုပ်ပဲ လုပ်တာလေ၊ အဲဒီ ညေစ်အဖွဲ့က ဒီက ပုလိပ်တွေကို ညစ်နည်းပေါင်းစုံ လာသင်ပေးသွားတယ်၊ စီအိုင်အေဆိုတာကို ခွင့်ပြုပေးလိုက်တဲ့ လူညစ် လူစုတ်လေ'

'ဘုန်းကြီးပြောတာ အမေရိကန် သမ္မတလား'

'ဟုတ်ပ၊ ထာဝရင်ရဲမှာ လောင်မီးကျမယ့် ဟယ်ရီအက်စ်ထရူးမန်းပေါ့'

တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးသွားတယ်။ အယ်လန်က သူ့အကြောင်းကို မခြွင်းမချန် အကုန်ပြောပြတယ်။ အကြောင်းစုံလည်း သိရော၊ ဘုန်းကြီးက သူ့ကို စကားမပြောတော့ဘူး။ ထာဝရင်ရဲမှာ လောင်မီးကျမယ့် ဟယ်ရီထရူးမန်းရဲ့

အပေါင်းအသင်း၊ ဂျပန်မှာ ချခဲ့တဲ့ ငရဲဖုံးကို အစပြုခဲ့သူ ငရဲတကာ့ ထိပ်ခေါင်မှာ ကမ္ဘာတည်သ၍ ခံရမယ့်လူ အယ်လန်။

ဘုန်းကြီးဟာ ဘုရားသခင်ဘက် ဦးလှည့်တယ်။ ဘုရားသခင်ကို မေးခွန်းတွေ မေးတယ်။ အို … အဖဘုရားသခင်၊ ဒီ မစ္စတာကားလ်ဆန် ဆိုသူကို စေလွှတ်လိုက်သူဟာ ကိုယ်တော်ရှင်လား၊ မာရ်နတ်လား ဘုရား။

ကိုယ်တော်က ခပ်မဆိတ်သာ နေခဲ့တယ်။ ဒါကိုပဲ ဘုန်းတော်ကြီး ဖာဂူဆန်ကတော့ ကိုယ့်ဉာဏ်နဲ့ကိုယ် စဉ်းစားစေတယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့တယ်။ နို့ပေသိ ကိုယ့်ဘာသာကိုယ် စဉ်းစားတိုင်း အဆီအငေါ်တည့်လှတယ် မရှိဘူး။ အို … အားလျှော့လို့တော့ ဘယ်ဖြစ်မလဲ။

နှစ်ရက် နှစ်ညတိတိ အစွမ်းကုန် စဉ်းစားပြီးနောက် ဘုန်းတော်ကြီးဟာ အယ်လန့်ကို စကားပြန်ပြောတော့မယ်လို့ အကြောင်းကြားလိုက်တယ်။ အယ်လန်ကလည်း ဘုန်းတော်ကြီး စကားမပြောဘဲ နေတဲ့အတွက် အင်မတန် တိတ်ဆိတ်ပြီး အေးချမ်းတဲ့အကြောင်း၊ ဒါပေမဲ့ တစ်ယောက်က စကားစပြောရင် နောက်တစ်ယောက်က ပြန်ဖြေရမှာ လူယဉ်ကျေးမှုဖြစ်ကြောင်း ပြန်ပြော တယ်။

'ဒါထက် အရေးကြီးတာက ကျုပ်တို့ ဒီကထွက်ပြေးဖို့ ကြိုးစားရမယ် ဘုန်းကြီးရေ … ဟို လူသတ်သမားခေါင်းဆောင်ဆိုတဲ့လူ လန်ဒန်က ပြန် မရောက်ခင် ကြံစည်နိုင်ရင် အကောင်းဆုံးပဲ၊ ဒါကြောင့် အသာလေး ထိုင်နေ၊ အိပ်နေလို့ မဖြစ်ဘူးမဟုတ်လား'

ဘုန်းကြီးကလည်း သဘောတူပါတယ်။ လူသတ်သမားခေါင်းဆောင် ပြန်ရောက်လာရင် မေးစရာရှိတာ မေးပြီး အခန့်မသင့်ရင် ဒီကမ္ဘာပေါ်က ပျောက်ကွယ်သွားနိုင်တယ်လို့ ပြောသံကြားဖူးတယ်။

အကျဉ်းခန်းဟာ တကယ့်ထောင်အစစ် မဟုတ်သေးဘူး။ အစောင့်တွေကလည်း သိပ်သတိ ဝီရိယ မရှိကြဘူး။ တံခါးသော့တွေ၊ ဘာတွေလည်း ခတ်ချင်ခတ်တယ်၊ မေ့ချင် မေ့နေတယ်။ ဒါပေမဲ့ ဝင်ပေါက်ထွက်ပေါက်မှာတော့ အမြဲတမ်း အနည်းဆုံး အစောင့်လေးယောက်လောက် ရှိတာ။ အယ်လန်နဲ့ ဘုန်းကြီး တံခါးကြားက တိုးထွက်သွားတာကို ပြူးပြူးကြီး တွေတွေကြီး ရပ်ကြည့်နေမယ့်အစားတွေ မဟုတ်ဘူး။

ဒါဆိုရင် ရှတ်ရှတ်သဲသဲဖြစ်အောင် လုပ်ရမယ်လို့ အယ်လန် စဉ်းစားတယ်။

အလုပ်ကို အေးအေးဆေးဆေး လုပ်လို့ရအောင် ဘုန်းကြီးကို အစောင့်တွေနဲ့ စကားရော ဖွဲ့ရော ဖြစ်အောင်လုပ်ပြီး တောမေး တောင်မေးတွေ မေးခိုင်းထားလိုက်တယ်။ လူသတ်သမားခေါင်းဆောင် ဘယ်တော့ ပြန်လာ မလဲတို့၊ ဘာတို့ပေါ့။

ဘုန်းတော်ကြီးကလည်း အခွင့်အရေးရတာနဲ့ သူ့တာဝန်ကို ချက်ချင်း အကောင်အထည်ဖော်မယ့်အကြောင်း ကတိပေးတယ်။

အင်း ... ခုပဲ အကောင်အထည်ဖော်ရတော့မယ် ထင်တယ်။ တံခါးဝမှာ အသံကြားရတယ်။ အစောင့်တွေထဲက အငယ်ဆုံးနဲ့ သဘောအကောင်းဆုံး ကောင်လေးရဲ့ မျက်နှာကို သူတို့ တွေ့လိုက်ရတယ်။

'ဝန်ကြီးချုပ် အင်္ဂလန်က ပြန်ရောက်ပြီ၊ စစ်ဆေးရေး စမယ်တဲ့၊ ဘယ်သူ အရင်ဝင်ချင်လဲ'

ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ ပြည်တွင်းလုံခြုံရေးနဲ့ ထောက်လှမ်းရေး အကြီးအကဲလည်း ဖြစ်တဲ့ ပုလိပ်မင်းကြီးဟာ လူသတ်ချင်စိတ်တွေ တဖွားဖွား ပေါ်နေတယ်။ လန်ဒန်ရောက်တော့ ဗြိတိသျှတွေက သူ့ကို အကြီးအကျယ် ဆူလွှတ်၊

ပွမ်လွှတ်လိုက်တယ်။ ဝန်ကြီးချုပ်လည်းဖြစ်၊ အရေးပါတဲ့ အစိုးရဋ္ဌာန အကြီးအကဲလည်း ဖြစ်၊ အီရန်ရဲ့ ထိပ်သီးလူ့မလိုင်လည်း ဖြစ်တဲ့ သူလိုလူကို ခွေးဝေါက်သလို ဒင်းတို့ စိတ်ထင်တိုင်း ဝေါက်ခဲ့ငမ်းခဲ့ကြတယ်။ ရှားဆိုတဲ့ လူကလည်း ဘာမှ ပြန်မပြောခဲ့နဲ့တဲ့။ သူတို့ပြောသမျှ ခေါင်းငုံ့ခံတဲ့။ သူတို့ စိတ်ကျေနပ်ဖို့ အရေးကြီးတယ်တဲ့။ ရေနံဈေးကွက်က သူတို့ လက်ထဲမှာတဲ့။ လာလာချေသေး။ သူ့ကို ကျေနပ်တဲ့လူ ဒီတိုင်းပြည်မှာ ဘယ် နှယောက် ရှိသလဲ။ အစ္စလာမ်မစ်ဝါဒီတွေ၊ ကွန်မြူနစ်တွေ၊ တစ်ပတ် ငွေလေး တစ်ပေါင်လောက် ရဖို့အရေး ဖင်ပြဲအောင်လုပ်ရတဲ့ အာဋ္ဌာဝက အီရန် ဖိုးလုကြီးတွေ တစ်ယောက်မှ မကျေနပ်ဘူး ဒင်းကို။ ငါက သူ့အတွက် အားလုံး ခါးစည်းခံထားရတာ။ ဒါကို ကျေးဇူးမတင်တဲ့အပြင် အင်္ဂလန်သွားပြီး အဆူခံ အဝေါက်ခံရသေးတယ်။ သူ့မှာ အမှားလေး နည်းနည်းရှိတယ်ဆိုတာ သိပါတယ်။ ပုလိပ်အဖွဲ့ကို ကန့်လန့်တိုက်တဲ့ အကောင်တစ်ကောင်ကို လုပ်လိုက်တာ လက်နည်း နည်း လွန်သွားတယ်။ အဲဒီအကောင်က ပြောတယ်။ သူ့မှာ ဘာအပြစ်မှ မရှိဘူးတဲ့။ အပြစ်ဆိုလို့ အမဲသားဆိုင်ဆိုတာ အားလုံးအတွက်။ လျှို့ဝှက်ပုလိပ် လက်ဝါးကြီးအုပ်ဖို့မဟုတ်လို့ ပြောမိတာပဲ ရှိသတဲ့။

ဒါပေမဲ့ အဲဒီကောင်ရဲ့ မထီမဲ့မြင် အမူအရာတွေ။ သောက်ဂရုစိုက်စရာ မလိုဘူးဆိုတဲ့ အပြုအမူတွေကို သူ မကြိုက်ဘူး။ နည်းနည်းမှ မကြိုက်ဘူး။ ဒါကြောင့် စီအိုင်အေ နှိပ်စက်နည်းလေးတွေ သုံးပြီး နည်းနည်းပညာပေးလိုက် တယ်။ ပြဿနာက အဲဒီအကောင်ဟာ ဗြိတိသျှသံရုံးက လက်ထောက် အတွင်း ဝန် ဖြစ်နေတာပဲ။

မျော့နေအောင် နှိပ်စက်ထားတဲ့ အဲဒီ လက်ထောက်အတွင်းဝန်ကို ဖုတ် ဖက်ခါ

ကျောသပ်ရင်သပ်လုပ်ပြီး ပြန်လွှတ်။ ဝင်းတံခါးဝ ရောက်တာနဲ့ ထရပ်
  ကားကြီးတစ်စီးက သူ့ဝင်ကြိတ်ပြီး မောင်းပြေး။ လက်ထောက် အတွင်းဝန်
အစိတ်စိတ် အမြွှာမြွှာဖြစ်။ သံတမန်ပြဿနာဆိုတာ ဒီလိုဖြေရှင်းရတယ်လို့
အထင်ရောက်ရင်း ကျေနပ်နေ။

ဒါပေမဲ့ သံရုံးက သူတို့လူရဲ့ အကြွင်းအကျန်တွေကို အကုန်ကောက်၊
လန်ဒန်ပို့ပြီး မှန်ဘီလူးနဲ့ကြည့် ဗာရာဏသီ ချဲ့ကြတော့တာကိုး။ ဗြိတိသျှ
လက်ထောက်အတွင်းဝန်ဟာ ဘာဖြစ်လို့ အီရန် လျှို့ဝှက်ပုလိပ်ရုံးခန်းနား
ရောက်နေရတာလဲ၊ ဘာဖြစ်လို့ ကားကြိတ်ခံရတာလဲ၊ ဘာဖြစ်လို့ ညှဉ်းပန်း
နှိပ်စက်ခံထားရတဲ့ ဒဏ်ရာဒဏ်ချက်တွေ ရှိနေရတာလဲ။

ဘာပဲပြောပြော စွဲချက်မှန်သမျှကို ဖင်ပိတ် ငြင်းခဲ့တယ်။ ဘယ်လို ငြင်းငြင်း သူ
လုပ်လွှတ်လိုက်တဲ့ လက်ထောက်အတွင်းဝန်ဟာ ဝင်စတန် ချာချီနဲ့ အလွန်ရင်းနှီးတဲ့
လော့ဒ် သူကောင်းမျိုးတစ်ယောက်ရဲ့သား ဖြစ်နေ တော့ ဗြိတိသျှက
အလျှော့ကိုမပေးဘူး။

ဒါနဲ့ပဲ နောက်နှစ်ပတ်လောက် အကြာမှာ တီဟီရန်ရောက်လာမယ့်
ဝင်စတန်ချာချီရဲ့ ကိစ္စဝိစ္စမှန်သမျှကို လျှို့ဝှက်ပုလိပ်အဖွဲ့ စီမံခန့်ခွဲခွင့် မရ
တော့ဘူး။ ရှားရဲ့ သက်တော်စောင့်အဖွဲ့ဆိုတာတွေက တာဝန်ယူမတဲ့။ အင်မတန်
ဂုဏ်သိက္ခာထိခိုက်ရတဲ့ပွဲ၊ အရှက် ဟက်တက်ကွဲတဲ့ပွဲ။ ထွီ ...။

ပုလိပ်မင်းကြီးဟာ စိတ်နာ စိတ်ဆိုးနေပေမဲ့ တာဝန်နဲ့ ဝတ္တရားအရ
တိုင်းပြည်ရန်သူ နှစ်ယောက်ကို စစ်ရဆေးရလိမ့်ဦးမယ်။ ကဲ ... ခဏတစ်ဖြုတ်
မေးမြန်းပြီး ခပ်မြန်မြန်လေး စီရင်၊ ပြီးရင် ထုံးစံအတိုင်း သင်္ဂြိုဟ်ပေးလိုက်
ကြတာပေါ့ကွယ်။

နေ့လယ်စာ စားပြီးရင်တော့ နောင်လာလတ္တံ့သော တိုင်းပြည်ရန်သူများကို ဘယ်ပုံဘယ်နည်း စီရင်ရမယ်ဆိုတာ စဉ်းစားချိန်ရကောင်းပါရဲ့။

အယ်လန်က အရင်ဆုံးဝင်ဖို့ ကမကထ ပြုလိုက်တယ်။ ပုလိပ်မင်းကြီးဟာ သူ့ရုံးခန်း တံခါးဝမှာ အယ်လန့်ကို ဆီးကြိုတယ်။ လက်ဆွဲ နှုတ်ဆက်တယ်။ ထိုင်ဖို့ ပြောတယ်။ ကော်ဖီနဲ့ စီးကရက် တည်တယ်။

လူသတ်အဖွဲ့ခေါင်းဆောင်ဆိုတာကို အရင်က အယ်လန် မတွေ့ဖူးပါဘူး။ တခြား လူသတ်အဖွဲ့ခေါင်းဆောင်ဆိုသူတွေဟာ ခု တွေ့နေရတဲ့လူလောက် ကောင်းမယ်မဟုတ်ဘူးလို့ အယ်လန် ယူဆနေမိတယ်။ ကော်ဖီအတွက် ကျေးဇူးတင်ကြောင်း၊ မစ္စတာဝန်ကြီးချုပ် ခွင့်ပြုမယ်ဆိုရင် စီးကရက်ကိုတော့ ငြင်းဆန်လိုကြောင်း သူ ပြောနေမိတယ်။

တကယ်တော့ ပုလိပ်မင်းကြီးဟာ အယ်လန့်မှ မဟုတ်ဘူး။ လူတိုင်းကို ဒီလိုပဲ။ စစချင်း အလွန်အင်မတန် နူးညံ့သိမ်မွေ့ နှစ်လိုဖွယ်ကောင်းတဲ့ ပဋိသန္ဓာရစကားတွေနဲ့ မိတ်ဆက်တတ်တာ။ မဟုတ်လည်း သတ်ပစ်မှာပဲကိုး။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းနေစရာ မလိုဘူး မဟုတ်လား။ ဒါ့အပြင် အဲသလို သိမ်သိမ်မွေ့မွေ့ စလိုက်တဲ့အခါ သူ့သားကောင်တွေ မျက်ဝန်းထဲမှာ တဖျတ်ဖျတ် တောက်လာတတ်တဲ့ မျှော်လင့်ချက်ရောင်ခြည်လေးတွေကို ကြည့်နေရတာ သူ သိပ်သဘောကျတယ်။ ငယ်သေး၍ နားမလည်၊ ချည်သေး၍ ချားမလည် ဆိုပေမဲ့ များသောအားဖြင့် လူတွေဟာ နားမလည် ပါးမလည် သနားစရာ သတ္တဝါလေးတွေပဲလေ။

ခုတစ်ယောက်ကတော့ ကြောက်ဒူးတုန်တဲ့ပုံ နည်းနည်းမှ မပေါက်ပါလား။ အင်းလေ ... စစချင်းမို့ နေမှာပါ။ ကြည့်ကြသေးတာပေါ့။ ခုတော့ သူပျော်အောင်

အလိုက်သင့်နေပေးဦးမှ။

စစ်ဆေးမေးမြန်းနေတုန်း ခုထိ လွတ်မြောက်ရေးမဟာဗျူဟာ သေသေချာချာ မရှိသေးတဲ့ အယ်လန်ဟာ စနစ်တကျ ရွေးချယ် ထုတ်နုတ်ထားတဲ့ သူ့ဘဝဇာတ်ကြောင်းကို ခင်းတယ်။ မအောင်မြင်ခဲ့တဲ့ ကွန်မြူနစ်စစ်ဆင်ရေး အတွက် အမေရိကန်သမ္မတ ဟယ်ရီထရူးမန်း ကိုယ်တိုင် ဖောက်ခွဲရေး စပါယ်ရှယ်လစ်အဖြစ် သူ့ကို တရုတ်ပြည် လွှတ်ခဲ့တဲ့အကြောင်း၊ ဇာတိချက်ကြွေ ဆွီဒင်ကို လမ်းလျှောက်ပြန်နေတဲ့ အိမ်အပြန်လမ်းပေါ်မှာ အီရန်က တည်ရှိနေကြောင်း၊ ဗီဇာမပါဘဲ ဒီတိုင်းပြည်ထဲ ဝင်ခဲ့မိတာကို ခု နောင်တ ရနေကြောင်း၊ လေးစားအပ်တဲ့ ဝန်ကြီးချုပ်က သဘောတူ ခွင့်ပြုခဲ့မယ်ဆိုရင် ခုချက်ချင်း မဆိုင်းမတွ အီရန်ကနေ ထွက်သွားမှာဖြစ်ကြောင်း ပြောပြတယ်။ သူ ဝန်ကြီးချုပ်ချင်း မိုးမွှန်အောင် မြှောက်ပင့်ခေါ်နေတဲ့ ပုလိပ်မင်းကြီး ကလည်း မေးခွန်းတွေ မိုးမွှန်အောင်မေးတယ်။ အဖမ်းခံရချိန်မှာ ဘာဖြစ်လို့ အီရန်ကွန်မြူနစ်တွေနဲ့အတူ တွေ့ရတာလဲတဲ့။ အယ်လန်က အမှန်ကို ဖြေပါ တယ်။ ဟိမဝန္တာဖြတ်သန်း ခရီးကြမ်းကြီးတစ်လျှောက် ဒီကွန်မြူနစ်တွေဟာ သေဖော်ရှင်ဖက် ခရီးသွားဖော်တွေ ဖြစ်လာခဲ့တဲ့အကြောင်းပေါ့။ နောင်များ ဝန်ကြီးချုပ်အနေနဲ့ ဟိမဝန္တာဖြတ်ကျော် လမ်းလျှောက်ဖို့ အစီအစဉ်ရှိလာပြီ ဆိုရင် အကူအညီပေးနိုင်ဖို့အတွက် မျှော်လင့်ကြောင်း၊ ဟိမဝန္တာဆိုတာ မိုးထိအောင် လှေကားထောင်ဆိုတဲ့ တောင်မျိုးဖြစ်ကြောင်း ပြောတယ်။

ပုလိပ်မင်းကြီးဟာ ဟိမဝန္တာတက်ဖို့ စိတ်ကူးမရှိသလို အယ်လန့်ကို လွှတ်ပေးဖို့လည်း ယောင်လို့တောင် စိတ်မကူးခဲ့ဘူး။ ဒါပေမဲ့ အပြည်ပြည် ဆိုင်ရာ အတွေ့အကြုံရင့် ဖောက်ခွဲဝိဇ္ဇာတစ်ယောက်ကို ဒီတိုင်း သတ်ပစ်လိုက် ရမှာ

နှမြောစရာနော်။ သူ အယ်လန့်ကိုမေးလိုက်တယ်။ ထင်ပေါ် ကျော်ကြား ပြီး
ကိုယ်ရံတော် အသင်္ချေ အနန္တရှိတဲ့ လူမျိုး ဘယ်နှယောက်လောက်ကို
လုပ်ကြံခဲ့ဖူးသလဲတဲ့။
အင်း ... တန်တော့၊ မဟုတ်မှ လွဲရော။ ဒီ လူသတ်ခေါင်းဆောင် ဆိုတဲ့လူ
ဘာတွေကြံနေပြီလဲ မသိ။ ဘာပြန်ပြောရမလဲ စဉ်းစားစမ်း ... စဉ်းစားစမ်း။
အယ်လန် အပြင်းအထန် စဉ်းစားတယ်။ သူ့ပါးစပ်က ထွက်ကျ လာတာက ...
'ဂလန်း မေလာ' တဲ့။
ပုလိပ်မင်းကြီး ပါးစပ် ဟောင်းလောင်းဟသွားတယ်။
'ဘာရယ် ... ဘယ်သူ ... ဂလန်းမေလာ ... ဟုတ်လား'
အင်း ... လော့စ်အလာမို့စ်မှာ နေခဲ့တုန်းက လူတိုင်းပါးစပ်ဖျားမှာ
ရေပန်းစားခဲ့တဲ့ သတင်းလေ။ အင်မတန်ကျော်ကြားတဲ့ ဂျပ်ဇ်ဂီတသမား
ဂလန်းမေလာ။ အမေရိကန် လေတပ်မှာ တာဝန်ထမ်းဆောင်နေရင်း အင်္ဂလန်
ကမ်းရိုးတန်းမှာ သူ့လေယာဉ်နဲ့အတူ စုပ်စမြုပ်စ ပျောက်သွားတဲ့အကြောင်းပေါ့။
အယ်လန်က အက်ကွဲကွဲ လေသံကြီးနဲ့ ဆက်ပြောတယ်။
'ဟုတ်တယ် ... အသေအချာပဲ၊ မတော်တဆဖြစ်သလို လုပ်ပေးလိုက် ရတယ်၊
အောင်တော့ အောင်မြင်ပါတယ်၊ အင်ဂျင်နှစ်လုံးစလုံး ပေါက်ကွဲ သွားတယ်လေ၊
အင်္ဂလိပ်တူးမြောင်းထဲ ထိုးကျသွားခဲ့တယ်၊ နာဇီတစ်ယောက် အတွက်
နောက်ဆုံးသွားရာလမ်းပေါ့ ဝန်ကြီးချုပ် ခင်ဗျား'
ပုလိပ်မင်းကြီးမျက်လုံး ဆန်ကောလောက် ပြူးထွက်လာတယ်။
'ဘယ်လို ... ဘယ်လို ... ဂလန်းမေလာက နာဇီ ... ဟုတ်လား'
(စိတ်ထဲက ဂလန်းမေလာရဲ့ ကျန်ရစ်သူမိသားစုများကို ကြိတ်တောင်း ပန်ရင်း)

အယ်လန် ခေါင်းညိတ်ပြလိုက်တယ်။ သူ အလွန်နှစ်ခြိုက်တဲ့ သူ့ရဲ့ ဂျပ်ဇ်သူရဲကောင်းဟာ ဟစ်တလာ့နောက်လိုက်ဆိုတာကို ရုတ်တရက် သိလိုက်ရလို့ ပုလိပ်မင်းကြီးဟာ စိတ်ကယောက်ကယက်တောင် ဖြစ်သွားရှာတယ်။ ကဲကဲ … ဂလန်းမေလာအကြောင်း ထပ်မမေးခင် အကြောင်းအရာပြောင်းမှလို့ အယ်လန် စိတ်ကူးရတယ်။

'ဝန်ကြီးချုပ် အလိုရှိတာကို အမိန့်ရှိပါ၊ ကျွန်တော် အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်၊ ပြီးရင်တော့ မိတ်ဆွေတွေအဖြစ် ခွဲခွာကြတာပေါ့ … နော' ပုလိပ်မင်းကြီးဟာ ဂီတသမားအတွက် စိတ်မကောင်းဖြစ်နေပေမဲ့ ပေါတာမှ မဟုတ်ဘဲ။ အယ်လန့် အနာဂတ်အတွက် ညှိနှိုင်းပေးဖို့ စိတ်ကူး သူ့မှာ နည်းနည်းမှမရှိဘူး။ ဘယ်သူက ဆရာလဲဆိုတာ ဒီဆွီဒင်ကောင်ကို ပြဖို့ အချိန်ရောက်ပြီ။

'ဟေ့ … ဒီမယ် ကျုပ်က ခင်ဗျားကို တစ်ခုခုလုပ်ဖို့ခိုင်းရင် ခင်ဗျားက လုပ်ရုံပဲ၊ ခင်ဗျားကို အသက်ရှင်ခွင့် ပေးမယ် မပေးဘူးဆိုတာ ကျုပ်က ဆုံးဖြတ်မှာ' အဲသလို တင်းတင်းပြတ်ပြတ် ပြောလိုက်ရင်း တစ်ဝက်လောက် ကျန် နေသေးတဲ့ အယ်လန့် ကော်ဖီခွက်ထဲ သူ့စီးကရက်ကို စွပ်ခနဲ ထိုးချလိုက် တယ်။ အယ်လန့်ကို ဒီလိုလာလုပ်လို့ ဘယ်ရမလဲ။

'ဟုတ်ကဲ့ … ကျွန်တော် ဆိုလိုတာကလည်း အဲဒီအတိုင်းပါပဲ ဝန်ကြီးချုပ် ခင်ဗျား' လို့ ကြက်ခေါင်းဆိတ်မခံ သူ ပြန်ပြောလိုက်တယ်။

ဒီလိုနဲ့ မနက်ခင်း စစ်ဆေးမေးမြန်းမှုဟာ ခါတိုင်းအခြေအနေနဲ့ မတူဘဲ ပြီးဆုံးသွားတယ်။ ခု အခြေအနေက အကြီးအကျယ် ပြောင်းသွားပြီကိုး။ နေ့လယ်စာ စားပြီးတာနဲ့ သူတို့ရဲ့ ဒူးတိုက်ဆွေးနွေးပွဲကို ပြန်စတယ်။

သူ့ရဲ့ အန္တိမရည်မှန်းချက်ကတော့ ရှားရဲ့ သက်တော်စောင့်ကောင်တွေ ခြံရံထားတဲ့ ဝင်စတန်ချာချီဆိုတဲ့ အကောင်ကြီးကို ချဖို့ပဲ။ ပြည်တွင်းလုံခြုံရေး နဲ့ ထောက်လှမ်းရေးဌာနအပေါ် နည်းနည်းမှ သံသယမဝင်စေဘဲ ချောချော မွေ့မွေ့ အောင်မြင်ပြီးမြောက်သွားစေဖို့ပဲ။ ဗြိတိသျှ ထောက်လှမ်းရေးကို အရိပ်အငွေ့တောင် မသိစေရဘူး။ အောင်မြင်လို့ကတော့ ရှေ့လျှောက် လမ်းတိုင်းကို ရွှေခင်းထားတယ် ဖြစ်မှာ။

ခု ဗြိတိသျှက သူ့ကို အယုံအကြည်မရှိလို့ နန်းရင်းဝန်ဟောင်းကြီးရဲ့ လုံခြုံရေးအတွက် ရှားရဲ့ သက်တော်စောင့်တွေလက်ထဲ ပုံအပ်ထားတယ်။ သူ့အကြံ အောင်သွားခဲ့ရင် နောင်အနာဂတ် အီရန်ရဲ့ လုံခြုံရေးမှန်သမျှ သူ့ လက်ထဲကနေ ဘယ်ကိုမှ ပြေးမထွက်နိုင်တော့ဘူးလေ။

ပုလိပ်မင်းကြီးနဲ့ အယ်လန်ဟာ ငယ်ပေါင်းကြီးဖော်တွေလို အကြံအစည်တွေကို အားပါးတရ ဆွေးနွေးနေခဲ့တယ်။ ဒါပေမဲ့ သိပ်ရင်းနှီးလာပြီလို့ ထင်ထင်လာတိုင်း အောက်ခြေမလွတ်အောင် သတိပေးတဲ့အနေနဲ့ ပုလိပ်မင်းကြီးဟာ အယ်လန့် ကော်ဖီခွက်ထဲ စီးကရက်တွေ စွပ်ခနဲ စွပ်ခနဲ ထိုးထိုးခြေ တတ်တယ်။

အကြံအစည်က ဒီလို …။

အီရန် တစ်နိုင်ငံလုံးမှာ တစ်စင်းတည်းရှိတဲ့ ကျည်ကာကားဟာ သူတို့ အောက်တည့်တည့်က ကားဂိုဒေါင်ထဲမှာ ရှိတယ်။ အင်မတန်လှတဲ့ ဝိုင်နီရောင် ဒီဆိုတိုကားတဲ့။ ဝင်စတန်ချာချီကို လေဆိပ်ကနေ နန်းတော်ကိုပို့ဖို့ ရှားရဲ့ ကိုယ်ရံတော်တွေဟာ အဲဒီကားကို ကျိန်းသေပေါက် လာငှားမှာပဲတဲ့။ ဖောက်ခွဲပစ္စည်းကို အသေအချာ ချိန်ဆပြီး ကားရဲ့ ချက်ဆီနားမှာ တပ်ဆင်ရင် လိုအင်ဆန္ဒ ပြီးမြောက်နိုင်ဖွယ်ရှိတယ်လို့ အယ်လန်က ဖြေတယ်။ သို့သော်

ခြေရာလက်ရာ မကျန်ဖို့နဲ့ ဘာသံသယမှ မဝင်စေဖို့အတွက် အထူး အစီအမံနှစ်ခုကို အယ်လန် တင်ပြတယ်။

ပထမတစ်မျိုးက မော်စီတုံး ကွန်မြူနစ်တပ်တွေသုံးတဲ့ ဖောက်ခွဲရေး ပစ္စည်းတွေအတိုင်း အတိအကျသုံး။ ဒါဆို အမှုအခင်းဖြစ်လာရင် ကွန်မြူနစ် လက်ချက်လို့ တထစ်ချ ယိုးစွပ်လိမ့်မယ်။

နောက်တစ်မျိုးက ဒီဆိုတိုကားရဲ့ ချက်ဆီပေါ်မှာ ဖောက်ခွဲရေးပစ္စည်းကို အသေအချာတပ်ဆင်၊ အောက်ကိုယိုကျအောင် လုပ်ထား၊ ဖောက်ခွဲရေးပစ္စည်း မြေကြီးပေါ် စကျတဲ့အချိန်၊ ဝင်စတန်ချာချီကြီးက ပေါက်ကွဲမယ့်နေရာ တည့်တည့်မှာ ဒီဆိုတိုဆိုဖာပေါ်ထိုင်ရင်း ဆေးပြင်းလိပ်ခဲနေလိမ့်မယ်။ ဝုန်းခနဲ ပေါက်တာနဲ့ အုန်းခနဲ မြေကျင်းကြီးဖြစ်သွားပြီး ချာချီကြီး တစ်ခါတည်း ရှီခနဲ ငရဲတန်းရောက်သွားမယ်။

'ဒါဆိုရင် ကားမှာ ဗုံးထောင်ထားတယ်လို့ ဘယ်သူမှ ထင်မှာ မဟုတ်ဘူး၊ လမ်းပေါ်မှာ ထောင်ထားတယ်လို့ပဲ ထင်ကြမှာ၊ ဒီလိုဆို ဝန်ကြီးချုပ် ကျေနပ်ပါသလားခင်ဗျာ'

အမလေးလေ့ ... ကျေနပ်လွန်းလို့ ဟိုဘက်ကမ်းတောင် လွန်သေး။

စောက်ကျိုးနည်းအောင် ကျေနပ်သွားတဲ့ ပုလိပ်မင်းကြီးဟာ ခုမှ မီးညှိထားတဲ့ စီးကရက်ကို ခုမှငုံ့ထားတဲ့ အယ်လန့်ကော်ဖီခွက်ထဲ စွပ်ခနဲ ထိုးထည့်လိုက် တယ်။ အယ်လန်က ဒါကိုကြည့်ရင်း လေးစားအပ်တဲ့ ဝန်ကြီးချုပ်အဖို့ စီးကရက်နဲ့ ကော်ဖီကို စိတ်ကြိုက် လုပ်ချင်တာလုပ်နိုင်ကြောင်း ဒါပေမဲ့ သူ့ရှေ့တည့်တည့်မှာချထားတဲ့ ပြာခွက်ကို စိတ်တိုင်းမကျဘူးဆိုရင် အယ်လန့် အနေနဲ့ အပြင်ထွက်ပြီး ပြာခွက်အသစ်စက်စက် လှလှလေးတစ်ခုလောက်

ဝယ်ခဲ့ပေးဖို့ အဆင်သင့်ရှိကြောင်း ပြောတယ်။

ပုလိပ်မင်းကြီးဟာ အယ်လန့်ပြာခွက်ကို စိတ်မဝင်စားဘူး။ အယ်လန့် အကြဲကိုတော့ အလွန်စိတ်ဝင်စားတယ်။ ချက်ချင်း အကောင်အထည် ဖော်ချင်တယ်။ အမြန်ဆုံး။ ခု ချက်ချင်း။ လိုတာပြော။

ဗုံးဆင်ဖို့ လိုအပ်တဲ့ ပါဝင်ပစ္စည်း ကိုးမျိုးကို သူ မှာလိုက်တယ်။ နေဦး။ သူ သတိရသွားတယ်။ ဆယ်ခုမြောက်ပစ္စည်းအဖြစ် နိုက်ထရို ဂလစ် စထရင်း အရည်နဲ့ ဆယ့်တစ်ခုမြောက်အဖြစ် မင်နက်အိုးတစ်အိုးပါ မှာလိုက် တယ်။ ပုလိပ်မင်းကြီးရဲ့ လူယုံတော်ကို ဝယ်ယူရေး တာဝန်ပေးဖို့နဲ့ သူ့ အကျဉ်းဖော် ဘုန်းကြီး ဖာဂူဆန်ကို စကားပြန်လုပ်ခိုင်းဖို့ တောင်းဆိုလိုက် တယ်။

ပုလိပ်မင်းကြီးဟာ ဘုန်းကြီးတွေ ဘာတွေ ဝင်ရှုပ်တာ မလိုချင်ဘူး။ ဒါပေမဲ့လည်း အချိန်မရှိတဲ့အတွက် အယ်လန်ပြောတာကို လက်ခံလိုက်တယ်။ ပြီးတော့ အယ်လန့်ကော်ဖီခွက်ထဲ စီးကရက်ထိုးထည့်ပြီး ဆွေးနွေးပွဲ ပြီး ကြောင်းနဲ့ ဘယ်သူက ဆရာလဲဆိုတာကို သိအောင် ထုံးစံအတိုင်း အချက်ပြ လိုက်တယ်။

အချိန်တွေ ကုန်သွားခဲ့တယ်။ အားလုံးဟာ အစီအစဉ်တကျ ဖြစ်နေတုန်း။ ကိုယ်ရံတော်အဖွဲ့ခေါင်းဆောင်က လာမယ့် ဗုဒ္ဓဟူးနေ့ ကားလာယူမယ့် အကြောင်း ကြေညာလိုက်တယ်။ ပုလိပ်မင်းကြီးရဲ့ ဒေါသမီးတောင်ကြီး ဝုန်း ဒိုင်းကြဲ ပေါက်ကွဲသွားတယ်။

ကြေညာတာတဲ့။ လာတောင်းဆိုတာ မဟုတ်ဘူး။ မောက်မာမိုက်ရိုင်း စော်ကားလိုက်လေခြင်း။ အေးပေါ့လေ ...၊ ကောင်းတယ်။ ကောင်းတယ်။ အယ်လန့်စီမံကိန်းအတိုင်း ကွက်တိပဲ။ ကြည့်ကြသေးတာပေါ့။ ဘုရားသာ နာနာရှိခိုးထားပေ့။

အယ်လန်ဟာ အချိန်ကို သေချာတွက်နေတယ်။ ဘုန်းတော်ကြီး

ဖာဂူဆန်ကတော့ ခုထိ နဝေတိမ်တောင်နဲ့ ကြောင်တောင်တောင် ဖြစ်နေရှာတုန်း။

ဘယ့်နှယ် ဝန်ကြီးချုပ်ဟောင်း ချာချီကို လုပ်ကြံမှုမှာ ကြံရာပါအနေနဲ့လည်း

ပါရဦးမယ်၊ ပြီးရင် အသတ်လည်း ခံရဦးမယ်ဆိုတော့ ဆိုးလိုက်တဲ့ ဘဝနှယ်ကွယ်။

ဘုရားသခင် ရှေ့တော်မှောက်ကို လူသတ်သမားအဖြစ် ဝင်ဖူးရမယ်လို့

ဘယ်တုန်းကမှ စိတ်တောင်မကူးခဲ့ဖူးဘူး။

အယ်လန်က ကယောက်ကယက်ဖြစ်နေတဲ့ ဘုန်းတော်ကြီးကို နှစ်သိမ့် တယ်။

မပူနဲ့တဲ့။ အားလုံး အဆင်ပြေစေရမယ်တဲ့။ သူတို့လည်း လွတ်မယ်။ချာချီလည်း

မသေစေရဘူးတဲ့။ သို့သော် အချိန်ကိုက်လှုပ်ရှားဖို့ လိုအပ်တယ်။ ဒါကြောင့်

ဘုန်းတော်ကြီးအနေနဲ့ ဒါကိုတော့ ကတိပေးပါတဲ့။ အိုကေလေ။ ပေးသပေါ့။

သူ့ဆုတောင်းတွေကို ဘုရားသခင်က ဥပေက္ခာပြုနေတဲ့ ခုလို အချိန်မှာ အယ်လန်ဟာ

အသက်ရှင် လွတ်မြောက်ရေးအတွက် တစ်ခုတည်း သော မျှော်လင့်ချက်ကြီး

မဟုတ်လား။ ဒါပေမဲ့ ဘုရားသခင်က ဥပေက္ခာ ပြု ပြုနိုင်လွန်းတယ်ကွယ်။ ခုဆို

တစ်လလောက်တောင် ရှိတော့မယ်။ တန် တော့ ကွန်မြူနစ်တွေနဲ့ ဆက်သွယ်မိလို့

မျက်မာန်တော် ရှများနေရော့သလား။

ဗုဒ္ဓဟူးဆိုတဲ့နေ့ ရောက်လာတယ်။ ဒီဆိုတို ကျည်ကာကားဟာ အားလုံး

အဆင်သင့်။ ဖောက်ခွဲရေးပစ္စည်းအားလုံး ဆင်ပြီးပြီ။

အတော်လေး ကြီးပေမဲ့ ဘယ်သူမှ မသိပါဘူး။ အားလုံး အေးဆေးပဲ။

အယ်လန်က ပုလိပ်မင်းကြီးကို ဖောက်ခွဲရေး အဝေးထိန်းခလုတ် အလုပ်လုပ်ပုံကို

ရှင်းပြတယ်။ ပုလိပ်မင်းကြီးဟာ နားရွက်တက်ချိတ်မတတ် ပါးစပ်ကြီးဖြဲ၊

ပြုံးပျော်ရင်း ဒီနေ့အတွက် ၁၈ လိပ်မြောက် စီးကရက်ကို အယ်လန့်ကော်ဖီ ခွက်ထဲ

စွပ်ခနဲထိုး။

အယ်လန်ဟာ သူ ဂုက်ထားတဲ့ ကော်ဖီခွက်အသစ်ကို သတိကြီးကြီး ထားပြီး ထုတ်လိုက်တယ်။ ဘယ်သူမှမမြင်ခင် အဲဒီကော်ဖီခွက်ကို စကြိုလမ်း၊ အချုပ်ခန်းနဲ့ ထွက်ပေါက်ဆီသွားတဲ့ နေရာက စားပွဲပေါ်တင်လိုက်တယ်။ အမှတ်တမဲ့ တင်တာမဟုတ်ဘူး။ အသေအချာ တွက်ချက်ပြီးမှ ဗျူဟာမြောက် တင်လိုက်တာ။ ပြီးတော့ ဘုန်းတော်ကြီးလက်ကို တင်းတင်းဆွဲရင်း ကား ဂိုဒေါင်ထဲက ထွက်လာလိုက်တယ်။ ပုလိပ်မင်းကြီးကတော့ ၁၉ လိပ်မြောက် စီးကရက်ကို မီးခိုးထောင်းထောင်းထအောင်ဖွာ၊ ဖုံးဆင်ထားတဲ့ ဒီဆိုတိုကြီး ကို လှည့်ပတ်ကြည့်ရင်း မကြာခင်ဖြစ်တော့မယ့် ကိစ္စတွေကို စဉ်းစားပြီး ပီတိသောမနတွေ တစိမ့်စိမ့်ဖြစ်နေတယ်။

သူ့လက်ကိုဆုပ်ထားတဲ့ အယ်လန့်ရဲ့ အားကိုကြည့်ရင်း တကယ့်အချိန် ရောက်ပြီဆိုတာ ဘုန်းတော်ကြီး သိလိုက်တယ်။ ခု မစ္စတာ ကားလ်ဆန်ရဲ့ စကားကို မြေဝယ်မကျ နားထောင်ရမယ့်အချိန်ပဲ။

သူတို့ အချုပ်ခန်းကို ဖြတ်လျှောက်ကြတယ်။ အစောင့်တွေကို ခပ်တည်တည် ကျော်လာခဲ့တယ်။ အယ်လန်က ဘုန်းတော်ကြီးလက်ကို လုံးဝ မလွှတ်ဘူး။ အယ်လန်နဲ့ ဘုန်းကြီးကို မြင်နေကျ အစောင့်တွေဟာ သူတို့ ဒီလို ပေါ်တင်ထွက်ပြေးလိမ့်မယ်လို့ မထင်မိကြဘူး။ အံ့သြတကြီး ဖြစ်နေကြရာက တာဝန်ကျအရာရှိက သတိပြန်ဝင်လာတယ်။

'ဟေ့ … ရပ်စမ်း၊ ဘယ်သွားမလို့တုံး'

အယ်လန်က အင်မတန် အံ့အားသင့်နဲ့ မျက်နှာပေးနဲ့ အရာရှိကို ကြည့်ရင်း …

'ကျုပ်တို့ကို လွှတ်လိုက်ပြီလေ၊ ခင်ဗျားကို ဝန်ကြီးချုပ်က အမိန့် မပေးထားဘူးလား'

လို့ ပြောလိုက်တယ်။

ဘုန်းတော်ကြီး ဖာဂူဆန်ဟာ သာခွေယိုင်သွားတယ်။ အသက်ပြင်းပြင်း ရှူရင်း လဲကျမသွားအောင် မနည်းထိန်းထားရတယ်။ တာဝန်ခံအရာရှိဟာ လေသံတင်းသွားပြီး ...

'ဟေ့ ... ခု ရပ်နေစမ်း၊ ဝန်ကြီးချုပ်ဆီက အတည်ပြုချက် မရမချင်း ခင်ဗျားတို့ ဘယ်မှမသွားရဘူး'

အစောင့်သုံးယောက်ကို မျက်စိဒေါက်ထောက်ကြည့်ထားဖို့ မှာရင်း အရာရှိဟာ ဂိုဒေါင်ထဲ ခပ်သုတ်သုတ်ဆင်းသွားတယ်။

အယ်လန်က ပြုံးပြုံးကြီးလုပ်ရင်း ဘုန်းကြီးကို ကြည့်လိုက်တယ်။ အားလုံး အဆင်ပြေတော့မယ်၊ ကြည့်ထားဆိုတဲ့ ရုပ်နဲ့။

ပုလိပ်မင်းကြီးဟာ ...

၁။ သူ ဘယ်တုန်းကမှ ဒီနှစ်ကောင်ကို လွတ်မိန့် မပေးခဲ့ဘူး၊

၂။ ဘယ်တော့မှလဲ ပေးဖို့ အစီအစဉ်မရှိဘူး၊

ဆိုတာကို အရာရှိ စောက်ထုံ သိအောင် ပြောရင်း ကမူးရှူးထိုး တက်လာတယ်။

'ဘာကွ ...၊ အပေါက်ဝမှာ အဲသလိုဖြီးနေတယ် ဟုတ်လား၊ အေးအေး ... တွေ့မယ်၊ တွေ့မယ်၊ တွေ့ကြပြီပေါ့ကွာ'

ဒေါသမီးတောင်ကနေ ချော်ရည်တွေ တလိမ့်လိမ့်စီးနေတဲ့ ပုလိပ်မင်းကြီးဟာ ထွက်ပေါက်ဆီ ဦးတည် ဒုန်းစိုင်းလျှောက်လာရင်း စားပွဲပေါ်မှာ အယ်လန့် ကော်ဖီခွက်ကိုတွေ့၊ သူ့ဝသီအတိုင်း ခွေးမသား ဆွီဒင်ကောင်ရဲ့ ကော်ဖီခွက်ထဲ သောက်လက်စ စီးကရက်ကို စွပ်ခနဲ ထိုး ... ထိုး ...။

ကော်ဖီခွက်က ကော်ဖီတစ်စက်မှ မပါဘူး။ အထဲမှာ နိုက်ထရို ဂလစ်စထရင်းကို မင်နက်နဲ့ ရောထည့်ထားတာ။ အိန်းခနဲ ပေါက်ကွဲသံကြီးနဲ့အတူ ပုလိပ်မင်းကြီးနဲ့ တာဝန်ခံအရာရှိဟာ တစ်စစီဖြစ်သွားတယ်။ မီးခိုးတွေ အူတက်လာတယ်။ အစောင့်သုံးယောက် တောင်ပြေးမြောက်ပြေး ဖြစ်ကုန် တယ်။

'ကိုယ်တော် … ကြွဖို့အချိန်ရောက်ပြီ'

အယ်လန်က ဘုန်းကြီးကို ခပ်အေးအေးပြောရင်း ခပ်တည်တည် ထွက်လာခဲ့ကြတယ်။

အစောင့်သုံးယောက် အယ်လန်တို့နောက်လိုက်ဖို့ သတိဝင်လာတဲ့ အချိန်မှာ ဆက်တိုက် ပေါက်ကွဲမှုဖြစ်စဉ်နဲ့ တည်ဆောက်ထားခဲ့တဲ့ ဒီဆိုတို ကားဟာ ဝုန်းခနဲ အကြီးအကျယ်ပေါက်ကွဲရင်း စခန်းတစ်ခုလုံး မီးပင်လယ် ဝေသွားတယ်။

'ကိုယ်တော်ရေ … ပြေးကြစို့'

အစောင့်နှစ်ယောက်ဟာ မီးတောက်ထဲ ရောက်သွားတယ်။ ကျန်တဲ့ တစ်ယောက်ကတော့ ဆောက်တည်ရာမရဖြစ်ပြီး ခြေဦးတည့်ရာ ပြေးတယ်။ ကဲ … ခုတော့ အားလုံးရှင်းပြီ။

ခု ဘုန်းတော်ကြီးအလှည့်။ သံရုံးတွေ ဘယ်နားရှိလဲ … ပြော။

ဘုန်းတော်ကြီးက ဆွီဒင်သံရုံးရှိရာ နေရာကို စိတ်ရှည်လက်ရှည် ပြောပြတယ်။ ဘုန်းတော်ကြီးကိုလည်း ဗြိတိသျှသံရုံးသွားဖို့ ပြောရင်း ပွေ့ဖက် နှုတ်ဆက်လိုက်တယ်။ ခွဲခွာဖို့ အချိန်တန်ပြီ။

ဗြိတိသျှသံရုံး … ဟုတ်စ။ ဘောက်မဲ့ကြောင့် ဗြိတိသျှသံရုံးကို သွားရမတုံး။ သံရုံးမှာရှိတဲ့ လူတွေက အားလုံး အင်္ဂလိကန်တွေချည်းမို့ ဘာသာပြောင်းစရာလူ မရှိ။ သူ လုပ်စရာအလုပ် မရှိ။ ဟယ် … ဟုတ်ပြီ။ ဘုန်းတော်ကြီးဟာ

မဟာဗျူဟာသစ်တစ်ခု ချက်ချင်း ခေါင်းထဲဝင်လာတယ်။ ဟောဟိုက မီးလောင်နေတဲ့ အဆောက်အအုံကြီးမှာ သေအုံမှုးမှုး အစောင့်တွေ ရှိတယ်မဟုတ်လား။ သူတို့ကို တရားပြမလေ။ လျှို့ဝှက်ပုလိပ်တွေ အင်္ဂလိကန်ဖြစ်သွားပြီ ဆိုလို့ကတော့ အီရန်တစ်ပြည်လုံး အင်္ဂလိကန်ဖြစ်ဖို့ ၄က်ပျောသီး အခွံနွှာစားရသလောက်ကို လွယ်မလေ။

ဩော် ... ဖြစ်ရလေ။ အကယ်၍များ ဘုန်းတော်ကြီး ကိုယ့်ကိုယ်ကိုယ် သေချာသိလာတဲ့တစ်နေ့ ဆီဒင်ကို လာခဲ့ပါနော်။ ဆီဒင်က အကောင်းဆုံးသော စိတ်ရောဂါဌာနကြီးကို လိုက်ပို့ပေးပါ့မယ် ဆိုတဲ့အကြောင်း အယ်လန် အာမဘာန္တေခံလိုက်တယ်။ ဘုန်းတော်ကြီးက မလာရေးချ မလာတဲ့။ ခုကို အစောင့်တွေကို တရားပြရတော့မယ်တဲ့။ မီးလောင်ဒဏ်ရာတွေနဲ့ ထွက်ပြေးသွားတဲ့ အစောင့်နောက်ကို အတင်းလိုက်တယ်။ နဂိုကတည်းက သဘောကောင်းရှာတဲ့ ကလေး။ ဘာသာတရားရဲ့ အနှစ်သာရကို ချက်ချင်းနားလည်မှာ သေချာလွန်းလို့ ဟိုဘက်ကမ်းတောင်လွန်။

'ကဲ ... နှုတ်ဆက်ပါတယ် မိတ်ဆွေကြီး'

'နှုတ်ဆက်ပါတယ် ကိုယ်တော်'

ကျောခိုင်းပြီး လာရာလမ်းကိုပြန်သွားတဲ့ ဘုန်းတော်ကြီးကိုငေးရင်း ရူးလှနှမ်းလှတဲ့ လောကကြီးထဲမှာ ဘုန်းတော်ကြီးတစ်ယောက် ကြုံဖန်ပြီး ရှင်သန်နိုင်မှာပါလေလို့ သူ တွေးနေတယ်။

ဒါပေမဲ့ အယ်လန် မှားတယ်။

ဘုန်းတော်ကြီးဟာ မီးလောင်ခံထားရပြီး တဆတ်ဆတ်တုန်နေတဲ့ လက်တွေနဲ့ အော်တိုမက်တစ်ရိုင်ဖယ်ကို ကိုင်ထားတဲ့ အစောင့်ကို တွေ့သွားတယ်။ သူ အင်မတန်

ဝမ်းသာသွားတယ်။ အစောင့်ကို ပွေ့ဖို့ဖက်ဖို့ ဟန်ပြင် ရင်း ...

'အို ... ချစ်သား၊ မင်းက ဒီရောက်နေရှာတာကိုး ချစ်သား' လို့ နှုတ်က မြည်တမ်းနေရှာတယ်။

အစောင့်က ဘုန်းကြီးကိုကြည့်ရင်း မျက်လုံးတွေ ပြူးထွက်လာတယ်။

'ခင်ဗျား ... ခင်ဗျား ... ခင်ဗျားလုပ်တာ မဟုတ်လား၊ သေချင်းဆိုးကြီး၊ သေဟာ ... ကဲ ... ကဲ ...'

ဘုန်းတော်ကြီးရင်ဘတ်ထဲ ကျည်ဆန် နှစ်ဆယ့်နှစ်တောင့် ဝင်သွား တယ်။

ဒီထက် ပိုပစ်ဦးမလို့ပဲ။ ဒါပေမဲ့ ကျည်ကုန်သွားခဲ့ပြီ။

ဆွီဒင်သံရုံးထဲ သူ အခက်အခဲမရှိ ဝင်ခွင့်ရတယ်။ သူ့ ဆွီဒင်လေကို မှတ်မိကြသေးလို့ တော်ပါသေးရဲ့။ အဲ ... မတော်နဲ့ဦး။ သူ့မှာ ဘာအထောက် အထားမှ မပါတဲ့အတွက် ဆွီဒင်သံရုံးက သူ့ကို နိုင်ငံကူးလက်မှတ်လည်း ထုတ်မပေးနိုင်ဘူး။ ဆွီဒင်လည်း ပြန်ပို့မပေးနိုင်ဘူးလို့ လုပ်ပါလေရော။ တတိယအတွင်းဝန် ဗျော့ဇစ်ဆိုတဲ့လူက ခုဆို ဆွီဒင်မှာ လူတိုင်း မှတ်ပုံတင်နံပါတ် ကိုယ်စီရှိသတဲ့။ မစ္စတာကားလ်ဆန်ဟာ နိုင်ငံတွင်းမှာ မရှိတာ နှစ်ပေါင်းများစွာ ကြာပြီဆိုတော့ ဆွီဒင် လူဝင်မှုကြီးကြပ်ရေးမှာ အယ်လန် ကားလ်ဆန်ဆိုတာ မရှိတဲ့အတွက် ပြန်လို့မရဘူးတဲ့လေ။ အဲသလို ပြောတယ်။ ကြည့်စမ်း။ ဟော့ ... ဆွီဒင်ကကောင်တွေ နာမည်ပျောက်ပြီး နံပါတ်တွေနဲ့ အစား ထိုးချင်ထိုး။ ဖလန် ဇနပုဒ်က အယ်လန်ကားလ်ဆန်ကတော့ အယ်လန် ကားလ်ဆန်ပဲကွ။ ရှိကြီးခိုးပါရဲ့ တတိယအတွင်းဝန်မင်းရယ်။ ကျေးဇူးပြုပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ စာရွက်စာတမ်းလေးများ စီစဉ်ပေးပါ ခင်ဗျာ။

အဲဒီအချိန် သံရုံးမှာ ရာထူးအကြီးဆုံးက တတိယအတွင်းဝန် ဖျော့ဗစ်ပဲ။ စတော့ဟုမ်းက သံတမန်ကွန်ဖရင့်ကြီးကို တက်ခွင့်မရလို့ သူတစ်ယောက် တည်း ငုတ်တုတ်ကျန်ရစ်ခဲ့တာလေ။ ကံများနှယ် ဆိုးချက်ကွာ …။ လွန်ခဲ့တဲ့

တစ်နာရီလောက်က တီဟီရန်မြို့လယ်မှာ မီးတွေ အကြီးအကျယ်လောင်တယ်။ ခု ဘယ်သူမှန်းမသိတဲ့ အကောင်ကြီးတစ်ကောင် မိုးပေါ်ကကျသလို ဘွားခနဲပေါ်လာပြီး သူ ဆွီဒင်ဖြစ်ကြောင်း ထောက်ခံချက် လာတောင်းနေ ပြန်တယ်။ သူ့ကြည့်ရတာ အမှန်ပြောနေပုံပါပဲ။ သို့သော် သနားပြီး လုပ်ပေး လိုက်လို့ မဖြစ်ချေဘူး။ သံတမန်ဘဝလေး မပွင့်ခင် ကြွေသွားလိမ့်မယ်။ ဒါကြောင့် ဖျော့ဗစ်ကခပ်တင်းတင်းပဲ ပြောတယ်။ နိုင်ငံကူးလက်မှတ် ထုတ်ပေးဖို့ကတော့ မဖြစ်နိုင်ဘူး။

ခေါင်းကျောမာတဲ့နေရာမှာ အနုအယဉ် လူ့တစ်ခွင် သူ့ပြင် မရှိတဲ့အကောင်။

ကဲ … ဒီလောက်တောင်ဖြစ်လှတာ တယ်လီဖုန်းဆက်မယ်။ ဖုန်း ရှိလား … ပြော။

ရှိပါတယ်။ နိုင်ငံခြားဖုန်းခေါ်တာ ဈေးကြီးကကြီးနဲ့ ဘယ်များ ခေါ်ဦး မလို့တုံး။

အယ်လန်ဟာ ဆက်ဆံရခက်လှတဲ့ တတိယအတွင်းဝန်ကို ပြန်ဖြေ နေမယ့်အစား သူက မေးလိုက်တယ်။

'ခု … ဆွီဒင်ဝန်ကြီးချုပ်က ပါအယ်လ်ဘင်ပဲလား'

'မဟုတ်ဘူးဗျ၊ တော့ချ်အာလန်ဒါ ဖြစ်သွားပြီ၊ ပါအယ်လ်ဘင်ဟန်ဆင် က ပြီးခဲ့တဲ့ ဆောင်းဦးက ဆုံးသွားပြီ၊ ဒါနဲ့ ဘာ … ဘာ …'

'ကဲ … ခဏလေး တိတ်တိတ်နေပါဗျာ၊ ရှင်းစရာရှိတာ ရှင်းလိုက်ဦးမယ်'

အယ်လန် ဖုန်းခေါ်တယ်။ ဝါရှင်တန်က အိမ်ဖြူတော်ကို။ အမေရိကန်သမ္မတရဲ့ ဝါရင့် ကိုယ်ရေးအရာရှိ ဘွားတော်ကြီးနဲ့ တွေ့တယ်။ သူက အယ်လန့်ကို

ကောင်းကောင်းမှတ်မိတယ်။ မစ္စတာ ကားလ်ဆန်အဖို့ သိပ်အရေးကြီးရင်
သမ္မတထရူးမန်းကို နှိုးပေးပါ့မယ်တဲ့။ ခုမှ ဝါရှင်တန်မှာ မနက်ရှစ်နာရီပဲ
ရှိသေးတာတဲ့။ သမ္မတကြီးက စောစောထတတ်တဲ့လူ မဟုတ်ဘူးတဲ့။
ခဏနေတော့ အိပ်ရာထဲကထလာတဲ့ သမ္မတ ထရူးမန်း ဖုန်းလာ ကိုင်တယ်။
သူနဲ့ စကားတွေ အကြာကြီးပြောရင်း ဖုန်းဆက်တဲ့ကိစ္စတောင် မေ့မလို ဖြစ်။
နောက်မှ သတိရ။ 'ဟယ်ရီရေ … ခုလက်ရှိ ဆွီဒင်ဝန်ကြီးချုပ် အာလန်ဒါကို
ဖုန်းခေါ်ပေးပါဗျာ၊ အယ်လန်ကားလ်ဆန်ဆိုတာ ဘယ်သူတုံး ပြောပြလိုက်၊ ဒါမှ
အာလန်ဒါက တီဟီရန် ဆွီဒင်သံရုံးက တတိယအတွင်းဝန် ဗျော့ဗစ်ဆိုတဲ့လူကို
ဖုန်းခေါ်ပြီး အယ်လန့်အတွက် နိုင်ငံကူးလက်မှတ် ထုတ် ပေးခိုင်းလို့ ရမှာ'
'အမလေး … ဒါလေးများ၊ ခုဆက်ပေးမယ်၊ ဒါနဲ့ တတိယအတွင်းဝန် နာမည်က
ဘယ်သူ … ဘယ်လို စာလုံးပေါင်းရတုံး'
အယ်လန်က တတိယအတွင်းဝန်ကို ကြည့်လိုက်ရင်း …

'သမ္မတထရူးမန်းက ခင်ဗျားနာမည် စာလုံးပေါင်းသိချင်လို့တဲ့ လာပြောလှည့် …'လို့ ပြောလိုက်တယ်။

တတိယအတွင်းဝန်ဟာ သူ့နာမည် စာလုံးပေါင်း တစ်လုံးချင်းကို
သမ္မတထရူးမန်းဆီ တုန်တုန်ယင်ယင်နဲ့ပြောရင်း ဖုန်းချပြီး ရှစ်မိနစ်လောက်
စကားတစ်လုံးမှ မပြောနိုင်ရှာဘူး။ ရှစ်မိနစ်ကြာပြီးတဲ့နောက် ဆွီဒင်ဝန်ကြီးချုပ်
အာလန်ဒါဆီက ဖုန်းဝင်လာတယ်။ တတိယအတွင်းဝန် ဗျော့ဗစ်အနေနဲ့
၁။ မစ္စတာအယ်လန်ကားလ်ဆန်အတွက် သံတမန် အဆင့်အတန်းနဲ့
နိုင်ငံကူးလက်မှတ်တစ်ခု ချက်ချင်းထုတ်ပေး၊
၂။ သူ ဆွီဒင်ပြန်ဖို့ ချက်ချင်း စီစဉ်ပေးဆိုပဲ။

ဗျော့ဗစ်က ပြန်ပြောရှာပါတယ်။

'သူ့မှာ မှတ်ပုံတင်နံပါတ်မှမရှိတာ ဝန်ကြီးချုပ်ခင်ဗျာ'

'ဒီမှာ တတိယအတွင်းဝန်၊ ဒီကိစ္စကို မောင်ရင့်ဘာသာ အဆင်ပြေ အောင် ဖြေရှင်းပါ၊ စတုတ္ထအတွင်းဝန်တို့၊ ပဥ္စမအတွင်းဝန်တို့ မဖြစ်ချင်ရင် ရအောင် ဖြေရှင်း'

'စတုတ္ထ၊ ပဥ္စမ အတွင်းဝန်ဆိုတာမှ မရှိဘဲ ဝန်ကြီးချုပ်ခင်ဗျား'

'ဒါဆို ကိုရင်က ဘာဖြစ်ချင်တာလဲ ... ပြော'

စစ်သူရဲကောင်းကြီး ဝင်စတန်ချာချီဟာ ၁၉၄၅ ခုနှစ် ရွေးကောက်ပွဲမှာ မမျှော်လင့်ဘဲ ရှုံးသွားရှာတယ်။ ဗြိတိန်သူ ဗြိတိန်သားတွေရဲ့ စိတ်ဓာတ်တွေ လည်း ညံ့ကုန်ပြီ ထင်ပါရဲ့။ ဒါကြောင့် သူ ကမ္ဘာပတ်တယ်။ လက်စားချေဖို့ ချောင်းနေတယ်။

စောက်သုံး တစ်စက်မှမကျတဲ့ လေဘာပါတီဆိုတာဟာ စီမံကိန်း စီးပွားရေးဆိုတာကို အကောင်အထည်ဖော်ပြီး ခုထိ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်သေးတဲ့ အင်ပါယာထဲက ငနဲသားများကို အချုပ်အခြာ အာဏာ လွှဲပေးဖို့ ကြံနေတာကို ကြည့်ရတာ ရွံလွန်းလို့။

ဗြိတိသျှ အိန္ဒိယအင်ပါယာဆို ကြည့်စမ်း။ ဟိန္ဒူက တစ်လမ်း။မွတ်စလင်က တစ်လမ်း။ ပြဒါးတစ်လမ်း သံတစ်လမ်း။ အဲ ... အလယ်ကောင် မှာ မဟတ္တမဂန္ဒီဆိုတဲ့ အကောင်ကြီးဟာ တင်ပျဉ်ခွေထိုင်ပြီး သူ မကျေနပ် တိုင်း အစာမစားဘူးချည်း လိုမ့်ပြောနေတယ်။ ဘာကောင်တွေလဲကွာ၊ ဘာ ဗျူဟာတွေလဲကွာ။ အင်္ဂလန်ကို နာဇီတွေ ဗုံးမိုးရွာတုန်းက အဲဒီ သူတောင်းစားတွေ

ဘာလုပ်နေတုံးကွာ။

အရှေ့အာဖရိကကတော့ သိပ်မဆိုးသေးဘူး။ ဒါပေမဲ့ ကြည့်နေပါ။

မကြာပါဘူး။ အာဖရိကန်တွေလည်း ကိုယ့်ကြမ္မာ ကိုယ်စီရင်ပိုင်ခွင့် ဆိုတာကို ခဏနေ တကြော်ကြော် အော်လာလိမ့်မယ်။

အင်ပါယာကြီးအတွက် ဒေါင်ဒေါင်မြည်တဲ့ခေါင်းဆောင် လိုတယ်။ အမြဲ ငါပဲဖြစ်ရမယ်လို့ မဆိုလိုပါဘူး။ ဒါပေမဲ့ ဖွတ်ကျားကျလွန်းတဲ့ ကလီးမန့် အက်တလီဆိုတဲ့ ဆိုရှယ်လစ် အစုတ်ပလုတ်နဲ့ကတော့ မဖြစ်ပါဘူး။

ဘာပဲပြောပြော အိန္ဒိယအင်ပါယာကို လက်လွှတ်ရမှာကတော့ သေချာ နေပြီကွာ။ လွတ်လပ်ရေးဆိုတာကြီး ပေးကိုပေးရတော့မယ်။ ငါတို့လည်း နောက်ထပ် စစ်မတိုက်နိုင်တော့ဘူးကွာ။ အေးလေ တခြားနေရာတွေ အများ ကြီး ကျန်ပါသေးတယ်ကွာ။ ကင်ညာကို သွားမယ်။ အရင်ဆုံး တီဟီရန်ကို ဝင်ပြီး ရှားဆိုတဲ့အကောင်နဲ့ လက်ဖက်ရည်လေး အတူတူသောက်ဦးမှပဲ။

အဲသလို ကြံစည်ထားကာမှ စောက်တလွဲတွေချည်း ဖြစ်တာပဲ။ မနေ့တစ်နေ့က ပြည်တွင်းလုံခြုံရေးဆိုတဲ့ ဌာနမှာ ဗုံးပေါက်သတဲ့။ တစ်ဌာနလုံး ပြားချပ်သွားတယ် ပြောတယ်။ ပုလိပ်မင်းကြီးဆိုတဲ့ မအေပေးလည်း နေရာ တင် သေသတဲ့။ ကောင်းတယ်။

ငါတို့ရဲ့ ဗြိတိသျှအရာရှိကို သတ်တဲ့ကောင်။ ခု ကာလဝိပါတ် နောက် ပိုး တက်တာ။ သေ ... အေးတာပဲ။

စောက်ပုလိပ်မင်းကြီး သေတာက အရေးမကြီးဘူး။ ရှားရဲ့ ကျည်ကာ ကားကြီးလည်း မီးလောင်သွားသတဲ့။ ဒါနဲ့ပဲ အီရန်မှာ ဖင်နွေးအောင်မနေရဘဲ မြန်မြန်ပြန်ရတော့တာပေါ့။ ရှားကတော့ အခြေအနေအားလုံး ကောင်းပါ သတဲ့။

အင်္ဂလို–အီရန် ရေနံကုမ္ပဏီလည်း အရမ်း အခြေအနေကောင်းသတဲ့။ အလုပ်သမားခ ဈေးပေါတော့ အေးဆေးပဲ။ လန်ဒန်အပြန် လမ်းမှာ သူ့ဘေး နား ကပ်ထိုင်နေတဲ့ ဆွီဒင်စစ်သံမှူးဆိုတဲ့ ငနဲကို ချာချီက ပြောပြနေတယ်။

'အင်း ... ခုတော့လည်း အီရန်ဟာ ငြိမ်းချမ်းပြီး တရားဥပဒေ စိုးမိုး နေတာပေါ့'

'အဲသလို အခြေအနေကို မစ္စတာချာချီ ကျေနပ်နေတာကို ကြားရတာ ဝမ်းသာပါသဗျာ'

အရှင်မွေးတော့ နေ့ချင်းကြီးပြီး ဆွီဒင်စစ်သံမှူးဖြစ်နေတဲ့ အယ်လန်က ချာချီ့ကိုကြည့်ရင်း လှိုက်လှိုက်လှဲလှဲကြီး ပြောလိုက်တယ်။ တကယ်လည်း ဒီလူကြီးကို မာမာချာချာနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ။

လန်ဒန်မှာ ခရီးတစ်ထောက် နားပြီးတဲ့နောက် ဒီမြေကခွာပြီး ဆယ့် တစ်နှစ်အကြာမှာ အယ်လန်ဟာ စတော့ဟုမ်း ဗရွန်းမာလေဆိပ်ကတစ်ဆင့် ဆွီဒင်မြေပေါ် ပြန်နင်းမိတော့တယ်။ အဲဒီအချိန်က ၁၉၄၇၊ ဒီဇင်ဘာ။ အယ်လန့်ကို လူငယ်တစ်ယောက် စောင့်နေတယ်။ ဝန်ကြီးချုပ် အာလန်ဒါရဲ့ လက်ထောက်တဲ့။ ဝန်ကြီးချုပ်က လူကြီးမင်းကို ခုချက်ချင်း တွေ့ချင်ပါသတဲ့။ အေးလေ ... တွေ့တာပေါ့။

ဝန်ကြီးချုပ် လက်ထောက်ကောင်ဟာ အယ်လန့်ကို အသစ်စက်စက် မဟူရာရောင် တလက်လက်ထွက်နေတဲ့ ဖော်လ်ဗို ပီဗီ ၄၄၄ ကားနဲ့ ခေါ်တင် သွားတယ်။ လမ်းမှာ ဒီလိုကြွားတယ်။

'ဒီလိုကားမျိုး မြင်ဖူးလား မစ္စတာ ကားလ်ဆန်၊ မြင်းကောင်ရေ ၄၄ ကောင် အားရှိသဗျ'

'အင်း ... ပြီးခဲ့တဲ့အပတ်ကတော့ အင်မတန်ကောင်းတဲ့ ဝိုင်နီရောင်

ဒီဆိုတိုကားကို တွေ့ခဲ့တာပဲ၊ ဒါပေမဲ့ ခင်ဗျားကားက ပိုကောင်းပါတယ်လေ’

ဝန်ကြီးချုပ် လက်ထောက်ဟာ အယ်လန့်ကို စတော့ဟုမ်းမြို့ထဲ လှည့်ပတ်ပြနေတယ်။ တကယ်တော့လည်း သူ တစ်ခါမှ စတော့ဟုမ်း မရောက်ဖူးတာ ရှက်စရာပဲ။ တယ်လှတဲ့မြို့။ ဘယ်နေရာကြည့်ကြည့် ရေနဲ့ တံတားတွေချည်းပဲ။ အဲ … တစ်ခုမှ ဖောက်ခွဲလို့မဖြစ်တာဘဲ ပြောစရာရှိတာ။

‘ကြွပါ မစ္စတာကားလ်ဆန်၊ ကျွန်တော် ခင်ဗျားအကြောင်းတွေ အများ ကြီး ကြားထားပြီးပါပြီ’

ဝန်ကြီးချုပ်ဟာ အယ်လန့်ကို လှိုက်လှိုက်လှဲလှဲ ဆီးကြိုနှုတ်ဆက်ရင်း သူ့လက်ထောက်ကို တွန်းထုတ်ပြီး တံခါးပိတ်လိုက်တယ်။ အင်း … သူကသာ ငါ့အကြောင်း အများကြီးကြားထားတယ် ပြောနေတာ။ ငါက သူ့အကြောင်း ဘာမှ မသိပါကလား။

လက်ဝဲလား၊ လက်ယာလားတောင် မသိဘူး။ အို … အဲဒီနှစ်ခုထဲက တစ်ခုခု ဖြစ်မှာပေါ့။ တစ်ခုမဟုတ်ရင် တစ်ခုပေါ့လေ။

တကယ်တော့ သမ္မတထရူးမန်းဆီ ဖုန်းပြန်ခေါ်ပြီး ဝန်ကြီးချုပ်ဟာ အယ်လန့်အကြောင်းတွေ မေးခဲ့တယ်။ ဆိုတော့ ခု သူ သိနေပြီ။ ဒါပေမဲ့ အတွေ့အကြုံအရ စကားကို အကုန်ပြောလို့ မဖြစ်ဘူး။

‘အင်း … ခင်ဗျား ဆွီဒင်ကို လက်ဗလာနဲ့ ပြန်လာရတာ ကျွန်တော် သိတယ်၊ ဒါကြောင့် ခင်ဗျားအတွက် ငွေပေးဖို့ နိုင်ငံတော်က စီမံထားတယ်၊ ရော့ … ဒီမှာ ကရောင်းတစ်သောင်း ခင်ဗျ’

ဝန်ကြီးချုပ်က ငွေအပြည့်ထည့်ထားတဲ့ စာအိတ်ထူကြီးတစ်လုံး လှမ်း ပေးတယ်။ အယ်လန်က လက်ခံရရှိကြောင်း လက်မှတ်ထိုးပေးလိုက်ပြီး …

'ကျေးဇူးတင်ပါတယ် ဝန်ကြီးချုပ်ခင်ဗျား၊ ဝန်ကြီးချုပ်ရဲ့ ရက်ရောမှုကြောင့် ဒီည ဟိုတယ်ကောင်းကောင်းမှာ တည်း၊ အဝတ်အစားသစ်တွေ ဝယ်ပြီး ၁၉၄၅၊ ဩဂုတ်လကတည်းက မတိုက်ခဲ့ရတဲ့ သွားတွေကို တိုက်ခွင့်ရတော့မှာ ပေါ့ ခင်ဗျား' လို့ အားပါးတရ ပြန်ပြောတယ်။

သူ့ အတွင်းခံဘောင်းဘီတွေအကြောင်း ပြောတော့မယ့်ဆဲဆဲ ဝန်ကြီး ချုပ်က ကြားဖြတ်ပြီးပြောတယ်။ ငွေကို ကြိုက်သလိုသုံးပါတဲ့။ ဒါပေမဲ့ ဆိုဗီဒင် မှာ အခု စလုပ်နေတဲ့ နျူကလီးယားလုပ်ငန်းလေးကို အားရင် တစ်ချက် လောက် ကြည့်ပေးပါ မစ္စတာကားလ်ဆန်ရယ် … တဲ့။

တကယ်တော့ ပြီးခဲ့တဲ့ ဆောင်းတွင်းက ကွယ်လွန်သွားရှာတဲ့ ဝန်ကြီး ချုပ်ဟောင်းရဲ့ နေရာကို ဆက်ခံပြီးနောက်ပိုင်း အရေးကြီးကိစ္စတွေ ဆက်လုပ်ဖို့ သူ အမွေရလိုက်တယ်။ ဘာလုပ်ရမှန်း မသိဘူး။ အထူးသဖြင့် အက်တန်ဗိုး ဆိုတဲ့ဟာကြီးနဲ့ ပတ်သက်ပြီး စိတ်အတော်ရှုပ်ရတယ်။ ကာကွယ်ရေးဦးစီးချုပ်က ကွန်မြူနစ်ရန်စွယ်ကို ကာကွယ်ဖို့ ဆွီဒင်ဟာ အင်အားရှိဖို့ လိုသတဲ့။ ဆွီဒင်နဲ့ စတာလင်ကြားမှာ လယ်ကွက်လောက်လေးရှိတဲ့ ဖင်လန်ပဲ ခြား တာတဲ့။

ဒီနေရာမှာ ပြောစရာနှစ်ချက် ရှိလာတယ်။

ကာကွယ်ရေးဦးစီးချုပ်ဆိုတဲ့ ငနဲက ဆွီဒင် ထိပ်သီးလူ့မလိုင်မ တစ်ယောက်နဲ့ ညားတာ။ ဆိုတော့ လူ့မလိုင်ထုံးစံ ဆွီဒင်ဘုရင်ဆိုတဲ့ ငနဲအို ကြီးနဲ့ ခဏခဏ အတူသောက်ကြတယ်။ ဂုစတော့ဗ် ၅ ဆိုတဲ့ အဲဒီ ဘုရင်အို ကြီးက ဆွီဒင် ကာကွယ်ရေးပေါ်လစီကို ဝင်စွက်ချင်နေတာလား။ အဲဒီအတွေး ပေါ်လာတိုင်း ဆိုရှယ်ဒီမိုကရက် တစ်ယောက်ဖြစ်တဲ့ အာလန်ဒါ့ အသည်း စိုင်ကို ဆွဲကိုင် လှုပ်ယမ်းလိုက်သလိုပဲ။

တစ်ဖက်က ပြန်ကြည့်ပြန်တော့လည်း ကာကွယ်ရေးဦးစီးချုပ် ပြောတာ မှားတော့ မမှားဘူး။ စတာလင်ကောင်ကြီးနဲ့ ကွန်မြူနစ်တွေကို ဘယ်တော့မှ ယုံလို့မရဘူး။ စောက်ရူးထပြီး အနောက်ဘက်ကို နယ်ချဲ့လာရင် အရင်ဆုံး ခံရမှာ ဆွီဒင်ပဲ။

ဆွီဒင် စစ်ဘက် သုတေသနဌာနဟာ သူ့ရဲ့ နျူကလီးယားပညာရှင် တွေကို အက်တမ်စွမ်းအင် အေဂျင်စီဆိုတာကို ပြောင်းပေးလိုက်တယ်။ ခု အဲဒီမှာ ဟီရိုရှီးမားနဲ့ နာဂါဆာကီကို ကြဲချလိုက်တဲ့ ဗုံးဆိုတာကို လေ့လာနေ ကြတယ်။ ဆွီဒင့်ရှုထောင့်မှ နျူကလီးယားအနာဂတ်ကို လေ့လာခြင်းပေါ့လေ။ ဒါပေမဲ့ အဲဒါ ထိပ်တန်းလျှို့ဝှက်ချက်။ အာလန်ဒ့ါ စိတ်ထဲမှာ တကယ်လို့များ လိုလာခဲ့ရင် အဲဒီ စောက်ဗုံးကြီးကို ငါတို့ ဘယ်လိုရအောင်လုပ်ရမလဲဆိုတဲ့ အပူ အမြဲတမ်း ရှိနေတယ်။ ခု အဲဒီအတွက် အဖြေက သူ့ရှေ့မှာ ထိုင်နေတယ်။ တော့ချ်အာလန်ဒါ ကောင်းကောင်းသိတယ်။ ဒါပေမဲ့ သူသိမှန်း တခြားလူတွေ သိလို့ မဖြစ်ဘူး။ နိုင်ငံရေးဆိုတာ ကိုယ့်ခြေထောက်ကိုယ် အမြဲကြည့်ပြီး ခြေလှမ်း ဘယ်ဘက်လှမ်းမလဲ သတိချပ်နေရတဲ့ ကစားပွဲပဲ။

မနေ့က ဝန်ကြီးချုပ် အာလန်ဒါဟာ အက်တမ်စွမ်းအင် အေဂျင်စီက အကြီးအကဲ ဒေါက်တာအိခ်ယွန်းနဲ့ ဆက်သွယ်ပြီး အယ်လန်ကားလ်ဆန် ဆိုတဲ့ လူကို အလုပ်အင်တာဗျူးခေါ်ဖို့ တိုက်တွန်းတယ်။ တကယ်လို့ အယ်လန်ကားလ်ဆန်က စိတ်ဝင်စားရင် အေဂျင်စီမှာခန့်လိုက်ဖို့ တစ်ခါတည်း ပြောလိုက်တယ်။

ဒေါက်တာ အိခ်ယွန်းဟာ ခုလို ဝန်ကြီးချုပ်ကိုယ်တိုင် အက်တမ် ပရော ဂျက်မှာ ဝင်စွက်ဖက်လာတာကို နည်းနည်းမှ စိတ်မချမ်းသာဘူး။ တန်တော့

အယ်လန်ကားလ်ဆန်ဆိုတာ ဆိုရှယ်ဒီမိုကရက်စပိုင် ဖြစ်ရမယ်။ ဒါပေမဲ့ ငြင်းလို့တော့ မရဘူးလေ။ ဒါနဲ့ပဲ ခေါ်မေးလိုက်ပါ့မယ်လို့ အာမဘန္တေ ခံရ တယ်။ သူက ဘာလဲ၊ ဘာကောင်လဲ၊ ပညာ ဘယ်လောက်တတ်လို့လဲ။ ဝန်ကြီးချုပ်က ဘာမှလည်း သေချာမပြောဘူး။ ဒါကြောင့် သေချာမေးဖို့ ဆုံး ဖြတ်ထားတယ်။ အယ်လန့်အဖို့ကတော့ ဒေါက်တာအိခ်ယွန်းပဲဖြစ်ဖြစ်၊ ဘာဒေါက်တာပဲ ဖြစ်ဖြစ် ဝန်ကြီးချုပ်သဘောအတိုင်း တွေ့မှာပါပဲ၊ စိတ်ချပါလို့ ပြောလိုက်တယ်။ ခုတော့ ဟိုတယ်မှာ နပ်မယ်။ ကရောင်းတစ်သောင်း ဆိုတာ နည်းတာမှ မဟုတ်တာ။ သုံးပါလေ့။

ဂရန်းဟိုတယ် ဧည့်ကြိုကောင်တာက ဝန်ထမ်းဟာ စုတ်ပြတ်ရွဲပြဲ နေတဲ့လူကို ကြည့်ရင်း သံသယတွေ အလိပ်လိုက် ဖြစ်နေတယ်။ အလိုလေး … နိုင်ငံကူးလက်မှတ် ကြည့်လိုက်တော့ ဆွီဒင် စစ်သံမှူးဆိုပါ့လား။ သူ လန့်ပြီး တုန်တက်သွားတယ်။

'ဟုတ်ကဲ့၊ အခန်းရှိပါတယ် စစ်သံမှူးကြီးခင်ဗျာ၊ အခန်းခကို ငွေသားနဲ့ ရှင်းမှာလား ခင်ဗျာ၊ ဒါမှမဟုတ် နိုင်ငံခြားရေး ဝန်ကြီးဌာနကို ငွေတောင်းခံ လွှာ ပို့ပေးရမလား ခင်ဗျာ'

'ငွေသားနဲ့ ရှင်းမယ်၊ ကြိုပေးရမလား'

'မလိုပါဘူး ခင်ဗျာ၊ ရပါတယ်ခင်ဗျာ၊ နောက်မှ ရှင်းပါခင်ဗျာ'

ဝန်ထမ်းဟာ ခါးကျိုးမတတ် ဦးညွှတ်ရင်း ခင်ဗျာချင်း ထပ်နေတယ်။ အင်း … တကယ်လို့များ အဲဒီဝန်ထမ်းလေးဟာ အနာဂတ်ကိုသာ ကြိုမြင် နိုင်ခဲ့ရင် သူ့အဖြေဟာ တစ်မျိုးဖြစ်မှာ။

နောက်တစ်နေ့မှာ ဒေါက်တာအိခ်ယွန်းဟာ ရေမိုးချိုး အဝတ်အစား သစ်
ဝတ်ထားတဲ့ အယ်လန်ကားလ်ဆန်ကို စတော့ဟုမ်းက သူ့ရုံးခန်းမှာ ခေါ်တွေ့တယ်။
တီဟီရန်က လူသတ်ခေါင်းဆောင်လိုပဲ ကော်ဖီနဲ့ စီးကရက် တည်တယ် (ဒါပေမဲ့
စီးကရက်ကို သူ့ပြာခွက်ထဲပဲ ထိုးထည့်တာပါ)။
ဝန်ကြီးချုပ်ဟာ သူ့အလုပ်မှာ ဝင်စွက်လို့ ဒေါက်တာအိခ်ယွန်းဟာ
သိပ်မကြည်ဘူး။ ဒါကို အယ်လန် ခံစားမိတယ်။ စုမေလင်းနဲ့ ပထမဆုံး အကြိမ်
တွေ့တုန်းကလိုမျိုးပဲ။ ဒါကြောင့် သူတို့တွေ့ဆုံပွဲဟာ အချိန်တိုတို အတွင်း
ပြီးသွားခဲ့တယ်။
'ဝန်ကြီးချုပ်က ခင်ဗျားအကြောင်းကို သေချာမေးဖို့ မှာထားပါတယ်၊
ကျွန်တော်တို့ အဖွဲ့အစည်းမှာ အလုပ်လုပ်ဖို့ သင့်တော်၊ မတော်ပေါ့၊ ကဲ ...
မေးခွင့်ပြုပါဗျာ'
'ကောင်းပါတယ်၊ မေးပေါ့ မစ္စတာဒေါက်တာ၊ မေးသာ မေးပါ'
'အင်း ... ခင်ဗျားရဲ့ ပညာအရည်အချင်းက စကြစို့လား'
'ဟုတ်ကဲ့၊ သုံးနှစ်တည်းပါ'
'အလို ... သုံးနှစ် ဟုတ်လား၊ ဘွဲ့လွန် သုံးနှစ်တက်ရုံနဲ့ ဘာပညာရှင် ဖြစ်မှာလဲ
မစ္စတာကားလ်ဆန်၊ ရူပဗေဒလား၊ သင်္ချာလား၊ ဓာတုဗေဒလား'
'မဟုတ်ဘူး မစ္စတာဒေါက်တာ၊ အားလုံးပေါင်းမှ ကျောင်းနေသက် သုံးနှစ်ကို
ပြောတာ၊ ဆယ်နှစ်သားမှာ ကျောင်းထွက်လိုက်တာလေ'
ဒေါက်တာအိခ်ယွန်းဟာ ခုံပေါ်က ပြုတ်ကျမသွားအောင် မနည်းထိန်း
လိုက်ရတယ်။ ဒါဆို ဒင်းဟာ ဖွတ်ကျားပေါ့၊ နလပိန်းတုံးပေါ့၊ ရေးတတ်
ဖတ်တတ်ရော ရှိရဲ့လားဟာ။ စိတ်ပျက်လက်ပျက်နဲ့ သူ ဆက်မေးတယ်။

'ဒါနဲ့ ခင်ဗျားမှာ ခု ကျွန်တော်တို့လုပ်နေတဲ့ အက်တမ်စွမ်းအင် အေဂျင်စီနဲ့
နည်းနည်းလေးသက်ဆိုင်မယ့် လုပ်ငန်းအတွေ့အကြုံများ ရှိဖူး ရဲ့လား'
'ဩော် ... အင်း ... ရှိတယ် ထင်တာပဲ၊ အမေရိကန်မှာနေတုန်းက
နယူးမက္ကစီကို လော့စ်အလာမို့စ်မှာ အလုပ်လုပ်တယ်'
ဟယ် ... ကြည့်စမ်း၊ ဒေါက်တာအိခ်ယွန်း မျက်နှာ ဝင်းဝင်းတောက်
သွားတယ်။ ဝန်ကြီးချုပ်အာလန်ဒါရဲ့ ၃က်ဖဲက ဒါကိုး။
ကြည့်စမ်း။ လော့စ်အလာမို့စ်က လူ။
'ဒါနဲ့ အဲဒီမှာ ဘာတွေများ လုပ်ခဲ့ရပါသလဲ ခင်ဗျ'
'ဩော် ... ကျွန်တော် ကော်ဖီငှဲ့ပေးတဲ့အလုပ် လုပ်ပါတယ်'
'ဗျာ ... ဘယ်လို ... ကော်ဖီငှဲ့တယ် ဟုတ်လား'
ဒေါက်တာအိခ်ယွန်းရဲ့ မျက်ခွက်ကြီးဟာ လငပုပ်ဖမ်းခံရသလို မည်း မည်း
မှောင်သွားပြန်တယ်။
'ဟုတ်ကဲ့၊ တစ်ခါတလေ လက်ဖက်ရည်ပေါ့၊ အထွေထွေ လက် ထောက်၊
စားပွဲထိုး၊ စုံစီနဖာ အစုံပေါ့ခင်ဗျား'
'ဒါဆို နျူကလီးယားနဲ့ ပတ်သက်ပြီး ဘာတွေပါခဲ့ဖူးတုံး'
'ဟင့်အင်း ... တစ်ခါတော့ ကော်ဖီငှဲ့ပေးရင်း အစည်းအဝေးမှာ ဝင်ပြော မိတာ
တစ်ခုတော့ ရှိလေရဲ့'
'အဲဒီတော့ ဘာဆက်ဖြစ်လဲ'
'စည်းဝေးနေတာ ရပ်သွားတာပေါ့၊ ခဏနေတော့ ကျွန်တော့်ကို ခေါ်သွားရော'
ဒေါက်တာအိခ်ယွန်းဟာ ဒီတစ်ခါတော့ တကယ် ပက်လက်လန်သွား တယ်။
ဆယ်နှစ်သားမှာ ကျောင်းထွက်တဲ့ စားပွဲထိုးတစ်ယောက်ကို ဆွီဒင်ရဲ့ အက်တမ်ဗုံး

စိမ်ကိန်းအတွက် ပို့ပေးသတဲ့လား ဝန်ကြီးချုပ် ဉာဏ်ကြီးရှင်ရယ်။ အင်း ...
ဒီပုံအတိုင်းဆိုရင် ဝန်ကြီးချုပ်ဟာ ဒီနှစ်ကုန်တဲ့အထိတောင် ခံပါ့မလား။ ကဲ ...
ဘာမဟုတ်တဲ့ ဒီအစည်းအဝေးကို လက်စသတ်မှပဲ။ ဒီက အက်တမ်စွမ်းအင်
အေဂျင်စီမှာ ကော်ဖီငှဲ့ပေးနေတဲ့ ဂရီတာဟာ လော့စ် အလာမို့စ်ကို မရောက်ဖူးတာ
သေချာတယ်။ ဒါပေမဲ့ သူက ကော်ဖီငှဲ့ပေးရုံတင်မက ရုံးခန်းကို
ပြောင်လက်နေအောင် ရှင်းတတ် လင်းတတ်သေးတယ်။ ဒါကြောင့် သူက
သာတာပေါ့။

အယ်လန်ဟာ ငြိမ်ငြိမ်လေး ထိုင်နေတယ်။ ဒေါက်တာအိခ်ယွန်းတွေ၊
ဂရီတာတွေ သူ မသိဘူး။ အက်တမ်ဗုံးတစ်ခု ဘယ်လိုလုပ်ရတယ် ဆိုတာ တော့
သူသိတာ အမှန်ပဲ။ ဒါပေမဲ့ ဒေါက်တာအိခ်ယွန်းဟာ ဒီအထိရောက် အောင်
မမေးဘူး။ မေးချင်စိတ်လည်း မရှိဘူး။ ဒါကြောင့် သူ ဒီဒေါက်တာ အတွက်
ကူညီပေးစရာ အကြောင်းမရှိဘူး။ ဂရီတာဆိုတဲ့ကောင်မ ငှဲ့ပေးတဲ့ ကော်ဖီကလည်း
ပန်းကန်ဆေးရေလိုပဲ။ ထွီ ...။

ဒီလိုနဲ့ပဲ အရည်အချင်း မပြည့်မီလို့ဆိုတဲ့ မှတ်ချက်နဲ့အတူ အယ်လန်
တစ်ယောက် အက်တမ်စွမ်းအင် အေဂျင်စီမှာ အလုပ်မရ။

ဂရန်းဟိုတယ် အပြင်ဘက် ပန်းခြံထဲက ခုံတန်းလေးမှာထိုင်။ မြစ်
တစ်ဖက်ကမ်းက တော်ဝင်နန်းတော်ကိုငေးရင်း သူ အကျေနပ်ကြီး ကျေနပ်
နေတယ်။ ဘာ မကျေနပ်စရာ ရှိတုန်း။ အိတ်ထဲမှာလည်း ငွေက ဖောင်း၊ တည်းရတဲ့
ဟိုတယ်ကလည်း ကောင်းမှကောင်း၊ စားကောင်း အိပ်ကောင်း။ဇန်နဝါရီလဆန်းမှာ
နေရောင်လေးခံရင်း ခန္ဓာကိုယ်နဲ့ ဝိညာဉ် အနွေးဓာတ် ကလေး ရနေတဲ့ အရသာဟာ
တုနှိုင်းလို့ မမီပေါ့ကွယ်။

မျက်နှာက နွေးနေပေမဲ့ ဖင်က အေးသကွာ။ အလို … အနားမှာ လူ
တစ်ယောက် လာထိုင်နေပါလား။ မင်္ဂလာနေ့လယ်ခင်းပါလို့ ဆွီဒင်လို
နှုတ်ဆက်လိုက်တယ်။ အနားလာထိုင်တဲ့လူက 'မင်္ဂလာနေ့လယ်ခင်းပါ
မစ္စတာကားလ်ဆန် ခင်ဗျား'တဲ့။ အင်္ဂလိပ်လို ပြန်နှုတ်ဆက်တယ်။

(၁၄)

၂၀၀၅၊ မေ ၉၊ တနင်္လာ။

အေရွန်ဆန်ဟာ သူ့ရဲ့ တွေ့ရှိချက်တွေကို အက်စကီတူနာက ဆွဲချ ရှေ့နေ
ကွန်နီရာနီလစ်ဆီ သတင်းပို့လိုက်တယ်။

ချက်ချင်းပဲ ကွန်နီရာနီလစ်က အယ်လန်ကားလ်ဆန်၊ ဂျူးလီးယပ် ဂွန်ဆန်၊
ဘင်နီယွန်းဘတ်နဲ့ ဂါနီလာဗျော့ယွန်းတို့ကို ဖမ်းဝရမ်း တန်းထုတ် တော့တာပဲ။
ခုဆို ဒီအမှုကို သက်ဆိုင်ရာက အရမ်းစိတ်ဝင်စားနေခဲ့ပြီ။ အယ်လန်
ကားလ်ဆန်ကို လူသတ်မှုနဲ့ စွဲချက်တင်ရမလား။ သက်သေလည်းမရှိ၊
အလောင်းလည်း မတွေ့ဘဲ စွဲချက်တင်နိုင်မလား။ အဲသလိုစွဲချက်မျိုး ဆွီဒင်
တရားရေး ရာဇဝင်သက်တမ်းမှာ တစ်မှုလား၊ နှစ်မှုလားပဲ ရှိတယ်။ ငြင်းမရတဲ့
အထောက်အထားတွေနဲ့ အင်မတန်ကျွမ်းကျင်တဲ့ ဆွဲချရှိရင် ရသလေ။ ကွန်နီ
ရာနီလစ်ဟာ အင်မတန် ကျွမ်းကျင်တဲ့ ဆွဲချပေါ့။ ဒါပေမဲ့ ငြင်းမရတဲ့
အထောက်အထားက ဘယ်မလဲ။ ဘယ်လိုမှ မဖြတ်တောက်နိုင်တဲ့ အထောက်
အထား ကွင်းဆက်ကြီးက ဘယ်မလဲ။

စုံထောက်မှူးကြီး အေရွန်ဆန်လည်း စိတ်တွေ ရှုပ်နေတယ်။ အမှန်က
အဘိုးကြီးကို လူဆိုးတွေလက်က ကယ်ရမှာ။ ခုဖြစ်နေပုံက လူဆိုးတွေကို

အဘိုးကြီးလက်က ကယ်ရမလို ဖြစ်နေတာကိုး။ သူ ဆွဲချကြီးကို မေးတယ်။

'အယ်လန်ကားဆန်နဲ့ အပေါင်းအပါများဟာ မင်းတုံး၊ ရေပုံးနဲ့ ဘော့စ်လို့ခေါ်တဲ့ လူမိုက်သုံးယောက်ကို သတ်ပစ်လိုက်တယ် ဆိုတာကို အလောင်းတစ်လောင်းမှ ရှာမတွေ့ဘဲ သက်သေပြနိုင်မလား'

မပြနိုင်ဘူးလို့ ပြန်ဖြေမယ် ထင်လို့ပေါ့လေ။ ဆွဲချကြီးကတော့ အေး ဆေးပဲ။

'သိပ်စိတ်ဓာတ်ကျမနေစမ်းပါနဲ့ စုံထောက်ကြီးရာ၊ အဲဒီ စောက်ရူး အဘိုးကြီးအဖွဲ့ကိုသာ ရအောင်ဖမ်း၊ သူ့ထွက်ချက်နဲ့ သူ့အဖွဲ့သားတွေ ထွက်ချက်ကို တောင်နဲ့မြောက် ဖြစ်အောင်လုပ်ပြီး လိုချင်တာ ယူပြမယ်'

ဆွဲချကြီးက ဆက်ရှင်းပြတယ်။ လူသတ်မှုသက်သက်နဲ့ တရားမစွဲလည်းစွဲစရာအမှုတွေ အများကြီးတဲ့။ ဗရုတ်ဗရက်ကျမှု၊ လူတွေ ရုတ်ရုတ်သဲသဲအထိတ်တလန့်ဖြစ်စေမှု၊ လူသေမှု၊ ရာဇဝတ်သားကို အားပေးအားမြှောက် ပြုမှု၊ တခြားဟာတွေတော့ စဉ်းစားဦးမတဲ့။

ဒီအမှုဖြစ်စဉ် တစ်ခုလုံးမှာ တခြားလူတွေဟာ ပေါ်တုံ၊ ပျောက်တုံ ပါလိုက်၊ မပါလိုက်ပေမဲ့ အစကနေအဆုံး ပင်တိုင်ပါတာကတော့ ရာပြည့် ဘိုးဘိုး

အယ်လန်ကားလ်ဆန်ပဲ။ ဒါကြောင့် ဒင်းကိုပဲ အဓိကထားရမယ်လို့ ဆွဲချကဆုံးဖြတ်လိုက်တယ်။

'အင်း ... တစ်သက်တစ်ကျွန်းဆိုတဲ့ ပြစ်ဒဏ်ဟာ သူ့အမှုမှာ တင်းပြည့်ကျပ်ပြည့်ကို သွေးထွက်အောင် မှန်မှာပဲ'

ကဲ ... စစဉ်းစားကြည့်ရအောင်။

ရာပြည့်ဘိုးဘိုးမှာ မင်းတုံး၊ ရေပုံးနဲ့ ဘော့စ်ကို သတ်ဖို့ ရည်ရွယ်ရင်းရှိခဲ့သလား၊ ဒါမှမဟုတ် အဲဒီသုံးကောင်က အဘိုးကြီးကိုသတ်ဖို့ ရည်ရွယ်ရင်း

ရှိခဲ့သလား။ ပြန်လမ်းမရှိ ဂိုဏ်းက လူယုတ်သုံးကောင်ဟာ ဝုန်းဒိုင်းကြဲတဲ့ သွေးထွက်သံယိုမှုတွေ ခဏခဏလုပ်တယ်ဆိုတဲ့ သက်သေတွေတော့ သူ့မှာ တစ်ပုံကြီး။ ဒါမှမဟုတ် အဘိုးကြီးဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့အနေနဲ့ ဒီသုံးယောက်ကို လုပ်လွှတ်လိုက်တာလား။ ဟာ ...

ခေါင်းရှုပ်လိုက်တာကွာ။ဆွဲချကြီးရဲ့ တရားရေးချိန်ခွင်ကြီးဟာ အဘိုးကြီးက တစ်ဖက်၊ ဟိုသုံးကောင် က တစ်ဖက်နဲ့ ယယ်ကလည် လိုက်နေတယ်။ ဘာတွေ ပါမှန်းမသိတဲ့ ခရီး ဆောင်အိတ်ကြီးက တစ်မှောင့်။

ဒါပေမဲ့ အဲဒီအိတ်ကြီးဟာ ခုဖြစ်ရပ်တွေရဲ့ ဗဟိုချက်မ ဖြစ်လိမ့်မယ်။ အဘိုးကြီးဟာ ဒီအိတ်ကိုခိုးပြီး ဟိုကောင်တွေကို ဖျောင်လိုက်တာများလား။

ကဲ ... အဘိုးကြီးနဲ့ သူ့သားကောင်တွေကြားက ပထဝီအနေအထား ဆက်စပ်မှုကို ရှာကြည့်မယ်။ ပထမဆုံး သားကောင်ဟာ အဘိုးကြီး ဘတ်စ် ကားပေါ်က ဆင်းသွားတဲ့ ဘိုင်ရန့်ချ်ဘူတာ မှတ်တိုင်မှာ လိုက်ဆင်းတယ်။ အချိန်တော့ နည်းနည်းကွာတာပေါ့လေ။ ဒါပေမဲ့ ထရော်လီပေါ်က ဆင်းပြီး လမ်းလျှောက်ကြတဲ့အခါ သူ မပါတော့ဘူး။ ရာပြည့်အဘိုးကြီးနဲ့ သူခိုး အဘိုးကြီး နှစ်ယောက်တည်း ဖြစ်သွားပြီ။ ဒါကြောင့် ဒီမတိုင်ခင် သေတာ သေချာတယ်။ ဒါ ထင်ရှားတဲ့ အထောက်အထားပဲ။

ကားလ်ဆန်နဲ့ ဒုတိယသားကောင်ရဲ့ ဆက်စပ်မှုကတော့ ဒီလောက် မခိုင်မာဘူး။ ငွေရောင် မာစီးဒီးရယ်၊ အရွှန်ဆန်ယူလာတဲ့ ခြောက်လုံးပြူး ရယ်ကနေ ဆက်စပ်ကြည့်ရင် စမာလန်က ကန်သာယာ ယာခင်းကို အဘိုးကြီး နဲ့ ရေပုံး နှစ်ယောက်စလုံး ရောက်ခဲ့တာ သေချာတယ်။ ခြောက်လုံးပြူးပေါ်က လက်ဗွေရာဟာ ရေပုံး လက်ဗွေပဲလို့တော့ တထစ်ချ ပြောမရသေးဘူး။ ဒါပေမဲ့

သိပ်မစောင့်ရပါဘူး။ ခဏနေ သိရမှာပါ။ တကယ်တော့ အဲဒီ ခြောက်လုံးပြူး
သက်သေရလိုက်တာ ဘုရားမတာပဲ။ ဒါကြောင့်လည်း ရေပုံးဟာ ယာခင်း အိမ်ကို
ကျိန်းသေပေါက် ရောက်လာတယ်ဆိုတာ သေချာသွားတယ်။ သားကောင်
နံပါတ်နှစ်ကို သတ်ဖို့ လုံလောက်တဲ့ ရည်ရွယ်ရင်းလည်း ဖြစ် လာနိုင်တယ်။
လက်ဗွေတင်မက ခု ဒီအင်န်အေဆိုတာပါ စစ်လို့ရတာပဲ။ခြောက်လုံးပြူးမှာ
အဘိုးကြီး ဒီအင်န်အေတွေ ရှိချင်ရှိနေမှာပေါ့။ ဘာပဲဖြစ်ဖြစ် ခု သူ့မှာ … 'ရေပုံး +
ကားလ်ဆန် = ကန်သာယာ ယာခင်း'ဆိုတဲ့ ဖော်မြူလာ တစ်ခုတော့
ကျိန်းသေပေါက် ရနေပြီ။

ဒီလိုပဲ မွကြေနေတဲ့ ဘီအမ်ဒဘလျူပေါ်က သွေးကို ဒီအင်န်အေစစ်ပြီး
ဒီသွေးဟာ ပါဂန်နာဂါဒင့်သွေးဆိုတာ သက်သေပြရမယ်။ ဒီကားကို ပိုက်စိပ်တိုက်
စစ်ရင် ကားလ်ဆန်နဲ့ အပေါင်းအပါများရဲ့ လက်ဗွေရာတွေ မွစာကြဲအောင်
တွေ့မှာပဲ။ သူတို့ ဂါဒင့်အလောင်းကို လက်နဲ့ ဆွဲမထုတ်ဘဲ အလောင်းက
လိမ်လိမ်မာမာနဲ့ သူ့ဘာသာသူ အပြင်ထွက်လာမှာမှ မဟုတ်ဘဲ။
ကဲ … ဒါတွေဟာ လူသတ်ဖို့ ရည်ရွယ်ချက်၊ အချိန်နဲ့ နေရာ ဆက်စပ်မှု
တွေပေါ့။

အေရွှန်ဆန်ဟာ ဆွဲချကြီးကို မရဲတရဲ မေးလိုက်တယ်။ ခင်ဗျားပြောတဲ့
သားကောင်တွေဟာ တကယ်ရော သားကောင်ဟုတ်ရဲ့လား၊ သူတို့ တကယ်ရော
သေကြရဲ့လား။ ဆွဲချကြီးက နှာတစ်ချက်ရှုံ့လိုက်ပြီး သားကောင် တစ်နဲ့သုံး
အတွက် အထူးအထွေ ရှင်းလင်းနေစရာ မလိုဘူးတဲ့။ သားကောင် နှစ်
အတွက်လည်း မပူနဲ့တဲ့။ တရားရုံးကိုရှင်းပြဖို့ သူ့မှာ ယုံကြည်ချက်ရှိပြီးသား
တဲ့။ တစ်နဲ့ သုံး ကိစ္စကို လက်ခံရင် ကျိုးကြောင်းသင့် ကွင်းဆက် ဆက်စပ်မှု

ဖြစ်စဉ်အရ နှစ် ကိုလည်း လက်ခံရမှာပဲတဲ့လေ။

'ဒီမယ် စုံထောက်ကြီးရဲ့ ... နံပါတ်နှစ် သားကောင်ဟာ သူ့သူငယ်ချင်းကို သတ်သွားတဲ့လူတွေ လက်ထဲကို သူ့ခြောက်လုံးပြူးလေး ထည့်ပြီး သူ့ ဘော့စ် ရောက်မလာခင် နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော် သွားတော့မယ် ပြောပြီး ထွက်သွားမယ်လို့ ခင်ဗျားက ထင်နေတာလား'

'ဟင့်အင်း ... နည်းနည်းမှ မထင်ပါဘူး'

ဆွဲချကြီးက စုံထောက်ကြီးကို ဆက်ပြောတယ်။ ဒီအမှုဟာ နည်းနည်းတော့ ခက်ကြောင်း၊ သို့သော် ကွင်းဆက်ဖြစ်စဉ်တွေနဲ့ ချိတ်ရမှာဖြစ်ကြောင်း၊ ခုထိ (ဘတ်စ်ကား အဝါကြီးက လွဲလို့) လူသတ်လက်နက်ကို မရသေးကြောင်း၊ ဒါကြောင့် အယ်လန်ကားလ်ဆန်ကိုမိဖို့ အရေးကြီးကြောင်း၊ ဘာပဲ ဖြစ်ဖြစ် တရားကို နတ်စောင့်ကြောင်း၊ ဒင်းတို့တစ်တွေ ကျဆုံးမှာ သေချာကြောင်း၊ ဒင်းတို့လို

အပျော်တမ်းသမားတွေအတွက် ခုလောက် အချိန်ပေးရတာကိုက သိက္ခာကျလှပြီဖြစ်ကြောင်း၊ အသက်တစ်ရာ အဘိုးကြီး တစ်ယောက်၊ အပျော်တမ်း သူခိုးတစ်ယောက်၊ ယောင်ခြောက်ဆယ် ဟော့ဒေါ့ အရောင်းသမားတစ်ယောက်နဲ့ မိန်းမတစ်ယောက်။ စစ်တဲ့ဆေးတဲ့ ဒဏ်ကို သူတို့ ဘယ်လောက်များ ခံနိုင်မှာမို့လဲ။

'ကဲ ... အေရွှန်ဆန်ရေ၊ ဗက်စ်ဂျိုကိုသွား၊ ဟိုတယ်ကောင်းကောင်း တစ်ခုမှာ နားနေ၊ ဒီညနေ ရာပြည့်အဘိုးကြီးဟာ လူသတ်ကောင်ကြီး ဖြစ် ကြောင်း ကျုပ် သတင်းထုတ်မယ်၊ မနက်ဖြန်မနက်လောက်ဆို သူ့ကိုဖမ်းဖို့ အချက်အလက်တွေ ရာထောင်ချီ ရလာလိမ့်မယ်၊ နေ့လယ်စာ စားချိန်လောက် ဆို ကွိခနဲ မိရောပေါ့၊ ဟုတ်ပလား ...'

(၁၅)

၂၀၀၅၊ မေ ၉၊ တနင်္လာ။

‘ကဲ … ငါ့အစ်ကိုကြီးရေ၊ ဟောဒီမှာ မင့်အတွက် ငွေသုံးသန်း၊ ဦးလေး ဖရန်ဆီရဲ့ ငွေတွေနဲ့ပတ်သက်လို့ ငါ လုပ်ခဲ့မိတာတွေအပေါ် တစ်ခါတည်း တောင်းပန်လိုက်တယ်ကွာ’

နှစ်ပေါင်း သုံးဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် သူ့အစ်ကို ဘော်ဆီနဲ့ တွေ့တဲ့အခါ ဖြစ်လုဖြစ်ခင် ပညာရှင်ကြီး ဘန်နီရဲ့ တောင်းပန်စကားက ဒီလိုတဲ့။ ငွေအိတ်ကိုကမ်းပေးရင်း ညီအစ်ကိုနှစ်ယောက် လက်ဆွဲ နှုတ်ဆက်လိုက်ကြတယ်။ ငွေအိတ်ကြီးကိုကြည့်ရင်း သူ့အစ်ကို အသက်ရှူ မှားနေချိန်မှာ သူ ဆက်ပြောတယ်။

‘ကိုင်း … ငါ့အစ်ကိုရေ၊ မင့်ကို နှစ်ခု ပြောမကွာ၊ ပထမတစ်ခုကတော့ ငါတို့ မင်းအကူအညီ လိုနေတယ်၊ ပြဿနာတွေ အကြီးကြီး တက်နေတယ်၊ ဒုတိယ တစ်ခုကတော့ ခု မင်းကိုပေးတဲ့ငွေဟာ မင်းအပိုင်ပဲ ကြိုက်တာလုပ်၊ တကယ်လို့ ငါတို့ကို ပြန်ပေးချင်တယ်ဆိုလည်း မင်းသဘောပဲ၊ သဘောရှိ ကလောဟိ’

ညီအစ်ကိုနှစ်ယောက်ဟာ တစ်လုံးတည်း လင်းတော့တဲ့ စကန်နီယာ အဝါကြီးရဲ့ ကားမီးရောင်ရှေ့မှာ ရပ်စကားပြောနေကြတယ်။ နေရာကတော့ ဘော်ဆီ့စံနန်း ဘဲလ်ရင်းဂါး ယာခင်းမှာ။ ဖော့ခ်ကိုပင်းမြို့လေးရဲ့ အနောက် တောင်ဘက် မိုင်အနည်းငယ်အကွာ ဗစ်ဂိုတာလွင်ပြင်ထဲမှာပေါ့။ ဘော်ဆီက ခေါင်းတညိတ်ညိတ်လုပ်ရင်း နည်းနည်း မေးလို့ရမလားတဲ့။ မေးပေါ့။ ဘန်နီ ခေါင်းညိတ်ပြလိုက်တယ်။

‘ဟုတ်ပြီ၊ ပထမဆုံး သိချင်တာက မင်း ငါ့ကိုပေးတဲ့ငွေဟာ ရိုးရိုး သားသား ရထားတာလား’

'ဘုရားစူးရစေ့ … ဘယ်ဟုတ်လိမ့်မလဲ'

'ဒါဆို မင်းတို့နောက်ကို ရဲတွေ လိုက်နေလား'

'အင်း … ရဲတွေရော သူခိုးတွေရော၊ အဓိကကတော့ သူခိုးတွေ လိုက်နေတယ်'

'ကားက ဘယ်လိုဖြစ်လာတာလဲ'

'သူခိုးတစ်ယောက်ကို အသားကုန် တိုက်မိခဲ့လို့'

'သေရောလား'

'သေစေ့ချင်တာ၊ မသေဘူးကွ၊ ကားထဲမှာ ပါလာတယ်၊ ခေါင်းကွဲ၊ နံရိုးကျိုး၊ လက်ကျိုး၊ ပေါင်ပြဲနဲ့၊ ကြည့်ရ အတော်ဆိုးတယ်၊ ဒါပေမဲ့ သူတို့ ပြောတာတော့ မသေပါဘူးတဲ့'

'ဟင် … သူ့ကိုပါ ခေါ်လာတာလား'

'အေးကွ … ဆိုးပါ့ကွာ'

'နောက်ထပ် ငါသိစရာ ဘာကျန်သေးလဲ'

'အင်း ငါတို့ သူခိုးနှစ်ယောက်ကို သတ်ခဲ့တယ်၊ တစ်ယောက်က ကားပေါ်မှာ သေလုသေခင်၊ ငါတို့လက်ထဲက သန်းငါးဆယ်ကို သူတို့ လုဖို့ ကြံနေတာလေ'

'ဘယ်လို … သန်းငါးဆယ် … ဟုတ်လား'

'အင်း … နည်းနည်းတော့ လျော့သွားပြီ၊ ကားနဲ့ တခြားပစ္စည်းတွေ ဝယ်လိုက်ရတာ'

'ဘာဖြစ်လို့ ဒီရောမကားကြီးကို ဝယ်တာတုံး'

'နောက်မှာ ဆင်တစ်ကောင် ပါတာကိုးကွ'

'ဘာကွ … ဆင် … ဟုတ်လား'

'အင်း … နာမည်က ဆွန်ညာတဲ့'

'ဆင် ... ဆင်တဲ့'

'အာရှဆင်ကွ'

'ဆင် ... ဆိုပဲ'

'အေးလကွာ၊ ဆင်ဟ ... ဆင် ... ဆင်'

ဘော်ဆီက ခဏငြိမ်သွားပြီး ...

'အဲဒီဆင်ကရော ခိုးလာတာပဲလား' လို့ မေးလိုက်တယ်။

'ဟာ ... ကြံကြီးစည်ရာ၊ မဟုတ်ပါဘူး'

ဘော်ဆီ ငြိမ်သွားပြန်တယ်။ နောက်တော့ သူ ထပ်ပြောတယ်။

'ညစာအတွက် ကြက်သားအာလူးရို့စ်လုပ်ထားတယ်၊ အဆင်ပြေလား'

'ပြေတာပေါ့ဟ'

'ဒါနဲ့ သောက်စရာလေးများ ပါရဲ့လားခင်ဗျာ'

ကားထဲက အိုမင်းတုန်ချိနေတဲ့ အသံတစ်သံ ထွက်လာတယ်။

ပိန်ချုံ့တွန့်လိမ်နေတဲ့ ကားထဲက မသာကောင်ဟာ အသက်ရှင်နေသေးကြောင်း သိလိုက်ကြရတဲ့အခါ ဘန်နီဟာ ဂျူးလီးယပ်ကို ကားထဲက အရေးပေါ်ဆေးသေတ္တာ သွားယူခိုင်းလိုက်တယ်။ ဒီကိစ္စ သူလုပ်ခဲ့တာ မှန်ပေမဲ့ သူက ဆရာဝန်ဖြစ်လုဖြစ်ခင်တဲ့။ ဒါကြောင့် ဖြစ်လုဖြစ်ခင် ဆရာဝန်တို့ရဲ့ ကျင့်ဝတ်တရားကို လိုက်နာရမတဲ့။ သွေးအရမ်းထွက်နေတဲ့ သေလုသေခင် လူနာကို ပေယျာလကန် ပစ်မသွားနိုင်ဘူးတဲ့။

နောက် ဆယ်မိနစ်ကြာတော့ ဘတ်စ်ကားကြီးဟာ ဆက်မောင်းနေခဲ့ပြီ။

ကားတိုက်ခံထားရတဲ့ မသာလောင်းဟာ သူ့ကိုတိုက်ခဲ့တဲ့ ဘတ်စ်ကားကြီးပေါ်

ရောက်နေခဲ့ပြီ။ ဖြစ်လုဖြစ်ခင် ဆရာဝန် ဘင်နီဟာ လူနာကို ကုလို့ရတာ ကုပေးခဲ့ပြီးပြီ။ ပေါင်က သွေးတအားထွက်နေတဲ့ ဒဏ်ရာဟပြဲကြီးဟာခု သွေးတိတ်သွားခဲ့ပြီ။

အယ်လန်နဲ့ ဂျူးလီးယပ်ဟာ ကားနောက်ပိုင်းမှာ ဆွန်ညာနဲ့အတူ စီးကြတယ်။ လူနာက ကားမောင်းသမားအနောက်က အခန်းလေးထဲမှာ စန့်စန့်ကြီး။ အလှကလေးက သူနာပြုတာဝန်ကို ထမ်းဆောင်တယ်။ မော်ဖင်းလေး တစ်လုံး ထိုးထားတော့ လူနာဟာ ဝေဒနာတွေ အကုန်မေ့ပြီး ဇိမ်ကျကျ အိပ်မောကျသွားတယ်။

အားလုံး ရှင်းလင်းသွားတော့ ဘော်ဆီဟာ အပေါင်းအသင်းအသစ်တွေကို အိမ်ထဲ ဖိတ်ခေါ်တယ်။ ဘန်နီက သူ့လူနာကိုကြည့်တယ်။ လူနာဟာ အပြင်းအထန် အိပ်နေတုန်း။ ဒါကြောင့် နေရာမရွှေ့ဘဲ ဒီတိုင်းထားလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဘော်ဆီရဲ့ မီးဖိုခန်းကျယ်ကြီးထဲကို ဘန်နီ ရောက်လာတော့ အားလုံး ဝိုင်းဖွဲ့နေကြပြီ။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း ဖြစ်ခဲ့တဲ့ ရင်သိမ့်တုန် ဖြစ်ရပ်တွေကို တစ်ယောက်ချင်း စားမြုံ့ပြန်နေကြတယ်။ အယ်လန်က ပထမ၊ ဂျူးလီးယပ်က ဒုတိယ၊ နောက်တော့ ဘန်နီ၊ အလှကလေးက ထပ်ဖြည့်၊ နောက်ဆုံး သူခိုး နံပါတ်သုံးရဲ့ ဘီအမ်ဒဘလျူကို ဘယ်လိုဆော်လိုက်တဲ့အကြောင်း ဘင်နီ ပြောရင်း နိဂုံးချုပ်။ ဘော်ဆီက သေချာအောင် ထပ်မေးတယ်။ ဘန်နီက ဖြေတယ်။

'ကားနောက်ခန်းမှာ ဆင်တစ်ကောင် ပါလာတယ်နော်'

'အင်းလေ ... မနက်ကျရင်တော့ အပြင်ထုတ်ရမယ်'

'အင်း ... မင်းတို့ဟာကလည်း ရှုပ်နေတာပဲ၊ မင်း ငါတို့ရမယ့် အမွေတွေကို လှည့်ပတ်သုံးလိုက်တာနဲ့တောင် တူသေး'

'အောင်မာ ... ငါ့ဆိုင်ကယ်အသစ်လေးကို ထုခွဲပစ်တာ ဘယ်ကောင်တုံး'

'မင်းက ဘာဖြစ်လို့ ဂဟေဆော်သင်တန်းကနေ ထွက်သွားတုံး'

'မင်းကရော ဘာဖြစ်လို့ အစစ အရာရာ လိုက်သြဇာပေးနေတာတုံး'

ဘော်ဆီနဲ့ ဘန်နီဟာ တစ်ယောက်မျက်ခွက် တစ်ယောက်ကြည့်ရင်း ရှုုးရှုုးရှဲရှဲ ဖြစ်စပြုလာတယ်။ အယ်လန် ဝင်ပြောရတော့မယ့်အချိန် ရောက်ပြီ။

သူ့သက်တမ်းတစ်လျှောက် ကြုံခဲ့ရတဲ့ ကမ္ဘာ့အတွေ့အကြုံတွေအရ ပဋိပက္ခ ဆိုတာ စကားပြောခြင်းကနေ စတာပဲတဲ့။ လူတစ်ယောက်ကို တစ်ယောက်က တယ်မိုက်သကိုး၊ ညံ့လိုက်တာကွာ၊ နင်သာလူမိုက် ဒုစရိုက် အစရှိသဖြင့် အပြန်အလှန် ကဲ့ရဲ့နေလို့ကတော့ ရန်မီး ဘယ်တော့မှ မငြိမ်းဘူးတဲ့။ ဖြေရှင်းဖို့ ကတော့ ဗော့ဒကာတစ်လုံး ချပေးလိုက်ရုံပဲတဲ့။ သောက်ရင်း ငြိမ်းချမ်းရေး ရသွားမတဲ့။ ဒါပေမဲ့ ဘန်နီဆိုတဲ့ အကောင်က အရက်မသောက်တော့ အယ်လန်ဟာ သူ့ကိုယ်စား ဝင်သောက်ပေးနေရရှာတယ်။ ဘော်ဆီက အယ်လန့်ကို မေးတယ်။

'ဒါဆို ဗော့ဒကာတစ်ပုလင်းနဲ့ အစ္စရေး–ပါလက်စတိုင်း ပြဿနာကို ဖြေရှင်းနိုင်လား' တဲ့။

'အင်း ... အဲဒါမျိုးဆိုရင်တော့ တစ်ပုလင်းမက လိုကောင်းလိုမှာပေါ့၊ သို့သော် အခြေခံကတော့ အတူတူပါပဲလေ'

ဘန်နီဟာ နောင်တလည်းရ၊ ရှက်လည်း ရှက်နေတယ်။ သူဟာ အရာရာ ဖြစ်လုဖြစ်ခင် ပညာရှင်ပေမဲ့ ဒီအကြောင်းကို မသိခဲ့ဘူး။ ဒါကြောင့် ယမကာဆိုတာကို မသောက်ခဲ့မိဘူး။ ဒီလိုမှန်းသိရင် တစ်ခုခု သောက်ခဲ့ပါတယ်လို့ တွေးရင်း မိုးလွန်မှ ထွန်ချ နောင်တတွေရနေတယ်။

အယ်လန်လည်း ပျော်တာပေါ့။ ခု ဘော်ဆီ–ဘန်နီ ပဋိပက္ခမီး ငြိမ်းပြီ။

နောက်ဆို ကမ္ဘာ့ငြိမ်းချမ်းရေး တမန်တော်အဖြစ် ဖော့ဒကာကို အဆိုပြုရ လိမ့်မယ်။ ခု အစား အဆင်သင့်ဖြစ်ပြီတဲ့။ အသောက်ကတော့ စောင့်ဦးတဲ့ ဘော်ဆီက ပြောတယ်။ ရော့ … ကြက်သားနဲ့ အာလူး။ ရော့ … လူကြီးတွေ အတွက် ဘီယာ။ ရော့ … ညီငယ်လေး ဘန်နီအတွက် အချိုရည်။

သူတို့ စားပွဲကြီးကျင်းပဖို့ စိုင်းပြင်းနေချိန်မှာ ဘော့စ် နိုးလာခဲ့တယ်။ အမလေး … ခေါင်းကိုက်လိုက်တာ။ အသက်ရှူရ ကျပ်လိုက်တာ။ လက်ကလည်း ကျိုးနေတယ်ထင်တယ်။ နာလိုက်တာ။ အလားလား … ပေါင်ကလည်း သွေးကို ရွဲလို့။ ဒါပေမဲ့ ဘော့စ်ဟာ သူ့ခြောက်လုံးပြူးကို လှမ်းမြင်လိုက်တယ်။ စောက်ရူးတွေပဲ။ ကြည့်ရတာ ငါကလွဲရင် တစ်ကမ္ဘာလုံးက လူတွေဟာ စောက်ရူးတွေချည်း ဖြစ်လိမ့်မယ်။

မော်ဖင်းက တန်ခိုးပြတုန်းဆိုတော့ သူ နည်းနည်းမှမနာဘူး ဖြစ်နေတယ်။ ဒီလိုပဲ မှန်မှန်ကန်ကန်လည်း မတွေးနိုင်ဘူးပေါ့။

ကားပေါ်က ခက်ခက်ခဲခဲ ဆင်းတယ်။ ခြံဝင်းထဲကို ထော့ကျိုး ထော့ကျိုးနဲ့ လှမ်းလာတယ်။ အိမ်ထဲကလူတွေ အားလုံး မီးဖိုခန်းထဲမှာ ရှိတာ သူ တွေ့လိုက်တယ်။ အယ်လ်ဖေးရှင်း ခွေးကြီးတစ်ကောင်လည်း ပါတယ်။ မီးဖိုခန်း တံခါးကလည်း ပွင့်လို့။ ဘယ်လက်နဲ့ ခြောက်လုံးပြူးကိုကိုင်၊ အခန်း တံခါးဝမှာ ခြေတစ်ပေါင်ကျိုး ရပ်ရင်း …

'ခွေးကို စတိုခန်းထဲ ထည့်လိုက်စမ်း၊ ငါ ပစ်သတ်မှာနော်၊ ကျည်ဆန် ငါးတောင့် ကျန်တယ်၊ တစ်ယောက် တစ်တောင့် ကွက်တိပဲ'လို့ ပြောလိုက်တယ်။ ဒေါသကို ကောင်းကောင်းကြီး ထိန်းချုပ်နိုင်တဲ့အတွက် သူ့ကိုယ်သူ တောင် အံ့သြတယ်။ အလုကလေးက စိတ်မချမ်းမသာ ဖြစ်သွားတယ်။ မျက်နှာအိုကြီးနဲ့

ခွေးကို စတိုခန်းထဲ သွင်းလိုက်တယ်။ ခွေး ဘတ်စတာဟာ ပထမ အံ့အားသင့်၊ နောက်တော့ စိတ်ပူ၊ နောက်ဆုံး ကျေနပ်သွားတယ်။ အခန်းထဲ ပိတ်ထည့်ထားမှတော့ ခွေးတစ်ကောင်အဖို့ ဘာလုပ်စရာ ကျန်တော့ မှာလဲ … နော။

ခုတော့ မိတ်ဆွေငါးယောက် ဘော့စ်ရှေ့မှာ တန်းစီနေရပြီ။ အခန်း ထောင့်က ငွေအိတ်ကြီးဟာ သူနဲ့သာဆိုင်ကြောင်း၊ သူသာ ပိုင်ရှင်စင်စစ် ဖြစ်ကြောင်း အားလုံးကို ဘော့စ်က ကြေညာလိုက်တယ်။ ကဲ … ခု မေးခွန်းတွေ မေးမယ်။ ပြန်ဖြေတဲ့အဖြေနဲ့ ငွေအိတ်ထဲ ငွေဘယ်လောက်ကျန်တယ် ဆိုတဲ့ ပေါ် မူတည်ပြီး ရှင်တဲ့ကောင် ရှင်မယ်၊ သေတဲ့ကောင် သေမယ်၊ ဒါပဲ။

အယ်လန်က စပြောတယ်။ ငွေက နည်းနည်းပါးပါးတော့ လျော့မှာ ဖြစ်ကြောင်း၊ မစ္စတာခြောက်လုံးပြူးသမားအတွက် အများကြီး ကျန်ပါသေး ကြောင်း၊ မစ္စတာခြောက်လုံးပြူးရဲ့ အပေါင်းအသင်း နှစ်ယောက်ကတော့ အကြောင်းကြောင်းသော အကြောင်းတွေကို အကြောင်းပြုပြီးသကာလ အသက်နဲ့ ခန္ဓာ ခွဲခွာသွားရကြောင်း၊ ဒါကြောင့် ဝေစုခွဲစရာ မလိုတော့ ကြောင်း၊ ဒါ သိပ်ကောင်းကြောင်း။

'ဒါဆို မင်းတုံးရော၊ ရေပုံးရော သေပြီပေါ့'

'အလို … ဘယ်သူများလဲလို့ ပိုက် ပါလား၊ အမလေး ပိုက်ရာ၊ မင်းနဲ့ မတွေ့ရတာ ကြာလှပြီကွာ'

ဘော်ဆီ့အသံကြီး ရုတ်တရက် ထွက်လာတယ်။ ဘော့စ်က ဘော်ဆီ့ကို လှည့်ကြည့်လိုက်တယ်။ သူ့မျက်နှာကြီး ဝင်းသွားတယ်။

'ဟာ … ဘော်ဒါ ဘော်ဆီ'

ပါဂန်နာပိုက်ဂါဒင် တစ်ဖြစ်လဲ ဘော့စ်ရဲ့ လက်ဦး ရှေးဘော်ဒါကြီး ဘော်ဆီ။

ဘော်ဒါ ဘော်ဆီနဲ့ ပိုက်ဂါဒင် မီးဖိုခန်းအလယ်မှာ အတင်းဖက်ယမ်း နှုတ်ဆက်နေကြတယ်။ အဲဒီမြင်ကွင်းကို ကြည့်ရင်း အယ်လန်က 'ကျုပ်တော့ အသက်ရှင်မယ် ထင်တယ်'လို့ ပြောနေလေရဲ့။ အခြေအနေက ရုတ်တရက် အေးချမ်းသွားတယ်။

ဘတ်စတာကို စတိုခန်းထဲက ထုတ်လိုက်တယ်။ ပိုက်ရဲ့ သွေးထွက်နေတဲ့ ပေါင်ဒဏ်ရာကို ဘန်နီက ပတ်တီးသစ် စည်းပေးတယ်။ ဘော်ဒါ ဘော်ဆီက ထမင်းစားစားပွဲမှာ နောက်တစ်ယောက်စာ ထပ်ပြင်နေတယ်။ 'ငါ့ကို ခက်ရင်းပဲပေး ဘော်ဒါ ဘော်ဆီ၊ ငါ့ညာလက်က မလှုပ်နိုင်ဘူး'လို့ ပိုက်က ပြောရှာတယ်။ 'အေးပါကွာ၊ မင်းသဘောပဲ'တဲ့။

ပိုက်နဲ့ ဘော်ဒါဘော်ဆီတို့ဟာ ဘော်ဒါဘော်ကျွတ် အရင်းအချာကြီး တွေ။ အရင်ကတည်းက စားသောက်ကုန်လုပ်ငန်းကို အတူတွဲလုပ်ခဲ့ကြတာ။ ပိုက်က စိတ်မရှည်ဘူး။ အသားကုန်ကြိုး၊ အသားကုန် ဝှန်းချင်တဲ့ကောင်။ ဖိလစ်ပိုင်ကနေ ဖော်မလင်စိမ်ထားတဲ့ အသားတွေကို ဆီွဒင်အသားလုံးဆိုပြီး တင်သွင်းဖို့ သူ ကြံတယ်။ ဖော်မလင် ဘယ်လောက်စိမ်တယ် ဆိုတာပေါ် မူတည်ပြီး အဲဒီအသားလုံးတွေဟာ သုံးရက်၊ သုံးလကနေ သုံးနှစ်ထိ ခံသတဲ့။ ဘော်ဆီက ဒါကို လက်မခံနိုင်ဘူး။ ပိုက်က ဘော်ဆီ ကဲလွန်းတယ်လို့ ထင်တယ်။ ဆေးလေးနည်းနည်း စိမ်ထားရုံနဲ့ သေမတဲ့ကွာ။ တကယ်ဆို အသက်ဇီဝကို ဖော်မလင်စိမ်လိုက်ရင် ပိုတောင်ရှည်ရဦးမှာ မဟုတ်လားကွာ။

ဒါနဲ့ပဲ သူတို့ ခွာပြဲသွားကြတယ်။ ဘော်ဆီက ဗက်စတာဂေါ့လန်ကို ပြောင်း သွားတယ်။ ပိုက်က တောင်ကြံမြောက်ကြံနဲ့ ပြန်လမ်းမရှိ ဂိုဏ်းခေါင်းဆောင် ကြီး ဖြစ်သွားတယ်။ အစကတော့ သူတို့ အဆက်အသွယ် ရှိကြသေးတယ်။ နောက်ပိုင်း

အဆက်ပြတ်သွားလိုက်တာ ခုမှ ပြန်တွေ့ရတော့တာ။ ငယ်ဘဝ ဘော်ဒါကြီးနဲ့ အမှတ်မထင် ပြန်တွေ့လိုက်တော့ ပိုက် ဒေါသတွေ ပျောက် သွားတယ်။ ဘော်ဒါ ဘော်ဆီနဲ့အတူ ထမင်းစားပွဲ ထိုင်လိုက်တယ်။ နောင်ခါ လာ နောင်ခါချေး၊ နောက်ကိစ္စ နောက်မှရှင်းမယ်။

'အားလုံးပဲ ချီးယားစ်'

ဘော့စ် ခေါ် ပါဂန်နာဂါဒင် ခေါ် ပိုက်ဟာ အားပါးတရ အာလုပ်သံ ကြီးနဲ့ အော်လိုက်ရင်း ရုတ်တရက် အသံစဲ၊ သူ့ရှေ့က ပန်းကန်ထဲ မျက်နှာ အပ်လို့ မေ့လဲ။ အားလုံး ရုတ်ရုတ်သဲသဲဖြစ်။ ပိုက်ကို ထူမပြီး အခန်းထဲသွင်း။ ဘန်နီ က လူနာကို နောက်ထပ် မော်ဖင်းတစ်လုံး ထပ်ထိုး။ ဒါမှ နောက်နေ့ထိ ဒင်း အိပ်ပျော်နေမှာ။

ကဲ ... ခုမှပဲ စိတ်အေးလက်အေး စားရတော့မယ်။ ဟာ ... ကောင်းလှ ပါလား။ ဒီလို ကြက်သားမျိုး တစ်ခါမှကို မစားဖူးတာ။ တကယ်ပါပဲ။ အားလုံး တညီတညွတ် ပြောကြ။

ဘော်ဆီက ဒါ သူ့မူပိုင် စပါယ်ရှယ် ကြက်ဖော်မြူလာဖြစ်ကြောင်း ပြောပြတယ်။ အင်မတန် လတ်ဆတ်တဲ့ ကြက်တွေကို ပိုလန်ကနေ သူ တင်သွင်းတယ်။ ပြီးတော့ ကြက်တိုင်းကို သူ အထူးဖော်စပ်ထားတဲ့ အစပ်ရည် တစ်လီတာ ထိုးတယ်။ သေချာထုပ်ပိုးပြီး ဆွီဒင်ကြက်ဆိုပြီး သူ ရောင်းတယ်။ ရိုးရိုးကြက်ထက် နှစ်ဆ မြတ်သတဲ့။ ဒီလိုနဲ့ သူ့ကြက်ဟာ အင်မတန် လူကြိုက် များလာတယ်။ ဒါပေမဲ့ သူ လက်လီပဲရောင်းတယ်။ ဘယ်တော့မှ လက်ကား မရောင်းဘူး။ လက်ကားရောင်းလို့ မတော်တဆ ခြံထဲ ကြက်လာဝယ်ရင် သူ့ခြံမှာ ဘာကြက်မှမရှိတာ တွေ့သွားနိုင်တာကိုး။

တရားဥပဒေနဲ့ ကိုယ်ကျင့်တရားဆိုတာက တူမလိုနဲ့ အတော်ကွဲ သကိုး။
ပိုလန်ကြက်ကို ဆွီဒင်ကြက်ဆိုပြီး ပြောရောင်းတော့ ဘာဖြစ်သတုံး။
အရည်အသွေးမှာ နယ်စည်းမခြားဘူး မဟုတ်လား။ လူတွေကိုက တုံးပါတယ်။
ပြင်သစ်မှာဆို ပြင်သစ်အသားက ထိပ်၊ ဂျာမနီမှာဆို ဂျာမနီအသားက ထိပ်၊
ဆွီဒင်မှာဆို ဆွီဒင်အသားကမှ ထိပ်လို့ ခံယူထားကြတော့ သူတို့ စိတ်ချမ်း
သာအောင် သတင်းအချက်အလက် တချို့ကို ထိမ်ချန်ထားရတာပေါ့။
ဒါ မှန်တယ်။ ခင်ဗျား တော်တယ်။ ဆင်ခြင်ဉာဏ် ကြီးပါပေ့လို့ အယ်လန်က
ချီးကျူးလိုက်တယ်။ ငေါ့တာ မဟုတ်ဘူး။ တကယ့်စိတ်ရင်းနဲ့ ချီးကျူးတာ။
ဒါနဲ့ အားတက်လာပြီး ဘော်ဆီက ဆက်ပြောတယ်။ သူ ဖရဲသီးတွေ လည်း
သွင်းတယ်တဲ့။ ပိုလန်ကတော့ မဟုတ်ဘူး။ စပိန်နဲ့ မော်ရိုကိုက။ စပိန်ဖရဲလို့ပဲ
ရိုးရိုးသားသား ပြောရောင်းတယ်တဲ့။ ဘာဖြစ်လို့တုံးဆိုတော့ ဆွီဒင်ဖရဲလို့ ပြောရင်
ဘယ်သူမှ ယုံမှာမဟုတ်လို့ပေါ့။ ပြီးတော့ ဖရဲသီး တစ်လုံးစီကို သကြားရည်
လီတာဝက် ထိုးထည့်သတဲ့။ ဒါကြောင့် အကျိုးအမြတ် နှစ်ဆရ၊ သူ့အတွက်
ကောင်း၊ နဂိုထက် သုံးဆ ပိုအရသာရှိ၊ စားသုံးသူအတွက် ကောင်း။ နှစ်ဦးနှစ်ဖက်
အကောင်းချည်းပဲလေတဲ့။
ဒါ မှန်တယ်။ ခင်ဗျား တော်တယ်။ ဆင်ခြင်ဉာဏ် ကြီးပါပေ့လို့ အယ်လန်က
ချီးကျူးလိုက်တယ်။
သကြားရည် အဲသလောက်မျိုးမိရင် တချို့လူတွေ ဒုက္ခရောက်ကြမှာ ပေါ့လို့
အလှကလေး တွေးနေတယ်။ ဒါပေမဲ့ ကြာကြာတော့ မတွေးနိုင်ပါ ဘူး။
ဖရဲသီးကလည်း ကြက်သားလိုပဲ ဆွေမျိုးမေ့မတတ် အရသာရှိတာကိုး။ စားပြီးရင်း
စားချင်ရင်း။

စုံထောက်မှူးကြီး အေရွှန်ဆန်ဟာ ဗက်စ်ဂျိုက ဟိုတယ်ရှိုင်ရယ် ကော်နာ
စားသောက်ခန်းမှာ ထိုင်ရင်း ကော်ဒွန်ဘလျူ ကြက်သားချက်ကို စားနေတယ်။
ဗက်စတာဂေ့ါလန်က ကြက် မဟုတ်တဲ့အတွက် ခြောက်ကပ်ပြီး
အရသာကင်းမဲ့လှတယ်။ အေရွှန်ဆန်ဟာ ကြက်သားကို ဝိုင်နဲ့ မျှောချနေ တယ်။
ခုလောက်ဆို ဆွဲချကြီးဟာ သတင်းထောက်တွေကို တိုးတိုးတိတ်တိတ်နဲ့
သတင်းဖြန့်နေလောက်ပြီ။ မနက်ဖြန်ဆို သတင်းထောက် ခေါပဏီတပ်ကြီး တရုံးရုံး
ဖြစ်နေတော့မှာ။ တိုက်ထားတဲ့ ဧရာမ ဘတ်စ်ကားဝါကြီးမှာ ခြေရာလက်ရာ
အများကြီး ကျန်ရစ်မှာပဲ။ ဒီက ထိုင်စောင့်ရင်း သတင်းအနံ့ ခံနေရုံပဲလေ။
ထိုင်မစောင့်လည်း ဘာမှမှ လုပ်စရာမရှိတာကို။ သူ့မှာ မိသားစု မရှိ။
မိတ်ဆွေရင်းချာ မရှိ။ စွဲစွဲမြဲမြဲလုပ်တဲ့ ဝါသနာတောင် မရှိရှာဘူး။ အင်း ...
ပျင်းဖို့တော့ အကောင်းသား။ ဒီအမှုပြီးရင်တော့ ဘဝနေနည်းလေး ပြောင်းဦးမှ။
အေရွှန်ဆန်ဟာ ဂျင်တောနစ်သောက်ရင်း ညစာကို လက်စသတ်လိုက်တယ်။
တောင်တွေး မြောက်တွေးနဲ့ အသောက်များသွားတော့ မူးရော။ မူးတော့ သူ့ကိုယ်သူ
ပိုပိုပြီး သနားလာရော။ ခုနေ ပစ္စတိုလေးထုတ်ပြီး ဟိုထောင့်က
စန္ဒရားတီးနေတဲ့ကောင်ကို ပစ်ကြည့်လိုက်ရင် ဘယ်လိုနေမလဲ မသိ။
အဲဒီညနေမှာပဲ အဘိုးကြီးသတင်းကို စိုက်လိုက်မတ်တတ် ရေးနေတဲ့ ဒေသိယ
သတင်းစာရဲ့ အယ်ဒီတာတွေဟာ အစည်းအဝေး ခု ခပ်မြန်မြန် လုပ်ကြပြီး
မနက်ဖြန်အတွက် ခေါင်းကြီးသတင်းခေါင်းစဉ်နဲ့ ပတ်သက်လို့
ဦးနှောက်ခြောက်နေကြတယ်။
တစ်ယောက်သေရင် လူသတ်မှု၊ နှစ်ယောက်သေတော့ နှစ်လောင်းပြိုင်

လူသတ်မှု၊ ခု သုံးယောက်သေတော့ အစုလိုက် လူသတ်ပွဲလို့ ရေးရမလား၊ မဖြစ်သေးဘူး ထင်တယ်။ နောက်ဆုံးတော့ သတင်းဌာနမှူးဟာ ခေါင်းစဉ် လုလုလေးတစ်ခု ရလိုက်တယ်။

ပျောက်ဆုံးနေသော ရာပြည့်ဘိုးဘိုးဟာ

လူသတ်မှု သုံးခုအတွက် တရားခံလေလား

အဲဒီအချိန် ဘဲလ်ရင်းဂါး ယာခင်းက လူတွေကတော့ အလွန်ပေ့ါပါး မြူးထူးစွာနဲ့ တစ်ယောက်ပြီးတစ်ယောက် ပုံပြောတမ်း ကစားနေကြလေရဲ့။ သူ့အလှည့်ရောက်တော့ ဘော်ဆီက သမ္မာကျမ်းစာအုပ်ကြီး ထုတ်ပြပြီး ဒီ စာအုပ်ကို အစကနေ အဆုံးထိ သူ ဘယ်လိုဖတ်ဖြစ်ခဲ့တယ်ဆိုတဲ့ ဇာတ် ကြောင်းကို ပြောပြမယ်လို့ ပြောတယ်။ အဲဒီစကားကြားတော့ အယ်လန်က ဘော်ဆီ့ကို သနားနေတယ်။ ဩော် ... ခများမှာ ကျမ်းစာအုပ်ဖတ်ဖို့ ဘယ်လိုများ၊ ဘယ်လောက်များ အနှိပ်စက် ခံခဲ့ရရှာပါလိမ့်လို့ပေ့ါ။ ဒါပေမဲ့ မဟုတ်ဘူး။ ဘယ်သူမှ မနှိပ်စက်ဘူး။ သူ့ဘာသာသူ သိချင်လို့ ဖတ်တာတဲ့။ ဒါနဲ့ အယ်လန်က ... 'ကျုပ်ကတော့ အဲသလို မသိချင်တာ သေချာသဗျာ'လို့ ပြော လိုက်တယ်။ ဂျူးလီးယပ်က အယ်လန့်ကိုကြည့်ရင်း ... 'ဘော်ဆီ ဆက်ပြောပါစေ၊ လိုက်မနှောင့်ယှက်နဲ့ဗျာ'တဲ့။ အယ်လန်လည်း အဲဒီကျမှ ပါးစပ်ပိတ်သွားတယ်။ ဘော်ဆီက သူ့ဇာတ်ကြောင်းကို ဒီလိုခင်းတယ်။

လွန်ခဲ့တဲ့ လပေါင်းများစွာက တစ်နေ့မှာ စကို့ဗ်ဒီမှာရှိတဲ့ စွန့်ပစ်ပစ္စည်း ပြန်လည်သုံးစွဲရေးဌာနက မိတ်ဆွေတစ်ယောက်ဆီက ဖုန်းဝင်လာခဲ့တယ်။ ဘော်ဆီဟာ ငွေရဖို့ဆို ဘာမဆို စိတ်ဝင်စားတတ်ကြောင်း အဲဒီမိတ်ဆွေက

ကောင်းကောင်းကြီး သိတယ်။

သူတို့ဌာနဟာ စာအုပ်တန်ဝက်လောက် ရထားသတဲ့။ တစ်ခုခု ချို့ယွင်းနေလို့ တန်းမဝင်တဲ့ စာအုပ်တွေတဲ့။ ဖွင့်ကြည့်လိုက်တော့ သမ္မာကျမ်းစာ တွေချည်းပဲတဲ့ (တခြား တစ်ခုခုကို သူ မျှော်လင့်ထားတာလေ)။ ဒါကြောင့် ဒီ တန်ဝက်လောက်ရှိတဲ့ စာအုပ်တွေကို အချိုအချောင်ဈေးနဲ့ ဘော်ဆီ့ကို ရောင်းစားဖို့ သူ ဖုန်းဆက်တာ။ အလုပ်ဖြစ်ပါတယ်။ ခွင့်သာခိုက်မှ မလိုက်ချင်

အမိုက် နင့်ပြင် ရှိသေးလိမ့်လားလို့ သဘောထားတဲ့ ဘော်ဆီ့ကြောင့် ကရောင်း တစ်ထောင်နဲ့ အရောင်းအဝယ်ဖြစ်သွားတယ်။ ဘော်ဆီ့ စပါးကျီထဲလည်း သမ္မာကျမ်း တန်ဝက် ပြည့်လို့နေ။ ဘာများ မှားနေလို့လဲ။ ရိုးရိုးသမ္မာကျမ်း နဲ့ ဘာများ ကွာလို့လဲ။ ဘော်ဆီ အသည်းအသန် သိချင်နေပြီ။ အပြင်ပန်း အဆင်အပြင်ကတော့ ဘာမှမကွာပါဘူး။ ဘယ်နေရာတွေများ မှားနေပါလိမ့်။ ဒါကြောင့် တစ်ညနေမတော့ မီးလင်းဖိုနားမှာ ထိုင်ရင်း သူဝယ်ထားတဲ့ ချွတ်ယွင်း သမ္မာကျမ်းစာအုပ်ပုံကြီးထဲက တစ်အုပ်ကို ဆွဲထုတ်၊ ပုံမှန် သမ္မာ ကျမ်းတစ်အုပ်ကို အကိုးအကားပြုလို့ ကမ္ဘာဦးကျမ်းအဖွင့် အစအဦး၌ ဘုရား သခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။ ကနေ စဖတ်လိုက်တယ်။

တစ်နေရာရာမှာတော့ မှားကိုမှားရမယ်၊ ထူးကို ထူးခြားရမယ်၊ ဘာမှ အမှားမပါဘဲ ဒီလို မြင့်မြတ်တဲ့ ကျမ်းကို အမှိုက်ပုံထဲ ထည့်မယ်မထင်။

တစ်ညနေပြီး တစ်ညနေ၊ တစ်ခန်းပြီး တစ်ခန်း သူ ဖတ်လာခဲ့တယ်။

ဓမ္မဟောင်းကျမ်း ၃၉ ကျမ်းပြီးလို့ ဓမ္မသစ်ကျမ်း ၂၇ ကျမ်း ရောက်လာခဲ့တယ်။

အားလုံး ကွက်တိ။ ခုထိ အမှားအယွင်းမရှိ။

ညနေခင်းတစ်ခုမှာတော့ နောက်ဆုံးအခန်း၊ နောက်ဆုံးစာမျက်နှာ၊

နောက်ဆုံးပါဒကို ရောက်လာခဲ့တယ်။

ဟော ... တွေ့ပြီ။ ကြည့်စမ်း၊ ကြည့်စမ်း။ ဒါကြောင့်ကိုး။ ဒါကြောင့် အမှိုက်ပုံထဲ ရောက်တာကိုး။ ခင်ဗျားတို့ဘာသာ ကြည့်ကြပေတော့။ ဘော်ဆီ က ကျမ်းကို ကမ်းပေးလိုက်တယ်။ တစ်ယောက်တစ်လှည့် ဖတ်ကြပြီးတဲ့ နောက်မှာတော့ အသီးသီး အသက အုန်းအုန်းကျွက်ကျွက် ရယ်လိုက်ကြ။

အဲဒီအမှားကို ရှာဖွေတွေ့ရှိလို့ ဘော်ဆီဟာ အင်မတန်ကျေနပ်တယ်။ ဘယ်လိုမှားသွားသလဲဆိုတာ သူ စိတ်မဝင်စားဘူး။ ဒါ သူ့ဘဝမှာ ပထမဆုံး အကြိမ်အဖြစ် စာတစ်အုပ်ကို အစအဆုံး ဖတ်ဖူးတာပဲ။ သူ့ရဲ့ စီးပွားရေးကိစ္စ၊ အခွန်ကိစ္စတွေမှာ ဘုရားသခင် ဝင်မပါစေချင်ပေမဲ့ ခု ခမည်းတော်၊ သားတော်နဲ့ သန့်ရှင်းသောဝိညာဉ်တော် သုံးပါးတစ်ဆူ တြိနိတီရဲ့ လက်တော်ထဲ သူ့ဘဝကို တစ်ခဏတာဖြစ်ဖြစ် ဝင်ကြည့်ခဲ့ပြီ။ နည်းနည်း မဆိုစလောက်ကလေး မှားရုံနဲ့ စနေဈေးနေ့တွေမှာ ဒီစာအုပ်တွေကို သူ ကိုးဆယ့်ကိုးကရောင်းနဲ့ ချရောင်းမယ့်ကိစ္စကို သုံးပါးစလုံး မကန့်ကွက်လောက်ပါဘူးနော်။

တကယ်လို့သာ ဘော်ဆီတစ်ယောက် ဒီအမှားနောက် ခြေရာခံလိုက် တတ်မယ်ဆိုရင် သူ့အပေါင်းအသင်းတွေကို ပြောစရာဇာတ်လမ်းက ဒီလို ဖြစ်မှာ။ ရှော့တာဒမ် ဆင်ခြေဖုံးက စာစီသမားတစ်ယောက်ဟာ ကိုယ်ရေးကိုယ်တာ ပြဿနာနဲ့ ကြုံနေရရှာ။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ယေဟောဝါ သက်သေများ အဖွဲ့ဝင်အဖြစ် သူ သိမ်းသွင်းခံခဲ့ရတယ်။ ၁၇၉၉ ခုနှစ်နဲ့ ၁၉၈ဝ ပြည့်နှစ်များ ကြားမှာ ယေရှုသခင် ၁၄ ကြိမ်ထက်မနည်း ကမ္ဘာပေါ် ပြန်ကြွလာမယ်လို့ ဒီအသင်းက ဟောကိန်းတွေ ထုတ်တယ်။ တစ်ခါမှ မှန်တယ်လို့ မရှိပါဘူး။ ဒါနဲ့ပဲ သူ ပင်တေကုတ္တေ ကျောင်းတော်အသင်း ဝင်ပြန်တယ်။ နောက်ဆုံးတရားစီရင်ခန်းနဲ့

ပတ်သက်လို့ အဲဒီကျောင်းတော်ရဲ့ သင်ကြားချက်တွေကို သူ ဘဝင်ခိုက်တယ်။
နောက်ဆုံးကျတော့ ဘုရားသခင်ဟာ မိစ္ဆာတို့အပေါ် အောင်နိုင်တော်မူလိမ့်မယ်။
ယေရှုသခင် ရှင်ပြန် ထမြောက်လာလိမ့်မယ်။ သူ့အဖေ အပါအဝင်
ဒုစရိုက်သားအပေါင်း ထာဝရ ငရဲမှာ လောင်ကျွမ်းလိမ့်မယ်။
သို့သော်လည်း ဒီအယူအဆဟာ မကြာခင် သူ့ကို နှိပ်စက်ပြန်တယ်။
ခရစ်ယာန်ကောင်း တစ်ယောက်ဆိုတာ ခွင့်လွှတ်တတ်ရမယ်ဆို။ ဘာဖြစ်လို့
ငရဲခံခိုင်းနေပြန်ပါလိမ့်။
အယူဝါဒ အမျိုးမျိုးကို ခါးခါးသီးသီးဖြစ်စပြုလာချိန်မှာ တိုက်တိုက် ဆိုင်ဆိုင်
သူ့ပုံနှိပ်စက်ကို သမ္မာကျမ်းအုပ်ရေ နှစ်ထောင်ရိုက်ဖို့ အလုပ်ရလာ တယ်။ ဆီဒင်က
မှာတာတဲ့။ ဖြစ်ရလေ။ သူ ခြောက်နှစ်သားကတည်းက သူ့အဖေဟာ
မိသားစုကိုပစ်ပြီး အဲဒီမှာ သွားနေတာလေ။ အဖေ့ကို သတိရ၊ မျက်ရည်တွေ
တွေတွေကျပြီး စာစီနေတဲ့ သူဟာ နောက်ဆုံးအခန်း ဗျာဒိတ် ကျမ်း
အရောက်မှာတော့ သတိလက်လွတ် ဖြစ်သွားတယ်။ ဒါနဲ့ပဲ နောက်ဆုံး စာမျက်နှာ
နောက်ဆုံးပါဒ နှစ်ပုဒ်ကို ရိုက်အပြီး သူ ငယ်ငယ်တုန်းက သူ့ကို
အမြဲပြောပြတတ်တဲ့ အဖေ့ရဲ့ အိပ်ရာဝင်ပုံပြင် နိဂုံးစကားလေး ဟောသလို
ပါသွားတော့တယ်။
၂၀ ငါသည် အလျင်အမြန် လာမည် မှန်ပေ၏ဟု၊ ဤအရာများကို သက်သေ
ခံသောသူ မိန့်တော်မူ၏။ အာမင်၊ သခင်ယေရှု ကြွလာတော်မူပါ။
၂၁ ငါတို့သခင် ယေရှုခရစ်၏ ကျေးဇူးတော်သည် သန့်ရှင်းသူအပေါင်းတို့၌
ရှိစေသတည်း။
၂၂ အဲဒီအချိန်ကစလို့ သူတို့အားလုံး အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်

သွားကြသတဲ့ကွယ်။

ခမ္ဘသစ်ကျမ်းတို့တွင် နောက်ဆုံးကျမ်းတည်းဟူသော

ရှင်ယောဟန် စီရင်ရေးသားသော ဗျာဒိတ်ကျမ်း ပြီး၏

တဲ့လေ။ သမ္မာကျမ်းစာဟာ ပျော်ရွှင်စွာ နေထိုင်သွားကြသတဲ့ကွယ်နဲ့

ဆုံးသတဲ့လေ။

ဘဲလ်ရင်ဂါး ယာခင်းရဲ့ ညနေခင်းဟာ တဖြည်းဖြည်း အရောင်ရင့်လို့ ညဘဝ

ပြောင်းသွားတယ်။ ညီရင်းအစ်ကို မေတ္တာဓာတ်တွေ ဒလဟော စိမ့်ထွက်စေတဲ့

ဖော့ဒကာတွေ ချောင်းစီးနေခဲ့ပြီ။ ဘန်နီသာ သတိမထားမိရင် ဘယ်လောက်ထိ

ဆက်သောက်နေကြမယ် မသိ။ ဘန်နီက အားလုံးကို ဟန့်တယ်။ တော်ကြ၊ တန်ကြ၊

အိပ်ရာဝင်ကြ။ နောက်နေ့တွေမှာ လုပ်စရာတွေ အများကြီး။ ခု နားထားမှ

တန်ကာကျမယ်တဲ့။ အယ်လန်က တစ်ခွန်းတော့ ပြောဖြစ်အောင်

ပြောလိုက်သေးတယ်။

'အင်း … တတ်နိုင်ရင်တော့ မနက်ဖြန် သူနိုးလာလို့ သူ့မီးဖိုခန်းကြီး ထဲက

အစားအသောက်တွေ ဘယ်ရောက်ကုန်ပြီလဲဆိုတာ တွေ့သွားရင် သူ့မျက်နှာ

ဘယ်လိုဖြစ်သွားမယ်ဆိုတာ စောင့်ကြည့်ချင်ပါသေးတယ်ဗျာ'

(၁၆)

၁၉၄၈ – ၅၃။

သူ့နားကလူက မင်္ဂလာနေ့လယ်ခင်းပါ မစ္စတာကားလ်ဆန် ခင်ဗျား လို့

အင်္ဂလိပ်လို နှုတ်ဆက်တာကို ကြားလိုက်ရပြီးနောက် အယ်လန်က

ကောက်ချက်နှစ်ချက် ဆွဲလိုက်တယ်။ နံပါတ်မှာ တစ် – ဒီလူ ဆွီဒင်က မဟုတ်ဘူး။

ဟုတ်ခဲ့ရင် ဆွီဒင်လိုပဲ နှုတ်ဆက်မှာပေါ့။ နံပါတ်မှာ နှစ် – နာမည်ခေါ်
နှုတ်ဆက်တဲ့အတွက် သူ ငါ့ကိုသိလို့ ဖြစ်ရမယ်။
ဝတ်ပုံစားပုံကတော့ တောက်တောက်ပြောင်ပြောင် သားသားနားနားပဲ။
စီးပွားရေးသမား ဖြစ်မယ်။ ငါ့ကို ဘာလုပ်စေချင်လို့လဲ။ အကြံအစည် တစ်ခုခုတော့
ရှိရမယ်။ အယ်လန် ပြန်ပြောလိုက်တယ်။ အင်္ဂလိပ်လို့ပေါ့။
'အဲ ... ကျုပ်ဘဝ အလှည့်အပြောင်းများ ဖြစ်ဦးမှာလားဗျ'
ဖြစ်ချင်ဖြစ်မှာပေါ့တဲ့။ ဘယ်သူ ပြောနိုင်မှာလဲတဲ့။ အဲသလိုဖြစ်ဖို့က
မစ္စတာကားလ်ဆန်ပေါ် မူတည်သတဲ့။ ခု လာတွေ့တဲ့ကိစ္စက အလုပ်တစ်ခု
ကမ်းလှမ်းချင်လို့ပါတဲ့။ သူ့ရဲ့ဘော့စ်က လွှတ်လိုက်လို့ပါတဲ့။
အယ်လန်က ပြန်ဖြေတယ်။ ခုလောလောဆယ်တော့ အေးဆေးပါပဲတဲ့။ ဒါပေမဲ့
တစ်သက်လုံး ပန်းခြံထဲထိုင်ပြီး အေးအေးဆေးဆေး နေနိုင်မယ်တော့ မထင်ဘူးတဲ့။
ဒါနဲ့ ဘော့စ်ဆိုတဲ့လူက ဘယ်သူများလဲတဲ့။ နာမည်သိခွင့် ရှိမလားတဲ့။ ဒါမှပဲ
ဆုံးဖြတ်လို့ရမှာပေါ့တဲ့။
ဒါပေါ့၊ ဟုတ်တာပေါ့။ မှန်တာပေါ့။ သဘောတူပါတယ်။ နို့ပေသိ သူ့ဘော့စ်က
ဧရာမဟာကြီးမို့ ကိုယ်တိုင်တွေ့ပြီးမှ သူ့ကိုယ်သူ မိတ်ဆက်ချင်ပါသတဲ့လေ။
ဒါကြောင့် အယ်လန့်အနေနဲ့ အပန်းမကြီးဘူးဆို တစ်ခါတည်း လိုက်ခဲ့ပေးပါတဲ့။
ကိုယ်တိုင်ကိုယ်ကျ ပို့ဆောင်ပေးပါ့မယ်တဲ့။
ဖြစ်သလေ။ ဘယ့်နှာကြောင့် မဖြစ်ရမတုံး။ လာ ... ခုသွားမယ်။ အဲ ... ခရီးက
နည်းနည်းလေး လှမ်းတယ်တဲ့။ မစ္စတာကားလ်ဆန်အနေနဲ့ ဟိုတယ်ပြန်၊
ပစ္စည်းသိမ်းလိုက်ပါဦး။ ဧည့်ခန်းမှာ သူ စောင့်နေပါ့မယ်။ ဟိုတယ်ကိုလည်း
သူ့ကားနဲ့ ပြန်လိုက်ပို့ပါ့မယ်။ ကားဒရိုင်ဘာလည်း ပါပါသတဲ့။

ကားကလည်း လှမှ လှ။ ဖို့ဒ်ဆီဒင် အနီရဲရဲကြီး။ ကားဒရိုင်ဘာကလည်း စကားတစ်လုံးမှ မပြောဘူး။ ငြိမ်နေတာပဲ။

'ဟိုတယ် မပြန်လည်း ဖြစ်ပါတယ်ဗျ၊ ဘာမှလည်း ယူစရာမရှိပါဘူး'

'ဩော် ... ဒါဆိုလည်း ကောင်းတာပေါ့'

ဧည့်သည်က ပြောရင်း ကားသမားကို ပြန်လှည့်ခိုင်းလိုက်တယ်။ လိုရာခရီးကို တောက်လျှောက်မောင်းစေ ဆိုတဲ့သဘောပေါ့။

မြို့တော်ရဲ့တောင်ဘက် အကွေ့အကောက်များလှတဲ့ လမ်းမကြီးအတိုင်း တစ်နာရီလောက် အပြင်းမောင်းရင်း ဒယ်လာရိုထိ ရောက်လာခဲ့ကြတယ်။ အယ်လန်နဲ့ သူစိမ်းဟာ တစ်လမ်းလုံး တောအကြောင်း တောင် အကြောင်း လေပန်းလာကြတယ်။ ဟိုလူက အော်ပရာကဇာတ်ရဲ့ ခမ်းနား ကြီးကျယ်ပုံအကြောင်းတွေ ပြော။ အယ်လန်က ဟိမဝန္တာကို ခဲပြီး သေမသွားအောင် ဖြတ်ကျော်နည်းတွေ ပြော။ စကားလက်ဆုံကို ကျလို့။

ကမ္ဘာလှည့်ခရီးသွားတွေ အင်မတန် သဘောကျတဲ့ ကမ်းရိုးတန်း ရွာလေးတစ်ရွာကို သူတို့ ရောက်လာခဲ့ကြတယ်။ တကယ်တော့ ဒီနေရာဟာ နွေရာသီမှာသာ သဘောကျစရာကောင်းတာ။ ခုလို ဆောင်းတွင်းဆို ဘယ်သူမှ မလာဘူး။ မှောင်မည်းတိတ်ဆိတ် အေးစက်လို့ပေါ့။

'ခင်ဗျား ဘော့စ်က ဒီမှာ နေတာလား'

'ဟင့်အင်း ... မဟုတ်ပါဘူးဗျာ'

ကားဒရိုင်ဘာက ခုထိ စကားတစ်လုံးမှ မပြောဘူး။ အယ်လန်နဲ့ ဟိုလူကို ဆိပ်ကမ်းမှာချပြီး ထွက်သွားရော။ ဟိုလူက ကားထဲက ဧရာမ သားမွေးကုတ်ကြီး တစ်ထည်ယူ၊ အယ်လန့်ကို ခြုံပေးရင်း လမ်းလေး နည်းနည်း လျှောက်ရမယ်

ဖြစ်မလားတဲ့ မေးတယ်။

သိတဲ့အတိုင်း အယ်လန်ဆိုတဲ့လူက အနာဂတ်တွေ၊ မျှော်လင့်ချက်တွေ၊ ဘာညာ သာရကာတွေ ဘာမှ စိတ်ဝင်စားတာ မဟုတ်ဘူးလေ။ ဖြစ်မယ့် ကိစ္စက ဖြစ်မှာပဲ။ ဖြစ်ချင်တာဖြစ် သဘောထားတဲ့ လူကိုး။ ဘာဖြစ်ဖြစ် ကြိုတင်မှန်းဆတာတွေ ဘာတွေ ဝါသနာမပါဘူး။ အဲသလိုလူမျိုးဖြစ်တဲ့ အယ်လန်တောင် ခုကိစ္စကိုတော့ နည်းနည်းအံ့သြတယ်။ ဘာဖြစ်လို့များ ဘယ်သူမှ မရှိတဲ့ ရေခဲပြင်ကြီးပေါ် ခေါ်လာရသတုံးပေါ့လေ။

သူတို့ ဆက်လျှောက်ခဲ့ကြတယ်။ လူစိမ်းက ဓာတ်မီးလေး တဝင်းဝင်းနဲ့ ခြေလှမ်းတွေကို အသံထွက် ရေတွက်ရင်း လျှောက်နေတယ်။ သူ ရေတွက်နေသံက အယ်လန် တစ်ခါမှ မကြားဖူးတဲ့ ဘာသာစကားတစ်မျိုးနဲ့။ ဆယ့်ငါး မိနစ်လောက် လျှောက်ပြီးတော့ လူစိမ်းက ရောက်ပြီလို့ ပြောတယ်။ ဟင် … ဘာရောက်တာလဲ၊ ဘာမှလည်း မရှိဘူး။ မှောင်လိုက်သမှ ပိန်းလို့။ ဟိုး အဝေးကြီးက

ကျွန်းကလေးပေါ်က မီးလေးတစ်ပွင့်ပဲ မြင်ရတာ။ ရုတ်တရက် ချက်ချင်း သူတို့ခြေထောက်အောက်က ရေခဲပြင်ကြီးဟာ ဝုန်းခနဲ ကွဲထွက်သွားတယ်။ တန်တော့ ဟိုလူ ခြေလှမ်းရေတွက်တာ မှားသွားပုံပဲ။ ဒါမှမဟုတ် ရေငုပ်သင်္ဘော မာလိန်မှူးဟာ သူရှိရမယ့်နေရာထက် နည်းနည်း ရှေ့ရောက်နေပုံပဲ။ ဘာပဲဖြစ်ဖြစ် ကိုးဆယ့်ခုနစ်မီတာရှည်တဲ့ ရေငုပ်သင်္ဘော ဘွားခနဲ ပေါ်လာတော့ အယ်လန်နဲ့ ဟိုလူဟာ ဒရောသောပါး နောက်ဆုတ်ရင်း ရေထဲ ကျတော့မလို ဖြစ်ကုန်ကြတယ်။ ခဏနေတော့ နွေးထွေးတဲ့ ရေငုပ်သင်္ဘောထဲ သူတို့ ရောက်သွားကြတယ်။ အယ်လန်ဟာ သူ့ကိုယ်သူ အသံတိတ် ပြောနေ မိတယ်။

'ကဲ … တွေ့ပြီမဟုတ်လား၊ တစ်နေ့တစ်နေ့ ဖြစ်မလာသေးတာကို

ဘာတွေများဖြစ်မလဲ မသိဘူးနော်ဆိုပြီး ကြိုတင်မှန်းဆမနေဘဲ ဖြစ်ချင်ရာ ဖြစ်ဆိုပြီး နေတာ ဘယ်လောက်ဟန်ကျသလဲ'

ခုတော့ လူစိမ်းက မလျှို့ဝှက်တော့ပါဘူး။ အယ်လန့်ကို သူ ပြောပြနေခဲ့ပြီ။ သူ့နာမည် ယူရီ ဘောရစ်ဆိုဗစ်ချ် ပိုပေါ့။ ပြည်ထောင်စု ဆိုရှယ်လစ် ဆိုဗီယက် သမ္မတနိုင်ငံတော်အတွက် အလုပ်လုပ်တယ်။ သို့သော် နိုင်ငံရေးသမား မဟုတ်၊ စစ်တပ်က မဟုတ်၊ ရူပဗေဒပညာရှင်။ သူ့တာဝန်က မစ္စတာကားလ်ဆန်ကို မော်စကို ခေါ်သွားဖို့။ ရူပဗေဒပညာရှင် အချင်းချင်းဆိုတော့ နားလည်မှု ပိုရနိုင်တဲ့အတွက် သူ့ကို တာဝန်ပေးတာတဲ့လေ။

'အဲ ... ကျုပ်က ရူပဗေဒပညာရှင်မှ မဟုတ်ဘဲဗျ'

'အင်း ... ဒါပေမဲ့ ကျွန်တော့်ရဲ့ သတင်းရင်းမြစ်တွေ အလိုအရတော့ မစ္စတာကားလ်ဆန်ဟာ ကျွန်တော်တို့ လိုအပ်နေတဲ့ အရာတစ်ခုအကြောင်း ကောင်းကောင်းကြီးသိတယ်လို့ ဆိုပါတယ်'

'ကျုပ်က ... ဟုတ်စ ... ဘာများပါလိမ့်နော်'

'ဗုံးလေ ... မစ္စတာ ကားလ်ဆန်ရဲ့၊ ဗုံး ... ဗုံး ...'

ယူရီရဲ့ အယ်လန်ဟာ ရုတ်တရက်ချက်ချင်း တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု အပြည့်အဝရသွားသလို ကိုယ်စီကိုယ်င ခံစားလိုက်ကြ ရတယ်။ ဒီလူဟာ အာဂလူပဲ။ လိုက်မယ်ဆိုပြီး ဘာမှလည်း မမေးမမြန်း လိုက်ချလာတယ်။ သတ္တိအလွန်ရှိတာပဲ။ ဘာမှလည်း စောက်ဂရုစိုက်ပုံ မရဘူးရယ်လို့ ယူရီဟာ အယ်လန့်ကို အထင်တွေ သိပ်ကြီးနေတယ်။ အယ် လန်ကလည်း ယူရီဆိုတဲ့လူဟာ သူ့ကို နိုင်ငံရေးနဲ့ ဘာသာရေးနဲ့ နွယ်တာ မဟုတ်လို့ ကျေနပ်နေတယ်။ ဒါတွေထက်ပိုပြီး တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုပိုရတဲ့

အကြောင်းရင်းကတော့ ဖော့ဒကာကြောင့်ပေါ့။ မနေ့ညနေက အယ်လန့်ကိုစောင့်ကြည့်ရင်း ဂရန်းဟိုတယ်က ဆွီဒင်ဖော့ဒကာကို ယူရီ မြည်းစမ်းခဲ့တယ်။ ပထမတစ်ခွက် စသောက်သောက်ချင်း ဆွီဒင်ဖော့ဒကာဟာ ပြင်းလည်း ပြင်း၊ ရုရှ အချိုဓာတ်ကလည်း ကင်းမဲ့လို့ သူ မှတ်ချက်ချမိတယ်။ နောက်နှစ်ခွက်လောက် ထပ်ချတော့ မဆိုးဘူးဟလို့ ထင်လာတယ်။ နောက်နှစ်ခွက် ထပ်ချအပြီးမှာတော့ ကောင်းသားပဲ ဖြစ်သွားတယ်။

ခု ယူရီဟာ ရုရှဖော့ဒကာ တစ်လီတာပုလင်းကြီး ဆွဲထုတ်လာပြီ။ ဘာပဲဖြစ်ဖြစ် ဒါကတော့ ပိုကောင်းတာ အမှန်ပဲတဲ့။ ရေငုပ်သင်္ဘော တစ်စီးလုံး အလုပ်ရှုပ်နေကြတုန်း သူနဲ့ အယ်လန် တစ်ခွက်စီ မော့လိုက်ကြရင် ဘယ့်နှယ် တုံးတဲ့။

'အကောင်းဆုံးပေါ့၊ ပင်လယ်လေက အေးကအေးသနဲ့' လို့ အယ်လန် ပြန်ပြောလိုက်တယ်။ တစ်ခွက်စီ ဝင်အပြီးမှာပဲ 'ယူရီရေ ... အယ်လန်ရေ ...' ဖြစ်သွားခဲ့ကြတယ်။

'ကိုင်း ... ယူရီ၊ ကျုပ် ဒီသင်္ဘောပေါ်က ဆင်းချင်တယ်ဗျာ'

'အောင်မလေး ... မလုပ်နဲ့ အယ်လန်ရ၊ ခု ကျုပ်တို့က ရေအောက် မီတာနှစ်ရာ အနက်မှာ၊ သောက်မှာသာ သောက်စမ်းပါ'

ယူရီ ဘောရစ်ဆိုဗစ်ချ် ပိုပေါ့ဟာ ထာဝရ ဆိုရှယ်လစ်တစ်ယောက်။ ဆိုဗီယက် ဆိုရှယ်လစ်စနစ်က လွဲလို့ ဖွဲနဲ့ ဆန်ကွဲလို့ အထင်ရောက်သူ တစ်ယောက်။ ရဲဘော်ကြီး စတာလင်ဟာ နည်းနည်းလေး မာရေကျောရေ နိုင်ပေမဲ့ ယူရီကတော့ စနစ်အပေါ် ထာဝရ သစ္စာရှိသူများအဖို့ ဘာကိုမှ ကြောက်စရာမလိုဘူးလို့ ထင်နေတယ်။ သူ့အနေနဲ့တော့ ဘယ်သောက်စနစ်ကိုမှ သစ္စာရှိဖို့

အစီအစဉ်မရှိကြောင်း၊ သို့သော် ယူရီအတွက် အက်တမ်ဗုံး ပြဿနာကို ဖြေရှင်းဖို့ သဲလွန်စလေး တစ်ခု၊ နှစ်ခုတော့ ပေးနိုင်ကြောင်း အယ်လန်က ပြောတယ်။ ခုတော့ နိုင်ငံရေးအကြောင်း မကြားချင်ဘူး။ ဗေ့ဒကာအရသာလေး ခံပါရစေဦးတဲ့။ ယူရီ့ခများ ကျေးဇူးတင် ဝမ်းမြောက်လွန်းလို့ မျက်ရည်များတောင် လည်မတတ်ပဲ။ စီမံကိန်းကြီး အောင်မြင်ခဲ့ရင် သူ့ဆရာ မာရှယ် ဘာရီယာက အယ်လန့်ကို အမေရိကန်ဒေါ်လာ တစ်သိန်း ချီးမြှင့်ဖို့ အစီအစဉ်ရှိကြောင်း ပြောပြလိုက်တယ်။ အယ်လန်ကတော့ အေးဆေးပဲ။ ကြည့်ကြသေးတာပေါ့တဲ့။ ဒီလိုနဲ့ ဗေ့ဒကာဝိုင်းဟာ အရှိန်ရလာတယ်။ နိုင်ငံရေးနဲ့ ဘာသာရေးက လွဲလို့ ကောင်းကင်နဲ့ မြေကြီးကြားက အကြောင်းအရာစုံ ရောက်တတ်ရာရာ

လျှောက်ပြောကြရင်း ဗုံးကိစ္စ မေ့မိန်သွားတယ်။ ဗုံးအကြောင်းပြောဖို့ အချိန်တွေအများကြီး ကျန်သေးတာပဲလေ။

'ဒါနဲ့ ယူရီ ... ခင်ဗျားပြောတဲ့ အော်ပရာဆိုတာ တစ်ယောက်နဲ့ တစ်ယောက် အသံတုန်ကြီးတွေနဲ့ လျှောက်အော်နေတဲ့ဟာလား'

ယူရီက အယ်လန့်စကားကြောင့် ပါးစပ်ကြီး ပြဲသွားတယ်။ အဲဒီပါးစပ်ထဲ ဗေ့ဒကာတွေအများကြီး လောင်းချလိုက်ရင်း မတ်တတ်ရပ်ပြီး ပက်စီနီရဲ့ 'ဘယ်သူမှ အိပ်မရပါဘူးကွယ်' အော်ပရာသီချင်းကြီးကို အသံကုန် ဟစ် လိုက်တော့တယ်။ အယ်လန်က ပြီးတဲ့အထိ နားထောင်တယ်။ သီချင်းဆုံးသွားတော့ ဘာလို့ လျှောက်အော်နေတာလဲတဲ့။ ယူရီ ပက်လက်လန်သွားတယ်။ ဘယ်သူမှ အိပ်ရရ၊ မရရ သူတို့နှစ်ယောက်ကတော့ ခလူးခလောနဲ့ အိပ်ကြသလေ။ သူတို့ နိုးလာတော့ ရေငုပ်သင်္ဘောဟာ လီနင်ဂရက် ဆိပ် ကမ်းမှာ ကမ်းကပ်နေခဲ့ပြီ။ ကရင်မလင်မှာ မာရှယ်ဘာရီယာနဲ့ တွေ့ဖို့ သူတို့ကို ခေါ်သွားမယ့်

ဇိမ်ခံကားကြီးတစ်စီး အသင့်စောင့်နေခဲ့ပြီ။ အယ်လန်က တစ်ကိုယ်တည်း တီးတိုးပြောနေတယ်။

'စိန့်ပီတာစဘတ်၊ ပီထရိုဂရက်၊ လီနင်ဂရက်ဆိုပဲ၊ နာမည်တွေက လည်း ...'

'မင်္ဂလာနံနက်ခင်းပဲနော် အယ်လန်' ယူရီက ဝင်ပြောတယ်။

ခု အယ်လန်နဲ့ ယူရီ နှစ်ယောက်သား ဟမ်းဘားပူးလ်မန်း ဇိမ်ခံကား ကြီး နောက်ခန်းမှာ စည်းစိမ်အပြည့်နဲ့ ထိုင်ရင်း လီနင်ဂရက်–မော်စကို တစ်ရက်ခရီးကို စနှင်ဖို့ အဆင်သင့်ဖြစ်နေကြပြီ။ ရှေ့ခန်းနဲ့ နောက်ခန်းကြား မှန်ချပ်ခြားထားပြီး အသံလုံခန်းဖြစ်အောင် စီမံထားတယ်။ နောက်ခန်းမှာ ရေ၊ အချိုရည်၊ အရက်ပေါင်းစုံ ထည့်ထားတဲ့ ရေခဲသေတ္တာလည်းပါတယ်။ အရက်ကတော့ သူတို့နှစ်ယောက်အတွက် လောလောဆယ် မလိုသေးဘူး။ ချိုချဉ်အနီလေးတွေ အပြည့်ထည့်ထားတဲ့ ဖန်ကလပ်ကြီးတစ်ခုရယ်၊ ချောကလက် ပေါင်းစုံ ထည့်ထားတဲ့ လင်ပန်းတစ်ချပ်ရယ်။ ဇိမ်ပဲ ... ဇိမ်ပဲ။ ဆိုရှယ်လစ် လောကနိဗ္ဗာန် ရောက်လုရောက်ခင်ဖြစ်နေတဲ့ ဆိုဗီယက်ပြည်ထောင်စုကြီးမှာ အင်ဂျင်နီယာ အတတ်ပညာ အံ့မခန်း ထွန်းကားတာကို သက်သေပြလိုက်သလိုပဲ။ ဒီကားတစ်စီးလုံး အင်္ဂလန်က တင်သွင်းထားတာ မဟုတ်ခဲ့ရင်ပေါ့လေ။ ယူရီက အယ်လန့်ကို သူ့ဘဝ ဇာတ်ကြောင်းတွေ ပြောပြနေတယ်။ လောကဓာတ်ပညာမှာ သူ့ဥပဇ္ဈာယ်ဆရာက နယူးဇီလန်သား ချူကလီးယား ရူပဗေဒပညာရှင် အားနက်ရူသာဖို့ဒ်။ တစ်ခေတ် တစ်ယောက်လို့ ပြောရမယ့် နိုဗယ်ဆုရ ပါရမီရှင်တဲ့။ သဟာကြောင့် ယူရီရဲ့ အင်္ဂလိပ်စကားဟာ မိုးပျံ အောင် ကောင်းနေတာပေါ့။ အယ်လန်ကလည်း စပိန်၊ အမေရိကန်၊ တရုတ်၊ ဟိမဝန္တာနဲ့ အီရန်က သူ့ စွန့်စားခန်းတွေအကြောင်း ပြောပြတယ်။ ယူရီက ဖြတ်မေးတယ်။

'အဲဒီ အင်္ဂလိကန် ဘုန်းတော်ကြီး ဘာဖြစ်သွားလဲ'

'သိဘူးဗျ၊ ပါရှားတစ်ပြည်လုံး အင်္ဂလိကန်ဖြစ်သွားအောင် သူ လုပ်နိုင်ခဲ့သလား၊ ပုံလွန်တော်မူသွားသလား၊ မပြောတတ်ဘူး၊ အဲဒီ နှစ်မျိုးကြား တစ်ခုခု ဖြစ်သွားဖို့ ပိုများတယ်'

'အဲ … ဆိုဗီယက်ပြည်ထောင်စုမှာဆိုရင်တော့ ပုံလွန်တော်မူဖို့ လမ်းပိုများသဗျ၊ ရှင်သန်ဖို့ မလွယ်ရေးချ မလွယ်'

ယူရီဟာ တဖြည်းဖြည်း စိတ်လွတ်လက်လွတ် ဖြစ်လာတယ်။ ဘာမှ လျှို့ဝှက်မထားချင်တော့ဘူး။ ထောက်လှမ်းရေးအကြီးအကဲ မာရှယ် ဘာရီယာဆိုတဲ့လူ၊ ခု အက်တမ်ဗုံးပရောဂျက်မှာ ခေါင်းဆောင်ဝင်လုပ်နေပြန်ပြီ။ အင်း … လုပ်မှာပေါ့။ ဒီလူက ရက်တယ်ဆိုတာ ချိုနဲ့လား ဆိုရလောက်အောင် ရက်ကြောပြတ်နေတဲ့ လူကိုး။ သူ စောက်မြင်ကပ်ပြီဆိုရင် မိန်းမရော၊ ကလေးရော မရှောင်ဘူး။ မုဒိမ်းကျင့်တန်ကျင့်၊ ထောင်ထဲထည့်တန်ထည့်။ နောက်ဆုံးတော့လည်း သေလမ်းကို မြန်းကြစေသတည်း ဆိုတာချည်းပဲ။

'အဖျက်အမှောင့်သမားကို သုတ်သင်ဖယ်ရှားရမယ်ဆိုတာ သဘောတရားအရတော့ မှန်ပါတယ်၊ သို့သော် အဖျက်အမှောင့်သမား ဆိုတာ တော်လှန်ရေးအမြင် အရသာ ဖြစ်ရမယ်၊ မာရှယ်ဘာရီယာ မကြည်တိုင်း အဖျက်အမှောင့်သမားဖြစ်ရော ဆိုတာတော့ မဟုတ်သေးဘူးလေ အယ်လန် ရယ် … နော်၊ တကယ်တော့ မာရှယ် ဘာရီယာဆိုတဲ့ ငနဲဟာ တော်လှန်ရေးသမားလည်း မဟုတ်ပါဘူးဗျာ၊ နို့ပေသိ ဒီကိစ္စနဲ့ပတ်သက်လို့ ရဲဘော်ကြီး စတာလင်ကို အပြစ်ဆိုလို့တော့ မရပေဘူး ခင်ဗျ၊ သူ့မလည်း တစ်တိုင်းပြည်လုံး၊ ဒေသတစ်ခုလုံးအတွက် စီမံနေရတာကိုး၊ သူနဲ့ တစ်ခါမှ တွေ့ခွင့် မရဖူးပါဘူးဗျာ၊

ဆိုတော့ ရဲဘော်ကြီးဟာ မာရှယ်ဘာရီယာကို လုပ်ပိုင်ခွင့်တွေ ပိုပေးမိရာတယ် ထင်ပါရဲ့၊ ဒါနဲ့ အယ်လန် … ဒီနေ့ နေ့လယ်မှာလေ ခင်ဗျားနဲ့ ကျုပ် မာရှယ်ဘာရီယာ့အပြင် ရဲဘော်ကြီး စတာလင်နဲ့ပါ တွေ့ခွင့်ရမှာဗျ သိလား၊ ညစာလည်း အတူစားဖို့ ဖိတ်ထားတယ်'

'အင်း … အင်း … ဟုတ်ပြီလေ၊ ဒါနဲ့ အဲဒါမတိုင်ခင် ကျုပ်တို့ ဘာ သွားစားမတုံး၊ ဒီချိုချဉ်အနီလေးတွေ မြို့နေရုံနဲ့ ဖြစ်မလား'

ဟုတ်ပေသားကပဲ။ ပညာရှိများ တွေးကြည့်ရင် ပြေးကြည့်တာထက်တောင် မှန်ပေသကိုး။ လမ်းမှာတွေ့တဲ့ မြို့ပိန်မြို့မွှားလေးတစ်ခုမှာ ကားရပ်၊ ဆန်းဒဝစ်ချ်တွေ ဝယ်ပြီး အယ်လန့်ကို ပေးရတယ်။ ဆန်းဒဝစ်ချ် ဝါးရင်း အယ်လန်တွေးတယ်။ မာရှယ် ဘာရီယာ ဆိုတဲ့လူဟာ ယူရီ ပြောပုံအရဆို တီဟီရန်မှာ သေကျန်ခဲ့တဲ့ လျှို့ဝှက်ပုလိပ်အကြီးအကဲနဲ့ အမူအကျင့်ချင်း အတော်တူမယ့်သဘော ရှိတယ်။

အဲဒီအချိန် ယူရီဟာ အယ်လန့်ကို အသံတိတ် အကဲခတ်နေတယ်။ ရဲဘော်ကြီး စတာလင်နဲ့ ညစာစားရမယ့် မဟာအခွင့်အရေးကြီးကို ဒင်းက 'အင်း … အင်း … ဟုတ်ပြီလေ'ဆိုပဲ။ ဘာဟုတ်တာလဲ၊ ညစာကိုလား ခေါင်းဆောင်ကြီးကိုလား။ အယ်လန်ကတော့ ဆန်းဒဝစ်ချ်ကို အပြတ်ဆွဲ၊ ရှရှ ဆန်းဒဝစ်ချ်တွေ ကောင်းကြောင်း ချီးမွမ်းခန်းဖွင့်ရင်း …

'အသက်ရှင်ဖို့အတွက် စားမှဖြစ်မကိုး ယူရီရဲ့၊ ဒါနဲ့ ခင်ဗျားကို မေးခွန်းလေး တစ်ခု၊ နှစ်ခုလောက် မေးခွင့်ပြုမလားဗျာ' လို့ သံကြီးတမန်ကြီး လေသံနဲ့ ပြောလိုက်တယ်။

'မေးပါ … မေးပါ အယ်လန်၊ ကျုပ် တတ်နိုင်သမျှ ဖြေပါ့မယ်'

မမေးခင် အယ်လန်က အရင်ပြောတယ်။ ရိုးရိုးသားသား ဝန်ခံပါရစေတဲ့။ ယူရီ ခုနက နိုင်ငံရေးအကြောင်းတွေ ပြောနေတုန်းက သူ နားထောင်ချင်ဟန် ဆောင်နေတာတဲ့။ တကယ်တော့ ဒီဘက်နားက ဝင်ပြီး ဟိုဘက်နားက ထွက်သွားတာတဲ့။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးဆိုတာ သူ စိတ်မဝင်စားဆုံး ကိစ္စမို့လို့ပေါ့တဲ့။ ဒါပေမဲ့ မာရှယ်ဘာရီယာ ဆိုတဲ့လူ အကြောင်းတော့ သေချာနားထောင်လိုက်ပါသတဲ့။ သူ့ဘဝမှာ ဒီလိုလူမျိုးတွေ အများကြီး တွေ့ခဲ့ပြီးကြောင်း။ တစ်ဖက်ကကြည့်ရင် မာရှယ်ဘာရီယာဟာ လူဆိုးတစ်ယောက်ပေမဲ့ နောက်တစ်ဖက်က ကြည့်ပြန်တော့လည်း ခုလို ညှဲ့ဝတ်ကျေပုံထောက်ရင် သိပ်ဆိုးလှမယ် မထင်ကြောင်း။

'တကယ်ဆို သူ ကျုပ်ကို ပြန်ပေးဆွဲ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် လာပြီး မေးချင်တာမေးလို့ ရတာပဲ၊ ဒါဆို ချိုချဉ်အနီတွေ၊ ချောကလက်တွေ၊ ဒေါ်လာတစ်သိန်းတွေ၊ မကုန်တော့ဘူးပေါ့ မဟုတ်ဘူးလား'

ယူရီ့ခမျာ ဘာပြောရမယ် မသိ။ အယ်လန် ပြောတော့လည်း ဟုတ်တုပ်တုပ်ပဲ။ ဘာရီယာဟာ တော်လှန်ရေးနဲ့ကိုင်ပေါက်ပြီး အပြစ်မဲ့လူပေါင်း များစွာကို မတရားလုပ်ခဲ့တာ အမှန်ပဲ။ ခု အယ်လန့်ကို ဖွတ်သဘောတွေ

ကောင်းပြနေတာလည်း ကိုယ်တွေ့ပဲ။ ကဲလေ … ရှုပ်ပါတယ်။ ရေခဲသေတ္တာဖွင့်၊ ဘီယာတစ်ပုလင်း ဖောက်သောက်။

တကယ်တော့ အယ်လန်ပြောသလို မလုပ်ဖူးပဲ ဘယ်နေလိမ့်မလဲ။ မာရှယ်ဘာရီယာ ဆိုတဲ့လူဟာ ဆွစ်ဇာလန်မှာ ပညာရှင်ပဂေးကြီး တစ် ယောက်ကို အဲသလို အတင်း ပြန်ပေးဆွဲခေါ်ခဲ့ဖူးတယ်။ မှန်းချက်နဲ့ နှမ်းထွက် နည်းနည်းမှ မကိုက်။ ဒါကြောင့် အဲဒီအတွေ့အကြုံကနေ ဒင်း သင်ခန်းစာ ယူတာ နေမှာတဲ့။

ဟုတ်မှာပါပဲ။ အတွေ့အကြုံကနေ သင်ခန်းစာ ယူသင့် တာပေါ့။ ဒါ ဝယ်လိုအားနဲ့ ရောင်းလိုအား ဆိုလား၊ အနောက်တိုင်း ဈေးကွက် စီးပွားရေးသဘောပေကပဲ။ ဆိုဗီယက် အဏုမြူလက်နက် စီမံကိန်းဟာ ၁၉၄၂၊ ဧပြီမှာ ရဲဘော်ကြီး စတာလင်ဆီ လိပ်မူထားတဲ့ နျူကလီးယား ရူပဗေဒပညာရှင် ဂျော်ဂျစ် နီကိုလာယီဗစ်ချ်ရဲ့ ပေးစာတစ်စောင်နဲ့ စတင်ခဲ့တယ်။ အနောက်ကမ္ဘာမှာ ၁၉၃၈ ကတည်းက ရှာဖွေတွေ့ရှိခဲ့တဲ့ နျူကလီးယား အက်တမ်ကွဲပွားမှု ဆင့် ကဲဖြစ်စဉ်ကို ဆိုဗီယက်က ဘာမှ မသိသေးဘူးတဲ့။

စတာလင်ဆိုတာ မနေ့တစ်နေ့ကမှမွေးတဲ့ ကလေးပေါက်စ မဟုတ် ဘူးလေ။ ဒီအကြောင်းကို သုံးနှစ်လုံးလုံး အသံတစ်စက်မှ မထွက်ကတည်းက ဧရာမ လျှို့ဝှက်ချက်ကြီးဆိုတာ သိသားပဲ။ ဆိုဗီယက်ယူနီယံဟာ အဲဒီ လျှို့ ဝှက်ချက်ကြီးကို ရအောင် ဖော်ရမယ်။ ဒါမှ စစ်ပြီးခေတ် ပါဝါချိန်ခွင်လျှာ ညီတဲ့အခါ အဓိကနေရာ ရမှာလေ။ ခုချိန်ကတော့ တကယ့်ဘေးကျပ်နံကျပ် ကြီး။ ဟစ်တလာနဲ့ နာဇီ ဂျာမနီတပ်ဟာ မော်စကို စတာလင်ဂရက် အပါ အဝင် ဖော်လဂါ အနောက်ခြမ်းတစ်ခုလုံးကို အပြင်းအထန် ဆော်နေပြီ။

စတာလင်ဂရက် တိုက်ပွဲကတော့ စတာလင့်အတွက် သေရေးရှင်ရေးပဲ။ ဘယ်လိုမှ အရှုံးမခံနိုင်ဘူး။ ဒီလိုနဲ့ လူတစ်သန်းခွဲလောက် အသက်တွေစတေး ပြီးတဲ့အခါ တပ်နီတော် အောင်ပွဲခံခဲ့တယ်။ အဲဒီတိုက်ပွဲကြောင့် စိတ်ဓာတ်တွေ တက်ကြွလာပြီး ဟစ်တလာကို ဘာလင်က သူ့ ဗုံးခိုကျင်းထဲထိ ပြန်ဆုတ်အောင် မောင်းထုတ်နိုင်ခဲ့ကြတယ်။ ဂျာမန်တွေကို အောင်နိုင်ပြီဆိုတဲ့ အခါမတော့ စတာလင်ဟာ သူ့တိုင်းပြည် တယ်အင်အားရှိသကိုးလို့ အထင်ရောက် သွားတယ်။ ဒီမှာတင် နျူကလီးယားအိပ်မက် စမက်တော့တာပဲ။

ခက်တာက အက်တမ်ဗုံးဆိုတာ မနက် ထလာတာနဲ့ အဆင်သင့် တွေ့ရတဲ့ ကြက်ဥကြော် မဟုတ်ဘူးလေ။ သုတေသနတွေ အများကြီး နှစ် ကာလရှည်ကြာစွာ လုပ်ရတာမျိုး မဟုတ်လား။ ဆိုဗီယက် အက်တမ်ဗုံး သုတေသနလုပ်ငန်းက

နှစ်ပေါင်းများစွာ လုပ်တော့ လုပ်နေကြတာပဲ။ ဘာမှ မဘာခင် တစ်ရက်မှာ နယူးမက္ကစီကိုက ပေါက်ကွဲသံသုံ့သုံ့ ကြားရတယ်။ သြော် ... ဒီပြိုင်ပွဲမှာ အမေရိကန်တွေ နိုင်သွားပြီကိုး။ အင်းလေ ... သူတို့က တာထွက်စောတာကိုး။ နယူးမက္ကစီကိုပြီးတော့ နောက်ထပ် နှစ်ခါ ပေါက်ကွဲ တယ်။ ဟီရိုရှီးမားမှာ တစ်ခါ၊ နာဂါဆာကီမှာ တစ်ခါ။ စတာလင် တင်းလာပြီ။ ထရူးမန်းဆိုတဲ့ကောင် သူ့နှာခေါင်းကို ညှစ်နေတာ သုံးခါရှိပြီ။ ဘယ်သူက ဆရာလဲဆိုတာ ပြနေတာ။ ရဲဘော်ကြီး စတာလင်ဟာ မာရှယ် ဘာရီယာကို ဒီလိုပြောတယ်။

'ပြဿနာကို ပြေလည်အောင် ဖြေရှင်းစမ်း၊ အဆင်ပြေအောင် လုပ်စမ်း၊ ဖြေရှင်းစမ်း၊ ဖြေရှင်းစမ်း၊ ကြားလား'

မာရှယ်ဘာရီယာဟာ ဆိုဗီယက်က ရှိသမျှ သချ်ာပညာရှင်တွေ၊ ဓာတုဗေဒ၊ ရူပဗေဒ ပညာရှင်တွေအားလုံးကို တတ်စွမ်းသမျှ ညှစ်တယ်။ တစ်ဝက်လောက်ကို ဆိုက်ဘေးရီးယားက ဂူလက် အကျဉ်းစခန်းထဲ ပို့ပေမဲ့ ဘာမှ အကြောင်းမထူး။ သူ့သူလျှို ဒလန်တွေလည်း ဘာမှ ရတယ်လို့မကြား။ ဒါကြောင့်မို့ အမေရိကန်ရဲ့ ဗုံးဖော်မြူလာကို ခိုးဖို့ဆိုတာ ဘယ်လိုမှကို မဖြစ် နိုင်တဲ့ ကိစ္စ။ ကဲ ... မော်စကို အရှေ့တောင်ဘက်မှာ တည်ဆောက်ထားတဲ့ လျှို့ဝှက် မြို့တော် ဆာရော့ဗ်မှာ တည်ထားတဲ့ ဆိုဗီယက် သုတေသနစင်တာကို အက်တမ်ဗုံး ဗဟုသုတတွေ ဖြည့်ဆည်းပေးဖို့ အပြင်ကိုပဲ အားကိုးရတော့မယ်။ ဒါကြောင့် မာရှယ် ဘာရီယာဟာ အပြည်ပြည်ဆိုင်ရာ သူလျှိုဌာန အကြီးအကဲကို အမိန့်ပေးလိုက်တယ်။

'အဲလ်ဘတ်အိုင်စတိုင်းကို ခေါ်ခဲ့ကွာ'

အပြည်ပြည်ဆိုင်ရာ သူလျှိုဌာန အကြီးအကဲဟာ ကယောင်ချောက်ချား ဖြစ်သွားတယ်။

'ဒါ ... ဒါပေမဲ့ အဲလ်ဘတ်အိုင်စတိုင်း ဆိုတာက ... ... ...'

'အေး ... ဘာဖြစ်တုံး၊ အဲလ်ဘတ်အိုင်စတိုင်းဟာ ကမ္ဘာ့အကောင်းဆုံး ဦးနှောက်ပိုင်ရှင်လေ၊ ငါပြောသလို လုပ်မလား၊ သေမိန့်ယူမလား ... ပြော'

အပြည်ပြည်ဆိုင်ရာ သူလျှိုဌာန အကြီးအကဲခမျာ ဆော်အသစ်ကလေး ရထားတာ မကြာသေးဘူး။ ဒါကြောင့် သေမိန့်ကို ဘယ်နည်းနဲ့မှ မယူနိုင်ဘူး။ ဒါပေမဲ့လည်း ...

ဒါပေမဲ့ သူ ဘာမှတောင် မပြောရသေးဘူး။ မာရှယ် ဘာရီယာက ကြုံးအော်လိုက်တော့တယ်။

'ပြဿနာကို ပြေလည်အောင် ဖြေရှင်းစမ်း၊ အဆင်ပြေအောင် လုပ်စမ်း၊ ဖြေရှင်းစမ်း၊ ဖြေရှင်းစမ်း၊ ကြားလား'

အဲလ်ဘတ်အိုင်စတိုင်းကို ပြန်ပေးဆွဲပြီး မော်စကိုပို့ဖို့ဆိုတာ ဟင်းရွက် ကန်စွန်း နုတ်တဲ့ကိစ္စမှ မဟုတ်ဘဲ။ အရင်ဆုံး သူ ဘယ်မှာလဲဆိုတာ လိုက်ရှာ ကြရတယ်။ အိုင်စတိုင်းဆိုတဲ့ လူကလည်း ဂျာမနီမှာ မွေး၊ အီတလီကို ပြောင်း၊ ဆွစ်ဇာလန်ကို ရွှေ့၊ ခု အမေရိကန် ရောက်။ ပြီးတော့ တစ်ချိန်လုံး ဖင်ငြိမ်ငြိမ် မထိုင်ဘဲ ဟိုဟိုသည်သည် လျှောက်သွားနေတာ မဟုတ်လား။

နယူးဂျာစီမှာ သူ့အိမ်တစ်လုံး ရှိတယ်။ ဘယ်သူမှ မနေဘူးတဲ့။ စိတ် ညစ်စရာပါပဲ။ အမေရိကန်က ဆယ်လီဘရစ်တီတစ်ယောက်ကို ဖမ်းချုပ်၊ အတ္တလန္တိတ် သမုဒ္ဒရာကိုဖြတ်ပြီး ဥရောပပို့ဖို့ဆိုတာ ပြဿနာကင်းကင်းနဲ့

ဘယ်ဖြစ်လိမ့်မလဲ။

ဘယ်မလဲ … သူ ဘယ်မလဲ … အိုင်စတိုင်းဆိုတာကလည်း သူ ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာ ဘယ်သူ့ကိုမှ ပြောရိုးထုံးစံ မရှိဘူး။ အင်မတန် အရေးကြီးလှပါတယ်ဆိုတဲ့ အစည်းအဝေးတွေကိုတောင် ရက် ပေါင်း များစွာ နောက်ကျပြီးမှ ရောက်ချင် ရောက်လာတတ်တဲ့ လူမျိုး။

အပြည်ပြည်ဆိုင်ရာ ဆိုဗီယက် သူလျှိုတွေဟာ အိုင်စတိုင်းကိစ္စနဲ့ အလုပ်တွေ ရှုပ်ကုန်ကြတယ်။ အိုင်စတိုင်းဟာ ခု နယူးဂျာစီ၊ ခဏနေ ဂျီနီဗာ၊ တော်ကြာ ဝါရှင်တန်က သူ့ထုတ်ဝေသူဆီမှာ၊ အင် ဘေဆယ်၊ ဟော … အိုဟိုင်းအိုး၊ အမလေး … မျက်လှည့်ပြနေသလိုပဲ။

စိတ်ရှည်ရှည်နဲ့စောင့်၊ စောင့် … စောင့် …။ ဟော … ခုတော့ စောင့်ရကျိုးနပ်ပြီ။ အိုင်စတိုင်းဟာ သူတို့မျက်စိရှေ့မှာ မီးခိုးရောင် မိုးကာကြီး ဝတ် ဦးထုပ်ကြီး ဆောင်းပြီး ပေါ်လာခဲ့ပြီ။ ဆွစ်ဇာလန်က သူ့အချစ်ဆုံး သူငယ်ချင်း မစ်ချဲလ်ဘက်ဆိုရဲ့အိမ်ကို လမ်းလျှောက်လာနေတယ်။ တံခါး ဘဲလ်ကို တီးတယ်။ ဟော … ဘက်ဆိုကိုယ်တိုင် လာဖွင့်ပေးတယ်။ အိမ်ထဲမှာ အသက်ကြီးကြီး စုံတွဲတစ်တွဲ ရှိနေတယ်။ သူတို့ ဘယ်သူတွေတုံး …။ စုံစမ်း။ အင်း … သိပြီ။ ဘက်ဆို့ ယောက်ဖနဲ့ သူ့မိန်းမ မာဂျာတဲ့။ ဩော် … လက်စ သတ်တော့ မာဂျာက အိုင်စတိုင်း ညီမကိုး။ ဟေး … ဟေး … ဟေး … မင်း ဘယ်ပြေးမလဲ အဲလ်ဘတ်လေး။

အိုင်စတိုင်းဟာ အဲဒီမှာ နှစ်ရက်တိတိ နေသွားတယ်။ အပြန်ကျတော့ အလာတုန်းက သူ ဝတ်သလိုပဲ။ မိုးကာနဲ့၊ ဦးထုပ်နဲ့၊ လက်အိတ်နဲ့။

ကားနောက်ခန်းထဲ တွန်းထည့်ပြီး မေ့ဆေးနဲ့ အအုပ်ခံလိုက်ရချိန်ထိ

အိုင်စတိုင်းခများ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်း မသိရှာဘူး။ ချက်ချင်းပဲ သူ့ကို ဩစတြီးယားပို့၊ ဟန်ဂေရီ ဆက်ပို့၊ ဟန်ဂေရီ တပ်မတော်လေယာဉ်ကွင်းကနေ မော်စကို တန်းပို့ပစ်လိုက်တယ်။

နောက်တစ်နေ့မှာတော့ မာရှယ် ဘာရီယာ ခေါင်းဆောင်တဲ့ မော်စကို လျှို့ဝှက်ပုလိပ်အုပ်စုဟာ အဲလ်ဘတ် အိုင်စတိုင်းကို တွေ့ဆုံကြတယ်။ မေးခွန်း တစ်ခွန်း မေးတယ်။ ပူးပေါင်းမလား၊ တစ်သက်လုံး တိုက်ပိတ်ခံမလားတဲ့။ မပူးပေါင်းဘူး ခင်ဗျာ၊ ဝမ်းနည်းစရာပဲ၊ နျူကလီးယား အက်တမ် ကွဲပွားမှု ဆင့်ကဲဖြစ်စဉ်ဆိုတာ ဘာတုံးတဲ့။ သူကတောင် ပြန်မေးလိုက်သေး။ ၁၉၃၉ မှာ သမ္မတ ရုစဗဲ့ဆီကို သူကိုယ်တိုင် မန်ဟက်တန် ပရောဂျက်ဆိုပြီး တင်သွင်းခဲ့တဲ့ကိစ္စကို ရှူးချင်ဟန်ဆောင်နေတယ်။ သူ့ကိုယ်သူ အဲလ်ဘတ် အိုင်စတိုင်း မဟုတ်ဘူးတဲ့။ အဲလ်ဘတ်အိုင်စတိုင်းရဲ့ ညီအငယ် ဟားဘတ်ထ် အိုင်စတိုင်းတဲ့လေ။ ဟေဟေ့ ... ရယ်ချင်လိုက်တာ ဖတ်ဖတ်မော၊ ရင်ဘတ် နောက်က ကျော။ အဲလ်ဘတ်အိုင်စတိုင်းမှာ ညီ မရှိတာ လူတကာ အသိ။ ညီမတစ်ယောက်ပဲ ရှိတာ။ ဘာရီယာကို ဘာထင်နေသလဲ။ နာချင်နေပြီ ထင်တယ်။ ကဲ ... ကဲကွာ။

အဲသလို သူတို့ အကြမ်းဖက်နေတုန်း နယူးယောက် သတ္တမရိပ်သာ လမ်းက ကာနစ်ဂီခန်းမမှာ အဲလ်ဘတ်အိုင်စတိုင်းဟာ ပရိသတ်ပေါင်း ၂၈၀၀ ကို ရီလေတီဗီတီ သီအိုရီအကြောင်း ဟောပြောနေခဲ့တယ်။ အဲဒီပရိသတ်ထဲက နှစ်ယောက်က ဆိုဗီယက် သူလျှိုတွေ။

ကဲ ... ခု အတ္တလန္တိတ်သမုဒ္ဒရာ ဟိုဘက်ခြမ်းနဲ့ ဒီဘက်ခြမ်းမှာ အဲလ်ဘတ်အိုင်စတိုင်း နှစ်ယောက် ဖြစ်နေပြီ။ ကာနစ်ဂီခန်းမထဲက တစ် ယောက်က

အစစ်ဆိုတာ သေချာတယ်။ ဒါဆို ဒီက မသာက ဘာတုံး။

မကြာပါဘူး။ မာရှယ်ဘာရီယာရဲ့ သူမတူတဲ့ နှိပ်စက်နည်းတွေကြောင့်

အဲလ်ဘတ်အိုင်စတိုင်း အတုဟာ အမှန်တရားတွေ သူ့ပါးစပ်က အန်ကျလာ

တော့တယ်။

'ကျုပ်ပြောတာ ဝင်ဝင်မမေးဘဲ သေချာနားထောင်ပါ မာရှယ်ဘာရီယာ၊

မကြာခင် ခင်ဗျား အားလုံးကို သိလာစေရမယ်' တဲ့။

အတုကောင်က ပြောတယ်။

'အင်းပါ၊ ဝင်မမေးပါဘူး၊ လိမ်တယ်ထင်ရင် ခေါင်းထဲ ကျည်ဆန်

ပစ်သွင်းလိုက်ရုံပ'

မာရှယ်ဘာရီယာဟာ ပစ္စတိုကို အသင့်ပြင်ထားပြီး ပြောခိုင်းလိုက် တယ်။

အဲလ်ဘတ်အိုင်စတိုင်းရဲ့ ညီ ဟားဘတ်ထ်အိုင်စတိုင်းလို့ သူ့ကိုယ်သူ ပြောတဲ့

ငနဲဟာ အသက်ပြင်းပြင်း ရှူသွင်းလိုက်ရင်း သူ့ဇာတ်လမ်းကို စပြောတယ်။

ဇာတ်လမ်းက နာစရာ၊ ကြင်စရာ၊ လွမ်းစရာ၊ လှိုက်စရာ၊ ရှိုက်စရာ

အပြည့်နဲ့ပါကလား။ သတ်မယ်၊ ဖြတ်မယ် တပြင်ပြင်လုပ်နေတဲ့ မာရှယ်

ဘာရီယာတောင် ငိုင်ကျသွားတယ်။

ဟာမန်း အိုင်စတိုင်းနဲ့ ပေါ်လင်း အိုင်စတိုင်း ဇနီးမောင်နှံမှာ သားသမီး

နှစ်ယောက်ရှိတယ်။ အကြီးက အဲလ်ဘတ်အိုင်စတိုင်း၊ အငယ်မလေးက မာဂျာ

အိုင်စတိုင်း။ သို့သော်လည်း ဖေဖေကြီး အိုင်စတိုင်းက ခြေအငြိမ်မနေ လက်အငြိမ်

မနေတဲ့အတွက် မြူးနစ်က သူ့ ဓာတုစက်ရုံ အတွင်းရေးမှူးမ လုလုရွရွ ကလေးကို

မျက်စိကျတယ်။ ရလဒ်အနေနဲ့ အဲလ်ဘတ်နဲ့ မာဂျာတို့ရဲ့ တရားမဝင် မောင်ကလေး

ဟားဘတ်ထ် ထွက်လာခဲ့တယ်။

မာရှယ် ဘာရီယာရဲ့ သူလျှိုတွေကိုလည်း အဆိုးမဆိုသာပါဘူး။ ၁၃ နှစ်တိတိ ငယ်ပေမဲ့ ဟားဘတ်ထ်ဟာ ရုပ်အနေနဲ့ အဲလ်ဘတ်နဲ့ ချွတ်စွပ် တူတယ်။ အဲ ... စိတ်နဲ့ ဦးနှောက်ကတော့ အမေတူသား ဟားဘတ်ထ်ဟာ ဖျင်းသလားမမေးနဲ့ ဆိုတဲ့အစားထဲက။

၁၈၉၅၊ ဟားဘတ်ထ် နှစ်နှစ်သားမှာ အိုင်စတိုင်းမိသားစု မြူးနစ်ကနေ မီလန်ကို ပြောင်းခဲ့ကြတယ်။ ဟားဘတ်ထ် ပါသွားပေမဲ့ သူ့အမေ ကျန်ရစ်ခဲ့တယ်။ ဖေဖေကြီး အိုင်စတိုင်းက ခေါ်ဖို့ ကြိုးစားပါသေးတယ်။ ဟားဘတ်ထ် အမေက ပြောင်းဖို့ နည်းနည်းမှ စိတ်မဝင်စားဘူး။ ဂျာမန် ဝက်အူချောင်းကို စပါဂတ်တီနဲ့ အစားမထိုးနိုင်သလို ဂျာမန်စကားကလွဲလို့ တခြားဘာစကားမှ မပြောနိုင်ဘူးတဲ့လေ။ ကလေး ကရိကထလည်း သူမခံချင်ဘူးဆိုတော့ ဟားဘတ်ထ်ကို ဘယ်ခေါ်သွားသွား သဘောရှိ ကလောဟိတဲ့။ ဒီလိုနဲ့ ဂျာမနီမှာ သူ နေခဲ့တယ်။ ပေးခဲ့တဲ့ငွေတွေ အကုန် ထင်သလိုလုပ်ပစ်ရင်း တီဘီ ရောဂါနဲ့ ဆင်းဆင်းရဲရဲ ကွယ်လွန်သွားရှာတယ်။ ဟားဘတ်ထ်ဟာ အစ်ကိုကြီး အဲလ်ဘတ်၊ အစ်မကြီး မာဂျာတို့နဲ့အတူ ကြီးပြင်းလာခဲ့တယ်။ ဖေဖေအိုင်စတိုင်းက ဟားဘတ်ထ်ကို သူ့တူလို့ ညာဖြီး ထားခဲ့တယ်။ အဲလ်ဘတ်ကို သိပ်မခင်ပေမဲ့ မာဂျာ့ကိုတော့ သူ သိပ်ချစ်သတဲ့။ မမလို့တော့ တစ်ခါမှ မခေါ်ခဲ့ရဘူးတဲ့လေ။

'အဆုံးမတော့ ကျုပ်ကို အမေက စွန့်ပစ်တယ်၊ အဖေက အသိအမှတ် မပြုဘူး၊ ကျုပ်ဟာ ထုံတယ်၊ နုံတယ်၊ အကျိုးရှိတာ ဆိုလို့ ဘာတစ်ခုမှ မလုပ်ဖူးဘူး၊ အဖေပေးခဲ့တဲ့ ငွေလေးနဲ့ အသက်ရှင်အောင် ကုတ်ကပ်နေခဲ့ ရတာ၊ ကျုပ်မှာ ဘာများ ပညာရှိရဦးမှာလဲ'

မာရှယ် ဘာရီယာရဲ့ ပစ္စတိုဟာ အောက်စိုက်ကျသွားခဲ့တယ်။ သနား စရာ

ကောင်းလိုက်တဲ့လူ၊ သူ့ထက် ပိုသနားစရာကောင်းတာက ငါ ဆိုပြီး မာရှယ်ဘာရီယာဟာ အတွေးဝင်နေတယ်။ ကဲ … ခု ငါ ဘာဆက်လုပ်မလဲ။ ပြဿနာတွေ တစ်လှေကြီးရှိနေတဲ့ မာရှယ်ဘာရီယာအဖို့ နောက်ထပ် ပြဿနာ တစ်ခု ထပ်လက်မခံချင်တော့ဘူး။ သူ့ကို ထာဝရ လွတ်လပ်ခွင့်ပေးလိုက်တော့လို့ အမိန့်ပေးရင်း ထွက်လာခဲ့တယ်။ ဟားဘတ်ထ် အိုင်စတိုင်းအကြောင်း ရဲဘော်ကြီး စတာလင်ကို အစီရင်ခံလို့တော့ မဖြစ်ရေးချ မဖြစ်။ မာရှယ် ဘာရီယာဟာ ဘာလုပ်ရမယ်မှန်း မသိ ဖြစ်နေတုန်း လော့စ်အလာမို့စ်က သတင်းကို သူ ကြားခဲ့တယ်။

မန်ဟက်တန် ပရောဂျက်မှာ ပါဝင်ပတ်သက်ခဲ့တဲ့ လူပေါင်းတစ်သိန်း သုံးသောင်းလောက် ရှိတယ်။ ဒါပေမဲ့ အဲဒီလူတွေ တစ်ယောက်မှ အက်တမ် ဗုံးရဲ့ အမြုတေ လျှို့ဝှက်ချက်ကို မသိဘူး။ အဲဒါကို သိသူက ဆီွဒင် တစ်ယောက်တဲ့။ ခု သူ့နာမည် သိခဲ့ပြီတဲ့။

နောက် ၁၂ နာရီအတွင်း အဲဒီ ဆီွဒင် အယ်လန်ကားလ်ဆန်ဟာ ဂရန်း ဟိုတယ်မှာ နေတယ်ဆိုတာ သိလာတယ်။ ဆီွဒင် အက်တမ်ပရောဂျက် အကြီးအကဲက သူ့ကို ခါထုတ်လိုက်တယ် ဆိုတာပါ သိလာခဲ့တယ်။ မာရှယ် ဘာရီယာဟာ တစ်ကိုယ်တည်း ပြောနေမိတယ်။

'ကမ္ဘာ့ အဖျင်းဆုံးကောင်ဟာ ဘယ်ကောင် ဖြစ်မတုံးကွာ၊ ဆီွဒင် အက်တမ်ပရောဂျက် ခေါင်းဆောင်လား၊ ဟားဘတ်ထ် အိုင်စတိုင်းလား'

ဒီတစ်ခါတော့ မာရှယ်ဘာရီယာဟာ မဟာဗျူဟာကို ပြောင်းလိုက် တယ်။ အယ်လန်ကားလ်ဆန်ကို အကြမ်းမဖက်ဘူး။ ဒေါ်လာနဲ့ ဆွယ်မယ်။ ပြီးတော့ သူလျှိုတွေနဲ့ သွားဆွဲခိုင်းလို့ မဖြစ်ဘူး။ အက်တမ်ဗုံးပညာရှင် အုပ်စုထဲက

ရုပဗေဒပညာရှင် ယူရီပိုပေါ့ကို လွှတ်မယ်။ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ကြိုဆိုမယ်။

ခုတော့ အစီအစဉ်အတိုင်း တစ်သဝေမတိမ်း။ ယူရီနဲ့ အယ်လန် မော်စကို လာနေကြပြီ။ အယ်လန်ကားလ်ဆန်ဟာ ကြည်ကြည်ဖြူဖြူပဲ လိုက် လာသတဲ့။

မာရှယ်ဘာရီယာရဲ့ ရုံးဟာ ရဲဘော်ကြီး စတာလင်ရဲ့ ဆန္ဒအတိုင်း ကရင်မလင် နန်းတော်ထဲမှာ။ ဧည့်ခန်းထဲကနေ အယ်လန်နဲ့ ယူရီကို သူ ကိုယ်တိုင် ထွက်ကြိုတယ်။

'တွေ့ရတာ ဝမ်းသာသဗျာ၊ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ် မစ္စတာ ကားလ်ဆန်'

မာရှယ် ဘာရီယာက အယ်လန့်လက်ကို ပြုတ်မတတ်ဆွဲ နှုတ်ဆက်ရင်း ပြောနေတယ်။

'ကျေးဇူးတင်ပါတယ် မစ္စတာမာရှယ် ခင်ဗျား'

မာရှယ်ဘာရီယာဆိုတဲ့လူက ထိုင်ပြီး အာလာပ သလ္လာပ ပြောတတ်တဲ့လူ မဟုတ်ဘူး။ လောကဝတ် မရှိတာလည်းပါတာပေါ့။ ဒါကြောင့် သူ တဲ့(ဒဲ့)ပဲ မေးလိုက်တယ်။

'ကဲ … မစ္စတာကားလ်ဆန်၊ ကျုပ်သဘောပေါက်တာကတော့ ခင်ဗျားဟာ ဆိုဗီယက်အတွက် နျူကလီးယားကိစ္စကို ဒေါ်လာတစ်သိန်းနဲ့ ကူညီမယ်လို့ ဆိုတယ်၊ ဟုတ်စ …'

အယ်လန်က ပြန်ပြောတယ်။ ငွေက အဓိက မဟုတ်ပါဘူးတဲ့။ ယူရီ့ကို ကူညီချင်တာပါတဲ့။ ဒါတွေ နောက်နေ့မှ ပြောကြစို့တဲ့။ ခု ခရီးပန်းလာတယ် ဆိုပဲ။ မာရှယ်ဘာရီယာကလည်း ခရီးပန်းလာတာ သူ နားလည်ကြောင်း၊ ရဲဘော်ကြီး

စတာလင်နဲ့ ညစာစားပြီးရင် ကရင်မလင်ရဲ့ အကောင်းဆုံး ဧည့်သည်အိပ်ခန်းမှာ စိတ်တိုင်းကျ အနားယူရစေ့မယ်ဖြစ်ကြောင်း ချော့လိုက်တယ်။ ဒါတော့ သူ တတ်တယ်။

အမလေး … ရဲဘော်ကြီး စတာလင်ဟာ ကပ်စေးနဲ့ကြီးဆိုတာ မှားသဗျား။ ကြည့်စမ်းပါဦး။ အစားအသောက်တွေကို အလျှံပယ်။ ဝိုင်တွေ ချောင်းစီး။ ဖော့ဒကာ လက်ပစ်ကူးလို့ရလောက်အောင် တည်ခင်းထားတာ။

စားပွဲထိပ်မှာ ရဲဘော်ကြီးစတာလင်။ သူ့ဘေးမှာ အယ်လန်ကားဆန်။ ချူကလီးယား ရူပဗေဒပညာရှင် ယူရီပိုပေါ့။ ပြီးတော့ ဆိုဗီယက်ယူနီယံ လုံခြုံရေးအကြီးအကဲ မာရှယ် လက်ဗ်ရန်တီ ပက်ဗလိုဗစ်ချ် ဘာရီယာနဲ့ ဘာမှ မစား၊ ဘာမှ မသောက်ရဘဲ အရိပ်လို ပျောက်နေရတဲ့ စကားပြန် လူငယ်လေး တစ်ယောက်။

စတာလင်ဟာ အင်မတန် စိတ်လက်ကြည်ရွှင်နေခဲ့တယ်။ လက်ဗ်ရန် တီ ပက်ဗလိုဗစ်ချ်ဟာ အပြောနဲ့ အလုပ် ညီသူပေကပဲ။ အိုင်စတိုင်းဆိုတဲ့ လူက သိအိုရီသက်သက်ပဲ။ ကြည့်စမ်း …။ ခု အယ်လန် ကားလ်ဆန်ကမှ ဗုံးအကြောင်း အူမ ချေးခါးမကျန် အသေးစိတ်သိတဲ့လူ။ ဟုတ်ပါ့ကွယ်။

ပြီးတော့ ကားလ်ဆန်ဟာ တကယ့် လူရည်မွန်ပဲ။ သူ့ဘဝ ဇာတ် ကြောင်းကလည်း ကောင်းမှကောင်း။ သူ့အဖေဟာ ဆိုရှယ်လစ်ဝါဒအတွက် ဆွီဒင်ကို စွန့်ခွာ၊ ရုရှကို ချီတက် အသက်ပေးခဲ့သတဲ့။ သူ့သား အယ်လန်က စပိန် ပြည်တွင်းစစ်မှာ ပါခဲ့ဖူးသတဲ့။ ဘယ်ဘက်ကလည်းတော့ မေးမနေတော့ ပါဘူး။ ပြီးတော့ အမေရိကန် ရောက်သွားသတဲ့ (ထွက်ပြေးလာတာ နေမှာ)။ ဘာပဲဖြစ်ဖြစ် မဟာမိတ်တပ်ပေါင်းစုအတွက် ဖောက်ပြန်တဲ့ အရင်းရှင်တွေ အတွက်

နည်းနည်းပါးပါး လုပ်ပေးခဲ့တာတော့ ခွင့်လွှတ်ရမှာပေါ့လေ။
ခဏနေတော့ စတာလင်ဟာ အရက်ခွက်ချင်းတော့ပြီး ပြောရတဲ့ ဆွီဒင်
ဆုတောင်းစကားကို ဘယ်လိုပြောရတယ်ဆိုတာ သိသွားပြီ။ စတာလင့် အသံကို
နားထောင်ပြီး အယ်လန်က မစ္စတာရဲဘော်ကြီး အသံဟာ သိပ်ကောင်းကြောင်း
ပြောတယ်။ စတာလင်က သူ ငယ်ငယ်ကဆို ဘုရားကျောင်းမှာ ကွိုင်ယာဆိုတဲ့အပြင်
မင်္ဂလာဆောင်မှာလည်း သီချင်းဆိုကြောင်း အားပါးတရပြောရင်း စားပွဲက ခုန်ထ၊
လက်တွေ လေထဲမြှောက်ရင်း ခြေကားယား လက်ကားယားနဲ့ အော်ကြီးဟစ်ကျယ်
သီချင်းဆိုပါလေရော။ ကောင်းလိုက် တာ။ ကုလားသီချင်း ကျနေတာပဲ။
အယ်လန်ကတော့ သီချင်းမဆိုတတ်ဘူး။ ဒါပေမဲ့ တစ်ခုခု လုပ်ပြမှ ဖြစ်မယ်
ဆိုတာလောက်တော့ သူ သိတယ်။ ဒါကြောင့် သူ ရွာကျောင်းမှာ နေတုန်းက
ကျောင်းကဆရာ အတင်းအဓမ္မ ဇွတ်သင်ပေးထားတဲ့ ဗာနာ ဗွန် ဟိန်ဒမ်စတမ်ရဲ့
ကဗျာကို ရွတ်လိုက်တယ်။ သူ ဆွီဒင်လို ကဗျာရွတ်တော့ ရဲဘော်ကြီး စတာလင်က
ထိုင်ပြီး နားထောင်သလေ။
အဲဒီကဗျာရဲ့ အဓိပ္ပာယ်ကို ရှစ်နှစ်သားတုန်းက အယ်လန် မသိခဲ့ဘူး။ ခု
သုံးဆယ့်ငါးနှစ်အကြာမှာ ပြန်ရွတ်တော့ ပိုတောင် မသိသေးတယ်။
ကာယကံရှင်ကိုယ်တိုင် မသိမှတော့ ရုရှ–အင်္ဂလိပ် စကားပြန်ကောင်လေးက
သာဆိုးသပေါ့။ နဂိုကတည်းက ကိုယ်ပျောက်သလိုနေရာက ခု ပိုပျောက်
သွားတယ်။
လက်ခုပ်သံတွေ စဲသွားတော့ အယ်လန်က ဒါဟာ ကဗျာဆရာကြီး ဗာနာ ဗွန်
ဟိန်ဒမ်စတမ်ရဲ့ ကဗျာပဲလို့ ပြောချလိုက်တယ်။
ရဲဘော်ကြီး စတာလင်ဟာ ရဲဘော်ကြီး မဖြစ်ခင်က ကဗျာဆရာပဲ။

ကဗျာဆရာမှ တကယ့် ဒေါင်ဒေါင်မြည် ကဗျာဆရာ။ ကဗျာ့ခေတ်ခံအား အင်မတန်
ကြီးတဲ့ ကဗျာဆရာ။ ခေတ်ပြိုင်ကဗျာဆရာတွေ အားလုံးကို ထဲထဲဝင်ဝင် သိတဲ့
ကဗျာဆရာ။ ဒါကြောင့် ဗာနာ ဗွန် ဟိန်ဒမ်စတမ် ဘာလဲဆိုတာ သူ
ကောင်းကောင်းသိတယ်။ အယ်လန်သာ မသိတာ။ ဗာနာ ဗွန် ဟိန်ဒမ် စတမ်ဟာ
ဂျာမန်ဘက်တော်သားဆိုတာ ရဲဘော်ကြီးက အများကြီးသိတယ်။ ဟစ်တလာရဲ့
ညာလက်ရုံး ရူးဒေါ့ဖ် ဟက်စ်ကိုယ်တိုင် ဟိန်ဒမ်စတမ့် အိမ်ကို ၁၉၃၀
လောက်တုန်းက ရောက်ဖူးတယ်ဆိုတာရော၊ ဟိုက်ဒဲဘတ်ခ်တက္ကသိုလ် ကနေ
ဟိန်ဒမ်စတမ်ကို ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ပေးတာရော ရဲဘော်ကြီးက အသေအချာ
သိတယ်။

အဲဒီ အကြောင်းကြောင်းသော အကြောင်းတွေကို အကြောင်းပြုပြီး ရဲဘော်ကြီးရဲ့
စိတ်အစဉ်ဟာ အသွင်ပြောင်းလာခဲ့တယ်။

'ဒီမယ် မစ္စတာကားလ်ဆန်၊ လက်ကမ်းကြိုနေတဲ့ အိမ်ရှင်ကို ဒီလို
မခန့်လေးစား စော်ကားတာ ကောင်းသလားဗျ'

အို ... ဘယ့်နှာတုံး။ ဘယ်သူက စော်ကားနေလို့တုံး။ ဪ ...
ဟိန်ဒမ်စတမ်ကြောင့် စိတ်တိုနေတာလား။ ဒါဆိုလည်း တောင်းပန်ပါတယ်။ သူက
သေပြီထင်ပါရဲ့။ လူသေနဲ့ဖက် ရန်ဖြစ်နေလို့ ဘယ်ဖြစ်ပါ့မလဲ။

'နေစမ်းပါဦး၊ ခင်ဗျား ကဗျာထရွတ်တာက ဘာသဘောလဲ၊ တော်လှန်ရေးရဲ့
ရန်သူတော်တွေကို စတာလင်က လေးစားရမယ်ဆိုတဲ့ သဘော လား'

သူ ဒေါသထွက်လာရင် သူ့ကိုယ်သူ စတာလင်၊ စတာလင်လို့ ထည့်ထည့်
ပြောတတ်တဲ့ ရဲဘော်ကြီးက ပြောလိုက်တယ်။

အို ... အဲသလိုလည်း မဟုတ်ဘူးလေ။ နှလုံးကောင်း ဝမ်းကြီး လူတစ်

ယောက်ကို ဂုဏ်ပြုတဲ့သဘောပါ။

'ဘာကွ ... နှလုံးကောင်းဝမ်းကြီးလူ၊ ဟုတ်စ ... မစ္စတာကားလ်ဆန်က စတာလင့်ကို နှလုံးကောင်း ဝမ်းကြီးလို့ လှောင်နေတာလား'

ရဲဘော်ကြီးအသံဟာ ကျယ်သထက်ကျယ်၊ မျက်ခွက်ကြီးက နီသထက် နီလာတယ်။ သူ ဆက်ပြောတယ်။

'စပိန် ပြည်တွင်းစစ်တုန်းက ခင်ဗျား ဘယ်ဘက်က တိုက်တာလဲ၊ မစ္စတာ ဟိန်ဒမ်စတမ် ချစ်သူကြီးရဲ့၊ ပြောစမ်းပါဦး'

အလို ... ဒီကောင်ကြီးဟာ ဆဋ္ဌမအာရုံများ ရနေသလား။ ကဲလေ ... ပြောစရာရှိတာတော့ ပြောရမှာပေါ့။

'အင်း ... အင်း ... တိုက်တယ်တော့လည်း မဟုတ်ပါဘူး မစ္စတာ စတာလင်၊ ပထမတော့ သမ္မတတပ်ပေါင်းစုဘက်ကပဲ၊ နောက်တော့ အခြေအနေအရ ဘက်ပြောင်းပြီး ဗိုလ်ချုပ်ကြီးဖရန်ကိုရဲ့မိတ်ဆွေ ဖြစ်သွားတယ်'

'ဘာ ... ဗိုလ်ချုပ်ကြီးဖရန်ကို'

ရဲဘော်ကြီးဟာ အသံကုန်အော်ပြီး ကုန်းထလိုက်တယ်။ သူ့ ကုလားထိုင်ဟာ ပက်လက်လန်လဲသွားတယ်။

အခြေအနေက ဆိုးသထက်ဆိုး၊ ရဲဘော်ကြီး စတာလင်ဟာ ဒေါသ ထွက်သထက် ထွက်။ အယ်လန့်ကတော့ ဒါမျိုး ကြုံခဲ့ပေါင်း များလှပြီ။ လူတွေ သူ့ကို အော်ခဲ့ပေါင်း များလှပြီ။ သူ ဘယ်သူ့ကိုမှ ပြန်မအော်ပါဘူး။ စတာလင့်ကိုလည်း ပြန်အော်ဖို့ အစီအစဉ်မရှိပါဘူး။ ဒါပေမဲ့ ဒီအတိုင်း ငြိမ်ခံ မယ်လို့ ဆိုလိုတာတော့ မဟုတ်ဘူး။ အယ်လန်ဟာ စတာလင်နဲ့ဝေးရာ စားပွဲ တစ်ဖက်စွန်းကို တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်နဲ့ သွားပြောင်း

ထိုင်တယ်။ ပြီးတော့ ထပ်ပြောတယ်။

'ပြီးသေးဘူး မစ္စတာရဲဘော်ကြီးရဲ့၊ တရုတ်ပြည်ကို သွားရသေးတယ်၊ ထရူးမန်း လွှတ်လိုက်တာပေါ့၊ လူပြက် မော်စီတုံးဆိုသူကို စစ်ခင်းဖို့တဲ့၊ နောက်တော့ ဟိမဝန္တာကိုဖြတ်ပြီး အီရန် ရောက်လာတယ်၊ အဲဒီမှာ ချာချီကို လုပ်ကြံမယ့်ကိစ္စကို ကာကွယ်ခဲ့ရသေးတယ်'

'ဘာ ... ချာချီကို ...၊ စောက်ဝက်ကြီးကို ... ဟုတ်လား'

စတာလင်ဟာ အသံကုန်ဖြဲအော်ရင်း ဗော့ဒကာ တစ်ဖန်ခွက်လုံး မော့ချလိုက်တယ်။ သူ့ခွက်ကလေးပါ ဖြည့်ခိုင်းရ ကောင်းမလား အယ်လန် စဉ်းစားသေးတယ်။ ဒါပေမဲ့ ဖြစ်သေးဘူး။ ခု အချိန်အခါ မကောင်းသေးဘူးလို့ တွေးတယ်။

ဘာရီယာနဲ့ ယူရီက ဘာမှဝင်မပြောဘူး။ ဘာရီယာက အယ်လန့်ကို အင်မတန် ဒေါသထွက်တဲ့ မျက်နှာနဲ့၊ ယူရီက အင်မတန် စိတ်မချမ်းသာတဲ့ မျက်နှာနဲ့ ကိုယ်စီ ကြည့်နေကြတယ်။ ဗော့ဒကာ တစ်ဖန်ခွက် ဝင်သွားတော့ ရဲဘော်ကြီးအသံ ပုံမှန်ပြန်ဖြစ်သွားတယ်။ နို့ပေသိ ဒေါသတော့ ထွက်နေ တုန်းပဲ။

'စတာလင် နားလည်တာ မှန်ရဲ့လား၊ ခင်ဗျားဟာ ဖရန်ကို့ဘက်က တိုက်တယ်၊ ခင်ဗျားဟာ ရဲဘော်ကြီး မော်ကို ဆန့်ကျင်တယ်၊ ခင်ဗျားဟာ လန်ဒန်က ဝက်ကောင်ရဲ့အသက်ကို ကယ်ခဲ့တယ်၊ ခင်ဗျားဟာ အမေရိကန်က

ပုပ်သိုးဆွေးမြည့်နေတဲ့ အရင်းရှင်ကောင်တွေလက်ထဲ ကမ္ဘာပေါ်မှာ အန္တရာယ် အရှိဆုံး လက်နက်ကို ထည့်ခဲ့တယ်၊ ဟုတ်လား'

'အင်းကွာ ... ငါ သိခဲ့ဖို့ကောင်းတာပေါ့'

ရဲဘော်ကြီးစတာလင်ဟာ ဒေါသထွက်လွန်းမက ထွက်လာတော့ သူ့ ကိုယ်သူ

စတာလင် စတာလင်နဲ့ ထည့်မပြောနိုင်တော့ဘူး။

'ခု ... ခင်ဗျား ဆိုဗီယက် ဆိုရှယ်လစ်စနစ်ဆီ ရောက်လာပြန်ပြီ၊ ဒေါ်လာတစ်သိန်းနဲ့ လာရောင်းပြန်ပြီ၊ ဒါ ခင်ဗျာ့ တန်ဖိုးလား၊ ညနေကျရင် ဈေးထပ်တက်ဦးမှာလား၊ ပြောစမ်း ... ပြောစမ်း'

ခုတော့ အယ်လန့်မှာ ကူညီချင်စိတ် တစ်စက်မှမရှိတော့ဘူး။ ယူရီဟာ လူကောင်းတစ်ယောက်။ သူ့အကူအညီကို တကယ် လိုအပ်နေတဲ့ လူကောင်း တစ်ယောက်။ ဒါပေမဲ့ ယူရီလုပ်သမျှ ရဲဘော်ကြီး စတာလင်ဆိုတဲ့ မျိုးမစစ် ရဲဘော်ကြီးလက်ထဲမှာ ဆုံးခန်းတိုင်မှာ။ အဲဒီရဲဘော်ကြီး ကြည့်ရတာလည်း ဟန်ပုံမရဘူး။ သူ့လက်ထဲ ဗိုးထည့်ပေးလိုက်ရင်လည်း သူ ဒါကြီးနဲ့ ကောင်း ကောင်း ကစားတတ်မယ့်ပုံလည်း မပေါ်ဘူး။

'မဟုတ်ပါဘူး ... ငွေအတွက် မဟုတ်ဘူး'

သူ နောက်ထပ် ဘာမှဆက်မပြောနိုင်ခင် စတာလင့်ရဲ့ ဒေါသမီးတောင် ကြီး ဝုန်းခနဲ ပေါက်ကွဲပြန်တယ်။

'ဟေ့ ... ဒီမယ်၊ မင်းကိုယ်မင်း ဘာထင်နေတုံး စောက်ကြွက်စုတ်လို ကောင်ရဲ့၊ ဖက်ဆစ်ကိုယ်စားလှယ်၊ အမေရိကန် အရင်းရှင် ကိုယ်စားလှယ် ကောင်ရဲ့၊ စတာလင် အမုန်းဆုံး ဝါဒစုတ်တွေရဲ့ ကိုယ်စားလှယ်ကောင်ရဲ့၊ မင်း ... မင်း ... ဒီပုံနဲ့ ကရင်မလင်ကို လာရဲသေးတယ်၊ ကရင်မလင်ကို လာရဲသေးတယ်၊ စတာလင်ကို ဈေးလာဆစ်ရဲတယ်၊ စတာလင်ကို ဈေး လာဆစ်ရဲတယ်၊ ဟုတ်စ ... ဟုတ်စ ...'

'မစ္စတာရဲဘော်ကြီးက ဘာကြောင့်များ စကားကို နှစ်ခါ နှစ်ခါ ထပ် ပြောနေတာလဲ ခင်ဗျ'

'အေး ... ဆိုဗီယက်ယူနီယံက စစ်တိုက်မှာပဲ၊ စစ်တိုက်မှာပဲ၊ စတာလင် မင်းကို ပြောလိုက်မယ်၊ အမေရိကန် အရင်းရှင်တွေ နိဂုံးချုပ်တဲ့အထိ စစ်က တော့ ဖြစ်ကိုဖြစ်မှာ၊ ဖြစ်ကိုဖြစ်မှာ'

'မစ္စတာရဲဘော်ကြီးက အဲသလို ထင်တာလား'

'စစ်တိုက်ဖို့နဲ့ စစ်နိုင်ဖို့ မင်းရဲ့ ခေါက်ဖုံးကို မလိုဘူးကွ၊ ဆိုရှယ်လစ် ဝိညာဉ်နဲ့ ဆိုရှယ်လစ် နှလုံးသားကိုပဲ လိုတာ၊ ဒါတွေရှိခဲ့ရင် ဘယ်တော့မှ မရှုံးဘူး၊ ဘယ်တော့မှ မရှုံးဘူး၊ မှတ်ထား'

'အင်း အဏုမြူဖုံး ထိပ်ပေါ် မကျမချင်း မရှုံးဘူးပေါ့၊ ဟုတ်တာပေါ့'

'ဟေ့ ... အရင်းရှင်မှန်သမျှ နှိမ်နင်းမယ်ကွ၊ အရင်းရှင် တစ်ယောက် ချင်းစီကို စိစိညက်ညက် ကြေသွားအောင် အမှုန့်ကြိတ်မယ်၊ မင်းကနေ စကြိတ်မယ် သိရဲ့လား၊ ခေါက်ခွေးကောင်ရဲ့၊ မင်းရဲ့ ဖုံးလုပ်နည်း မပေးဘူး ဆိုလို့ကတော့ ကြိတ်ပြီသာ အောက်မေ့ ...'

တစ်မိနစ်အတွင်း ကြွက်စုတ်ဖြစ်လိုက်၊ ခွေးဖြစ်လိုက် တိရစ္ဆာန်နှစ်မျိုး တစ်ပြိုင်နက်ဖြစ်ရရှာတဲ့ အယ်လန့်အဖို့ ရဲဘော်ကြီးဟာ ခုတစ်မျိုး၊ တော်ကြာ တစ်မျိုးဆိုတာ ပိုသေချာသွားတယ်။ တကယ်တော့ အယ်လန့်လုပ်အားကို သူ လိုချင်နေတာ သိသားပဲ။

ဒါပေမဲ့ ဒီမှာငုတ်တုတ်ထိုင်ပြီး အမျိုးမျိုး ဆော်ကားနေတာကို ခေါင်းငုံ့ ခံစရာ အကြောင်းမရှိဘူး။ မော်စကို ရောက်လာတာ ဒင်းတို့ကို ကူညီဖို့။ အအော်ခံ၊ အငေါက်ခံဖို့ မဟုတ်ဖူး။ ကဲ ... ဒီလောက်ဖြစ်လှတဲ့ ရဲဘော်ကြီး၊ ကိုယ့်ဖုံး ကိုယ်လုပ်ပလေ့စေ။

'ကျွန်တော် စဉ်းစားနေတယ်၊ မစ္စတာရဲဘော်ကြီး ခင်ဗျာ'

'ဘာကွ ...'

'သြော် ... ခင်ဗျား နှုတ်ခမ်းမွေးစုတ်ဖွားကြီးကို ဘာကြောင့် မရိတ်သလဲ လို့ စဉ်းစားနေတာပါ ခင်ဗျ'

ဒီမှာတင် စကားပြန် မေ့လဲ။ ညစာစားပွဲ ရပ်စဲ။

အစီအစဉ်တွေအားလုံး ပြောင်းကုန်တယ်။ မူလက စီစဉ်ထားသလို အယ်လန်ဟာ ကရင်မလင်ရဲ့ အကောင်းဆုံး၊ အညွန့်ဆုံး ဧည့်သည်စံနန်းမှာ မစံမြန်းရတော့ဘဲ လျှို့ဝှက်ပုလိပ်ရဲ့ ပြတင်းပေါက်မပါတဲ့ အချုပ်ခန်းမှာ ပြောင်းစံမြန်းရတယ်။ ရဲဘော်ကြီး စတာလင်လည်း စိတ်နှလုံး ဒုန်းဒုန်းချ လိုက်တယ်။ မည်သို့ပင်ဆိုစေကာမူ အက်တမ်ဗုံးကို ပြည်တွင်းဖြစ် ပညာရှင် တွေနဲ့ ရအောင်လုပ်မယ်၊ ရအောင်လုပ်မယ်။ အနောက်တိုင်းက အကောင်တွေ ကို အားမကိုးဘူး။ ဘယ်တော့မှ အားမကိုးတော့ဘူး။ စောက်ဖက်ဆစ်တွေ၊ စောက်အရင်းရှင်တွေ၊ စောက်နှစ်မျိုးပေါင်းထားတဲ့ အကောင်တွေနဲ့ ဘယ် တော့မှ အရောင်းအဝယ်မလုပ်ဘူး။ မလုပ်ဘူး။

ယူရီဟာ အလွန်အင်မတန်မှ စိတ်မချမ်းမသာ ဖြစ်နေရှာတယ်။ သဘောမနောကောင်းလှတဲ့ အယ်လန်ကို သူ မြှူဆွယ် ဖြားယောင်းပြီး ဆိုဗီယက်လိုက်ခဲ့ဖို့ ခေါ်ခဲ့သမျှ ခုနောက်ဆုံး သေမင်းဆီပို့ဖို့အတွက် ဖြစ်နေပါ ရောလား။ ဒါတွေအားလုံးဟာ ရဲဘော်ကြီးစတာလင်ရဲ့ မဟာဒေါသကြောင့် ပေါ့။ ရဲဘော်ကြီးဟာ ဉာဏ်ထက်တယ်၊ ပညာတတ်တယ်၊ အကတော်တယ်၊ အသံကောင်းတယ်၊ အဲဒါတွေအားလုံးရဲ့အပေါ်မှာ သူ့ရဲ့ ဒေါသက တည်နေခဲ့ တယ်။ ကဗျာဆရာတစ်ယောက်အကြောင်း ပြောမိတာနဲ့ စက္ကန့်ပိုင်းအတွင်း သာယာနာပျော်ဖွယ် ညစာစားပွဲဟာ ဒုက္ခကပ်ဆိုက်သွားခဲ့တယ်။

ယူရီဟာ သူ့အသက်ကိုတောင် မနှမြောနိုင်ဘဲ အယ်လန့်အတွက် ဘာရီယာကို တိုးလျှိုးတောင်းပန်တယ်။ အယ်လန့်ကို မသတ်ပါနဲ့။ တခြား နည်းလမ်းလေး စဉ်းစားပေးပါပေါ့။

ယူရီဆိုတဲ့လူဟာ မာရှယ်ဘာရီယာကို မှားယွင်း အကဲဖြတ်နေတာပဲ။ မိန်းမတွေ၊ ကလေးတွေကို နှိပ်စက်ညှဉ်းပန်း၊ သတ်ဖြတ်၊ ထောင်ချ။ ဒါတွေ လုပ်ခဲ့တဲ့အတွက် ဦးနှောက်မရှိတဲ့ လူကြမ်းသက်သက်လို့ မာရှယ်ဘာရီယာ့ကို ထင်နေခဲ့တာ။ အမှန်တော့ မာရှယ်လုပ်သမျှဟာ ဆိုဗီယက်ယူနီယံ ကောင်းစားဖို့ ဆိုတဲ့ တစ်ကြောင်းတည်းသောစိတ်ပဲရှိတာ သူ မသိရှာဘူး။

'မပူပါနဲ့ ယူရီရာ၊ မစ္စတာကားလ်ဆန် မသေစေရပါဘူး၊ အနည်းဆုံး တော့ လောလောဆယ် မသေစေရဘူး'

မာရှယ်ဘာရီယာက ရှင်းပြတယ်။ သူဟာ အယ်လန်ကားလ်ဆန်ကို အရန်အနေနဲ့ ထားမှာဖြစ်ကြောင်း၊ ယူရီနဲ့ ပြည်တွင်းဖြစ် သိပ္ပံပညာရှင်တွေ ဗုံးကို ဘယ်လိုမှ မလုပ်နိုင်တော့ဘူးဆိုရင် အယ်လန်ကို ထုတ်သုံးမှာ ဖြစ်ကြောင်း။ အဲသလို ပြောလိုက်ခြင်းအားဖြင့် ယူရီတို့အုပ်စု ကျီးလန့်စာစား ဖြစ်နေမှာကို ကြည့်ရင်း မာရှယ်ဘာရီယာဟာ အကျေနပ်ကြီး ကျေနပ်နေခဲ့ တယ်။

အယ်လန်ကတော့ အချုပ်ခန်းထဲကနေ သူ့ကို တရားစီရင်မယ့်နေ့ကို ထိုင်စောင့်နေရတယ်။ နေ့စဉ်နေ့တိုင်း ပေါင်မုန့်တစ်ပိုင်း၊ သကြား သုံးဆယ် ဂရမ်နဲ့ ပူပူနွေးနွေး အစားအသောက် သုံးနပ် (ဟင်းရွက်စွပ်ပြုတ်၊ ဟင်းရွက် စွပ်ပြုတ်နဲ့ ဟင်းရွက်စွပ်ပြုတ်) စားရတယ်။

ကရင်မလင်က အစားအသောက်နဲ့တော့ ဆီနဲ့ ရေ ကွာတာပေါ့။ ဒါပေမဲ့ ဒီမှာ ဒါတွေစားရတာ အေးအေးချမ်းချမ်းနဲ့ စိတ်ချမ်းသာတယ်။ အနည်းဆုံးတော့ သူ့ကို

အော်မယ့်ငေါက်မယ့်လူ မရှိဘူးလေ။

ခြောက်ရက်တိတိ အဲသလို စားသောက်ပြီးတဲ့အခါမတော့ တရားစီရင် မယ့်နေ့ကို ရောက်လာတယ်။ တရားရုံးဆိုတာက သူ့အချုပ်ခန်းလိုပါပဲ။ လျှို့ဝှက်ပုလိပ်ဌာနချုပ်ထဲမှာပဲ ရှိနေတာ။ တရားသူကြီးရှေ့က ထိုင်ခုံမှာ သူ ကျုံ့ကျုံ့လေး ထိုင်ရတယ်။ တရားသူကြီးရဲ့ ဘယ်ဘက်မှာ ဆွဲချရှေ့နေ။ သူ့ကို စားချင်ဝါးချင်တဲ့ရုပ်နဲ့ ကြည့်နေတယ်။ တရားသူကြီးရဲ့ ညာဘက်မှာ တရားခံရှေ့နေ။ သူ့ရှေ့နေ။ သူကလည်း အယ်လန့်ကို စားချင်ဝါးချင်တဲ့ရုပ်နဲ့ ကြည့်နေတယ်။

စပြီ။ ဆွဲချရှေ့နေက ရှရှလို အားရပါးရ ပြောတယ်။ အယ်လန် တစ်လုံး မှ နားမလည်ဘူး။ သူ့ရှေ့နေက ရှရှလို ပါးစပ်ကြီးနဲ့တစ်လုံး ပြောတယ်။ အယ်လန် တစ်စက်မှ နားမလည်ဘူး။ သူတို့ပြောပြီးတော့ တရားသူကြီးက စဉ်းစားသလို ခေါင်းတညိတ်ညိတ်လုပ်။ ခဏနေတော့ စီရင်ချက် တန်းချတော့ တာပဲ။

ဆိုဗီဒင်ဘုရင့်နိုင်ငံ၏ နိုင်ငံသားတစ်ယောက်ဖြစ်သည့် အယ်လန် အီမန် ချူရယ် ကားလ်ဆန်သည် ဆိုဗီယက် ဆိုရှယ်လစ် လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ကြီးမားသည့် အရာတစ်ခု ဖြစ်သည့်အတွက် ဗလာဒီဗိုစတော့ခ်ရှိ ပြုပြင်ရေးစခန်းတွင် အနှစ်သုံးဆယ် ထိန်းသိမ်းထားရန် အမိန့်ချမှတ်လိုက် သည်။

ပြစ်ဒဏ်ကို အယူခံဝင်ပိုင်ခွင့်ရှိကြောင်း၊ အယူခံကို ခုချိန်ကစလို့ သုံးလအတွင်း ဝင်ရမှာဖြစ်ကြောင်း တရားသူကြီးက ဆက်ပြောတယ်။ အယ်လန်ကားလ်ဆန်ရဲ့ ရှေ့နေဆိုသူက ချက်ချင်းပြန်ဖြေတယ်။ အယူခံဝင်ဖို့ အစီအစဉ် မရှိပါဘူးတဲ့။ အင်မတန် သက်ညှာတဲ့ ပြစ်ဒဏ်ကြောင့် တရားခံ ဟာ ဝမ်းသာလုံး ဆို့နေရှာသတဲ့။ ဝမ်းသာလုံးဆို့ဆို့၊ ဝမ်းနည်းလုံးဆို့ဆို့ ပြစ်ဒဏ်ကတော့ ချပြီးသွားပြီ။

ဘာပဲဖြစ်ဖြစ် ကောင်းတယ်။ ဘာကောင်းတာလဲဆိုတော့ နံပါတ်ဝမ်းတစ် ဂဏန်းတစ်အနေနဲ့ ဆိုဗီယက်မှာ အန္တရာယ်ကောင်လို့ သတ်မှတ်ခံရရင် သေဒဏ်ကလွဲလို့ တခြားပြစ်ဒဏ်ပေးတာ အင်မတန်ရှားတယ်။ ဒုတိယ အချက်အနေနဲ့ ဗလာဒီဗိုစတော့ခ်က ဂူးလက်အကျဉ်းစခန်းဟာ ဆိုက်ဗေးရီး ယား တစ်ခွင်မှာ ရာသီဥတု အသာယာဆုံးနေရာ။ သူ့ဇာတိမြေက ဆိုဒါ မန်လန်းလောက်တောင် မဆိုးဘူး။ တခြားနေရာတွေဆို သုညအောက် အနုတ် ၅၀၊ ၆၀၊ ၇၀ ဒီဂရီ စင်တီဂရိတ်လောက်ထိတောင် အေးတာကလား။

ဒါကြောင့်မို့ အယ်လန် ကံကောင်းပါတယ်။ အဲသလို ကံကောင်းသူ မောင်မောင်အယ်လန်ဟာ ခု တခြားသော ကံထူးရှင် အယောက်သုံးဆယ်နဲ့ အတူ ရထားတွဲထဲ တွန်းထိုးထည့်ခံနေရပြီ။ ယူရီက အဆက်အသွယ်ရှာ လာဘ်ထိုးထားလို့ အကျဉ်းသားတစ်ယောက်ကို စောင်သုံးထည်စီ ရတယ်။

အကျဉ်းသားတွေအားလုံး ရုရှလိုပဲပြောကြလို့ အယ်လန့်မှာ စကား ပြောဖော် မရှိဘူး။ ဒါပေမဲ့ အသက် ၅၅ နှစ်လောက်ရှိတဲ့ အကျဉ်းသား တစ်ယောက်ကတော့ အီတာလျံလို ပြောတယ်။ အယ်လန်က စပိန်လို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်လို့ သူတို့နှစ်ယောက် စကားပေါက်အောင် ပြောနိုင်လာတယ်။ ဒီလူဟာ အင်မတိ အင်မတန် မပျော်ဘူး ဖြစ်နေရှာတယ်။ သူ့ကိုယ်သူ သတ်သေဖို့လည်း အချိန်တိုင်း စဉ်းစားနေတယ်ဆိုတာ သိခဲ့ရ တယ်။ သူ့အပြောအရ သတ္တိနည်းလို့တော့ မဟုတ်ဘူးဆိုပဲ။ အယ်လန်ကတော့ ရထား ဆိုက်ဘေးရီးယားရောက်ရင် အားလုံး သူ့သဘောသူဆောင်သွားလိမ့် မယ်လို့ တွေးနေတယ်။ စောင်သုံးထည်ဟာ ဆိုက်ဘေးရီးယားအတွက်ဆို မလုံလောက်ဘူး မဟုတ်လား။

အီတာလျံလိုလိုလူက အယ်လန့်ကို လက်ဆွဲနှုတ်ဆက်တယ်။ သိခွင့် ရလို့

ကျေးဇူးတင်တယ်တဲ့။ တကယ်တော့ သူက အီတာလျံ မဟုတ်ဘူး။ ဂျာမန်တဲ့။ သူ့နာမည်က ဟားဘတ်ထ်တဲ့။ မျိုးရိုးနာမည်ကတော့ ထားလိုက်ပါ တော့တဲ့။ တကယ်တော့ ဟားဘတ်ထ်အိုင်စတိုင်းဟာ တစ်သက်လုံး ဘယ်တုန်း ကမှ ကံမကောင်းခဲ့ဖူးဘူး။ ခုလည်း မာရှယ်ဘာရီယာ ကိုယ်တိုင်က လွှတ် လိုက်ပါလို့ ပြောတာကို စီမံခန့်ခွဲရေး အမှားတွေကြောင့် နှစ်သုံးဆယ် ထောင် ကျလာပြန်ပြီ။ သေချင်တာကို မသေရပြန်ဘူး။ ဆိုက်ဘေးရီးယားမှာ ခဲသေ သွားလည်း နားအေးတာပဲ။ အင်း … စောင်တွေအများကြီး ရှိနေတော့ ခဲလည်း မသေလောက်ဘူး။ နောက်တစ်ခုက ၁၉၄၈၊ ဇန်နဝါရီဟာ ဆိုက်ဘေးရီးယား ဆောင်းတကာ့ ဆောင်းထဲမှာ ဆောင်းမဆန်ဆုံး ဆောင်းပဲ။ အယ်လန်ကတော့ အားပေးပါတယ်။ ဟားဘတ်ထ်အတွက် ဖြစ်နိုင်ခြေအသစ်တွေ အများကြီး ပေါ်လာမှာပါတဲ့။ လမ်းမှာ မသေလည်း အကျဉ်းစခန်းမှာ သေလောက်အောင် အလုပ်ကြိုးလုပ်ရင်း သေလိုက်ပေါ့။ ဘယ့်နှယ်တုံးတဲ့။
ဟားဘတ်ထ်က သက်ပြင်းကြီးချတယ်။ အဲသလိုတော့ မဖြစ်ဘူး ဗျာတဲ့။ သေလောက်အောင် အလုပ်ကြိုးလုပ်ဖို့ကို သေလောက်အောင် ပျင်းတာ တဲ့။ တစ်သက်လုံး တစ်ခါမှ ပင်ပင်ပန်းပန်း မလုပ်ခဲ့ဖူးတာကိုတဲ့။
ဒါနဲ့ အယ်လန် နောက်တစ်မျိုးစဉ်းစားတယ်။ အဲ … အကျဉ်းစခန်းမှာ အစောင့်တွေ အများကြီးပဲ။ ယီးတီးယားတား သွားလုပ်ပါလား။ ဒါဆို သူတို့ ပစ်လိမ့်မယ်။ ဒါဆို သေရောပေါ့။ မဟုတ်ဘူးလား။

အင်း … ဒီအကြံလေးတော့ ကြိုက်တိုက်တိုက်ရှိသား။ ဒါပေမဲ့ သေနတ် နဲ့ ပစ်ခံရမယ်လား။ ကျည်ဆန်တွေ အများကြီးမှန်ရင် အားကြီးနာမှာပေါ့။ သေသာ သေချင်တာ နာချင်ဘူး။

အယ်လန့်အတွက်တော့ ထူးပြီး ရှင်ချင်လိုက်တာတို့၊ သေချင်စမ်းပါဘိ တို့ မရှိဘူး။ အိပ်ရာရယ်၊ စားစရာရယ်၊ ဖော့ဒကာ တစ်ခွက်တစ်ဖလားရယ် ရှိရင် အားလုံးကို ကျော်ဖြတ်ရဲတယ်။ ဗလာဒီမိုစတော့ခ်မှာ ဖော့ဒကာကလွဲလို့ ကျန်တာတွေ သူ ရတယ်။

အဲဒီအချိန် ဗလာဒီမိုစတော့ခ်ဆိပ်ကမ်းမှာ အဖွင့်နဲ့ အပိတ်ဆိုပြီး နှစ်ပိုင်းရှိတယ်။ နှစ်မီတာမြင့်တဲ့ ခြံစည်းရိုးကြီး ပတ်ပတ်လည်ကာထားတဲ့ ဂူလက်အကျဉ်းစခန်းထဲမှာ လေးဆောင်တစ်တွဲနဲ့ အိပ်ဆောင်ညိုကြီး ၄၀ ရှိတယ်။ ခြံစည်းရိုးက စခန်းကနေ ဆိပ်ကမ်းထိ တောက်လျှောက်။ ဆိပ်ကမ်း က သင်္ဘောတွေ ကုန်အတင်အချကို အပိတ်ဘက်က ဂူလက်အကျဉ်းသားတွေ နဲ့ အပွင့်ဘက်က အရပ်သားတွေ လုပ်ကြရတယ်။ တကယ်တော့လည်း ဒီနေရာမှာ ရှိသမျှအလုပ် အကုန်နီးပါး ငါးဖမ်းလှေကလေး အနည်းအကျဉ်းက လွဲလို့ အကျဉ်းသားတွေ လုပ်ရတာချည်းပါပဲ။

မပြောပလောက်တာလေး တစ်ခု၊ နှစ်ခု ရှိကောင်းရှိမယ်။ အများအား ဖြင့်တော့ ဗလာဒီမိုစတော့ခ်ရဲ့ နေ့တွေ၊ ညတွေဟာ ပုံစံခွက်တစ်ခုတည်းက ထွက်လာသလို ဘာမှ အပြောင်းအလဲမရှိလှဘူး။ မနက်ခြောက်နာရီ ထ၊ ခြောက်နာရီလေးဆယ့်ငါး မနက်စာစား၊ ပြီးရင် ညနေ ခြောက်နာရီခွဲထိ အလုပ်ချိန် ၁၂ နာရီ လုပ်၊ နေ့လယ်စာစားချိန် နာရီဝက်နား၊ အလုပ်သိမ်းရင် ညစာစား၊ ပြီးရင် အိပ်။ ဒါပဲ … ဒါပဲ … ဒါပဲ … ဒါပဲ။

အစားအသောက်ကလည်း အမြဲလိုလို ငါးချည်းပဲ။ ဒါပေမဲ့ ငါးစွပ်ပြုတ် တော့ ရခဲတယ်။ အစောင့်တွေက မဖော်ရွေဘူး။ တရင်းတနှီး မရှိဘူး။ ဒါပေမဲ့ အကြောင်းမရှိဘဲ လူကို ပစ်တာခတ်တာတော့ မရှိဘူး။ ဒါကြောင့်မို့လည်း

ဟားဘတ်ထ် အိုင်စတိုင်းခများ ဘာလုပ်လုပ် အပစ်မခံရဘူး။ စားနောက်ကျ၊ သွားနောက်ကျ၊ အလုပ်နောက်ကျ၊ အစစ အရာရာ နောက်ကျတဲ့ ဟားဘတ်ထ်ဟာ အမြဲ အယ်လန့်နား ကပ်နေတဲ့အတွက် ဘယ်လောက်အချောင်ခိုခို ဘယ် သူမှ သတိမထားမိဘူး။

အယ်လန်ကတော့ အမြဲတမ်းလိုလို နှစ်ယောက်စာ လုပ်လုပ်နေရ တယ်။ ဒါကြောင့် သူ စည်းကမ်းတစ်ခု ထုတ်ပြန်တယ်။ ဟားဘတ်ထ် အလုပ် မလုပ်ချင်နေ။ ဒါပေမဲ့ အနားကပ်ပြီး အမြဲတမ်း ငါလေး သနားပါတယ်၊ ငါလေး ကံဆိုးလိုက်တာလို့ လာလာမညည်းရ။ ထပ်ကာတလဲလဲ ကြိမ်ဖန် များစွာ ကြားလာတဲ့အတွက် တော်လောက်ပြီ။ ဟားဘတ်ထ်က စည်းကမ်းကို လိုက်နာပါတယ်။ ဒီလိုနဲ့ အိုကေနေခဲ့ကြတယ်။ ဖော့ဒကာတော့ မရှိဘူးပေါ့။ အသဲလို စခန်းသွားနေလိုက်ကြတာ ငါးနှစ်နဲ့ သုံးပတ်လည်း ကြာရော အယ်လန်က ခုလို ကြွေးကြော်တယ်။

'ခု ကျုပ် သောက်ချင်နေတယ်၊ ဒါပေမဲ့ ဒီမှာ သောက်စရာမရှိဘူး၊ ဒါကြောင့်မို့ ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး၊ နေရာရွှေ့ကြဦးစို့လား'

(၁၇)

၂၀၀၅၊ မေ ၁၀၊ အင်္ဂါ။

မနက်စောစော အတော်လေးအေးပေမဲ့ နွေဦးနေမင်းဟာ ကိုးရက် ဆက်တိုက် ဝင်းဝင်းပပ အနွေးဓာတ်ပေးနေတယ်။ ဘော်ဆီဟာ ဝရန်တာမှာ မနက်စာစားပွဲ ပြင်နေခဲ့တယ်။ ဘန်နီနဲ့ အလုကလေးက ဆွန်ညာကို ကားထဲက ထုတ်ပြီး ယာခင်းထဲမှာ ကျောင်းနေကြတယ်။ အယ်လန်နဲ့ ပိုက်ဂါဒင် ကတော့

လှုပ်ကုလားထိုင် ကိုယ်စီနဲ့။ တစ်ယောက်က အသက်တစ်ရာ၊ နောက်
တစ်ယောက်က အသက် သူဖြစ်ချင်သလောက်။ ဘောစ်ခေါ် ပိုက်ဂါဒင်ဟာ
ခေါင်းတွေ ထိုးကိုက်၊ နံရိုးတွေအောင့်ပြီး အသက်ရှူရ ခက်နေရှာတယ်။
ညာဘက်လက်က လုံးဝမလှုပ်နိုင်။ ညာဘက်ပေါင်က ဟပ်ပြဲကြီးက ရုပ်ပျက်
ဆင်းပျက်။ ဘန်နီက ပတ်တီးလဲပေးရင်း အကိုက်အခဲပျောက်ဆေး ထပ်ပေးရင်
ကောင်းမယ်လို့ စဉ်းစားနေတယ်။ လိုအပ်ရင် ညနေ မော်ဖင်း ထပ်ထိုးတာပေါ့လေ။
ဘာခက်တာ လိုက်လို့။

အလှကလေးဆီ သူပြန်သွားတယ်။ အယ်လန်နဲ့ ပိုက် နှစ်ယောက်တည်း
ကျန်ခဲ့ပြန်တယ်။ ခု စကားပြောဖို့ အချိန်တန်ပြီလို့ အယ်လန် စဉ်းစားတယ်။
ဘာပြောရင် ကောင်းမလဲ။ အဲ … မင်းတုံးဆိုလား၊ အဲဒီလူ ဆိုဒါမန်လန်း
သစ်တောထဲ သေသွားတာရယ်၊ ရေပုံးဆိုလား သူ ဆွန်ညာ့ဖင်အောက်မှာ
ပြားသွားတာရယ်ကို စိတ်မကောင်းကြောင်း၊ သူတို့က ခြိမ်းခြောက်လို့ ဒီလို
အဖြစ်ဆိုး ကြုံရတာဖြစ်ကြောင်း၊ မစ္စတာပိုက်က ဘယ်လိုစဉ်းစားတယ် ဆိုတာ
သိလိုကြောင်း။

ပိုက်ဂါဒင်က ပြန်ဖြေပါတယ်။ ကောင်လေးတွေသတင်း ကြားရလို့
စိတ်မကောင်းဘူးတဲ့။ ဒါပေမဲ့လည်း အသက်တစ်ရာ ဘိုးတော်ကြီး စနက်နဲ့ သူတို့
အသက်ထွက်သွားတာ အံ့သြစရာတော့ မရှိပါဘူးတဲ့။ သူတို့က မဟားတယား
တုံးတာကိုးတဲ့။ သူတို့ထက်ပိုတုံးတဲ့ ကာရာကက်စ်ဆိုတဲ့ကောင် ကတော့
ဂိုဏ်းထဲကထွက်ပြီး ခုလောက်ဆို တောင်အမေရိက တစ်နေရာရာ
ရောက်နေရောပေါ့တဲ့။

အဲဒီနောက်တော့ ပိုက်ဂါဒင်ရဲ့အသံဟာ ဝမ်းနည်းသံပေါက်လာတယ်။

တကယ်က သူ့ကိုယ်သူ သနားနေတာ။ ကာရာကက်စ်မရှိတော့ ကိုလံဘီယာက ကိုကင်းအရောင်းသမားတွေနဲ့ အဆက်အသွယ်လုပ်လို့ မရတော့ ဘူး။ ခု သူ ထိုင်ရာကမထနိုင် ဖြစ်လာပြီ။ ခန္ဓာကိုယ်ထဲက အရိုးဘယ်နှချောင်း ကျိုးသွားလဲဆိုတာ ဘုရားမှ သိမှာပဲ။ ရှေ့ ဘာဆက်လုပ်ရမယ်မှန်းတောင် မသိတော့ဘူး။

အယ်လန်က အားပေးတယ်။ ကိုကင်း မရောင်းရရင် တခြားဆေး ရောင်းပေါ့တဲ့။ ဆေးအကြောင်း သူ သိပ်မသိပေမဲ့ မစ္စတာပိုက်နဲ့ မစ္စတာ ဘော်ဆီတို့ ဒီယာခင်းထဲမှာ ဆေးတစ်မျိုးမျိုး စိုက်ရောင်းလို့ ရတာပဲတဲ့။

မရဘူး။ ဘော်ဒါ ဘော်ဆီဟာ အချစ်ဆုံးသူငယ်ချင်းပေမဲ့ သူ့မူကို နည်းနည်းမှ အထိမခံဘူး။ မဟုတ်ရင် ခုလောက်ဆို သူနဲ့ ဘော်ဆီဟာ ဥရောပရဲ့ အသားလုံးဘုရင်တွေ ဖြစ်နေလောက်ပြီပေါ့။

ဝမ်းနည်းစရာတွေ ထုံလွှမ်းနေတဲ့ လှုပ်ကုလားထိုင် စကားဝိုင်းဟာ မနက်စာ အဆင်သင့်ဖြစ်ပြီဆိုတဲ့ ဘော်ဆီ့အသံကြောင့် ရပ်သွားတယ်။ ပိုက်ဟာ ကမ္ဘာ့အရည်အရွမ်းဆုံး ကြက်သားနဲ့ ကောင်းကင်ဘုံက တိုက်ရိုက် တင်သွင်းလာတဲ့ ဖရဲသီးတွေကို မြည်းစမ်းရတော့မယ်။

မနက်စာစားပြီးကြတော့ ဘန်နီက ပိုက်ရဲ့အနာကို ဆေးထည့်ပြန်တယ်။ ဆေးထည့်ပြီးတော့ ပိုက်က သူ နည်းနည်းအိပ်ချင်တယ်တဲ့။ ခွင့်ပြုပါတဲ့။ အဲဒီနောက် ဘဲလ်ရင်းဂါး ယာခင်းရဲ့ ဖြစ်ထွန်းတိုးတက်မှုများကတော့ အောက်ပါအတိုင်း ဖြစ်တယ်။

၈ ဘန်နီနဲ့ အလှကလေး နှစ်ယောက်သား စပါးကျီကို ရှင်းလင်းပြီး ဆွန်ညာ့စံနန်း ဖန်တီးခြင်း။

ဂ ဂျူးလီးယပ်နဲ့ ဘော်ဆီ ဖော့ခ်ကိုပင်းမြို့ပေါ်တက် ရိက္ခာဝယ်။ သတင်း စာမှာ ရာပြည့်အဘိုးကြီးအဖွဲ့ ထွက်ပြေးခြင်းသတင်း ပါလာတာကို တွေ့ခဲ့ခြင်း။

ဂ မနက်စာစားပြီး လှုပ်ကုလားထိုင်ပေါ် ပြန်ရောက်လာတဲ့ အယ်လန်။ ခွေး ဘက်စတာနဲ့ ဆော့ကစားနေခြင်း။

ဂ ပိုက်ဂါဒင် အိပ်ပျော်နေရှာခြင်း။

ဂျူးလီးယပ်နဲ့ ဘော်ဆီ ပြန်ရောက်လာတဲ့အခါမှာတော့ မီးဖိုခန်းထဲကို အားလုံးခေါ်ပြီး အရေးပေါ်အစည်းအဝေးကြီး အားချင်း ကျင်းပတော့တယ်။ အိပ်နေတဲ့ ပိုက်တောင် မနေရဘူး။ အတင်းနှိုးပြီး တက်ခိုင်းတယ်။ သတင်းစာထဲပါတဲ့ အကြောင်းတွေကို ဂျူးလီးယပ်က အားလုံးကို ပြောပြတယ်။ အစည်းအဝေးပြီးမှ သေချာဖတ်ချင်လည်း ဖတ်ကြည့်ကြတဲ့။ အနှစ်ချုပ်အနေနဲ့ ပြောရရင် ဘော်ဆီကလွဲလို့ သူတို့အားလုံး ဝရမ်းအထုတ် ခံထားရတယ်တဲ့။ ပိုက်ကိုတော့ သေပြီလို့ ဖော်ပြထားသတဲ့။

အဲဒါ မှားတယ်။ ကျုပ်မှ မသေသေးဘဲလို့ အိပ်ချင်မူးတူးဖြစ်နေတဲ့ ပိုက်ဂါဒင်က ဝင်ကန့်ကွက်တယ်။ ဂျူးလီးယပ်က ဆက်ပြောတယ်။ အခု ဘာလုပ်ကြမလဲ။ အားလုံး လူသတ်သမားတွေလို့ စွပ်စွဲခံနေရပြီ။ အခု ရဲကို ဖုန်းဆက်။ သူတို့ ဘယ်မှာဆိုတာ ဖွင့်ပြောပြီး အမှန်တရားကို ပန်းကန်ပြား လုပ်ကြမလား။

ဘယ်သူမှ ဘာမှ မပြောနိုင်ခင် ပိုက်ဂါဒင်က အသံကျယ်ကြီးနဲ့ အော် လိုက်တယ်။ ရဲကို အကြောင်းကြားချင်တဲ့လူ သူ့အလောင်းပေါ်က ဖြတ်ကျော် သွားနိုင်မှ ရလိမ့်မတဲ့။ လှေခွက်ချည်းကျန် အလံမလှဲဘူးတဲ့။ လိုအပ်ရင် သေနတ်သုံးဖို့လည်း ဝန်မလေးဘူးတဲ့။ လုပ်ဝံ့ရင် လုပ်ကြတဲ့။

အယ်လန်က ဝင်ပြောတယ်။ သေနတ်ကို လုံခြုံတဲ့နေရာမှာ ဝှက်ထားပြီး ဖြစ်ကြောင်း၊ ခုနေခါ အသာလေးနေပြီး ဘန်နီ ဆေးကုပေးတာကို ငြိမ်ငြိမ်ခံဖို့ လိုကြောင်း၊ မစ္စတာပိုက် စိတ်ရှည်ရှည်ထားနိုင်ရင် ကောင်း ကြောင်း။

ဩော် … အိုကေလေ။ ဒါဆို တရားဝင် နှုတ်ဆက်လိုက်ကြဦးစို့။

'ကျွန်တော် ပိုက် ပါခင်ဗျာ'

ပိုက်က အသက်တစ်ရာ အဘိုးကြီးကို လက်ဆွဲနှုတ်ဆက်တယ်။

'ကျွန်တော်က အယ်လန်ပါ၊ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ'

ရဲကို အကြောင်းမကြားဖို့ သဘောတူညီချက် ရသွားကြတယ်။ ပိုက်က ပြောတယ်။ သူ့အတွေ့အကြုံအရ တရားမျှတမှုနဲ့ အမှန်တရားဆိုတာ ထင် သလောက် မဟုတ်ပါဘူးတဲ့။ အားလုံးကလည်း သဘောတူကြတယ်။

လောလောဆယ် လုပ်ရမှာကတော့ ဘတ်စ်ကားအဝါကြီးကို ကိုယ် ယောင်ဖျောက်ဖို့ပဲ။ ဘော်ဆီ့ရဲ့ ဧရာမ ကုန်လှောင်ရုံကြီးထဲ ထည့်လိုက်။ပျောက်ကရောပေါ့။ မပြုပြင်ရသေးတဲ့ ဖရဲသီးများနဲ့ ဘတ်စ်ကားအဝါ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ကြပေါ့။ ခု အပြင်ကို လွတ်လွတ်လပ်လပ် ထွက်နိုင်တဲ့ တစ်ဦးတည်းသော ပုဂ္ဂိုလ်ကတော့ ဘော်ဒါ ဘော်ဆီပဲ။ သူက သတင်းထဲ မပါဘူးလေ။

ငွေအိတ်ကို ဘယ်လိုလုပ်ကြမလဲ။ အများသဘောတူညီချက်အရ ငွေအိတ်ကိစ္စ နောက်များမှ ဆုံးဖြတ်မယ်။ ပိုက်ဂါဒင်ကတော့ ခုလို မချိတင်ကဲ ပြောရှာတယ်။

'အဲဒီငွေအိတ်ကိစ္စ တွေးကြည့်လိုက်တာနဲ့ ခေါင်းတွေ ထိုးကိုက်လာတယ်။ ကျုပ်မှာ အကိုက်အခဲပျောက်ဆေးလေး တစ်လုံးကို သန်းငါးဆယ်ပေး ဝယ်ရသလိုပါပဲဗျာ'

'ရော့ ... ရော့ ... ဒီမှာ အကိုက်အခဲပျောက်ဆေး နှစ်လုံး၊ အလကားယူ'
ဘန်နီက ဝင်ပြောလိုက်တယ်။

စုံထောက်မှူးကြီး အေရွှန်ဆန်အဖို့တော့ ဒီနေ့ဟာ အလွန်ပြိုင်းတာပဲ။
သုံးလောင်းပြိုင် လူသတ်တရားခံတစ်စု ဘယ်မှာလဲဆိုတာ ရောက်လာတဲ့
သတင်းတွေက အများကြီး။ ဒါပေမဲ့ ယွန်ကိုပင်းက ဒုရဲမှူး ဂန်နာလိုဝင်လင်း ပေးတဲ့
သတင်းတစ်ခုကိုပဲ သူ စိတ်ဝင်စားတယ်။ ရက်စ်လတ် အနီးတစ်ဝိုက် မှာ ပိန်ရှုံ့ပြီး
ရှေ့မီးကြီးတစ်လုံးပဲလင်းတဲ့ စကန်နီယာ ကားဝါကြီးတစ်စီး တွေ့ခဲ့သတဲ့။
ကားနောက်ခန်းက သူ့မြေးလေး ဗရုတ်ဗရက် ထလုပ်တာကို ချော့နေရလို့
သတင်းပို့တာ နည်းနည်းနောက်ကျသွားသတဲ့။
ဗက်စ်ဂျိုက ဟိုတယ် ရှိုင်ရယ်ကော်နာ ဘားခန်းမှာ ဒုတိယမြောက်
ညနေခင်းကို ဖြတ်သန်းရင်း အေရွှန်ဆန်ဟာ အခြေအနေကို သုံးသပ်နေတယ်။
'မြောက်ပိုင်းလမ်းတဲ့လား ...၊ ဆိုဒါမန်းလန်းကို ပြန်သွားနိုင်လား၊
စတော့ဟုမ်းမှာပဲ ပုန်းနေကြမလား'
နောက်တစ်နေ့မှာ ဟိုတယ်က ထွက်မယ်။ အက်စကီတူးနားက အခန်း
သုံးခန်းပါတဲ့ သူ့အိမ်ကို ခဏပြန်မယ်။ မန်ကိုပင်း ကားဂိတ်က ရွှန်နီဟော့ထ် အဖို့
အိမ်ပြန်ရင် ဖက်ထားစရာ ကြောင်ရှိပေမဲ့ အေရွှန်ဆန့်မှာတော့ ဘာမှ မရှိ။ အင်း ...
သနားစရာ။ ခုလည်း ဒီညရဲ့ နောက်ဆုံး ဝီစကီကို သောက်နေ ရှာ။

(၁၈)

၁၉၅၃။

ငါးနှစ်နဲ့ သုံးပတ်တိတိ ကြာတဲ့အခါ အယ်လန်ဟာ ရုရှစကားကို မှတ်နေအောင်
ပြောတတ်လာပြီး တရုတ်စကားလည်း အတော်လေး ပြန်ပြော နိုင်လာတယ်။
ဆိပ်ကမ်းဟာ အမြဲစည်ကားတဲ့ နေရာပဲ။ သင်္ဘောသားတွေ ဆီကနေ
ကမ္ဘာ့သတင်းတွေ သူကြားရတယ်။
ရဲဘော်ကြီး စတာလင်နဲ့ တွေ့ခဲ့ပြီး တစ်နှစ်ခွဲအကြာမှာတော့ ဆိုဗီယက်
ယူနီယံဟာ သူ့ရဲ့ပထမဆုံး အက်တမ်ဗုံးကို စမ်းသပ် ဖောက်ခွဲနိုင်ခဲ့သတဲ့။ ဗုံးပုံစံက
လော့စ်အလာမို့စ်ဗုံးနဲ့ တူလွန်းအားကြီးလို့ ဖော်မြူလာအခိုးခံရပြီလို့
အရင်းရှင်လောကက သံသယ အပြင်းအထန်ရှိရတယ်။ ရေငုပ်သင်္ဘောပေါ်မှာ
ဖော့ဒကာမူးပြီး သူပြောခဲ့တဲ့ အချက်အလက်တွေကို ယူရီ ဘယ်လောက်များ
ရခဲ့သလဲလို့ အယ်လန် တွေးကြည့်နေတယ်။ ကြည့်ရတာ အားလုံးရသွားပုံပဲ။
အင်မတန်တော်တဲ့ ယူရီ။ တစ်ချိန်တည်းမှာ သောက်လည်းသောက်၊ နားလည်း
နားထောင်နိုင်တဲ့ အာဂလူ။
အမေရိကန်ရယ်၊ ပြင်သစ်ရယ်၊ ဗြိတိန်ရယ်ဟာ သူတို့ရတဲ့ ခွဲတမ်းတွေကို
စုပေါင်းလိုက်ပြီး ဂျာမန် ဖက်ဒရယ်သမ္မတနိုင်ငံကို ထူထောင်လိုက်တယ်။
ဒေါသကြီးတဲ့ ရဲဘော်ကြီး စတာလင်ကလည်း သူ့ကိုယ်ပိုင် ဂျာမနီနိုင်ငံကို ချက်ချင်း
ထထူထောင်တယ်။ ဒီလိုနဲ့ အနောက်နဲ့ အရှေ့မှာ ဂျာမနီ ကိုယ်စီ ရှိသွားကြတယ်။
လက်တွေ့ကျလှတဲ့ အစီအမံပေကပဲ။
ဆွီဒင်ဘုရင် နတ်ရွာစံတော်မူပြီတဲ့။ ဗလာဒီဗိုစတော့ခ်မှာ ဆွီဒင် တစ်ယောက်
ရှိတယ်ဆိုတာကို သိနေတဲ့၊ သူ့ကိုခင်တဲ့ တရုတ်သင်္ဘောသား တစ်ယောက်က
တခုတ်တရ သတင်းစာဝယ်လာပေးလို့ သူဖတ်ရတယ်။ တကယ်တော့
သူဖတ်ရတဲ့အချိန်မှာ ဆွီဒင်ဘုရင် သေပြီးတာ တစ်နှစ်ကျော်ပြီ။ ဘာပဲဖြစ်ဖြစ်

ဘုရင်သစ်နန်းတက်ပြီး အိုစာနာကျနေတဲ့ ဆွီဒင်တိုင်းပြည်ကြီးဟာ ပိုနေမြဲ ကျားနေမြဲ ဘာမှ မပြောင်းလဲ။

ဆိပ်ကမ်းက သင်္ဘောသားတွေကြားမှာ ခုတလော ခေတ်စားနေတာကတော့ ကိုရီးယားစစ်ပွဲ သတင်းပါတဲ့။ ဒါလည်း အံ့သြစရာတော့ မရှိဘူး။ ကိုရီးယားဆိုတာ ဒီကနေ ကီလိုမီတာနှစ်ရာပဲ ဝေးတာမဟုတ်လား။

အယ်လန် နားလည်သလောက်တော့ အခြေအနေက ခုလိုတွေ ဖြစ်နေသတဲ့။

ဒုတိယကမ္ဘာစစ် ပြီးသွားတော့ ကိုရီးယားကျွန်းဆွယ်ကို အဲဒီတုန်းက အပြစ်မမြင် အချစ်ဝင်နေကြတဲ့ စတာလင်နဲ့ ထရူးမန်းဟာ ၃၈ မျဉ်းပြိုင် ဆိုတာကြီးနဲ့ တောင်နဲ့ မြောက် နှစ်ခြမ်းခွဲယူခဲ့ကြတယ်။ အနာဂတ် ကိုရီးယားကို ဘယ်လို ဘယ်သူ ဘာပုံစံနဲ့ အုပ်ချုပ်ကြမလဲဆိုတာ ဆွေးနွေးကြတဲ့အခါ မတော့ စတာလင်နဲ့ ထရူးမန်းရဲ့ နိုင်ငံရေးအမြင်ဟာ မြောက်နဲ့ တောင် ဖြစ် တဲ့အတွက် ကိုရီးယားဟာ ဂျာမနီလိုပဲ ဖြစ်သွားခဲ့တယ်။ အမေရိကန်က တောင်ကိုရီးယားနိုင်ငံကို စတင်ထူထောင်တယ်။ မကြာခင် ဆိုဗီယက်ယူနီယံရဲ့ မြောက်ကိုရီးယားနိုင်ငံ ဖြစ်ထွန်းလာခဲ့တယ်။ အဲဒီနောက်တော့ အမေရိကန်ရော ဆိုဗီယက်ပါ ကိုရီးယားတွေကို ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြတော့လို့ ထင်တစ်လုံးကိုယ်စီနဲ့ လွှတ်ပေးထားခဲ့တယ်။

ထင်သာထင် မဝင်ဘူး ကျောင်းအစ်မရေ။ မြောက်ပိုင်းက ကင်အီဆွန်းနဲ့ တောင်ပိုင်းက ဆင်းမမ်ရီးတို့ဟာ ကိုယ်စီကိုယ်င သူတို့သာလျှင် ဂျိုဆွန်းဘုရင်လို့ အထင်ရောက်ကြတာကိုး။ ဒီလိုနဲ့ ထုံးစံအတိုင်း ဆော်ကြရော။ သုံးနှစ်လောက် အသားကုန်ဆော်။ လူလေးသန်းလောက် သေပြီးတဲ့အခါမှာတော့ အခြေအနေက ဒုံရင်းဒုံရင်းပဲ။ မြောက်ဟာ မြောက်ပဲ။ တောင်ဟာ တောင်ပဲ။ ၃၈ မျဉ်းပြိုင် ရှိနေဆဲ။

အရက်ကလေးတစ်ခွက် သောက်ရဖို့အရေး ဂူလက်ထောင်က ပြေးဖို့ ကြံတဲ့အခါ
အဖြစ်နိုင်ဆုံးကတော့ သင်္ဘောတစ်စီးစီးပေါ် တက်လိုက်သွားဖို့ပဲ။ အယ်လန့်အရင်
အကျဉ်းသား ခုနစ်ယောက်တိတိ အဲသလို လုပ်ဖူးတယ်။ အကုန်လုံး အဖမ်းခံရ၊
ပစ်သတ်ခံလိုက်ရတယ်။ အဲသလို တစ်ခါဖြစ်တိုင်း အကျဉ်းသားတွေ
ညည်းကြညူကြတယ်။ ငိုပွဲ ဆင်ကြတယ်။ အကြီးအကျယ် ငိုပွဲဆင်သူကတော့
ဟားဘတ်ထ် အိုင်စတိုင်းပေါ့။ သူငိုတဲ့ အကြောင်းအရင်း မှန်က အသတ်ခံရတဲ့ထဲ
သူ မပါလို့ဆိုတာ အယ်လန် တစ်ယောက်ပဲ သေချာ သိတယ်။
အကျဉ်းသားတွေဟာ အင်မတန်ထင်ရှားတဲ့ ဖြူ၊ နက် စင်းကျားဝတ်စုံ
ကိုယ်စီနဲ့ဆိုတော့ သင်္ဘောပေါ်တက်ပြေးပြီး ပုန်းနေဖို့ဆိုတာ ဘယ်နည်းနဲ့မှ
မဖြစ်နိုင်ဘူး။ သင်္ဘောပေါ်တက်တဲ့ လမ်းမှာ အစောင့်အကြပ်က များပါ ဘိသနဲ့။
အနံ့ခံခွေးတွေကလည်း တင်းကျမ်း။ မြေလျှိုး မိုးပျံနိုင်မှပဲ လွတ်လမ်း ရှိမယ်။
တက်နိုင်ပြီ ထားဦး။ အကျဉ်းသားကို လက်ခံပြီး သင်္ဘောက တင်သွား
မတဲ့လား။ ဒီဆိပ်ကမ်းမှာကပ်တဲ့ သင်္ဘောတွေဟာ တရုတ်ပြည်မကြီးနဲ့
မြောက်ကိုရီးယားကို ဦးတည်သွားကြတာ။ အကျဉ်းသား တွေ့လို့ကတော့
တရုတ်ကပ္ပတိန်ဖြစ်ဖြစ်၊ မြောက်ကိုရီးယား မာလိန်မှူးဖြစ်ဖြစ် လုပ်စရာလမ်း
နှစ်လမ်းပဲ ရှိတယ်။ သင်္ဘောကိုပြန်လှည့်ပြီး အကျဉ်းသားကို အပ်ချင်အပ်၊
ဒါမှမဟုတ် အလုပ်ရှုပ်သက်သာအောင် ရေထဲကန်ချ။ ဒါပဲ။
ဒါဆို ကုန်းလမ်းက ပြေးမလား။ ဆိုက်ဘေးရီးယား မြောက်ဘက်ကို ပြေးရင်
ခဲသေမယ်။ အနောက်ဘက်ကိုပြေးရင် တရုတ်ဆီ ရောက်မယ်။ တောင်ဘက်ကို
ပြေးရင်၊ အဲ ... တောင်ဘက်ဆို တောင်ကိုရီးယားရှိတယ်။ကွန်မြူနစ်ဝါဒရဲ့
ရန်သူတော်တွေကို ထားတဲ့ ဂူလက်စခန်းက ပြေးလာတဲ့ အကျဉ်းသားဆို သူတို့

ဖက်လှဲတကင်း ကြိုဆိုကြမှာ သေချာတယ်။ ဒါပေမဲ့ တောင်ကိုရီးယား
သွားတဲ့လမ်းမှာ မြောက်ကိုရီးယား ခံနေတာလေး တစ်ခုပဲ ပြောစရာရှိတာ။
ဒါပေမဲ့ ဘာပဲပြောပြော ဒီလမ်းက အခွင့်အရေးအသာဆုံးပဲ။ သေမှာတော့
နည်းနည်းမှ မကြောက်ပါဘူး။ ဖော့ဒကာ မသောက်ရမှာဘဲ စိုးရိမ်တာ။
တစ်ယောက်တည်း လစ်မလား၊ အဖော်ခေါ်ဦးမလား စဉ်းစားရမယ်။
ခေါ်မယ်ဆို ဘယ်သူ့ခေါ်မလဲ။ ဟားဘတ်ထ်ကိုပဲ ခေါ်ရမှာပေါ့။ အင်း ...
ခရီးအတွက် ပြင်ဖို့ဆင်ဖို့လည်း သူ့အကူအညီ လိုတယ်။ နှစ်ယောက်ဆို
တစ်ယောက်တည်းထက်စာရင် ပျော်စရာကောင်းတာပေါ့။

'ဘယ်လို ... ဘယ်လို ... ထွက်ပြေးမယ်၊ ကုန်းကြောင်း ...၊
တောင်ကိုရီးယားကို မြောက်ကိုရီးယားက ဖြတ်ပြီးတော့ ... ဟုတ်လား'

'အင်း ... အနေးနဲ့ အမြန်ပဲ လောလောဆယ် ဒီလိုပဲသိထား'

'အသက်ရှင်ဖို့ အခွင့်အလမ်းရှိမယ် ထင်လို့လား'

'အင်း ... နည်းမှာပေါ့'

'အင်းလေ ... ဒါဆို ကျုပ် လိုက်မှာပေါ့'

ငါးနှစ်ကျော် ကြာပြီးတဲ့အခါ ဂူလက်စခန်းတစ်ခုလုံး အကျဉ်းသား အမှတ် ၁၃၃
ဟားဘတ်ထ် အိုင်စတိုင်း ဆိုတဲ့လူဟာ ဘယ်လောက် အမှတ် သညာ
နည်းတယ်ဆိုတာ ကောင်းကောင်းသိကြတယ်။ အမြဲတမ်း အရာရာနဲ့
အကြောင်းကြောင်းချည်းပဲဆိုတာ ပြောစရာတောင် မလို။ ဒါကြောင့်မို့
ဟားဘတ်ထ်ဟော့ဆိုရင် တော်ရုံတန်ရုံလောက်ကတော့ အစောင့်တွေက ဘာမှ
မပြောတော့ဘူး။ ကျန်တဲ့လူ ဆိုရင်တော့ ဘယ်ရလိမ့်မလဲ။ ပထမအကြိမ် အော်ဟစ်
သတိပေး၊ ဒုတိယအကြိမ် ရိုင်ဖယ်ဒင်နဲ့ ဗိုက်ကိုဆောင့်၊ တတိယ အကြိမ်

လောကကို လက်ပြ နှုတ်ဆက်ရမှာ။

ငါးနှစ်တိတိ ကြာပြီးတာတောင် ဟားဘတ်ထ်ကတော့ ရှာလည်နေတုန်း။ နေ့လယ်စာစားချိန်ဆို နေ့လယ်စာကျွေးတဲ့ အဆောင် ၁၃ နဲ့ ၁၄ ကို သူသွားတိုင်း အမြဲလမ်းမှားတယ်။ အစောင့်တွေဆို အလွန်စိတ်ညစ်တာပေါ့။

အဲသလို သူ့ရဲ့ ကျော်စောသတင်းကို ကောင်းကောင်းအသုံးချရမယ်။ ဒါပေမဲ့ ဒီ ထောင်ဝတ်ထောင်စားနဲ့တော့ မဖြစ်။ လွတ်သွားလည်း လမ်းမှာ ခဲသေလိမ့်မယ်။ ဒါကြောင့် စစ်သားယူနီဖောင်း လိုတယ်။ စစ်ယူနီဖောင်းတွေ ထားတဲ့ ဂိုဒေါင်နား အခက်အခဲမရှိ သွားနိုင်သူက နာမည်ကျော် ၁၃၃ အိုင်စတိုင်းမှတစ်ပါး အခြားမရှိ။ ဒါကြောင့်မို့ အယ်လန်ဟာ သူ့မိတ်ဆွေကြီးကို ဒီလို ညွှန်ကြားတယ်။

နေ့လယ်စာစားချိန်ကျရင် အဝတ်ဂိုဒေါင်က ကောင်တွေ နေ့လယ်စာစား သွားနေတုန်း အဲဒီဘက်ကို လမ်းမှားသလိုလိုနဲ့ သွား။ အဲဒီအချိန်ဆို မျှော်စင် နံပါတ်လေးပေါ်က စစ်သားတစ်ယောက်ပဲ အစောင့်ရှိမှာ။ အကျဉ်းသား ၁၃၃ ရဲ့ ဇာတ်လမ်းစုံ သူ အကုန်သိတဲ့အတွက် ဘာမှပြောမှမဟုတ်ဘူး။ ပြောလည်း ဆက်သာသွား။ နောက်ဆုံး ပစ်ထည့်လိုက်တော့လည်း ဟားဘတ်ထ်ရဲ့ ဆန္ဒတွေ ပြည့်ရောပေါ့။ မဟုတ်ဘူးလား။

ဟာ ... ဟုတ်တယ်၊ ဟုတ်တယ်။ တယ်ကောင်းတဲ့အကြံပဲ။ ဒါပေမဲ့ သူက ဘာလုပ်ရမှာလဲ။ နောက်တစ်ခါ ပြန်ပြောဦး။

ထုံးစံအတိုင်း လွဲတာပါပဲ။ အဝတ်ဂိုဒေါင်သွား ဆိုတော့ ဘယ်တုန်းကမှ တန်းတန်းမတ်မတ် မရောက်ဖူးတဲ့ စားဖိုဆောင်ကို ရောရောရှုရှု ရောက်လာတယ်။ အယ်လန်လည်း သက်ပြင်းကြီးချရင်း ဟားဘတ်ထ်ကို ဂိုဒေါင်ဘက် တွန်းလွှတ်တယ်။ အဝတ်ဂိုဒေါင် မရောက်ဘဲ အဝတ်လျှော်ဆောင်

ရောက်သွားတယ်။ ခုမှလျှော့ပြီး မီးပူတိုက်ပြီး ယူနီဖောင်းတွေ အများကြီးပဲ။ ယူနီဖောင်းနှစ်စုံ ကုတ်အင်္ကျီကြား ထိုးထည့်ပြီး ထွက်လာခဲ့တယ်။ အစောင့်တွေက သူ့ကိုတွေ့သားပဲ။ ဒါပေမဲ့ အရေးတောင်မစိုက်ဘူး။ ဖြစ်နေကျပဲ ဆိုတာ သူတို့သိတယ်။

ကဲ … ခုတော့ အယ်လန်နဲ့ ဟားဘတ်ထ် ယူနီဖောင်းကိုယ်စီ ရကြပြီ။ ကျန်တာ ဆက်လုပ်ရုံပဲ။ ခုတလော မြောက်ကိုရီးယားသင်္ဘောတွေ ဆိပ်ကမ်းမှာ ပျားပန်းခပ်နေတာ အယ်လန် သတိထားမိတယ်။ ဆိုဗီယက်က ကိုရီးယားစစ်ပွဲမှာ သူ မပါဘူးလို့တော့ ပြောတာပဲ။ ဒါပေမဲ့ ဒီဆိပ်ကမ်းကနေ စစ်ထောက်ကူပစ္စည်းတွေ ပို့နေတာလေ။ တစ်ခါတလေ တင့်ကားတွေတောင်ပါသေး။

လွန်ခဲ့တဲ့ ခြောက်နှစ်က တီဟီရန်မှာလုပ်ခဲ့တဲ့ ဗျူဟာမျိုး တစ်ခုခု လုပ်ရမယ်။ အားလုံး ရုတ်ရုတ်သဲသဲဖြစ်သွားအောင် မီးရှူးပန်းလောက် ဖောက်နိုင်ရင် ရပြီ။ သင်္ဘောပေါ်တင်တဲ့ထဲမှာ ဖောက်ခွဲရေးပစ္စည်းတွေ အများကြီးပဲ။ အဲဒါတွေကို ပေါက်ကွဲအောင်လုပ်၊ ရှုပ်ထွေးနေချိန်မှာ ယူနီဖောင်းတွေလဲဝတ်။ ပြီးရင် ကားတစ်စီးရှာ၊ မောင်းထွက်၊ မြောက်ကိုရီးယားထဲဝင်။ အဲဒီက တစ်ဆင့် တောင်ကိုရီးယားပေါ့။

ဟားဘတ်ထ်က စိတ်ပူရှာတယ်။

'ကျုပ်က ခပ်တုံးတုံးနဲ့၊ ဖြစ်ပါ့မလားဗျာ'

'ခင်ဗျားက မတုံးပါဘူး၊ အင်း … မဆိုစလောက်တော့ ပိန်းတာပေါ့လေ၊ ဒါပေမဲ့ ကောင်းတယ်၊ အတော်ပဲ … ခု ကျုပ်စဉ်းစားနေတာ၊ အကြံက ဒီလိုလေ၊ ကုန်သေတ္တာတစ်လုံးလုံးကို မီးရှို့ရမယ်၊ အဲဒီအတွက် သင့်တော်တဲ့ ကုန်သေတ္တာ ရွေးရမယ်၊ မီးရှို့ဖို့ ပြင်ဆင်ရမယ်၊ အဲသလိုလေ …'

သင့်တော်တဲ့ကုန်သေတ္တာကို စောင့်နေတုန်း အယ်လန်က ဟားဘတ်ထ် ကို
တခြားတစ်ခု ထပ်ခိုင်းတယ်။ အချက်ပြ မီးကျည်ကြီးတစ်ခု သွားခိုး ချည်တဲ့။
ဘောင်းဘီထဲ ဝှက်ထည့်ခဲ့တဲ့။ အချက်ပြမီးကျည် ထားတဲ့နေရာက
ဘယ်အကျဉ်းသားမှ ဝင်ခွင့်မရှိဘူး။ ဒါပေမဲ့ သိတဲ့အတိုင်းပဲ။ ၁၃၃ လေ။
အစောင့်က လမ်းတောင် ပြောပြလိုက်သေးတယ်။

အယ်လန်က ဟားဘတ်ထ်ကို အပြတ်ချီးကျူးတယ်။ ဟားဘတ်ထ်က
ရှက်နေတယ်။ ထုံတာဟာ ချီးကျူးစရာ မဟုတ်ပါဘူးတဲ့။ အဲသလို မဟုတ် ပါဘူး။
အထုံပါရမီ ပါဖို့ဆိုတာ မလွယ်ဘူး။ ကဲ ... ကြည့်၊ ခု ပါရမီက အကျိုးပေးပြီ
မဟုတ်လား။

အင်မတန်အေးတဲ့ ၁၉၅၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့ မနက်မှာတော့
အင်မတန်ရှည်လျားပြီး မရေမတွက်နိုင်အောင် များလှတဲ့ တွဲတွေကို ဆွဲလာတဲ့
ရထားတစ်စီး ဆိုက်လာတယ်။ သဘော်ာသုံးစီးပေါ် ကုန်တွေတင်တယ်။ အကုန်
စစ်ဘက်ဆိုင်ရာချည်းပဲ။

တီ ၃၄ တင့်ကား ရှစ်စီးက လိမ်လို့မှ မရတာ။ သစ်သားကုန်သေတ္တာ
တွေလည်း အများကြီး။ တစ်လုံးလုံးထဲ မီးကျည်ပစ်ထည့်လိုက်ရုံပဲ။ ကဲ ...
အခွင့်အရေးရပြီ။ တွယ်ပြီကွာ။

ကုန်သေတ္တာထဲက မီးခိုးတွေ တဖြည်းဖြည်း အူထွက်လာတယ်။ ခဏနေ
မီးတောက်တွေ ထွက်လာတော့မယ်။ အယ်လန်ကတော့ သူ ဘာမှ လုပ်မထားတဲ့
ရုပ်မျိုးနဲ့ အဝေးကို လှည့်ထွက်သွားတယ်။ ဝုန်းခနဲ ပေါက်ကွဲတော့မယ် ...
ပေါက်ကွဲတော့မယ်။

အဲ ... အဲ ... မပေါက်ကွဲဘူးဟ။ မီးခိုးတွေချည်း မတရားလိမ့်ထွက် နေတယ်။

အစောင့်တွေက မီးမငြိမ်းချင်တော့ အကျဉ်းသားတွေကို သွား ငြိမ်းခိုင်းတယ်။ အကျဉ်းသားသုံးယောက်က ခြောက်ပေခြံစည်းရိုးကို ကျော်ပြီး ဆိပ်ကမ်းမှာ မီးခိုးအူထွက်နေတဲ့ ကုန်သေတ္တာဆီ ပြေးသွားတယ်။ ဘာမှ မသိတဲ့ မျှော်စင်ပေါ်ကအစောင့်က ရုတ်တရက် အကျဉ်းသားတွေ ဆိပ်ကမ်းဆီ ပြေးနေတာ တွေ့တော့ စက်သေနတ်နဲ့ အတွဲလိုက်ဆွဲတယ်။ မီးငြိမ်းဖို့သွားတဲ့ အကျဉ်းသားသုံးယောက်စလုံး ဇရာမ ကျည်ဖူးတွေဝင်ပြီး သေကုန်ကြတယ်။ ခု မသေလည်း တော်ကြာနေ သေမှာပဲ။ ဘာဖြစ်လို့တုံးဆိုတော့ စက်သေနတ် ကျည်ဆန်တွေဟာ သူတို့သုံးယောက်တင်မကဘဲ ကုန်သေတ္တာတွေကိုပါ သွားထိကုန်တယ်။ အယ်လန် မီးကျည်ပစ်ထည့်လိုက်တဲ့ ကုန်သေတ္တာထဲမှာ စစ်စောင် ၁၅၀၀ ပါတယ်။ သူ့ဘေးက ကုန်သေတ္တာထဲမှာ လက်ပစ်ဗုံး ၁၅၀၀ ပါတယ်။ စက်သေနတ်ကျည်ဆန်ဟာ လက်ပစ်ဗုံးသေတ္တာကို ဖောက်ဝင် သွားပြီး အုံးခနဲ ပထမတစ်လုံး ပေါက်။ စက္ကန့်ပိုင်းအတွင်း ကျန်တဲ့ ၁၄၉၉ လုံး တစ်ပြိုင်နက် ပေါက်။ ဘေးနားက ကုန်သေတ္တာလေးလုံး မြောက်တက်၊ စခန်းထဲ ပြုတ်ကျ။ အဲဒီထဲမှာ မြေမြှုပ်မိုင်း ၇၀၀ ပါ။ အိမ်းခနဲ ထပေါက်ကွဲ။

ကဲ ... ဗရုတ်သုတ်ခဖြစ်အောင် လုပ်မယ်ဆိုတဲ့ အယ်လန်နဲ့ ဟားဘတ်ထံ။ ခု အကြီးအကျယ် ဗရုတ်သုတ်ခဖြစ်ပြီ။ ဗရုတ်သုတ်ခမှ ထိန်းမနိုင် သိမ်းမရကို ဖြစ်တာ။ မီးဟာ ကုန်သေတ္တာတစ်လုံးပြီးတစ်လုံး ဆက်ကူးသွား တယ်။ ဒီဇယ်ပုံးတွေ ဝုန်းခနဲ၊ ဓာတ်ဆီပုံးတွေ အုံးခနဲ ဝုန်းဒိုင်းကြဲပေါက်ကွဲ။ မျှော်စင်နှစ်ခုနဲ့ အိပ်ဆောင် ရှစ်ဆောင် ချက်ချင်း ပြာကျ။ အမြောက်ဆန်တွေ ရှီခနဲ ဒိုင်းခနဲ လွင့်ထွက်။ အကျဉ်းစခန်းတစ်ခုလုံး ဝေသာလီပြည် ဘီလူး စီးတာထက်ဆိုး။ သဘော် လေးစီး မီးလောင်ပြီး အကုန်မြုပ်။ နောက်ထပ် ဆက်ပေါက်ကွဲ။ ဆီဂါလံ

ခြောက်သောင်းခွဲရှိတဲ့ ဆီတိုင်ကီကြီး ပွင့်ထွက်။ တစ်မြို့လုံး မီးလမ်းကြောင်းထဲမှာ နစ်။ လေက ပင့်တိုက်။ ဒီလိုနဲ့ နှစ်ဆယ့်ငါး မိနစ်ဆိုတဲ့ အချိန်အတွင်း ဗလာဒီဗိုစတော့ခ်ဟာ အကုန်ပြောင်သွားတော့တယ်။

ရဲဘော်ကြီး စတာလင်ဟာ သူ့ကျေးလက်စံအိမ်မှာ လက်ရုံးတွေဖြစ်တဲ့ ဘာရီယာ၊ မာလင်ကော့ဗ်၊ ဘူဂန်နင်၊ ကရူးရှက်တို့နဲ့အတူ သာသာယာယာ ညစာစားပြီးခါစ အချိန်လေးမှာ ဗလာဒီဗိုစတော့ခ်ဟာ မြေကမ္ဘာပေါ်က ထာဝရ ပျောက်ကွယ်သွားပြီဆိုတဲ့ သတင်းစကား ကြားလိုက်ရတယ်။ စောင်သေတ္တာက စလောင်တဲ့ မီးတဲ့။ အမှိုက်ကစ ပြာသာဒ်ထိ အကုန်လောင်သွား သတဲ့။ ဒီသတင်းကြောင့် ရဲဘော်ကြီး စတာလင်ဟာ စကားမပြောနိုင်ဘဲ မျက်လုံးကြီး ပြူးထွက်နေတုန်း စတာလင်ရဲ့ လက်ရုံးအသစ်ကလေး နီကီတာ ဆာဂျီယေဗစ်ချ်ကရူးရှက်က ရဲဘော်ကြီး ခွင့်ပြုမယ်ဆို အကြံတစ်ခုလောက် ပေးပါရစေတဲ့။ ကဲ ... ပေးစေ။

ကရူးရှက်က စပြောတယ်။

'ကျွန်တော့်ရဲ့ ချစ်လှစွာသော ရဲဘော်ကြီး စတာလင်ခင်ဗျား၊ ဗလာဒီဗို စတော့ခ်ဆိုတာ မရှိခဲ့ဘူးလို့ သဘောထားလိုက်ပါခင်ဗျာ၊ အဲဒီနေရာမှာ ရဲဘော်ကြီး အရင်က စိတ်ကူးခဲ့သလို ပိစိဖိတ်ဘက်ခြမ်းအတွက် အခြေစိုက်စခန်း ဆောက်လိုက်ကြစို့ရဲ့၊ ကမ္ဘာကို အသိမပေးတာ ကောင်းမယ် ထင်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ရဲ့ အားနည်းချက်ကို တတ်နိုင်သမျှ ဖုံးကွယ် ထားလိုက်ကြပါစို့၊ ရဲဘော်ကြီး သဘောတူရဲ့လားခင်ဗျာ'

စတာလင်ဟာ မူးကလည်း မူး၊ စိတ်ကလည်း ရှုပ်ဆိုတော့ ခေါင်းပဲ ညိတ်ပြလိုက်တယ်။ သဘောကတော့ ကရူးရှက်ပဲ အားလုံးကို တာဝန်ယူတော့ ပေါ့။

စားပွဲကိုလည်း သိမ်းကြစို့တဲ့။ သူ သိပ်နေလို့ မကောင်းချင်ဘူး။

မာရှယ် ဘာရီယာကတော့ စဥ်းစားခန်းဝင်နေတယ်။ ဗလာဒီဗို စတော့ခ်ဆိုတာ

ဟို … ဆွီဒင် ဖက်ဆစ် ပညာရှင်ကို အဲဒီမှာ ထားထားတာလေ။ မေ့တောင်နေပေါ့။

ယူရီ ဗုံးလုပ်တာ အောင်မြင်သွားပြီးနောက်ပိုင်း အဲဒီအကောင်ကို

ဖျောက်ဖျက်ပစ်လိုက်ရမှာ။ ကဲလေ … ခုတော့လည်း သင်္ဂြိုဟ်ပြီးသား

ဖြစ်သွားတာပေါ့။

အိပ်ခန်းအဝမှာ စတာလင်ဟာ သူ့အိပ်ဖန်စောင့်ကို ဘာအကြောင်းနဲ့မှ သူ့ကို

မနှောင့်ယှက်ဖို့ မှာနေတယ်။ တံခါးပိတ်၊ ခုတင်အစွန်းမှာ ထိုင်၊

ရှပ်အင်္ကျီကြယ်သီးတွေ ဖြုတ်ရင်း သူ စဥ်းစားနေတယ်။

ဗလာဒီဗိုစတော့ခ် …၊ ဆိုဗီယက်ရဲ့ ပိစိဖိတ်အခြေစိုက်စခန်းအဖြစ် စတာလင်

စဥ်းစားခဲ့တဲ့ မြို့။

ဗလာဒီဗိုစတော့ခ် …၊ ကိုရီးယားစစ်ပွဲအတွက် ဗျူဟာမြောက် အရေး ကြီးလှတဲ့

မြို့။

ဩော် … ဗလာဒီဗိုစတော့ခ် …၊ ယောင်ပေါင်ကာ ဖမ်းဆုပ်ကာ

လက်ထဲမှာထား၊ ပြန်ပြီးတော့ ဖွင့်ကြည့်တော့ မရှိတော့ပါကလား။

နေစမ်းပါဦးကွာ …။ ရေခဲမှတ်အောက် နှစ်ဆယ်ဒီကရီ စင်တီဂရိတ် လောက်

အေးနေတဲ့နေရာမှာ ဘယ်က ဘယ်လို စောင်သေတ္တာက မီးလောင် ရတာတုံး။ ဒါ …

တစ်ယောက်ယောက် လက်ချက်ပဲနေမှာ။ ဒီ သေချင်းဆိုးကို တွေ့လို့ကတော့ … …

…။

အဲဒီနေရာမှာ စတာလင်ရဲ့ သိစိတ်ဟာ ခန္ဓာကိုယ်ထဲက လွင့်ထွက်၊

ကြမ်းပေါ်ကို ဒုန်းခနဲ ခေါင်းနဲ့ကျ၊ လေသင်တုန်းဖြတ်ရင်း နောက် နှစ်ဆယ့်

လေးနာရီ ကြာတဲ့အထိ ဘယ်သူမှ ဝင်မလာလို့ အကြီးအကျယ် အကြောင်းဆိုး သွားတယ်။

ရဲဘော်ကြီး စတာလင်က ဘာအကြောင်းနဲ့မှ မနှောင့်ယှက်နဲ့ဆိုတာကို နှောင့်ယှက်လို့ မဖြစ်ချေဘူး မဟုတ်လား။

အယ်လန်နဲ့ ဟားဘတ်ထ်တို့ရဲ့ အဆောင်က ပထမဆုံး မီးလောင်တဲ့ အဆောင်ပေါ့။ မိတ်ဆွေနှစ်ယောက် စစ်သားယူနီဖောင်းတွေ အမြန်လဲဝတ် လိုက်ကြတယ်။

အကျဉ်းစခန်း စည်းရိုးကြီးလည်း ပြိုကျသွားပြီ။ ဘယ်အစောင့်မှလည်း ဘယ်သူ့ကိုမှ ကြည့်မနေနိုင်တော့ဘူး။ ဒါကြောင့် စခန်းထဲက ထွက်ဖို့က အလွယ်လေး။ ဒါပေမဲ့ ထွက်ပြီးရင် ဘာလုပ်မှာလဲ၊ ဘယ်သွားမှာလဲ၊ ခု ဘယ်ကားမှ ခိုးလို့မရတော့ဘူး။ အားလုံး မီးထဲပါသွားပြီ။ ဗလာဒီဗိုစတော့ခ် တစ်ခုလုံး မီးပင်လယ်ဖြစ်နေပြီ။

အကျဉ်းသားတွေကတော့ မီးလွတ်၊ ဗုံးလွတ်၊ အမြောက်ဆန်လွတ်တဲ့ စခန်းအပြင်ဘက် ခပ်ဝေးဝေး လမ်းဘေးတစ်နေရာမှာ စုဝေးနေကြတယ်။ စွန့်စားချင်သူအချို့ကတော့ အနောက်မြောက်ဘက်ဆီ စတင်လျှောက်လှမ်း နေခဲ့ကြပြီ။ ရုရှသို့ ရှေးရှု၍ပေါ့။ ရုရှအကျဉ်းသားတွေ ရုရှမှ မရှေးရှုရင် ဘယ်ရှေးရှုရမတုံး။ အရှေ့ဘက်မှာ ရေလမ်း၊ တောင်ဘက်မှာ ဂိုဂူယောစစ်ပွဲ၊ မြောက်ဘက်မှာ သေလမ်း (ခု မီးပင်လယ်ဖြစ်နေတဲ့ ဗလာဒီဗိုစတော့ခ် မြို့ထဲ) … ဆိုတော့ ဆိုက်ဘေးရီးယားကုန်းမြင့်ဆီ လျှောက်ဖို့ပဲ ရှိတော့တာပေါ့။

စစ်သားတွေဟာ အဲသလို ထွက်ပြေးသူတွေကို မရမက လိုက်တယ်။ ထာဝရ လွတ်မြောက်အောင် အရမ်းအရမ်းကို ကူညီပေးနေကြတယ်။

စစ်သားများရဲ့ အကူအညီက လွတ်မြောက်တာဆိုလို့ အယ်လန်နဲ့ ဟားဘတ်ထ်

နှစ်ယောက်ပဲ ရှိတယ်။ ဗလာဒီဗိုစတော့ခ်ရဲ့ အနောက်တောင်ဘက်က

တောင်ကုန်းလေးတစ်ခုပေါ် သူတို့ တက်ပြေး။ ကျည်ကွယ် မျက်ကွယ်မှာ

အနားယူရင်း ငရဲပွက်နေတဲ့ မြင်ကွင်းကို ဆီးကြည့်နေကြတယ်။ ဟားဘတ်ထ်က

ကြည့်ရင်း ပြောတယ်။

'အချက်ပြမီးကျည်က အရမ်းလင်းတာပဲနော်'

'အင်း … သူ့ထက်လင်းတာဆိုလို့ အက်တမ်ဗုံးပဲ ရှိမယ်ထင်တယ်'

'ဒါဆို … ခု ကျုပ်တို့ ဘာလုပ်ကြမတုံး'

'မြောက်ကိုရီးယား သွားမယ်လေ၊ ကားတော့ မရှိဘူး၊ လမ်းလျှောက်

ကြတာပေါ့၊ ကောင်းတယ်၊ သွေးပူတာပေါ့ဗျ … မဟုတ်ဘူးလား'

ဆိုဗီယက်တပ်နီတော်မှာ စစ်ရေးစွမ်းရည် အပြည့်ဝဆုံးတပ်မှူးက ကီရီးလ်

အာဖာနာ ဆီဗစ်ချ် မီရက်စကော့ဗ်ပဲ။ ဆိုဗီယက်ယူနီယံရဲ့ သူရဲ ကောင်း။

လီနင်ဆုကို ခုနစ်ကြိမ်ထက်မနည်း ရဖူးတဲ့ တကယ့်စစ်သား။ ဒါကြောင့်မို့

ဆုတံဆိပ်တွေ အတန်းလိုက်နဲ့ ဆိုဗီယက်ယူနီယံရဲ့ မာရှယ် ဖြစ်နေတာ မဆန်းဘူး။

စတုတ္ထတပ်မဟာရဲ့ တပ်မှူးအဖြစ် လီနင်ဂရက်မှာ ဂျာမန်တွေကို သူ

ရက်ပေါင်း ၉၀၀ ခံတိုက်ဖူးတယ်။ ဟစ်တလာ့တပ်တွေ ပြန်ဆုတ်သွားတော့

မီရက်စကော့ဗ်ဟာ အရှေ့ဘက် ကီလိုမီတာ ကိုးထောင့်ခြောက်ရာ ခရီးကို ရထားနဲ့

ချက်ချင်းသွားတယ်။

အရှေ့ဘက် စစ်မျက်နှာကို ကွပ်ကဲတယ်။ မန်ချူးရီးယားက ဆုတ်သွားတဲ့

ဂျပန်တပ်တွေကို အတင်းလိုက်တိုက်တယ်။ တိုက်လိုက်တိုင်း အောင်တာချည်းပဲ။

ကမ္ဘာစစ်ကြီးလည်း ပြီးရော တိုက်တိုင်းအောင် မီရက်စကော့ဗ်ခများ

ခြေကုန်လက်ပန်း ကျသွားရှာတယ်။ တိုက်တိုင်းအောင်ကြီးအတွက် တိုက်ပွဲမရှိတဲ့ မော်စကိုမှာ သူ့လုပ်အားကို မလိုလေတော့ ဘယ်သူမှ ပြန်မခေါ်ကြဘူး။ ဒါနဲ့ အရှေ့ဘက်မှာ သောင်တင်နေတယ်။ ဗလာဒီဗိုစတော့ခ်နားက စစ်မဟာ ဗျူဟာရုံး စားပွဲတစ်လုံးနောက် ရောက်သွားတယ်။ အမယ် … သိပ်ကောင်းတဲ့စားပွဲ။ တစ်လုံးလုံး ကျွန်းချည်းပဲ။

၁၉၅၃ ဆောင်းရာသီမှာ အသက် ၅၆ နှစ် ရှိနေပြီဖြစ်တဲ့ တိုက်တိုင်း အောင် မီရက်စကော့ဗ်ဟာ ကျွန်းစားပွဲကြီးနောက်မှာ ထိုင်နေရတုန်းပဲ။ အဲဒီကနေ လှမ်းပြီး ကိုရီးယားစစ်ပွဲမှာ ဆိုဗီယက်က ကိုယ်ပျောက်စစ်ဆင်ရေး လုပ်နေတာကို သူ ကွပ်ကဲနေတယ်။ အမေရိကန်စစ်သားတွေ တောင် ကိုရီးယားဘက်က ပေါ်တင် ဝင်တိုက်နေတာထက် ခုလို ကိုယ်ပျောက် ဝင်တိုက်တာဟာ ခြားနားတဲ့ မဟာဗျူဟာချင်း စီးချင်းထိုးရတဲ့ ပွဲပဲလို့ ရဲဘော်ကြီး စတာလင်ရော မာရှယ် မီရက်စကော့ဗ်ပါ သေချာ သိကြတယ်။ အမေရိကန် တွေ တာထွက်စောခဲ့ပေမဲ့ ခုဆို သူတို့နှစ်ဖက်စလုံးမှာ ဗုံးကိုယ်စီ ရှိခဲ့ကြပြီ။ ကိုရီးယားစစ်ပွဲဟာ တကယ်တော့ အားစမ်းပွဲပဲ။ နိုင်ရမယ်။ နိုင်ကို နိုင်မှ ဖြစ်မှာ။

ဒါပေမဲ့ ခု သူက မာရှယ်ဖြစ်နေပြီလေ။ စိတ်သွားတိုင်း ကိုယ်ပါ အားလုံး ကိုယ်တိုင်လုပ်လို့ မရတော့ဘူး။ ယုတ်စွအဆုံး ကားတောင် ကိုယ် တိုင်မောင်းလို့ မသင့်တော်တော့ဘူး။

ခု မာရှယ် မီရက်စကော့ဗ်နဲ့ သူ့ကားသမားဟာ မီးခိုးမည်းတွေ အူထွက် နေတဲ့ ဗလာဒီဗိုစတော့ခ်ကို ဦးတည်ပြီး အပြင်းမောင်း ခရီးနှင်နေကြပြီ။ အမြန်ရောက်ချင်ဇော ကပ်နေလို့ မာရှယ်က မှန်ပြောင်းကြီး တကိုင်ကိုင်နဲ့ အသားကုန် မောင်းခိုင်းနေတယ်။

လမ်းမကြီးတစ်လျှောက် အယ်လန်နဲ့ ဟားဘတ်ထ် လျှောက်လာကြတုန်း အင်မတန် စတိုင်လ်ကျတဲ့ စစ်စိမ်းရောင် ပိုဘီဒါကားတစ်စီး တောင်ဘက်ကနေ လာနေတာ တွေ့လိုက်ကြတယ်။ သူတို့ အလျင်အမြန်ပဲ လမ်းဘေးဆင်းပြီး ပုန်းနေကြတယ်။

ကားက သူတို့ကိုလွန်ပြီး မီတာငါးဆယ်လောက်အကွာမှာ ရပ်သွားတယ်။ ရင်ဘတ်မှာ ဆုတံဆိပ်တွေအများကြီး ဆွဲထားတဲ့ ဧရာမ စစ်အရာရှိကြီး တစ်ယောက်နဲ့ သူ့အပါးတော်မြဲ ကားပေါ်က ဆင်းလာတယ်။ ပြီးတော့ မုန်ပြောင်းကြီးနဲ့ ဗလာဒီဗိုစတော့ခ်ဘက် မျှော်ကြည့်နေကြပါကလား။ ကိုင်း … ခွင့်သာတုန်းမှ မကြုံးချင်လျှင် အရှုံး နင့်ပြင် ရှိသေးလိမ့်မလားပေါ့။ ကားနားကို အသာလေးကပ်၊ အရာရှိကြီးရဲ့ ပစ္စတိုနဲ့ အပါးတော်မြဲရဲ့ အော်တိုမက်တစ် ရိုင်ဖယ်ကို ခိုး။ သူတို့သေနတ်နဲ့ သူတို့ကို ပြန်ချိန်။ ပြီးတော့ အယ်လန်က ပြောလိုက်တယ်။ ထုံးစံအတိုင်း သိမ်သိမ်မွေ့မွေ့ပါပဲ။

'အဝတ်အစားလေးတွေ တဆိတ်လောက် ချွတ်လိုက်ကြပါလား လူကြီး မင်းများ ခင်ဗျာ'

မာရှယ် မီရက်စကော့ဗ်ရဲ့ဒေါသဟာ ကျောမအထိ လိမ့်တက်သွားတယ်။ ဆိုဗီယက်ယူနီယံရဲ့ စစ်သူရဲကောင်း သူလိုလူကို ဒီလို ဆက်ဆံရတယ် လို့။ မာရှယ်ကေ အေ မီရက်စကော့ဗ်ဆိုတဲ့ ငါက ဗလာဒီဗိုစတော့ခ်ကို အတွင်းခံဘောင်းဘီလေးနဲ့ လမ်းလျှောက်သွားရမတဲ့လားကွ။ အင်း … ဘယ်လိုဆက်ဆံ ဆက်ဆံ၊ ခုနေခါ ဗလာဒီဗိုစတော့ခ်ကို ဝင်ဖို့ ခက်တာတော့ အမှန်ပါပဲ ခင်ဗျာ။ မာရှယ်ယူနီဖောင်းနဲ့သွားသွား၊ ဖြူနက်ကျား အကျဉ်းသား ယူနီဖောင်းနဲ့ သွားသွား၊ အတွင်းခံဘောင်းဘီနဲ့ သွားသွား မီးပင်လယ်ထဲ

တိုးနိုင်တဲ့လူ ရှိလို့လား။ တစ်ခုတော့ ရှိတာပေါ့လေ။ ဗလာဒီမိုစတော့ခ်နဲ့ နီးလေလေ နွေးလေလေဖြစ်မှာတော့ သေချာတယ်။ သွားသာသွားပါ လူကြီး မင်း ခင်ဗျာ။ ဟားဘတ်ထံက မာရှယ်မီရက်စကော့ဗ်ရဲ့ဝတ်စုံ။ အယ်လန်က အပါး တော်မြဲရဲ့ ဝတ်စုံ ကိုယ်စီဝတ်ရင်း ကားပေါ်တက်လိုက်ကြတယ်။ သူတို့ကို စားမတတ် ဝါးမတတ် ကြည့်နေတဲ့ မီရက်စကော့ဗ်ကို ကြည့်ရင်း အယ်လန်က ဒေါသရှေ့ထားရင် မကောင်းကြောင်း၊ မကြာခင် နွေဦးရောက်တော့မှာ ဖြစ် ကြောင်း၊ အကောင်းမြင်စေလိုကြောင်း၊ နှုတ်ဆက်ပါကြောင်း ပြောရင်း ကားကို မောင်းထွက်လိုက်တယ်။ မာရှယ်က ပြန်နှုတ်မဆက်ဘူး။ သူတို့ကို မျက်စိ တစ်ဆုံး ကြည့်နေတယ်။

အယ်လန်က ကားကို ပြန်လှည့်ရင်း တောင်ဘက်လမ်းအတိုင်းမောင်း သွားခဲ့တော့တယ်။

နောက်မှတ်တိုင်က မြောက်ကိုရီးယားပေါ့။

ဆိုဗီယက်ယူနီယံနဲ့ မြောက်ကိုရီးယားနယ်စပ်ကို ဖြတ်ရတာ ငှက်ပျောသီး အခွံနွှာစားရတာထက်တောင် လွယ်သေး။ ဆိုဗီယက် နယ်ခြားစောင့် တပ်သားတွေဟာ မျက်ကလဲဆန်ပျာနဲ့ ဝုန်းခနဲထ၊ အလေးပြုတော့ မြောက် ကိုရီးယား တပ်သားတွေလည်း ဘယ်နေရဲမလဲ။ ထိုနည်းလည်းကောင်းပေါ့။ ဘာစကား တစ်လုံးမှတောင် ပြောစရာမလိုဘူး။ အဆီးအတားတွေ အကုန်ပွင့်။ မြောက်ကိုရီးယားရဲ့ နယ်ခြားစောင့်တပ်သား နှစ်ယောက်ဟာ ကိုယ့်မျက်စိ ကိုယ်မယုံနိုင်အောင် ဖြစ်နေတယ်။ ကြည့်ရတာ ဗလာဒီမိုစတော့ခ်က စစ်ထောက်ကူပစ္စည်းတွေ အခြေအနေကို မာရှယ်ကိုယ်တိုင် လာစစ်ဆေးတာ ဖြစ်မယ်။

ဒါပေမဲ့လည်း ခု မာရှယ်ကတော့ မြောက်ကိုရီးယားရဲ့ သာရေးနာရေးတွေ ဘာမှ စိတ်မဝင်စားဘူး။ ဘယ်တိုင်းပြည် ရောက်နေမှန်းတောင် သိတာမဟုတ်ဘူး။ သူ ဘာလုပ်နေမှန်းတောင် သူ့ကိုယ်သူ သိရဲ့လား မသေ ချာဘူး။ သူ့ထက်စာရင် အယ်လန်က အပုံကြီး သိတာပေါ့။ ကိုရီးယားစစ်ပွဲ ဆက်ဖြစ်နေသေးကြောင်း၊ တောင်နဲ့ မြောက် စစ်တပ်နှစ်တပ်စလုံး ၃၈ မျဉ်း ပြိုင်မှာ ရှေ့မတိုးသာ နောက်မဆုတ်သာ စောင်နေကြကြောင်းပေါ့။ ဟား ဘတ်ထ်က ဒီအကြောင်း ကြားတဲ့အခါ မဟာအကြံကောင်းကို ပေးတယ်။ ခု ဆိုဗီယက်–မြောက်ကိုရီးယား နယ်ခြားကနေ တောင်ကိုရီးယားနယ်စပ်ထိ ခုန်ကျော်သွားလိုက်မယ်လေတဲ့။ နယ်ခြားဆိုတာ မြောင်းလောက်ပဲကျယ်တယ်လို့ သူက မှတ်နေရှာတာကိုး။

ခုန်နေတုန်း အပစ်ခံချင် ခံရနိုင်ပေမဲ့ သိပ်တော့အဆိုးကြီး မဟုတ်လောက်ဘူး မဟုတ်လားတဲ့။

ခုန်ဖို့ နေနေသာသာ ခုလို အင်ပြည့်အားပြည့်ဖြစ်နေတဲ့ စစ်ပွဲကာလမှာ အမေရိကန် ဗုံးကြဲလေယာဉ်တွေဟာ မသက်ာတာ မြင်တာနဲ့ ဗုံးမိုးရွာဖို့ ချောင်းနေတာ။ ရုရှစစ်ကား စိမ်းစိမ်းကြီးဟာ အင်မတန် ဗုံးကြဲလို့ကောင်းတဲ့ ပစ်မှတ်ပေါ့။ ဒါကြောင့် လမ်းမကြီးအတိုင်း မမောင်းဘဲ လေယာဉ်သံ နားစွင့်ရင်း လမ်းမြောင်လေးတွေကနေ မောင်းနေရတယ်။ အရှေ့တောင်ဘက်စူးစူးကို မှန်းပြီး အယ်လန် ကားမောင်းနေတုန်း ဟားဘတ်ထ်က သူဝတ်ထားတဲ့ မာရှယ်ဝတ်စုံရဲ့ အိတ်တွေထဲ လိုက်နှိုက်ရင်း မှတ်ချက်အမျိုးမျိုး ပေးပြီး အယ်လန့်ကို ဖျော်ဖြေနေတယ်။

ပိုက်ဆံအိတ်ထဲက ရူဗယ်ငွေ အထပ်လိုက်ကို ကြည့်ရင်း တန်တော့ ဒီလူဟာ ရထားပေါ်ကပစ္စည်းတွေ သဘော်ပေါ်ပို့တဲ့ သယ်ယူပို့ဆောင်ရေး ဆိုင်ရာ

ကြီးကြပ်ရေးမှူး ဖြစ်လိမ့်မယ်တဲ့။ အယ်လန်က သူ့ကို လှမ်းမေးလိုက် တယ်။

'မာရှယ် ကီရီးလ် အာဖာနာ ဆီဗစ်ချ် မီရက်စကော့ဗ် ဆိုတဲ့နာမည်ကို

မှတ်မိရဲ့လား၊ မှတ်နိုင်ရဲ့လား ဟားဘတ်ထိ'

ဟားဘတ်ထိက ဒီလို ပြန်ဖြေတယ်။

'ဟင့်အင်း ... ဘယ်လိုမှ မမှတ်နိုင်တာ သေချာပါသဗျာ'

ခုဆို မှောင်စပြုပြီ။ ယာခင်းတစ်ခင်းလို့ သူတို့ထင်မိတဲ့ တစ်နေရာကို

ကားမောင်းဝင်လိုက်တယ်။ လယ်သမားကြီးရယ်၊ သူ့မိန်းမရယ်၊ ကလေး နှစ်

ယောက်ရယ်ဟာ ကားစိမ်းကြီးနဲ့ လူစိမ်းကြီးနှစ်ယောက်ကို ကြောက်အား လန့်အား

တန်းစီရပ်ကြည့်နေကြတယ်။ အပါးတော်မြဲ (အယ်လန်)က ရုရှလို တစ်ဝက်၊

တရုတ်လို တစ်ဝက် ပြောတယ်။ အကြောင်းမကြားဘဲ ဝင်လာမိတာ လွန်တာရှိက

ဝန္ဒာမိကြောင်း၊ စားစရာလေးများ တစ်ခုခု ရလိုရငြား ဝင်မိပါကြောင်း၊

ကျသလောက် ပေးမှာဖြစ်ကြောင်း၊ သို့သော် ရူဗယ်ငွေသာ ပေးနိုင်ပါ ကြောင်း။

လယ်သမားနဲ့ သူ့မိန်းမက အယ်လန်ပြောသမျှ ဘာမှနားမလည်ဘူး။ ဒါပေမဲ့

အသက် ဆယ့်နှစ်နှစ်ရှိပြီဖြစ်တဲ့ သူတို့ သားကြီးက ရုရှဘာသာ သင်နေတဲ့အတွက်

ဘာသာပြန်ပေးတယ်။ ဒါကြောင့် စက္ကန့်ပိုင်းအတွင်း မာရှယ်ဟားဘတ်ထိနဲ့

အပါးတော်မြဲ အယ်လန်တို့ အိမ်ထဲဖိတ်ခေါ်ခံရတယ်။

နောက် ဆယ့်လေးနာရီကြာတော့ သူတို့နှစ်ယောက် ခရီးဆက်ရန်

အသင့်ဖြစ်နေပြီ။ ညစာကို ထမင်းနဲ့ ဝက်သားဟင်းနဲ့၊ နောက် ဟီဟိ ...

ကိုရီးယားဖော့ဒကာနဲ့ ကျွေးလိုက်ကြတယ်။ တကယ်တော့ ကိုရီးယား ဖော့ဒကာဟာ

ရုရှဖော့ဒကာ၊ ဆွီဒင်ဖော့ဒကာတွေနဲ့ အရသာ တခြားစီ။ သို့သော်ငြားလည်း

ငါးနှစ်နဲ့ သုံးပတ်ကြာ ပြတ်လပ်နေပြီးမှ ပြန်သောက်ရတော့ သူ့ထက်

ဖော့ဒကာတာတောင် သူ့လောက် မဖော့ဒကာဘူးပေါ့လေ။
စားပြီးအိပ်နေ ဘိက္ခုဝေ သေရင်ငုတ်တုတ် ဂိဇ္ဈကုဋ်ဝါဒရှင် နှစ်ယောက်အဖို့
စားပြီးတဲ့အခါ အိပ်ချင်လာတာ သဘာဝကျတာပေါ့။ ဒါကြောင့် တစ်ညတာ
နားခိုခွင့်တောင်းရော အိမ်ရှင်လင်မယားက ကလေးနှစ်ယောက်နဲ့ သွားအိပ်။
မာရှယ်ဟားဘတ်ထ်အတွက် အိပ်ခန်းကြီးပေး။ အပါးတော်မြဲ အယ်လန်
မီးဖိုချောင်မှာ ခွေ။
မနက်စာကို ဟင်းသီးဟင်းရွက်ပြုတ်၊ အသီးခြောက်၊ လက်ဖက်ရည်နဲ့
စားရတယ်။ လယ်သမားကြီးက မာရှယ့်ကားကို ဓာတ်ဆီဖြည့်ပေးတယ်။
ရူဗယ်ငွေတွေ ထုတ်ပေးတော့ မယူဘူးတဲ့။ ဟားဘတ်ထ်က ဂျာမန်လို ငွေတွေ
ယူလိုက်ပါလို့ ပြောတော့ လယ်သမားကြီး တုန်သွားတယ်။ သူ တစ်လုံးမှ
နားမလည်ပါဘူး။ ဒါပေမဲ့ ကြောက်ကြောက်နဲ့ ယူထားလိုက်တယ်။
သူတို့ကို နှုတ်ဆက်ပြီး ခရီးဆက်ခဲ့ကြတယ်။ အနောက်တောင်လမ်း
ကြောင်းအတိုင်း ဆက်မောင်းလာခဲ့ကြတယ်။ လေယာဉ်ပျံသံ ကြားတိုင်း
ခေါင်းကလေးတွေ ပုလို့ပေါ့။
သူတို့ကားဟာ ပြုယမ်းနား နီးလာတော့ အယ်လန့်ခေါင်းထဲမှာ အကြံသစ်တွေ
ရလာပြန်တယ်။ ခုလိုအချိန်မျိုး တောင်ကိုးရီးယားဘက် ကူးဖို့ ဘယ်နည်းနဲ့မှ
မဖြစ်နိုင်ဘူး။ ဒါကြောင့် မြောက်ကိုရီးယား ဝန်ကြီးချုပ် ကင်အီဆွန်းနဲ့ ဝင်တွေ့ရရင်
ကောင်းမယ်။ ဆိုဗီယက် မာရှယ်တစ်ယောက်ကို သူ တွေ့ချင်မှာပဲလေ။
ဟားဘတ်ထ်က မေးတယ်။ ဝင်တွေ့ပြီး ဘာဆက်လုပ်မလဲတဲ့။
မသိသေးဘူး။ ဒါပေမဲ့ စဉ်းစားပါ့မယ်လို့ အယ်လန်က ကတိပေးလိုက်တယ်။
သေချာတာကတော့ အဲဒီ ထိပ်တန်းဆိုတဲ့ လူတွေနဲ့ တွေ့ရင် အစားကောင်း

စားရမယ်၊ အသောက်ကောင်းလည်း ... ရှလွတ်။

မြို့တော်နားနီးလာတော့ သူတို့ အစစ်ဆေးခံရတော့မယ်ဆိုတာ သိလာတယ်။ ဘယ်လောက်ပဲ မာရှယ်ဖြစ်နေပါစေ။ စစ်ဖြစ်နေတဲ့ တိုင်းပြည်ရဲ့ မြို့တော်ထဲကို ဘာမှ အမေးအမြန်းမရှိ ဝင်ဖို့ မဖြစ်နိုင်ဘူး မဟုတ်လား။ ဒါကြောင့် အယ်လန်က ဟားဘတ်ထ်ကို ရှရှလို စကားတစ်ခွန်း သင်ပေးတယ်။ မပြောမဖြစ် ပြောရမယ့်စကား၊ သေရေးရှင်ရေးကို ဆုံးဖြတ်ပေးမယ့် စကား။

'ဟေ့ ... ငါ ဆိုဗီယက်ယူနီယံက မာရှယ် မီရက်စကော့ဗ်ပဲ၊ မင်းတို့ ခေါင်းဆောင်ကြီးဆီ ငါ့ကိုခေါ်သွားကြစမ်း'

အဲဒီအချိန် ပြုယမ်းကို မြောက်ကိုရီးယားစစ်တပ်က အပြင်စည်း အတွင်းစည်း နှစ်ထပ် ကာကွယ်ထားတာ။ အပြင်စည်းက မြို့တော်ရဲ့ ကီလိုမီတာ နှစ်ဆယ်အကွာမှာ မြို့ကို ပတ်လည်ဝိုင်းထားတယ်။ လေယာဉ်ပစ် အမြောက်တွေ၊ ထူထပ်လှတဲ့ အတားအဆီးတွေနဲ့။ အတွင်းစည်းကတော့ မြေပြင်တိုက်ပွဲအတွက် ဇရာမ ခံစစ်ကြီးပေါ့။ အယ်လန်နဲ့ ဟားဘတ်ထ်ဟာ အပြင်စည်းရဲ့ ပထမဆုံးဂိတ်ကို ရောက်လာတယ်။ သေနတ်ကို အသင့်ကိုင်ရင်း တည်မရအောင် မူးနေတဲ့ မြောက်ကိုရီးယား အစောင့်စစ်သားတစ်ယောက်နဲ့ တိုးတယ်။ အယ်လန် သင်ပေးတာကို တစ်လမ်းလုံး တတွတ်တွတ် ရွတ်လာတဲ့ မာရှယ် ဟားဘတ်ထ်က စစ်သားကို တွေ့တွေ့ချင်း ...

'ငါ မင်းရဲ့ခေါင်းဆောင်ပဲ၊ ငါ့ကို ဆိုဗီယက်ခေါ်သွားစမ်း'လို့ ပြော ထည့်လိုက်တယ်။

ကံကောင်းတာက စစ်သားဟာ ရှရှလို နားမလည်ဘူး။ တရုတ်လိုတော့ နားလည်တယ်။ အပါးတော်မြဲ အယ်လန်က သူ့မာရှယ်ရဲ့ အမှားကို တရုတ်လို

ပြောပြီး ပြင်ပေးလိုက်ရတယ်။

သို့သော်လည်း အလွန်အကျွံမူးနေတဲ့ စစ်သားခများ ဘာကိုမှ ဆုံးဖြတ်နိုင်စွမ်း မရှိဘူးလေ။ ဒါကြောင့် ဂိတ်စခန်းထဲမှာ ခဏဝင်နေဖို့ဖိတ်ရင်း မီတာ ၂၀၀ အကွာက နောက်ဂိတ်ကို သူ ဖုန်းဆက်တယ်။ ဖုန်းဆက်ပြီးတော့ ကုလားထိုင်မှာ ပြန်ထိုင်ရင်း အိတ်ထဲက ဆန်ဖော့ဒကာ(ဆိုဂျူ)ပုလင်း ထုတ်မော့တယ်။ ပြီးတော့ ရှုရှုနှစ်ယောက်ကို ငေးငေးငေါင်ငေါင် ကြည့်နေတယ်။

ဟားဘတ်ထ် လုပ်ပုံနဲ့တော့ ဒုက္ခတွေ့တော့မယ်ဆိုတာ အယ်လန် သိတယ်။ ဒီတိုင်းဆို ကင်အီဆွန်းနဲ့တွေ့ရင် တစ်မိနစ်မပြည့်ခင် အလိမ်ပေါ်မှာ။ ဟိုဘက်ဂိတ်က အစောင့်လာနေပြီ။ ကဲ … မြန်မြန်လုပ်မှ။ ဟားဘတ်တ်ရေ … ဝတ်စုံချင်း လဲဝတ်ကြစို့ရဲ့။ ဟင် … ဘာလို့တုံး။ ကဲ … နောက်မှပြော၊ ခု မြန်မြန် ချွတ်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း မာရှယ်က အပါးတော်မြဲဖြစ်ပြီး အပါးတော်မြဲက မာရှယ် ဖြစ်သွားတယ်။ ငမူး စစ်သားက မျက်လုံးမှေးကြီးနဲ့ ကြည့်နေရင်း ကိုရီးယားလို ဂူးဂူးဝါးဝါး ပြောနေတယ်။ ခဏနေတော့ ဒုတိယ ဂိတ်က စစ်သားဟာ ပထမဂိတ် စခန်းထဲဝင်လာတယ်။ ဝင်ဝင်ချင်း ဆိုဗီယက် မာရှယ်တစ်ယောက်ကို တွေ့လိုက်တော့ တုန်တက်သွားပြီး ကမန်းကတန်း

အလေးပြုတယ်။ ခု မာရှယ်ဖြစ်သွားတဲ့ အယ်လန်ဟာ ဝန်ကြီးချုပ်နဲ့ တွေ့လိုကြောင်း တရုတ်လို ပြောတယ်။ နံပါတ်နှစ် စစ်သားဟာ ဘာဖြေရမှန်းမသိ ဖြစ်နေတယ်။ ငမူးစစ်သားကတော့ ဂူးဂူးဝါးဝါး ပြောနေတာတွေ ရပ်သွားတယ်။ မာရှယ် အယ်လန်က သူ ဘာတွေပြောနေတာလဲလို့ မေးလိုက်တယ်။ သူက မာရှယ်တို့တစ်တွေ အဝတ်တွေချွတ်ပြီး ပြန်ဝတ်နေကြတယ်လို့ ပြောနေပါတယ် ခင်ဗျတဲ့။

မာရှယ်အယ်လန်က ခေါင်းကို ယမ်းရင်း တယ်ပြင်းတဲ့ ဗော့ဒကာပဲလို့ ရေရွတ်နေတယ်။

နံပါတ်နှစ် စစ်သားဟာ ငမူးစစ်သားရဲ့ အပြုအမူအတွက် ဆိုဗီယက် မာရှယ်ကို အပြင်းအထန် တောင်းပန်နေတယ်။ ငမူးကတော့ သူတို့ အဝတ်တွေ ချွတ်လိုက်၊ ပြန်ဝတ်လိုက် လုပ်နေတယ်လို့ ပြောနေတုန်း။ ဒါနဲ့ နံပါတ်နှစ်ဟာ ငမူးကို ပါးပိတ်ရိုက်လိုက်တယ်။ တာဝန်ချိန်မှာ မူးနေရူးနေမှုနဲ့ ရုံးတင်ပစ်မယ် ဘာမှတ်လဲလို့ ကြိမ်းတယ်။ ဒါကြောင့် ငမူးဟာ ပါးစပ်ပိတ် နေပြီး ဆိုဂျူကိုပဲ မော့နေလိုက်တော့တယ်။ နံပါတ်နှစ် စစ်သားကတော့ ဖုန်းတွေဆက်၊ ပုံစံတွေဖြည့် လုပ်နေတယ်။ ခဏနေတော့ ...

'နောက်ဂိတ်ကျရင် ဒီစာရွက်တွေကို ပြလိုက်ပါ မာရှယ်ကြီးခင်ဗျ၊ သူတို့က မာရှယ်ကြီးကို ဝန်ကြီးချုပ်ရဲ့ ဒုတိယလူရဲ့ ဒုတိယလူဆီ အရင်ဆုံး ခေါ်သွားပါလိမ့်မယ်'လို့ ပြောတယ်။ အယ်လန်က ကျေးဇူးတင်ကြောင်း ပြောရင်း ကားဆီ ပြန်လာတယ်။

အပါးတော်မြဲ ဟားဘတ်တ်ကို ဒရိုင်ဘာခုံပေါ် တွန်းတင်ရင်း ...

'ကဲ ... ခင်ဗျား အခု ကျုပ်အပါးတော်မြဲ ဖြစ်သွားပြီ၊ ခုချိန်ကစပြီး ခင်ဗျားပဲ ကားမောင်းရတော့မှာ'လို့ ပြောလိုက်တယ်။

'အမလေး ... တကယ်လား၊ စိတ်တောင် လှုပ်ရှားလာပြီ၊ ဆွစ်ဇာလန် ရဲက ကျုပ်ကို စတီယာရင်နောက်မှာ ဘယ်တော့မှ ဝင်မထိုင်နဲ့လို့ ပြောပြီး ကတည်းက ကားမမောင်းရတာ ခုထိပဲ'

'အင်း ... ခင်ဗျား ဘာမှမပြောရင် ကောင်းလိမ့်မယ်'

'အဲဒီတုန်းက ဘယ်မောင်း၊ ညာမောင်း နှစ်မျိုးကို ကျုပ်အမြဲတမ်း မှားတာကိုး'

'ဘာမှ ထပ်မပြောနဲ့တော့ ဟားဘတ်ထ်ရာ'
အပါးတော်မြဲ ဟားဘတ်ထ်ဟာ ထင်တာထက်ပိုပြီး ကားမောင်းကျွမ်းတယ်။ ဘာပြဿနာမှမရှိဘဲ မြို့တော်ထဲ ဝင်ခွင့်ရပြီး ဝန်ကြီးချုပ်နန်းတော်ကို တန်းတန်းမတ်မတ် ရောက်သွားခဲ့ကြတယ်။ အဲဒီမှာ ဝန်ကြီးချုပ်ရဲ့ ဒုတိယလူရဲ့ ဒုတိယလူဟာ သူတို့ကို အသင့်စောင့်ကြိုနေခဲ့တယ်။ ဝန်ကြီးချုပ်ရဲ့ ဒုတိယလူ မအားသေးကြောင်း၊ နောက်သုံးရက်အတွင်း မတွေ့နိုင်သေးကြောင်း၊ ဧည့်သည်ဆောင်မှာ အေးအေးဆေးဆေး အနားယူကြဖို့အကြောင်း၊ ညစာစားဖို့ ရှစ်နာရီမှာ အဆင်သင့်ပြင်ထားပါကြောင်း ပြောတယ်။ အယ်လန်က ဟားဘတ်ထ်ကို လူမမြင်ခင် မျက်စပစ်ပြလိုက်ပြီး ကျုပ် မပြောလားလို့ ပဏ္ဏာယူလိုက်တယ်။
၁၉၁၂ ခုနှစ်၊ ဧပြီလမှာ ပြုံယမ်း ဆင်ခြေဖုံးမှာနေတဲ့ ခရစ်ယာန် မိသားစုတစ်စုကနေ ကင်အီဆွန်း လူ့လောကထဲရောက်လာခဲ့တယ်။ အဲဒီ မိသားစုဟာ တခြားတခြားသော ကိုရီးယားမိသားစုတွေလိုပဲ ဂျပန် လက်အောက်မှာ နေခဲ့ရတယ်။ ဂျပန်အုပ်ချုပ်တဲ့ ခေတ်ဟာ ကိုရီးယားအတွက် ငရဲခန်းပေါ့။ ကိုရီးယားမတွေကို စစ်တပ်က ထင်သလို ဆော်တယ်။ ကိုရီးယားထီးတွေကို အတင်းအဓမ္မ စစ်တပ်ထဲ သွင်းတယ်။ ဂျပန်နာမည်ပေး၊ ဂျပန်စကားပြောခိုင်းပြီး ကိုရီးယား စာနဲ့ ယဉ်ကျေးမှုကို မျိုးပြုတ်အောင် လုပ်ခဲ့ ကြတယ်။
ဒါတွေကို သည်းမခံနိုင်တဲ့ ကင်အီဆွန်းရဲ့အဖေဟာ တစ်ရက်မှာတော့ မိသားတစ်စုလုံး ပြုံယမ်းကနေ မြောက်ဘက်က မွန်ဂိုးလီးယားကို ပြောင်းဖို့ ဆုံးဖြတ်လိုက်တယ်။ ၁၉၃၁ မှာ ဂျပန်တပ်တွေ မွန်ဂိုးလီးယား ရောက်လာတယ်။ အဲဒီအချိန် သူ့အဖေက သေပြီ။ သူ့အမေက သူ့ကို တရုတ်ပြောက်ကျား တပ်ထဲ ဝင်ခိုင်းတယ်။ အဲဒီ ပြောက်ကျားတပ်ဟာ အရင်ဆုံး ဂျပန်တွေကို မန်ချူးရီးယားက

မောင်းထုတ်မယ်။ ပြီးရင် ကိုရီးယားက မောင်းထုတ်မယ် ပေါ့။
ဒါကြောင့်မို့ ကင်အီဆွန်းဟာ ကွန်မြူနစ် ပြောက်ကျားတပ်သား
တစ်ယောက်အဖြစ် အရွယ်ရောက်လာခဲ့တယ်။ သတ္တိရှိတဲ့၊ တိုက်ရည်ခိုက်ရည်
ပြည့်ဝတဲ့သူဆိုပြီး နာမည်ရလာတယ်။ ဒါကြောင့် တပ်ရင်းတစ်ရင်းကို ဦးဆောင်ခွင့်
ရလာတယ်။ ဂျပန်နဲ့ ထိပ်တိုက်ဆော်ရတဲ့ တိုက်ပွဲတစ်ပွဲမှာ သူ့တပ်ရင်း
တစ်ရင်းလုံးနီးပါး ပြုတ်သွားတယ်။ ၁၉၄၁၊ ကမ္ဘာစစ်ကြီး အရှိန် ကောင်းနေတုန်း
ကင်အီဆွန်းဟာ ဆိုဗီယက်နယ်စပ်ထိ အလဲလဲ အကွဲကွဲ ပြေးလာခဲ့ရတယ်။
ရုရှမှာလည်း သူ အစွမ်းပြတာပဲ။ တပ်နီတော် ဗိုလ်မှူး ဖြစ်လာပြီး ၁၉၄၅ထိ
ရှုပ်ရှုပ်ချုံချုံ တိုက်ပြန်တယ်။
စစ်ကြီးပြီးသွားတော့ ဂျပန်ဟာ ကိုရီးယားကျွန်းဆွယ်ကို လက်လွှတ်
လိုက်ရတယ်။ ကင်အီဆွန်းလည်း အမျိုးသား သူရဲကောင်းအဖြစ် ပြည်တော်
 ပြန်လာခဲ့တယ်။ ခု နိုင်ငံတော်ကို ပြန်လည်တည်ဆောက်။ အားလုံးက လိုလား
နေကြတဲ့ မဟာခေါင်းဆောင်ကြီးနေရာကို ကင်အီဆွန်းက ယူ။ ဒါပဲပေါ့။
ဒါမဘဲဘူး။ စစ်နိုင်သူကြီးများဟာ ကိုရီးယားကို ကိုယ့်အတွေးနဲ့ကိုယ် နှစ်ပိုင်း
ပိုင်းလိုက်တယ်။ အမေရိကန်ပိုင်တဲ့ ကိုရီးယားအခြမ်းမှာ ကျော်စော သတင်းကြီးတဲ့
ကွန်မြူနစ်တစ်ယောက်ကို ခေါင်းဆောင်ခန့်ဖို့ အိပ်မက်ထဲတောင် ထည့်မမက်ဘူး။
ဒါကြောင့် ကိုရီးယား ပြည်ပြေးတစ်ယောက်ကို ပင့်လာပြီး
တောင်ပိုင်းခေါင်းဆောင်အဖြစ် တင်တယ်။ မြောက်ပိုင်းကိုရရင်ကျေနပ်မှာပဲလို့
အပိုင်တွက်ထားကြပေမဲ့ ကင်အီဆွန်းဟာ နည်းနည်းမှ မကျေနပ်ဘူး။
မကျေနပ်တော့ စစ်တိုက်တာပေါ့။ ဂျပန်ကို တိုက်ထုတ်နိုင်ရင် အမေရိကန်ရော၊
ကုလသမဂ္ဂရော ဘဇာကြောင့် မတိုက်ထုတ်နိုင်ရမှာလဲ။

တရုတ်စစ်တပ်နဲ့ ဆိုဗီယက်စစ်တပ် နှစ်တပ်စလုံးမှာ အသုံးတော်ခံခဲ့ဖူးတဲ့ ကင်အီဆွန်းဟာ ခုတော့ သူ့ကိုယ်ပိုင်စစ်တပ်နဲ့ တိုက်ပွဲဝင်နေပြီ။ အတွေ့ အကြုံ ရင့်လှပြီမို့ ကိုယ့်အားကိုယ်ကိုးရမယ်၊ ဘယ်သူ့ကိုမှ ယုံလို့မရဘူး ဆိုတာလည်း သိလာခဲ့ပြီ။ ဒါကြောင့်လည်း သူ ဘယ်သူ့ကိုမှ မယုံဘူး။ အဲ ...

ခြွင်းချက်တစ်ခုတော့ ရှိတယ်။ ဒါကတော့ သူ့ရဲ့ ဒုတိယလူပေါ့။ ဝန်ကြီး ချုပ်နဲ့ တွေ့လိုသူမှန်သမျှ အဲဒီ ဒုတိယလူဆီကနေတစ်ဆင့်ပဲ ဆက်သွယ် ရတယ်။ ဒုတိယလူကတော့ သူ့ရဲ့ သားလှရွှေသွေး ကင်ဂျုံအီးလေးပေါ့။ ကင်အီဆွန်းက ကင်ဂျုံအီးကို နိုင်ငံရေးသင်ခန်းစာအဖြစ် ဟောသလို ပို့ချထား ခဲ့တယ်။

'ငါ့သား ... ဘယ်ကလာတဲ့လူဖြစ်ဖြစ် မတွေ့ခင် အရင်ဆုံး ၇၂ နာရီ လောက် စောင့်ခိုင်းကွ၊ ပြီးမှ တွေ့၊ ဒါ မင်းရဲ့ လုပ်ပိုင်ခွင့်နဲ့ အာဏာကို တည်မြဲအောင် ထိန်းသိမ်းတဲ့နည်းပဲ၊ နားလည်လား ငါ့သား'

'နားလည်တယ် ထင်တာပဲ ဖေကြီး'

ကင်ဂျုံအီးက ဖြီးလိုက်တယ်။ ခဏနေတော့ အဘိဓာန်လှန်ပြီး သူ နားမလည်တဲ့ စကားလုံး အဓိပ္ပာယ်တွေကို ရှာရတာပေါ့လေ။

သုံးရက် မကလို့ ရက်သုံးရာ စောင့်ရလည်း ဘာအရေးတုံး။ အစား အသောက်ကလည်း ကောင်း၊ အိပ်ရာကလည်း နူးညံ့ပါဘိသနဲ့။ အမေရိကန် ဗုံးကြဲလေယာဉ်တွေကလည်း အစောင့်အကြပ်၊ အပစ်အခတ် ထူလွန်းတဲ့ ပြုံယမ်းနား မကပ်ဝံ့ကြဘူးကိုး။ ဒါပေမဲ့ အချိန်တန်တော့ နွားပိန်ကန်တာပါပဲ။ ဝန်ကြီးချုပ်ရဲ့ ဒုတိယလူရဲ့ ဒုတိယလူဟာ သူတို့ကို ဒုတိယလူရဲ့ ရုံးခန်းကို လိုက်ပို့ပါတယ်။ ဩော် ... ဟော် ... လက်စသတ်တော့ ဒုတိယလူဆိုတာ ချာတိတ်လေးကိုး။

ကင်ဂျုံအီးက လက်ဆွဲနှုတ်ဆက်ရင်း ခပ်တင်းတင်းဆိုတယ်။

'ကျုပ်က ဝန်ကြီးချုပ် ကင်အီဆွန်းရဲ့ သားပဲ၊ ကျုပ်က ဝန်ကြီးချုပ်ရဲ့ ဒုတိယလူပဲ'

ဒါပေမဲ့ သူ့လက်ကလေးဟာ အယ်လန့်ရဲ့ ဧရာမ လက်ကြီးကြားမှာ မြုပ်သွားခဲ့တယ်။ အယ်လန်က ပြောလိုက်တယ်။

'ကျွန်တော်က မာရှယ် ကီရီးလ် အာဖာနာ ဆီဗစ်ချ် မီရက်စကော့ဗ်ပါ မစ္စတာကင်၊ ကျွန်တော့်ကို လက်ခံတွေ့ဆုံလို့ ဝမ်းမြောက်လှကြောင်းပါ၊ ကျွန်တော့်ကိစ္စလေးကို ခု တင်ပြရတော့မလား ခင်ဗျာ'

ကင်ဂျုံအီးရဲ့ ခွင့်ပြုချက်နဲ့ သူ ဆက်လိမ်တယ်။ မော်စကိုက ရဲဘော်ကြီး စတာလင်ဆီကနေ ဝန်ကြီးချုပ်ကြီးဆီ တိုက်ရိုက် အမှာစကား ပါးလိုက်ကြောင်း၊ ဆိုဗီယက် ကွန်မြူနစ်စနစ်အတွင်းမှာ အမေရိကန် အရင်းရှင် ခွေးအတွေ စိမ့်ဝင်နေကြောင်း (အသေးစိတ် မပြောချင်ပါဘူး။ မစ္စတာကင် နားလည်မယ် ထင်ပါတယ်) ရဲဘော်ကြီး စတာလင်က ဒီသတင်းကို ကိုယ်တိုင်ပြောဖို့ မှာလိုက်ကြောင်း၊ ဒါမှ တာဝန်ကျေမှာဖြစ်ကြောင်း ပြောလိုက်တယ်။

ကင်ဂျုံအီးဟာ မာရှယ်အယ်လန်ကို မသင်္ကာကြည့်နဲ့ ကြည့်ရင်း မည်သို့ပင် ဆိုစေကာမူ မိမိတာဝန်သည် မည်သည့်တန်ဖိုးကို ပေးဆပ်ရသည် ဖြစ်စေ မိမိတို့၏ မဟာခေါင်းဆောင်ကြီးကို အသက်နဲ့လဲ ကာကွယ်ရန် ဖြစ် ကြောင်း စာဖတ်ပြနေတဲ့ လေသံနဲ့ ပြောတယ်။ ဖခင် ခေါင်းဆောင်ကြီးက မည်သူ့ကိုမှ မယုံကြည်ဖို့ သင်ကြားထားခဲ့ကြောင်း၊ ဒါကြောင့် မော်စကိုကို ဖုန်းဆက်ပြီး ရဲဘော်ကြီး စတာလင်က အမှန်တကယ် စေလွှတ်သည့် သက်သေရမှသာ တွေ့ခွင့်ပေးရန် စဉ်းစားနိုင်မည်ဖြစ်ကြောင်း ပြောပြန်တယ်။

'ဒါပေါ့လေ … ဟုတ်တာပေါ့၊ ဒါပေမဲ့လည်း တယ်လီဖုန်းဆက်မယ် ဆိုရင်

သတိထားစေချင်တယ်၊ ဒီကိစ္စ ရန်သူသိသွားရင် ဘာဖြစ်မယ် ထင် သလဲ’
ကင်ဂျုံအီးလေးဟာ မာရှယ်အယ်လန် ပြောတာကို သဘောပေါက်ပါတယ်။
ဒါပေမဲ့ ‘ဘယ်သူ့ကိုမှ မယုံနဲ့ ငါ့သား’ ဆိုတဲ့ ဖခင်ကြီးစကားက ခေါင်းထဲမှာ သံမှိုနဲ့
နှက်ထားသလို စွဲနေတယ်။ ဒီလိုလုပ်မယ်လေ အန်ကယ် စတာလင့်ဆီ စကားဝှက်နဲ့
ဖုန်းဆက်မယ်။ ကင်ဂျုံအီးဟာ အန်ကယ် စတာ လင်နဲ့ အကြိမ်ပေါင်းများစွာ
တွေ့ခဲ့ဖူးတယ်။ အန်ကယ်စတာလင်က သူ့ကို ချစ်စနိုးနဲ့ တော်လှန်ရေးသမား
ပေါက်စလေးလို့ ခေါ်တာ။

‘အန်ကယ်စတာလင်ကို ဖုန်းခေါ်ပြီး ကျွန်တော် တော်လှန်ရေးသမား
ပေါက်စလေးပါ၊ ဖေဖေ့ဆီ လူများ လွှတ်ထားသေးလားလို့ မေးလိုက်မယ်လေ၊
တခြား ဘာမှ ထပ်မပြောဘူး၊ ဒါဆို ဘယ့်နှယ်လဲ မာရှယ် ...’
သေချင်းဆိုးလေး၊ မသာလေး၊ မိစ္ဆာလေး၊ ငရဲမင်း သေလို့ ဝင်စားတဲ့
ကောင်လေး။ အသက်မှ ဆယ်နှစ်လောက် ရှိသေး။ မာယာ သာဋ္ဌေယျ အပြည့်နဲ့။
အင်း ... သူ့အသက်လောက်မှာ ငါ ဒိုင်းနမိုက်စက်ရုံမှာ အလုပ်ဝင်နေပြီလေ။
ကဲပါလေ ... ထားလိုက်ပါတော့။ အားလုံးဟာ သူ့သဘော သူဆောင်တာပဲကို။
လုပ်ချင်တာလုပ်။ ပါးစပ်ကတော့ ...
‘မစ္စတာကင်ဟာ လူသာငယ်တယ်၊ ဉာဏ်ပညာ တယ်ကြီးသကိုးဗျ၊
ကောင်းပါတယ်၊ အဲသလိုပြောပါ’လို့ ပြောလိုက်တယ်။
မစ္စတာကင် ပေါက်စက မျက်နှာလေးဝင်းသွားပြီး ...
‘ဒါက ဉာဏ်ပညာကြီးလှတဲ့ မဟာခေါင်းဆောင်ကြီးရဲ့ သွန်သင်
ဆုံးမမှုကြောင့်ပါ ခင်ဗျ၊ ကဲ ... မာရှယ်တို့ လက်ဖက်ရည်သောက်ကြဦး၊ ကျွန်တော်
ဖုန်းသွားဆက်လိုက်ဦးမယ်’ လို့ ပြောရင်း အခန်းထောင့်က ဖုန်းဆီ

လျှောက်သွားတယ်။ ဟန်မပျက် လက်ဖက်ရည်သောက်နေရင်း ဘာလုပ်ရမလဲ အယ်လန် စဉ်းစားတယ်။ ပြတင်းပေါက်က ခုန်ချလိုက်ရ ကောင်းမလား။ ဟဲ့ … မဖြစ်သေးဘူး။ ခုက ဝန်ကြီးချုပ်စံနန်းရဲ့ လေးထပ်မြောက်မှာ။ အင်း … ဟားဘတ်ထ်ဆိုရင်တော့ ပျော်ပျော်ကြီး ခုန်ချမှာပဲ (ခုန်ချရဲရင်ပေ့ါလေ)။ ခု ဟားဘတ်ထ်ကလည်း အနားမှာမရှိဘူး။

မျက်ရည်လည်ရွဲနဲ့ အတင်းပြေးဝင်လာတဲ့ မစ္စတာကင်လေးကြောင့် အယ်လန့် အတွေးတွေ ပျောက်။ မစ္စတာကင်လေးဟာ ဖုန်းချပြီးပြီးချင်း အယ်လန့်ဆီ ပြေးလာပြီး …

'အန်ကယ်စတာလင် သေပြီ၊ အန်ကယ်စတာလင် သေပြီ' လို့ မျက်ရည်မိုးတွေ ရွာသွန်းဖြိုးရင်း ပြောရှာတယ်။

အလိုလေးလေး … ကံနဲ့လူ မပူနဲ့ဆိုတာ ဒါမျိုးကိုး။

'လာ … လာ … မစ္စတာ ကင်လေးရယ်၊ လာပါ … လာပါ …၊ အန်ကယ် မာရှယ်က မစ္စတာကင်လေးကို ဖက်ထားပါ့မယ်၊ လာ … လာ …'

မစ္စတာကင်လေးဟာ လူကြီးဟန်မဆောင်နိုင်တော့ဘူး။ တရှုံ့ရှုံ့ငိုရင်း အယ်လန့်ပေါင်ပေါ် တက်ထိုင်လိုက်တယ်။ အန်ကယ်စတာလင်ဟာ လေသင်တုန်း ဖြတ်ပြီး ရက်ပေါင်းများစွာ သတိမေ့နေကြောင်း၊ သူ ဖုန်းမဆက်ခင်လေးတင် ဆုံးသွားတယ်လို့ အန်တီစတာလင်က ပြောကြောင်း ပြောပြရှာတယ်။

မစ္စတာကင်လေးကို ချော့မော့နှစ်သိမ့်ပေးရင်း အယ်လန့်အတွေးတွေဟာ ရဲဘော်ကြီး စတာလင်နဲ့ ဆုံခဲ့စဉ် အတိတ်ကာလကို ပြန်ရောက်သွားခဲ့တယ်။ ကြီးကျယ်ခမ်းနားလှတဲ့ ညစာကို သူတို့ အတူစားခဲ့ကြတယ်။ မိတ်ဆွေစစ် မိတ်ဆွေမှန်တွေလို အတူတူပျော်ခဲ့ကြတယ်။ ရဲဘော်ကြီးဟာ ကလိုက်ခုန်လိုက်၊

သီချင်းဆိုလိုက်နဲ့ သူဆိုတဲ့ ဂျော်ဂျီယာ ကျေးလက်သီချင်းကို ခုထိတောင် မှတ်မိသေးတယ်။ အဲဒီသီချင်းကို မစ္စတာကင်လေးကိုလည်း သူ ဆိုပြဖူးမှာပဲ။ ခု မစ္စတာကင်ကို သူ ဆိုပြလိုက်မယ်။ ဒါဆို သံသယတွေ ပျောက်၊ အမှန်ဘဝတွေရောက်။ ဟိုဘက်ခန်းက ဝန်ကြီးချုပ်နဲ့ မနက်ဖြန် တွေ့ခွင့်ရ၊ ဟီဟိ ...။ ကောင်လေးကို တင်းတင်းလေး ဖက်ထားမှပဲ။

မှားလိုက်လေခြင်း။ ဝန်ကြီးချုပ်က ဟိုဘက်ခန်းမှာ ရုံးထိုင်ပြီး တိုင်းပြည်ကို စီမံကွပ်ကဲနေတယ်လို့ ထင်မိတာလေ။ ဘယ်ဟုတ်လိမ့်မလဲ။ ကင်အီဆွန်းနဲ့ တွေ့ချင်ရင် ခရီးရှည်ကြီး ထွက်ရမယ်ဆိုတာလည်း ဘယ်သိလိမ့်မလဲ။ အက်စ်ယူ ၁၂၂ ဟောင်းဝဇ်ဇာတင့်ကားနဲ့ သွားရမယ်လို့ ပိုတောင်မသိသေးတယ်။ ဝန်ကြီးချုပ်ရဲ့ ဒုတိယလူလည်း ဒီခရီးကို အတူတကွ လိုက်လာလိမ့်မယ်လို့ သာမထင်သေး။

တင့်ကားနဲ့ သွားရတယ်ဆိုမှတော့ ဘယ်ဇိမ်ကျမတုံး။ ဇိမ်ကျတာ၊ မကျတာထက် လမ်းတစ်လျှောက် အယ်လန်ဟာ အချက်ကြီး နှစ်ချက်ကို စဉ်းစားနေခဲ့ရတယ်။ တစ် – ကင်အီဆွန်းကို ဘာပြောရမလဲ၊ နှစ် – သူ ဘာကို မျှော်လင့်နေတာလဲ။

ဝန်ကြီးချုပ်ရဲ့ ဒုတိယလူနဲ့ စတွေ့တော့ စတာလင်ရဲ့ အမှာစကားကို လူကိုယ်တိုင်ပါးဖို့လို့ ဖြီးထားခဲ့တာ။ ခု ဒီအချက်ကို ကံကြမ္မာ လေသင်တုန်းက ပံ့ပိုးပေးလိုက်ပြီ။ သူပြောချင်တာ ပြောလို့ရပြီ။ သေရွာက ရဲဘော်ကြီး ဘယ်နည်းနဲ့မှ ငါမပြောဘူးလို့ ထမငြင်းနိုင်တော့ဘူး။ ကိုရီးယား ကွန်မြူနစ် စနစ် အောင်ပွဲခံဖို့ ရဲဘော်ကြီး စတာလင်က တင့်ကားနှစ်ရာ ပံ့ပိုးမယ်လို့ ပြောလိုက်မယ်။ နှစ်ရာ ... နည်းများနေသလား။ သုံးရာကွာ။များလေ ကောင်းလေ ဝန်ကြီးချုပ်ဆိုတဲ့လူ

ပျော်လေ နေမှာ။

အဲ … နောက်တစ်ခု ရှိသေးတယ်။ ဒါပြီးရင် သူ ဆိုဗီယက်ယူနီယံကို

ပြန်သွားလို့ မဖြစ်ဘူး။ ဒါပေမဲ့ မြောက်ကိုရီးယား ဝန်ကြီးချုပ် ဆိုတဲ့လူက သူနဲ့

ဟားဘတ်ထ်ကို သိုင်းကျူး အခါတစ်ထောင်ပြောရင်း တောင်ကိုရီးယားကို

ကြည်ကြည်ဖြူဖြူ ပို့လိုက်မတဲ့လား။ ဒီမှာ ကြာကြာနေလို့လည်း မဖြစ်ဘူး။

တင့်ကားတွေ ရောက်မလာရင် ပြဿနာအကြီးကြီး တက်မယ်။

တရုတ်ပြည်သွားရရင် ကောင်းမလား။ အင်း … ဖြစ်နိုင်တယ်။ သူက အခု

ဆိုဗီယက်မာရှယ်ပဲ။ ကင်အီဆွန်းကို လှည့်ဖြားပြီး မိတ်ဆက်စာ ရေးခိုင်း မလေ။

ဒါဆို တရုတ်ပြည်ပေါ့။ ခု ဒီထက်ကောင်းတဲ့အကြံ မရှိဘူး။ ကဲလေ …

အလွန်ဆုံး ဟိမဝန္တာ နောက်တစ်ခေါက် တက်ရုံပ။ ကောင်းတယ်။

ကင်အီဆွန်းအတွက် တင့်ကားသုံးရာ၊ လေးရာလည်း ရတယ်။ ပါးစပ်နဲ့ ပေးတာ

ကပ်စေးနဲစရာ မလို။ ပြီးရင် တရုတ်သွားဖို့ လိုတဲ့အကူအညီ တောင်းမယ်။

မော်စီတုံးနဲ့ ဆွေးနွေးစရာရှိလို့ပေါ့။ ဟုတ်ပြီ၊ ဟုတ်ပြီ။ အယ်လန်ဟာ သူ့အကြံသူ

ပြန်ပြီး နှစ်ထောင်းအားရဖြစ်နေတယ်။ ညနေစောင်းတဲ့အခါ မတော့ သူတို့ရဲ့

အစောင့်အကြပ်များလှတဲ့ ယာဉ်တန်းကြီးဟာ တပ်စခန်း တစ်ခုထဲ

ရောက်လာခဲ့တယ်။ ဟားဘတ်ထ်က တိုးတိုးလေး ကပ်မေးတယ်။ တောင်ကိုရီးယား

ရောက်ဦးမယ်လို့ ထင်လားတဲ့။ အို … ကမ္ဘာပေါ်မှာ ကင်အီ ဆွန်း ထိုင်မနေတဲ့

နေရာမှန်သမျှ တောင်ကိုရီးယားချည်းပေါ့လို့ ပြန်ပြော လိုက်တယ်။ ဟားဘတ်ထ်က

ခေါင်းယမ်းတယ်။ မဖြစ်နိုင်ပါဘူးတဲ့။ အထုံ ပါရမီရှင်ကြီးတောင် ဒါတော့

သိနေတယ်။

ဘီးဆယ်လုံးနဲ့ တင့်ကားဟာ ဌာနချုပ်လို့ထင်ရတဲ့ အဆောက်အအုံ

တစ်လုံးရှေ့မှာ ရပ်၊ သုံးယောက်သား ဆင်းကြ၊ အထဲဝင်ကြ၊ အဆောင်ဆောင် အခန်းခန်းကို ဖြတ်ရင်း နောက်ဆုံး အတွင်းတကာ့ အတွင်း၊ အမြတ်တကာ့ အမြတ်ဆုံး အထွတ်အထိပ်နေရာကို ရောက်လာခဲ့တယ်။ အထဲမှာ ကိုရီးယား မြေပုံ ချိတ်ဆွဲထားတဲ့ နံရံကြီး။ သူ့ရှေ့မှာ စာရွက်တွေ တောင်လိုပုံနေတဲ့ စားပွဲကြီး။ နောက် ဆိုဖာနှစ်လုံး။ ဝန်ကြီးချုပ် ကင်အီဆွန်းနဲ့ ဧည့်သည် တစ်ယောက် ဆိုဖာကိုယ်စီနဲ့ ထိုင်နေကြတယ်။ အခန်းထောင့်မှာ စက်သေနတ် ကိုင် စစ်သားနှစ်ယောက် အသင့်အနေအထားနဲ့ ရပ်နေတယ်။

အယ်လန်က စပြောလိုက်တယ်။

'မင်္ဂလာ ညနေခင်းပါ ဝန်ကြီးချုပ်ခင်ဗျား၊ ကျွန်တော်က ဆိုဗီယက် ယူနီယံရဲ့ မာရှယ် ကီရီးလ် အာဖာနာ ဆီဗစ်ချ် မီရက်စကော့ဗ်ပါ'

ကင်အီဆွန်းက တစ်ချက်ကြည့်ပြီး ခပ်အေးအေးပဲ ပြန်ပြောတယ်။

'မဟုတ်ပါဘူး၊ ကျုပ် မာရှယ် မီရက်စကော့ဗ်ကို ကောင်းကောင်းသိပါတယ်'

'အို့ ... အို ...'

စစ်သားနှစ်ယောက်ဟာ အယောင်ဆောင် မာရှယ်နဲ့ အယောင်ဆောင် အပါးတော်မြဲကို သေနတ်တွေနဲ့ ထိုးချိန်လိုက်ကြတယ်။ ကင်အီဆွန်းက အေးဆေးပဲ။ မျက်ရည်လည်ရွဲနဲ့ ပေါက်ကွဲတာက သူ့သား ကင်ဂျုံအီး။ ကြည့်စမ်း။ ဘယ်သူ့ကိုမှ မယုံပါနဲ့လို့ မြင့်မြတ်တော်မူပေထသော ဂန္ထဝင်ဖေဖေ၊ ကောင်းကင်ဖေဖေ၊ ကရုဏာဖေဖေ အထပ်ထပ် သင်ကြားထားပါလျက်နဲ့ ဘာ မဟုတ်တဲ့ လူက သူ့ကို လှည့်ဖြားသွားတယ်။ အဲဒီအကောင်ကြီး ပေါင်ပေါ် တောင် တက်ထိုင်ပြီး ငိုမိသေးတယ်။ ရှက်လိုက်တာ။ ကိုယ့်မျက်နှာကိုယ် ဓားနဲ့ လှီးပစ်လိုက်ချင်တယ်။ နောက်ဆို လူမှန်ရင် ဘယ်သူ့ကိုမှ မယုံတော့ ဘူး။ ဒီတစ်ခါ တကယ် ... အတည်။

မျက်ရည်များနဲ့ ကင်ဟာ အယ်လန်နဲ့ ဟားဘတ်ထ်ကို လက်ညှိုး ငေါက်ငေါက် ထိုးရင်း ...

'မင်း သေရမယ်၊ မင်းလည်း သေရမယ်' လို့ ဗျာဒိတ်ပေးနေတယ်။

ကင်အီဆွန်းကတော့ အင်မတန် အေးဆေးတဲ့ လေသံနဲ့ ...

'ဟုတ်ပါတယ်၊ သေရမှာတော့ အမှန်ပဲ၊ ဒါပေမဲ့ သူ့ကို ဘယ်သူ လွှတ် လိုက်တယ်ဆိုတာ သိဖို့လိုသေးတယ်' လို့ ပြောလိုက်တယ်။

အယ်လန့်အတွေး – 'အမလေး ... မကောင်းတော့ဘူး'

ဟားဘတ်ထ်အတွေး – 'အမလေး ... ကောင်းလိုက်တာ'

တကယ့်မာရှယ် ကီရီးလ် အာဖာနာ ဆီဗစ်ချ် မီရက်စကော့ဗ် အစစ်နဲ့ သူ့အပါးတော်မြဲခများ ပြာပုံဖြစ်နေတဲ့ ဗလာဒီဗိုစတော့ခ်ကို လမ်းလျှောက်သွား ခဲ့ကြရတယ်။ နာရီပေါင်းများစွာ ကြာတော့ သူတို့ ယာယီတပ်စခန်းထဲ ရောက် သွားတယ်။ သူတို့ကို အကျဉ်းသားနှစ်ယောက်က အနုကြမ်းစီးသွားမှန်း သိလိုက်ရတော့ မာရှယ်ဟာ အင်မတန် ဆွေ့ဆွေ့ခုန်သွားတယ်။ မာရှယ် မီရက်စကော့ဗ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ သူ့ဘဝတစ်လျှောက် တစ်ခါပဲ မတရား အလုပ်ခံရဖူးတာ။ အဲဒီတစ်ခါကလည်း တစ်ခါဆို ဆိုသလောက်ပဲ။ ရဲဘော် ကြီး စတာလင်ရဲ့ ဒုတိယလူ ဘာရီယာဟာ သူ့ကို အကြောင်းမရှိဘဲ ဖမ်းပြီး နှိပ်စက်တယ်။ စတာလင်သာ မကယ်ရင် သူ သေဖို့ပဲ။ ဘာရီယာကို လက်စား ချေချင်ပေမဲ့ စစ်တိုက်နေရတာရယ်၊ ဘာရီယာက သိပ်တန်ခိုးထွားနေတာရယ် ကြောင့် အံကြိတ်ပြီး ခံလိုက်ရတယ်။ အဲဒီအချိန်ကတည်းက သူ့ဘဝမှာ နောက်ထပ် အရှက်ကွဲတာ ဘယ်တော့မှ မရှိစေရဘူးလို့ သန္နိဋ္ဌာန်ချထားတဲ့ မီရက်စကော့ဗ်ဟာ ခုသူ့ကို အရှက်ဗြန်းဗြန်းကွဲအောင် လုပ်သွားတဲ့ ငနဲ နှစ်ကောင်ကို ကမ္ဘာကြေသ၍

ဉဒါန်းမကျေဘူး။

ဒါပေမဲ့ ခု အရေးကြီးတာက သူ့မာရယ်ဝတ်စုံပဲ။ ကြည့်လေရာ မီးလောင်ပြင်ဖြစ်နေတဲ့ ဒီနေရာမှာ သူ့ဝတ်စုံချုပ်ပေးမယ့် စက်ချုပ်ဆိုင် ဘယ်ရှိမလဲ။ ဒါကြောင့် မာရယ်ဝတ်စုံရဖို့ သုံးရက် စောင့်လိုက်ရတယ်။ ရင်ဘတ်မှာ တန်းစီတပ်ထားတဲ့ သူရဲကောင်း တံဆိပ်တွေတော့ မပါတော့ဘူး။ ဟို သူတောင်းစား ခိုးသွားပြီ။ ကဲ ... ကမ္ဘာကုန်ကျယ်သရွေ့ လိုက်မယ်။ တွေ့ကြ သေးတာပေါ့။

ငါးရက်လောက်နောက်ကျပြီးမှ ပိုဘီဒါအသစ်တစ်စီး ရလာတဲ့အတွက် မာရယ်နဲ့ အပါးတော်မြဲ ခရီးစထွက်နိုင်တယ်။ တောင်ဘက်စူးစူးကို မောင်း။ကိုရီးယားနယ်စပ်ရောက်တော့ တန်းသိတာပဲ။ မာရယ့်လို မာရယ်မျိုး နယ်စပ်ဖြတ်ပြီး တောင်ဘက်ကို ထွက်သွားသတဲ့လေ။

လွန်ခဲ့တဲ့ ငါးရက်က အယ်လန် တွေးသလိုပဲ။ ခု မာရယ်မီရက် စကော့ဗ်ကလည်း တွေးတယ်။ ရှေ့တန်းစစ်မျက်နှာအထိ သွားလို့မဖြစ်ဘူး။ ပြုံယမ်းကို ဝင်မယ်။ ပြုံယမ်း အပြင်စည်းဂိတ်လည်း ရောက်ရော သူလာတာ မှန်ပြီဆိုတာ ချက်ချင်း သိလိုက်တယ်။ မာရယ် မီရက်စကော့ဗ်ဟာ ဝန်ကြီးချုပ် ကင်အီဆွန်းနဲ့တွေ့ဖို့ ဒီဂိတ်က ဖြတ်သွားတယ်တဲ့။

ဝန်ကြီးချုပ်ရဲ့ ဒုတိယလူရဲ့ ဒုတိယလူဟာ တကယ့်မာရယ် မီရက် စကော့ဗ်ကို ထုံးစံအတိုင်း ၇၂ နာရီစောင့်ဖို့ ပြောတယ်။ မာရယ်က ပြတ်ပြတ်ပဲ ပြောတယ်။ ခု ဝန်ကြီးချုပ်နဲ့ သူ့သား အသက်အန္တရာယ်ရှိနေတယ်။သေသွားရင် မင်း တာဝန်ယူမလားတဲ့။ ဒုတိယလူရဲ့ ဒုတိယလူလည်း ပျာယာခတ်ပြီး ဝန်ကြီးချုပ်ရဲ့ ဌာနချုပ်တည်နေရာကို ပြောပြလိုက်တယ်။ အချိန်မရှိတော့ လို့ ပိုဘီဒါနဲ့ပဲ သွားကြတယ်။ ပိုဘီဒါဟာ ဟောင်းဝစ်ဇာထက် အနည်းဆုံး

လေးဆလောက် ပိုမြန်တာကိုး။

ကင်အီဆွန်းကတော့ သူလိုလူကို လာညာချတဲ့ အယ်လန်နဲ့ ဟားဘတ်ထ်ကို စိတ်ဝင်စားနေတယ်။

'နေစမ်းပါဦး၊ ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာလို့ ဒီလောက်ညံ့တဲ့ စီမံကိန်းကို ဆွဲလာတာလဲ'

အယ်လန် မဖြေရသေးခင် တံခါးဟာ ဝုန်းခနဲပွင့်သွားပြီး မာရှယ် မီရက်စကော့ဗ် ဝင်ချလာတယ်။ ကိုရီးယား စစ်သားတွေခမျာ မာရှယ်တွေ များနေတော့ ဘယ်သူ့ သေနတ်နဲ့ချိန်ရမယ် မသိ ဖြစ်နေကြရှာတယ်။ ကင်အီ ဆွန်းကတော့ မာရှယ်အစစ်ကို တွေ့လိုက်ရလို့ ကျေနပ်သွားတယ်။

'မိတ်ဆွေကြီး ကီရီးလ် အာဖာနာ ဆီဗစ်ချ်ရဲ့၊ ဖြည်းဖြည်းလုပ်ပါ၊ အားလုံး ထိန်းချုပ်ထားပြီးပါပြီ'

ဆုတံဆိပ်အပြည့်နဲ့ သူ့ဝတ်စုံကို ခပ်တည်တည်ဝတ်ထားတဲ့ အယ်လန့် ကို မြင်တော့ မာရှယ်ဟာ ဒေါသအိုးပေါက်ကွဲပြီး 'မင်း သေရမယ်'လို့ လက်ညှိုးထိုး ပြောပြန်တယ်။

'ဟုတ်ကဲ့၊ လူတိုင်းအဲသလို ပြောတာပဲ ခင်ဗျ၊ ပထမ မစ္စတာကင် အသေးလေး၊ နောက် ဝန်ကြီးချုပ်၊ ခု မစ္စတာမာရှယ်၊ ကျွန်တော့်ကို သေဖို့ မတောင်းဆိုတာ မိတ်ဆွေကြီးတစ်ယောက်ပဲ ကျန်တယ်'

အယ်လန်ဟာ ဧည့်သည်ဘက် မျက်နှာမူလိုက်ပြီး ...

'မိတ်ဆွေကြီးမှာ ဒီကိစ္စနဲ့ပတ်သက်လို့ ကွဲပြားခြားနားတဲ့ အမြင်လေး ရှိရင် သိပါရစေ'လို့ ပြောလိုက်တယ်။

ဧည့်သည်ကြီးက ပြုံးရင်း ...

'မရှိပေါင်ဗျာ၊ ကျုပ်က မော်စီတုံးဗျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ခေါင်းဆောင်ပဲ၊ ကျုပ် ရဲဘော်ကြီးကင်ကို နစ်နာအောင်လုပ်မယ့် ခင်ဗျားကို ကျုပ်က ဘောက်မဲ့ကြောင့် အကြင်နာပိုရမတုံး'လို့ ပြောလိုက်တယ်။

'အလို မော်စီတုံးလား ခင်ဗျ၊ တွေ့ရတာ သိပ်ဝမ်းသာတယ်။ မစ္စတာ မော့ဇနီးကို ကျန်းခန့်သာလို့ မာပါစလို့ ကျွန်တော်က မေးလိုက်တယ်လို့ ပြောပေးပါ ခင်ဗျာ'

မော်စီတုံးဟာ အလွန်အံ့ဩသွားတယ်။

'ဟင် … ခင်ဗျားက ကျုပ်ဇနီးကို သိလို့လား'

'ဟုတ်ကဲ့၊ မစ္စတာမော့အနေနဲ့ ခုလတ်တလော ဇနီး မပြောင်းလဲသေးဘူး ထင်ပါတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက စီချွမ်ပြည်နယ် တောင်တန်း တွေပေါ်မှာ ကျွန်တော်ရယ်၊ အားမင်လို့ခေါ်တဲ့ လူငယ်လေးတစ်ယောက်ရယ်၊ မစ္စတာမော့ဇနီး ယန်ချင်ရယ် အတူတူ ပုန်းလျှိုးကွယ်လျှိုးနဲ့ ခရီးသွားခဲ့ရတာ ပေါ့ ခင်ဗျာ'

မော်စီတုံး မျက်နှာကြီး ဝင်းလက်သွားတယ်။

'ဒါဆို ခင်ဗျားဟာ ကျုပ်ဇနီးရဲ့ အသက်သခင် မစ္စတာ အယ်လန် ကားလ်ဆန်လား'

ဟားဘတ်ထ် အိုင်စတိုင်းဟာ ဘာတွေဖြစ်နေမှန်း သေချာမသိပါဘူး။ ဒါပေမဲ့ သူ့မိတ်ဆွေ အယ်လန်ဆိုတဲ့လူဟာ အသက်ကိုးချောင်း ရှိတယ်ဆိုတာ တော့ သေချာသိသွားခဲ့တယ်။ ခုဆို သေဘေးက လွတ်သွားပြန်ပြီ။ သေချင် ပါတယ် ဆိုမှကွာ …။ နောက်တစ်ခါ ဒါမျိုးထပ်မဖြစ်ဖို့ လိုတယ်။ ဟားဘတ်ထ်ဟာ ဆောက်တည်ရာမရ ဖြစ်သွားပြီး …

'ကျုပ် ထွက်ပြေးပြီ၊ ကျုပ် ထွက်ပြေးပြီ၊ ကျုပ်ကို ပစ်ကြ၊ ကျုပ်ကို ပစ်ကြ'လို့

အော်ရင်း ပြေးတယ်။ တံခါးဘက်မပြေးဘဲ နံရံဘက်ပြေးမိ။ နံရံနဲ့ ဝင်ဆောင့်ရင်း မေ့လဲသွားတယ်။ မော်စီတုံးက သူ့ကို ပါးစပ်အဟောင်းသားနဲ့ ကြည့်ရင်း ...

'ဘုရားရေ ... ဒါ အိုင်စတိုင်းလား' တဲ့။

'အို ... မဟုတ်ပါဘူး၊ မဟုတ်ဘူးခင်ဗျ' လို့ အယ်လန်က ပျာပျာသလဲ ငြင်းလိုက်တယ်။

ဒီအခန်းထဲမှာ မော်စီတုံးက ဘဇာကြောင့် ရှိနေတာလဲ။ ရှိမှာပေါ့။ ခု ဌာနချုပ်က မြောက်ကိုရီးယားမှာမှ မဟုတ်တာ။ ပြုံယမ်း အနောက်မြောက် ဘက် ကီလိုမီတာ ၅၀၀ အကွာ ရှန်ယန်းအပြင်ဘက်က မန်ချူးရီးယား နယ်ထဲမှာကိုး။ သူ့ကို အထောက်ခံဆုံး နယ်မြေမို့ ဒီနယ်မြေကို မော်စီတုံးက တအားချစ်တယ်။ သူ့ရဲ့ မြောက်ကိုရီးယား ရဲဘော်ကြီးနဲ့လည်း ခဏခဏ တွေ့ ဖြစ်တယ်။ မော်စီတုံးကတော်ရဲ့ အသက်သခင် ကျေးဇူးရှင်မှန်းလည်း သိသွားကြတော့ အယ်လန့်ကို သတ်ချင်ဖြတ်ချင်နေတဲ့လူတွေ အသံတိတ်သွားတယ်။ မာရှယ် မီရက်စကော့ဗ်က အယ်လန့်ကို အရင်ဆုံး ခွင့်လွှတ်နိုင်သူကြီးပေါ့။ လူတိုင်း မှားတတ်စမြဲပဲတဲ့။ မာရှယ် ဘာရီယာ ဒုက္ခပေးလိုက်တာကို သူရော၊ အယ်လန်ရော ခံလိုက်ရသတဲ့။ ဆုတံဆိပ်တွေနဲ့ ယူနီဖောင်းလည်း ချွတ်ပေးလိုက်ရော မာရှယ် မီရက်စကော့ဗ်ရဲ့ ဒေါသတွေ နေလာ နှင်းပျောက် ဖြစ်သွားတော့တယ်။

ကင်အီဆွန်းကတော့ နေသာသပ လေညာကလေ။ သူနဲ့ ဘာဆိုင်တာ လိုက်လို့။ ခု သူနဲ့ဆိုင်နေတာက သူ့သားလှရွှေသွေး ကင်ဂျုံအီးလေး ကိစ္စပဲ။ ကင်ဂျုံအီးလေးဟာ မပြီးနိုင် မစီးနိုင် အော်ဟစ်ငိုယိုရင်း အယ်လန့်ကို ခုချက်ချင်း သတ်ပေးဖို့ ခြေဆောင့်ပြောနေတယ်။ နောက်ဆုံး ပြောမရတဲ့

ကင်ဂျုံအီးကို ကင်အီဆွန်းက နားရွက်လိမ်ဆွဲရင်း တိတ်တိတ်နေဖို့၊ မနေရင် အထိုးခံရမယ်ဆိုပြီး ကိစ္စငြိမ်းစေလိုက်ရတယ်။

အယ်လန်ရယ် မာရှယ် မီရက်စကော့ဇ်ရယ်ဟာ ကင်အီဆွန်းနဲ့အတူ ဆိုဖာပေါ် ထိုင်လိုက်ကြတယ်။ သတိပြန်ရလာတဲ့ ဟားဘတ်ထ်ကိုလည်း ခေါ်ထိုင်ခိုင်းတယ်။ မော်စီတုံးရဲ့ အသက်နှစ်ဆယ်အရွယ် လက်စွဲတော် ထမင်းချက်လေး အားမင် ရောက်လာတဲ့အခါမှာတော့ အယ်လန် ဘာကောင်လဲဆိုတာ အားလုံး သံသယကင်းရတော့တယ်။ အယ်လန်နဲ့ အားမင်ဟာ တင်းတင်းကြီးဖက်ရင်း အလွမ်းသယ်နေလိုက်ကြတာ နောက်ဆုံး မော်စီတုံးက အားမင်ကို အားလုံး အတွက် ခေါက်ဆွဲလုပ်ခဲ့ဖို့ ခိုင်းလိုက်မှပဲ ပြီးတော့တယ်။

မော်စီတုံးဟာ တကယ်လဲ အယ်လန့်ကို အရမ်းကျေးဇူးတင်တာ။ ဒါကြောင့် သူတို့လိုချင်တာပြော၊ အကုန်လုပ်ပေးမယ်လို့ အာမဘန္ဓေ ခံလိုက်တယ်။ တရုတ်ပြည်မှာ နေချင်လား၊ တစ်သက်လုံး ရွှေပေါ်မြတင် ထားမယ် တဲ့။ အယ်လန်ကလည်း ချက်ချင်း ပြန်ဖြေတယ်။ မစ္စတာမော်ရယ်တဲ့။ ဒါတော့ သည်းခံပါတဲ့။ ကွန်မြူနစ်ဝါဒနဲ့ နပန်းလုံးခဲ့ရတာ နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီဆိုတော့ ကွန်မြူနစ်မရှိတဲ့ တစ်နေရာရာမှာ ခပ်ပြင်းပြင်းလေးသောက်ရင်း နေချင်ပါသေးသတဲ့။

အလိုက်ကန်းဆိုးမသိ ဇွတ်ပြောပေမဲ့ ကျေးဇူးရှင်ကြီးမို့ ဥက္ကဋ္ဌကြီးမော်က ခွင့်လွှတ်ပါတယ်။ ဒါပေမဲ့ အယ်လန့်ကို အနာဂတ်အတွက် မျှော် လင့်ချက် သိပ်မထားနဲ့တဲ့။ ကွန်မြူနစ်ဝါဒက နေရာအနှံ့ အောင်မြင်မှု သရဖူဆောင်းနေပြီမို့ နောက်ဆို ကမ္ဘာပေါ်မှာ ကွန်မြူနစ်မရှိတဲ့နေရာ ရှိတော့မယ် မဟုတ်ဘူးတဲ့။ ဟုတ်မှာပါ။ ခုလောလောဆယ်တော့ နေခြည်ဝင်းဝင်း၊ သောင်ပြင်ဖွေးဖွေး

ပင်လယ်ကမ်းစပ်နံဘေးမှာ ငှက်ပျောရည်မဟုတ်တဲ့ ယမကာကို စိတ်တိုင်းကျသောက်ပြီး နားနေချင်တယ်။ သူ့ဘဝမှာ တစ်ခါမှ အားလပ်ရက် ဆိုတာ မရှိခဲ့ဖူးလို့ပါတဲ့လေ။

မော်စီတုံးရယ်၊ ကင်အီဆွန်းရယ်၊ မာရှယ် မီရက်စကော့ဗ်ရယ်ဟာ အယ်လန် သွားချင်တဲ့နေရာအတွက် ခေါင်းချင်းဆိုင် စဉ်းစားကြရတော့တယ်။ ကျူးဘားဆို ဘယ့်နှယ်လဲ။ အင်း … ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကာရစ်ဘီယန်ဆိုတော့ ဝေးလွန်းတယ်။ နိုင်ငံကူးလက်မှတ်လည်း မရှိ၊ ငွေလည်း မရှိဘဲ ဘယ်လိုလုပ်သွားမတုံး။

အို … နိုင်ငံကူးလက်မှတ်နဲ့ ငွေအတွက်တော့ မပူလေနဲ့။ ကျေးဇူး ရှင်ကြီးအတွက်ဆို ဥက္ကဋ္ဌကြီးက ဘယ်သွားသွား သွားချင်တဲ့နေရာ သွားလို့ ရအောင် နိုင်ငံကူးလက်မှတ် အတုလုပ်ပေးမယ်။ ဒေါ်လာလည်း ကြိုက်သလောက်ယူ၊ အများကြီးရှိတယ်။ သမ္မတ ထရူးမန်းဆိုတဲ့လူ ချန်ကေရှိတ် ကို ပေးထားတဲ့ ပိုက်ဆံတွေ ကူမင်တန် ထွက်ပြေးတော့ အများကြီး ကျန်ရစ် ခဲ့တယ်။ ဒါပေမဲ့ ဟုတ်ပါတယ်။ ကျူးဘားကတော့ ဝေးလွန်းတယ်။ ကဲ … တခြားနေရာ စဉ်းစားဦးစို့။

ကွန်မြူနစ်ပဂေးကြီး သုံးယောက်ဟာ သူတို့ဝါဒနဲ့ ဓာတ်မတည့်သူ တစ်ယောက်ရဲ့ အားလပ်ရက် အပန်းဖြေခရီးထွက်ဖို့နေရာကို ခေါင်းချင်းဆိုင် စဉ်းစားနေကြတုန်း အယ်လန်က ငွေရေးကြေးရေး အကူအညီပေးတဲ့ မိတ်ဆွေ ဟောင်းကြီး ဟယ်ရီထရူးမန်းကို ကြိတ်ပြီး ကျေးဇူးတင်နေတယ်။

ဖိလစ်ပိုင်ဆိုရင်ရော …။ ဟင့်အင်း …၊ နိုင်ငံရေး မတည်ငြိမ်ဘူး။ နောက်ဆုံး မော်က ဘာလီကို အကြံပြုတယ်။ ဘယ့်နှယ်တုံးတဲ့။ အင်ဒို နီးရှားက ကွန်မြူနစ်

မဟုတ်ဘူးတဲ့။ ကွန်မြူနစ်ဝါဒက ချုံပုတ်ထဲကနေ သွားဖြုပြနေပေမဲ့ ကွန်မြူနစ်တော့ မဟုတ်သေးဘူး။ ဘာလီဆို ကျူးဘား ထက် ပိုပြီး ငှက်ပျောရည် ဖောဖောသီသီရမှာ သေချာသလေ။

အယ်လန်လည်း ကျေနပ်သွားတယ်။ ဘာလီ ...၊ ကောင်းပြီ။ ဘာလီ ဆိုလည်း ဘာလီပေါ့။ ဘယ့်နှယ်တုံး ဟားဘတ်ထ် ... ဘာလီ လိုက်မှာလား။

အင်း ... သေချင်လည်း မသေရ။ မရှင်ချင်လည်း ရှင်ရ။ လူ့ဘဝ ဒုက္ခတယ်ကြီးသကိုး။ ဟားဘတ်ထ်ဟာ လေးလေးပင်ပင်ကြီး ခေါင်းညိတ် လိုက်တယ်။ လိုက်မယ်။ မလိုက်လို့ရော သူက ဘာများ တတ်နိုင်ဦးမှာလဲ။

(၁၉)

၂၀၀၅၊ မေ ၁၁၊ ဗုဒ္ဓဟူးမှ ၂၀၀၅၊ မေ ၂၅၊ ဗုဒ္ဓဟူးအထိ။

တရားခံလို့ ယူဆရသူများနဲ့ သေပြီလို့ ယူဆရသူတို့ အဖွဲ့တော်ကြီးဟာ ဘဲလ်ရင်းဂါး ယာခင်းထဲမှာ အောင်မြင်စွာ ပုန်းအောင်းနေခဲ့ကြတယ်။ ယာခင်းဟာ မိန်းလမ်းမကြီးကနေ မီတာ ၂၀၀ လောက် အတွင်းထဲဝင်ရပြီး ယာခင်းအိမ်နဲ့ စပါးကျီတွေက ကွယ်ထားလို့ တော်ရုံနဲ့ ဘယ်လိုမှ မမြင်သာဘူး။

ဆွန်ညာ့အတွက်တော့ အင်မတန်ကောင်းတာပေါ့။ လွတ်လွတ်လပ်လပ်လမ်း လျှောက်လို့ ရသလေ။

ယာခင်းထဲကဘဝဟာ အင်မတန် နေပျော်တာပဲ။ ဘန်နီက ပိုက်ဒဏ်ရာကို ဆေးမှန်မှန်ထည့်ပြီး လူကိုလည်း ဆေးမှန်မှန်တိုက်တယ်။ ဗက်စတာဂိုတာလွင်ပြင်ရဲ့ မြင်ကွင်းကျယ်ကြီးကို ဘက်စတာက သိပ်သဘော ကျတယ်။ ဆွန်ညာလည်း သဘောကျတာပဲ။ သူ မဆာသရွှေ့၊ သူ့ကျေးဇူးရှင် အလှကလေးက သူ့ကို

သာယာနာပျော်ဖွယ်စကားတွေ ပြောနေသရွေ့ ဘာ ဖြစ်ဖြစ် သူ သဘောကျတယ်။ ခု အဘိုးကြီးကပါ သူ့ကို စောင့်ရှောက်တော့ ဆွန်ညာ့အဖို့ အကောင်းတကာ့ အကောင်း ဖြစ်တော့တာပေါ့။

ဘန်နီနဲ့ အလှကလေးဟာ သာယာလွန်းတဲ့ဒေသနဲ့ အမြဲ ထွန်းလင်း တောက်ပနေတဲ့ နေမင်းကြောင့် တကယ်လို့ တရားခံပြေးတွေသာ မဟုတ်ခဲ့ရင် ချက်ချင်းကို လက်ထပ်မိကြမှာပဲတဲ့။ အသက်ကလေး ရလာပြီဆိုရင် ဆုံးဖြတ်ဖို့က လွယ်တယ်မဟုတ်လား။

တစ်ချိန်တည်းမှာပဲ ဘန်နီနဲ့ ဘော်ဆီဟာလည်း အင်မတန်ချစ်တဲ့ ညီအစ်ကိုတွေ ပြန်ဖြစ်လာကြတယ်။ ဘန်နီက ဘော်ဆီ့ဘဝကို နားလည်လာသလို ဘော်ဆီကလည်း အရာရာသိတဲ့ ကဖိုးသိ ဘန်နီ့ကို အထင်ကြီးလာတယ်။ ညီကနေ အစ်ကိုဖြစ်သွားရင်တောင် ကောင်းမယ်လို့ ထင်တဲ့အထိ ကြည်ညိုလာတယ်။ အယ်လန်ကတော့ ဘာမှထူးထွေပြီး မဖြစ်ပါဘူး။ မိုးလင်းမိုးချုပ် အချိန်ရှိသရွေ့ လှုပ်ကုလားထိုင်ပေါ် ထိုင်နေတာပဲ။ ရာသီဥတုကလည်း မေလဆို ဆီဒွင်မှာဖြစ်တတ်တဲ့ ရာသီမျိုးပါပဲ။ ဘာမှ သိပ်မထူးပါဘူး။ တစ်ခါတလေတော့ ပိုက်က အနားလာထိုင်ပြီး စကားလေး ဘာလေး ပြောတယ်။

တစ်ခါသားတော့ ရောက်တတ်ရာရာပြောကြရင်း နိဗ္ဗာန်အကြောင်း ရောက်သွားကြတယ်။ နိဗ္ဗာန်ဆိုတာ ဘာတုံးကွာ။ သူတို့နှစ်ယောက် အပြင်းအထန် ဆွေးနွေးရင်း သဘောတူညီချက်ရတာကတော့ နိဗ္ဗာန်ဆိုတာ နွေးထွေးပြီး သာယာလှတဲ့ ရာသီဥတုရှိတဲ့ ပင်လယ်ကမ်းခြေတစ်နေရာမှာ ထီးမိုးထားတဲ့ ပက်လက်ကုလားထိုင်လေးပေါ် ခွေထိုင်ရင်း အေးစက်နေတဲ့ အဖျော်ယမကာ အမျိုးမျိုးကို တမြဲ့မြဲ့ စိတ်တိုင်းကျ သုံးဆောင်နိုင်တဲ့ နေရာ ပေါ့။ တစ်ချိန်တုန်းက

မော်စီတုံး အထောက်အပံ့နဲ့ ဘာလီကျွန်းမှာ အပန်းဖြေ ခဲ့ရတာကို သတိရသွားပြီး အဲဒီအကြောင်းကို အယ်လန်က စားမြုံ့ပြန်နေ တယ်။

ဒါပေမဲ့ ဘာအဖျော်ယမကာလဲ ဆိုတဲ့နေရာမှာတော့ အယ်လန်နဲ့ ပိုက် သဘောထားကွဲလွဲကြတယ်။ အယ်လန်က ဗော့ဒကာကိုလာဖြစ်ဖြစ်၊ ဗော့ ဒကာ စပျစ်ဖြစ်ဖြစ်၊ ဗော့ဒကာသက်သက်ဖြစ်ဖြစ် လိုချင်တယ်။ ပိုက်က တော့ ဆည်းဆာချိန်လို ရွှေအိုရင့်ရောင် ယမကာကို ဖန်ခွက်ထဲမှာ ထီးသေး သေးလေး စိုက်ပြီး လာချပေးတာ လိုချင်တယ်။ ဘာကိစ္စဖန်ခွက်ထဲမှာ ထီး စိုက်ရမတုံး။ ဒီလူ့နှယ် …။ ထီးက သောက်ပစ်လို့မှ မရဘဲလို့ အယ်လန် တွေးနေတယ်။ ပိုက်က မခံဘူး။ အယ်လန့်အနေနဲ့ အပြင်ထွက်ပြီး ကမ္ဘာ ပတ်ကြည့်မယ်ဆို သိလိမ့်မယ်တဲ့။ ဒီတိုင်း ထိုင်စဉ်းစားရုံနဲ့တော့ ဘယ်သိနိုင် မလဲတဲ့။

နိဗ္ဗာန်အကြောင်း အလေးအနက် ဆွေးနွေးနေကြတဲ့ မိတ်ဆွေ နှစ် ယောက်ဟာ တစ်ယောက်က ကျန်တစ်ယောက်ထက် အသက်နှစ်ဆပိုကြီးပြီး ကျန်တစ်ယောက်က ပထမတစ်ယောက်ထက် ကိုယ်လုံး နှစ်ဆပိုကြီးပေမဲ့လို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ ဆွေးနွေးနိုင်ကြတယ်။

နေ့တွေကုန်ဆုံးပြီး ရက်သတ္တပတ်တွေပါ ကျော်လွန်လာခဲ့တယ်။ မီဒီယာပေါ်မှာ သုံးလောင်းပြိုင် လူသတ်သမားအဖွဲ့ သတင်းဟာ တဖြည်းဖြည်း မှေးမှိန်လာခဲ့တယ်။ နောက်တစ်ရက်၊ နှစ်ရက်လောက်နေတော့ တီဗီ တွေထဲ၊ သတင်းစာတွေထဲ မပါတော့ဘူး။ မီဒီယာလောကရဲ့ ခေတ်အဆက်ဆက် ခေတ်မီတဲ့ဆောင်ပုဒ်အရ ဘာမှပြောစရာမရှိရင် မပြောတာ ကောင်း တယ်လေ။

သို့သော်လည်း ညနေထုတ် အတင်းအဖျင်း စာစောင်တွေကတော့ ဒီလို ဘယ်ဟုတ်မလဲ။ သူတို့မူက ဘာမှပြောစရာမရှိရင် ပြောစရာမရှိမှန်း ကိုယ့်

ကိုယ်ကိုယ် မသိတဲ့ တစ်ယောက်ယောက်နဲ့ အင်တာဗျူးရမတဲ့။ ဒါကြောင့် အိတ်စ်ပရက်စ် သတင်းစာက 'အယ်လန် ဘယ်ရောက်နေလဲ ပြဿနာ တားရော့ကတ်နဲ့ အဖြေရှာ' ကဏ္ဍကို ထည့်ဖို့ စဉ်းစားသေးတယ်။ ဒါပေမဲ့ အဓိပ္ပာယ်မဲ့လွန်းလို့ မလုပ်ဖြစ်ဘူး။ ကဲလေ ... အယ်လန်ကားလ်ဆန် တော် လောက်ပါပြီ။ နောက်တစ်ခုခုဘက် ဦးလှည့်ကြဦးစို့။ ဘာမှ ရေးစရာမရှိရင်

ထုံးစံအတိုင်း ရင်သပ်ရှုမော အံ့သြလောက်စရာ တန်ခိုးပြာဋိဟာ ဆေးခါတ်စာ ဆိုတာမျိုး တွယ်တာပေါ့။ အမြဲ အလုပ်ဖြစ်နေကြပဲကို။

ဒါကြောင့်မို့ ခြွင်းချက်တစ်ခုကလွဲရင် မီဒီယာတွေဟာ ရာပြည့်ဘိုးဘိုးကို လျစ်လျူရှုလိုက်ကြတယ်။ ဒေသိယ သတင်းစာတစ်စောင်ကတော့ ခုထိ ရေးနေတုန်း။ အယ်လန်ကားလ်ဆန် ပျောက်သွားရာ မူလနေရာဖြစ်တဲ့ ကားဝင်းက လက်မှတ်ရုံမှာ လုံခြုံရေးတံခါး တပ်ဆင်ပြီးတဲ့အကြောင်း၊ လူအိုရုံ ညွှန်မှူးမကြီးက အယ်လန့်အခန်းမှာ အယ်လန့်ထက်ပိုပြီး လူအိုရုံဝန်ထမ်း တွေရဲ့ နွေးထွေးတဲ့မေတ္တာကို တန်ဖိုးထားတတ်တဲ့ တခြားလူအိုတစ်ယောက်ကို အစားထိုးလိုက်ကြောင်း ရေးတယ်။

အဲဒီသတင်းစာရဲ့ ထုတ်ဝေသူလည်းဖြစ် အယ်ဒီတာချုပ်လည်းဖြစ်တဲ့ လူက ရှေးရိုးစွဲသမား။ နိုင်ငံသားတစ်ယောက်ဟာ သက်သေမခိုင်လုံမချင်း အပြစ်မဲ့တယ်ဆိုတဲ့ ဆီသည်မ လက်သုတ်ဖတ်ဝါဒကို ကိုင်စွဲထားတုန်း။ ဒါ ကြောင့်မို့ သတင်းရေးရင် နာမည်တွေ ထည့်မရေးခိုင်းဘူး။ အယ်လန့်ကို ရာပြည့်ဘိုးဘိုး၊ ဂျူးလီးယပ်ကို ၆၇နှစ်သား၊ ဘန်နီယွန်းဘတ်ကို ဟော့ဒေါ့ဆိုင်ပိုင်ရှင် အစရှိသဖြင့် ရေးရတယ်။

အဲသလိုရေးတဲ့ အကျိုးဆက်အဖြစ် အေရွှန်ဆန်ကို ဒေါသထွက်နေတဲ့

လူတစ်ယောက်က ဖုန်းဆက်လာခဲ့တယ်။ အယ်လန်ကားလ်ဆန်ရဲ့ အမှုနဲ့ ပတ်သက်တဲ့ တကယ့်တရားခံ ဘယ်သူလဲဆိုတဲ့ သဲလွန်စကို ပြောမယ်တဲ့။ ကဲ … ပြောဗျာ။

သူ သတင်းစာထဲက သတင်းတွေကို အသေအချာဖတ်တယ်၊ အသေ အချာ စဉ်းစားတယ်တဲ့။ ရဲအဖွဲ့ဟာ နိုင်ငံခြားသားကို အသေအချာ မစုံစမ်းတာ တွေ့ရတယ်တဲ့။ တကယ်လို့များ သေချာစုံစမ်းရင် လူသတ်တရားခံဟာ အဲဒီ နိုင်ငံခြားသားပဲဆိုတာ သိလိမ့်မယ်တဲ့။

နေစမ်းပါဦး။ ဘယ်က နိုင်ငံခြားသားတုံး။

အဲဒါပေါ့။ နိုင်ငံခြားသား ပါနေမှန်းတောင် မသိဘူး မဟုတ်လား။ သူ့နာမည် အဗျာဟန်လား၊ မိုဟာမက်လားတော့ သေချာမသိဘူး။တစ်ခုခု ဖြစ်မယ်။ ဟော့ဒေါ့ဆိုင်ပိုင်ရှင်လို့ သတင်းစာထဲ ထည့်ထည့်ရေးတဲ့ အကောင်လေ။ တူရကီ အာရပ်ကောင်လေ။ ဆွီဒင်မှာ ဘယ်ဆွီဒင်ကများ ဟော့ဒေါ့ဆိုင် ဖွင့်ဖူးလို့လဲ။ အခွန်မပေးချင်တဲ့ နိုင်ငံခြားသားတွေသာ လုပ်တဲ့အလုပ်လေ။ အသိသာကြီးကို။

အမလေးလေ့ …။ အချက်အလက်တွေက တယ်လည်းများသကိုး။

တူရကီမွတ်စလင်၊ ဒါမှမဟုတ် အာရပ်မွတ်စလင်ဆိုလည်း ဟုတ်သေး။ဘယ့်နှယ် တူရကီ အာရပ်တုံး။

အေးလေ … ဒါဆိုလည်း တူရကီမွတ်စလင်ပေါ့။ ဒီထက်တောင် ဆိုး ချင်လည်း ဆိုးမယ်။ သူ့ နောက်ကြောင်းရာဇဝင်ကို သေချာ လိုက်ကြစမ်းပါ။ သူ့မှာ မိသားစုဝင် တစ်ရာလောက် ရှိလိမ့်မယ်။ ဘာအခွန်မှ မပေးရဘဲ အစိုးရ လူမှုဖူလုံရေးစရိတ်တွေ အလကားရပြီး ငြိမ့်နေကြတာ။ ထွီ …။

မဟုတ်ပါဘူး။ မိသားစုဝင် တစ်ရာ မရှိဘူး။ သူ့မှာ အစ်ကိုတယောက် ပဲ ရှိ …

ရှိ ...။

အဲ ... အကြံတစ်ချက် သူ့ခေါင်းထဲမှာ ဝင်းခနဲ လက်။ ဟုတ်သားပဲ။ ဒီအုပ်စုရဲ့ နောက်ကြောင်းရာဇဝင် စုံစမ်းတော့ အယ်လန်ကားလ်ဆန်၊ ဂျူးလီးယပ်ဂ္ဂျန်ဆန်၊ ဘန်နီယွန်းဘတ်၊ ဂန်နီလာဗျော့ယွန်းဆိုတဲ့ နာမည်တွေပဲ ထွက်လာပြီး တစ်ယောက်နဲ့တစ်ယောက် ဘာအဆက်အစပ်မှ မရှိလို့ ပက် လက်လန်ခဲ့ရပြီးပြီ။ ဘန်နီယွန်းဘတ်ရဲ့ အစ်ကိုဟာ ဖော့ခ်ကိုပင်းနားမှာ နေတာပဲ။ အဲဒီမှာ သူတို့အောင်းနေကြတာ မဖြစ်နိုင်ဘူးလား။ အကြံကောင်းနေတုန်း ဟိုသတင်းပေးတဲ့လူက ဆက်ပြောပြန်တယ်။

ဒါဆို သူ့အစ်ကိုကရော ဟော့ဒေါ့ဆိုင်ပိုင်ရှင်ပဲလား။ သူ အခွန်ရော ပေးလို့လား။ စောက်လူဝင်မှုကြီးကြပ်ရေးက ဘာလုပ်နေလဲ။ ဒီကောင်တွေကို ဘာလို့ ပေးဝင်နေတာလဲ။

အေရွန်ဆန်က သတင်းအချက်အလက်တွေအတွက် ကျေးဇူးတင်ကြောင်း၊ ဟော့ဒေါ့ဆိုင်ပိုင်ရှင် နာမည်က ဘန်နီယွန်းဘတ်လို့ ခေါ်ကြောင်း၊ ရေမရောတဲ့ ဆွီဒင်စစ်စစ်ဖြစ်ကြောင်း၊ သူဟာ မွတ်စလင် ဟုတ်၊ မဟုတ်တော့ မသိကြောင်း စိတ်လည်းမဝင်စားကြောင်း ပြန်ပြောတယ်။

သတင်းပေးတဲ့လူက စုံထောက်ကြီးအပြေမှာ စိတ်မရှည်သံ ပါနေ ကြောင်း၊ ဒါ ဆိုရှယ်လစ်စနစ်ရဲ့ စရိုက်လက္ခဏာအမှန်ဖြစ်ကြောင်း၊ သူ့လို တွေးတဲ့လူတွေ အများကြီးရှိကြောင်း၊ ဟုတ် မဟုတ် နောက်နှစ် ရွေးကောက်ပွဲ ရလဒ်ကို စောင့်ကြည့်စေလိုကြောင်း ပြောနေတုန်းမှာပဲ အေရွန်ဆန်ဟာ အဲဒီလူကို စောက်စကားမများဖို့ ပြောရင်း ဖုန်းချပစ်လိုက်တယ်။

ပြီးတော့ ဆွဲချ ရာနီလစ်ဆီ ဖုန်းဆက်တယ်။ သူ ဗက်စတာဂေါ့လန်းကို သွားပြီး

ဆက်စုံစမ်းဖို့ အခွင့်တောင်းတယ်။ ဘန်နီယွန်းဘတ် အစ်ကို အကြောင်းတော့ ထည့်မပြောဘူး။ ရာနီလစ်က အရှေ့နှစ်ဆန်ကို ကံကောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးတယ်။

ခု ညနေ ငါးနာရီ ထိုးခါနီးပြီ။ ခပ်တိုးတိုးလေး လေချွန်ရင်း ဆွဲချကြီး ဟာ စဉ်းစားနေတယ်။ ဒီအမှုအကြောင်း စာတစ်အုပ်လောက်ရေးရင် ကောင်း မလား။ 'တရားဥပဒေ၏ မဟာ့မဟာအောင်ပွဲ' ဆိုတဲ့ နာမည်နဲ့လေ။ သိပ်များ လွန်လွန်းနေမလား။ 'တရားဥပဒေ၏ မဟာအောင်ပွဲ'လောက် ဆိုရင်ရော။ဒါ ကောင်းတယ်။ သူ့စရိုက်နဲ့ ကွက်တိပဲ။ ဟုတ်ပြီ။

(၂၀)

၁၉၅၃–၁၉၆၈။

ဥက္ကဋ္ဌကြီး မော်ဟာ အယ်လန်နဲ့ ဟားဘတ်ထ်အတွက် ဗြိတိသျှ နိုင်ငံကူးလက်မှတ် အတုတွေ စီစဉ်ပေးလိုက်တယ်။ ရှန်ယန်း၊ ရှန်ဟိုင်း၊ ဟောင်ကောင်၊ မလေးရှားကနေ အဆင့်ဆင့် လေယာဉ်စီးရင်း နောက်ဆုံး အိန္ဒိယသမုဒ္ဒရာကမ်းစပ်က ဖြူလွလွ သဲသောင်ပြင်မှာ ကမ်းခြေထီးလေး စိုက်ထားတဲ့ ပက်လက်ကုလားထိုင်ပေါ် ကိုယ်စီရောက်သွားကြတယ်။ လုပ်သမျှလွဲတဲ့ စောက်တလွဲ စားပွဲထိုးမသာ မရှိခဲ့ရင် အရာရာ အဆင်ပြေချောမွေ့မှာ။ ခုတော့ အဖျော်ယမကာမှာလိုက်တိုင်း အမြဲတမ်း တလွဲ ချည်းပဲ။ တစ်ခါတလေ စားပွဲထိုးမဟာ လမ်းမှားချင် မှားနေသေးတာ။ ဗော့ဒကာကိုလာ မှာတိုင်း ငှက်ပျောရည် လာချလိုချ၊ အုန်းရည် လာချလိုချနဲ့။ ဖွတ်ပဲ။

တော်ပြီ၊ တန်ပြီ၊ လွန်လွန်းပြီ။ အယ်လန်ဟာ ဟိုတယ်မန်နေဂျာကို တိုင်ပြီး စားပွဲထိုးလဲပေးဖို့ ပြောမလို့ ဟန်ပြင်နေတုန်း ဟားဘတ်ထ်က မလဲရဘူးတဲ့။ သူ့အလောင်းပေါ် ကျော်သွားနိုင်မှသာ ဒီကိစ္စ လုပ်လို့ရမယ်တဲ့။ ဒီကောင်မလေးဟာ ပက်ပက်စက်စက်ကို ချစ်စရာကောင်းတာတဲ့လေ။

အဲဒီ လုပ်တိုင်းလွဲ စားပွဲထိုးမ နာမည်က နီဝေယန်လက်ချ်မီးတဲ့။ အသက်က ၃၂ နှစ်။ အိမ်ထောင်မရှိ။ ရုပ်ကလေးကတော့ မဆိုးပါဘူး။ ဒါပေမဲ့ မိသားစု ကျောထောက်နောက်ခံက ညံ့၊ ငွေကလည်း မရှိ၊ လူကလည်း ဖားပြုပ်သာသာ ဉာဏ်ပညာရှိလေတော့ ဘာလီတစ်ကျွန်းလုံး သူ့ကို ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ကြတယ်။

ရှောင်ပေါ့။ လက်ချ်မီးတို့ကတော့ နေသာသပ လေညာကပဲ။ ခုချိန်ထိ အဖော်ဆိုတာ သူ့အတွက် မလို။ ဒါပေမဲ့လေ ဟီဟိ … သိလား။ ခု ဟိုတယ်မှာ အဖြူနှစ်ယောက် ရောက်နေတယ်။ အဲဒီထဲက ဟို ဟားဘတ်ထ်ဆိုတဲ့လူလေ။ အသက်ကတော့ သူ့ထက် အနှစ်သုံးဆယ်လောက် ကြီးမှာပေါ့။ ဒါပေမဲ့လေ … ဘယ်လိုပြောရမလဲ ပေါ့နော်။ သူ့ကိုလေ ချစ်မိနေပြီထင်ပါရဲ့။ သိလားလို့။ လက်ချ်မီး ချစ်မိ အပြစ်ရှိနေသလားကွယ်။ ဟင့်အင်း … ရှိပါဘူးကွယ်။မေတ္တာဆိုတာ အသွားအပြန်ရှိစမြဲ မဟုတ်လား။ ဟားဘတ်ထ် မောင်တော် ကလည်း သူ့နည်းပါး သူ့ထက်တောင် သာချင်သာမယ့် အထုံပါရမီရှင် လက်ချ်မီးလေးကို သိပ် … သိပ်ချစ်ပါသတဲ့ကွယ်။

နီဝေယန်လက်ချ်မီး ၁၅ နှစ်သမီးမှာ သူ့အဖေက သူ့ကို ဘာသာစကား စာတစ်အုပ် ပေးတယ်။ ဒတ်ချ်ဘာသာစကား လေ့လာဖို့တဲ့။ အဲဒီတုန်းက အင်ဒိုနီးရှားက ဒတ်ချ်ကိုလိုနီကိုး။ လေးနှစ်လောက် ကျားကုတ်ကျားခဲ

လေ့လာပြီးတဲ့အခါ သူတို့ဆီကို ဒတ်ချ်တစ်ယောက် ရောက်လာတယ်။
နီဝေယန်လည်း သူလေ့လာထားတဲ့ ဒတ်ချ်စကားနဲ့ မိတ်ဆက်တယ်။ ဟိုလူက
နားထောင်ပြီး နင်ပြောနေတာ ဂျာမန်စကားတဲ့။ သူ့အဖေက သူ့ကို စာအုပ်
မှားပေးတာ။ အဖေနဲ့ သမီးက အဲသလို ဉာဏ်ရည်ထက်ကြတာ။
အခု ၁၃ နှစ်အကြာမှာတော့ အဲသလို ထုံတာထိုင်းတာ၊ တုံးတာ ဖျင်းတာ၊
ညံ့တာချာတာ စောက်တလွဲလုပ်ခဲ့လို့ ဒတ်ချ်စကားအစား ဂျာမန် စကား
တတ်နေတာဟာ အရမ်းအရမ်းကို အသုံးတည့်သွားတော့တယ်။ ခုဆို
နီဝေယန်လက်ချ်မီးနဲ့ ဟားဘတ်ထ်အိုင်စတိုင်းတို့ဟာ ဂျာမန်လို ချစ်ခွန်းဖွဲ့သီ
နေခဲ့ကြပြီ။
မော်စီတုံးပေးလိုက်တဲ့ ဒေါ်လာတစ်ပုံကြီးထဲက တစ်ဝက်ကို ဟားဘတ်ထ်က
ခွဲတမ်းတောင်းတယ်။ အဲဒီငွေတွေပြပြီး နီဝေယန်လက်ချ်မီးကို သူ့အဖေကြီးဆီက
တင်တောင်းတယ်။ သူ့အဖေကြီးလည်း အိပ်မက်မက်နေသလို ခံစားရတာပေါ့။
သူတို့မျိုးနွယ်မှာ သတို့သမီးကသာ ဒေါင်ရီခေါ် မင်္ဂလာကြေးကို
တင်တောင်းရတာကိုး။ ခု လူဖြူကောင်ကြီးက အိတ်ထဲမှာ
ဒေါ်လာငွေအပြည့်နဲ့ အင်မတန်ထိုင်းလှတဲ့ သူ့သမီးကြီးကို လက်ထပ်ပါမယ်
တကဲကဲ လာလုပ်နေတော့ အိပ်မက်လား၊ တကယ်လား ဖြစ်နေတာ ဘယ်
ဆန်းပါ့မလဲ။ နောက်တစ်ချက် ရှိသေးတယ်။ သူတို့မျိုးရိုးက သုဒ္ဒမျိုး။ အနိမ့် တကာ့
အနိမ့်ဆုံး အမျိုးအနွယ်။
'ခင်ဗျား သေချာရဲ့လား၊ အိမ်မှား ဝင်လာတာလား၊ ကျုပ်သမီးအကြီး
ဆိုတာရော ဟုတ်ရဲ့လား ...'
ဟားဘတ်ထ်အိုင်စတိုင်းက သေချာပြောတယ်။ သူ့ဘဝမှာ လုပ်သမျှ လွဲခဲ့ပေမဲ့

ဒီတစ်ခါတော့ မလွဲဘူးဆိုတာ သေချာသတဲ့။

ဒီလိုနဲ့ နောက်နှစ်ပတ်ကြာတော့ သူတို့ လက်ထပ်လိုက်ကြတယ်။

ဟားဘတ်ထ်က သတို့သမီးကိုးကွယ်တဲ့ ဘာသာထဲ ဝင်လိုက်တယ်။ ဘာ

ဘာသာလဲဆိုတာတော့ သေချာမမှတ်မိဘူး။ ဆင်ခေါင်းလိုဟာမျိုးနဲ့ လက်တွေ

အများကြီးနဲ့ အရုပ်ကြီးတွေကို ဖင်ဘူးတောင်းထောင် ရှိခိုးရတဲ့ ဘာသာပဲ။

ပျော်စရာတော့ အကောင်းသား။ ပြဿနာကတော့ သူ့အသစ်စက်စက် ဇနီး သည်

နာမည်ကို သူ ဘယ်လိုမှ မှတ်လို့မရဘူး။ အကြိမ်ကြိမ် ကြိုးစားပြီး နောက်ဆုံးတော့

သူ လက်လျှော့လိုက်တယ်။

'အချစ်ရေ … မင့်နာမည် ကိုယ် မမှတ်မိဘူးကွာ၊ မင်းကို ကိုယ် အမန်ဒါ

လို့ခေါ်ရင် စိတ်ဆိုးမလား'

'မဆိုးပါဘူး အသက်ရယ်၊ အမန်ဒါ ဆိုတာလေးက အကောင်းသားပဲ၊ ဒါပေမဲ့

ဘာလို့ အမန်ဒါတာလဲ …'

'မပြောတတ်ဘူး၊ မင်းမှာ တခြားအကြံ ရှိလို့လား'

'ဘယ်ရှိလိမ့်မလဲ'

ဒါနဲ့ပဲ နီဝေယန်လက်ချ်မီး ဘဝကနေ အမန်ဒါအိုင်စတိုင်း ဖြစ်လာခဲ့

တော့တယ်။

ဆနားရွာထဲမှာ အိမ်လေးတစ်လုံးဝယ်လိုက်ကြတယ်။ ကမ်းခြေနဲ့ နီး၊

အယ်လန့်ဟိုတယ်နဲ့ နီးတဲ့နေရာပေါ့။ အမန်ဒါဟာ စားပွဲထိုးအလုပ်က ထွက်

လိုက်တယ်။ မထွက်လည်း အမြဲတမ်း တလွဲလုပ်နေလို့ မကြာခင် အထုတ်ခံရ

မှာပဲဟာကို။ ကဲ … ခု ရှေ့ဆက် ဘာလုပ်ကြမလဲ။

ဓာတ်တူနာမ်တူ ဆေးဖက်ယူဆိုတာ တယ်မှန်။ လုပ်တိုင်းလွဲ ဟားဘတ်ထ်ရဲ့

ဇနီးသည် အမန်ဒါဟာ သူ့လင်နဲ့ ဖဝါးခြေထပ် လိုက်နိုင်သူပေကပဲ။ တောင်ဆို မြောက်ရောက်၊ အပေါ်ဆို အောက်ရောက်၊ အရှေ့ဆို အနောက်ရောက်။ အို … သူ့တစ်သက်လုံး အတန်းပညာမှ မသင်ခဲ့ရတာဘဲ။ မသင်ခဲ့ရဆို ကျောင်းကို ဖြောင့်ဖြောင့်တန်းတန်း သွားတတ်ရာတတ်ဦးမှကိုး။

ဒါပေမဲ့ သူတို့မောင်နှံမှာ ဇရာမ ဒေါ်လာအပုံကြီး ရှိနေပြီလေ။ ကြည့်နေ၊ အရာရာဟာ သူ့အလိုလို ပြေလည်သွားလိမ့်မယ်တဲ့။ အမန်ဒါက သူ့ယောကျ်ားကို ပြောတယ်။ သူက တုံးတာ မှန်ပေမဲ့ အမိုက်အမဲတော့ မဟုတ်ဘူးလေ။ အင်ဒိုနီးရှားမှာ ငွေသာရှိပစေ။ ဘာဖြစ်ဖြစ် အကုန်ဝယ်လို့ရတယ်တဲ့။ ဟားဘတ်ထ်ကတော့ သူ့မိန်းမပြောတာ သိပ်နားမလည်ပါဘူး။ အမန်ဒါ ကလည်း သူ့ယောကျ်ား နားမလည်ဘူးဆိုတာ သိတာပေါ့။ ဒါကြောင့် ထပ် ရှင်းပြမနေတော့ဘဲ သူက ပြောတယ်။

'အသက်ရယ် … ခု အသက် ဘာလုပ်ချင်လဲ၊ ဘာကြိုက်လဲ၊ အချစ်ကို ပြောပြ'

'ဘာကြိုက်လဲဆိုတာ ဘာကိုပြောရမှာလဲ၊ ကားမောင်းတာကြိုက်တယ် ဆိုတာမျိုးလား …'

'အင်းပေါ့ … ဟုတ်တာပေါ့'

လုပ်စရာလေးတွေ ရှိနေလို့ အမန်ဒါ အပြင် ခဏထွက်သွားတယ်။ ညစာအမီ ပြန်လာမယ်တဲ့ ပြောသွားလေရဲ့။

နောက် သုံးနာရီလောက်ကြာလို့ သူ အိမ်ပြန်ရောက်လာတဲ့အခါ အမန်ဒါဟာ သူ့လင်တော်မောင် ဟားဘတ်ထ်နာမည်နဲ့ ကားမောင်းလိုင်စင် အသစ်စက်စက် တစ်ခုရယ်၊ ဝါရင့် ကျွမ်းကျင် ကားမောင်းသင်တန်းဆရာဖြစ် ဒီပလိုမာလက်မှတ် တစ်ခုရယ်၊ အိုင်စတိုင်း ကားမောင်းသင်တန်းကျောင်း ခွင့်ပြုမိန့်လိုင်စင်

တစ်ခုရယ်ကို တွေ့လိုက်ရတယ်။

အင်မတန် ကောင်းတာပေါ့။ ဒါပေမဲ့ ဒါတွေရလာလို့ ကားမောင်း ကျွမ်းသွားမတဲ့လား။ အင်းပေါ။ ကျွမ်းသွားတာပေါ့တဲ့။ အမန်ဒါက ရှင်းပြ တယ်။ ခုဆို ဟားဘတ်ထ်ဟာ ကားမောင်းခြင်းနဲ့ ပတ်သက်တဲ့ လုပ်ပိုင်ခွင့်တစ်ခု ရသွားခဲ့ပြီ။ ကားမောင်းကျွမ်းခြင်း၊ မကျွမ်းခြင်းကို ဆုံးဖြတ်ပိုင်ခွင့်တစ်ခု ရသွားခဲ့ပြီ။ ဘဝဆိုတာ တစ်ခါတလေ ဒီလိုပဲ။ အမှန်တရားကို မှန်ပါတယ်လို့ ထောက်ခံပိုင်ခွင့်ရှိသူက ထောက်ခံလိုက်မှ အမှန်တရား ဖြစ်သကိုးတဲ့။ သေသေချာချာ မချာတဲ့စကားကို ဆိုတယ်။ ဟားဘတ်ထ် မျက်နှာကြီး ရှတ်တရက် ဝင်းလက်သွားတယ်။ ခေါင်းထဲမှာ ခတ်လိုက်ခံလိုက်ရသလို ဖြန်းခနဲ ကျဉ်တက်သွားတယ်။ အသိဉာဏ်တစ်ချက် ဖျတ်ခနဲ လက် သွားတယ်။ ဟုတ်ပြီ၊ သိပြီ၊ သဘောပေါက်ပြီ။

ဒီလိုနဲ့ အိုင်စတိုင်း ကားမောင်းသင်တန်းကျောင်းဟာ ဝက်ဝက်ကွဲ အောင်မြင်တဲ့ ကုမ္ပဏီတစ်ခု ဖြစ်လာတယ်။ ကျွန်းပေါ်က ကားမောင်းတတ် ချင်သူ မှန်သမျှ သဘောမနောကောင်းလှတဲ့ လူဖြူကြီးဆီ ကျောင်းမတက်ရမချင်း ကားမောင်းတတ်တယ်လို့ကို မထင်တဲ့ထိ ဖြစ်လာတယ်။ ကားမောင်းပါရဂူကြီး ဟားဘတ်ထ်ကလည်း ကားမောင်းပညာ ထွေထွေရာကို သီအိုရီရော လက်တွေ့ပါ ကိုယ်ဖိရင်ဖိ ပို့ချသကိုး။

ကားမောင်းရင်ကွယ် အသားကုန် မမောင်းနဲ့
စောက်ကျိုးနည်းအောင် တိုက်တတ်တယ်
အလွန်အကျွံနှေးသော် လမ်းတွေပိတ်လို့
နင်ပဲ အဆဲခံရမယ် ... မှတ်ကွယ် ... မှတ်ကွယ်

ဆရာကြီးဟာ သူ ဘာပြောနေလဲဆိုတာ သူ့ကိုယ်သူ သေချာတော့ သိပုံပါပဲ။
နောက် ခြောက်လလောက်ကြာတော့ ကျွန်းပေါ်က တခြား ကားမောင်း
သင်တန်းကျောင်း နှစ်ကျောင်းဟာ လူမရှိလို့ ပိတ်လိုက်ရတဲ့အတွက် ဟား
  ဘတ်ထ်ဟာ ကားမောင်းသင်တန်းလောကကို မောင်ပိုင်စီးနိုင်ခဲ့တယ်။ အဲဒီ
အကြောင်းကို အယ်လန် လာလည်တော့ ဟားဘတ်ထ်က ပြောပြတယ်။ အယ်လန်က
ချီးကျူးတယ်။

'သိပ်ကောင်းတယ် ဟားဘတ်ထ်ရေ ...၊ ခင်ဗျား ဒီကလူတွေ အားလုံးကို
ကားမောင်းတတ်အောင် လုပ်ပေးနေတာပဲ၊ ဒီမှာက ဘယ်မောင်းစနစ် ဆိုတော့ ...
တော့ ...'

'ဟုတ်လား ... ဘယ်မောင်းစနစ်တဲ့လား၊ အင်ဒိုနီးရှားမှာ ဘယ်မောင်းစနစ်နဲ့
မောင်းကြတာလား'

ဟားဘတ်ထ် အဲသလို အလုပ်ရှုပ်နေတုန်း အမန်ဒါကလည်း သူ့နည်း သူ့ဟန်နဲ့
အလုပ်ရှုပ်နေတယ်။ အရင်ဆုံး သူ့ရဲ့ ပညာရေးအခြေအနေကို ပြုပြင်ပြောင်းလဲတယ်။
ခုဆို သူ ဘောဂဗေဒဘွဲ့ ရသွားပြီ။ ပိုက်ဆံအကုန်ခံပြီး လှုပ်ရှားလိုက်တော့
သုံးလေးပတ်အကြာမှာ ဘွဲ့လက်မှတ် လက်ထဲရောက် လာခဲ့တယ်။ ဂျာဗားက
အကောင်းစားတက္ကသိုလ်မှာ ထိပ်တန်းရမှတ်တွေနဲ့ ဘွဲ့လက်မှတ်ပေါ့။
အဲဒီဘွဲ့လက်မှတ်ကြီး ကိုင်ရင်း ကမ်းခြေမှာ လမ်းလျှောက်ပြီး သူ
အပြင်းအထန် ဦးနှောက်မုန်တိုင်းဆင်တယ်။ မိသားစုအတွက် ဘယ်လို
ကံကောင်းခြင်းလက်ဆောင်တွေ ပေးရင် ကောင်းမလဲ။ ခု ဘောဂဗေဒဘွဲ့ရှင်
ဖြစ်နေပေမဲ့ အမြှောက်အလီပေါင်းတောင် သူ့မှာ ခက်ခဲနေတုန်း။ ဒါပေမဲ့ ... နို့ ...
ဒါပေမဲ့ ... အလို ... ဒါပေမဲ့ ... အင်း ... ဒါပေမဲ့ ... ဟုတ်တယ်၊ ငါ လုပ်နိုင်တယ်။

မဟုတ်ဘူး၊ လုပ်ကို လုပ်မယ်။ ငါ ... နိုင်ငံရေးထဲ ခြေစုံပစ် ဝင်လိုက်တော့မယ်။ ဒီလိုနဲ့ အမန်ဒါ အိုင်စတိုင်းဟာ လစ်ဘရယ် ဒီမိုကရက်တစ် လွတ်မြောက်ရေးပါတီရဲ့ ခေါင်းကိုင်အမိ ဖြစ်လာတော့တယ်။ (လစ်ဘရယ် ရယ်၊ ဒီမိုကရက်တစ်ရယ်၊ လွတ်မြောက်ရေးရယ် စကားလုံးသုံးလုံးက နားထောင်လို့ကောင်းလို့ ဘာရယ်မဟုတ် တွဲပေးလိုက်တာ) ပါတီဝင် ခြောက်ထောင်ကို စာရွက်ပေါ်မှာ ချက်ချင်း စုဆောင်းရရှိတယ်။ ဒီဆောင်းတွင်းလောက်မှာ အုပ်ချုပ်ရေးမှူး ဝင်အရွေးခံလို့ရပြီ။ လက်ရှိ အုပ်ချုပ်ရေးမှူးက ငအိုကြီး။ အသက်ကြီးလှပြီ။ ဝင်မပြိုင်နိုင်တော့ဘူး။ အေးဆေးပဲ။ အပိုင်ပဲ။ ခြင်းထဲက ကြက်ပဲ။ အဲသလိုသဘောထားပြီး ဝင်ရွေးခံလိုက်မယ်။ အဲ ... ပြိုင်ဘက်တစ်ယောက်တော့ ရှိတယ်။

ပြဿနာက သူက ဇာတ်မြင့်၊ အမန်ဒါက ဇာတ်နိမ့် ဖြစ်နေတာပဲ။ ဒီအတိုင်းဆို ရွေးကောက်ပွဲဟာ မပြိုင်ခင်က ရှုံးနှင့်သည် ဆိုသလို ဖြစ်နေ လိမ့်မယ်။ စဉ်းစားဦးမှ။

ဟားဘတ်ထ်က သူ့အချစ် နိုင်ငံရေးလုပ်မယ်ဆိုတာကို ဘာမှ မပြော ပါဘူး။ သူ့ချစ်သူငယ်ချင်းကြီး အယ်လန်ဟာ နိုင်ငံရေးကို အင်မတန် မနှစ်သက်ဘူး။ အထူးသဖြင့် ဂူးလက်မှာနေခဲ့ပြီးနောက်ပိုင်း ကွန်မြူနစ်ဝါဒကို သာတောင် မနှစ်သက်သေးဆိုတာ ကောင်းကောင်းသိတယ်။ ဒါကြောင့် အမန်ဒါက နိုင်ငံရေးလုပ်မယ်ဆိုတော့ တို့တစ်တွေ ကွန်မြူနစ်ဖြစ်သွားမှာ လားလို့ စိတ်မသက်မသာ မေးလိုက်တယ်။

အမန်ဒါက အသေအချာ စဉ်းစားရင်း ဟင့်အင်း ... ဖြစ်မယ်မထင်ပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ပါတီနာမည်မှာ အဲဒီစကားလုံးမှ မပါဘဲတဲ့။ ဟားဘတ်ထ်က ကွန်မြူနစ်ဖြစ်ချင်ရင်တော့ ထပ်ထည့်လိုက်ကြတာပေါ့တဲ့။

'လစ်ဘရယ် ဒီမိုကရက်တစ် ကွန်မြူနစ် လွတ်မြောက်ရေးပါတီ' အမလေး ... ရှည်လျားထွေပြားပြီး ခေါ်ရတာ လျှာလိပ်လိုက်တာ။ ဒါပေမဲ့ မဆိုးဘူး။ အလုပ်ဖြစ်လောက်တယ်။

မဟုတ်သေးပါဘူးကွာ။ ပြောတာက တစ်မျိုး။ ဆန့်ကျင်ဘက်ကို တည့်တည့်တွေးတော့တာပဲ။ ကဲ ... ပါတီထောင်ချင်လည်း ထောင်၊ နိုင်ငံရေးနဲ့ ပတ်သက်မှုနည်းလေ ကောင်းလေပဲ။

ရွေးကောက်ပွဲအောင်နိုင်ရေး ကော်မတီကို ဘယ်လို ဘဏ္ဍာငွေ ထောက်ပံ့မလဲ။ ရှိတာတွေ ထည့်လို့ကတော့ ရွေးကောက်ပွဲလည်း ပြီးရော ဖြူခါပြာခါကျ ကျန်ခဲ့မှာပဲတဲ့။ အမန်ဒါက ဒါတော့ သေချာသိတယ်။ သူ့လို ဇာတ်နိမ့်မက ရွေးကောက်ပွဲနိုင်ဖို့ဆို ငွေတွေ အပုံကြီးကုန်မှာကိုး။

ဟားဘတ်ထိက ပြန်ပြောတယ်။ ဒါကတော့ အချစ် အသိဆုံးနေမှာပေါ့တဲ့။ ကောင်းတယ်ထင်ရင် လုပ်ပေါ့တဲ့။ အမန်ဒါက စဉ်းစားပြီး လေးလေးနက်နက် ပြောတယ်။

'ဟုတ်ပြီ၊ ဒါဆို ချစ်တို့မှာရှိတဲ့ ငွေတွေထဲက သုံးပုံတစ်ပုံကို ရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီအတွက် သုံးမယ်၊ နောက်သုံးပုံတစ်ပုံကို ရွေးကောက်ပွဲကော်မရှင် လူကြီးတွေကို လာဘ်ထိုးဖို့ သုံးမယ်၊ နောက် သုံးပုံ တစ်ပုံကို ပြိုင်ဘက်ကို အပုပ်ချဖို့ သုံးမယ်၊ နောက် သုံးပုံတစ်ပုံကို ဒါတွေ အလုပ်မဖြစ်ရင် ထိုင်စားဖို့ သုံးမယ်၊ဘယ့်နှယ်လဲ ...' တဲ့။

ဟားဘတ်ထိကတော့ နှာခေါင်းကိုကုတ်ရင်း ဘာမှ မစဉ်းစားတတ်ဘူး ဖြစ်နေတယ်။ ဒီအကြောင်း အယ်လန့်ကို သူပြောပြတော့ အယ်လန့်ခမျာ သက်မကြီး ချရှာတယ်။ အင်း ... ဗော့ဒကာမှာရင် အုန်းရည်ယူလာတတ်တဲ့ စားပွဲထိုးမက

အုပ်ချုပ်ရေးမှူး ဖြစ်တော့မတဲ့ကွာ။ ကဲလေ … သူ့သဘော သူဆောင်တာပဲချ။ ငွေလိုရင် ထပ်ပေးမယ်လို့ ကတိပေးလိုက်တယ်။ ဒါပေမဲ့ သူ့ကိုတော့ ဘာမှလာမပြောနဲ့ နားမထောင်ချင်ဘူး။

အယ်လန်ဟာ အင်မတန် ကြင်နာတတ်သူပေပဲ။ ဟားဘတ်ထံက ကျေးဇူးတွေ တင်နေတယ်။

ဒါပေမဲ့ အယ်လန့်အကူအညီ မလိုပါဘူး။ ရွေးကောက်ပွဲမှာ အမန်ဒါဟာ တောင်ပြိုကမ်းပြို နိုင်လိုက်တယ်။ သူက ရှစ်ဆယ်ရာခိုင်နှုန်း သူ့ ပြိုင်ဘက်က နှစ်ဆယ့်နှစ် ရာခိုင်နှုန်း အသီးသီး အသက မဲရကြတယ်။ နေစမ်းပါဦး။ ပေါင်းလိုက်ရင် တစ်ရာ ရာခိုင်နှုန်း ကျော်နေပါ့လား။ ဒါ မရိုးသားဘူး။မမှျတဘူးလို့ ပြိုင်ဘက်က စောဒကတက်ပေမဲ့ တရားရုံးက သူ့ လျှောက်လဲချက်ကို ပယ်ချလိုက်တယ်။ ရွေးကောက်တင်မြှောက်ခံ အုပ်ချုပ်ရေးမှူး မစ္စစ် အိုင်စတိုင်းကို အသရေပျက်အောင်လုပ်မှုနဲ့ တရားစွဲခံရမယ်လို့ သတိပေးလိုက်တယ်။ အဲဒါမတိုင်ခင်ကလေးမှာ အမန်ဒါဟာ တရားသူကြီးနဲ့ လက်ဖက်ရည် အတူတူသောက်နေခဲ့ကြတာလေ။

အမန်ဒါအိုင်စတိုင်းက တဖြည်းဖြည်းနဲ့ တစ်ကျွန်းလုံး သိမ်း၊ သူ့လင် ဟားဘတ်က ကျွန်းပေါ်ကလူတွေကို ကားမောင်းသင်နေချိန်မှာ အယ်လန်ကတော့ ကမ်းခြေမှာ သောက်စရာခွက်ကလေးကိုင်ပြီး ထိုင်ငေးနေတတ်စမြဲ။ စားပွဲထိုးမ အမန်ဒါ မရှိတော့ကတည်းက သူလိုချင်တာ၊ သောက်ချင်တာ တိတိကျကျရနေလို့ စိတ်ချမ်းသာပါရဲ့။

ထိုင်စရာရှိတာထိုင်၊ သောက်စရာရှိတာသောက်၊ ဗိုက်ဆာလာရင် အစားစား။ ခေါင်းမူးလာရင် အခန်းပြန်အိပ်နဲ့ ရက်၊ လ၊ နှစ်တွေ ကုန်လွန် သွားခဲ့တယ်။

အယ်လန်ကတော့ အနားယူလို့ မဝသေးဘူး။ ဆယ့်ငါးနှစ် ကြာတဲ့ထိ နားနေတုန်း။ ဒေါ်လာတွေလည်း အများကြီး ကျန်နေတုန်း။ ကျန် မှာပေါ့။ ခု သူနေတဲ့ ဟိုတယ်ကို အိုင်စတိုင်းဇနီးမောင်နှံ ပိုင်နေပြီ။ သူ တစ်ပြားမှ ပေးစရာမှ မလိုဘဲ။

ခုဆို အယ်လန်ဟာ ၆၃ နှစ် ရှိခဲ့ပြီ။ ဘာမှ ပင်ပင်ပန်းပန်းမလုပ်ဘူး။ မလိုအပ်ဘဲ အင်အားမသုံးဘူး။ အမန်ဒါကတော့ နိုင်ငံရေးလောကမှာ အောင် ပန်းပန်၊ အောင်လံလွှင့်နေခဲ့ပြီ။ ရွေးကောက်ပွဲအကြို လူထုဆန္ဒ စစ်တမ်း ကောက်တိုင်း သူ ထိပ်က အမြဲပြေးတယ်။ စစ်တမ်းကောက်တဲ့ စာရင်းအင်း အဖွဲ့က သူ့ညီမ ပိုင်တာ။ တစ်တိုင်းပြည်လုံးမှာ ခြစားမှု အနည်းဆုံးဒေသ အဖြစ် ဘာလီက အမြဲဗိုလ်စွဲတယ်။ စစ်ဆေးရေးကော်မတီ တစ်အုံလုံးကို သူ လာဘ် အကြီးအကျယ် ပေးပစ်တယ်။

ခြစားမှုတိုက်ဖျက်ရေးဆိုတာ အုပ်ချုပ်ရေးမှူး မဖြစ်မနေလုပ်ရမယ့် တို့တာဝန်အရေးသုံးပါးထဲက ပထမတစ်ပါး။ ဒါကြောင့် ဘာလီက ကျောင်းတွေ အားလုံးမှာ ခြစားမှုတိုက်ဖျက်ရေး သင်ခန်းစာတွေ ထည့်သင်တယ်။ ဒန်ပါဆာက ကျောင်းအုပ်ကြီးတစ်ယောက်က ကန့်ကွက်တယ်။ ခြစားမှု တိုက်ဖျက်ရေး သင်ခန်းစာဆိုတာ ခြဘယ်လိုစားရလဲ နည်းပေးလမ်းပြ သင်ပေးနေတာပဲတဲ့။ အမန်ဒါက အဲဒီကျောင်းအုပ်ကြီးကို စာသင်ကျောင်းများ စီမံခန့်ခွဲ ရေး ဘုတ်အဖွဲ့ ဉက္ကဋ္ဌ ခန့်လိုက်တယ်။ လစာ နှစ်ဆ ပေးလိုက်တယ်။ ဘာသံမှ ထွက်မလာတော့ဘူး။ အလုပ်ကို စွမ်းစွမ်းတမံကြိုးစားတယ်။

ဒုတိယ တစ်ပါးကတော့ ကွန်မြူနစ်ဝါဒ ချေမှုန်းရေးပဲ။ ဘာလီက ဒေသခံ ကွန်မြူနစ်ပါတီကို သူ မတရားအသင်း ကြေညာပစ်လိုက်တယ်။ ရလဒ်ကတော့ နောက်ရွေးကောက်ပွဲမှာ ငွေသိပ်မကုန်လိုက်ဘဲ ရှောရှောရှူရှူ နိုင်သွားတယ်။

တတိယ တစ်ပါးကတော့ ဟားဘတ်ထ်နဲ့ အယ်လန်ပေါ့။ ဘာလီရဲ့ ကာလရှည် ကမ္ဘာလှည့်ခရီးသည် သူတို့နှစ်ယောက်ကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာတယ်။ ဒါကြောင့် အချိုအချောင်နဲ့ သူဝယ်ထားတဲ့ မြေတွေပေါ်မှာ ဇိမ်ခံဟိုတယ်ကြီးတွေ ဆောက်ခွင့်ပေးလိုက်တယ်။

အဲဒါတွေအပြင် နောက်ထပ် သူ အားကြိုးမာန်တက် လုပ်ရတဲ့အလုပ် ကတော့ သား၊ တူ၊ ညီ၊ များ ကောင်းစားရေးပေါ့။ ဒီလိုနဲ့ သူ့ဆွေသူ့မျိုး တစ်ယောက်မကျန် ဘာလီ မျက်နှာဖုံးအသိုင်းအဝိုင်း ဖြစ်လာခဲ့တယ်။ ရွေး ကောက်ပွဲကလည်း ပြိုင်တိုင်းနိုင် ဖြစ်လာခဲ့တယ်။ ရာနှုန်းပြည့် မဲရတာ ဘယ် သူမှ မအံ့သြကြဘူး။ သူ သားလေးနှစ်ယောက် မွေးတယ်၊ အကြီးကောင်ကို အယ်လန့်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဟားဘတ်ထ်က အယ်လန်အိုင်စတိုင်းလို့ နာမည်ပေး တယ်။ အငယ်ကောင်ကိုတော့ ငွေတွေ ထောက်ပံ့လိုက်သူကြီးကို သတိရစိမ့် သောငှာ မော်အိုင်စတိုင်းလို့ ပေးလိုက်တယ်။

ဖြစ်ပြီးရင် ပျက်တာဟာ လောကတံတွာ ဓမ္မတာပဲ မဟုတ်လား။

တစ်နေ့မှာတော့ မီတာ ၃၀၀၀ ကျော်မြင့်တဲ့ ဘာလီမီးတောင်ကြီး ပေါက် ကွဲတယ်။ ကီလိုမီတာခုနစ်ဆယ် အဝေးမှာရှိတဲ့ အယ်လန်ဟာ ကောင်းကင် တစ်ပြင်လုံး မီးခိုးမည်းတွေ ဖုံးသွားတာ မြင်လိုက်ရတယ်။ ကျန်တဲ့လူတွေ ကတော့ သူ့လောက် ကံမကောင်းလို့ ထောင်ပေါင်းများစွာ သေကြပြီး မသေ သူတွေလည်း ကျွန်းကိုစွန့်ခွာသွားကြတယ်။ ဘာလီ အုပ်ချုပ်ရေးမှူးမကြီးဟာ ဘာဆုံးဖြတ်ချက်ကိုမှ မချနိုင်လိုက်ဘူး။ ဆုံးဖြတ်ချက် ချရကောင်းမှန်းတောင် တကယ်တော့ သူ သိတာမဟုတ်ပါဘူးလေ။

မီးတောက်ပေါက်တာက ပြီးသွားပေမဲ့ ဘာလီကျွန်းကတော့ နိုင်ငံရေးနဲ့

စီးပွားရေး အုံကြွပေါက်ကွဲမှုတွေဖြစ်ပြီး ကျန်ရစ်ခဲ့တယ်။ တကယ်တော့ ဘာလီ မှ မဟုတ်ပါဘူး။ အင်ဒိုနီးရှား တစ်နိုင်ငံလုံး အဲသလို ဖြစ်နေတာ။ ဂျကာတာ မှာတော့ အာဏာကို ဆူကာနို့လက်ကနေ ဆူဟာတိုက သိမ်းခဲ့တယ်။ ခေါင်းဆောင်သစ်ကြီးဟာ ရှေ့လူလို ပျော့စိစိ မဟုတ်ဘူး။ အာဏာရတာနဲ့ တစ်ပြိုင် နက် ကွန်မြူနစ် အမဲလိုက်ပွဲကြီး ကျင်းပလိုက်တာ။ တကယ့် ကွန်မြူနစ်၊ ဝါရင့်ကွန်မြူနစ်၊ ဝါမရင့်တရင့် ကွန်မြူနစ်၊ ကလလရည်ကြည် သန္ဓေတည်စ ကွန်မြူနစ်၊ သံသယရှိဖွယ် ကွန်မြူနစ်၊ ဖြစ်နိုင်ဖွယ် ကွန်မြူနစ်၊ ဖြစ်တန်ရာ ကွန်မြူနစ်၊ အပြစ်မဲ့သူလို ဟန်ဆောင်နေတဲ့ ကွန်မြူနစ် အားလုံးကို ကရုဏာ မထား၊ နယ်စည်းမခြား ပက်ပက်စက်စက် တီးလိုက်တာ လူနှစ်သိန်းနဲ့ သုံး သိန်း ကြားလောက် သေသွားတယ်။ ကွန်မြူနစ်လို့ ကျိန်းသေစွပ်စွဲခံရမယ့် တရုတ်တွေဟာ အင်ဒိုနီးရှားကနေ လှေနဲ့၊ သင်္ဘောနဲ့၊ ရရာနဲ့ အလုံးအရင်း ထွက်ပြေးကြတယ်။ တရုတ်ပြည်ရောက်တော့ အရှင်းရှင် သစ္စာဖောက် လောက်ကောင်တွေလို့ တံဆိပ်ကပ်ခံခဲ့ကြရတယ်။

မီးခိုးတွေလည်း ငြိမ်းသွားရော အင်ဒိုနီးရှားရဲ့ သန်းနှစ်ရာကျော်သော ပြည်သူတွေထဲမှာ ကွန်မြူနစ်တိမ်သလ္လာဖုံးသူ တစ်ယောက်မှ မကျန်တော့ဘူး။ အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ၊ ဆူဟာတို အောင်ပြီ။ အနောက်ကမ္ဘာရဲ့ ပက်ပက်စက်စက် လှိုက်လှိုက်လှဲလှဲ ဖိတ်ကြားခြင်းကို ခံရပြီ။ စီးပွားရေးတွေ ဒီရေအလား တိုးတက်ပြီ။ လူတွေ ချမ်းသာလာပြီ။ အချမ်းသာဆုံးကတော့ သူပေါ့။ တပ်ရာရှင် သကြားတွေ ခိုးရောင်းတဲ့ သကြားမှောင်ခိုသမား စစ်သား တစ်ယောက်အတွက်တော့ ဘယ်ဆိုးမလဲ။

ဂျကာတာ အစိုးရရဲ့ တိုင်းသူပြည်သားများ တော်တည့် မှန်ကန်စွာ

တွေးခေါ်နိုင်ရေး စီမံချက်ကြီးထဲ ဘာလီသူ ဘာလီသား ရှစ်သောင်းလောက်
အသက်ပေးလိုက်ရပြီး နောက်ပိုင်း အမန်ဒါအိုင်းစတိုင်းဟာ ဘာလီ အုပ်ချုပ် ရေးမှူး
မလုပ်ချင်တော့ဘူး။
ဟားဘတ်ထ်ကတော့ အလုပ်က အနားယူသွားခဲ့ပြီ။ အမန်ဒါလည်း အနားယူဖို့
စဉ်းစားပါတယ်။ ဒါပေမဲ့ သူ့အသက်က ငါးဆယ်တောင် မပြည့် သေးဘူး။
ငွေကလည်း ဘယ်လောက်ရှိမှန်းတောင် သေချာ မသိလောက် အောင် မဟားတရား
ရှိတယ်။ ဒါပေမဲ့ အနားယူပြီးရင် ဘာလုပ်ရမတုံး။
ပထမဆုံး ဖုန်းပြောတဲ့အချိန်မှာပဲ ခေါင်းဆောင်သစ် ဆူဟာတိုက
ဝါရင့်အုပ်ချုပ်ရေးမှူးကြီး အမန်ဒါကို ပြင်သစ်နိုင်ငံဆိုင်ရာ အင်ဒိုနီးရှား
သံအမတ်ကြီး မလုပ်ချင်ဘူးလားလို့ ကမ်းလှမ်းလိုက်တယ်။
ဘာလီမှာ ဟိုး အတိတ်ကာလကတည်းက အမန်ဒါ ကွန်မြူနစ်တွေကို
နှိပ်ကွပ်ခဲ့တာ ဆူဟာတိုက သိနေတယ်။ နောက်တစ်ခုက သံအမတ်ကြီးဆိုတဲ့
ထိပ်တန်းရာထူးမှာ ကျားမ တန်းတူညီမျှ ဖြစ်စေချင်တယ် (အမန်ဒါသာ လက်ခံခဲ့ရင်
ကျားမအချိုးက ၂၄ း ၁ ဖြစ်မှာ) အမန်ဒါက ပြန်ပြောလိုက်တယ်။
'ပြင်သစ်၊ ပါရီ … ဟုတ်လား၊အဲဒါ ဘယ်နေရာလဲ သမ္မတကြီးရှင့်'
၁၉၆၃ မှာ ဘာလီမီးတောင်ပေါက်တော့ အယ်လန်က သူ ထွက်ခွာဖို့
အချက်ပြတာပဲလို့ ထင်လိုက်သေးတယ်။ နောက်တော့လည်း အခြေအနေတွေ
ပြန်ကောင်းသွားတော့ ကမ်းခြေက ကုလားထိုင်ပေါ်ပဲ ပြန်လှဲနေလိုက်ရင်း အချိန်တွေ
ထပ်ကုန်သွားပြန်တယ်။
တစ်ရက်တော့ ဟားဘတ်ထ်က လာပြောတယ်။ သူနဲ့ အမန်ဒါ ပါရီ
သွားတော့မယ်တဲ့။ အယ်လန် လိုက်မယ်ဆိုရင် အင်ဒိုနီးရှား နိုင်ငံကူး

လက်မှတ်အတု လုပ်လိုက်မယ်တဲ့။ ဒါပေမဲ့ ပြင်သစ်ရောက်ရင် လူရိုသေ ရှင်ရိုသေဖြစ်အောင် အင်ဒိုနီးရှားသံရုံးမှာ ရာထူးလေး တစ်နေရာတော့ ယူပေး ပါတဲ့။ အင်းလေ .. အနားယူဖို့ အချိန်တွေ အများကြီး ကျန်ပါသေးတယ်။ ပါရီဆိုတာ ဘာလီထက်စာရင် အေးဆေးတိတ်ဆိတ်မယ့်ပုံပါပဲ။ သွားတာ ပေါ့။ နောက်နှစ်ပတ်ကြာတော့ သူတို့ ထွက်ခွာသွားခဲ့ကြတယ်။ မေလ ၁ ရက်နေ့မှာ အမန်ဒါက အလုပ်စဝင်ရမှာလေ။ ခရစ်သက္ကရာဇ်ကတော့ ၁၉၆၈ ခုနှစ်ပေါ့။

(၂၁)

၂၀၀၅၊ မေ ၂၆၊ ကြာသပတေး။

စုံထောက်မှူးကြီး အေရွှန်ဆန်တစ်ယောက် ဘဲလ်ရင်းဂါး ယာခင်းကို ရောက်လာတဲ့အချိန်မှာ ပိုက်ဂါဒင်ဟာ အိပ်မောကျနေတုန်း။ အေရွှန်ဆန်ဟာ အယ်လန်ကားလ်ဆန် တစ်ယောက်တည်း ဧရာမ ဝရန်တာပြင်ကျယ်ကြီးမှာ လှုပ်ကုလားထိုင်ကြီးနဲ့ ထိုင်နေတာမြင်တော့ ပါးစပ်ကြီး ပြဲသွားတယ်။ ဘန်နီရယ်၊ အလှကလေးရယ်၊ ဘက်စတာရယ်ဟာ ဆွန်ညာ့ စပါးကျီအိမ်ထဲ ရေသယ်ရင်း အလုပ်ရှုပ်နေကြတယ်။ ဂျူးလီးယပ်ကတော့ မှတ်ဆိတ် အရှည်ထား ရုပ်ဖျက်ပြီး ဘော်ဆီနဲ့အတူ ဖော့ခ်ကိုးပင်းသွား ရိက္ခာဝယ်နေ တယ်။ အယ်လန်ကတော့ အိပ်ပျော်နေခဲ့တယ်။ အေရွှန်ဆန် ရောက်လာတဲ့ အထိ သူ မနိုးသေးဘူး။

'ကျွန်တော် ထင်တာတော့ ခင်ဗျားဟာ အယ်လန်ကားလ်ဆန် ဖြစ်ရ မယ်'

အေရွှန်ဆန်ရဲ့ စကားသံကြောင့် အယ်လန် နိုးသွားတယ်။ အင်း ... သူလည်း အဲသလိုပဲ ထင်ပါတယ်တဲ့။ ဒါပေမဲ့ ခင်ဗျားက ဘယ်သူလဲ၊ ဘယ်က လာတာလဲ၊

နည်းနည်းတော့ ပြောပြမယ်လို့ ထင်မိပါတယ်။

ပြောပြပါတယ်။ သူ့နာမည်က အေရွှန်ဆန်။ သူ့အလုပ်က ရဲစုံထောက်။

သူလာတာက မစ္စတာကားလ်ဆန်ကို ရှာဖွေဖို့။ ခု တွေ့တော့ လူသတ်မှု

သံသယတရားခံအနေနဲ့ ဖမ်းဖို့ မစ္စတာကားလ်ဆန်ရဲ့ မိတ်ဆွေများဖြစ်တဲ့

မစ္စတာဂျွန်ဆန်၊ မစ္စတာယွန်းဘတ်နဲ့ မစ္စဗျော့ယွန်းတို့ကိုလည်း ဖမ်းမယ်။ ဒါနဲ့

သူတို့ ဘယ်မတုံး ...။

အယ်လန်က အေးဆေးပဲ။ ဖြည်းဖြည်းပေါ့တဲ့။ ခုမှ နိုးလာတာဆိုတော့

စဉ်းစားဖို့ အချိန်ပေးဦးတဲ့။ အဘိုးကြီးတွေဟာ ဒီလိုပဲတဲ့။ စုံထောက်ကြီး

နားလည်မယ် ထင်ပါတယ်တဲ့။ မိတ်ဆွေတွေနဲ့ ပတ်သက်နေတော့ သေချာ

စဉ်းစားဖို့ လိုတာပေါ့တဲ့။ စုံထောက်ကြီး သဘောတူမယ် ထင်တယ်တဲ့။

ဖြည်းဖြည်းပေါ့လို့ မရဘူး။ မြန်မြန်ပြောမှ ဖြစ်မယ်လို့ လောလိုက်ပေမဲ့

တကယ်တော့ အေရွှန်ဆန်ကလည်း အေးဆေးပါပဲ။ အယ်လန်က အေရွှန်ဆန်ကို

လှုပ်ကုလားထိုင်မှာ ထိုင်ခိုင်းပြီး မီးဖိုခန်းထဲသွား ကော်ဖီဖျော်ဖို့ ပြင်နေ တယ်။

'ကော်ဖီထဲ သကြားထည့်ရမလား၊ နို့ထည့်ရမလား စုံထောက်ကြီး ခင်ဗျာ'

ခုပဲ လောလောလတ်လတ် အဖမ်းခံထားရတဲ့ အယ်လန် မီးဖိုခန်းထဲ

အလုပ်ရှုပ်နေတုန်း အေရွှန်ဆန်က လှုပ်ကုလားထိုင်မှာ ဇိမ်နဲ့ထိုင်ရင်း သူ့ကို

စောင့်ကြည့်နေတယ်။ ဒီယာခင်းအိမ်ကို ရောက်ရောက်ချင်း ဝရန်တာမှာ ထိုင်နေတဲ့

အဘိုးကြီးကို မြင်တော့ ပထမ ဘော်ဆီယွန်းဘတ်ရဲ့ အဖေလို့ ထင်မိတယ်။

သူ့သားဆီ ခေါ်သွားလိမ့်မယ်။ သူ့သားက စုံထောက်ကြီး အလို

ရှိနေတဲ့ လူတွေ ဒီကို မလာပါဘူးလို့ ပြောလိမ့်မယ်။ ဗက်စတာဂေါ့လန်းကို လာရတဲ့

သည်ခရီး ထုံးစံအတိုင်း အဟောသိကံ ဖြစ်လိမ့်ဦးမယ်လို့ ထင်ခဲ့တာ။

ဒါပေမဲ့ အနားကပ်ကြည့်လိုက်တော့ အဘိုးကြီးဟာ အယ်လန် ကားလ်ဆန်
ဖြစ်နေတာကိုး။ အေရွန်ဆန်ဟာ ဝါရင့် ကျွမ်းကျင်သူ ပီသတယ်။ တရားခံ
မီးဖိုခန်းထဲဝင်ပြီး ကော်ဖီဖျော်နေတာကို ဝရန်တာက ထိုင်ကြည့် နေခြင်းကို ဝါရင့်
ကျွမ်းကျင်တယ်လို့ သတ်မှတ်ရင်ပေါ့။ ဒါပေမဲ့ ခု ထိုင်နေ ရင်း သူ့ကိုယ်သူ
အပျော်တမ်းသမားတစ်ယောက်လို ခံစားနေရတယ်။ အသက် တစ်ရာ အဘိုးကြီး
အယ်လန်ကားလ်ဆန်ဟာ အန္တရာယ်ရှိမယ့်ပုံ တစ်စိမှ မပေါက်ဘူး။ ဒါပေမဲ့
ဟိုသုံးယောက် ပြန်ရောက်လာရင် ဘယ့်နှယ်လုပ်မလဲ။ ဘော်ဆီဆိုတဲ့ လူကိုရော
တရားခံအားပေးအဖြစ် ဖမ်းရမှာလား၊ မဖမ်းရဘူး လား။
အယ်လန်က မီးဖိုထဲကနေ လှမ်းပြောတယ်။
'နို့ပဲ ထည့်မယ်နော်၊ သကြားမထည့်ဘူး ဟုတ်လား၊ ခွင့်လွှတ်ပါဗျာ၊ ကျွန်တော့်
အသက်အရွယ်ဆို ခင်ဗျားလည်း မေ့တတ်လာမှာမို့ပါ'
အေရွန်ဆန်က ဟုတ်ကြောင်း၊ မှန်ကြောင်း ပြောရင်း ဖောခ်ကိုပင်း
ရဲတွေကိုခေါ်ဖို့ ဖုန်းဆက်မယ်လို့ အကြံရတယ်။ ရဲကားနှစ်စီးလောက် ခေါ် ထားမှပဲ။
ဒါပေမဲ့ သူ မခေါ်ရသေးခင် သူ့ဖုန်းက မြည်လာတယ်။ ဆွဲချကြီး
ရာနီလစ်ဆက်တာ။ သတင်းကတော့ ထူးသဗျို့ဆိုပဲ။

(၂၂)

၂၀၀၅၊ မေ ၂၅၊ ဗုဒ္ဓဟူးမှ ၂၀၀၅၊ မေ ၂၆၊ ကြာသပတေး။
မင်းတုံးရဲ့အလောင်းကို ပင်လယ်နီထဲ ပစ်ချ၊ ငါးစာကျွေးခဲ့ပြီးနောက်
သုံးရက်ကြာတော့ အီဂျစ်သင်္ဘောသားလေးဟာ ဂျဘူတီကို ဆိုက်ရောက်လာခဲ့
တော့တယ်။ မင်းတုံးဆီက နှိုက်ထားတဲ့ ပိုက်ဆံအိတ်ထဲမှာ ဆွီဒင် ကရောင်း ရှစ်ရာ

ပါတယ်။ ဒါ ဘယ်လောက်တန်မှန်း သူ မသိပါဘူး။ ဒါပေမဲ့ တန်ကြေး
ရှိတယ်လို့တော့ သိတယ်။ ဒါကြောင့် ငွေလဲဖို့ သူ ကြံတယ်။
ဂျာဘူတီ သမ္မတနိုင်ငံရဲ့ မြို့တော် ဂျာဘူတီဆိုတာ နုနယ်ပျိုမျစ်ပြီး
ပျားပန်းခပ်တမျှ လှုပ်ရှားနေတဲ့ မြို့ပဲ။ ဘဇာကြောင့် ပျားပန်းခပ်ရသလဲ ဆိုတော့
အာဖရိကတိုက်ရဲ့ချိုဖျား ပင်လယ်နီနဲ့ အိန္ဒိယသမုဒ္ဒရာ ဆုံစည်းရာ ဒေသ ဖြစ်လို့ပဲ။
ဘောက်မဲ့ကြောင့် နုနယ်ပျိုမျစ်ရသလဲ ဆိုရင်တော့ ဂျာဘူတီမှာ နေကြတဲ့ လူတွေဟာ
အသက်မရှည်ကြလို့ဘဲ။ အသက်ငါးဆယ်ပြည့် မွေးနေ့မင်္ဂလာ ကျင်းပနိုင်တယ်ဆိုတဲ့
ဂျာဘူတီသူ ဂျာဘူတီသားဆိုတာ ခပ်ရှားရှား။
အီဂျစ်သင်္ဘောသားလေးဟာ အကြော်အလှော်တစ်ခုခု စားချင်လို့
မြို့တော်ရဲ့ငါးဈေးကို ရောက်လာတယ်။ စားသောက်ပြီးမှ ငွေလဲမယ်ပေါ့လေ။
သူ့နားမှာ ချွေးတွေသံတွေ မတရားလိုမ့်ထွက်နေတဲ့ ဒေသခံတစ်ယောက် ထိုင်
နေတယ်။ အဲဒီလူဟာ နည်းနည်းမှ ဂနာမငြိမ်ဘူး။ အဖျားတက်နေသလိုလို၊
မျက်လုံးတွေကလည်း ယယ်ကလယ် လိုက်လို့။ ချွေးတွေ ရေချိုးသလို ထွက်
နေတာကိုတော့ မအံ့သြပါဘူး။ အပူချိန်ကလည်း အရိပ်ထဲမှာတောင် ၃၅ ဒီဂရီ
စင်တီဂရိတ်လောက် ရှိနေတဲ့အပြင် အဲဒီလူဟာ အကျီနှစ်ထပ်၊ ဘောင်း ဘီ နှစ်ထပ်
ဝတ်ပြီး အပေါ်က ဝတ်ရုံကြီး ခြုံထားသကိုး။
မောင်ချွေးထွက်ဟာ အသက်နှစ်ဆယ်ကျော် လူငယ်လေးပဲ။ ဒါပေမဲ့
အသက်ဆက်ကြီးဖို့ ရည်ရွယ်ချက် တစ်စက်မှ မရှိတော့ဘူး။ သူ့အသွေး၊ သူ့အသား၊
သူ့အသက်ကို တော်လှန်ရေးဝိညာဉ် ပူးကပ်သွားခဲ့ပြီ။ ဂျာဘူတီ နေတဲ့
လူတစ်ဝက်လောက်က အလုပ်လက်မဲ့ဖြစ်လို့။ လူငါးယောက်မှာ တစ်ယောက်က
အေအိုင်ဒီအက်စ်ဖြစ်နေလို့။ သောက်စရာရေ ရှားလွန်းလို့ လူမနေနိုင်တဲ့

ကန္တာရလွင်ပြင်ကြီးက တဖြည်းဖြည်း ကျယ်ပြန့်လာလို့ ဒါတွေကြောင့် တော်လှန်တာ မဟုတ်ဘူး။ အမေရိကန်က ဒီမှာလာပြီး စစ်စခန်းဖွင့်ထားလို့ ဒေါသအိုးပေါက်ကွဲပြီး တော်လှန်တာ။

အို … အမေရိကန်ချည်း ဘယ်ဟုတ်ပါ့မလဲ။ ပြင်သစ် လီဂျင်းတပ် ဆိုတာကလည်း ရှိနေသေးတာကိုး။ အဲဒီတပ်ဟာ ပြင်သစ်နဲ့ ဂျာဘူတီကြားက နှောင်ကြိုးပဲ။ အရင်က ပြင်သစ် ဆိုမာလီလန်းလို့ ခေါ်ခဲ့ပြီး စိတ်တိုင်းကျ အုပ်ချုပ် မင်းလုပ်သွားတဲ့ ပြင်သစ်တွေ။ ၁၉၇၀ လောက်မှာ ထွက်သွားပြီး ကတည်းက လီဂျင်းတပ်ဆိုတာ ကျန်ရစ်ခဲ့တာပဲ။

ခုတော့ အဲဒီ လီဂျင်းတပ်အပြင် အမေရိကန်တပ်ပါ ရောက်လာပြီ။ ပင်လယ်ကွေ့နဲ့ အာဖဂန်နစ္စတန်ကို ဒီကနေ စောင့်ကြည့်မယ်။ ဒါ မဟာ ဗျူဟာမြောက် နေရာပဲ။ ဟုတ်ပြီ။ ဂျာဘူတီသားတွေ ဂရုစိုက်မယ် မထင်ပါဘူး။ စိုက်တယ်ဟေ့။ ဂရုစိုက်တယ်။ အနည်းဆုံး တစ်ယောက်တော့ ဂရုစိုက်တယ်။ ကိုယ့်မြေကိုယ်ရေ၊ ကိုယ့်ဘာသာတရားကို လှေခွက်ချည်းကျန် အလံမလှဲစတမ်း ကာကွယ်သွားမယ်။ သေချင်သေ ကြေချင်ကြေ။ အမေရိကန် စစ်သားတွေကို ရှာမယ်။ စစ်သားအုပ်ထဲ ဝင်တိုးမယ်။ ပြီးရင် စနက်တံဖြုတ်လိုက် မယ်။ သူသေ ကိုယ်သေ။

သို့သော်လည်း ကြောက်ကလည်း ကြောက်၊ ပူကလည်း ပူ၊ ချွေးတွေ ကလည်း ဒလဟောထွက်။ ဘာမှ ထပ်မစဉ်းစားနိုင်တော့တဲ့အတွက် လုပ်မိ လုပ်ရာ စနက်တံကိုသာ ဖြုတ်လိုက်ရရှာ။

သူ့စနက်ကြောင့် သူနဲ့တကွ သူ့နားကလူတွေ တစ်စစီ လွင့်ပျံပြီး ကြွက်စာ ဖြစ်ကုန်ကြတယ်။ ငါးယောက်သေ၊ ဆယ်ယောက် ဒဏ်ရာ အပြင်းအထန်ရ၊

အမေရိကန်စစ်သားတော့ တစ်ယောက်မှ မပါ။ နို့ပေသိ အသေခံ ဖောက်ခွဲရေးသမားနား ကပ်လျက်ရှိနေသူဟာ ဥရောပတိုက်သားဖြစ်မယ်။ သူ့ပိုက်ဆံအိတ်ကို အကောင်းအတိုင်း ပြန်တွေ့ရတယ်။ အထဲမှာ ဆီွဒင် ကရောင်း ရှစ်ရာရယ်၊ နိုင်ငံကူးလက်မှတ်ရယ်၊ ကားမောင်းလိုင်စင်ရယ် ရှိနေတယ်။ နောက်တစ်နေ့မှာတော့ ဂျာဗူတီမြို့တော်ဝန်ဟာ ဆွီဒင် ကောင်စစ်ဝန် ဆီ ဖုန်းဆက်တယ်။ မြို့ထဲက ငါးဈေးမှာဖြစ်တဲ့ ဗုံးပေါက်ကွဲမှုမှာ ဆွီဒင် နိုင်ငံသား အီးရစ် ဗျန့်ဘိုင်ယွန်းဆိုသူ အသက်ဆုံးရှုံးသွားပုံရကြောင်း၊ ဘိုင်ယွန်းရဲ့ အလောင်းကတော့ တစ်စစီဖြစ်သွားလို့ ပြန်ပေးလို့ မဖြစ်နိုင်တဲ့ အခြေအနေမှာရှိကြောင်း၊ သူ့ပိုက်ဆံအိတ်၊ နိုင်ငံကူးလက်မှတ်နဲ့ ကားမောင်း လိုင်စင်ကို ပို့လိုက်မှာဖြစ်ကြောင်း (ငွေတွေ မပါတော့ဘူး) လူကြီးမင်းရဲ့ နိုင်ငံသားကို အကာအကွယ်မပေးနိုင်လို့ များစွာ စိတ်မကောင်းဖြစ်ရပါ ကြောင်းနဲ့ လူကြီးမင်း ခွင့်ပြုမယ်ဆိုရင် တစ်ခုတော့ တင်ပြလိုကြောင်း ပြောတယ်။

ဘိုင်ယွန်းဟာ ဂျာဗူတီကို ဗီဇာမပါဘဲ ရောက်လာတာဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံသားတွေ အဲသလို ဗီဇာမပါဘဲ ရောက်ရောက်လာတာကို သမ္မတကြီး ဂွီးလက်ကို သူ အကြိမ်ပေါင်းများစွာ တင်ပြခဲ့ကြောင်း၊ လီဂျင်း တပ်စခန်းမှာတော့ သူတို့သဘောရှိ နေနိုင်ကြောင်း ဒါပေမဲ့ မြို့တော်ထဲ (ကျုပ်မြို့တဲ့ သူ့အပြောကတော့) ဝင်လာမယ်ဆို ဗီဇာနဲ့တကွ တရားဝင် အထောက်အထား စာရွက်စာတမ်း ရှိရမှာဖြစ်ကြောင်း၊ ဘိုင်ယွန်းဟာ လီဂျင်းတပ်သားဆိုတာ သေချာကြောင်း၊ ဒါမျိုး ကြုံဖူးပေါင်းများလို့ ရိုး ... ဟိုး ... ဟိုး ... နေပြီ ဖြစ်ကြောင်း၊ အမေရိကန်တွေက ဥပဒေဘောင်တွင်း နေထိုင်ကြကြောင်း၊ ပြင်သစ်ကတော့ ကိုလိုနီနယ်ချဲ့စိတ် မပျောက်သေးကြောင်း ပြောတယ်။

ကောင်စစ်ဝန်က မြို့ဝန်ကို ကျေးဇူးတင်စကား ပြောတယ်။ ဗီဇာကိစ္စ ကို ပြင်သစ် ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးဦးမယ့်အကြောင်း ဖြီးလိုက်တယ်။ လတ်ဗီးယားနိုင်ငံ မြို့တော်ရီဂါ တောင်ပိုင်း ဆင်ခြေဖုံးက ကားသံရည် ကျိုစက် ကြီးကြပ်ရေးမှူး အားနစ် အစ်စတန်အဖို့တော့ အလွန်ကြောက်မက်ဖွယ် အတွေ့အကြုံဆိုးတစ်ခု ရလိုက်တယ်။ ကားတန်းထဲက နောက်ဆုံးကားကို ကြိတ်ဖိပြီး ပြားချလိုက်တဲ့အခါ ကားပြားကြီးထဲကနေ လက်ဖျံတစ်ချောင်း ထွက်လာတယ်။

အားနစ်လည်း ကြောက်အားလန့်အားနဲ့ ရဲကို ဖုန်းဆက်ပြီး နေ့ခင်း ကြောင်တောင် အလုပ်ချိန်ကြီးမှာ ကယောင်ကတမ်းနဲ့ အိမ်ပြန်လာခဲ့တယ်။ အဲဒီလက်ကြီးဟာ သူ့ကို ကာလရှည်ကြာ ခြောက်လှန့်နေတော့မှာ။ ဘုရားမှာ သူ ဆုတောင်းတယ်။ ကြိတ်စက်နဲ့ ကားကို မကြိတ်ခင်ကတည်းက အဲဒီလူ သေပြီးသား ဖြစ်နေပါစေ။

ရီဂါ ရဲဌာနက ရဲမှူးကြီးဟာ ဆွီဒင်သံအမတ်ကြီးဆီ ဖုန်းဆက်တယ်။ ဆွီဒင်နိုင်ငံသား ဟန်းနစ်မစ်ခေးဟူလ်တန် ဆိုသူဟာ ရီဂါတောင်ပိုင်းက ကား သံရည်ကျိုစက်ရုမှာ ဖို့ဒ်မတ်စတန်းကားတစ်စီးထဲ သေဆုံးနေကြောင်း၊ သူ့ ပိုက်ဆံအိတ်ကို ရထားကြောင်း၊ လူကတော့ အပြားလိုက်ကြီး ဖြစ်နေကြောင်း။ မေလ ၂၆ ရက်နေ့၊ မနက် ဆယ့်တစ်နာရီ ဆယ့်ငါးမှာ စတော့ဟုမ်းက ဆွီဒင် နိုင်ငံခြားရေးဝန်ကြီးဌာနကို ဂျာဘူတီမှာရှိတဲ့ ဆွီဒင် ကောင်စစ်ဝန်ရုံး ကနေ သေဆုံးသွားတဲ့ ဆွီဒင်နိုင်ငံသားတစ်ယောက်ရဲ့ ကိုယ်ရေး အချက်အလက်တွေကို ဖက်စ်နဲ့ ပို့လာတယ်။ ရှစ်မိနစ်အကြာမှာ ဒုတိယ ဖက်စ်တစ်စောင် ထပ်ရောက်လာတယ်။ အကြောင်းအရာက အတူတူပဲ။ ဒါပေမဲ့ လတ်ဗီယား

ဆွီဒင်သံရုံးက ပို့လိုက်တာ။

နိုင်ငံခြားရေးရုံးက တာဝန်ကျအရာရှိဟာ သေသူနှစ်ယောက်ရဲ့ နာမည် နဲ့ ဓာတ်ပုံတွေကို ကြည့်ပြီး ချက်ချင်းမှတ်မိတယ်။ နေ့တိုင်း သူ အတင်းအဖျင်း သတင်းစာတွေ ဝယ်ဖတ်တာကိုး။ သူ တော်တော်လေး အံ့သြနေတယ်။ ဒီလူတွေဟာ ဆွီဒင်အပြင်ဘက်မှာ သေကြတာပဲ။ သတင်းစာတွေက ဒါကို ဘာလို့မသိတာလဲ။ ကဲလေ … အဲဒါက ရဲတွေနဲ့ ဆွဲချတွေ ရှင်းရမယ့်ကိစ္စပဲ။ ဒါနဲ့ ဖက်စ်နှစ်စောင်ကို စကန်ဖတ်ပြီး သက်ဆိုင်သူတွေဆီ အီးမေးလ်ပို့ဖို့ ပြင်ဆင်တယ်။

အဲ … ခုတော့ ဆွဲချကြီး ရာနီလစ်ရဲ့ ဘဝဟာ တစ်စစီ ကြွေကျသလို ဖြစ်သွားခဲ့ပြီ။ သုံးလောင်းပြိုင် လူသတ်သမား ရာပြည့်အဘိုးကြီးဟာ သူ့ ရှေ့နေသက်တမ်းတစ်လျှောက် မဟာအောင်ပွဲကြီး ဖြစ်ရမယ်လို့ အပိုင်တွက် ထားတာ။ ခုတော့ ဆိုဒါမန်းလန်းမှာ သေပြီလို့ ထင်ထားခဲ့တဲ့ သားကောင် နံပါတ်တစ်က သုံးပတ်ကြာပြီးမှ ဂျဘူတီမှာ ဗုံးပေါက်လို့သေသတဲ့။ စမာလန်မှာ သေတယ်လို့ အပိုင်တွက်ထားတဲ့ နံပါတ်နှစ်က ရီဂါမှာ ကားကြိတ်စက်ထဲ ထည့်ကြိတ်ခံရလို့ သေသတဲ့လေ။

ဆယ်ခါလောက် အသက်ပြင်းပြင်းရှူရင်း အေရွှန်ဆန့်ဆီ ဖုန်းဆက်မှပဲလို့ ဆုံးဖြတ်လိုက်တယ်။ အေရွှန်ဆန့်အနေနဲ့ သားကောင် နံပါတ်သုံးကို မဖြစ်မနေ ရှာမှ ဖြစ်တော့မယ်။ ဒါမှ ဒီအင်န်အေ တိုက်စစ်ပြီး အဘိုးကြီးကို ဖမ်းလို့ရတော့မယ်။ မဟုတ်ရင်တော့ ငါ စောက်ရူးလုံးလုံးဖြစ်ပြီ။

အေရွှန်ဆန်ဟာ ရာနီလစ်အသံကို ကြားကြားချင်း ခု အယ်လန် ကားလ်ဆန်ကို မိပြီလို့ အစီရင်ခံလိုက်တယ်။ တခြားလူတွေတော့ မတွေ့သေးကြောင်း၊ ခုပဲ လူအင်အား အကူအညီခေါ်ဖို့ ဖုန်းဆက်မလို့ လုပ်နေကြောင်း ပြောတော့ ရာနီလစ်က

ဖြစ်ကြောင်းကုန်စင်ကို ကမန်းကတန်း ပြောပြလိုက်တယ်။ သက်သေကွင်းဆက်တွေ အကုန်ပျက်စီးသွားပြီ။

'ဂျာဘူတီ ဟုတ်လား ... ဂျာဘူတီဆိုတာ ဘာတုံး၊ ဘယ်နားမှာတုံး'

'ကျုပ်လည်း မသိဘူးလေ၊ ဘာပဲပြောပြော ကျုပ်တို့ထင်သလို မဟုတ်တဲ့အတွက် သားကောင် နံပါတ်သုံးကို ရှာတွေ့မှ ဖြစ်တော့မယ်'

အဲဒီအချိန်မှာ နိုးလာတဲ့ ပိုက်ဂါဒင်ဟာ ဝရန်တာကိုထွက် အညောင်းဆန့်လိုက်တယ်။ သူ့ကို မျက်လုံးကြီး ပြူးကြည့်နေတဲ့ အေရွန်ဆန်ကို ခေါင်းညိတ်နှုတ်ဆက်လိုက်တယ်။ အေရွန်ဆန်က ဖုန်းထဲကနေ ရာနီလစ်ကို ပြောလိုက်တယ်။

'ကျွန်တော့်အထင်တော့ သားကောင် နံပါတ်သုံးဟာ ခုလေးတင်ပဲ ကျွန်တော့်ကို တွေ့သွားပြီ ထင်တာပဲ'

(၂၃)

၁၉၆၈

ပါရီက အင်ဒိုနီးရှားသံရုံးမှာ အယ်လန့်တာဝန်က အထွေထွေ ကြီးကြပ်ရေးတဲ့။ သံအမတ်ကြီး မစ္စအမန်ဒါအိုင်စတိုင်းက သူ့ကို ရုံးခန်းတစ်ခန်း ပေးတယ်။ ကြိုက်တာ လုပ်တဲ့။ တခြားနိုင်ငံက သံတမန်တွေနဲ့ တွေ့ဆုံတုန်း အခြေအနေဆိုးလာရင်တော့ စကားပြန်လေးပါ လုပ်ပေးရင် ကောင်းတာပေါ့တဲ့။ အင်း ... ကောင်းကြရော။ သံရုံးအလုပ်တွေကတော့ ပြီးပါလိမ့်ဦးမယ် လို့ အယ်လန် တွေးနေမိတယ်။ အမန်ဒါက သမ္မတနန်းတော်ကို သံအမတ်ကြီး ခန့်အပ်လွှာနဲ့ မိတ်ဆက်ပွဲ သွားရမယ်။ ပွဲက နှစ်မိနစ်တောင် ကြာမှာ မဟုတ်ဘူး။ ဒါပေမဲ့ အင်မတန်တုံးတဲ့ လူတစ်ယောက်အတွက် တစ်သင်္ချေလောက် ကြာတယ်လို့

ထင်ရမှာတဲ့ အမန်ဒါက ပြောတယ်။

ဒါကြောင့် အယ်လန်က အကြံပေးတယ်။ အဲဒီပွဲမှာ ပြောချင်ရာသာ ပြောပါတဲ့။ မျက်နှာကို ပြုံးပြုံးလေးထား။ ချိုနေရွှင်နေအောင် နေ။ အင်ဒို နီးရှားလိုချည်းပြော။ တတ်နိုင်ရင် ဘာလီစကားပဲပြော။ အဲသလို ပြောနေသမျှ သမ္မတ ချားလ်စ်ဒီဂေါနဲ့ အဆင်ပြေမှာပဲတဲ့။

အဲသလို အကြံကြီး ဉာဏ်ကြီးတွေ ပေးပြီးသကာလ အယ်လန်ဟာ ပြင်သစ်မြို့တော်ကြီးထဲ လမ်းလျှောက်ထွက်လာခဲ့တယ်။ ကမ်းခြေက ပက်လက်ကုလားထိုင်လေးပေါ် ဆယ့်ငါးနှစ်လောက် ခွေခေါက်နေခဲ့ရာက ခု ခြေဆန့်လက်ဆန့်လုပ်ရမယ့် အချိန်ပဲ။ သံရုံးက မှန်ကြီးထဲ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိမှ ၁၉၆၃ မီးတောင်ပေါက်ကတည်းက ဆံပင်လည်းမညှပ်၊ မုတ်ဆိတ်လည်း မရိတ်ဖြစ်တာ သတိရတော့တယ်။

ဒါပေမဲ့လည်း ခုချိန်ကာလ သမယမှာ ဆံပင်ညှပ်ဆိုင် ရှာတွေ့ဖို့ဆိုတာ အင်မတန် ခက်တာကလား။ အကုန်ပိတ်၊ အားလုံးပိတ်။ ရှိသမျှ လူကုန် ဆန္ဒပြနေကြသလေ။ အော်ကြ၊ ဟစ်ကြ၊ တွန်းကြ၊ ထိုးကြ၊ ပစ်ကြ၊ ပေါက်ကြ၊ ဆော်ကြ၊ ကြိတ်ကြသလေ။ အဓိကရုဏ်းနှိမ်နင်းရေး အတားအဆီးတွေကလည်း နေရာအနှံ့။ ဘာလီနဲ့ ဘာမှ မကွာလှပါဘူး။ နည်းနည်းပိုအေးတာပဲ ရှိတာ။ ဒီလိုနဲ့ သံရုံးကို သူ လှည့်ပြန်လာလိုက်တယ်။

သံရုံးရောက်တော့ ဒေါမနဿများပြီး ပျာယာခတ်နေတဲ့ သံအမတ်ကြီးနဲ့ တွေ့ပါလေရော။ အကျိုးနည်းပြီ၊ ဘယ်လိုလုပ်ကြမလဲ။ သမ္မတနန်းတော်က အကြောင်းကြားလာတယ်။ ပုံမှန်တွေ့ဆုံပွဲအစား နေ့လယ်စာ တည်ခင်း ဧည့်ခံပွဲအဖြစ် ပြောင်းလိုက်ကြသတဲ့တော်။ သံအမတ်ကြီးရဲ့ ခင်ပွန်းရော၊

စကားပြန်ရော ခေါ်ခဲ့ပါတဲ့တော့။ သမ္မတ ချားစ်ဒီဂေါလ်က သူ့ ပြည်ထဲရေး ဝန်ကြီး ဖော်ရှေးနဲ့အတူ တက်မတဲ့။ ဒါတင် မကသေးဘူး။ ဟို ... ဟို ... အမေရိကန်သမ္မတကြီး လင်ဒန်ဂျွန်ဆင်လည်း ပါမတဲ့တော့။ အမန်ဒါဟာ ဆောက်တည်ရာမရ ဖြစ်နေရှာတယ်။ ပြင်သစ်သမ္မတနဲ့ နှစ်မိနစ်တွေ့ရဖို့ ကိစ္စတောင် မနည်းအားတင်းထားရတာ။ ခု သုံးနာရီကြာမယ့် နေ့လယ်စာစားပွဲမှာ တခြားသမ္မတ တစ်ယောက်ကလည်း ပါဦးမယ်ဆိုတော့ ... 'အယ်လန်ရေ ... ဘာတွေဖြစ်ကုန်တာလဲ၊ ကျွန်မတို့ ဘာဆက်လုပ်ရမလဲ' သူ အယ်လန့်ကို တတွတ်တွတ်မေးနေတယ်။

သို့သော်လည်း ... အနို့သော်လည်းပေါ့လေ။ လက်ဆွဲနှုတ်ဆက်ရုံနဲ့ ပွဲပြီးတဲ့ အခမ်းအနားကနေ သမ္မတနှစ်ယောက်နဲ့ နေ့လယ်စာစားပွဲအသွင် ပြောင်းသွားပေမဲ့ အယ်လန့်အတွက်တော့ ဘာမှ သိပ်မထူးလှပါဘူး။ ထူးလှချည့်၊ ဆန်းလှချည့်ဆိုတာ သူ့ဘဝမှ ရှိမှ မရှိခဲ့ဘဲ။

'ဘာလုပ်သင့်လဲဆိုတော့ ဟားဘတ်ထ်ကိုရှာပြီး တစ်ခုခု သောက်သင့်တာပေါ့၊ ခုပဲ မွန်းလွဲနေပြီဟာကို'

တကယ်တော့လည်း သံအမတ်ခန့်အပ်ပွဲဆိုတာ အရေးမပါတဲ့ တိုင်းပြည်လေးတွေက သံအမတ်တွေနဲ့တွေ့ဖို့ သမ္မတ ချားလ်ဒီဂေါအတွက် စက္ကန့် ခြောက်ဆယ်ထက် ပိုကြာတဲ့ကိစ္စ မဟုတ်ပါဘူး။ သံအမတ်က သိပ်ကို လျှာရှည်နေရင်တော့ ဒီထက် နှစ်ဆလောက် အချိန်ကြာချင် ကြာမပေါ့လေ။ နို့ပေသိ အင်ဒိုနီးရှားသံအမတ်ကြီး ကိစ္စကတော့ တစ်မျိုး တစ်ဘာသာ ဖြစ်တယ်။ အယ်လန် ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့တဲ့ နိုင်ငံရေးအရ ဒီ တွေ့ဆုံပွဲဟာ ဗျူဟာမြောက်လောက်အောင် အရေးပါနေတာကိုး။ အဲဒီအချိန် မှာ

အမေရိကန်သမ္မတ လင်ဒန်ဂျွန်ဆင်ကလည်း ပြင်သစ်ရောက်နေခဲ့တယ်။ ဧရာမ ဟာရီကိန်းမုန်တိုင်းကြီးလို တစ်ကမ္ဘာလုံးအနှံ့ ဗီယက်နမ် စစ်ဆန့်ကျင် ရေး ဆန္ဒပြပွဲတွေ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေလေတော့ စစ်နဲ့အပတ်သက်ဆုံး ပုဂ္ဂိုလ်ဖြစ်တဲ့ လင်ဒန်ဂျွန်ဆင်ဟာ ဘယ်နေရာရောက်ရောက် မျက်နှာငယ်နေ ရတဲ့ ကာလပေါ့။ နိုဝင်ဘာ ရွေးကောက်ပွဲမှာ ဝင်ပြိုင်ဖို့ကိစ္စ သူ မစဉ်းစားနိုင်တာ ကြာပြီ။ လူသတ်သမား၊ သားသတ်သမားဆိုတဲ့ အော်သံတွေ လွှမ်းနေတဲ့ကာလမှာ အဲဒီအသံတွေ တိတ်ဖို့ကိစ္စက အဓိက။ အရင်ဆုံး ဟန္ဒိုင်ကို ဗုံးမိုးရွာနေတာ တွေရပ်၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတစ်ခုကို ကမကထပြု။ ဒီဆွေးနွေးပွဲမှာ ပြင်သစ်သမ္မတ ပါနိုင်ရင် ကောင်းတာပလေ။

ဂျွန်ဆင့်အဖို့တော့ ဒီဂေါလ်ဟာ စောက်ပေါတစ်ယောက်ပဲ။ အမေ ရိကန်နဲ့လည်း သိပ်အစေးကပ်လှတာ မဟုတ်ဘူး။ ပြင်သစ်ကို ဂျာမန်တွေ လက်ထဲက ဘယ်သူ ကယ်ပေးခဲ့တယ်ဆိုတာ ခု သူမေ့သွားခဲ့ပြီ။ ဒါပေမဲ့ ဘယ်လိုပဲ အစေးမကပ်မကပ်၊ ပြင်သစ်နဲ့ အမေရိကန် သမ္မတနှစ်ယောက် မြို့တော်တစ်ခုတည်းမှာ အတူရှိနေပြီး နေ့လယ်စာမှ အတူမစားရင် နိုင်ငံရေး ဂိုဏ်းသင့်မယ်လေ။ ကဲလေ … စားမလေ …။ စိတ်ကတော့ မပါလှဘူးကွာ။အဲ … စောက်ပြင်သစ်ကောင်တွေ စတန့်ထွင်လာပြန်ပြီ။ အင်ဒိုနီးရှား သံအမတ်ကြီးဆိုတဲ့ မိန်းမကို သူတို့နဲ့အတူ နေ့လယ်စာစားဖို့ ဖိတ်သတဲ့လေ။ အေး … ကောင်းတာပေါ့။ ဒီဂေါလ်အစား အဲဒီမိန်းမနဲ့ စကားပြောတာပေါ့။

သမ္မတ ဒီဂေါလ်ကလည်း ဂျွန်ဆင်ဆိုတဲ့ ငနဲကို နည်းနည်းမှ ကြည့်မရပါဘူး။ သို့သော်လည်း ပုဂ္ဂိုလ်ရေးအရ ကြည့်မရတာတော့မဟုတ်။ သမိုင်း အမွေတွေပေါ့လေ။ စစ်ပြီးကတည်းက အမေရိကန်ကောင်တွေဟာ ပြင်သစ်ကို

သူငယ်နှပ်စား သဘောထားပြီး အမေရိကန်စစ်တပ် သဘောတူမှ အရာရာ လုပ်ခွင့်ရမယ့် စောက်ပေါက်မျိုး ချိုးနေခဲ့ကြတယ်။ ဒီသမ္မတဆိုတဲ့အကောင်ကို စကားပြောမယ့်အစား အင်ဒိုနီးရှား သံအမတ်ကြီးကို အရေးတယူ စကား ပြောပြလိုက်မယ်။ ဟင်း … နာမည်ကိုက ဂွန်ဆင်တဲ့။ စတိုင်လ်ပွဲချက်ကတော့ ပက်စက်သလေလို့ စတိုင်ထွားလှတဲ့ နာမည်ပိုင်ရှင် ပြင်သစ်သမ္မတ ချားလ်စ် အွန်ဒရေ ဂျိုးဇက်မာရီ ဒီဂေါလ်က တွေးနေခဲ့တယ်။

ကျားကုတ်ကျားခဲ အပြင်းအထန် ကျားစီးဖားစီး ဆွေးနွေးပြီးတဲ့နောက်မှာတော့ သမ္မတနန်းတော်ကို အမန်ဒါနဲ့ အယ်လန်ပဲသွားပြီး ဟားဘတ်ထ် နေရစ်ခဲ့ဖို့ သဘောတူကြတယ်။ အဲသလို စီမံခြင်းအားဖြင့် လုံးလုံးကြီး လွဲ၊ အပြင်းအထန်လွဲ၊ မဟားတယားလွဲ၊ သေလောက်အောင် လွဲမယ့် ဖြစ်တန် စွမ်းကို တစ်ဝက်တိတိ လျှော့ချနိုင်မယ်မဟုတ်လား။

ခုဆို ဧည့်သည်တွေ စုံစုံညီညီရောက်လို့ အိမ်ရှင်ကို မျှော်နေကြပြီ။ အိမ်ရှင်ကလည်း သူ့ရုံးခန်းထဲထိုင်ပြီး စောင့်ဆိုင်းရခြင်းကို စောင့်ဆိုင်း နေတယ်။ နည်းနည်းလေး ထပ်စောင့်လိုက်ဦးမယ်။ ဒါမှ ဂွန်ဆင်ဆိုတဲ့ကောင် စိတ်တွေဆိုးမှာ။ သူ အင်မတန်ချစ်တဲ့ ပါရီမှာ တစ်ခဲနက် ဆန္ဒပြနေတဲ့ အသံတွေကို ဒီဂေါလ် ကြားနေရတယ်။ ပဉ္စမ သမ္မတနိုင်ငံတော်ကြီးကတော့ ဘယ်ကစမှန်း မသိတဲ့ ငလျင်လှိုင်းမိသလို တသိမ့်သိမ့်ခါနေခဲ့ပြီ။ အင်း … ထုံးစံအတိုင်း ကျောင်းသားတွေက စတာပေါ့။ ဗီယက်နမ် စစ်ဆန့်ကျင်ရေးက နည်းနည်း၊ လွတ်လပ်စွာ နှာထလိုမှုက များများ တောင်းဆိုကြတယ်။ ဒါ ပြဿနာမဟုတ် ပါဘူး။ ကျောင်းသားဆိုတာ တစ်ခုမဟုတ်တစ်ခု အမြဲ တောင်းဆိုနေကျ အမျိုးကိုး။ ဒါပေမဲ့ ဆန္ဒပြတာက ကြီးသထက် ကြီး၊ ကျယ်သထက် ကျယ်လာ တယ်။

အကြမ်းဖက်တာတွေ ပါလာတယ်။ သမဂ္ဂပေါင်းစုံက ဖင်ဖြဲ အော်လာ ကြတယ်။ အလုပ်သမားသမဂ္ဂက အဆိုးဆုံး။ သမဂ္ဂဝင် အလုပ်သမား ဆယ်သန်းကို ဆန္ဒပြခိုင်းလိုက်မယ်။ ဘာမှတ်လဲလို့ ခြိမ်းခြောက်တယ်။ အမလေး ... ဆယ်သန်းတဲ့။ ဆယ်သန်းသာ ဆန္ဒပြလိုက်လို့ကတော့ တစ်ပြည်လုံး ငုတ်တုတ်ထိုင်နေဖို့ပဲ ရှိတယ်။

အလုပ်သမားတွေ လိုချင်တာကတော့ ထုံးစံအတိုင်း လုပ်ခလစာ တိုးမြှင့်ရေးပေါ့။ ဒီအချက်ကိုတော့ နည်းနည်းမှ မလိုက်လျောနိုင်ဘူး။ ပြည်ထဲ ရေး ဝန်ကြီးဌာနကလည်း ဆန္ဒပြပွဲတွေကို ခပ်စပ်စပ်လေး ကိုင်တွယ်သင့် တယ်လို့ အကြံပေးကြတယ်။

အထူးသဖြင့် အမေရိကန်သမ္မတ ဂျွန်ဆင်ရောက်နေတဲ့ ခုချိန်ကာလ သမယမှာပေါ့။ အမေရိကန်ဆိုတဲ့ အကောင်တွေဟာ ချုံပုတ်တွေ့တိုင်း ကွန်မြူနစ်တွေ အောင်းနေတယ်လို့ ထင်တတ်တဲ့ဟာမျိုးတွေ။ ဒီကိစ္စကို မမေး ဘဲ နေကိုမနေဘူး။ ဒါကြောင့် ဒီကိစ္စနဲ့ ပတ်သက်လို့ တာဝန်ရှိတဲ့ ပြည်ထဲရေးဝန်ကြီး ဖော်ရှေးနဲ့ အထက်တန်းအရာရှိကြီး တစ်ယောက်ကိုပါ စားပွဲကို ခေါ်ရမယ်။ ဟာကွာ ... စောက်လုပ်ကို ရှုပ်နေတာပဲ။ ဒီဂေါလ်ဟာ စိတ်ညစ် ညစ်နဲ့ ထိုင်ရာက ထလိုက်တယ်။ ကဲ ... ကဲ ... သွားမှပါပဲ။

ပြင်သစ်သမ္မတရဲ့ လုံခြုံရေးအဖွဲ့ဟာ အင်ဒိုနီးရှားသံအမတ်ကြီးရဲ့ စကားပြန်ကို တွေ့တဲ့အခါ လန့်သွားကြတယ်။ ဆံပင်ရှည်၊ မုတ်ဆိတ်ရှည် ကြီးနဲ့ ငနဲကြီးပါကလား။ စာရွက်စာတမ်းတွေ သေချာစစ်။ တစ်ကိုယ်လုံး ပိုက်စိပ်တိုက်စစ်၊ မဒမ်သံအမတ်ကြီးကတော့ သူ့လူကို အင်မတန် ယုံတယ် တဲ့။ မုတ်ဆိတ်ကြီးကို အမေရိကန်စကားပြန်နဲ့ ပြင်သစ်စကားပြန် နှစ်ယောက် ကြားမှာ

နေရာချပေးလိုက်ကြတယ်။

တကယ်တမ်း စားပွဲလည်းကျရော အပြင်းအထန် အလုပ်လုပ်ရသူက အဲဒီမုတ်ဆိတ်ကြီး ဖြစ်နေတော့တယ်။ အမေရိကန်သမ္မတ ဂျွန်ဆင်ရော ပြင်သစ်သမ္မတ ဒီဂေါလ်ပါ တစ်ယောက်နဲ့တစ်ယောက် စကားမပြောဘဲ အင်ဒို နီးရှား သံအမတ်ကြီးကိုသာ အလုအယက် စကားတွေပြောနေကြတာကိုး။ သမ္မတ ဒီဂေါလ်က မဒမ်သံအမတ်ကြီးရဲ့ နိုင်ငံရေးဘဝကို စပ်စုတယ်။ မဒမ်က သံကြီးတမန်ကြီးပီပီ သူဟာ ငတုံးမ၊ ငထုံမဖြစ်ကြောင်း၊ ဘာလီက အုပ်ချုပ်ရေးမှူးရာထူးကို လာဘ်ပေးပြီး ရခဲ့ကြောင်း၊ နှစ်ကြိမ်ဆက်တိုက် ထပ်အရွေးခံရကြောင်း၊ ဒါလည်း လာဘ်ကြောင့်ဖြစ်ကြောင်း၊ ဆွေမျိုးသားချင်း ကောင်းစားရေးကို အားသွန်ခွန်စိုက် လုပ်ခဲ့ကြောင်း၊ သမ္မတသစ် ဆူဟာတို က သူ့ကို ပါရီမှာ သံအမတ်ကြီးလုပ်မလားလို့ ဖုန်းဆက် ကမ်းလှမ်းရာက ခု ရောက်လာတာဖြစ်ကြောင်း၊ ပါရီဆိုတာ သက်ရှိလား သက်မဲ့လားတောင် မသိခဲ့ကြောင်း၊ ပါရီနိုင်ငံလို့ ထင်နေတာဖြစ်ကြောင်း၊ အဲသလို တုံးတာ ဖြစ်ကြောင်း တဟီးဟီး တဟားဟား ရယ်ရင်းပြောတယ်။

အဲဒီ စကားတွေအားလုံးကို မဒမ်သံအမတ်ကြီးက ဘာလီလိုပြောပြီး မုတ်ဆိတ်ရှည် စကားပြန်က အင်္ဂလိပ်လို ဘာသာပြန်ပေးတယ်။ သံအမတ် ကြီး ပြောသမျှ အားလုံးကို တစ်လုံးမှမပြောဘဲ သင့်တော်သလို ပြန်ဆိုပေးသလေ။ နေ့လယ်စာစားပွဲကြီး ပြီးခါနီးမှာတော့ သမ္မတနှစ်ယောက်စလုံး စိတ်ထဲမှာ အင်ဒိုနီးရှား သံအမတ်ကြီးဟာ ပျော်တတ်၊ ဖျော်ဖြေတတ်၊ ဉာဏ်ပညာ ကြီးပြီး အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ အာဂအမျိုးသမီးလို့ အထင် ရောက်ကုန်ကြတယ်။ စကားပြန်လည်း အရွေးတော်တယ်။ သူ ရွေးထားတဲ့

စကားပြန်ဟာ ဘော်နီယိုတောအုပ်ထဲက လူရိုင်းကောင်ကြီးများလား။ ပြည်ထဲရေးဝန်ကြီး ဖော်ရှေးရဲ့ ထိပ်တန်းအရာရှိကြီး ကလော်ဒီ ပန်းနန့် ဆိုတဲ့လူကို ၁၉၂၈ ခုနှစ်မှာ စတြာဘိုးမှာ မွေးခဲ့တယ်။ သူ့မိဘတွေက တကယ့် ကွန်မြူနစ်စစ်စစ်တွေ။ ၁၉၃၆ စပိန်ပြည်တွင်းစစ်ဖြစ်တော့ လင်မယားနှစ် ယောက်စလုံး စပိန်သွားပြီး ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲကို ဝင်နွှဲတယ်။ ရှစ်နှစ်သား ကလော်ဒီကိုပါ ခေါ်သွားကြတယ်။

တစ်မိသားစုလုံး ကံကြီးလို့ မသေကြဘဲ ဆိုဗီယက်ကို ခွေးပြေး ဝက်ပြေး ပြေးကြရတယ်။ မော်စကိုရောက်တော့ အပြည်ပြည်ဆိုင်ရာ ကွန်မြူနစ်ဝါဒ ပြန့်ပွားရေးလုပ်ငန်းကို တစ်တပ်တစ်အား လုပ်ကြတယ်။ အသက် ၁၁ နှစ် ရှိပြီဖြစ်တဲ့ သူတို့သားကို ကြွားကြတယ်။ ပြင်သစ်၊ ဂျာမန်၊ စပိန် စကား သုံးမျိုးပြောတတ်တဲ့ တော်လှန်ရေးရဲ့ မျိုးဆက်သစ်လေးတဲ့။

ဟုတ်ပါတယ်။ ဖြစ်နိုင်လောက်တယ်။ ကလော်ဒီဟာ ဘာသာစကားနဲ့ ပတ်သက်လို့ ထူးကဲတဲ့ ဉာဏ်ရည်ရှိသူပဲ။ ဒါကြောင့်မို့ ဘာသာစကား အရင်း အမြစ် သင်တန်းကျောင်းကို ရောက်ပြီး အသက်ဆယ့်ငါးနှစ် မပြည့်ခင်မှာ ပြင်သစ်၊ ဂျာမန်၊ ရုရှ၊ စပိန်၊ အင်္ဂလိပ်နဲ့ တရုတ်စကားတွေ ကျွမ်းကျွမ်း ကျင်ကျင် ပြောတတ်နေခဲ့ပြီ။ ဒုတိယ ကမ္ဘာစစ်ပြီးခါစ သူ ဆယ့်ရှစ်နှစ်သားမှာ စတာလင် ဦးဆောင် တဲ့ တော်လှန်ရေးကို သံသယရှိတဲ့အကြောင်း သူ့အဖေနဲ့ သူ့အမေ တီးတိုး တိုင်ပင်နေကြတာ ကြားတယ်။ ဒါနဲ့ အထက်ကို သတင်းပို့လိုက်တယ်။ သူ့ စနက်ကြောင့် မိုက်ကယ်ပန်းနန့်နဲ့ မိုနစ်ပန်းနန့်တို့ နှစ်ဦးသား အစီရင်ခံလိုက် ရတယ်။ ကလော်ဒီလေးကတော့ ၁၉၄၅–၄၆ ပညာသင်နှစ် အကောင်းဆုံး စံပြကျောင်းသား ရွှေတံဆိပ်ဆု ရသွားခဲ့တယ်။

၁၉၄၆ ခုနှစ်ကုန်တော့ ကလော်ဒီဟာ အမှုထမ်းဖို့ အသင့်ဖြစ်နေပြီ။ ဒါပေမဲ့ မာရှယ်ဘာရီယာက သူ့ကို ပွဲမထုတ်သေးဘူး။ ရံဖန်ရံခါ စကားပြန် လုပ်ခိုင်းတာလောက်ပဲ ရှိတယ်။

၁၉၄၉၊ သူ့အသက် ၂၁ နှစ်မှာတော့ ကလော်ဒီပန်းနန့်ကို မိခင်မြေ ပြင်သစ်ကို ပြန်လွှတ်လိုက်တယ်။ နာမည်ရင်းကို ဆက်လက်ထိန်းသိမ်းထားတာက လွဲရင် သူ့ဘဝ သမိုင်းတစ်ခုလုံးကို အသစ်ပြန်ရေးရတယ်။ ဆော်ဘွန်း တက္ကသိုလ်မှာ သူ ကျောင်းတက်ရတယ်။

၁၉ နှစ်ကြာပြီး ၁၉၆၈ ခုနှစ်၊ မေလမှာတော့ သူဟာ သမ္မတရဲ့ အတွင်း လူ၊ ပြည်ထဲရေးဝန်ကြီး ဖော်ရှေးရဲ့ ညာလက်ရုံး ဖြစ်နေခဲ့ပြီ။ ဆန္ဒပြပွဲတွေရဲ့ နောက်ကွယ်မှာ ကွန်မြူနစ်တွေ ကြိုးကိုင်နိုင်ဖို့ သူ အားလုံးကို အခါတော် ပေးနိုင်ခဲ့တယ်။ ဒီဂေါလ်နဲ့ ဖော်ရှေးကတော့ ကွန်မြူနစ်စနက်မှန်း နည်း နည်းတောင် မရိပ်မိကြဘူး။

နေ့လယ်စာစားပြီးလို့ ကော်ဖီချိန်ရောက်လာတော့ သမ္မတနှစ်ယောက်ဟာ မလွှဲသာ မရှောင်သာ စကားပြောကြရတော့တယ်။ အဲသလို ပြောနေတုန်း မုတ်ဆိတ်ရှည်နဲ့ အင်ဒိုနီးရှား စကားပြန်ဟာ မပြောမဆိုနဲ့ သူတို့နား ရောက် လာတယ်။

'အနှောင့်အယှက်ပေးသလိုဖြစ်ရင် ခွင့်လွှတ်ကြပါ မစ္စတာ သမ္မတကြီး တို့ ခင်ဗျား၊ ဒါပေမဲ့ မစ္စတာသမ္မတကြီး ဒီဂေါလ်ကို အရေးတကြီး ပြောစရာ ရှိပါတယ်၊ ခု ချက်ချင်းပြောမှ ဖြစ်မှာမို့ပါခင်ဗျာ'

သမ္မတ ဒီဂေါလ်ဟာ အစကတော့ လုံခြုံရေးခေါ်ဦးမလို့ပဲ။ ဒါပေမဲ့ မုတ်ဆိတ်ရှည်ကြီးဟာ အလွန်အင်မတန်မှ ယဉ်ကျေးလုတဲ့အတွက် သူ့ကို

ပြောခွင့်ပြုလိုက်တယ်။

'ဟုတ်ပြီ မြန်မြန်တော့ပြော ... ဟုတ်ပလား၊ ကျုပ်မှာ အရေးကြီးကိစ္စတွေ အများကြီးရှိသေးတယ်'

ဟုတ်ပြီ။ ပြောတာပေါ့။ သမ္မတကြီးနားမှာကပ်နေတဲ့ ပြည်ထဲရေး ဝန်ကြီး ဖော်ရှေးရဲ့ လက်ရုံးဆိုတဲ့ကောင်ဟာ ဆိုဗီယက် သူလျှိုပဲ။

'ဘာ ... ဘယ်လို ... ဘာပြောတယ်'

ဒီဂေါလ်ရဲ့ အသံဟာ အံ့ဩလွန်းလို့ နည်းနည်း ကျယ်သွားတယ်။ ဒါပေမဲ့ ဖော်ရှေးနဲ့ သူ့လက်ရုံး ကြားလောက်အောင်တော့ မကျယ်ဘူး။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက သူ မစ္စတာစတာလင်၊ ဘာရီယာတို့နဲ့ ညစာစားတုန်း ညစာစားပွဲမှာ စကားပြန်လုပ်ပေးတာ ဒင်းပေါ့တဲ့။

'နှစ်နှစ်ဆယ် ကြာသွားခဲ့ပေမဲ့ သူ့ပုံက အရင်အတိုင်းပဲ မပြောင်းလဲဘူး၊ ခင်ဗျ၊ ကျွန်တော့်ပုံကတော့ အကြီးအကျယ် ပြောင်းလဲနေတာကိုး၊ ဒါကြောင့် ကျွန်တော်က သူ့ကို မှတ်မိပြီး သူက ကျွန်တော့်ကို နည်းနည်းမှ မမှတ်မိဘူး၊ မနေ့က မှန်ကြည့်တော့ ကျွန်တော့်ကိုယ်ကျွန်တော်တောင် မမှတ်မိဘူးခင်ဗျ'

သမ္မတဒီဂေါလ်၊ အကြီးအကျယ် နပ်ပစ်ခံလိုက်ရတဲ့ ဒီဂေါလ်ဟာ မျက်နှာကြီး တဖြည်းဖြည်းနီလာတယ်။ သူ့ကို ခွင့်ပြုဖို့ သမ္မတဂျွန်ဆင်ကို ကမန်းကတန်း ပြောပြီး သူ့ပြည်ထဲရေးဝန်ကြီးကို ခေါ်တယ်။ ဟေ့ ... နှစ်ယောက်တည်း ပြောမယ်ကွ။ မင်း အကြံပေးကို ခေါ်မလာနဲ့၊ ဒါပဲ။ ခုလာခဲ့။

ကဲ ... ခု သမ္မတ ဂျွန်ဆင်ရယ်၊ စကားပြန် အယ်လန် မုတ်ဆိတ်ရှည် ရယ် ကျန်ရစ်ခဲ့ပြီ။ ဂျွန်ဆင်ဟာ အင်မတန် ကျေနပ်နေတယ်။ ခေါင်းတုံးပေါ် ထိပ်ကွက်ခံလိုက်ရတဲ့ သနားစရာ ဒီဂေါလ်ရယ်။ ဟီဟိ ... မြင်ရတာ

နှစ်ထောင်းအားရ ရှိလှသကွာ။ ဒါနဲ့ ပျော်ရွှင်မြူးထူးပြီး အယ်လန့်ကို မိတ်ဆက်တယ်။

‘တွေ့ရတာ ဝမ်းသာသဗျာ၊ ဒါနဲ့ ခင်ဗျားနာမည်က ဘယ်သူတုံး’

‘ကျွန်တော်က အယ်လန်ကားလ်ဆန်ပါ၊ မစ္စတာသမ္မတကြီးရဲ့ အရင့် အရင် အရင် သမ္မတထရူးမန်းနဲ့ သိခဲ့ဖူးပါတယ်’

‘ဟုတ်လားဗျ၊ အင်း ... ဟယ်ရီက ခုဆို ကိုးဆယ်ပြည့်ခါနီးပြီ ကျန်းမာရေးတော့ ကောင်းတုန်းခင်ဗျ’

‘ဟုတ်ကဲ့၊ ကျွန်တော်က သတိရတယ်လို့ ပြောပေးပါခင်ဗျာ’

အယ်လန်ဟာ သမ္မတဂျွန်ဆင်ကို နှုတ်ဆက်ရင်း သူ့သံအမတ်မကြီး အမန်ဒါကိုရှာဖို့ ထွက်ခဲ့တယ်။ နေ့လယ်စာစားတုန်း သမ္မတတွေကို သူဘာပြောခဲ့တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိရဲ့လား သေချာအောင် မေးရဦး မလေ။ နေ့လယ်စာစားပွဲက ပြန်လို့ သံရုံးရောက်ခါရှိသေး။ သမ္မတဂျွန်ဆင် ကိုယ်တိုင် ဖုန်းဆက်လာတယ်။ ဒီည ရှစ်နာရီ အမေရိကန်သံရုံးမှာ အယ်လန့် ကို ညစာစားဖို့ ဖိတ်ပါတယ်တဲ့။

‘ကောင်းပါပြီ မစ္စတာသမ္မတကြီး ဂျွန်ဆင်ခင်ဗျား၊ မဟုတ်လည်း ကျွန်တော် ဒီညစာကို အပြည့်အဝစားဖို့ ရည်ရွယ်ခဲ့ပြီးသားပါ၊ မစ္စတာသမ္မတကြီး သိတဲ့အတိုင်း ပြင်သစ်စာဆိုတာက တကယ်မစားလိုက်ရဘဲ လျှာဖျားတင် ပျောက်သွားတဲ့ အမျိုးအစားမျိုး မဟုတ်လား ခင်ဗျ’

ဟုတ်လိုက်လေ၊ မှန်တယ်။ အပြည့်အဝ သဘောတူတယ်။ ညနေကျ ရင် တွေ့မယ်လေ၊ တွေ့ကြမယ်လေ ... နော်။

သမ္မတဂျွန်ဆင်အနေနဲ့ အယ်လန့်ကို ညစာဖိတ်ကျွေးဖို့ အနည်းဆုံး

အကြောင်းသုံးချက်လောက် ရှိနေခဲ့တယ်။ ပထမအချက်က စတာလင်၊ ဘာရီ ယာတို့နဲ့အတူ ညစာစားရင်း အယ်လန် တွေ့ခဲ့တယ်ဆိုတဲ့ သူလျှိုအကြောင်း အပြည့်အစုံ သိချင်လို့။ ဒုတိယအချက်က ခုနကတင် ဟယ်ရီ ထရူးမန်းဆီ ဖုန်းဆက်လိုက်တော့ ၁၉၄၅ ခုနှစ် လော့စ်အလာမို့စ်မှာ အယ်လန်ကားလ်ဆန် ဘာလုပ်ခဲ့တယ်ဆိုတာ အသေအချာ သိလာခဲ့ရတယ်။ ဒီတစ်ချက်နဲ့တင် ညစာ ဖိတ်ကျွေးဖို့ လုံလောက်နေပြီ။ တတိယအချက်ကတော့ ဒီနေ့ ပြင်သစ်သမ္မတ နန်းတော်မှာ ကြုံတွေ့ခဲ့ရတာတွေကို သမ္မတဂျွန်ဆင်အနေနဲ့ အလွန့်အလွန် နှစ်ထောင်းအားရ ဖြစ်မိလို့ပဲ။ ဒီဂေါလ် ငနဲကြီး အူယားဖားယားနဲ့ ရုပ်ပျက် ဆင်းပျက် ဖြစ်သွားတာကို ပြန်တွေးလေ အယ်လန့်ကို တစိမ့်စိမ့် ကျေးဇူး တင်လေပဲ။

'ကြွပါ မစ္စတာကားလ်ဆန် ... ကြိုဆိုပါတယ်ခင်ဗျ'

သမ္မတဂျွန်ဆင်က အယ်လန့်ကို အားပါးတရ လက်ဆွဲနှုတ်ဆက် လိုက်တယ်။

'ခင်ဗျားကို ကျွန်တော် မစ္စတာရိုင်ယန်ဟက်တန်နဲ့ မိတ်ဆက်ပေး ပါရစေ၊ သူက ဒီသံရုံးမှာ လျှို့ဝှက် ... အင်း ... ဘယ်လို ပြောရမလဲ၊ ဥပဒေ အကြံပေး ဆိုပါစို့ဗျာ၊ အဲသလိုပြောရမယ် ထင်တာပဲ'

ကဲ ... အဲဒီ လျှို့ဝှက်အကြံပေးကိုလည်း လက်ဆွဲနှုတ်ဆက်။ ပြီးတော့ သုံးယောက်သား ညစာစားပွဲကို ချီတက်ခဲ့ကြတယ်။ ဟို ပြင်သစ်ကောင်ကြီးကို အမှတ်ရနေမှာစိုးလို့ ပြင်သစ်ဝိုင်ကို မမှာဘူး။ ဘီယာနဲ့ ဗော့ဒကာတွေပဲ မှာတယ်။ ဒါမှ ပျော်ပျော်ပါးပါး စားနိုင်ပေမပေါ့။

ပထမအကျော့ စားနေသောက်နေကြတုန်း အယ်လန်က သူ့ဘဝ ဇာတ် ကြောင်းကို ကရင်မလင် ညစာစားပွဲ ရောက်တဲ့အထိ ဇာတ်စုံခင်းတယ်။ အဲဒီ

ညစာစားပွဲမှာပဲ ဒေါ်သက ကျောမတက်နေတဲ့ စတာလင့်ကို နောက်ဆုံးစကား တစ်ခွန်း သူ ပြောပြီးပြီးချင်း ခု ပြင်သစ်ပြည်ထဲရေးဝန် ဖော်ရှေးရဲ့ ညာလက်ရုံးဆိုတဲ့ စကားပြန်ကောင် မေ့လဲသွားခဲ့တာပေါ့။

ကလော်ဒီပန်းနန့်ဟာ ပြင်သစ်သမ္မတနား ကပ်ပြီး ဆိုဗီယက်စပိုင် လုပ်နေတာကို ခုတော့ သမ္မတဂျွန်ဆင်လည်း ဖရဏာပီတိ ဂွမ်းဆီထိ မဖြစ်နိုင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရိုင်ယန်ဟတ်တန်ရဲ့ အဆိုအရ မွန်ဆီယာ ပန်းနန့်ဟာ စီအိုင်အေရဲ့ အခိကသတင်းပေးဖြစ်တယ် ဆိုတဲ့အတွက်ကြောင့် ပဲ။ ခု ပြင်သစ်မှာဖြစ်နေတဲ့ ပြည်လုံးကျွတ် ဆန္ဒပြပွဲကြီးမှာ ကွန်မြူနစ်စနက် အကြီးအကျယ်ပါနေတာကို ဘာကွန်မြူနစ်မှ မရှိဘူးလို့ ပန်းနန့်က စီအိုင်အေ ကို ဖြောင်လိမ် သတင်းပေးထားတယ်။ ဒါကြောင့် ဒီကိစ္စကို အကြီးအကျယ် စိစစ်ဖို့ လိုနေခဲ့ပြီ။

'ဒါက အင်မတန် အရေးကြီးတဲ့ ထိပ်တန်းလျှို့ဝှက်ကိစ္စဗျ၊ မစ္စတာ ကားလ်ဆန်အနေနဲ့ နှုတ်လုံလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်မိပါရဲ့'

'အင်း ... သိပ်တော့ မသေချာဘူး မစ္စတာ သမ္မတကြီးရဲ့'

အဲဒီနောက်မှာတော့ အယ်လန်က ဘော်တစ်ပင်လယ် အောက်ထဲမှာ ရေငုပ်သင်္ဘောနဲ့ ခရီးနှင်ခဲ့တုန်းမှာ အင်မတန် ချိုသာဖော်ရွေတဲ့ ဆိုဗီယက်ရဲ့ ထိပ်တန်း နျူကလီးယား ရူပဗေဒပညာရှင် ယူရီပိုပေါ့နဲ့ ဗော့ဒကာသောက်ရင်း အက်တမ်ဗုံးကိစ္စတွေ အများကြီး ပြောလိုက်မိတယ်ဆိုတဲ့ အကြောင်း ပြောပြ တယ်။

'ဒါဆို ဗုံး ဘယ်လိုလုပ်ရတယ်ဆိုတဲ့ နည်းပညာကို ခင်ဗျား စတာလင့် ကို ပြောပြခဲ့တယ်ပေါ့၊ မပြောပြရင်လည်း ထောင်နန်းစံရဖို့ ကျိန်းသေတယ် မဟုတ်လား'

'ဟင့်အင်း ... စတာလင့်ကို မပြောခဲ့ဘူး၊ ပြောလည်း နားလည်မယ့်လူ

မဟုတ်ပါဘူး၊ ဗော့ဒကာ အလွန်အကျူးသောက်မိတဲ့အတွက် ရေငုပ်သဘော်ာ ပေါ်မှာ ယူရီ့ကို ပြောပြခဲ့တာပဲ ရှိတာ၊ ဒါပေမဲ့ အဲဒီအကြောင်းကို စတာလင် မသိပါဘူး'

သမ္မတဂျွန်ဆင်ဟာ ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း အက်တမ်ဗုံး တည်ဆောက်မှုနဲ့ အရက်အကြားက ဆက်စပ်မှုကို နက်နက်နဲနဲ စဉ်းစားနေ တယ်။ ဒါဆို အယ်လန်ကားလ်ဆန်က သစ္စာဖောက် လောက်ကောင်ပေါ့။ မဟုတ်သေးဘူးလေ။ သူက အမေရိကန်နိုင်ငံသားမှ မဟုတ်ဘဲ။ အင်း … အချိန်ယူ စဉ်းစားဖို့တော့ လိုနေပြီ။ ဒါနဲ့ ဘာဆက်ဖြစ်သွားလဲလို့ ဆက်မေးလိုက်တယ်။ သမ္မတ မေးနေတာကို ထိမ်ချန်ထားလို့ မဖြစ်ချေဘူးလို့ အယ်လန် တွေးတယ်။ ဒါကြောင့် ဗလာဒီဗိုစတော့ခ်အကြောင်း၊ မာရှယ် မီရက်စကော့ဗ် အကြောင်း၊ ကင်အီဆွန်းအကြောင်း၊ ကင်ဂျုံအီးအကြောင်း၊ စတာလင်ရဲ့ သေခြင်းကောင်းမှုအကြောင်း၊ မော်စီတုံးအကြောင်း၊ မော်စီတုံး ပေးလိုက်တဲ့ ဒေါ်လာတွေအကြောင်း၊ ဘာလီအကြောင်းနဲ့ ခုနောက်ဆုံး ပါရီ ရောက်လာတဲ့ အကြောင်း ပြည့်ပြည့်စုံစုံ အစီရင်ခံလိုက်တယ်။ သမ္မတဂျွန်ဆင်ဟာ ဘီယာ ထပ်မှာရင်း မေးတယ်။

'ခင်ဗျားဟာ မော်စီတုံးရဲ့ ငွေကြေးထောက်ပံ့မှုနဲ့ ဆယ့်ငါးနှစ် အနား ယူခဲ့တယ် … ဟုတ်လား'

'ဟုတ်ကဲ့၊ တကယ်တော့ အဲဒါတွေဟာ ချန်ကေရှိတ်ရဲ့ငွေတွေပါ၊ ချန်ကေရှိတ်ကလည်း ကျွန်တော်တို့ရဲ့မိတ်ဆွေကြီး ဟယ်ရီ့ဆီက ရခဲ့တာပါ၊ အင်း … မစ္စတာသမ္မတကြီးပြောမှ သတိရတယ်၊ အဲဒီအကြောင်း ဟယ်ရီ့ကို ဖုန်းဆက်ရင်း ကျေးဇူးတင်စကား ပြောဦးမှပဲ'

သမ္မတဂျွန်ဆင်ဟာ ဗဟုသုတ ပြဿနာတွေ အများကြီး ရရှိခံစားနေရ

ရှာတယ်။ ဒီဆံရှည် မုတ်ဆိတ်ကိုယ်တော်ဟာ စတာလင်ကို ဖုံးလုပ်နည်း ပေးပြီး အမေရိကန် နိုင်ငံခြားကူငွေတွေနဲ့ အပန်းဖြေနေသတဲ့။ သံရုံး အပြင်ဘက်က အမေရိကန် ဗီယက်နမ်က ထွက်သွားစမ်းဆိုတဲ့ အသံတွေကိုလည်း မသဲမကွဲ ကြားနေရတယ်။ သူ့မျက်နှာဟာ အပြုစားခံရတဲ့ လူတစ်ယောက်လို ဖြစ်နေခဲ့တယ်။ အယ်လန်က သူ့ခွက်ကို မော့လိုက်ပြီး သမ္မတ မျက်နှာ မကောင်းတာ မြင်တော့ ‘ကျွန်တော် ဘာကူညီရမလဲ သမ္မတကြီးခင်ဗျား’လို့ မေးလိုက်တယ်။ သမ္မတဂျွန်ဆင်ကတော့ အတွေးနက်နေလို့ အယ်လန်ပြောတာ မကြား လိုက်ဘူး။ ‘ဟင် … ဘာပြောတာလဲ’တဲ့။

‘သြော် … သမ္မတကြီး ကြည့်ရတာ မရှုနိုင် မကယ်နိုင် ဖြစ်နေသလား လို့၊ ကျွန်တော် ဘာကူညီရမလဲခင်ဗျာ’

ပထမတော့ သတိလက်လွတ်နဲ့ သူ့အတွက် ဗီယက်နမ်စစ်ပွဲကို နိုင်အောင် တိုက်ပေးလှည့်စမ်းပါလို့ ပြောမိတော့မလို့။ ဒါပေမဲ့ ဒီလူဟာ စတာလင်ကို ဖုံးပေးခဲ့တဲ့လူဆိုတာ သူ ချက်ချင်း သတိရသွားတယ်။

‘အင်း … လုပ်ပေးနိုင်တာ တစ်ခုတော့ ရှိပါတယ်၊ ခင်ဗျား ပြန်သွားပါတော့ဗျာ’ သမ္မတဂျွန်ဆင်ဟာ အင်မတန် နွမ်းလျတဲ့အသံနဲ့ ပြောလိုက်ပါတယ်။ အယ်လန်ကားလ်ဆန်ဟာ ညစာအတွက် ကျေးဇူးတင်ကြောင်း ပြောရင်း သမ္မတဂျွန်ဆင်နဲ့ လျှို့ဝှက်အကြံပေး တစ်ဖြစ်လဲ ဥရောပတိုက်ရဲ့ စီအိုင်အေ ညွှန်ကြားရေးမှူး ရိုင်ယန်ဟက်တန်ကို နှုတ်ဆက်ရင်း ပြန်လာခဲ့တယ်။ လင်ဒန် ဘီ ဂျွန်ဆင်ဟာ ငူငိုင် ငေးငေါင်ပြီး ကျန်ရစ်ခဲ့တယ်။ ဘယ့်နှယ်ကွာ … အစကောင်းသလောက် အနှောင်းက ချာလိုက်တာ။ အမေရိကန် အတွက် ဖုံးလုပ်ပေးခဲ့တဲ့ ကားလ်ဆန်ဟာ စတာလင့်ကိုလည်း ဖုံးပေးလိုက် သတဲ့လား။

ကွန်မြူနစ်တကာတို့ရဲ့ ထိပ်သီးမာရ်နတ် ကွန်မြူနစ်ကြီးကိုလေ။

'ကဲ ... ဟက်တန်ရေ ...၊ တို့ ဘာလုပ်ကြမလဲ၊ ကားလ်ဆန်ကို ဖမ်းပြီး ဆီပူအိုးထဲ ပစ်ထည့်လိုက်ရမလား'

'ဟုတ်ကဲ့၊ ဒါမှမဟုတ် သူ့ကို ကောင်းကောင်းအသုံးချလို့လည်း ရနိုင်ပါတယ် သမ္မတကြီး'

လျှို့ဝှက်တဲ့ ဟက်တန်ဟာ လျှို့ဝှက်ရုံတင်မကဘူး။ စီအိုင်အေ ကောင်းရာ ကောင်းကြောင်းအတွက် အမြဲတမ်း ဗျူဟာမြောက်တဲ့ အကြံတွေထုတ် နိုင်စွမ်းရှိသူလည်း ဖြစ်တယ်။ ဆွီဒင်ကနေ လီနင်ဂရက်ကို သွားတဲ့လမ်း တစ်လျှောက် အယ်လန်ကားလ်ဆန်နဲ့အတူ ဗော့ဒကာသောက်ရင်း ဗုံးလုပ်နည်းတွေ နားထောင်သွားတဲ့ ရူပဗေဒပညာရှင်ကို သူ ကောင်းကောင်း သိတာပေါ့။ ၁၉၄၉ နောက်ပိုင်း တစ်ဟုန်ထိုး ကျော်စောသတင်းကြီးလာတဲ့ ယူရီ ပိုပေါ့ပဲလေ။ အယ်လန့်ဆီက သတင်းအချက်အလက်တွေနဲ့ သူ နာမည်ကြီး လာတယ်ဆိုတာ သိပ်ဖြစ်နိုင်တယ်။ အခုဆို ပိုပေါ့ဟာ အသက် ၆၃ နှစ်ရှိပြီ။ ဆိုဗီယက် အက်တမ်စီမံကိန်းရဲ့ နည်းစနစ် ညွှန်ကြားရေးမှူး ဖြစ်နေခဲ့ပြီ။ သူ့အတွေ့အကြုံနဲ့ ပညာတွေဟာ အမေရိကန်အတွက် အဖိုးမဖြတ်နိုင်ဘူး ဆိုတာ သိပ်သေချာတယ်။ ပိုပေါ့ဆီက သူသိတာတွေအားလုံး ညှစ်ထုတ်နိုင်ရင် အနောက်ဟာ အရှေ့ထက် အက်တမ်လက်နက်နဲ့ ပတ်သက်လို့ အမြဲ ခေါင်းတစ်လုံးမက သာနေမှာပဲ။ ဒါဆို အထက်စီးကနေ လုပ်ချင်တာလုပ်လို့ ရပြီ။ လက်နက် ဖျက်သိမ်းရေး စကားဝိုင်းတွေကို အမြဲ ဦးဆောင်နိုင်တော့မှာ။ အဲသလိုဖြစ်နိုင်ဖို့ အကောင်းဆုံးလက်နက်ဟာ အယ်လန်ကားလ်ဆန်ပဲ။

ဟက်တန်ရဲ့အကြံကို ကြားတော့ သမ္မတဂျွန်ဆင်ဟာ မျက်လုံးပြူးသွားတယ်။

အယ်လန်ကားလ်ဆန်ကို အမေရိကန်သူလျှိုအဖြစ် သုံးမတဲ့လား။ပြီးရင်
ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် နျူကလီးယားလက်နက် ဖျက်သိမ်းရေး စကားဝိုင်းမှာ
ဦးဆောင်မတဲ့လား။ တယ်ကောင်းတဲ့အကြံ။ ဗီယက်နမ်စစ်ကိုတောင် သူ
ခဏမေ့သွားတယ်။ နို့ … အယ်လန်ကားလ်ဆန်က လက်ခံပ့ါ မလား။
‘လက်ခံမှာပေ့ါ သမ္မတကြီး၊ ခုနကတော့ သူ ဘာကူညီရမတုံးလို့
လိုလိုလားလား မေးနေတယ် မဟုတ်လား’
‘ဩော် … အေး … ဟုတ်သားပဲ၊ သူ လက်ခံမှာပါ … နော’
သမ္မတဟာ ခဏမှိုင်နေပြီးတော့ ခပ်ပြင်းပြင်းလေး သောက်မှ ဖြစ်တော့မယ်လို့
ညည်းလိုက်ရှာတော့တယ်။

ဆန္ဒပြပွဲကြီး စတုန်းက ပြင်သစ်အစိုးရဟာ ဆန္ဒပြသမားတွေကို
တင်းတင်းမာမာ တုံ့ပြန်ခဲ့တယ်။ ပြင်သစ်သူ ပြင်သစ်သား တစ်သန်းခွဲလောက်
ဆန္ဒပြပွဲကြီးမှာ ဝင်နွှဲတဲ့အတွက် မာဆေးက ဆိပ်ကမ်းတွေရော၊ လေဆိပ်၊ ရထားနဲ့
စတိုးဆိုင်တွေအားလုံး အကုန်ပိတ်ထားရတယ်။
ဓာတ်ဆီနဲ့ ဓာတ်ငွေ့ဖြန့်ဖြူးပေးမယ့်လူတွေ မရှိ။ အမှိုက်သိမ်းမယ့် လူတွေ
နတ္ထိ။ တစ်နိုင်ငံလုံး လုပ်ခလစာ တိုးမြှင့်ရေး၊ အလုပ်ချိန်လျှော့ချရေး၊ လုပ်ငန်းခွင်
လုံခြုံစိတ်ချရမှုရှိရေး ဆိုတဲ့ အလုပ်သမားတွေရဲ့ တောင်းဆိုသံတွေသာ
ညံနေခဲ့တယ်။
နောက်ပိုင်းမှာတော့ ပညာရေးစနစ်သစ်၊ လူမှုဖူလုံရေးစနစ်သစ်၊ လူ့
အဖွဲ့အစည်းသစ်ဆိုတဲ့ အသံဆန်းတွေကိုပါ ကြားလာရပြီး ပဉ္စမ သမ္မတနိုင်ငံ
တော်ကြီးဟာ အကြီးအကျယ် ခြိမ်းခြောက်ခံနေရတော့တယ်။

လူပေါင်း သန်းချီပြီး လမ်းမပေါ်ထွက်လာတဲ့ ကိစ္စဟာ အမြဲတမ်း ငြိမ်းငြိမ်းချမ်းချမ်းတော့ ဘယ်ဖြစ်လိမ့်မလဲ။ ကားတွေ မီးရှို့၊ သစ်ပင်တွေ ခုတ်လှဲ၊ လမ်းပေါ် အီးယိုတာတွေ ရှိတာပေါ့။ အဓိကရုဏ်းနှိမ်နင်းရေး အရံ အတားတွေကလည်း အပြည့်ပေါ့။ မျက်ရည်ယိုဗုံးတွေ၊ ဒိုင်းတွေ၊ ရဲတွေ အများကြီးပေါ့။

အဲဒီနောက်ပိုင်းမှာတော့ သမ္မတ၊ ဝန်ကြီးချုပ်နဲ့တကွ ပြင်သစ်အစိုးရ တစ်ဖွဲ့လုံးရဲ့ သဘောထားဟာ အလျင်အမြန်ပဲ ပြောင်းလဲသွားတော့တယ်။ ပြည်ထဲရေးဝန် ဖော်ရှေးရဲ့ ညာလက်ရုံးကောင်မှာ ဘာအာဏာပါဝါမှ မရှိ တော့ဘူး။ ရေချိုးခန်းထဲ လျှို့ဝှက် ရေဒီယိုအသံလွှင့်စက်ထားတဲ့ ပြစ်မှုနဲ့ လျှို့ဝှက်ပုလိပ်က လျှို့ဝှက်စွာ ဆွဲသွားခဲ့ပြီ။ ဆန္ဒပြအလုပ်သမားတွေကို လုပ်ခ လစာ ဆယ်ရာခိုင်နှုန်း တိုးပေးဖို့ရယ်၊ တစ်ပတ်ကို အလုပ်ချိန် သုံးနာရီ လျှော့ပေးဖို့ရယ်၊ မိသားစုထောက်ပံ့ငွေ ပေးဖို့ရယ်၊ အလုပ်သမားသမဂ္ဂ ပါဝါ ပိုကြီးလာစေဖို့ရယ်၊ ငွေဖောင်းပွမှုပေါ် မူတည်ပြီး လစာတိုးဖို့ရယ် အစိုးရ က သဘောတူလိုက်တယ်။ အစိုးရအဖွဲ့ထဲက ဝန်ကြီးအတော်များများ အနား ယူသွားရတယ်။ ထိပ်ဆုံးက နားရတာတော့ ပြည်ထဲရေးဝန်ကြီး ဖော်ရှေးပေါ့။ အဲသလိုနဲ့ပဲ သမ္မတနဲ့ အစိုးရအဖွဲ့ဟာ အကြီးကျယ်ဆုံး ဆန္ဒပြပွဲကြီးကို အောင်မြင်စွာ ငြိမ်းအေးစေနိုင်ခဲ့တယ်။ အလုပ်သမားတွေ လုပ်ငန်းခွင် ပြန် ဝင်ကြပြီ။ ဆိုင်တွေ ပြန်ဖွင့်ပြီ။ သယ်ယူပို့ဆောင်ရေးနဲ့ ဝန်ဆောင်မှုကဏ္ဍ အရှိန်အဟုန် ပြန်ရလာပြီ။ ၁၉၆၈၊ မေလကနေ ဇွန်လရောက်လာပေမဲ့ ပဉ္စမ ပြင်သစ် သမ္မတနိုင်ငံတော်ဟာ အလုံးအထည် တစိုးတစိမှ လျော့မသွားခဲ့ဘူး။ သမ္မတ ချားလ်စ်ဒီဂေါဟာ အင်ဒိုနီးရှားသံရုံးကို ကိုယ်တိုင်ဖုန်းဆက်ပြီး

မစ္စတာကားလ်ဆန်ကို မေးတယ်။ သူရဲကောင်းဆုတံဆိပ် ချီးမြှင့်ချင်လို့တဲ့။ ဒါပေမဲ့ မစ္စတာကားလ်ဆန် ဒီမှာ အလုပ်မလုပ်တော့ဘူး။ သံအမတ်ကြီး အပါ အဝင် ဘယ်သူမှ သူ ဘယ်ရောက်သွားမှန်း မသိကြဘူးတဲ့လေ။

(၂၄)

၂၀၀၅၊ မေ ၂၆၊ ကြာသပတေး။

ခုတော့ သူ့ဘဝ၊ သူ့သိက္ခာတွေကို အဖတ်ဆယ် ကယ်တင်ဖို့ ဆွဲချ ရှေ့နေကြီး ရာနီလစ်ခများ အပြင်းအထန် ကြိုးစားနေရရှာပြီ။ ဒီနေ့ နေ့လယ်မှာ သတင်းစာရှင်းလင်းပွဲလုပ်ဖို့ စီစဉ်ထားပြီးပြီ။ အဲဒီမှာ တရားခံလို့ ယူဆထား သူ ကျား သုံးယောက်နဲ့ မ တစ်ယောက်ကို ဖမ်းဝရမ်းထုတ်ထားတာ ရုပ် သိမ်းကြောင်း ကြေညာမယ်လေ။

ဆွဲချကြီးမှာ ကောင်းတဲ့အချက်တွေ အများကြီးရှိပေမဲ့ ဆိုးတာကတော့ သူ့အမှားသူ ဝန်မခံချင်တာပဲ။ ဒါကြောင့် သူ လက်တစ်လုံးခြား လှည့်ပတ်ဖို့ ကြံစည်နေတယ်။ အယ်လန်ကားလ်ဆန်နဲ့ သူ့မိတ်ဆွေတွေကို ဗက်စတာ ဂေါ့လန်မှာ တွေ့ပြီဖြစ်ကြောင်း၊ ဘာပဲပြောပြော သူတို့မှာ အပြစ်တော့ ရှိကြောင်း၊ သက်သေတွေဟာ ရုတ်ခြည်း ပြောင်းလဲသွားတဲ့အတွက် ဝရမ်းက တရားမဝင်တော့တာဖြစ်ကြောင်း အစရှိသဖြင့် လျှောက်ဖြီးတော့တယ်။ မီဒီယာတွေကတော့ အံ့အားသင့်ကြတာပေါ့။ ဘာဖြစ်လို့ သက်သေတွေဟာ ရုတ်ခြည်း ပြောင်းလဲသွားရတာတုံး။ ဒီတော့မှ ရာနီလစ်က နိုင်ငံခြားရေး ဝန်ကြီးရုံးကနေတစ်ဆင့် ရောက်လာတဲ့ ဂျာဘူတီနဲ့ ရီဂါက မင်းတုံးနဲ့ ရေပုံးရဲ့ ကံကြမ္မာကို ရှင်းပြတယ်။ တစ်ခါတလေမှာတော့ တရားဥပဒေမှာ ဝရမ်းကို

ထုတ်သင့် ထုတ်၊ ရပ်သင့် ရပ်ရမယ်ဖြစ်ကြောင်း ဆက်ပြောရင်း နိဂုံးချုပ်လိုက်တယ်။

ဒါပေမဲ့ သူ့နိဂုံးချုပ်ဟာ အဆင်မချောလှဘူးဆိုတာ သူ အာရုံရနေတယ်။ နိုင်ငံပိုင် သတင်းစာကြီးက သတင်းထောက်ချုပ်ဟာ စာကြည့်မျက်မှန်ပေါ်က သူ့ကိုကျော်ကြည့်ရင်း အနိမ့်အမြင့်မရှိတဲ့ အသံကြီးနဲ့ သူ့ကို စက် သေနတ်ပစ်သလို မေးခွန်းတွေ တရစပ်မေးနေပြီ။

'ကျွန်တော်နားလည်တာ မှန်ခဲ့မယ်ဆိုရင် အရင်တုန်းက အစိုးရရှေ့နေကြီးဟာ အယ်လန်ကားလ်ဆန်ကို လူသတ်မှု သို့မဟုတ် လူသေမှုအတွက် ကျိန်းသေပေါက် အပြစ်ရှိတယ်လို့ ဆိုခဲ့တယ် မှတ်တယ်၊ ဆိုတော့ကာ အသက်တစ်ရာအဘိုးကြီး အယ်လန်ကားလ်ဆန်ဟာ သန်သန်မာမာ သုံးဆယ့် နှစ်နှစ်သား မင်းတုံးဆိုတဲ့ လူမိုက်ကို သဘော်ပေါ်တက်စမ်း၊ ဂျာဘူတီ ရောက် ရင် ဆင်းစမ်း၊ ပြီးရင် အဲဒီမှာ အသေခံဗုံးခွဲသမား နားကပ်ပြီး လိမ်လိမ်မာမာနဲ့ ဗုံးအခွဲခံ သေလကွာလို့ ဟိန်းဟောက် ခြိမ်းခြောက်ခဲ့တာလား ခင်ဗျာ၊ ဒါမှမဟုတ် သူကိုယ်တိုင် ဂျာဘူတီ လိုက်သွားပြီး ဒီကိစ္စကို စီမံခန့်ခွဲခဲ့တာလား၊ ကျွန်တော်တို့ သိရသလောက် ဂျာဘူတီနဲ့ အနောက်ဆွီဒင်ကြား တိုက်ရိုက် လေကြောင်းရယ်လို့ မရှိပါဘူး၊ အယ်လန်ကားလ်ဆန်မှာလည်း နိုင်ငံကူး လက်မှတ် မရှိဘူးလို့ ထင်ပါတယ်'

အင်း … စပြီဟေ့၊ တွယ်ပဟ။ ရာနီလစ်ဟာ အသက်ပြင်းပြင်း ရှူသွင်း လိုက်တယ်။ သူတို့ကို စွပ်စွဲထားတဲ့ ပြစ်မှုတွေအတွက် အယ်လန်ကားလ်ဆန်၊ ဂျူးလီးယပ်ဂွန်ဆင်၊ ဘန်နီယွန်းဘတ်နဲ့ ဂါနီလာဗျော့ယွန်းတို့ လေးဦးဟာ ခုလက်ရှိ အထောက်အထားတွေအရ အပြစ်ကင်းမဲ့နေကြပါတယ်။

'ခုလက်ရှိ အထောက်အထားတွေအရလို့ ကျွန်တော် ပြောပါတယ်'

ရာနီလစ်က ဒုတိယမ္ဗိ ထပ်ပြောလိုက်တယ်။ သို့သော်ငြားလည်း စောက်ဂျာနယ်လစ်များက ကျေနပ်တော်မမူကြဘူး။ ဒေသခံ သတင်းထောက် တစ်ယောက်က ထပ်မေးတယ်။

'ရှေ့နေကြီးခင်ဗျ၊ အရင်ကတော့ လူသတ်သမားသုံးယောက် ဘာလုပ်ခဲ့တယ်၊ ဘယ်နေရာမှာဆိုတာကို နေရာနဲ့ ဖြစ်စဉ်အတိအကျကို ခင်ဗျားပဲ သတင်းထုတ်ပြန်ခဲ့တာ မဟုတ်လား၊ ခုတော့ သံသယရှိသူတွေဟာ ရုတ်တရက်ကြီး အပြစ်ကင်းစင်သွားတယ်ဆိုတော့ ဖြစ်ကြောင်းရယ်ကုန်စင်ကို အမှန်အတိုင်း ကျွန်တော်တို့ မသိရဘူးဆိုတဲ့သဘော ဖြစ်မနေဘူးလား'

တော်ပြီ၊ တော်ပြီ၊ တော်ရုံတန်ရုံပဲ ကောင်းတယ်။ ဘာမဟုတ်တဲ့ သတင်းထောက် အစုတ်ပလုတ်က ငါလို အစိုးရရှေ့နေကြီးကို တက်တွယ်နေတာ လူကြားလို့မှ မကောင်း ... ဟင်း ...။

'အင်း ... စုံစမ်းစစ်ဆေးမှုနဲ့ ဆက်နွှယ်နေတဲ့ ပညာရပ်ဆိုင်ရာ အကြောင်းခြင်းရာတွေကြောင့် ကျွန်တော် ခုချိန်မှာ ဒီထက်ပိုပြောလို့ မရပါဘူး ခင်ဗျား'

ရာနီလစ်က အပိတ်စကားပြောရင်း ကုလားထိုင်ပေါ်က ထလိုက်တယ်။ စုံစမ်းစစ်ဆေးမှုနဲ့ ဆက်နွှယ်နေတဲ့ ပညာရပ်ဆိုင်ရာ အကြောင်းခြင်းရာ တွေဟာ ရာနီလစ်ကို ကျဉ်းထဲကျပ်ထဲက တစ်ကြိမ်မက ဆွဲထုတ်ပေးခဲ့ပြီးသား။ ဒါပေမဲ့ ခုတစ်ကြိမ်မှာတော့ အလုပ်မဖြစ်တော့ဘူး။ လွန်ခဲ့တဲ့ သီတင်းပတ်ပေါင်း များစွာကတည်းက တောက်လျှောက် အပြစ်ရှိတယ်လို့ စွပ်စွဲလာတဲ့ ဒီလေးယောက်၊ ခု တစ်မိနစ်၊ နှစ်မိနစ်အတွင်း ချက်ချင်း အပြစ်ကင်းစင်သွားတယ်။ ဒါမျိုးလာလုပ်လို့ ရရိုးလား။

'ဟုတ်ပြီ၊ အဲဒီ စုံစမ်းစစ်ဆေးမှုနဲ့ ဆက်နွှယ်နေတဲ့ ပညာရပ်ဆိုင်ရာ အကြောင်းခြင်းရာတွေကြောင့် လူဘယ်နှယောက်လောက် အပြစ်ရှိပြီး ဘယ်နှယောက်လောက် အပြစ်မဲ့သွားပါသလဲ ရှေ့နေကြီးခင်ဗျား'

ခုတော့ ရာနီလစ်ဟာ ချောက်နူတ်ခမ်းပါးစွန်းပေါ် ရောက်နေခဲ့ပြီ။နောက်တစ်ရက်၊ နှစ်ရက်အတွင်း ပြုတ်ကျတော့မှာ သေချာသလေ။ ဒါပေမဲ့ တစ်ခုတော့ ကျန်သေးတယ်။ အယ်လန်ကားလ်ဆန်နဲ့ အပေါင်းအပါတွေ ဘယ်မှာရှိနေတယ်ဆိုတာ သူသိတယ်။

ဟုတ်တယ်။ ဒါသူ့ရဲ့ နောက်ဆုံးအခွင့်အရေးပဲ။ ရာနီလစ် ပြောလိုက်တယ်။

'တစ်ခု ထပ်ပြောပါ့မယ်၊ စုံစမ်းစစ်ဆေးမှုနဲ့ ဆက်နွှယ်နေတဲ့ ပညာရပ်ဆိုင်ရာ အကြောင်းခြင်းရာတွေကြောင့် ခုလောလောဆယ် မပြောနိုင်သေးပေမဲ့ မနက်ဖြန် နေ့လယ် သုံးနာရီမှာ သတင်းစာရှင်းလင်းပွဲ ထပ်လုပ်ပေးပါ့မယ်၊ အဲဒီကျတော့ မေးချင်တာ မေးကြပေါ့ဗျာ … နော် …'

'အယ်လန်ကားလ်ဆန်တို့ ခု ဘယ်မှာရှိနေကြလဲခင်ဗျ'

'ဟင့်အင်း … အခု ပြောမပြနိုင်ပါဘူး'

ရာနီလစ်က နောက်ဆုံးတစ်ခွန်းပြောပြီး ထလစ်တော့တယ်။

ဘာလို့များ ဒီလိုအဆုံးသတ်နဲ့ ကြုံရတာလဲကွာ။ ရာနီလစ်ဟာ တံခါးကို လော့ခ်ချပြီး သူ့အခန်းထဲ အောင်းနေတယ်။ ခုနစ်နှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် စီးကရက်တစ်လိပ်ကို အပြင်းအထန် သောက်နေတယ်။ ဆွီဒင် ရာဇဝတ်မှုဆိုင်ရာဥပဒေ ရာဇဝင်မှာ အလောင်းမတွေ့ဘဲ လူသတ်သမားကို စွဲချက်တင်နိုင်တဲ့ ပထမဆုံး အမှုလိုက်ရှေ့နေကြီးဖြစ်ဖို့ လက်တစ်လုံး အလိုကျမှ ဖြစ်ရတယ်လို့ကွာ။ စောက်အလောင်းတွေက စောက်တလွဲနေရာတွေမှာ

မျက်လှည့်ပြသလို ပေါ်လာတယ်။ သေချင်းဆိုးနဲ့ သေလို့ သရဲတောင် နှစ်ခါပြန် ဖြစ်နေလောက်တဲ့ တတိယကောင်ကလည်း မသေပြန်ဘူးတဲ့။ ကြည့်စမ်းပါဦး။ ဘယ်လောက် ဆိုးသလဲလို့။ ဒီကောင် မသေရင် သေအောင် သွားသတ်လိုက်ရ ကောင်းမလား။ ကဲလေ ... ခု သိက္ခာပြန်ဆယ်ရမယ့်အချိန် သွားသတ်လို့ ဖြစ်မလား။ စောက်သတင်းစာရှင်းလင်းပွဲကလည်း ရုပ်ပျက် ဆင်းပျက် နိုင်လိုက်တာ။ ဘာပဲပြောပြော ကားလ်ဆန်တို့လူစုဟာ အပြစ် မရှိတာတော့ သေချာတယ်။ ဘာတွေ ဘယ်လိုဖြစ်ကုန်သလဲ ဆိုတာတော့ ဘယ်လောက် စဉ်းစားစဉ်းစား အသက်သာ ထွက်သွားမယ် မသိဘူး။ ထရော် လီပေါ်မှာ သေရမယ့်

မင်းတုံးဆိုတဲ့ကောင်က ဘာဖြစ်လို့များ သီတင်းပတ် ပေါင်းများစွာ ကြာပြီးမှ တိုက်ကြီးတစ်တိုက်လုံးခြားပြီး မဟုတ်က ဟုတ်က နေရာမှာ သွားသေရတာတုံး။ သတင်းစာရှင်းလင်းပွဲကို အလောတကြီးလုပ်မိလို့ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲနေရတယ်။ အရင်ဆုံး အယ်လန်ကားလ်ဆန်တို့အုပ်စုကို သွားတွေ့ပြီးမှ လုပ်ရမှာကွာ။ ကဲလေ ... မိုးလွန်မှ ထွန်ချနေလို့ အပိုပေါ့။ မနက်ဖြန် နေ့လယ် သုံးနာရီမတိုင်ခင် သွားတွေ့ရမယ်။ ရှင်းအောင် လုပ်ရမယ်။ မဟုတ် လို့ကတော့ ရှေ့နေလောကမှာ သောက်ပေါဖြစ်ပြီသာမှတ်။

အဲဒီအချိန် ဘဲလ်ရင်းဂါး ယာခင်းအိမ်မှာတော့ ကော်ဖီကို ဇိမ်နဲ့သောက်ရင်း စုံထောက်ကြီး အေရွှန်ဆန်ဟာ တစိမ့်စိမ့် ကြည်နူးနေတယ်။ ခုတော့ အဘိုးကြီးအမှု ဆုံးခန်းတိုင်သွားပြီ။ မထော်မနမ်း အသက်တစ်ရာအဘိုးကြီးကို ဖမ်းရမယ့်ကိစ္စ ပြီးသွားပြီ။ လွန်ခဲ့တဲ့ တစ်လက မွေးနေ့ပွဲမှာ ဘာဖြစ်လို့ လူအိုရဲ ပြတင်းပေါက်ကို ကျော်ချပြီး ပျောက်သွားရတာလဲဆိုတဲ့ အကြောင်း ရင်းကို သိချင်ရင် ဆက်စုံစမ်းဖို့ပဲ ကျန်တယ်။

ဒါပေမဲ့ မရှင်းတာလေးတွေတော့ မေးဦးမှပဲ။ ကားကြိတ်ခံရတဲ့ မသာ ပါဂန်နာဘော့စ်ဂါဒင်ဟာ ကြည့်ရတာ သာမန်လူလိုပါပဲ။ သူနဲ့ စကားပြောရတာ တယ်ကောင်း။ ကဲလေ … မစ္စတာတွေ၊ မစ္စတက်တွေ တပ်ခေါ်နေရတာ ရှုပ်ပါတယ်။ ပါဂန်နာ ဘော့စ်ဂါဒင်က သူ့ကို ပိုက်လို့ ခေါ်ပါတယ်။ ကောင်းပြီလေ … ကျုပ်ကိုလည်း ဂိုရင်လို့ပဲ ခေါ်ပေါ့။

အယ်လန်က သူတို့နှစ်ယောက်ကို ကြည့်ရင်း …

'ပိုက်နဲ့ ဂိုရင် … အင်း … မဆိုးဘူးဗျ၊ ခေါ်လို့ကောင်းသားပဲ၊ ခင်ဗျားတို့ နှစ်ယောက် အတူတူတွဲပြီး စီးပွားရေးလုပ်ဦးမလို့လား'လို့ မေးလိုက်တယ်။ ပိုက်က ပြန်ပြောတယ်။ စုံထောက်မှူးကြီးတစ်ယောက်နဲ့ အစုစပ် ကုမ္ပဏီထောင်ရင် ပြည်တွင်းအခွန်ဌာနက အကောင်တွေ ဘာပြောမယ်မှန်း မသိဘူးတဲ့။ ဘာပဲဖြစ်ဖြစ် ခုလို အကြံပေးတဲ့အတွက် အယ်လန့်ကို ကျေးဇူး တင်တယ်တဲ့။

သာသာယာယာ စကားဝိုင်းဟာ ဘန်နီနဲ့ အလုကလေး၊ ဂျူးလီးယပ်နဲ့ ဘော်ဆီတို့ ပြန်ရောက်လာတော့ တစ်ယောက်တစ်ပေါက် ဝင်ပြောရင်း ပျော် စရာကြီး ဖြစ်လာတယ်။

ဝရန်တာစကားဝိုင်းက ပုဂ္ဂိုလ်တွေအတွက် အယ်လန်နဲ့ ဆင်မဆွန်ညာက ကပြဖျော်ဖြေ အသုံးတော်ခံသေးတယ်။ ဂျူးလီးယပ်ကတော့ သူ့ကို မဖမ်းတော့ဘူးဆိုတာ ကြားတော့ ဝမ်းသာလုံးဆို့ပြီး မုတ်ဆိတ်ပြေးရိတ်နေတယ်။ အမလေး … တစ်သက်လုံး အပြစ်ရှိရာက ခုချက်ချင်း အပြစ်မဲ့ သွားတာ။ ဟေဟေ့ … ပျော်လိုက်တာလို့ သီချင်းလုပ်ဆိုနေတယ်။

အပျော်တွေကူးစက်နေတဲ့ ဘော်စီက ဟန်ဂေရီ ရှန်ပိန်ကို ဖောက်ပြီး

ဂုဏ်ပြုတယ်။ အေရွှန်ဆန်လည်း ပျော်ပျော်ကြီးသောက်တာပေါ့။ သောက်ရင်း၊ သောက်ရင်း၊ သောက်ရင်း၊ သောက်ရင်းနဲ့ တည်လို့မရလောက်အောင် မူးရော။ ဒုက္ခပဲ ... ဖော့ခ်ကိုပင်းက စင်ထရယ်ဟိုတယ်ကို ဘယ်လို ကားမောင်းပြန် ရမလဲ။ မပူပါနဲ့လေ။ ဖြစ်လုဖြစ်ခင်ပညာရှင် ဘန်နီ ရှိတယ်။ သုရာကို ရာသက်ပန် ရှောင်ကြဉ်သူဟာ အယ်လန့်အလိုအရ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရန်သူဖြစ်ချင် ဖြစ်မယ်။ ဒါပေမဲ့ မောင်မူးများ သယ်ယူပို့ဆောင်ရေးအတွက်တော့ အသုံးကျသလေ။ ကဲ ... စုံထောက်ကြီး စိတ်ချလက်ချသာ သောက်တော်မူ။ ဟိုတယ်ကို ဘေးမသီ ရန်မခ ပြန်ကြွစေရမယ်။

မစွမ်းရင်းက ရှိနေတဲ့ စုံထောက်ကြီးဟာ နှစ်ခါ မတိုက်တွန်းရဘူး။ ဒီလို သိုက်သိုက်မြိုက်မြိုက် အပေါင်းနဲ့အသင်းနဲ့ စုဝေးညီလာမခံရတာ ဘယ်လောက်ကြာမှန်းတောင် မသိတဲ့အတွက် အင်မတန်ပျော်၊ အင်မတန် သောက်တော့တယ်။ ကဲကဲ ... ခင်ဗျားတို့အားလုံး အပြစ်ကင်းစင်ကြောင်း အထိမ်းအမှတ် တစ်ခွက်ချကြစို့၊ အဲ ... နှစ်ခွက်ဆိုလည်း ဖြစ်တယ်။ ဒီလိုနဲ့ နှစ်နာရီလောက်ကြာတော့ စုံထောက်ကြီးရဲ့ဖုန်း မြည်လာပြန်တယ်။ ရာနီလစ် ဆက်တာပဲ။ သတင်းစာရှင်းလင်းပွဲမှာ အီဆိမ့်လာတဲ့အကြောင်း ပြောပြတယ်။ အယ်လန်ကားလ်ဆန်တို့အုပ်စုမှာ အပြစ်ကင်းစင်ကြောင်း တရားဝင် ကြေညာလိုက်ရတယ်တဲ့။ ခုမှတော့ ပြန်ဆုတ်လို့ မရတော့ဘူးတဲ့။ နောက် နှစ်ဆယ့်လေးနာရီအတွင်း ဖြစ်ကြောင်းကုန်စင်ကို သိမှ ဖြစ်မယ်တဲ့။ မနက်ဖြန် ညနေသုံးနာရီ သတင်းစာရှင်းလင်းပွဲ ထပ်လုပ်ရမယ် တဲ့။

'ဒါဆို ခင်ဗျားကြီး အီးပေလာတာပေါ့'

မူးနေတဲ့ စုံထောက်ကြီးက မခန့်လေးစား ပြောလိုက်တယ်။ ဆွဲချကြီး ကတော့

ဂရုမစိုက်နိုင်ဘူး။

'ခင်ဗျား ကူညီမှဖြစ်မယ် ဂိုရင်'

'ဟုတ်လား ဘယ်လိုကူညီရမလဲ အလောင်းတွေကို မြေကြောရှုံ့ပြီး ဆွီဒင်
ပြန်ရောက်စေလို့ မနောနဲ့ အမိန့်ပေးရမလား၊ ဒါမှမဟုတ် သေပြီပြောပြီး
မသေတဲ့လူတွေကို လိုက်သတ်ပေးရမလား'

သူလည်း ဒါကို စဉ်းစားပါတယ်တဲ့။ နောက်ဆုံးကြံရာမရရင်တော့ လုပ်သင့်
လုပ်ရမယ်ပေါ့တဲ့။ ဒါ အသာထားဦး။ မနက်ဖြန် မနက်ကို အယ်လန်တို့ဆီ သူ
လာမယ်။ မေးစရာရှိတာ မေးမယ်။ ပြီးရင် အပြစ်မဲ့လူ လေးယောက်အပေါ်
ကျူးလွန်မိတာတွေကို ဆိုဒါမန်းလန်း ရဲအဖွဲ့အစား သူ တောင်းပန်မယ်။

'ဘာ ... ဆိုဒါမန်းလန်း ရဲအဖွဲ့အစား ... ဟုတ်လား'

'အင်း ... ဒါမှမဟုတ်လည်း ကျုပ်အတွက်ပဲ ကျုပ်တောင်းပန်ပါ့မယ်'

'ဟုတ်ပြီ ... ဟုတ်ပြီ ... နားလည်ပြီ၊ အသက်ပြင်းပြင်း ရှူသွင်းလိုက် ကွန်နီ၊
ခဏနေရင် ပြန်ခေါ်မယ်'

စုံထောက်ကြီးဟာ သူ့အပေါင်းအသင်းသစ်တွေဘက်လှည့်ရင်း ခုပဲ
သတင်းစာရှင်းလင်းပွဲမှာ အယ်လန်နဲ့တကွ အခြားသူတွေ အားလုံးအပြစ်ဆိုလို့
ရွေးစေ့လောက်တောင် မရှိတဲ့အကြောင်း တရားဝင်ကြေညာပြီးပြီ ဆိုတဲ့ သတင်းကို
ပြောလိုက်တယ်။ မနက်ဖြန်ကို ရှေ့နေကြီး လာလည်မယ်ဆိုတဲ့ အကြောင်းလည်း
တစ်ခါတည်းပြောလိုက်တယ်။

အလှကလေးကတော့ ခြေကားယား လက်ကားယားနဲ့ ဝင်ပြောတယ်။
ရှေ့နေကြီးလာရင် အသေးစိတ်အကြောင်းတွေ အားလုံး လျှောက်ပြောလို့
ဘယ်ဖြစ်မလဲတဲ့။ ဟုတ်တာပေါ့။ ထောက်ခံတယ်။ ဂျူးလီးယပ်က အပြတ်

ထောက်ခံတယ်။ အပြစ်မဲ့တယ်လို့ ပြောထားပြီး နှစ်ဆယ့်လေးနာရီအတွင်း အပြစ်ပြန်ရှိပြန်တယ်ဆို ဘယ်ကောင်းပါ့မလဲ။

အယ်လန်က ပြောတယ်။ ဒီအကြောင်း မီဒီယာတွေသိသွားရင် အချိန် ရှိသရွေ့ လိုက်နှိပ်စက်နေတော့မှာတဲ့။ ရှေ့နေကြီးကို ပြောတာနဲ့ မီဒီယာတွေကို ပြောတာ ဘယ်ဟာ ပိုကောင်းမလဲ စဉ်းစားကြတဲ့။ ရှေ့နေကြီးကို ပြောဖို့ အကြောင်းတွေ စဉ်းစားဖို့ တစ်ညနေလုံး အချိန်ရှိသေးတာပဲတဲ့။

စုံထောက်ကြီးကတော့ သူတို့ပြောတာတွေ ဘာမှ မကြားချင်ဘူး။ ဒါကြောင့် ထိုင်ရာကထရင်း သူ့ရှေ့မှာ မပြောကြနဲ့ဦးလို့ သတိပေးပြီး ပြန်ဖို့ ပြင်တယ်။ ဘန်နီက ကားမောင်းပြီး လိုက်ပို့တယ်။ ကားပေါ်ရောက်တော့ ရာနီလစ်ဆီ ဖုန်းဆက်ပြီး မနက်ဖြန် ဆယ်နာရီလာခဲ့ဖို့ ချိန်းလိုက်တယ်။ မနက်ဖြန်ကျရင် ကားမယူလာတော့ဘူး။ တက္ကစီနဲ့ လာမယ်။ ဘူဂေးလ်ရီးယား ရှန်ပိန်လေး သောက်ဦးမယ်။ ဘာ ... မဟုတ်ဘူးလား။ ဟန်ဂေရီ ရှန်ပိန်လား။အင်းလေ ... ဘာရှန်ပိန်ဖြစ်ဖြစ် ကိစ္စမရှိပါဘူး။

ကားနောက်ခန်းမှာ စုံထောက်ကြီး ပိုးလိုးပက်လက်လန် ပါသွားတယ်။ ပါးစပ်ကလည်း ဆွီဒင်ကဗျာဆရာ ကားလ်မိုက်ကယ်ဘဲလ်မန်းရဲ့ 'အပေါင်း အသင်းများနဲ့ ဟန်ဂေရီဝိုင်' ဆိုတဲ့ ကဗျာကို မပီမသရွတ်နေတယ်။ စာပေ ပညာရှင် ဖြစ်လုဖြစ်ခင် ဘန်နီက ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံနေတယ်။ အဲဒီအချိန်မှာ ဘော်ဆီက အကြံရပြီး ကုန်းအော်လိုက်တယ်။

'စုံထောက်ကြီး မနက်ဖြန်နော်၊ ဟုတ်ပြီ၊ ယောဟန် ၈း၇ ကွ၊ ယောဟန် ၈း၇'

(၂၅)

၂၀၀၅၊ မေ ၂၇၊ သောကြာ။

အက်စကီတူးနားကနေ ဖော့ခ်ကိုပင်းထိ လာရတဲ့ခရီးဟာ အချိန် အတော်ယူတယ်။ တစ်ညလုံး ကောင်းကောင်းအိပ်မပျော်တဲ့ ဆွဲချရှေ့နေ ကွန်နီ ရာနီလစ်ဟာ ဘဲလ်ရင်းဂါးယာခင်းကို ဆယ်နာရီရောက်ဖို့အရေး အရုဏ်မတက်ခင် ထလာရတယ်။ ပြီးတော့လည်း တစ်နာရီထက် ပိုနေနိုင်မှာ မဟုတ်ဘူး။ ညနေသုံးနာရီ သတင်းစာရှင်းလင်းပွဲအရောက် ပြန်ပြေးရမှာလေ။

ကားမောင်းနေရင်း သူ့အဖြစ်ကို ပြန်တွေးပြီး မျက်ရည်လည်မတတ် ဖြစ်ရတယ်။ တရားဥပဒေ၏ မဟာအောင်ပွဲတဲ့လား။ ဒီကမ္ဘာပေါ်မှာ တရားမျှတမှုသာ တကယ်ရှိခဲ့မယ်ဆိုရင် အဲဒီယာခင်းကို မိုးကြိုးပစ်ချပြီး အကုန် လောင်မီးကျ သေကြပါစေ။ ဒါမှ သတင်းစာရှင်းလင်းပွဲ ရောက်ရင် သူ ပြောချင်တာ ပြောလို့ရမယ်။

ညက အိပ်ရာဝင်နောက်ကျလို့ စုံထောက်ကြီး အေရွှန်ဆန်ဟာ မနက် ကိုးနာရီမှ နိုးလာတယ်။ မနေ့ကကိစ္စကို ပြန်တွေးရင်း နောင်တတွေ တနုံ့နုံ့ ရနေတယ်။ သူတို့တစ်တွေ ရှေ့နေကြီး ရာနီလစ်ကို ဖြီးဖို့ ကြံနေကြတာ သေချာတယ်။ မနေ့ညနေက အပြန်မှာ ယောဟန် ၈း၇ ဆိုလား၊ ကြားလိုက်တယ်။ ဒါကြောင့် ဟိုတယ်ခန်းပြန်ရောက်တော့ သမ္မာကျမ်းကို ကောက်ကိုင် လိုက်တယ်။ နောက်နှစ်နာရီလုံးလုံး ဟိုတယ်ဘားခန်းထဲထိုင်ရင်း ဂျင်နဲ့ တောနစ်သောက်လိုက်၊ သမ္မာကျမ်းဖတ်လိုက်၊ ဂျင်နဲ့ တောနစ်သောက်လိုက်၊ ဂျင်နဲ့ တောနစ် ထပ်သောက်လိုက် လုပ်နေခဲ့တယ်။

ဖာရိရှဲများက မှားယွင်းသောအမှုကို ပြုလျက်နေသော မိန်းမ တစ်ဦးကို သခင်ယေရှုထံခေါ်ပြီး သူမကို ကျောက်ခဲဖြင့် ပစ်သတ်မလား ဟု မေးသောအခါ

သခင်ယေရှုက ‘သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေးဦးစွာ ကျောက်ခဲနှင့်ပစ်စေ’ဟု ပြောခဲ့သည်။

(ယောဟန် ၈း၇)

အင်း … တစ်ခုခုတော့ တစ်ခုခုပဲ။ ဝါရင့်စုံထောက်ကြီး အေရွှန်ဆန် အဖို့ ကလိမ်ကကျစ်နံ့တွေ နှာခေါင်းထဲမှာ အနံ့ရနေပြီ။ ဒါပေမဲ့ ကားလ်ဆန်၊ ဂျွန်ဆင်၊ ယွန်းဘတ်နဲ့ ဗျော့ယွန်းတို့အားလုံး အပြစ်ကင်းစင်ပါတယ်လို့ မနေ့က ဆွဲချရှေ့နေကြီးကိုယ်တိုင် တရားဝင် ကြေညာပြီးမှ သူက ဘယ်သူ့ကို အပြစ်ရှိတယ်လို့ စွပ်စွဲရဦးမှာလဲ။ ဘယ်သူ့ကို ကျောက်ခဲနဲ့ အရင်ပစ်ခိုင်းရမလဲ။

သေချင်းဆိုးကြီး၊ မသာကြီး ရာနီလစ် သက်သက်မဲ့ စောက်လုပ်ရှုပ်အောင် လုပ်တာ။ ဒင်းထိုက်နဲ့ ဒင်းကံ ခံကွာလို့ ကျိန်ဆဲရင်း မနက်စာစားဖို့ အခန်းထဲက ထွက်၊ မနက်စာစားရင်း သတင်းစာ ဖတ်၊ သတင်းစာ နှစ်စောင်လုံးမှာ ဆွဲချရှေ့နေကြီးရဲ့ အပြောင်းအလဲမြန်ပုံကို သက်ာမကင်းတဲ့ပုံမျိုး ရေးထား။ ကဲ … ရာနီလစ်ရေ ပြေလည်အောင်သာ ရှင်းပေတော့။

စုံထောက်ကြီးဟာ တက္ကစီငှားလိုက်ပြီး ဘဲလ်ရင်းဂါးကို မနက် ကိုးနာရီ ငါးဆယ့်တစ်မိနစ်မှာ ရောက်လာတယ်။ ရှေ့နေကြီး မရောက်ခင် သုံးမိနစ် အလိုပေါ့။

ရှေ့နေကြီး ဆုတောင်းသလို မိုးကြိုးလောင်မီး မကျပေမဲ့ မိုးအုံ့ပြီး အေးစိမ့်နေတယ်။ ယာခင်းထဲက အုပ်စုကတော့ တွေ့ဆုံပွဲကို မီးဖိုခန်းမှာလုပ်ဖို့ ကြံနေကြတယ်။ မနေ့ညနေက အားလုံး ဒူးတိုက်ဆွေးနွေးပြီး ရှေ့နေကြီးကို အပီအပြင်လှည့်ဖို့ သဘောတူပြီးကြပြီ။ မနက်စာစားရင်း အစမ်းတောင် လေ့ကျင့်ပြီးကြပြီ။ အတော်ခက်တာပဲ။ ဒီလေ့ကျင့်မှုကနေ အမှန်တရားဟာ

အမြဲတမ်း ပိုလွယ်တယ်ဆိုတဲ့ သင်ခန်းစာကြီးတောင် ရပြီးကြပြီ။ ဒါကြောင့် လုပ်မယ်ဆို ညီစေနော်၊ ညီကြသလားဟေ့၊ ညီပ့ါ ညီပ့ါ။

စုံထောက်ကြီး အေရွန်ဆန်နဲ့ ရှေ့နေကြီး ရာနီလစ်တို့ မီးဖိုခန်းထဲ ဝင်လာချိန်မှာ သူတို့ အစမ်းလေ့ကျင့်မှုပြီးခါစ။ ကဲ … တွေ့ကြပြီ။ ရှေ့နေကြီး က နိဒါန်းစကား ဒီလို ကျူးရင့်လိုက်တယ်။

'အဲ … အဲ … ခုလို ကျွန်တော့်ကို လာခွင့်ပေးလို့ ကျေးဇူးတင်ပါသဗျာ၊ အဲ … အမှုလိုက် ရှေ့နေရုံးကိုယ်စား ခင်ဗျားတို့အားလုံးကို ဝရမ်းထုတ်ခဲ့မိတဲ့ အတွက် တောင်းပန်ပါတယ်၊ တကယ့်အဖြစ်မှန်က ဘယ်လိုလဲဆိုတာ ကျွန်တော့်ကို ပြောပြကြပါ၊ ဒီအမှုမှာ မစ္စတာကားလ်ဆန် လူအိုရဲ့ ပြတင်းပေါက်ကနေ ကျော်ချရာက စတယ်ဆိုတဲ့အတွက် မစ္စတာကားလ်ဆန်ကပဲ စပြောပေးပါခင်ဗျ'

'ကောင်းပါတယ်၊ အရင်ပြောရတော့ အရင် ပျော်ရတာပေ့ါ'

'မစ္စတာဆွဲချရှေ့နေကြီး ခင်ဗျား၊ ကျွန်တော်က အိုလှပြီဆိုပေမဲ့ သိပ်တော့ မမေ့တတ်သေးဘူးဗျ၊ ပြတင်းပေါက်က ကျော်ချတာလောက်တော့ မှတ်မိပါတယ်၊ ဟုတ်ကဲ့ … ကျွန်တော် ကျော်ချခဲ့တယ် ခင်ဗျာ၊ ဒါကလည်း အင်မတန်ကောင်းတဲ့ အကြောင်းပြချက်ကြောင့်ပါ၊ ကျွန်တော့် ချစ်ဆွေကြီး ဂျူးလီးယပ်ဂွန်ဆင်နဲ့ မတွေ့တာ ကြာ … ကြာလှပေ့ါ၊ အဲ … သူနဲ့သွားတွေ့မယ်ဆိုတော့ ဗော့ဒကာတစ်ပုလင်းလောက်တော့ ပါသင့်တာပေ့ါ၊ ဒါနဲ့ ပုံမှန် ပေါက်ဈေးထက် ဈေးတစ်ဝက်လောက် သက်သာတဲ့ဆိုင်မှာ ဝယ်တယ်၊ ဆိုင်ရှင်နာမည်တော့ မသိချင်ပါနဲ့ဗျာ၊ ဗော့ဒကာပုလင်းကို အခန်းထဲမှာ ဝှက်လို့မရဘူးဗျ၊ ညွှန်မှူး အဲလစ်ဆိုတဲ့ဟာမကြီးက သိပ်အနံ့ခံကောင်းတာ၊ ဒါနဲ့ ပြတင်းပေါက်လေး ဖွင့်ထားရင်း၊ အဲဒီနေ့က ကျွန်တော့်အသက် တစ်ရာပြည့် မွေးနေ့လေ

သိတယ်မဟုတ်လား’

ရှေ့နေကြီးဟာ နားထောင်ရင်း စဉ်းစားနေတယ်။ ဒီအဘိုးကြီး ပြောနေ တာ အရှည်ကြီးပေမဲ့ ဘာမှလည်း မည်မည်ရရ မပါဘူး။ နောက်တစ်နာရီဆို ပြန်ရတော့မှာ။

‘ကျေးဇူးတင်ပါတယ် မစ္စတာကားလ်ဆန်၊ ကျွန်တော့်မှာ အချိန်မရှိလို့ ကြားဖြတ်မေးပါရစေ၊ ဘတ်စ်ကားဝင်းထဲမှာ မင်းတုံးဆိုသူနဲ့ ဘယ်လို တွေ့တာလဲ ခင်ဗျ’

‘သြော် … အင်း … အင်း … ဟုတ်ပြီ၊ ဒီက ပါဂန်နာက ဂျူးလီးယပ်ဆီ ဖုန်းဆက်၊ ဂျူးလီးယပ်က ကျွန်တော့်ဆီ ဖုန်းဆက်တယ်၊ ဂျူးလီးယပ်ရဲ့ အပြောအရ ပါဂန်နာဟာ ဒီ သမ္မာကျမ်းစာအုပ်တွေ ပို့ဆောင်ဖို့ကိစ္စမှာ ကျွန် တော့်ကို ကြီးကြပ်စေချင်တာတဲ့ဗျ၊ အဲ … ဘယ်လိုလဲဆိုတော့ အင်း … မလုပ် ချင်ဘူးလို့လည်း မပြောချင်ဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က … က …’

‘ဘယ်လို … သမ္မာကျမ်းစာအုပ်တွေ၊ ဟုတ်လား …’

ဒီနေရာရောက်တော့ ဘန်နီက အံ့ဝင်ခွင်ကျ ဝင်ပြောတယ်။

‘မစ္စတာဆွဲချကြီးခင်ဗျား ကျွန်တော် နည်းနည်းပြောချင်ပါတယ်၊ ဒါမှ လည်း ကျောထောက်နောက်ခံ အကြောင်းရင်းကို သေချာသိမယ်ကိုး ခင်ဗျ’

‘ဟုတ်ကဲ့ … ဟုတ်ကဲ့၊ ပြောပါ … ပြောပါ’

‘ဒီလိုပါ၊ ဘိုင်ရင့်ချ် ဘူတာရုံဟောင်းမှာနေတဲ့ ဟောဒီက ဂျူးလီးယပ်နဲ့ အယ်လန်တို့ဟာ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေများပေါ့၊ သူတို့နှစ်ယောက် စလုံးဟာ ဒီဘက်က ပါဂန်နာနဲ့လည်း မိတ်ဆွေပေါ့ခင်ဗျ၊ မစ္စတာဆွဲချကြီး သေပြီထင်နေတဲ့ ပါဂန်နာလေ၊ အဲ … သူက ကျွန်တော့်မိတ်ဆွေဖြစ်သလို ကျွန်တော့်အစ်ကို

ဘော်ဆီရဲ့မိတ်ဆွေလည်း ဖြစ်တယ်၊ အဲ ... ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ ဂါနီလာနဲ့လည်း မိတ်ဆွေပါပဲ၊ အဲ ... ဂါနီလာက သမ္မာကျမ်း ပညာရှင်လေ၊ သမ္မာကျမ်းစာတွေရောင်းတဲ့ ကျွန်တော့်အစ်ကို ဘော်ဆီလည်း အတူတူပဲ၊ ပါဂန်နာလည်း အတူတူပဲပေါ့ ခင်ဗျ'

လက်ထဲမှာ ဖောင်တိန်အသင့်ကိုင်ပြီး ရေးဖို့မှတ်ဖို့ စောင့်နေပေမဲ့ ခုထိ ဆွဲချကြီးခမျာ ဘာတစ်လုံးမှ မရေးနိုင်သေးဘူး။

'သမ္မာကျမ်းပညာရှင် ... ဟုတ်လား'

'ဟုတ်တယ်လေ၊ သမ္မာကျမ်းကို အနက်ဖွင့်ပေးရတာပေါ့ရှင့်' အလှကလေးက ဝင်ပြောတယ်။

ဘယ်လို ... သမ္မာကျမ်းကို အနက်ဖွင့်ပေးတဲ့ ပညာရှင်၊ ဟုတ်လား။ မနေ့ညနေကတော့ တစ်ချိန်လုံး ပါးစပ်က အယုတ္တ အနတ္တတွေချည်း ထွက်နေ တဲ့ မိန်းမက သမ္မာကျမ်းကို အနက်ဖွင့်ပေးသတဲ့။ စုံထောက်ကြီးက တွေးနေ တယ်။ ဘာမှတော့ ဝင်မပြောဘူး။ ရာနီလစ်ဆိုတဲ့ နွားကြီး ဖြစ်ချင်တာ ဖြစ်ပေ့စေ။

'သမ္မာကျမ်းပညာရှင် ... အင်း ... အင်း ... ထားပါတော့လေ၊ ဒါဆို ခရီးဆောင်အိတ်ကြီးနဲ့ မင်းတုံးတို့အကြောင်း ပြောပါဦး'

ကဲ ... ခု အလှည့်ကျတော့ မန္တဲ့စတမ်း အသုံးတော်ခံရမယ့်လူကတော့ ပါဂန်နာ ပိုက် ဂါဒင်ပေါ့။

'ကျွန်တော် ပြောလို့ရမလား၊ မစ္စတာဆွဲချ ခင်ဗျား'

'ရတာပေါ့၊ ဒီအမှုမှာ သဲလွန်စတစ်ခုခုသာ ပေးနိုင်မယ်ဆိုရင် စေတန် မာရ်နတ်လည်း ပြောလို့ရတယ်'

'အို ... ရှေ့နေကြီး စကားအသုံးအနှုန်းကို ဆင်ခြင်ပါရှင်'

အလှကလေးက မျက်နှာထိ မျက်နှာထားနဲ့ ဝင်ဟောက်တယ်။ ခုတော့
စုံထောက်ကြီး သိလိုက်ပါပြီ။ ဒီအဖွဲ့ဟာ ရှေ့နေကြီးကို အဆုံးစွန် လှည့်စား နေပြီ
ဆိုတာကိုပေါ့။ ပါဂန်နာက မချိပြုံးလေး ပြုံးရင်း ...

'ရပါတယ်ဗျာ၊ ပြောပါစေ၊ ဘုရားသခင်နဲ့တွေ့ပြီးနောက်မှာ ကျွန်တော်
ကိုယ့်ကိုယ်ကိုယ် မကောင်းဆိုးဝါးလို့ မခံယူတော့ပါဘူး၊ မစ္စတာရှေ့နေကြီး လည်း
သိမှာပါ၊ ကျွန်တော် ပြန်လမ်းမရှိဆိုတဲ့ ဂိုဏ်းကို ဖွဲ့ခဲ့တာ မှန်တယ်၊
မူလရည်ရွယ်ချက်က အဖွဲ့ဝင်တွေ နောက်ဘယ်သောအခါမှ ထောင်ထဲ ပြန်
မဝင်ရစေဖို့ ရည်ရွယ်ခဲ့ပေမဲ့ နောက်ပိုင်းကျတော့ ရည်ရွယ်ချက်က ပြောင်း
လာတယ်၊ ဥပဒေကိုချိုးဖောက်ဖို့ ဖြစ်လာတယ်၊ ဒါပေမဲ့ ကောင်းကင်ဘုံရဲ့
ဥပဒေကိုတော့ မချိုးဖောက်စကောင်းဘူးလေ ... နော့ဗျာ ...'

'ဩ ... ဒါကြောင့် မင်းတုံးဆိုတဲ့အကောင် ကားလက်မှတ်ရောင်းကို ရိုက်ပြီး
ကားဒရိုင်ဘာနဲ့ ကားကို ပြန်ပေးဆွဲတာပေါ့၊ ဟုတ်စ ...'

'အို ... ချစ်လှစွာသော မစ္စတာဆွဲချကြီးရယ်၊ ဆရာ့စကားမှာ သရော်
လှောင်ပြောင်သံအပြည့် ပါတယ်ဆိုတာ ကျွန်တော် ခံစားမိပါတယ် ခင်ဗျာ၊
ကျွန်တော်က ဘုရား တရားရဲ့ အလင်းရောင်ကို တွေ့ခဲ့ပြီဆိုပေမဲ့ ကျွန်တော့်
တပည့်များကတော့ မတူဘူးလေ၊ တပည့်တစ်ယောက်ကတော့ အမြင်မှန်ရလို့
တောင်အမေရိကကို သာသနာပြုခရီး ထွက်သွားခဲ့ပြီ၊ ကျန်တပည့်နှစ်ယောက်
ကတော့ ကံမကောင်းရှာဘူး ခင်ဗျာ၊ အပ်ပ်ဆာလာကနေ ဖော့ခ်ကိုပင်းထိ
လမ်းတစ်လျှောက်က တစ်ပြည်လုံးမှာ အဆိုးဆုံး မိုက်ခဲတွေကို သမ္မာကျမ်း တွေ
ဖြန့်ဖြူးပြီး ဆုံးမပဲ့ပြင်မယ်လို့ ရည်မှန်းခဲ့တာ၊ ကျွန်တော့်စကား ရိုင်းသွားရင်
ခွင့်လွှတ်တော်မူပါ မစ္စတာရှေ့နေကြီး ခင်ဗျာ'

ခုချိန်ထိ ငြိမ်ပြီး ဘာတစ်ခွန်းမှ ဝင်မပြောသေးတဲ့ ဘော်ဆီဟာ ဒီနေရာ အရောက်မှာ မီးခိုးရောင် ဇရာမအိတ်ကြီးကို မချလာပြီး စားပွဲပေါ်တင် ဖွင့်ချ လိုက်တယ်။ အနက်ရောင်သားရေဖုံး၊ ရွှေစာလုံးနဲ့ သမ္မာကျမ်းစာအုပ်တွေဟာ အိတ်ထဲမှာ အစီအရီ။ သူ စကားပြောပြီ။

'မစ္စတာ ရှေ့နေကြီးရေ … ကြုံတုန်းလေး သမ္မာကျမ်းတစ်အုပ်လောက် လက်ဆောင်ပေးလိုက်ပါရစေနော်၊ အားလုံးအတွက် အလင်းရောင် မျှဝေ ပါရစေ ခင်ဗျာ'

ဘော်ဆီကတော့ သူများတွေလို ဖြီးတာမဟုတ်ဘူး။ စိတ်ထဲရှိတာ အမှန်အတိုင်း ပြောတာ။ ရှေ့နေကြီးလည်း အယောင်ယောင် အကမ်းကမ်းနဲ့ သမ္မာကျမ်းကို လှမ်းယူလိုက်တယ်။ အမလေးနော် … ခုချက်ချင်း ဘုရားသခင် ရဲ့ ကယ်တင်ခြင်းခံရရင် ဘယ်လောက် ကောင်းလိမ့်မလဲ။ သူက ပြောလိုက် တယ်။

'ကဲ … ကဲ … ဆက်ပြောကြပါဦး၊ ဒီ စောက်အိတ်ကြီးက မန်ကိုပင်းမှာ ဘာဖြစ်သွားတာလဲ'

'ရှေ့နေကြီး မဆဲပါနဲ့၊ စကားကို ဆင်ခြင်ပြောပါ'

အလှကလေးက ဝင်ပြီး ဆုံးမသွန်သင်တယ်။ အယ်လန်က ပြောပြန် တယ်။

'အဲ … ခု ကျုပ်အလှည့် ပြန်ရောက်ပြီထင်တယ်။ အင်း … ခုနကပြောခဲ့သလို ကားဝင်းကို ရောက်တယ်၊ အဲ … အဲ … မှန်းထားတာထက် နည်းနည်း စောရောက်တယ်၊ ဂျူးလီးယပ်ကလည်း စောစောသွား ဆိုတာကိုး၊ အင်း … အဲဒီမှာ ဟိုလေ … ဘယ်ရောက်သွားပါလိမ့်၊ သြော် … ပါဂန်နာက စတော့ ဟုမ်းကနေပြီး မစ္စတာမင်းတုံးကို ဖုန်းဆက်ညွှန်ကြားထားလေတော့၊ အင်း … မစ္စတာဆွဲချကြီးရေ … စကားတွေ တောင်ရောက်မြောက်ရောက် ဖြစ်နေတာတော့ ခွင့်လွှတ်ခင်ဗျ၊

အသက်ကြီးရင် နည်းနည်းတော့ ပျက်စီးတာပဲကိုး၊ အေးလေ ... ခင်ဗျားကတော့ သိချင်မှသိမှာပေါ့၊ ခင်ဗျား ဘယ်လိုသောက် တတ်တယ်ဆိုတာ ကျွန်တော်မှ မသိဘဲကိုး၊ ဘာပဲဖြစ်ဖြစ်လေ၊ အင်း ... ဘယ်နားရောက်နေပြီလဲ မသိ၊ ပြောနေတာ၊ အဲ ... အဲ ... ဟုတ်ပြီ၊ ဗော့ဒကာ ဝင်လာရင် ဆင်ခြင်တုံတရားဆိုတာ ထွက်သွားရောလေဗျာ၊ အဲဒီတော့ အဲလို ဖြစ်တာပေါ့၊ ဒါကြောင့် ဘောလ်တစ်ပင်လယ်ပြင် မီတာနှစ်ရာအနက် ရေအောက်သွားနေတဲ့ ရေငုပ်သင်္ဘောပေါ်မှာ အဲသလိုတွေ ဖြစ်ကုန်တာပေါ့ ခင်ဗျ'

'အမလေး ... ဘာတွေတုံး၊ ဟာ ... ဘာတွေပြောနေတာလဲ၊ လိုရင်း ပြောစမ်းပါဗျာ'

'ရှေ့နေကြီး ... စကားပြောမရိုင်းနဲ့လေ'

ရှေ့နေကြီး ရာနီလစ်ဟာ မျက်ခုံးနှစ်ဖက်ကို လက်ထိပ်နဲ့နှိပ်ရင်း အသက် ပြင်းပြင်းရှူနေတယ်။ အယ်လန်က ဆက်ပြောတယ်။

'အဲ ... အဲ ... မစ္စတာမင်းတုံးက စတော့ဟုမ်းက မစ္စတာ ပါဂန်နာဆီ ဖုန်းဆက်ပြီး သမ္မာကျမ်းစာ ဖြန့်ဖြူးတဲ့အလုပ်ကို သူ ဆက်မလုပ်တော့ဘူးလို့ ပြောသတဲ့၊ အကြောင်းရင်းကတော့ သူ ပြင်သစ် လီဂျင်းတပ်ထဲ ဝင်မလို့တဲ့။ ကဲ ... ကဲ ... အရင်ဆုံး ထိုင်လိုက်ပါဦး ရှေ့နေကြီးရယ်၊ ပြောရမှာများတော့ မတ်တတ်ကြီးဆို ညောင်းနေမှာပေါ့၊ ဒါနဲ့ ... ဘယ်ရောက်သွားပါလိမ့်၊ ဩော် ... အင်း ... သိပြီ၊ မစ္စတာမင်းတုံးက မန်ကိုပင်းမြို့လယ် ရင်ပြင်မှာ သမ္မာ ကျမ်းစာအုပ်တွေကို ပုံပြီး မီးရှို့ပစ်ဖို့ ကြံထားသတဲ့လေ ...'

'ရှင့်အပြောအရဆို ဒီစောက်သမ္မာကျမ်းစုတ်တွေကို ကိစ္စတုံးပစ်မယ် ပေါ့လေ'

အလုကလေးက ဝင်ပြောလိုက်တယ်။

'အဲ ... ဒါကြောင့်မို့ အဲဒီကိစ္စကို သိပ်နောက်မကျခင် တားနိုင်ဖို့အတွက် မစ္စတာမင်းတုံးကို တွေ့ဖို့လိုတယ်၊ သူ့ဆီက အိတ်ကို ယူဖို့လိုတယ်၊ ပြဿနာ က အချိန်ပဲ၊ အချိန်က နည်းနေတယ်၊ တစ်ခါတလေမှာ ကိုယ်မျှော်လင့်တာ ထက်ကို အချိန်က ပိုနည်းတယ်၊ ဗိုလ်ချုပ်ကြီး ဖရန်ကိုဆို ကျုပ် မျက်စိရှေ့မှာပဲ ပေါက်ကွဲတဲ့ထဲ ပါတော့မလို့ သီသီလေး လွတ်သွားတာဗျ'

'ခင်ဗျာ ... ဗိုလ်ချုပ်ကြီးဖရန်ကိုက ဘယ်ကနေ ပါလာရပြန်တာတုံး'

'အင်း ... ရှေ့နေကြီး မြင်သာအောင် ကျုပ်က သာဓကပြတာပါ ခင်ဗျ'

'ဟုတ်ပါပြီ၊ အဲဒီ သမ္မာကျမ်းထည့်ထားတဲ့ အိတ်ကြီးက ဘာဆက်ဖြစ် သွားလဲ'

'အင်း ... တကယ်လို့ မစ္စတာမင်းတုံးက အဲဒီအိတ်ကြီးကို အသာတကြည် မပေးဘူးဆိုရင်လည်း သူ့ဆီက အတင်းအဓမ္မ လုယူဖို့ ကျုပ်မှာ ခွန်အားမရှိပါဘူး၊ တကယ်တော့လည်း ဒီနေရာမှာ ခွန်အားဟာ အဓိကတော့ မဟုတ်ပေဘူး မစ္စတာရှေ့နေကြီးရဲ့၊ လူတွေဟာ များသောအားဖြင့် ခွန်အားကို အဓိကထားနေကြတာဟာ လောကနိယာမ အမြင်အရဆို ... ဆို ...'

'ကဲ ... လိုရင်း ပြောတော်မူပါ မစ္စတာကားလ်ဆန် ခင်ဗျား'

'ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ တောင်းပန်ပါတယ်နော်၊ မစ္စတာမင်းတုံးဟာ အားလုံး စီစဉ်ပြီးကာမှ ဝမ်းသွားချင်လာပုံပဲ ခင်ဗျ၊ သူ ကားဝင်းထဲက အိမ်သာကို ပြေးလာတယ်၊ ကျွန်တော်ကလည်း တိုင်း၍ရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့် ဆိုသလို ဒါကို အခွင့်အရေးယူလိုက်တယ်၊ အိတ်ကိုယူ၊ ဘတ်စ်ကားပေါ်တက် ဘိုင်ရင့်ချ်မှာဆင်းပြီး ဂျူးလီ့ဆီ ရောက်လာတာပေါ့'

'ဘယ်လို ဂျူးလီ ဟုတ်လား'

'ဟုတ်သလေ ခင်မင်သူတွေ ဒီလိုခေါ်တယ်၊ ကျွန်တော့်ကို ဂျူးလီ၊

ဂျူးလီးယပ်ပါခင်ဗျ၊ တွေ့ရတာ ဝမ်းသာပါတယ်’

ဂျူးလီးယပ်က အချိန်ကိုက်ဝင်လာတယ်။

ရှေ့နေကြီးဟာ မှတ်စုစာအုပ်ထဲမှာ တကုပ်ကုပ်နဲ့ ရေးနေချွတ်နေတယ်။

ရေးထားတာတွေကို ဝိုင်းပြီး မျဉ်းကြောင်းတွေလည်း ဆွဲနေသေးတယ်။ ရုတ်တရက်

သူ အချက်တစ်ချက်ကို သတိရသွားတယ်။

‘ဒါပေမဲ့ ခင်ဗျား ဘတ်စ်ကားဒရိုင်ဘာကို ငါးဆယ်တန်တစ်ရွက်ပြပြီး

ငါးဆယ်ဖိုးစီးရင် ဘယ်ရောက်လဲလို့ မေးတယ်ဆို … ဒါဆို ခင်ဗျား

ဘိုင်ရင့်ချ်ကိုသွားဖို့ ရည်ရွယ်ရင်းရှိတယ်ဆိုတာနဲ့ မကိုက်ပါလား’

‘ဟာ … ဟ … ဘိုင်ရင့်ချ်ကိုသွားရင် ကားခ ဘယ်လောက်ကျတယ်ဆိုတာ

ကျုပ် ကောင်းကောင်းသိတာပေါ့၊ ပိုက်ဆံအိတ်ထဲမှာ ငါးဆယ်တန် စမ်းမိတော့

ဒရိုင်ဘာကို စချင်တာနဲ့ အဲသလိုလုပ်လိုက်တာ၊ ဘာဖြစ်လို့လဲ … အဲဒါ

တရားဥပဒေနဲ့ မညီညွတ်လို့လား ရှေ့နေကြီး ခင်ဗျ’

‘ကဲ … ဟုတ်ပါပြီ၊ နောက်တော့ ဘာဆက်ဖြစ်သလဲ’

‘အင်း … အတိုချုပ်ပြောရမယ်ဆို ဂျူးလီးယပ်နဲ့ ကျုပ် အင်မတန် သာယာတဲ့

ညနေခင်းလေးကို အတူတကွ ဖြတ်သန်းပြီးတဲ့အခါ မစ္စတာ မင်းတုံးက

ရောက်လာပြီး အကြမ်းဖက်ဖို့ ကြိုးစားလေရဲ့၊ အဲ … ကျုပ်တို့ကလည်း

ဖော့ဒကာချနေတုန်းဆိုတော့ …၊ မစ္စတာရှေ့နေကြီးကို ကျုပ် စောစောက

အစီရင်ခံခဲ့သလို ဖော့ဒကာဆိုတာမျိုးကလေ … ကဲပါ ရိုးရိုးသားသား ဝန်ခံပါ့မယ်၊

တစ်ပုလင်းတည်း မဟုတ်ဘူး၊ နှစ်ပုလင်း ခင်ဗျ၊ နှစ်ပုလင်း၊ ဖော့ဒကာမူးလာရင်း

မပြောသင့်တာတွေ၊ မဆိုသင့်တာတွေ အားလုံး တိုးလျှို ပေါက် တောက်လျှောက်

ပါးစပ်က ဒလဟောကျ ဆိုတော့ကာ … ရှေ့နေ ကြီးရယ် …’

'ဆက်ပြောပါ'

'အဲ ... ဗော့ဒကာနဲ့ သမင်သားရိုးစ်လည်း မြင်ရော မစ္စတာမင်းတုံးရဲ့
ဒေါသတွေ ငြိမ်းအေးသွားတယ်ခင်ဗျ၊ ဒီလိုနဲ့ ညဥ့်နက်လာတော့ သမ္မာကျမ်းတွေ
မီးရှို့ဖို့အကြံကို သူ စွန့်လွှတ်လိုက်တယ်၊ သေရည်သေရက်က ဒီနေရာမှာတော့
ကောင်းကျိုးပေးတယ် မဟုတ်လားခင်ဗျ မစ္စတာရှေ့နေကြီးရဲ့'

'ဆက်ပြောပါ'

'အဲ ... မနက်လည်း လင်းရော မစ္စတာမင်းတုံးဟာ အကြီးအကျယ်
အရက်နာကျပါလေရောလား၊ ကျုပ်လည်း ဖြစ်ခဲ့ဖူးပါတယ်၊ ၁၉၄၅ တုန်းက
စားပွဲခုံအောက်မှာ ဒုတိယသမ္မတ ထရူးမန်းနဲ့ နှစ်ယောက်သား တကွီလာ
ချတုန်းကပေါ့၊ ကံဆိုးချင်တော့ သမ္မတရုစဗဲ့က အဲဒီနေ့ပဲ ကွယ်လွန်ရှာတဲ့ အတွက်
ကျုပ်တို့ဝိုင်းကို စောစောသိမ်းလိုက်ရတယ်၊ မသိမ်းများ မသိမ်းရင် မစ္စတာ
မင်းတုံးထက်ဆိုးတဲ့ ဝေဒနာကို ခံစားရမှာ သေချာတယ်'

ဝင်မပြောဘူးလို့နေပေမဲ့ ဒီနေရာရောက်တော့ ရှေ့နေကြီးဟာ မနေနိုင်
တော့ဘူး။

'ခင်ဗျား ဘာတွေပြောနေတာလဲ၊ သမ္မတရုစဗဲ့ ကွယ်လွန်တဲ့နေ့မှာ
ဒုသမ္မတထရူးမန်းနဲ့အတူ ခင်ဗျားက တကွီလာ သောက်နေတယ်၊ ဟုတ်လား'

'အင်း ... အဲဒီအကြောင်းတွေ အသေးစိတ် နားမထောင်ချင်ဘူးဆို
မစ္စတာရှေ့နေကြီးပဲ ပြောပြီးတော့'

ရာနီလစ် ပါးစပ်ပိတ်နေရပြန်တယ်။

'အဲသလို အမူးလွန်၊ အရက်နာကျနေတဲ့အတွက် မစ္စတာမင်းတုံးဟာ
ကျွန်တော်တို့ အေကာကို ထရော်လီနဲ့သွားတော့ ဘာမှကို မကူညီနိုင်ဘူး ခင်ဗျ'

'နေပါဦး အဲဒီတုံးက သူ့မှာ ဖိနပ်တောင်မပါဘူးဆို အဲဒီကိစ္စလေး ပြောစမ်းပါဦး မစ္စတာ ကားလ်ဆန်'

'မစ္စတာရှေ့နေကြီးက အဲဒီနေ့မနက်က သူဖြစ်နေပုံကို မြင်မှမမြင်ဘဲ ခင်ဗျ၊ ဖိနပ်တင် မဟုတ်ဘူး၊ ဘာမှ မပါဘူး၊ အတွင်းခံဘောင်းဘီလေးနဲ့လေ'

'ဒါနဲ့ ခင်ဗျားဖိနပ်တွေ ဂျူးလီးယပ်ဂျွန်ဆင်ရဲ့ မီးဖိုခန်းထဲမှာ ကျန်ခဲ့တာကျတော့ရော'

'အင်း ... ဟုတ်တယ်၊ ဂျူးလီဆီက ဖိနပ်တစ်ရန် ငှားစီးလိုက်တယ်လေ၊ ခင်ဗျားလည်း ကျုပ်လို အသက်တစ်ရာရှိလာရင် ညှပ်ဖိနပ်နဲ့ အပြင်ထွက်မိတဲ့ အကြိမ်တွေ များလာမှာပဲ၊ စိတ်သာချ'

'အင်း ... ကျွန်တော် အဲသလောက် အသက်ရှည်မယ်လို့ မထင်ပေါင် ဗျာ၊ ကဲ ... ထားပါတော့၊ ထရော်လီပေါ်မှာ လူသေအလောင်းနဲ့ ရတယ်လို့ အနံ့ခံခွေးက အချက်ပြတဲ့ကိစ္စကို ဘယ်လိုရှင်းမလဲ'

'ရှေ့နေကြီးကပဲ ကျုပ်ကို ပြောပြပါလားဗျာ၊ အဲဒီထရော်လီပေါ်က နောက်ဆုံးဆင်းသွားတဲ့ လူဟာ မစ္စတာ မင်းတုံးလေ၊ နောက်တော့ ဂျဘူတီမှာ သူ သွားသေတယ်ဆိုတော့ ဖြစ်ကြောင်းရယ် ကုန်စင် သိချင်ရင် သူရှိတဲ့နေရာ လိုက်မေးမှ ရမှာပေါ့ခင်ဗျ၊ လူသေနံ့က ကျုပ်ဆီကများ ရနေတာလား၊ ဟင့်အင်း ... ကျုပ် မသေသေးပါဘူး၊ ဒါပေမဲ့ အိုရွဲနေပြီဆိုတာတော့ သေချာ တယ်၊ လူအိုတွေမှာများ မသာနံ့ထွက်တတ်သလား မသိ ....'

ရာနီလစ်ဟာ စိတ်မရှည်နိုင်အောင် ဖြစ်လာခဲ့ပြီ။ အမှုဖြစ်တဲ့ ၂၆ ရက် ကို ခု တစ်ရက်တောင် မပြီးသေးဘူး။ စောက်အဘိုးကြီးပါးစပ်က ထွက်သမျှ ကိုးဆယ့်ကိုးရာခိုင်နှုန်းဟာ အရည်မရ အဖတ်မရတွေချည်းပဲ။ ကဲလေ ...

ဆက်ပြောပေါ့။

'အဲ ... မစ္စတာ မင်းတုံး အိပ်ပျော်နေတုန်း ကျုပ်တို့ ထွက်လာခဲ့ကြတယ်၊ လမ်းလေးလျှောက်ရင်း ပါဂန်နာ့မိတ်ဆွေ ဘန်နီ ဖွင့်ထားတဲ့ ဟော့ဒေါ့ဆိုင်ကို ရောက်လာကြရော'

'ခင်ဗျားကရော ထောင်ကျဖူးတာလား'

ရှေ့နေကြီးက ဘန်နီ့ဘက်လှည့် မေးလိုက်တယ်။

'ဟင့်အင်း ... မကျဖူးပါဘူး၊ ကျွန်တော်က ရာဇဝတ်မှုဗေဒကို လေ့လာနေခဲ့တာ'

ဘန်နီက သေသေချာချာမှန်တဲ့ စကားပလ္လင်ခံပြီး ရာဇဝတ်ကောင်တွေ အကြောင်း လေ့လာဖို့ ထောင်ထဲ ကွင်းဆင်းတုန်းပါ။ ဂန်နာကို အင်တာဗျူး လုပ်မိလို့ အဲဒီကစ ခင်ခဲ့တာ၊ ဘာညာ သေသေချာချာ မမှန်တဲ့ လုပ်ဇာတ်ကို ကျကျနန ခင်းတော့တယ်။

ရှေ့နေကြီးဟာ ရေးရင်းနဲ့ ဆက်ပြော ဆက်ပြောလို့ စကားကြောင်း နေတယ်။ အယ်လန်အလှည့် ပြန်ရောက်ပြန်တယ်။

'မူလကတော့ ဘန်နီက ကျုပ်နဲ့ ဂျူးလီကို စတော့ဟုမ်းထိ ကားမောင်း ပို့ရင်း ပါဂန်နာ့ကို သမ္မာကျမ်းစာအိတ် ပေးဖို့ပဲ၊ ဒါပေမဲ့ သူက ကြုံတုန်းလေး စမာလန်ဘက်လှည့်ပြီး သူ့ချစ်သူ ဂန်နီလာနဲ့ တွေ့ချင်သေးသတဲ့'

အလှကလေးခေါ် ဂန်နီလာက ရာနီလစ်ဘက်လှည့်ရင်း ခေါင်းညိတ်ပြတယ်။ အယ်လန်က ဆက်ပြောတယ်။

'ဘန်နီက ပြောတယ်၊ ပါဂန်နာအကြောင်း သူ အသိဆုံးတဲ့၊ သူက စောင့်နိုင်ပါတယ်တဲ့၊ ဒါပေမဲ့ ထာဝရစောင့်ဖို့တော့ မဖြစ်နိုင်ဘူးမဟုတ်လား၊

တကယ်လို့ ယေရှုသခင်သာ ပြန်လည်ရှင်ပြန် ထမြောက်လာခဲ့ရင် သူ ရှင်ပြန် ထမြောက်လာမယ်လို့ ရေးထားတဲ့ အခန်းတွေကို ကျမ်းစာထဲက ဖြုတ်ပစ်ရမယ့် သဘောက ရှိနေသကိုးဗျ၊ အဲ ... အဲ ...'

'လိုရင်းကိုသာ ပြောပါဗျာ'

'ဒါပေါ့ ... ဒါပေါ့၊ လိုရင်းက အရေးကြီးတာပေါ့၊ လိုရင်းကိုမရောက်ရင် အများကြီး မှားသွားနိုင်တယ်ဆိုတာ ကျုပ်က သူများတွေထက် အများကြီး ပိုသိတာပေါ့၊ မန်ချူးရီးယားမှာတုန်းက မော်စီတုံးရှေ့ ရောက်နေတုန်း လိုရင်းသာ မပြောမိဘူးဆိုရင် အဲဒီအချိန်ကတည်းက ပစ်သတ်ခံရလို့ သေတာ ကြာပေါ့'

'အင်း ... အဲသလိုဖြစ်ခဲ့ရင် ခုလို အလုပ်ရှုပ်မှာမဟုတ်ဘူး'

'အဲ ... အဲ ... ကျုပ်တို့ စမာလန်မှာရှိနေတုန်းတော့ ယေရှုသခင် ပြန်ကြွ မလာလောက်ပါဘူးလို့ ဘန်နီက ပြောတယ်၊ ကျုပ် အတွေ့အကြုံအရ ဘန်နီ ပြောတာ မှန်လောက်တယ်လို့ စိတ်ထဲက ထောက်ခံမိ ... မိ ...'

'မစ္စတာကားလ်ဆန် ...'

'သြော် ... အင်းပါ၊ ဒါနဲ့ပဲ ပါဂန်နာကို အကြောင်းမကြားဘဲ စမာလန်ကို သွားလိုက်ကြတယ်၊ ဒါ အမှားပေါ့လေ'

'ဟုတ်တယ်ဗျ'

ခု ပါဂန်နာ ပိုက်ဂါဒင်အလှည့် ရောက်ပြီ။

'ကျွန်တော်က စောင့်နိုင်ပါတယ်၊ ဒါပေမဲ့ မင်းတုံးဆိုတဲ့ကောင်က စိတ်ချရတာ မဟုတ်ဘူး ရှေ့နေကြီးရဲ့၊ ပြန်လမ်းမရှိ ဂိုဏ်းက သာသနာ့ တမန်တော်အလုပ် လုပ်မယ်ဆိုတာကို ဒီကောင်က လုံးဝ မကြည်ဘူးလေ၊ ပြီးတော့ သတင်းစာထဲက သတင်းတွေဖတ်ရတော့ ဘာဖြစ်နေပြီလဲလို့ စိတ်ပူ လာတာပေါ့'

ဟုတ်တယ်။ ဒင်းပြောတာ ကြောင်းကျိုးညီညွတ်တယ်။ ထောက်ခံတယ်။ သူ ဘန်နီ့ဘက် လှည့်ပြန်တယ်။

'ရာပြည့်အဘိုးကြီး အဖမ်းခံရတဲ့သတင်းကို ဖတ်ရတော့ ခင်ဗျားက ဘာလို့ ရဲကို အကြောင်းမကြားတာလဲ'

'အင်း ... ကျွန်တော် အဲသလို တွေးပါသေးတယ်၊ ဒါပေမဲ့ အယ်လန်နဲ့ ဂျူးလီက လက်မခံဘူးခင်ဗျ၊ ဂျူးလီက ရဲနဲ့ မပတ်သက်ချင်သလို အယ်လန်က လည်း လူအိုရုံကို နည်းနည်းမှ မပြန်ချင်ဘူးတဲ့လေ'

'ဒါနဲ့ ... ခင်ဗျားက ဘာကြောင့် ရဲနဲ့ မပတ်သက်ချင်ရတာလဲ ဂျူးလီး ယပ်ရဲ့'

'ကျုပ်က ရဲကံ မကောင်းဘူးဗျ၊ ဒင်းတို့နဲ့တွေ့တိုင်း ပြဿနာတက် တယ်၊ စုံထောက်ကြီး အရွှန်ဆန်ကတော့ ခြွင်းချက်ပေါ့၊ ခင်ဗျားလည်း ပါပါ တယ် ရှေ့နေကြီးရဲ့၊ ဒါနဲ့ ... ကော်ဖီယူဦးမလား'

အင်း ... ယူမယ်။ ယူမှ ဖြစ်မယ်။ ခု တွေ့ဆုံပွဲရဲ့ အချက်အလက်တွေကို ညနေ သုံးနာရီမှာ အစီအစဉ်တကျ မီဒီယာတွေကို ရှင်းပြနိုင်ဖို့ သူ့မှာ ခွန်အား နဲ့ စွမ်းအင်တွေ လိုနေတယ်။ ဒါပေမဲ့ ခု ငါးမျှားချိတ်မှာ ချိတ်မိမလိုဖြစ်နေတဲ့ ဘန်နီယွန်းဘတ်ကို အလွတ်ပေးလို့ မဖြစ်သေးဘူး။

'ဒါဆိုလည်း ခင်ဗျားမိတ်ဆွေ ပါဂန်နာ ဂါဒင့်ဆီ ဖုန်းခေါ်ပါလား၊ သူလည်း သတင်းစာဖတ်မိမယ်ဆိုတာ သိသင့်တာပေါ့'

'အမလေး ... ပါဂန်နာက ကျွတ်တမ်းဝင်နေပြီဆိုတာ ခင်ဗျားတို့ ရဲဘက်က သိတာမှ မဟုတ်ဘဲဗျ၊ သူ့ဖုန်းမှာ အသံဖမ်းစက်တွေ ခိုးတတ်ထား မှာပေါ့၊ ကျုပ် သိသားပဲ၊ မဟုတ်ဘူးလား'

ဟုတ်ပါ့။ အရှိုက်ကို တည့်တည့်ထိတာပဲ။ ဘာမှကို ပြန်မပြောနိုင်ဘူး။ ကဲပါ ...

ဂန်နာ့ဘက် လှည့်မှ။

'မစ္စတာ ဂါဒင် ... ခင်ဗျားက အယ်လန်ကားလ်ဆန်တို့ ဘယ်ရောက်နေလဲဆိုတာ ဘယ်လိုလုပ် သိတာလဲ'

'အင်း ... ကျွန်တော့်တပည့် ရေပုံးရဲ့မိတ်ဆွေတစ်ယောက်က အယ်လန် ရယ်၊ ဘန်နီရယ်၊ ဘန်နီ့ကောင်မလေးရယ်ကို ရှော့ထ်နီးမှာ တွေ့လိုက်တယ်လို့ ဖုန်းဆက်တယ်ဗျ၊ ဒါကြောင့် ကျွန်တော် ရေပုံးကို လိုက်ခိုင်းတယ်'

'ဩ ... ရေပုံးကလည်း ခရစ်တော်ရဲ့ အကျိုးအတွက် ဝမ်းမြောက် ဝမ်းသာ လိုက်ရောလား'

'အဲသလို မဟုတ်ဘူးဗျ၊ ရေပုံးက မင်းတုံးထက် သာဆိုးသေး၊ ပြန်လမ်းမရှိရဲ့ ကောင်းသောအပြောင်းအလဲကို နည်းနည်းမှမကျေနပ်ဘူး၊ ရှရှ ဒါမှမဟုတ် ဘောလ်တစ်နိုင်ငံတွေဘက် သွားပြီး မူးယစ်ဆေးလုပ်ငန်း ဆက်လုပ်ဖို့ အမြဲကြံနေတာ၊ မယုံ သူ့မေးကြည့်ပေါ့၊ သြော် ... ခုတော့ မေးလို့မရတော့ဘူး ပေါ့လေ'

ရှေ့နေကြီးက ပါဂန်နာကို သံသယအပြည့်နဲ့ ကြည့်လိုက်တယ်။

'ခုနက ဘန်နီယွန်းဘတ် မှန်းထားသလိုပဲ၊ ကျုပ်တို့ ခင်ဗျားဖုန်းကို အသံဖမ်းစက် တပ်ထားခဲ့တယ်။ အဲဒီ အသံဖမ်းစက်ကရတဲ့ အသံတွေထဲမှာ ခင်ဗျား ဆဲလိုက်တာ မိုးကိုမွှန်နေတာပဲ၊ ဂန်နီလာကိုလည်း သောက်ကောင်မ ... ဆံနီမဆိုလား ပြောသေးတယ်၊ အဲသလို ရုန့်ရင်း ကြမ်းတမ်းတာကျတော့ ဘုရားသခင်က ဘာမှ မပြောဘူးလား'

'ဟင့်အင်း ... ဘုရားသခင်က ခွင့်လွှတ်တာ မြန်တယ်၊ ခင်ဗျားတောင် ခုနက သူ့စာအုပ်ကို ကျိန်ဆဲနေတာပဲ မဟုတ်လား၊ အဲဒီစာအုပ်ကို ဖွင့်ဖတ် ကြည့်၊ သူ

ဘယ်လောက် ခွင့်လွှတ်သန်တယ်ဆိုတာ သိလိမ့်မယ်’

‘သြော် ... ယောဟန် ၈ း ၇ ကို ပြောနေကြတာလား’

သတိရသွားတဲ့ စုံထောက်ကြီးက ဝင်မေးလိုက်တယ်။ ရှေ့နေကြီး ရာနီလစ်

ပါးစပ်ကြီး ပြဲသွားတယ်။

‘သြော် ... ခင်ဗျားလည်း သမ္မာကျမ်းစာဖတ်သကိုး ဂိုရင်’

အေရွှန်ဆန်က ပြုံးစိစိနဲ့ ရာနီလစ်ကို ကြည့်လိုက်တယ်။

ပါဂန်နာက ဝင်ပြောတယ်။

‘ဒါကတော့ လူဆိုတာ အမျိုးမျိုးရှိတယ် ရှေ့နေကြီးရဲ့၊ ရေပုံးဆိုတဲ့ ကောင်ကို

ခိုင်းချင်ရင် အမလေး ... မောင်ရေပုံးလေးရဲ့၊ ဒါလေး လုပ်ပေးပါ ခင်ဗျာလို့

ရိုရိုသေသေပြောလို့ ရမယ်ထင်လို့လား၊ ဒီလိုပြောမှ ခိုင်းလို့ရတာကိုး ခင်ဗျ’

‘ကဲပါ ... ထားပါတော့ ... ထားပါတော့’

စုံထောက်ကြီး အေရွှန်ဆန်ဟာ စားလက်စ ကိတ်မုန့်မသိီးအောင်

မနည်းထိန်းနေရတယ်။ သေချာပါပြီ။ ဒီအုပ်စုဟာ ရှေ့နေကြီး ရာနီလစ်ကို

အသေအချာကို မာယာသာဋ္ဌေယျ အပြည့်နဲ့ အပီအပြင် လှည့်စားနေကြတာ။

လုပ်လိုက်ကြစမ်းကွ ... ချသာချ ... လှည့်သာလှည့်။ အလှကလေးက ဝါတော်

ရှစ်ဆယ် မယ်သီလရှင်ကြီး လေသံနဲ့ ပြောပြန်တယ်။

‘အင်း ... ကျွန်မ အိမ်ကို အဲဒီ ရေပုံးဆိုတဲ့လူ ရောက်လာတော့ တည် မရအောင်

မူးနေတာလေ၊ ကားတစ်စီး မောင်းပြီးလာတာ၊ ပစ္စတို တကား ကားနဲ့၊

ပါးစပ်ကလည်း ရီဂါကို သွားမှကွဆိုလား တတွတ်တွတ် ရွတ်နေ တယ်၊ ဒါကြောင့်

ကျွန်မ အော်ပစ်လိုက်တယ်၊ ငါ့ခြံထဲကို လက်နက်ကိုင်ပြီး မဝင်နဲ့လို့၊ သူ

လန့်သွားတယ်၊ သေနတ်ကို ဝရန်တာလက်ရန်းမှာ ချလိုက် တယ်၊ တကယ်တကယ်

... အဲသလို ဆိုးဝါးသောင်းကျန်းတဲ့လူမျိုး တစ်သက် နဲ့ တစ်ကိုယ် မမြင်ဖူးဘူး'
'အင်း ... သမ္မာကျမ်းစာအုပ်တွေကြောင့် သူ စိတ်တိုနေတာ ဖြစ်မယ်၊ တစ်ခါတလေကျတော့ ဘာသာရေးဆိုတာ လူတွေကို စိတ်ကယောက်ကယက် ဖြစ်စေတာကိုး ခင်ဗျ၊ ကျုပ် တီဟီရန်မှာတုန်းကဆိုရင် ... ... ...'
'ဘယ်လို ... ဘယ်မှာ ... တီဟီရန် ... ဟုတ်လား'
'ဟုတ်ပ၊ ကြာတော့ ကြာခဲ့ပြီ၊ အဲဒီကပြန်လာတော့ လေယာဉ်ပေါ်မှာ ချာချီနဲ့ အတူတူပေါ့'
'ဘယ်သူ ... ... ...'
'ချာချီလေ ... အင်္ဂလန် ဝန်ကြီးချုပ်လေ၊ အဲဒီတုန်းကတော့ ဝန်ကြီးချုပ် ဟောင်းပေါ့၊ အရင်ကတော့ ဝန်ကြီးချုပ်ပေါ့'
'ချာချီ ဘယ်သူတုန်းဆိုတာ ကျုပ် သိပါတယ်၊ အဲဒီ ချာလီနဲ့ ခင်ဗျားက တီဟီရန်မှာ အတူတူတဲ့လား'
'အင်း ... ကျုပ်က သာသနာပြုတစ်ယောက်နဲ့ အတူနေတာ၊ သူက လူတွေကို ဒေါသထွက်အောင် လုပ်တဲ့နေရာမှာ ပါရဂူပေါ့ခင်ဗျ'
မဟုတ်ဘူး။ ခင်ဗျားကြီးကမှ ပါရဂူလို့ ရာနီလစ် တွေးနေတယ်။ ခုလည်း သူ ဒေါသတွေ မတရားထွက်နေရပြီ။ ဖရန်ကို၊ ထရူးမန်း၊ မော်စီတုံး၊ ချာချီတို့နဲ့ တွေ့ခဲ့တယ်လို့ သူ့ကိုယ်သူ အထင်ရောက်နေတဲ့ ဒီ လူအိုကြီးဆီက များ အချက်အလက်တွေရဖို့ ကြံစည်မိနေသေးတယ်။ ကဲ ... စိတ်ထိန်း ... စိတ်ထိန်း။ ခုမှတော့ ရှေ့ဆက်ဖို့ပဲ ရှိတယ်။ ဟော ... ငနဲကြီး ဆက်ပြောပြန်ပြီ။
'လူငယ်လေး မစ္စတာရေပုံးဟာ မိုးကြိုးပစ်သလို တစ်ချိန်လုံး ဟိန်း ဟောက်ရင်း ကားထဲဝင်ပြီး လတ်ဗီးယားရေ ငါလာပြီဟေ့ ... လို့ ကြုံးဝါးပြီး

မောင်းထွက်သွားတယ်၊ ကျုပ်တို့လည်း သူတော့ လတ်ဗီးယားသွားပြီလို့ ထင်မိ တာပေါ့၊ မစ္စတာဆွဲချကြီးတို့ကတော့ တစ်နည်းတစ်ဖုံ ထင်ကောင်းထင်မှာပေါ့၊ မဟုတ်ဘူးလား'

'အရူးပဲ'

'အို ... အရူးတဲ့လား၊ အဲသလိုတော့ အခေါ်မခံရဖူးဘူးဗျ၊ ခွေးတို့၊ ကြွက်တို့တော့ အခေါ်ခံရဖူးတယ်၊ စတာလင်ကြီး ကျုပ်ကို ခေါ်တာလေ၊ သူ ဒေါ်အပွဆုံး အချိန်တွေမှာပေါ့၊ ဒါပေမဲ့ သူတောင် ကျုပ်ကို အရူးလို့ မခေါ်ဘူး'

'အချိန်မရှိတော့ဘူးဗျ'

ပါဂန်နာက ဝင်ပြောတယ်။

'ဒေါသရှေ့ထား မှားမပေါ့ ရှေ့နေကြီးရယ်၊ ကျန်တဲ့ ဇာတ်လမ်းကို နားထောင်ချင်သေးတယ်ဆို ...'

ဟုတ်တယ်။ နားထောင်ချင်သေးတယ်။ နားထောင်ချင်သေးတာ မဟုတ်ဘူး။ နားထောင်မှကို ဖြစ်မှာ။ကဲ ... ပြော ... ပြော။

'ကဲ ... ပြန်လမ်းမရှိ ဂိုဏ်းဝင်များအကြောင်း ပြောမယ်၊ မင်းတုံးက အာဖရိကကိုသွားပြီး လီဂျင်းတပ်ဖွဲ့ဝင်ဖြစ်၊ ရေပုံးက လတ်ဗီးယားသွားပြီး မူးယစ်ဆေး အရောင်းအဝယ်ဆက်လုပ်၊ ကရာကက်စ်က အိမ်ပြန်သွား၊ နောက် ဆုံးတော့ ဘုရားသခင်နဲ့အတူ ကျွန်တော့်တစ်ယောက်တည်းပဲ ကျန်ရစ်တော့တာပေါ့ ခင်ဗျာ'

'ဟုတ်လား ... ခင်ဗျားက နောက်ထပ် လူမွေးချင်သေးလို့လား'

'အဲ ရေပုံးက သူ မသွားခင် ဖုန်းဆက်သွားတဲ့အတွက် ကျွန်တော်လည်း ဂန်နီလာရဲ့ ကန်သာယာ ယာခင်းကို ထွက်လာခဲ့တယ်'

'အင်း ... ခု မေးစရာတွေ ရှိလာပြီ၊ ဂန်နီလာဗျော့ယွန်း ... ခင်ဗျားဟာ ဘာဖြစ်လို့ ဘတ်စ်ကားကြီး ဝယ်လိုက်တာလဲ၊ ဘာဖြစ်လို့ နေအိမ်ကနေ ထွက်သွားခဲ့တာလဲ'

မနေ့ညနေက အပေါင်းအသင်းတစ်စု ဝိုင်းဆွေးနွေးကြတဲ့အခါ ဒီကိစ္စ မှာ ဆွန်ညာ့ကို ဆွဲမထည့်ဖို့ သဘောတူခဲ့ကြတယ်။ ဆွန်ညာက ဆွီဒင်သူ မဟုတ်၊ မှတ်ပုံတင်မရှိတဲ့အတွက် တွေ့သွားရင် တစ်ခါတည်း တိရစ္ဆာန်ရုံ အပို့ခံရမှာ။ ကဲ ... အလှည့်ကျတော့ မန္တဲ့စတမ်းပေါ့။

'ဟုတ်တယ်၊ ဘတ်စ်ကားကို ကျွန်မနာမည်နဲ့ဝယ်ခဲ့တာ အမှန်ပဲ၊ ဒါပေမဲ့ ကျွန်မနဲ့ ဘန်နီ နှစ်ယောက်စပ်ဝယ်တာ၊ ဘန်နီ့အစ်ကို ဘော်ဆီ အတွက်လေ ...'

မရတော့ဘူး။ ရာနီလစ် စိတ်မထိန်းနိုင်တော့ဘူး။ သူ ကုန်းအော်လိုက် တယ်။

'ဘာအတွက်လဲ ... ဘာလုပ်ဖို့လဲ ... သမ္မာကျမ်းတွေ ထည့်ဖို့လား'

ခု ဘော်ဆီအလှည့်။

'မဟုတ်ပေါင်ဗျာ၊ ဖရဲသီးတွေတင်ဖို့ ခင်ဗျ၊ ကမ္ဘာ့အချိုဆုံး ဖရဲသီးတွေ၊ ခင်ဗျား မြည်းကြည့်ချင်လား မစ္စတာရှေ့နေကြီး'

'ဟင့်အင်း ... မမြည်းချင်ဘူး ကျုပ် အခုလုပ်ချင်တာက ဒီဇာတ်လမ်းကို မြန်မြန်အဆုံးသတ်ပြီးရင် ပြန်ပြေး၊ သတင်းစာရှင်းလင်းပွဲလုပ်၊ ပြီးတာနဲ့ ခွင့်ယူဖို့ပဲ၊ ကဲ ... ဆက်ပြောကြ၊ ဘာဖြစ်လို့ ပါဂန်နာ ဂါဒင် ရောက်လာမှ ခင်ဗျားတို့က ကန်သာယာယာခင်းက ထွက်သွားကြတာလဲ'

'အို ... သူတို့ခမျာ ကျွန်တော်လာမယ်မှန်းမှ မသိဘဲ ရှေ့နေကြီးရယ်၊ ခင်ဗျား လိုက်နိုင်ရဲ့လား'

'အင်း ... အိုင်စတိုင်းကို နားထောင်ခိုင်းရင်တောင် ဒီဇာတ်လမ်းကို

အမီလိုက်နိုင်ဖို့ဆိုတာ ခဲယဉ်းသားပဲ’

အဲဒီမှာ အယ်လန်က တစ်စခန်း ထလာပြန်တယ်။

‘အိုင်စတိုင်းလား … ခင်ဗျား အိုင်စတိုင်းလို့ ပြောလိုက်တာလား’

‘ကဲ … ကဲ … မဟုတ်ပါဘူး မစ္စတာကားလ်ဆန်ရယ်၊ ခင်ဗျားနဲ့ အိုင်စတိုင်း ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ နားမထောင်ပါရစေနဲ့၊ မစ္စတာ ဂါဒင် ဒီကိစ္စမှာ ရှရှတွေ ဘယ်လိုပါလာတာလဲ’

‘ဟင် … ဘယ်က ရှရှတွေတုံး …’

‘ခင်ဗျားနဲ့ ရေပုံး ဖုန်းပြောတုန်းကပါတဲ့ ရှရှတွေပေါ့’

‘ဟင် … ကျွန်တော် မပြောပါဘူး’

‘ပြောတယ်၊ ဘာလို့ မပြောရမှာတုံး’

ခဏ ငြိမ်သွားကြတယ်။ အဲဒီကိစ္စက သတင်းစာတွေထဲမပါတော့မသိကြဘူးလေ။ ပါဂန်နာ ပိုက်ဂါဒင် ကိုယ်တိုင်လည်း မမှတ်မိဘူး။ အဲဒီအချိန်မှာ ဘန်နီက ရှရှလို အကျယ်ကြီး ထအော်လိုက်တယ်။ ဘာလဲ … ဘာဖြစ်တာလဲ။ လန့်လိုက်တာ။

‘အင်း … တကယ်တော့ ရှရှတွေဆိုတာ ကျွန်တော်နဲ့ ကျွန်တော့်အစ်ကို ဘော်ဆီကို ခေါ်တာဗျ၊ ဒီလို … ကျွန်တော့်အဖေနဲ့ ဦးလေး ဖရန်ဆီတို့က ရေမရောတဲ့ အနီစစ်စစ်တွေ၊ ဒါကြောင့် ကျွန်တော်တို့ ညီအစ်ကိုကို ရှရှဘာသာ သင်ခိုင်းတယ်၊ ရှရှတွေလို့ နာမည်ပြောင်ခေါ်တယ်၊ အဲဒါကိုပြောတာ’

ဘယ်ဟုတ်လိမ့်မလဲ။ တကယ်တော့ အကျဉ်းအကျပ်ကျနေတဲ့ ပိုက်ဂါဒင်ကို သူကယ်ဖို့ ပါးစပ်ထဲတွေ့ရာ ပြောလိုက်တာ။

သို့သော် ဘန်နီက ဖြစ်လုဖြစ်ခင် ရှရှဘာသာ ပညာရှင်လေ။ စာမေးပွဲမဖြေတာ

တစ်ခုပဲ ပြောစရာရှိတာလေ။ သူ ရှရှလိုတတ်တာပေါ့။ ဒါပေမဲ့ နှစ်တွေကြာပြီဆိုတော့ မေ့ပြီပေါ့။ သူ မှတ်မိသလို ပြောလိုက်တဲ့စကားရဲ့ အဓိပ္ပာယ်က … 'အဲသလို ဆေးလိပ်တွေ သောက်နေမယ်ဆိုရင် မင်း ဘယ် တော့မှ ဘောလုံးသမားကောင်းတစ်ယောက် ဖြစ်မှာမဟုတ်ဘူး'တဲ့။ ဒါပေမဲ့ သူ့စကားကို အယ်လန်ကလွဲလို့ ဘယ်သူမှ နားမလည်တော့ အေးဆေးပဲ။

တော်ပြီ။ သိပ်လွန်လွန်းအားကြီးနေပြီ။ ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ ကိုင်ပေါက်လို ပေါက်၊ ခု ရှရှလို ပြောနေပြန်ပြီ။ နောက် ဘာဆက်ဖြစ်ဦးမလဲ။

'ကဲ … မစ္စတာဂါဒင်၊ ခင်ဗျားကရော သေရာက ထလာပြီး ဘယ်လိုလုပ် ဒီမှာ လာထိုင်နေနိုင်၊ ဖရဲသီး စားနေနိုင်တာတုံး၊ ဒါနဲ့ အဲဒီဖရဲသီး ကျုပ် မြည်းကြည့်လို့ ရမလား'

'သြော် အစကတည်းက မြည်းပါဆိုတာကို၊ လျှို့ဝှက်ဖော်မြူလာနဲ့ ထုတ်လုပ်ထားတဲ့ ဖရဲသီးခင်ဗျ၊ အစားအသောက်စစ်ဆေးရေး အရာရှိတွေ လာမကြည့်ရင် အစားအသောက်က သိပ်အရသာရှိတာဗျ၊ မှတ်ထား'

အေရွန်ဆန်က တစ်လုံးမှ ဝင်မပြောဘူး။ ရာနီလစ်ကတော့ မြန်မြန် နိဂုံးချုပ်ပြီး ပြန်ချင်လှပြီ။ ဖရဲသီးကတော့ စားဖူးသမျှထဲမှာ အရသာအရှိဆုံး ဆိုတာ ငြင်းမရဘူး။

ပါဂန်နာက ဆက်ရှင်းပြတယ်။ ကန်သာယာ ယာခင်းကို သူရောက်တော့ ဘတ်စ်ကားက ထွက်သွားပြီ။ ကားပေါ်မှာ သူ့မိတ်ဆွေတွေ ပါသွားတာ မြင်လိုက်ရတော့ မွန်ထူပြီး ကားနောက်က အတင်းလိုက်၊ ဘတ်စ်ကားကို ကျော်တက်၊ အရှိန်မထိန်းနိုင်ဘဲ ဘတ်စ်ကားနဲ့တိုက်ရင်း အကြောင်းဆိုးသွား တယ်တဲ့။ အယ်လန်က ဝင်ပြောပြန်တယ်။

ကျုပ်တို့ ဘတ်စ်ကားကို သူ လိုက်မီတာလည်း မဆန်းဘူးတဲ့။ သူ့ကား အင်ဂျင်ပါဝါက မြင်းကောင်ရေ သုံးရာကျော်တာကိုးတဲ့။ ဆီဇီဒင် ဝန်ကြီးချုပ် အာလန်ဒါနဲ့ သွားတွေ့တုန်းက စီးခဲ့ရတဲ့ ဖော်လ်ဗို ပီဗီ ၄၄၄ ဆို မြင်းကောင်ရေ လေးဆယ့်လေးကောင်အားပဲ ရှိတာတဲ့။ ဒါတောင် အတော်တိုးတက်လာတာ တဲ့။ သူ့ခြံဝင်းထဲ မှားဝင်လာတဲ့ ကုန်သည်ကြီး ဂူစတေ့ဗ်ဆင်ရဲ့ ကားဆို မြင်းကောင်ရေ ဘယ်လောက်ရှိမယ်မှန်း မသိ ... သိ ...။

'ဒီမယ် အဘိုးကြီး ကားလ်ဆန်၊ ကျွန်တော့်ကို မသေစေချင်ရင် ကျေးဇူး ပြုပြီး ပါးစပ်ကလေး ပိတ်ပေးထားပါ ခင်ဗျာ'

ပြန်လမ်းမရှိ ဂိုဏ်းချုပ်ကြီးက သူ့ဇာတ်လမ်းကို ဆက်ပြောတယ်။ ကားတိုက်မှုဖြစ်တော့ သွေးလေး နည်းနည်းထွက်၊ ပေါင်လေး နည်းနည်းပြဲ၊ လက်ကလေးတစ်ချောင်းကျိုး၊ နံရိုးလေးတွေ နည်းနည်းနိမ့်ဆိုတဲ့ ဒဏ်ရာ လေးတွေ မဆိုစလောက် ရသတဲ့။ ဒါကြောင့် ဆေးရုံသွားမနေတော့ဘဲ ပတ်တီးလေး နည်းနည်းစည်းလိုက်တာပေါ့တဲ့။ အယ်လန်က ဝင်ပြောပြန် တယ်။

'ဟုတ်တာပေါ့၊ ဘန်နီက စာပေပညာကို လေ့လာခဲ့တာလေ'

'ဘယ်လို ... စာပေပညာ ... ဟုတ်လား'

'အို ... အို ... ကျုပ် အဲသလို ပြောမိလို့လား၊ ဆေးပညာကို လေ့လာခဲ့တာလို့ ပြောတာပါ'

မြောက်မြားလှစွာသော ပညာရပ်တွေရဲ့ ဖြစ်လုဖြစ်ခင် ပညာရှင် ဘန်နီက သူ့ပညာကို ထိပါးလာတော့ မခံဘူး။ ကြက်ခေါင်းဆိတ်မခံ ဝင်ပြောတယ်။

'စာပေပညာကိုလည်း ကျွန်တော် လေ့လာခဲ့ပါတယ်ဗျ၊ ကျွန်တော့် အကြိုက်ကို ပြောရမယ်ဆိုရင်ဖြင့် ကာမီလို ဟိုဆေးဆယ်လာပေါ့ခင်ဗျ၊ အဲ ... ၁၉၄၀ မှာ

ပထမဆုံးထုတ်ဝေခဲ့တဲ့ သူ့ဝတ္ထုကြီးဟာဆိုရင် ... ... ...'

'ကဲ ... တော်ပါတော့၊ ဇာတ်လမ်းကို ပြန်ဆက်ကြပါ'

ရှေ့နေကြီးဟာ ဘာရယ်မဟုတ် အယ်လန့်ကိုကြည့်ပြီး ပြောမိတယ်။ ဒါကြောင့် အယ်လန်က ပြောတာပေါ့ ...

'မစ္စတာရှေ့နေကြီးခင်ဗျာ၊ ခု ကျုပ်တို့ ခင်ဗျားကို အကုန်ပြောခဲ့ပြီးပြီပဲ၊ နောက်ထပ် ထပ်သိချင်သေးတယ် ဆိုရင်တော့ ကျုပ် စီအိုင်အေသူလျှို လုပ်ခဲ့တဲ့အကြောင်းဖြစ်ဖြစ်၊ ဟိမဝန္တာကို ကျုပ် ကျော်ဖြတ်ခဲ့တဲ့အကြောင်းဖြစ်ဖြစ် ထပ်ပြောပြတာပေါ့၊ ဒါမှမဟုတ် ဆိတ်နို့ကနေ ဖော့ဒကာလုပ်တဲ့အကြောင်း နားထောင်ချင်လား၊ ဘာမှမခက်ဘူး၊ ဆိတ်နို့ရယ် ... နေရောင်ရယ် ... ဒါပဲ လိုတာ ... ... ...'

တစ်ခါတလေကျတော့ ပါးစပ်ဟာ ဦးနှောက်အလိုကို မလိုက်တတ်ဘူးလေ။ ဒါကြောင့် ဒီလောက် ထိန်းနေတဲ့ကြားက အယ်လန့်စကားကို ဝင်ထောက်မိတယ်။

'ဘယ်လို ... ခင်ဗျားက ဟိမဝန္တာကို ကျော်ဖြတ်ခဲ့တယ်၊ ဟုတ်လား၊ အသက်တစ်ရာရှိနေတဲ့ ခင်ဗျားကလေ'

'အို ... မမိုက်စမ်းပါနဲ့ ရှေ့နေကြီးရာ၊ ကျုပ်က အမြဲတမ်း အသက် တစ်ရာ ရှိနေတာမှ မဟုတ်ဘဲ၊ အရင်တုန်းကပေါ့ဗျာ'

'ဆက်ပြောပါဗျာ'

'အင်း ... လူဆိုတာ အချိန်တန် အိုစမြဲကိုးဗျ၊ မလိမ်မိုး မလိမ္မာကလေး အရွယ်ဆိုရင်တော့ ဘယ်စဉ်းစားတတ်ပါ့မလဲ၊ မစ္စတာ ကင်ဂျုံအီးလေးကို ကြည့်လေ၊ ကျုပ်ပေါင်ပေါ်ထိုင်ပြီး ငိုလိုက်တာမှ တဖြဲဖြဲ၊ ခုတော့လည်း နိုင်ငံ့ မဟာခေါင်းဆောင်ကြီးဆိုပဲ၊ အဲ ... အဲ ...'

'ထားပါတော့ မစ္စတာကားလ်ဆန်ရယ်'

'အိုး ... ဆောရီး ... ဆောရီး၊ ခင်ဗျားက ဟိမဝန္တာဇာတ်လမ်း နားထောင်ချင်တာ၊ မေ့သွားလို့၊ အင်း ... လပေါင်းများစွာ ကုလားအုတ် တစ်ကောင် အဖော်ပြုသွားခဲ့ရတဲ့ ခရီးပေါ့ခင်ဗျာ၊ ကုလားအုတ်ဆိုတဲ့ ကောင် တွေဟာလေ ... ... ...'

'တော် ... တော်လိုက်ပါတော့ဗျာ၊ ကျုပ် နားမထောင်ပါရစေနဲ့တော့'

ဆွဲချကြိုး ရာနီလစ်ဟာ ငူငူကြီး ထိုင်နေတယ်။ နောက်တော့ ဘာမှ မေးစရာမရှိတော့တဲ့အကြောင်း ပြောတယ်။ ဒါပေမဲ့ တစ်ခုတော့ နားမလည်နိုင် ဘူးတဲ့။ ခင်ဗျားတို့အုပ်စုဟာ ဘာအပြစ်မှမရှိဘဲ ဘာကြောင့် ရက်ပေါင်းများစွာ ပုန်းနေကြရတာတုံးတဲ့။

ဘန်နီက ပြန်ပြောတယ်။ အပြစ်မရှိဘူးဆိုတာ ကြည့်တဲ့ရှုထောင့်ပေါ် မူတည်ပြီး ကွာခြားတတ်တယ်တဲ့။ အယ်လန်ကလည်း ...

'အင်း ... သမ္မတ ဂျွန်ဆင်နဲ့ သမ္မတ ဒီဂေါလ်ကို ကြည့်ဗျ၊ ဘယ်သူက အပြစ်ရှိပြီး ဘယ်သူက အပြစ်ကင်းတယ်ဆိုတာ ခွဲခြားရခက်တယ် မဟုတ် လား၊ ဩ ... ကျုပ် ဒီအကြောင်း မပြောရသေးဘူးပဲ'

'တောင်းပန်ပါတယ် မစ္စတာကားလ်ဆန်ရယ်၊ ပါးစပ်ပိတ်ပါတော့'

'အလို ... ခင်ဗျားက ကျုပ်ကို လျှာရှည်တယ်ထင်လို့လား၊ ဘုရားစူးရ စေ့၊ သက်တမ်း နှစ်တစ်ရာအတွင်း နှစ်ခါပဲ လျှာရှည်မိပါတယ်၊ အရှေ့နဲ့ အနောက်အတွက် အက်တမ်ဗုံး နှစ်ခါလုပ်ပေးလိုက်ရပါရောလား'

ရာနီလစ်ဟာ ထိုင်ရာက ထလိုက်တယ်။ ကော်ဖီ၊ ကိတ်၊ ဖရဲသီးတို့ အတွက် ကျေးဇူးတင်ကြောင်းပြောရင်း ကားထဲဝင် မောင်းထွက်သွားတော့ တယ်။

'ကဲ ... ပြီးရောပေါ့' – ဂျူးလီးယပ်

'ဟုတ်ပ့ါ၊ ကျုပ် အတော်များများ ပြောလိုက်ရတယ် မဟုတ်လား၊ အားလုံး ခြုံမိတယ် ထင်တာပဲလေ' – အယ်လန်

ကားမောင်းနေရင်း ရာနီလစ်ဟာ ခုနက သပွတ်အူဇာတ်ကြီးကို ထည့်တန် ထည့်၊ ဖြုတ်တန် ဖြုတ်၊ အရောင်တင်တန်တာ တင်ပြီး သတင်းစာ ရှင်းလင်းပွဲမှာ ရုံတင်လို့ရတဲ့ အခြေအနေဖြစ်အောင် ကြိုးစားနေတယ်။ ခက်တာက ဘယ်သူ့ တရားခံရှာရမလဲ။

စဉ်းစားစမ်း ... အား ... အကြံရပြီ။ ဟို အနံ့ခံတဲ့ခောက်ခွေး ရှိတယ်။ အပြစ်အားလုံး ဒီ ခောက်ခွေးပေါ် ပုံချလိုက်ရင် ဘယ့်နှယ်လဲ ...။ ခွေးက ခောက်ရူး ခောက်ထုံမို့ ဘာအလောင်းမှမရှိတဲ့ ထရော်လီကို အလောင်းရှိတယ်ဆိုပြီး အချက်ပြတာပေါ့။ ကောင်းတယ်၊ ကောင်းလိုက်တာ။ မှတ်ထား ... သူ့နာမည် ဘာတဲ့၊ ကစ်ကီဆိုလား ...။ ခောက်ခွေးမ၊ အလုပ် ပြုတ်ပြီသာ မှတ်။ နောက် ရှိသေးတယ်။ ခောက်ချိုးမပြေတဲ့ သူ့သခင်။ ကြည့်မရတာ ကြာပြီ။ တစ်ခါတည်း ဒင်းကိုလည်း ရှင်းရမယ်။ ဟီဟိ ... ရာနီလစ်ဟာ ပြုံးဖြီးဖြီးကြီး ဖြစ်လာတယ်။

ဘဲလ်ရင်းဂါးယားခင်းက အပေါင်းအသင်းတစ်စုကတော့ ရာနီလစ်ကို တာ့တာပြပြီး မီးဖိုခန်းထဲမှာ ဒုတိယမွှ စုဝေးညီလာခံကြတယ်။ ပုစ္ဆာကြီး တစ်ပုဒ်ကို ဖြေရှင်းကြရဦးမယ်ကိုး။

ခုထိ ထိုင်နေသေးတဲ့ စုံထောက်ကြီးဘက်လှည့်ရင်း အယ်လန်က ဘာပြောစရာ ရှိသေးလဲတဲ့။ ခု သူတို့ စည်းဝေးနေတုန်း လမ်းလျှောက်ချင် လျှောက် ပါလားတဲ့။ ကိစ္စက ပြီးပြီလေ။ အမှုက ပိတ်လိုက်ပြီ။ ပြောချင်တာ ပြောကြပေတော့လို့

အေရွှန်ဆန်က ပြောလိုက်တယ်။ ဒါဆိုလည်း မိတ်ဆွေကြီး အေရွှန်ဆန်
လွတ်လွတ်လပ်လပ် နေချင်သလို နေတဲ့။ အယ်လန်က ပြန်ပြောတယ်။
မိတ်ဆွေကြီး အေရွှန်ဆန်တဲ့လား။ သူ စိတ်လှုပ်ရှားသွားတယ်။
စုံထောက်လုပ်နေတဲ့ ကာလအတွင်း သူ့မှာ ရန်သူပဲရှိတယ်။ မိတ်ဆွေတစ်ယောက်မှ
မရှိခဲ့ဘူး။ ခု မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ပျော်ပျော်ပါးပါး နေရမယ့်အချိန်
ရောက်ပြီထင်တယ်။ ဒါကြောင့်လည်း အယ်လန်တို့က သူ့ကို မိတ်ဆွေလို့
သတ်မှတ်ရင် သူ ပျော်ရွှင်စွာ ဂုဏ်ယူမိမယ့်အကြောင်း ပြော လိုက်တယ်။
အယ်လန်ကလည်း သူ့ဘဝ တစ်သက်တာမှာ သမ္မတတွေ၊ ဘုန်းတော်
ကြီးတွေနဲ့ ထွေးရောယှက်တင် နေဖူးပေမဲ့ စုံထောက်တစ်ယောက်နဲ့တော့ တစ်ခါမှ
အဲသလို မနေဖူးကြောင်း။ ခု စုံထောက်ကြီးက ဘာမှမသိချင်တဲ့ အတွက်
ငွေထုပ်ကြီး ဘယ်ကရလာတယ်ဆိုတာ ပြောဖို့မလိုတော့ဘူးလို့ ယူဆ ကြောင်း၊
မိတ်ဆွေသူငယ်ချင်းဆိုတာ ဒီလိုဖြစ်ကြောင်း။

'ဘယ်လို ... ဘယ်လို ... ငွေထုပ်ကြီး၊ ဟုတ်လား'

'အင်း ... ဟိုအိတ်ကြီးလေ၊ သမ္မာကျမ်းစာအုပ်တွေ မထည့်ခင်တုန်းက
အဲဒီအိတ်ကြီးထဲမှာ ကရောင်းငါးရာတန်အုပ်တွေနဲ့ ပြည့်နေတာပေါ့၊ စုစုပေါင်း
သန်းငါးဆယ်လေ'

'ဟာ ... စောက်ကျိုးနည်း၊ သန်းငါးဆယ် ... ဟုတ်လား'

'ကုန်ကျစရိတ်လေးတွေတော့ နုတ်ထားတာပေါ့၊ ခု အဲဒီငွေအိတ်ဟာ
ကျုပ်တို့အားလုံး ပိုင်သွားပြီ၊ ပါဂန်နာရေ ... တစ်ခုခု ပြောပါဦးလား'

ပါဂန်နာ ပိုက်ဂါဒင်က ခေါင်းကုတ်လိုက်၊ နားရွက်ပွတ်လိုက် လုပ်ရင်း
ငွေထုပ်ရော၊ အပေါင်းအသင်းတွေရော အားလုံးအတူတူ အပန်းဖြေခရီးထွက်ရင်

ကောင်းမယ်တဲ့။ အယ်လန်လည်း ကမ်းခြေက ထီးရိပ်အောက်မှာ ဖန်ခွက်ထဲ
ထီးလေးထည့်ထားတဲ့ အဖျော်ယမကာလေးသောက်ပြီး နေချင်တယ် မဟုတ်လားတဲ့။
အဖျော်ယမကာတော့ ဟုတ်တယ်။ ဖန်ခွက်ထဲ ထီးထည့်ထား
တာတော့ မလိုချင်ပါဘူးလို့ အယ်လန်က ပြန်ပြောတယ်။ ဂျူးလီးယပ်ကလည်း
ဒီအကြံကို ဝမ်းသာအားရ ထောက်ခံတယ်။
အေရှန်ဆန်ကတော့ ရက်ပြိုး ပြိုးနေတယ်။ ဘန်နီက အေရှန်ဆန့်
ပခုံးကိုဖက်ရင်း အပန်းဖြေခရီးအတွက် ဘာတွေကြံစည်ထားတုံး မေးနေတယ်။
အဲဒီအချိန်မှာ အလှကလေးက ဆွန်ညာနဲ့ ဘတ်စတာမပါဘဲ ခြေတစ်လှမ်းတောင်
မလှမ်းဘူးလို့ ကုန်းအော်လိုက်တယ်။ အဲ ... အလှကလေး မပါရင် ဘန်နီကလည်း
ဘယ်မှ မလိုက်နိုင်ပါဘူးလေ။ သူက မျက်နှာအိုကြီးနဲ့ ပြောလိုက်တယ်။
'ကျွန်တော်တို့လူ တစ်ဝက်လောက်က နိုင်ငံကူးလက်မှတ်မှ မရှိဘဲ'
အယ်လန်ကတော့ ငွေတွေကို ရက်ရောစွာခွဲပေးတဲ့ ပိုက်ကို ကျေးဇူး
တင်ကြောင်း ပြောတယ်။ အပန်းဖြေခရီးဆိုတာ ဝေးလေ ကောင်းလေ ဖြစ်ကြောင်း၊
ညွှန်မှူး အဲလစ်ကောင်မကြီးနဲ့ အဝေးဆုံးဆို အကောင်းဆုံး ဖြစ်ကြောင်း၊ အားလုံး
သဘောတူမယ့်နေရာကို ရွေးဖို့လိုကြောင်း၊ ဗီဇာမလိုတဲ့ နေရာဆို
သာကောင်းကြောင်း ခပ်အေးအေးပြောတယ်။
အလှကလေးကတော့ ခုထိ အကောင်းမမြင်သေးဘူး။ ငါးတန်လေးတဲ့
ဆင်ကြီးကို ဘယ်လေယာဉ်ပျံက တင်မှာတုံးတဲ့။
အယ်လန်ကတော့ အေးအေးပါပဲ။
'အင်း ... မသိဘူးလေ၊ ဒါပေမဲ့ အကောင်းမြင်စမ်းပါ၊ အကောင်းမြင်နေသမျှ
ဖြေရှင်းနိုင်မယ့်နည်းလမ်း ပေါ်လာမှာပဲ'

'နိုင်ငံကူးလက်မှတ် ကျတော့ရော ...'

'ဒါလည်း အကောင်းမြင်နေသမျှ အဆင်ပြေသွားမှာပဲ'

'အင်းလေ ... ဆွန်ညာက ငါးတန် မရှိလောက်ပါဘူး၊ လေးတန် ... အလွန်ဆုံး လေးတန်ခွဲလောက်ပါပဲ ... နော ...'

'တွေ့တယ်မဟုတ်လား ဘန်နီ၊ အကောင်းဘက်က တွေးလိုက်တာနဲ့ ဆင်တောင် တစ်တန်လျော့သွားပြီ'

'ဟုတ်ပြီ၊ ကျွန်မ အကြံရပြီ'

အလုကလေးက ပြောတယ်။ အယ်လန်က ပြန်ပြောတယ်။

'ကျွန်တော်လည်း အကြံရပြီ၊ ခင်ဗျား ဖုန်းလေး ခဏပေး'

(၂၆)

၁၉၆၈–၈၂။

မော်စကိုအရှေ့ဘက် ကီလိုမီတာ ၃၅၀ အကွာက လျှို့ဝှက်မြို့တော် ဆာရော့ဗ်မှာ ယူရီပိုပေါ့ နေတယ်။ အလုပ်လုပ်တယ်။ ဆာရော့ဗ်ဆိုတာက အမေရိကန် လျှို့ဝှက်သူလျှို ဟက်တန်ထက်ကို ပိုပြီးလျှို့ဝှက်တဲ့မြို့။ နာမည်တောင် ဆာရော့ဗ်လို့ မခေါ်ရဘူး။ စက်ရုပ်ဆန်ဆန် အာဇာမက် ၁၆ လို့ ပေးထားတယ်။ ဆာရော့ဗ်ကို ဘယ်မြေပုံမှာမှ ရှာမတွေ့နိုင်ဘူး။ ဆာရော့ဗ် ဟာ ၁၉၅၃ ခုနှစ်က ဗလာဒီမိုစတော့ခ်လိုပဲ ကိုယ်ပျောက်မြို့တော်၊ တစ္ဆေမြို့တော်။ တည်ထားတဲ့ ရည်ရွယ်ချက်ကတော့ ကွာသလေ။

အင်မတန် လုံခြုံရေးတင်းကျပ်တဲ့ ဒီမြို့တော်ထဲကို အစစ်အဆေး အမေးအမြန်းမရှိ ဝင်နိုင်ဖို့ဆိုတာ ဘယ်ဖြစ်နိုင်လိမ့်မလဲ။ အမေရိကန်နိုင်ငံကူး

လက်မှတ်ကြီးကိုင်ပြီး မော်စကို အမေရိကန်သံရုံးက လာတဲ့လူမျိုး ဆိုလို့ကတော့ အရိပ်တောင်နင်းဖို့ မစဉ်းစားနဲ့။

စီအိုင်အေသူလျှိုကြီး ရိုင်ယန်ဟက်တန်နဲ့ တပည့်သူလျှိုလေး အယ်လန် ကားလ်ဆန်တို့ဟာ သူလျှိုသင်ပုန်းကြီးကို 'ကကြီး'ကနေ 'အ'အထိ သင်ကြား သင်ယူပြီးတဲ့နောက် အလန်ကာဆင်ဆိုတဲ့ နာမည်နဲ့ အုပ်ချုပ်ရေးအရာရှိဆိုတဲ့ ရာထူးနဲ့ အယ်လန့်ကို မော်စကို အမေရိကန်သံရုံးမှာ အလုပ်ခန့်လိုက်တယ်။ ရိုင်ယန်ဟက်တန်ဟာ ထိပ်တန်းသူလျှိုကြီးတဲ့လား။ ဒါဆို သူ့ပစ်မှတ်ဟာ ချဉ်းကပ်လို့မရတဲ့ ပစ်မှတ်ဆိုတာ သူ သိသင့်တာပေါ့။ ဆာရှော့ဗ်မှာနေတဲ့ ခေါမကြား၊ အော်မကြား လူကို ဘယ့်နှယ်လုပ် သွားဆက်သွယ်မလဲ။ ဟက်တန်ဟာ သူ့အမှားသူ သိတော့ အယ်လန့်ကို တောင်းပန်တယ်။ ဒါပေမဲ့ စဉ်းစားစမ်းပါတဲ့။ ပိုပေါ့ မော်စကိုရောက်လာနိုင်မယ့် နည်းလမ်းတော့ ရှိမှာ ပါတဲ့။ ခုတော့ သူ့မှာ လုပ်စရာကိစ္စတွေပေါ်လာလို့ အယ်လန် အပြင်ထွက်ပေး တော့တဲ့။

ပါရီကလာတဲ့ဖုန်းကို ချလိုက်ရင်း ရိုင်ယန်ဟက်တန်ဟာ သက်ပြင်း ကြီးတစ်ချက် ဟင်းခနဲ ချလိုက်တယ်။ မနှစ်က စီအိုင်အေ ထောက်ခံမှုနဲ့ စစ်အာဏာသိမ်းခဲ့တဲ့ ဂရိ။ ခု ပြဿနာတွေ တစ်လှေကြီး တက်နေတယ် ဆိုပဲ့လား။ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ပါလားကွာ။

အယ်လန်ကတော့ ဘာအကြံမှ မထွက်တဲ့အဆုံး မော်စကိုမြို့တော် စာကြည့်တိုက်ကို နေ့တိုင်းသွားပြီး နေ့စဉ်ထုတ် စာစောင်တွေ ထိုင်ဖတ်နေ လိုက်တယ်။ ပိုပေါ့နဲ့ပတ်သက်တဲ့ သတင်းလေးများ ပါလိုပါငြားပေါ့လေ။

လပေါင်းများစွာ ကြာသွားခဲ့ပေမဲ့ ဘာမှ မဘာပါဘူး။ သမ္မတလောင်း ရောဘတ်ကနေဒီ သူ့နောင်တော်ကြီးလို ကံကြမ္မာမျိုးနဲ့ ကြုံသွားရရှာကြောင်း၊

ချက်ကိုစလိုဗက်ကီးယားက သူ့ဆိုရှယ်လစ်စနစ် စနစ်တကျဖြစ်ဖို့ ဆိုဗီယက်
ပြည်ထောင်စုကို အကူအညီတောင်းတဲ့အကြောင်းတွေ ဖတ်ရတယ်။
တစ်ရက်မှာတော့ လင်ဒန်ဂျွန်ဆင်ရဲ့နေရာကို ရစ်ချတ် အမ် နစ်ဆင် ဆိုတဲ့လူက
ဆက်ခံတဲ့သတင်းကို ဖတ်ရတယ်။ သို့သော်လည်း သူ့အသုံး
စရိတ်တွေအတွက်တော့ သံရုံးက စာအိတ်တစ်အိတ်စီ လစဉ်ရနေမြဲပဲ။ ဒါကြောင့်
ပိုပေါ့ကို ဆက်ရှာမှဖြစ်မယ်။ အပြောင်းအလဲတစ်ခုခု ဖြစ်ရင်တော့
ရိုင်ယန်ဟက်တန်က ဆက်သွယ်မှာပေါ့လေ။
၁၉၆၈ ကနေ ၁၉၆၉ ကို ကူးပြောင်းတယ်။ ဆောင်းဝင်လာတုန်း
သတင်းစာထဲမှာ စိတ်ဝင်စားစရာ ပါလာတယ်။ မော်စကို ပြဇာတ်ရုံကြီးမှာ ဖရန်ကို
ကိုရယ်လီရဲ့ ဗီယင်နာအော်ပရာ လာရောက်ဖျော်ဖြေမယ်ဆိုပဲ။ ဆွီဒင်စတား
ဘားဂျစ်နီလ်ဆင်လဲ ပါမတဲ့။
အင်း … အယ်လန်ဟာ မေးစေ့ကြီးပွတ်ရင်း စဉ်းစားနေတယ်။ ရေငုပ်
သင်္ဘောပေါ်မှာတုန်းက ယူရီ သီချင်းဆိုပြဖူးတယ်။ အသံတုန်ကြီးနဲ့ ဟစ်ရတဲ့
အော်ပရာသီချင်းကြီး။ ဘာတဲ့ … ဒီည ဘယ်သူမှ မအိပ်ရပါဘူးကွယ် ဆိုလား။
သူ့သီချင်းဆုံးပြီး သိပ်မကြာခင် မူးမူးနဲ့ အိပ်ပျော်သွားတာလေ။
အဲ … အော်ပရာကြိုက်တဲ့ ယူရီဟာ ဗီယင်နာအော်ပရာ မော်စကိုမှာ ရုံဝင်ပြီလို့
ကြားရင် လာကြည့်မယ် မထင်ဘူးလား။ သူ့အတွက် လက်မှတ်ရဖို့ ဆိုတာ ဘာမှမှ
မခက်ဘဲလေ။ ကဲ … ကြိုးစားကြည့်တာ မမှားဘူး။ ဘာမှ အရှုံးမှမရှိဘဲ။ အရင်းနဲ့
အမြတ် နှစ်မျိုးတည်းကိုး။ လုပ်သာလုပ်။
ဘယ်လိုလုပ်ရမလဲဆိုတော့ အော်ပရာဇာတ်ရုံအပေါက်ဝက ရပ်စောင့်ရင်း
ယူရီနဲ့တွေ့ခဲ့ရင် သူတို့ နောက်ဆုံး အတူသောက်ခဲ့တဲ့အကြောင်းကို သတိရအောင်

လုပ်ရမယ်။ ဟုတ်တယ်။ ဒါပဲ။ အခိကက ဒါပဲ။ ဒါမှမဟုတ် ရင်လည်း မဟုတ်လို့ပေါ့။ မရတော့လည်း နေပေါ့။

ဒီလိုနဲ့ ၁၉၆၉ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ ညနေမှာ ပြဇာတ်ရုံ ဗဟိုဝင်ပေါက်ရဲ့ ဘယ်ဘက်ခြမ်းမှာ အယ်လန်ဟာ မဟာဗျူဟာမြောက်စွာ အသင့် နေရာယူလိုက်တယ်။ ယူရီထွက်လာရင် အလွယ်တကူ မြင်နိုင်အောင်ပေါ့။ ဒါပေမဲ့ ပြဿနာက အားလုံးဟာ ကုတ်နက်၊ ကုတ်ညိုချည်းတွေ ကိုယ်စီနဲ့ ဆိုတော့ မည်းမည်းညိုညိုကြီးတွေပဲ မြင်နေရတယ်။ ယောကျ်ား မိန်းမ တစ်စုံတွဲစီ ထွက်လာရင်း အပြင်ရောက်တာနဲ့ အေးလွန်းလို့ သုတ်ခြေတင်ကြတော့တာပဲ။ ညီအစ်ကို မသိတသိအချိန် ရောက်လာပြီဆိုတော့ လွန်ခဲ့တဲ့ နှစ်ဆယ့်တစ်နှစ်က နှစ်ရက်ပဲ မြင်ဖူးလိုက်တဲ့လူရဲ့ မျက်နှာကို မှတ်မိဖို့ အတော်ခက်နေ တယ်။ ယူရီက သူ့ကို မှတ်မိရင်တော့ တစ်မျိုးပေါ့လေ။

နို့ပေသိ ငါဆိုတဲ့ကောင်ဟာ အဲသလောက် ကံကောင်းပါ့မလားကွာ။

ယူရီတစ်ယောက် ခုချိန်လောက်ဆို ရုံထဲကထွက်လာပြီး သူမသိလိုက်ခင် သူ့ဘေးကများ ဖြတ်သွားပြီလား မပြောတတ်ဘူး။ ဒါဆို ဘယ်လိုလုပ်မတုံး။ အယ်လန်ဟာ ကျယ်ကျယ်လောင်လောင်ကြီး တွေးလိုက်တယ်။

'ယူရီရေ ... ရုံထဲက ထွက်သွားပြီးရင်လည်း ကျေးဇူးပြုပြီး ပြန်ဝင်ပါဗျာ၊ ပြီးရင် ပြန်ထွက်၊ အပေါက်ဝ ဘယ်ဘက်ခြမ်းမှာ ကျွန်တော် ရှိတယ်၊ ခင်ဗျား ကျွန်တော့်ကိုရှာတွေ့မှ ဖြစ်မယ်ခင်ဗျ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ခင်ဗျားကို ရှာမတွေ့ဘူးလေ'

ဟာ ... အကြံရပြီ။ အယ်လန်ဟာ သံရုံးက သူ့ရုံးခန်းကို အမြန်ပြန်ပြီး ပြင်ဆင်စရာရှိတာ ပြင်ဆင်တယ်။ ရုံထဲမှာတော့ ဘားဂျစ်နီလ်ဆင်နဲ့ ဖရန်ကို

ကိုရယ်လီတို့ဟာ အခါနှစ်ဆယ်ထက် မနည်း စင်ရှေ့ပြန်ထွက်ပြီး ပရိသတ်
လက်ခုပ်သံ ခံယူနေကြရတယ်။ လက်ခုပ်သံ တဖျောင်းဖျောင်းနဲ့ အော်ပရာ
ပရိသတ်ကြီး ပြန်ထွက်လာကြချိန်မှာတော့ ဝင်ပေါက်ကြီးရှေ့မှာ လူ
တစ်ယောက်ဟာ ဧရာမ ပိုစတာကြီးတစ်ချပ် ကိုင်ထားတာ တွေ့လိုက်ကြရ တယ်။
ပိုစတာပေါ်မှာတော့

ကျုပ် အယ်လန် အီမန်နျူရယ် ကားလ်ဆန်ပဲ

ဆိုတဲ့ စာလုံးကြီးတွေ ပြူးနေအောင် ရေးထားတယ်။ သူ့ဆရာ ရိုင်ယန်
ဟက်တန်ရဲ့ သူလျှိုကောင်းဆိုတာ ကိုယ်ပျောက်နေသလို ကျင့်ကြံရတယ်ဆိုတဲ့
ဩဝါဒကို ဦးထိပ်ပန်ဆင်တဲ့ သူလျှို အယ်လန်ရဲ့ လူရှာ မဟာဗျူဟာပေါ့။
သူ့ဆရာစကားကို အသည်းထဲ စွဲနေအောင် မှတ်ထားတဲ့ အယ်လန်ဟာ သူ့ကို
ပြူးပြဲကြည့်နေတဲ့လူတွေကို လုံးဝဂရုမစိုက်ဘူး။ ကိုယ်ပျောက်သလို
ကျင့်ကြံနေတယ်။ ဒါပေမဲ့ ဟက်တန်က ပါရီမှာ သာသာယာယာ။ ခု သူက
မော်စကိုမှာ ခဲခါနီးနေပြီ။ ဒါကြောင့် ပထမတော့ ပိုစတာပေါ် ယူရီ့နာမည်
ရေးဦးမလို့ပဲ။ ဒါပေမဲ့ ဖြစ်သေးပါဘူးလေလို့ တွေးရင်း သူ့နာမည်ပဲ ရေးခဲ့တာ။
ယူရီပိုပေ့ါရဲ့ချစ်ဇနီး လာရီဆာပိုပိုဗာဟာ လင်တော်မောင့် လက်မောင်းကို
တွဲရရွဲခိုရင်း ကောင်းလှတဲ့ အော်ပရာအတွက် သူ့ချစ်လင်ကို ငါးကြိမ်မြောက်
ကျေးဇူးတင်စကား ပြောလိုက်တယ်။ ဒီည သူတို့နှစ်ယောက် ဟိုတယ်မှာ
နေကြမယ်လေ။ နှစ်ဆယ့်လေးနာရီလုံး စောင့်ကြည့်ခံနေရတဲ့ သရဲမြို့တော်ကို သူ
မပြန်ချင်တာ အမှန်ပဲ။ ချစ်ရည်ရွှန်းတဲ့ ညစာ အတူစားကြမယ်။ သူနဲ့ယူရီ
နှစ်ယောက်တည်း။ ပြီးရင်တော့ ... ... ... ... ...။
အပြင်ရောက်ရောက်ချင်း ယူရီ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားတယ်။

'ခဏလေး အချစ်ရေ'

'ဟင် ... ဘာဖြစ်တာလဲ ယောကျာ်း'

'ဟိုမှာလေ၊ ပိုစတာကြီးကိုင်ထားတဲ့လူ တွေ့တာ၊ အဲဒါ ခဏ သွားကြည့်မလို့၊ ဖြစ်တော့ မဖြစ်နိုင်ပါဘူး၊ သူက သေပြီပဲ'

'ဟင် ... ဘယ်သူက သေတာလဲ ... အချစ်ရယ်'

'အင်း ... ခဏလေး၊ လာလာ ... သွားကြည့်ရအောင်'

ယူရီဟာ အယ်လန်နဲ့ သုံးမီတာအကွာမှာ ရပ်သွားတယ်။ မျက်လုံးက မြင်ရတာကို ဦးနှောက်က လက်ခံနိုင်အောင် အတင်းအဓမ္မ ကြိုးစားနေရတယ်။ အယ်လန်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သူ့မိတ်ဆွေကြီးကို မြင်လိုက်ရတဲ့အခါ ပိုစတာကို ချလိုက်ရင်း ပြောတယ်။

'ဘယ်လိုတုံး ... ဘားဂျစ်က ကောင်းရဲ့လား'

ယူရီ ဘာမှမပြောနိုင်ခင်မှာ သူ့မိန်းမက အသံတိမ်လေးနဲ့ ဝင်ပြောတယ်။ သေပြီဆိုတာ ဒီလူလားတဲ့။ အယ်လန်က ပြန်ပြောတယ်။ သူ မသေပါဘူးတဲ့။ ဒါပေမဲ့ ခု ယူရီတို့လင်မယားက စားသောက်ဆိုင်တစ်ခုခုခေါ်သွားပြီး စားစရာတစ်ခုခုကျွေးပြီး ဗော့ဒကာ မတိုက်ရင်တော့ တကယ် သေလောက်တယ်တဲ့။ ယူရီက အယ်လန့်ပခုံးကို တင်းတင်းကိုင်ရင်း ...

'ခင်ဗျား ... ခင်ဗျား ... တကယ်ပဲ ခင်ဗျားကိုး၊ ဒါနဲ့ ခင်ဗျား ခု ရုရှစကား ပြောနေသလား'

'ဟုတ်တယ်လေ၊ ကျွန်တော်တို့ ခွဲသွားပြီးနောက် ရုရှစကားသင်တန်း ငါးနှစ် တက်လိုက်ရတာကိုးခင်ဗျ၊ သင်တန်းကျောင်းနာမည်က ဂူးလက်တဲ့၊ ဒါနဲ့ ဗော့ဒကာ ဘယ်လိုတုံး ...'

ယူရီပိုပေါ့ဟာ အင်မတိ အင်မတန် ကိုယ်ကျင့်တရားကို တန်ဖိုးထားတတ်သူ။ လွန်ခဲ့တဲ့ နှစ်ဆယ့်တစ်နှစ်က ဆွီဒင် အက်တမ်ဗုံးပညာရှင်ဟာ သူ့ပယောဂနဲ့ မော်စကိုကို ရောက်လာပြီး ဗလာဒီမိုစတော့ခ်ကို အပို့ခံလိုက်ရတယ်။ အဲဒီမှာ မီးဘေးသင့်တုန်း ဆုံးသွားတယ်ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်လို့ နှစ်ဆယ့်တစ်နှစ်လုံးလုံး သောကရောက်နေခဲ့တာ။ အဲဒီ ဆွီဒင်ကို သူ တကယ် သဘောကျတာ။ ခုတော့ မော်စကိုပြဇာတ်ရုံအပြင်ဘက် အနုတ် ၁၅ ဒီဂရီ စင်တီဂရိတ် ရှိတဲ့ ရာသီဥတုအောက်မှာ ရပ်ရင်း မယုံနိုင်အောင် ဖြစ်နေရတယ်။ အယ်လန် အီမန်နျူရယ် ကားလ်ဆန်ဟာ အသက်ရှင်သတဲ့။ မော်စကိုမြို့လယ်ကောင် သူ့ရှေ့တည့်တည့်မှာရပ်ရင်း ရှရှလို ပြောနေသတဲ့။ တကယ်ပါပဲ။ ယူရီပိုပေါ့ဟာ လွန်ခဲ့တဲ့ အနှစ်လေးဆယ်တုန်းက လာရီဆာပိုပိုဗာနဲ့ လက်ထပ်ခဲ့တယ်။ ခုထိ လင်မယားနှစ်ယောက် ပျော်ပျော်ရွှင်ရွှင်ပဲ။ သားသမီး မထွန်းကားပေမဲ့ အေးအတူ ပူအမျှနဲ့ အိမ်ထောင်ရေးသာယာတယ်။ အယ်လန့် အကြောင်းကို ယူရီဟာ သူ့မိန်းမကို တစ်ခါမက ပြောဖူးတဲ့အတွက် ခုလို ယူရီ အံ့သြမှင်တက်နေတုန်းမှာ စကားပြောခြင်းအမှုကို လာရီဆာက ဦးဆောင် ရတော့တာပေါ့။

'ဒါ ရှင်ပြောပြောနေတဲ့ ရှင့်မိတ်ဆွေကြီး ဖြစ်မယ်၊ ယူရီ အချစ်ရယ် ... ကံကောင်းလို့ သူ မသေခဲ့ဘူးဆိုရင် ကျွန်မတို့ သူ့ကို စားသောက်ဆိုင် မြန်မြန်ခေါ်သွားပြီး ဗော့ဒကာတိုက်ကြစို့လေ၊ ဒါမှ သူ တကယ်မသေမှာ' ယူရီ ပြန်မဖြေနိုင်ဘူး။ ခေါင်းပဲ ညိတ်ပြလိုက်ရတယ်။ ဇိမ်ခံကားကြီး ထဲမှာ ထိုင်ကြရင်း လာရီဆာက ကားသမားကို ညွှန်ကြားနေတယ်။ ပွတ်ရှိကင် စားသောက်ဆိုင်ကို မောင်းပါကွယ်တဲ့။ ဟုတ်တယ်။ အယ်လန့်အတွက်

အအေးဓာတ်တွေပြယ်ဖို့၊ ယူရီအတွက် ထုံထိုင်းနေတဲ့ အာရုံတွေ ပြန်နိုးကြားလာဖို့၊ လာရီဆာ့အတွက် အယ်လန်နဲ့ တရားဝင်မိတ်ဖွဲ့နိုင်ဖို့ သူတို့ သောက်ကြမှ ဖြစ်ချိမ့်မယ်။

ယူရီဟာ သူ့အာရုံတွေပြန်ရပြီး အပျော်လွန် အောင်ပွဲခံကြစို့လို့ ပြော နေချိန်မှာ အယ်လန်က အလုပ်ကိစ္စကို စဉ်းစားနေတယ်။ အင်း ... ပြောစရာ ရှိတာကို အချိန်မဆွဲဘဲ ခုပြောမှပဲ။

'သူလျှိုလုပ်ဖို့ ဝါသနာပါလား ယူရီ၊ ကျွန်တော်တော့ ခုလုပ်နေတာ ပျော်စရာကြီးဗျ'

ယူရီဟာ သောက်လက်စ ပဥ္စမမြောက်ခွက်ထဲက အရက်တွေ သီးတော့မလို ဖြစ်သွားတယ်။ သူ့ယောကျ်ား အရက်သီးပြီး ချောင်းဆိုးနေတုန်း လာရီဆာက ဝင်မေးတယ်။ သူလျှို ... ဟုတ်လား။

'အင်း ... လျှို့ဝှက်အေးဂျင့်လို့ ခေါ်ချင်လည်း ခေါ်ပေါ့ဗျာ၊ ဘာကွာလဲတော့ သေချာမသိပါဘူး'

'စိတ်ဝင်စားစရာပဲ၊ ပြောပါဦး မစ္စတာအယ်လန်ရယ်'

'ဟင့်အင်း ... အယ်လန်၊ မပြောနဲ့၊ ကျုပ်တို့ ဘာမှမသိချင်ဘူး'

ယူရီက အရက်သီးလို့ ချောင်းတဟွတ်ဟွတ် ဆိုးနေရာက ဝင်ပြောတယ်။

'အမယ် ... ယူရီရယ် မကြောင်စမ်းပါနဲ့၊ နှစ်ပေါင်းများစွာ ကွဲနေပြီး ခုမှတွေ့ရတာပဲ၊ ပြော ... အယ်လန်၊ ပြောသာပြော'

အယ်လန်ပြောတာကို လာရီဆာက အားကြိုးမာန်တက် နားထောင်နေချိန်မှာ ယူရီက မျက်နှာကို လက်ဝါးနဲ့အုပ်ထားတယ်။ အယ်လန်က သမ္မတ ဂျွန်ဆင်၊ စီအိုင်အေညွှန်မှူး ဟက်တန်တို့နဲ့အတူ ပါရီမှာ ညစာစားရာကနေ စပြီး

ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တယ်။ အင်ဒိုနီးရှား သံအမတ်ကြီး အမန်ဒါနဲ့ သူ့ချစ်လင် ဟားဘတ်ထ်တို့ကို အကြံပေးရတာထက်စာရင် ဟက်တန်ရဲ့ သူလျှိုအလုပ်က ပိုလွယ်တာ အမှန်ပဲ။ အဲဒါလုပ်တော့ ခု ယူရီနဲ့ တွေ့ရပြီမဟုတ်လား။

ယူရီက မျက်နှာကိုအုပ်ထားတဲ့ လက်ချောင်းတွေကြားကနေ အယ်လန့်ကို ချောင်းကြည့်နေတယ်။ ဟားဘတ်ထ်နာမည် ပါသွားလို့များလား။ သူ ဟားဘတ်ထ်ကို မှတ်မိမှာပဲ။ ဟားဘတ်ထ်လည်း အသက်ရှင်တယ်ကြားရင် သူ ကျေနပ်မှာပဲ။ ဟုတ်တာပေါ့။ မှန်တာပေါ့။ သေချာတာပေါ့။ အယ်လန်က ဟားဘတ်ထ်နဲ့ အတူနေခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်စာ ဇာတ်ကြောင်းပြန်လှန်တယ်။ အင်မတန် သေချင်လှတဲ့ သူ့မိတ်ဆွေကြီး ဟားဘတ်ထ်။ မနှစ်က ဒီဇင်ဘာမှာ ပါရီမှာ ကွယ်လွန်သွားရှာပြီ။ အသက် ၇၆ နှစ်မှာ ဆုံးတာ။ သူဆုံးတော့ သူ့မိန်းမ သံအမတ်ကြီးရယ်၊ ဆယ်ကျော်သက် သားနှစ်ယောက် ရယ်ကျန်ခဲ့တယ်။ ပြင်သစ်လို ကပေါက်ချိ ကပေါက်ချာ ပြောပေမဲ့ သံအမတ် ကြီးဟာ ပါရီအသိုင်းအဝိုင်းမှာ လူချစ်လူခင် အင်မတန်များဆိုပဲ။ ကဲ ... ဒါက အရေးမကြီးဘူး။ ခင်ဗျား ကျုပ်မေးတာ မဖြေသေးဘူး။ သူလျှိုလုပ်ဖို့ ကိစ္စ ဘယ့်နှယ်လဲ ...။

'အယ်လန်ရယ် ... မဖြစ်နိုင်တာတွေ မပြောစမ်းပါနဲ့၊ ကျုပ်က ဆိုဗီယက် ခေတ်သစ်သမိုင်းမှာ ရာဇဝင် ကမ္ပည်းထိုးထားတဲ့လူဗျ၊ ဘယ့်နှယ် သူလျှို လုပ်ရမတုံး'

ဒီမှာတင် လာရီဆာက ဝင်ပြောတော့တယ်။

'အို ... အဲသလို ပစ်ပစ်ခါခါ မငြင်းရဘူးလေ ယူရီ'တဲ့။ ခြောက်ခွက် မြောက် ဗော့ဒကာဟာ သူ့ပါးစပ်ထဲက ပန်းထွက်သွားတယ်။ အယ်လန်က ကရုဏာအပြည့်နဲ့

ပြောတယ်။

'အို ... ယူရီ ဖော့ဒကာကိုသောက်လေ၊ လျှောက်မထွေးနဲ့'

သူ့ယောကျ်ားမျက်နှာကို လက်ဝါးနဲ့ အုပ်ထားပြန်တုန်း လာရီဆာ ပိုပိုဗာဟာ အတွေးနက်နေတယ်။ သူနဲ့ ယူရီ မကြာခင် ၆၅ နှစ် ပြည့်တော့မယ်။ ခုထိ ဆိုဗီယက်ပြည်ထောင်စုကနေ ဘာများ ရခဲ့ဖူးတာရှိလဲ။ ဂုဏ်ပြု လက်မှတ်တွေနဲ့ အော်ပရာပြဇာတ် လက်မှတ်တွေအတွက် ကျေးဇူးတင်ရ မှာလား။

လာရီဆာဟာ သူ့ယောကျ်ားအပြောကို မစောင့်တော့ဘူး။ အာဇာမက် ၁၆ ဆိုတဲ့ လူတကာ စိတ်ဓာတ်ကျလောက်အောင် လုံခြုံရေးတင်းကျပ်တဲ့ မြို့တော်မှာ စိတ်ညစ်ညစ်နဲ့ နေကြရတဲ့အကြောင်း၊ သူတို့အဖို့ သွားချင်သလို သွားလို့ရတာတော့ မှန်ကြောင်း၊ သူ စကားပြောနေတုန်း ယူရီက ဖြတ်မပြော စေချင်ကြောင်း။ ယူရီက ဘယ်သူ့အတွက် ကျွန်ခံနေမှန်း သူ မသိကြောင်း။ အရင်တုန်းကတော့ အရှုးကြီး စတာလင်အတွက်၊ နောက်တော့ မာရှယ် ဘာရီယာကို ကွပ်မျက်လိုက်တဲ့ ခရုးရှက်ဖ်အတွက်၊ ခု အနံ့ဆိုးတဲ့ ဘရက်စညက်ဖ်အတွက်။

လာရီဆာ ယူရီက ချောက်ချောက်ချားချားလေသံနဲ့ ပြောလိုက်တယ်။

'နို့ ... မဟုတ်လို့လား ယူရီရဲ့၊ စောက်နံ့ဆိုးတဲ့ ဘရက်စညက်ဖ်ဆိုတာ ရှင်ပဲ ပြောတာကို'

လာရီဆာက ဆက်ပြောတယ်။ ဘေးပတ်ပတ်ရံ အုတ်နံရံတွင်း မြို့တော်တွင်း နေရတာ စိတ်ညစ်လှပြီဖြစ်ကြောင်း၊ အချိန်တိုင်း သတိနဲ့ နေရ ကြောင်း၊ ရင်တမမ ဖြစ်နေရကြောင်း၊ ရဲဘော်ကြီး ဦးကနဲ့ ရဲဘော်ကြီးကတော် ဒေါ်ခတို့ဖင် မ,နေရတာ စိတ်ပျက်စရာဖြစ်ကြောင်း၊ ဒါကြောင်း သူလျှိုဆိုလား နှစ်နည်းနည်းလောက် လုပ်ပြီးရင် မသေခင် နယူးယောက်ဆိုတဲ့ မြို့ကြီး မဟာမှာ နေချင်ကြောင်း

ပြောချလိုက်တော့တယ်။ ယူရီက ဘာမှ ဝင်မပြောပေမဲ့ ကန့်လည်း မကန့်ကွက်ဘူး။ ဒါကြောင့် အယ်လန်က ဝင်ပြောရတယ်။ အဲသလိုဆိုရင်ဖြင့် ပါရီက မစ္စတာဟက်တန်ဆိုသူနဲ့ တွေ့ဖို့လိုကြောင်း၊ အဲဒီ ဟက်တန်ဟာ သမ္မတ ဟောင်း လင်ဒန်ဂျွန်ဆင်ရဲ့လူ၊ စီအိုင်အေရဲ့ ရာထူးကြီးပုဂ္ဂိုလ်ဖြစ်ကြောင်း ပြောလိုက်တယ်။ အယ်လန်နဲ့ ယူရီအကြောင်းကို ရိုင်ယန်ဟက်တန် သိရတဲ့အခါ စီမံ ကိန်းတစ်ခုကို ချက်ချင်းဆွဲကြောင်း၊ အဲဒီစီမံကိန်းရဲ့ ကမ္ဘာ့နိုင်ငံရေး အခင်း အကျင်း အကြောင်းတွေကိုတော့ အယ်လန်က သေချာ နားမထောင်ခဲ့မိ ကြောင်း၊

တကယ်တော့လည်း ဘယ်သူပဲဖြစ်ဖြစ် နိုင်ငံရေးအကြောင်း စပြောတာနဲ့ အယ်လန့်နားနဲ့ ဦးနှောက်ရဲ့အလုပ်တွေ ရပ်ဆိုင်းသွားတာ ကျင့်သားရတုံ့ပြန်မှု ဖြစ်နေခဲ့ပြီဖြစ်ကြောင်း။

ယူရီကလည်း နိုင်ငံရေးကို စိတ်မဝင်စားလှပါဘူး။ ဒါပေမဲ့ သူက ဆိုရှယ်လစ်စိတ်ဓာတ် အသွေးထဲ အသားထဲ စိမ့်ဝင်နေတဲ့လူတစ်ယောက်။ အယ်လန်က သူလျှိုလုပ်ငန်းရဲ့ မူလရည်ရွယ်ချက်ကို ဟက်တန် ပြောခဲ့တဲ့ အတိုင်း ယူရီ့ကို ပြောပြတယ်။ အဓိကကတော့ ဆိုဗီယက်ပြည်ထောင်စုဟာ အမေရိကန်ပြည်ထောင်စုနဲ့ နျူကလီးယားစစ်ခင်းမလား၊ မခင်းဘူးလား ဆိုတာပဲတဲ့။ ဒါပေါ့ ဟုတ်တာပေါ့။ ယူရီလည်း သိတယ်။ အခြေအနေက အဲသလို ဖြစ်နေတာ။ စစ်ဖြစ်မှာလား၊ မဖြစ်ဘူးလား။

အယ်လန်က ဆက်ပြောတယ်။ တကယ်လို့များ စစ်ဖြစ်ခဲ့ရင် ဆိုဗီယက်ရဲ့ နျူကလီးယားလက်နက် အင်အားဟာ အမေရိကကို ကမ္ဘာမြေပေါ်က ပျောက်ကွယ်သွားအောင် လုပ်နိုင်တဲ့အင်အား ရှိခဲ့မယ်ဆို တကယ်ဆိုးတဲ့ကိစ္စ ဖြစ်မှာပဲလို့ ရိုင်ယန်ဟက်တန်က စိုးရိမ်နေတယ်တဲ့။

ဟုတ်တာပေါ့။ ဒါလည်း မှန်တယ်။ အမေရိကန် ပြည်ထောင်စုသာ ပျောက်ကွယ်သွားရင် အမေရိကန် ပြည်သူတွေအတွက် အလွန်ဆိုးတဲ့ကိစ္စ ဖြစ်မှာပဲ။ ဒါကြောင့်မို့ ဟက်တန် သိချင်တာက ဆိုဗီယက်မှာ ဂျူးလက်နက် ဘယ်လောက် ရှိသလဲလို့ပေါ့တဲ့။ ဒါမှ နှစ်ဖက် လက်နက်ဖျက်သိမ်းရေး စကားဝိုင်း စလို့ရမယ်ဆိုပြီး သူ သမ္မတဂျွန်ဆင်ကို အကြံပေးခဲ့တယ်။ ခက်တာက ခု ဂျွန်ဆင်ဟာ သမ္မတ မဟုတ်တော့ဘူး။ ဒါ နိုင်ငံရေးလောကရဲ့ ရှုပ်ထွေးလှတဲ့ ပြဿနာပေါ့။

ယူရီဆိုတာက ဆိုဗီယက် ဂျူးကလီးယားလက်နက် စီမံကိန်းတစ်ခုလုံးရဲ့ နည်းစနစ်ဆိုင်ရာ အခေါင်အချုပ်ပဲ။ စီမံကိန်းရဲ့ မဟာဗျူဟာတွေ၊ တည်နေရာတွေ၊ စွမ်းပကားတွေ အားလုံး အစုမ ချေးခါးမကျန် သိတာပေါ့။ သို့သော်လည်း ဒီဂျူးစီမံကိန်းမှာ ၂၃ နှစ် တာဝန်ထမ်းဆောင်နေချိန်အတွင်း ယူရီဟာ ဒါတွေနဲ့ နိုင်ငံရေးဆက်စပ်ပုံကို တစ်ခါဖူးမှ မတွေးခဲ့ဖူးဘူး။ အဲသလို မတွေး တဲ့အတွက် သူ ကျန်းမာပကတိ ချမ်းသာအတိ တာဝန်ထမ်းဆောင်နိုင်ခဲ့တယ်။ ခုဆို ခေါင်းဆောင်ကြီးသုံးယောက် ပြောင်းသွားခဲ့ပြီ။ မာရှယ်ဘာရီယာဆိုသူ မာလကီးယားသွားခဲ့ပြီ။ ဘုန်းကြီးလို့ အသက်မရှည်၊ အသက်ရှည်လို့ ဘုန်း မကြီးဆိုတာ ဆိုဗီယက် အုပ်ချုပ်သူလူတန်းစားရဲ့ ဘဝပေး ကံကြမ္မာများ လေလား။

အဲ ... ဒီလိုနေနိုင်ဖို့ လာရီဆာတစ်ယောက် ဘယ်လောက် စွန့်လွှတ် အနစ်နာခံခဲ့ရတယ် ဆိုတာလည်း သူအသိဆုံးပါ။ လာရီဆာဟာ ဘယ်တော့မှ ဆူပူဆောင့်အောင့် ညည်းညူတာမျိုး မရှိခဲ့ဘူး။ ဟော ... ခု သူပြောပြီ။ ‘ယူရီ အချစ်ရေ ... တို့များ အယ်လန်နဲ့အတူ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စ လေးတွေ နည်းနည်းကူပြီး လုပ်ပေးကြမယ်လေ၊ ပြီးရင် နယူးယောက် သွား ကြစို့၊

ရှင့်တံဆိပ်အစုတ်ပလုတ်တွေ ပြန်အပ်လိုက်၊ ဘရက်စညက်ဗ်ဆိုတဲ့လူ
သူ့နောက်ကျောမှာ ချိတ်ချင် ချိတ်ပစေ'
ကဲကွာ ... ဟုတ်ပြီကွာ။ ချကွာ ... ဖြစ်ချင်တာ ဖြစ်ပစေကွာ။ကောင်းပြီကွာ။
လုပ်ကွာ ... သဘောတူတယ်ကွာ (ဘရက်စညက်ဗ် နောက်ကျောမှာ
တံဆိပ်ချိတ်ဖို့ကလွဲရင် အကုန်သဘောတူတယ်)။ ကဲ ... သဘောတူပြီဆိုတော့
လုပ်ငန်းအကြောင်း ဆွေးနွေးကြတယ်။ သမ္မတနစ်ဆင် ဆိုတဲ့လူဟာ အလုံးစုံ
အမှန်အတိုင်း သိချင်မယ် မဟုတ်ပေဘူးလို့ သူတို့နှစ်ယောက်စလုံး သဘောမျှ
ကြတယ်။ ပျော်ရွှင်စရာသတင်းတွေကိုပဲ သူ နားဆင်ချင်လိမ့်မယ်။ ဒါမှ သူ
ပျော်မယ်။ သူ ပျော်ရင် ဘရက်စညက်ဗ်ကိုလည်း ပျော်အောင် ဖျောင်းဖျနိုင်မယ်။
နှစ်ယောက်စလုံး ပျော်တပြုံးပြုံးဖြစ်နေရင် စစ်ဆိုတာ ဝေါင်ဝေါင်ရှေး
မဟုတ်ဘူးလား။

ဒီလိုနဲ့ ကမ္ဘာ့အလျှို့ဝှက်ဆုံး၊ အရက်စက်ဆုံး၊ ကြောက်စရာအကောင်းဆုံး
လျှို့ဝှက်ပုလိပ်အဖွဲ့ ခြေချင်းလိမ်နေတဲ့ နိုင်ငံကြီးမှာ လူအုပ်ကြားထဲ ပိုစတာထောင်
နည်းပညာနဲ့ အယ်လန်ဟာ သူလျှိုတစ်ယောက်ရအောင် စည်းရုံးနိုင်ခဲ့တယ်။
အမှန်တော့ အဲဒီနေ့ညနေက မော်စကိုပြဇာတ်ရုံရှေ့မှာ စစ်ထောက်လှမ်းရေး
ဂျီအာယူက ဗိုလ်ကြီးရော ကေဂျီဘီက ညွှန်ကြားရေးမှူး ပါ သူတို့ဇနီးတွေနဲ့အတူ
ရှိနေခဲ့ကြတယ်။ ပြဇာတ်ရုံအဝင်ဝမှာ ပိုစတာကြီး ကိုင်ရင်း
မားမားကြီးရပ်နေတဲ့လူကို အများတကာလိုပဲ သူတို့နှစ်ယောက်စလုံး မြင်ကြတယ်။
သို့သော်လည်း တန်ပြန်တော်လှန်ရေးပဲဖြစ်ဖြစ်၊ သူလျှိုလုပ်ငန်း လုပ်တဲ့လူဖြစ်ဖြစ်
အဲသလောက် ပေါ်တင် ဖြောင်ကျတဲ့ အလုပ်ကို ဘယ်သူမှ လုပ်လိမ့်မယ်လို့
မထင်မိတဲ့အတွက် ဘာသံသယမှ မဖြစ်ကြဘူး။ အရူးအပေါလို့ပဲ ထင်ကြတာပေါ့။

ဒီလိုပဲ သူလျှိုအဖြစ် အောင်မြင်စွာ သိမ်းသွင်း စည်းရုံးခြင်းအမှုကို ပြုနိုင်ခဲ့တဲ့ ပွတ်ရှံကင် စားသောက်ဆိုင်ထဲမှာလည်း ကေဂျီဘီနဲ့ ဂျီအာယူ သတင်းပေးတွေ ရှိတာပဲ။ သို့သော် စားပွဲနံပါတ်ကိုးမှာ ပါးစပ်ထဲက ဗော့ဒကာတွေ ပန်းထွက်လိုက်၊ မျက်ခွက်ကြီးကို လက်ဝါးနဲ့အုပ်လိုက်၊ မိန်းမက တဂျီဂျီ နားပူနားဆာလုပ်တာ ခံရလိုက်နဲ့ လူကြီးကို တွေ့သွားပဲ။ ဒါ ရုရှ စားသောက် ဆိုင်တွေရဲ့ ပုံမှန်မြင်ကွင်း။ ဘာမှ အမှားအယွင်းမရှိဘူး။

အဲသလို အကြောင်းကြောင်းသော အကြောင်းတွေကို အကြောင်းပြုပြီး သကာလ နိုင်ငံရေးမျက်ကန်းဖြစ်တဲ့ အမေရိကန်သူလျှိုဟာ နိုင်ငံရေးကြောင် တောင်ကန်း ဆိုဗီယက် နျူလက်နက်စီမံကိန်း အကြီးအကဲကို ကမ္ဘာ့ ငြိမ်းချမ်း ရေးလုပ်ငန်း အတူတကွ ဆောင်ရွက်ဖို့ စည်းရုံးနိုင်လိုက်တာကို ကေဂျီဘီရော ဂျီအာယူပါ ဘာဆို ဘာမှ မသိလိုက်ရှာကြဘူး။ ဒီသတင်း ပါရီက အယ်လန် ဟက်တန်ဆီ ရောက်သွားတဲ့အခါ ဟက်တန့်ပါးစပ်ဟာ ဟောင်းလောင်း ဟသွားတာ ပြန်စေ့လို့တောင်မရဘူး။ လက်စသတ်တော့ အယ်လန်ဟာ သူ ထင်တာထက်ကို အများကြီး ဝါရင့်တဲ့ တကယ့်သမ္ဘာရင့် မဟာသူလျှိုကြီးကိုး။ တောင်ထိပ် ကြာပွင့်၊ အနောက် နေထွက်တဲ့ အလုပ်မျိုး သူမို့လို့ လုပ်နိုင်ပလေ။ မော်စကိုပြဇာတ်ရုံဟာ တစ်နှစ်ကို အနည်းဆုံး တစ်ခါလောက်တော့ ဗီယင်နာအော်ပရာလို ထိပ်တန်းဇည့်သည်ဖျော်ဖြေမှုမျိုးကို တင်ဆက်တတ်တဲ့ အတွက် အယ်လန်နဲ့ ယူရီတို့ဟာ ပုံမှန် အဆက်အသွယ်လုပ်နိုင်ကြတယ်။ အဲဒီကနေတစ်ဆင့် စီအိုင်အေဆီကို ဆိုဗီယက် အဏုမြူလက်နက်စီမံကိန်း သတင်းအချက်အလက်တွေ ပုံမှန်စီးဝင်လာခဲ့တယ်။ တကယ့် ထိပ်တန်း လျှို့ဝှက် သတင်းအချက်အလက်တွေပဲ။

အဲဒီ အစီရင်ခံစာတွေရဲ့ ရလဒ်အဖြစ် ၁၉၇၀ ပြည့်လွန် နှစ်ကာလများမှာ သမ္မတနစ်ဆင်ရဲ့ ထိပ်တန်းလူတွေ မော်စကိုလာပြီး နှစ်ဖက် လက်နက်လျှော့ချ ဖျက်သိမ်းရေးကိစ္စကို လာရောက်ညှိနှိုင်းတဲ့ကိစ္စ ဖြစ်လာတယ်။ အမေရိကက လက်နက်အရာမှာ အသာစီးရနေတယ်ဆိုတာ နစ်ဆင့်အဖို့ သေချာနေတာကိုး။ ဥက္ကဋ္ဌကြီး ဘရက်စညက်ဗ်အဖို့ကလည်း လက်နက်လျှော့ချ ဖျက်သိမ်းရေးကို ဆန့်ကျင်စရာ မရှိပါဘူး။ သူ့ထောက်လှမ်းရေးတွေရဲ့ အဆိုအရ လက်နက်အရာမှာ ဆိုဗီယက်က သာနေတယ်လို့ ဆိုတာကိုး။ စိတ်ရှုပ်စရာတစ်ခုတော့ ရှိတယ်။ စီအိုင်အေက သူတို့လူ တံမြက်စည်းလှည်းတဲ့ မိန်းမကြီးဆီ ကနေတစ်ဆင့် ပါရီ စီအိုင်အေရုံးက အစီရင်ခံစာတစ်ခု ရခဲ့တယ်။ အဲဒီထဲမှာ ဆိုဗီယက် ချူကလီးယားလက်နက်စီမံကိန်း ဗဟိုအဆင့်မှာ စီအိုင်အေ သူလျှို ရှိနေတယ်လို့ ဖော်ပြထားတယ်။ ဟာဟ ... အလကား အပေါစားသတင်း၊ တန်ဖိုးမရှိတဲ့သတင်း၊ အရှုးအနှမ်းသတင်း။ အဲဒီ ဇောက်ရှူးသတင်းပေါ် အခြေခံပြီး နစ်ဆင့်ဘက်က

လက်နက်ဖျက်သိမ်းလာတာကို ဘရက်စညက်ဗ်က ဘာကန့်ကွက်ရမတဲ့တုံး။ ဒါပေမဲ့ ဒီဇောက်ရှူးသတင်း ဘယ်က ထွက် လာလဲ ဆိုတာတော့ မေးမြန်းကြည့်ဦးမှ။ သဟာကြောင့် ဘရက်စညက်ဗ်ဟာ သူ့ရဲ့ ချူလက်နက်အကြီးအကဲ ယူရီပိုပေါ့ကို ခေါ်တယ်။ အမေရိကန် သူလျှိုသတင်းရဲ့ ဇာစ်မြစ်ကို စုံစမ်းခိုင်း တယ်။ ပို့ပေါ့ဟာ သူနဲ့ အယ်လန် ပူးပေါင်းလုပ်ကြံထားတဲ့ အစီရင်ခံစာကို ဖတ်ရင်း ပခုံးတွန့်လိုက်တယ်။ ဒီလောက်ကတော့ စာကြည့်တိုက်မှာ သုတေသန နည်းနည်းလုပ်ပြီးရင် ဘယ်ကျောင်းသားမဆို ရေးနိုင်ကြောင်း၊ ရဲဘော်ကြီး ဘရက်စညက်ဗ်အနေနဲ့ ခွေးဟောင်တိုင်း ထကြည့်ရင် အိပ်ရေးပျက်ကြောင်း၊ ဘာမဟုတ်တာအတွက် စိတ်အနှောင့်အယှက် မဖြစ်သင့်ကြောင်း ပြောပြလိုက်တယ်။

ဟုတ်သလေ။ သူလိုချင်တာလည်း ဒါပဲ။ သေချာအောင်သာ ခေါ်မေး ကြည့်တာ။ ကဲ ... ကဲ ... စိတ်ချမ်းသာစွာပြန်။ ကိုရင့်မယား လာရီဆာကိုလည်း ကျုပ်က နှုတ်ဆက်လိုက်တယ်ဆိုတာ ပြောပြ။ ဟုတ်ပလား။

ကေဂျီဘီကတော့ ဆိုဗီယက်တစ်လွှားက စာကြည့်တိုက်နှစ်ရာကျော်မှာ ချုလက်နက်ဆိုင်ရာ စာပေသုတေသနပြုသူများကို အလွတ်မပေးတမ်း စောင့်ကြည့်တယ်။ ဘရက်စညက်ဗ်ကတော့ နစ်ဆင်ရဲ့ အလွတ်သဘော ကမ်း လှမ်းမှုကို ဘယ်လို တုံ့ပြန်ရမယ် မသိသေးလို့ အသာစောင့်ကြည့်နေတုန်း ဗြုန်းခနဲ တစ်ရက်မှာ နစ်ဆင်ဟာ တရုတ်ဖက်တီး မော်စီတုံးနဲ့ တွေ့ဆုံမယ် ဆိုတဲ့ သတင်းက ရောက်လာပါလေရော။ ဖက်တီး မော်နဲ့ ရဲဘော် ဘရက် စညက်ဗ်က တစောင်းစေးနဲ့ မျက်ချေး။ ဦးသူ ဆော်၊ လျင်သူ ကြိတ်စတမ်း ဆိုတော့ တရုတ်နဲ့ အမေရိကန် ပေါင်းပြီး ဆိုဗီယက်ကိုဆော်မယ့် ကိစ္စမျိုးက တော့ လုံးဝ လုံးဝ ခွင့်မပြုနိုင်ဘူးလေ။ ဒီလိုနဲ့ နောက်တစ်နေ့မှာ အမေရိကန်ပြည်ထောင်စု သမ္မတကြီး ရစ်ချတ်နစ်ဆင်ဆီကို တရားဝင် အလည်အပတ်ခရီး ဖိတ်ကြားလွှာ ဆိုဗီယက် ပြည်ထောင်စုကနေ ရောက်လာတယ်။ အဲဒီခရီးမှာ ဘရက်စညက်ဗ်နဲ့ နစ်ဆင်ဟာ လက်တင်းတင်းဆွဲ နှုတ်ဆက်ရုံတင် မကဘူး။ မဟာဗျူဟာမြောက် လက်နက်များ ဖျက်သိမ်းလျှော့ချရေး သဘောတူညီမှုနှစ်ခုကို လက်မှတ်ထိုး နိုင်ခဲ့ကြတယ်။ လက်မှတ်ထိုးပွဲကို မော်စကိုမှာ ကျင်းပတဲ့အတွက် နစ်ဆင်ဟာ သူ့အကျိုးကို အများကြီးဆောင်ခဲ့တဲ့ မော်စကို အမေရိကန်သံရုံးက သူလျှိုကြီး နဲ့ လက်ဆွဲနှုတ်ဆက်ခွင့် ရခဲ့တယ်။

'လှိုက်လှဲစွာ ကြိုဆိုပါတယ် မစ္စတာသမ္မတကြီးခင်ဗျား၊ အရင်လူတွေ လိုပဲ ကျွန်တော့်ကို ညစာဖိတ်ကျွေးဦးမှာလား ခင်ဗျ'

'ဟင် ... ဘယ် အရင်လူတွေလဲ'

'သြော် ... ကျွန်တော့်အကူအညီအတွက် စိတ်ကျေနပ်ခဲ့ကြတဲ့ လူတွေပေါ့ ခင်ဗျ၊ ဖရန်ကို၊ ထရူးမန်း၊ စတာလင်၊ ပြီးတော့ ဥက္ကဋ္ဌ မော်၊ သူကတော့ ထမင်းမကျွေးဘူး၊ ခေါက်ဆွဲတွေပဲ ကျွေးလွှတ်လိုက်တယ်၊ အတော်လေး ညဥ့် နက်နေမှလေ၊ ဆီဒင် ဝန်ကြီးချုပ်ကတော့ ကော်ဖီပဲ တိုက်တယ်၊ ဒါလည်း သိပ်တော့ မဆိုးပါဘူးလေ'

သူ့သူလျှိုကြီးရဲ့ နောက်ကြောင်းကို အကျဉ်းချုပ်သိထားတဲ့ သမ္မတ နစ်ဆင်က အချိန်မရှိလို့ ညစာမကျွေးနိုင်တာ စိတ်မကောင်းကြောင်း၊ သို့သော် ဆီဒင်ဝန်ကြီးချုပ်က ကော်ဖီတိုက်ရင် အမေရိကန်သမ္မတအနေနဲ့ ကော့ညက် လောက်တော့ တိုက်ဖို့ကောင်းကြောင်း၊ ခုနေ သောက်ကြရင် သင့်တော်ပါ့ မလား စဉ်းစားနေကြောင်း ပြောတယ်။

အယ်လန်က ခုလိုဖိတ်ကြားတဲ့အတွက် ကျေးဇူးတင်ကြောင်း၊ ကော့ညက် နှစ်ခွက်ဆင့်ချကြရင် အလွန်အင်မတန် သင့်တော်ကြောင်း ပြန်ပြော တယ်။

နစ်ဆင်က အိုကေလေ ... တဲ့။ ကုန်ကျစရိတ်ကို အမေရိကန် နိုင်ငံတော်ဘတ်ဂျက်က ကျခံတာပေါ့တဲ့။

ဒီလိုနဲ့ လူကြီးမင်းနှစ်ယောက် တစ်နာရီလောက် စားကြသောက်ကြရင်း အမေရိကန်သမ္မတ မေးတဲ့ နိုင်ငံရေးမေးခွန်းတွေကို အယ်လန် ဖြေနေရ တယ်။ အင်ဒိုနီးရှားရဲ့ နိုင်ငံရေးကစားပွဲ အခြေအနေက ဘယ်လိုတုံးတဲ့။ အမန်ဒါ့နာမည် ထည့်မပြောဘဲ အင်ဒိုနီးရှား နိုင်ငံရေးသဘောကို အယ်လန် ပြောပြလိုက်တယ်။

နစ်ဆင်ဟာ အသည်းအသန် အပြုံးအပြဲ နားထောင်ရင်း ပါးစပ်ကလည်း အင်း ... အင်မတန် စိတ်ဝင်စားဖို့ကောင်းတယ်လို့ တတွတ်တွတ် ရွတ်နေခဲ့တယ်။

အယ်လန်နဲ့ ယူရီတို့လည်း အလွန်သဘောခွေ့ကြတယ်။ ဂျီအာယူနဲ့
ကေဂျီဘီတို့လည်း သူလျှိုရှာမတွေ့လို့ လက်လျှော့သွားကြပြီ။ ဒါကြောင့်မို့
ခုချိန်ဟာ မစ္စတာဟက်တန့်ဆီ အစီရင်ခံစာအသစ်တက်ရင် ဘယ်လိုလဲတဲ့။
ကမ်ချက်ခက တာလတ်ပစ် ဒုံးကျည်တွေအကြောင်း ပြောရင် ကောင်းမလား တဲ့။
ယူရီက အယ်လန့်အကြံကို ထောက်ခံတယ်။ အဲဒီအကြောင်း အစီရင်ခံစာဆို
အေးအေးဆေးဆေး ရေးနိုင်တာပေါ့တဲ့။ စားရင်းသောက်ရင်း လုပ်ကြ တာပေါ့တဲ့။
ရစ်ချတ်နစ်ဆင်ကလည်း အဲဒီအစီရင်ခံစာတွေကြောင့် အကျေနပ်ကြီး ကျေနပ်၊
သူလုပ်တဲ့ အလုပ်တွေကို ပြည်သူတွေက အကျေနပ်ကြီး ကျေနပ်၊ အဲသလို
ကျေနပ်ကြတဲ့အတွက် ၁၉၇၂ ခုနှစ် ရွေးကောက်ပွဲမှာ နစ်ဆင်က ၄၉ ပြည်နယ်မှာ
နိုင်ပြီး ဂျော့ချ်မက်ဂိုဗမ်က တစ်ပြည်နယ်မှာပဲ နိုင်ရှာတယ်။
ဒါပေမဲ့လည်း အခြေအနေတွေက ခက်ခဲသထက် ခက်ခဲလာခဲ့တယ်။
နောက်ဆုံးမှာ နစ်ဆင်ဟာ အရင် ဘယ်အမေရိကန် သမ္မတမှ မလုပ်ဖူးတဲ့
သက်တမ်းအတွင်း နုတ်ထွက်ခြင်းအမှုကို ပြုလိုက်ရရှာတယ်။ မော်စကို
စာကြည့်တိုက်မှာ အဲဒီ ဝါးတားဂိတ်အရေးတော်ပုံဆိုတာကို အယ်လန် ဖတ်
လိုက်ရတယ်။ အချုပ်အားဖြင့်ပြောရရင် နစ်ဆင်ဟာ အခွန်ရှောင်တယ်၊ ရွေး
ကောက်ပွဲ ရန်ပုံငွေတွေကို တရားမဝင် ရယူတယ်၊ လျှို့ဝှက် စစ်ဆင်ရေးတွေ
လုပ်တယ်၊ ရန်သူတွေကို တရားမဝင် ချေမှုန်းခိုင်းတယ်၊ အသံခိုးဖမ်းတယ်၊
စုံစီနဖာပဲ။ အယ်လန်ကတော့ ကော့ညက်နှစ်ခွက်ဆင့် အတူတူသောက်ခဲ့တဲ့
နစ်ဆင့်ကို သနားနေတယ်။ အင်ဒိုနီးရှားမှာဆို ဒီလိုဖြစ်ရှာမှာ မဟုတ်ဘူးလို့
တတွတ်တွတ် ပြောနေလေရဲ့။
ဒီလိုနဲ့ နှစ်ပေါင်းများစွာ ကုန်လွန်သွားခဲ့တယ်။ နစ်ဆင့်နေရာမှာ ဂျရယ်ဖိုဒ့်၊

တစ်ခါ ဂျရယ်ဖို့ဒ်နေရာမှာ ဂျင်မီကာတာ အသီးသီး လက်လွှဲ တာဝန်ယူသွားကြပေမဲ့ ဘရက်စညက်ဗ်ကတော့ သူ့ထိုင်ခုံမှာ သူ ထိုင်နေ တုန်း။ အယ်လန်၊ ယူရီရဲ့ လာရီဆာတို့ကလည်း ပုံမှန်တွေ့ကြတုန်း။ ဆိုဗီ ယက် နျူလက်နက်တွေအကြောင်း စိတ်ကူးယဉ် အစီရင်ခံစာတွေ ရေးကြ တုန်း။ စိတ်ကူးထဲမှာ ဆိုဗီယက် နျူလက်နက်တွေကို တဖြည်းဖြည်း လျှော့နေ ကြတုန်း။ ဒါမှ အမေရိကန်တွေ ပျော်သထက်ပျော်မှာ။ ဒါမှ နှစ်နိုင်ငံ ဆက်ဆံ ရေး တိုးတက်သထက် တိုးတက်မှာလို့ ထင်ကြတုံး။

ဒုတိယအကြိမ် ဗျူဟာမြောက် လက်နက်လျှော့ချရေး သဘောတူ စာချုပ်ကို လက်မှတ်ထိုးလုထိုးခင် တစ်ရက်မှာ ဘရက်စညက်ဗ်ဟာ အာဖဂန် နစ္စတန်ဆိုတဲ့တိုင်းပြည် သူ့အကူအညီလိုနေပြီလို့ အထင်ရောက်လာတယ်။ ဒါကြောင့် အဲဒီတိုင်းပြည်ထဲ သူ့တပ်တွေ လွှတ်တယ်။ အဲဒီတပ်တွေဟာ အာဖဂန်နစ္စတန် သမ္မတကို သုတ်သင်မိသွားတော့ ဘရက်စညက်ဗ်ခမျာ ဘာမှမတတ်နိုင်ဘဲ သူ သဘောတွေ့သူကို သမ္မတ တင်လိုက်ရရှာတယ်။ အဲဒီဖြစ်ရပ်ကလေးကို သမ္မတ ဂျင်မီကာတာက သိပ်စိတ်ဆိုးတယ်။ ဒါကြောင့် လက်နက်လျှော့ချရေး သဘောတူစာချုပ် လက်မှတ်ထိုးမယ့် မင်ရည်ဟာ မထိုးမိက ခန်းသွားတယ်။ ကာတာဟာ မော်စကို အိုလံပစ်ပွဲကို သပိတ်မှောက်တယ်။

အာဖဂန်က မူဂျာဟစ်ဒင် သူပုန်တွေဆီ စီအိုင်အေ အထောက်အပံ့တွေ အလုံးအရင်းပို့တယ်။

ဒါပေမဲ့ သူ အဲဒါတွေ ကြာကြာမလုပ်လိုက်ရရှာဘူး။ ရော်နယ်ရေဂင်က သူ့နေရာကို ယူသွားတယ်။ ရေဂင်ဆိုတဲ့လူက ကွန်မြူနစ်တွေ အထူးသဖြင့် ဘရက်စညက်ဗ်နဲ့ပတ်သက်ရင် ဒေါသမထိန်းနိုင်တဲ့ လူတဲ့။ အဲသလို ကြားတယ်။

အယ်လန်က ယူရီ့ကို အမေရိကန် သမ္မတသစ် တက်ပြီးပြီးချင်း တွေ့ဆုံပွဲမှာ ဒီလိုပြောတယ်။

'အင်းဗျ၊ ခု ကျုပ်တို့ ဆိုဗီယက် န္ယူလက်နက်အကြောင်း အစီရင်ခံလို့ မရတော့ဘူးဗျ၊ လျှော့ရင်းလျှော့ရင်းနဲ့ ဘာမှကို မကျန်တော့ဘူးကိုး'

'အင်းလေ၊ ဒါဆိုလည်း ပြောင်းပြန် ပြန်လုပ်ကြတာပေါ့၊ ရေဂင် ဆိုတဲ့ လူ ပျော့လာမလား စောင့်ကြည့်ကြတာပေါ့'

ဒီလိုနဲ့ ဟက်တန့်ဆီတက်လာတဲ့ နောက်အစီရင်ခံစာက စလို့ ဆိုဗီယက်ဟာ န္ယူထိပ်ဖူးတပ် ဒုံးပျံစီမံကိန်းကို အကြီးအကျယ် နေရာအနှံ့ ပြန်စ နေပြီ ဆိုတာတွေ ပါလာတော့တယ်။ အယ်လန်တွေးတာ မှန်သားပဲ။ အဲသလို အစီရင်ခံစာ တက်ပြီးတဲ့နောက် အမေရိကန်သမ္မတသစ် ရော်နယ်ရေဂင်ဟာ သူ့ရဲ့ ကြယ်တာရာစစ်ပွဲ ဗျူဟာကြီးကို ချက်ချင်းစဖို့ ဆုံးဖြတ်လိုက်တော့ တယ်။ ဂြိုဟ်တုတွေ၊ လေဆာသေနတ်တွေ အပြည့်ပါတဲ့ အဲဒီဗျူဟာကြီးဟာ လွန်ခဲ့တဲ့ လအနည်းငယ်က အယ်လန်နဲ့ ယူရီ မော်စကို ဟိုတယ်ခန်းတစ်ခုမှာ ဖော်ဒကာမူးမူးနဲ့ ရေးခဲ့ကြတဲ့ အစီရင်ခံစာထဲ ပါတဲ့အတိုင်း တစ်ထပ်တည်းပဲ။ အမေရိကန်ရဲ့ဘတ်ဂျက်ဟာ အဲဒီကြယ်တာရာစစ်ပွဲကြောင့် အထွတ်အထိပ်ကို ရောက်သွားတယ်။ ဆိုဗီယက်ဟာ ဘယ်လိုမှ လိုက်မပြိုင်နိုင်တော့ဘူး။ ဒီလိုနဲ့ နိုင်ငံရေးနလပိန်းတုံး သူလျှိုကြီးနှစ်ယောက်ရဲ့ စနက်ဟာ ဆိုဗီယက်ယူနီယံ နိဂုံးကို ဦးတည်စေခဲ့တော့တယ်။

အဲဒီကြယ်တာရာစစ်ပွဲ အစီရင်ခံစာကြောင့်လား၊ တခြားအကြောင်း ကြောင့်လား မသိပေမဲ့ ၁၉၈၂ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်နေ့မှာ ဘရက်စညက်ဗ် ဟာ နှလုံးရောဂါနဲ့ အနိစ္စရောက်သွားခဲ့တယ်။ အဲဒီနေ့ ညနေပဲ အယ်လန်၊ ယူရီနဲ့

လာရီဆာ ရဲသုံးဘော် အရေးပေါ်အစည်းအဝေး လုပ်ရတယ်။

လာရီဆာ – 'ခု ဒီမဟုတ်တရုတ် အစီရင်ခံစာတွေ ရပ်ကြတော့မလား'

ယူရီ – 'အင်းလေ ... ဒီလောက်ဆို တော်ရောပေါ့'

အယ်လန်ကတော့ ခေါင်းညိတ်ပြလိုက်တယ်။ အဓိပ္ပာယ်မဲ့ မဟုတ်တရုတ် ဆိုတာတွေအားလုံး ရပ်ဖို့၊ တော်ဖို့ ချိန်တန်ပြီလေ။

နောက်တစ်ရက်မှာ ဟက်တန့်ဆီ အယ်လန် ဖုန်းဆက်တယ်။ စီအိုင် အေအတွက် ဆယ့်သုံးနှစ်ခွဲ အလုပ်လုပ်ပေးပြီးပြီဆိုတော့ တော်ရောပေါ့တဲ့။ လျှို့ဝှက်ချက်တွေကို ရိုင်ယန်ဟက်တန့်အနေနဲ့ တစ်သက်လုံး လုံလုံခြုံခြုံ သိမ်းပေးထားမယ်လို့ မျှော်လင့်ပါတယ်တဲ့။

စီအိုင်အေအဖို့ ကတိပေးထားတဲ့အတိုင်း ယူရီနဲ့ လာရီဆာကို နယူးယောက် ပို့ပေးပေတော့တဲ့။ အယ်လန်ကတော့ ဆွီဒင် ပြန်မယ်တဲ့။

ဟက်တန်နဲ့ စီအိုင်အေဟာ ကတိတည်ကြပါတယ်။ ယူရီနဲ့ လာရီဆာဟာ ချက်ကိုစလိုဗက်ကီးယားနဲ့ ဩစတြီးယားကတစ်ဆင့် အမေရိကန်ရောက် လာကြတယ်။ မက်ဟန်တန် အနောက်ပိုင်း ၆၄ လမ်းမှာ ဧရာမ အခန်းကြီး တစ်ခန်း ရတယ်။ နှစ်စဉ် ထောက်ပံ့ငွေ အများကြီးရတယ်။ စီအိုင်အေအတွက် ငွေကုန်ကြေးကျများမှာ မပူရပါဘူး။ ၁၉၈၄၊ ဇန်နဝါရီမှာ ယူရီ အိပ်ပျော် နေတုန်း ဆုံးသွားတယ်။ သုံးလအကြာမှာ နှလုံးကွဲကြေပြီး လာရီဆာ တစ်ယောက် လင်တော်မောင်နောက် လိုက်သွားခဲ့တယ်။ ၁၉၈၃ တစ်နှစ်လုံး ဘဝရဲ့ အပျော်ဆုံးအချိန်တွေကို ဖြတ်သန်းသွားခဲ့ရတဲ့ ဇနီးမောင်နှံနှစ်ဦး ကွယ်လွန်တော့ အသက် ၇၉ နှစ်စီ ရှိကြပြီ။

အယ်လန်ကတော့ အထုပ်အပိုးပြင်ပြီး သွားတော့မယ်လို့ သံရုံးကို

နှုတ်ဆက်တယ်။ အဲဒီတော့မှ သံရုံးတာဝန်ရှိသူတွေ သတိရတယ်။ ၁၃ နှစ်နဲ့ ၅ လလုံးလုံး အယ်လန်ဟာ နိုင်ငံခြားထောက်ပံ့ငွေကလွဲလို့ လစာ မရခဲ့ဘူးပဲ။ ရပါတယ်တဲ့။ ဒီမှာလည်း ဖော့ဒကာက ပေါနေတာပဲတဲ့။ ကိစ္စမရှိပါဘူးတဲ့။ အယ်လန်က ပြန်ဖြေခဲ့တယ်။

သံရုံးတာဝန်ခံဟာ အယ်လန့်ကို မျက်လုံးပြူးကြီးနဲ့ ကြည့်ရင်း လစာ ငွေကို စတော့ဟုမ်းက အမေရိကန်သံရုံးဆီ ချက်လက်မှတ် ဆက်ဆက် ပို့ပေးပါမယ်ဆိုတဲ့အကြောင်း ပြောလိုက်ရတော့တယ်။

(၂၇)

၂၀၀၅၊ မေ ၂၇၊ သောကြာမှ ၂၀၀၅၊ ဇွန် ၁၆၊ ကြာသပတေး။

အမန်ဒါ အိုင်စတိုင်းဟာ ခုထိ အသက်ရှင်နေတုန်းပဲ။ ခုဆို ၈၄ နှစ် ရှိနေပြီ။ ဘာလီက သူပိုင်ပြီး သူ့သားကြီး အယ်လန် စီမံခန့်ခွဲနေတဲ့ ဇိမ်ခံ ဟိုတယ်ကြီးမှာ ဇိမ်နဲ့နေတယ်။

အယ်လန်အိုင်စတိုင်းက ၅၁ နှစ်၊ သူ့ညီ မော်အိုင်စတိုင်းက ၅၀။

နှစ်ယောက်စလုံး စောက်ကျိုးနည်းအောင် တော်ကြတယ်။ (တကယ်တော်တာ) အယ်လန်က စီးပွားရေးစပါယ်ရှယ်လစ်၊ သူ့အသက် ၄၀ ပြည့် မွေးနေ့မှာ သူ့အမေက ဒီဟိုတယ်ကို လက်ဆောင်ပေးခဲ့တယ်။ မော်အိုင်စတိုင်းကတော့ အင်ဒိုနီးရှား ရေနံကုမ္ပဏီကြီးတစ်ခုမှာ စက်ပြင် အင်ဂျင်နီယာ လုပ်နေတယ်။ တော်လွန်းအားကြီးတဲ့အတွက် ရှိသမျှစက်တွေ မပျက်အောင် ထိန်းသိမ်း လိုက်တာမှာ စက်တစ်ခုမှ မပျက်တော့ဘဲ စက်ပြင်အင်ဂျင်နီယာတွေ အလုပ်လက်မဲ့ ဖြစ်ကုန်တယ်။ ဒါကြောင့် အားလုံးရဲ့ မျက်မုန်းကျိုးမှုကို ခံရပြီး ယူအေအီးကို

ပြောင်းသွားတယ်။ အဲဒီမှာ သူလက်စွမ်းပြနေတော့မှ အင်ဒို နီးရှား ရေနံကုမ္ပဏီ
စက်ပြင်အင်ဂျင်နီယာတွေခမျာ သက်ပြင်းချနိုင်တော့ တယ်။ နဂိုအတိုင်း
ပျက်ချင်တာ ပျက်လို့ရသွားပြီလေ။

အမန်ဒါကတော့ သူ့သားနှစ်ယောက်အတွက် အင်မတန် ဂုဏ်ယူသလေ။
ဘာဖြစ်လို့များ နှစ်ယောက်စလုံး မတန်မရာ ထူးချွန်နေရတာလဲတော့ သူ
မစဉ်းစားတတ်ဘူး။ ဟားဘတ်ထ်ကတော့ ပြောဖူးတယ်။ သူ့မိသားစုထဲမှာ
ထူးချွန်တဲ့ မျိုးရိုးဗီဇပိုင်ရှင်ရှိတယ်တဲ့။ ဘယ်သူလဲဆိုတာတော့ မမှတ်မိဘူး။
အယ်လန့်ဆီက ဖုန်းဝင်လာတဲ့အခါ အမန်ဒါဟာ အပျော်ကြီး ပျော်သွားတယ်။
အယ်လန်နဲ့ မိတ်ဆွေတွေ ဘာလီမှာ သဘောရှိ နေနိုင်တယ်လို့ သူ ပြောလိုက်တယ်။
အယ်လန့်ကိစ္စကို အမန်ဒါဟာ သူ့သား အယ်လန် ဂျူနီယာနဲ့ ဆွေးနွေးတယ်။
ဟိုတယ်အခန်းတွေ ရှင်းထားဖို့ပြောတယ်။ အဘူဒါဘီက မော်ဆီ ဖုန်းဆက်တယ်။
အားလပ်ရက် ခွင့်ယူပြီး ပြန်ခဲ့ဖို့ ပြောတယ်။ အဖျော်ယမကာ
အများကြီးဆောင်ထားဖို့ မှာတယ်။ အစစ အရာ ရာ အဆင်သင့်ပဲ။
အယ်လန်က မကြာခင် သူတို့တစ်အုပ်စုလုံး ရောက်လာမယ့်အကြောင်း
ပြောတယ်။ ကမ္ဘာပေါ်မှာ အမန်ဒါလောက် ထုံနိုင်ထိုင်းနိုင်၊ တုံးနိုင် အ,နိုင်တဲ့ လူ
မရှိဘူးလို့ အယ်လန် ပြောလိုက်တဲ့အခါ အယ်လန့်ရဲ့ အကြင်နာစကားကြောင့်
အမန်ဒါ့ခမျာ ဝမ်းသာစိတ် ငယ်ထိပ်တက်ဆောင့်ပြီး မျက်ရည်များတောင်
လည်ရှာတယ်။

'ကွယ် ... အယ်လန်ရယ်၊ မြန်မြန်သာ လာခဲ့ကွယ်၊ မြန်မြန်သာလာခဲ့ ... နော်
...'

သတင်းစာရှင်းလင်းပွဲမှာ ရှေ့နေကြီး ရာနီလစ်ဟာ မီဒီယာတွေ အားလုံးကို

အနံ့ခံခွေးလေး ကစ်ကီရဲ့ ကံမကောင်း အကြောင်းမလှတဲ့ လွဲမှားမှု အကြောင်းကို
စီကာပတ်ကုံး ပြောပြနေတယ်။ မှားလိုက်လေခြင်း ... ကစ်ကီလေးရယ်။
ဘာအလောင်းမှ မရှိပါဘူးကွယ်။

ခွေးမ ကစ်ကီရော၊ ခွေးထိန်း အကောင်ရော အားလုံးကို ချောက်ထဲ တွန်းပို့ပြီး
သကာလ ရာနီလစ်ဟာ ငိုချင်းချဖို့ ကြိုးစားတယ်။ အက်စကီတူးနား ရဲဌာနအနေနဲ့
ပြန်လမ်းမရှိဂိုဏ်းရဲ့ လာချင်းကောင်းသော ပြောင်းလဲခြင်း တွေကို သေသေချာချာ
မစုံစမ်းဘဲ ဒီအမှုကို လိုက်မိတာ နောင်တရလို့ မဆုံးကြောင်း၊ ရဲဌာနကိုယ်စား
တောင်းပန်ပါကြောင်း၊ ရီဂါမှာ သေဆုံးတဲ့ ရေပုံးနဲ့ ဂျာဘူတီမှာ သေဆုံးတဲ့
မင်းတုံးတို့ အမှုတွေလည်း စစ်ဆေးပြီးလို့ ပိတ်လိုက်ပြီဖြစ်ကြောင်း၊
သမ္မာကျမ်းစာဖြန့်ဖြူးတဲ့ သူတော်ကောင်းတွေကို ပြစ်မှားမိတာ
စိတ်အထိခိုက်ဆုံးဖြစ်ကြောင်း (ဘော်ဆီ ပေးလိုက်တဲ့ သမ္မာ ကျမ်းစာအုပ်လေးကို
ထောင်ထောင်ပြရင်း) အသည်းနာနာ အကဲပါပါ ပြော တယ်။

ဒီတစ်ကြိမ်မှာတော့ ဂျာနယ်လစ်တွေဟာ သူပြောတာကို အလွယ်တကူ
လက်ခံသွားတဲ့အတွက် ရာနီလစ်ဟာ အံ့ဩမဆုံး ဖြစ်နေတယ်။ ဘာပဲပြောပြော
ဒီတစ်ခေါက်တော့ ရှင်သန်နိုင်ခဲ့ပြန်ပြီပေါ့။

အယ်လန်နဲ့ မိတ်ဆွေတွေ ဘာလီကို မြန်မြန်လာဖို့ အမန်ဒါက
လောဆော်နေသလိုပဲ အယ်လန်နဲ့ မိတ်ဆွေများကလည်း အမြန်ဆုံးနည်းနဲ့
ပန်းကန်လုံးစီးပြီးကို လာချင်တာ။ ဘဲလ်ရင်းဂါးယာခင်းက ခု မလုံခြုံတော့ဘူး။
ဂျာနယ်လစ်တွေ အချိန်မရွေး ရောက်လာနိုင်တယ်။ အယ်လန့်ဘက်က
တာဝန်ကျေပြီ။ ခု အလှကလေး အလှည့်ပဲ။

ဘဲလ်ရင်းဂါးယာခင်းနဲ့ မနီးမဝေးမှာ ဆီတန်းနပ်စ် စစ်လေယာဉ်ကွင်း ရှိတယ်။

အဲဒီမှာ ဆင်တစ်ကောင် မဟုတ်ဘူး၊ နှစ်ကောင်လောက် တင်နိုင်တဲ့ ဧရာမ ဂျမ်ဘိုလေယာဉ်ကြီးတွေ ရှိတယ်။ အဲဒီက တာဝန်ခံဗိုလ်မှူးကြီးကို အလှကလေး ဆက်သွယ်တယ်။ ဒါပေမဲ့ အဲဒီလူက ခေါင်းမာသလေ။ ဆင် တစ်ကောင်တင်ပြီး လေကြောင်းခရီးရှည် သွားဖို့ဆိုတာ ခွင့်ပြုချက်တွေ၊ အမိန့်စာတွေ တစ်ထောကြီး လိုသတဲ့။ ဒါတွေ ရသည့်တိုင်အောင် စစ်တပ်က လုပ်ပိုင်ခွင့် မရှိဘူးတဲ့။ ဆင်တင်ဖို့ဆို သာတောင်ဝေးသေးတဲ့။ ထို့ ...။ စောက်ရစ်ရှည်လိုက်တဲ့ မအေပေး ဆွိဒင် ဗျူရိုကရေစီ။ သွားစမ်း၊ မြူးနစ်က လုဗ်သန်ဇာကို ဖုန်းဆက်မယ်။ အဲ ... သူတို့က နည်းနည်းတော်သေးတယ်။ ဆင်သယ်မယ်ဆိုလည်း ဖြစ်ပါတယ်တဲ့။ ဂိုသင်ဘတ်နားက လန်းဗတ်တာ လေယာဉ်ကွင်းကိုသာ ရောက်အောင်လာ။ အင်ဒိုနီးရှား မကလို့ အဝီစိဖြစ်ဖြစ် ရောက်အောင် ပို့ပေး မယ်တဲ့။ ဆင်ကို ပိုင်ဆိုင်ကြောင်း အထောက်အထား လက်မှတ်ရယ်၊ အသိအမှတ်ပြု တိရစ္ဆာန်ဆရာဝန်ရယ်ပဲ ပါရမှာတဲ့။ အင်ဒိုနီးရှား သမ္မတနိုင်ငံ ပြည်ဝင်ခွင့်အတွက် လိုအပ်တဲ့ စာရွက်စာတမ်းတွေတော့ အကုန်ပါရမှာပေါ့ တဲ့။ အဲဒါတွေအားလုံး ပါမယ်ဆို နောက်သုံးလအတွင်း သယ်ယူပို့ဆောင်ရေး ဖြစ်မြောက်အောင် စီစဉ်ပေးပါ့မယ်တဲ့။

သွား ... စောက်အလကား ဂျာမန် ဗျူရိုကရေစီ။ ရှုပ်တယ်။ အင်ဒိုနီးရှား ကို ဖုန်းခေါ်မယ်။

အင်ဒိုနီးရှားမှာ လေကြောင်းလိုင်းပေါင်း ၅၁ ခု ရှိတယ်။ လေကြောင်း လိုင်းတိုင်းမှာ အင်္ဂလိပ်စကား ပတ်ပတ်နပ်နပ်ပြောတဲ့ ဝန်ထမ်းတွေက ရှေ့ထက် ရှားတယ်။ အလှကလေးဟာ လေ့ခွက်ချည်းကျန် အလံမလှဲ့စတမ်း ဖွဲ့နပဲနဲ့ ဆက်တယ်။ နောက်ဆုံးတော့ ဝီရိယအကျိုးကို သူ ခံစားရတယ်။

ဆူမတ်တြားကျွန်းက ပလန်ဘန်းမှာ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ ရှိတယ်။
အင်ဒိုနီးရှား–ဆွီဒင်–အင်ဒိုနီးရှား လွန်းပြန်ခရီးစဉ်အတွက် အိုကေတဲ့။ အဇာ
ဘိုင်ဂျန် တပ်မတော်ကနေ လောလောလတ်လတ် ဝယ်လာတဲ့ ဘိုရင်း ၇၄၇ ကြီး
ရှိသတဲ့။ (ကံကောင်းတာက အဲဒီမတိုင်ခင်လေးတင် ဥရောပသမဂ္ဂက အင်ဒိုနီးရှား
လေယာဉ်တွေ ဥရောပမြေ ဆင်းသက်ခွင့် ပြန်ပေးလိုက်တာ။ အရင်က မရဘူး။)
ဆွီဒင် ပြည်ဝင်ခွင့်အတွက် လိုအပ်သမျှ သူတို့ အကုန်စီစဉ် မယ်တဲ့။ ဘာလီကို
ဆင်းဖို့ကတော့ ခရီးသည်တွေ တာဝန်ပဲတဲ့။ တိရစ္ဆာန် ဆရာဝန် ဘာလို့
လိုမှာတုံးတဲ့။ မကြားဖူးဘူးတဲ့။

ကဲ … ဘာလိုသေးလဲ။ ငွေရှင်းဖို့ပဲ ကျန်တယ်။ ဆွီဒင်ရောက်ရင်
ကုန်ကျစရိတ်အားလုံး ဆွီဒင်ကရောင်း ငွေသားနဲ့ပေးမယ်လို့ ပြောလိုက်တော့
ကုန်ကျစရိတ်က နှစ်ဆယ်ရာခိုင်နှုန်း မြင့်တက်သွားတယ်။ ရတယ်လေ။
ဘာအရေးတုံး။ အင်ဒိုနီးရှား ဘိုးရင်းကြီး ဆွီဒင်ကို လာနေတုန်း အရေးပေါ်
ကောင်စီ ဖွဲ့ကြတယ်။ ဘန်နီနဲ့ ဂျူးလီးယပ်က ဂိုသင်ဘတ် လန်းဗတ်တာ
လေယာဉ်ကွင်းအတွက် စာရွက်စာတမ်းအတုလုပ်ဖို့ တာဝန်ယူ၊ အယ်လန်က
ဘာလီအတွက် တာဝန်ယူမယ်။

ဒါတောင် လေယာဉ်ကွင်းအသွား ဂိုသင်ဘတ်မြို့ အပြင်ဘက်မှာ ပြဿနာလေး
နည်းနည်းတက်လိုက်ကြသေးတယ်။ ဒါပေမဲ့ ဘန်နီ့ဆီမှာ
တိရစ္ဆာန်ဆရာဝန်ဖြစ်လက်မှတ်တု ပါရုံမက တိရစ္ဆာန်ဆေးပညာအကြောင်း လည်း
မိုးမွှန်အောင်ပြောတတ်တဲ့ ဘန်နီကြောင့်ရယ်၊ အင်ဒိုနီးရှား ဘာသာစကားနဲ့
အယ်လန်ရေးပေးထားတဲ့ စာရွက်စာတမ်းအတုတွေကြောင့်ရယ်၊ ဆင်
ပိုင်ဆိုင်ကြောင်း၊ ကျန်းမာကြောင်း လက်မှတ်အတုတွေကြောင့်ရယ် အားလုံး ကြောင့်

လေယာဉ်ပေါ် အေးအေးဆေးဆေး တက်နိုင်ခဲ့ကြတယ်။ ကိုပင်ဟောဂင် မှာ လေယာဉ် ခဏဆိုက်တော့ ဘာပြဿနာမှ မရှိ။ ကျန်းမာပကတိ၊ ချမ်းသာ အတိ။ ခရီးထွက်လာကြတဲ့ အုပ်စုမှာ အသက်ရာပြည့် အဘိုးကြီး အယ်လန် ကားလ်ဆန်၊ ခုအပြစ်မရှိဘူးလို့ ပြောခံရတဲ့ ထာဝရသူခိုးကြီး ဂျူးလီးယပ် ဂွန်ဆင်၊ ရာသက်ပန် ကျောင်းသားကြီး ဘန်နီယွန်းဘတ်၊ သူ စေ့စပ်ထားတဲ့ အလှကလေး ဂန်နီလာ ဗျော့ယွန်း၊ သူ့အချစ်တော် ဆင်မ ဆွန်ညာနဲ့ အယ်လ်ဖေးရှင်း ဘက်စတာ၊ ဘန်နီ့အစ်ကို ဘာသာရေးကိုင်းရှိုင်းသူ ဘော်ဆီ၊ အရင် အထီးကျန်နေခဲ့တဲ့ စုံထောက်ကြီး အေရွန်ဆန်၊ ယခင် လူဆိုးဂိုဏ်း ထိပ်သီး ဘော့စ် ပါဂန်နာဂါဒင်နဲ့ သူ့အမေ အသက်ရှစ်ဆယ် အဘွားကြီး ရို့စ်မာရီတို့ ပါဝင်ခဲ့ကြတယ်။

လေယာဉ်ပျံကြီးဟာ ၁၁ နာရီခရီးကို မနားတမ်း ပျံသန်းရင်း အင်ဒိုနီးရှား လေယာဉ်မှူးက မကြာခင် ဘာလီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ရောက်တော့မယ်၊ လေယာဉ်ဆင်းခွင့်တောင်းတော့လို့ ပြောတယ်။ အယ်လန်က ဘာလီ လေကြောင်းထိန်းချုပ်ရေးစခန်းနဲ့ အဆက်အသွယ်လုပ်လိုက်တဲ့၊ ကျန်တာ သူ့တာဝန်ထားတဲ့။

'ကဲ ... ဒီမှာ ရပြီ၊ ရပြီ၊ ဘာပြောရမှာလဲ ခင်ဗျ'

'ကဲ ... ပေးပေး၊ ပူမနေစမ်းပါနဲ့၊ ဟယ်လို ဘာလီလေဆိပ်ကလား ခင်ဗျ'

သူက အင်္ဂလိပ်လို ပြောလိုက်တယ်။ ဒါကြောင့်မို့ လေကြောင်း ထိန်း ချုပ်ရေးစခန်းက ချက်ချင်းပြန်ဖြေတယ်။ အင်ဒိုနီးရှားလေတပ်နဲ့ ထိပ်တိုက် မတွေ့ချင်ရင် ခုချက်ချင်း ကိုယ့်ကိုယ်ကိုယ် ဘယ်သူဆိုတာ ထုတ်ဖော်ပြောပါ တဲ့။ အယ်လန်က ပြောလိုက်တယ်။

'ကျုပ်နာမည် မစ္စတာဒေါ်လာတဲ့ခင်ဗျာ၊ မစ္စတာဒေါ်လာတစ်သိန်းတဲ့'

လေကြောင်းထိန်းချုပ်ရေးစခန်းက စကားပြောတဲ့လူ ချက်ချင်း ငြိမ်ကျသွားတယ်။ အင်ဒိုနီးရှား လေယာဉ်မှူးနဲ့ လက်ထောက်လေယာဉ်မှူးဟာ သူတို့တိုင်းပြည်အကြောင်း အလွန်သိတဲ့ အယ်လန့်ကို လေးစားစွာ ကြည့်နေကြတယ်။ ကြည်တောင် ကြည်ညိုနေကြသလားပဲ။

'ကဲ ... အခု လေကြောင်းထိန်းချုပ်ရေးကလူတွေ သူတို့ခွဲတမ်းဘယ်လောက်ဆိုတာ တွက်နေကြပြီဗျာ'

အယ်လန်က လေယာဉ်မှူးတွေဘက် လှည့်ပြောလိုက်တယ်။ လေယာဉ်မှူးက ဟုတ်တာပေါ့၊ ကျွန်တော် သိပါတယ်တဲ့။

ခဏနေတော့ ဟိုဘက်က ပြန်ဆက်သွယ်လာတယ်။

'ဟယ်လို ... မစ္စတာ ဒေါ်လာ၊ ခင်ဗျား ရှိသေးလား'

'ရှိပါ့ဗျား'

'ခင်ဗျား နောက်နာမည်က ဘာရယ် ...'

'တစ်သိန်းတဲ့ခင်ဗျ၊ မစ္စတာ ဒေါ်လာတစ်သိန်း၊ ခု ခင်ဗျားလေဆိပ်မှာ ကျုပ်လေယာဉ် ဆင်းချင်တယ်'

'ခဏလေး ... မစ္စတာဒေါ်လာ၊ အသံသိပ်မကြားရဘူး၊ နောက်နာမည်ကို ပြန်ပြောပါဦး'

အယ်လန်က လေယာဉ်မှူးဘက်လှည့်ပြီး ခု ဈေးညှိတဲ့ကိစ္စ စပြီလို့ ပြောလိုက်တယ်။ လေယာဉ်မှူးက ဟုတ်တာပေါ့၊ ကျွန်တော် သိပါတယ်တဲ့။

'နှစ်သိန်းတဲ့ ခင်ဗျ၊ မစ္စတာ ဒေါ်လာ နှစ်သိန်း၊ ခု ဆင်းလို့ရပြီလား'

'ခဏလေးပါ ခင်ဗျ'

ငြိမ်သွားတယ်။ ခဏပါပဲ။

'ဟုတ်ကဲ့၊ ဘာလီက ကြိုဆိုပါတယ်၊ မစ္စတာဒေါ်လာ၊ ခုလို လာ
ရောက်တဲ့အတွက် လွန်စွာမှ နှစ်ထောင်းအားရ ရှိလှပါတယ်ခင်ဗျား'
အယ်လန်က ကျေးဇူးတင်စကားပြောပြီး စကားပြောခွက်ကို ချလိုက်တယ်။
ပြုံးပြုံးကြီးလုပ်နေတဲ့ လေယာဉ်မှူးက 'ဒါ ခင်ဗျား အင်ဒိုနီးရှားကို
ပထမဆုံးအကြိမ်ရောက်တာ ဟုတ်ကိုမဟုတ်ဘူး'လို့ ပြောတယ်။ အို ... အင်ဒို
နီးရှားဆိုတာ ဘာမဆိုဖြစ်နိုင်တဲ့ တိုင်းပြည်ပဲလေ ... နော။
ဘာလီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ရောက်တော့ သူတို့မှာ နိုင်ငံကူးလက်မှတ်
မပါကြဘူး ဆိုတာရယ်၊ ငါးတန်လေးတဲ့ ခြေလေးချောင်း သတ္တဝါကြီး
ပါလာတယ်ဆိုတာရယ် တွေ့တော့ လူဝင်မှုတို့၊ အကောက်ခွန်နဲ့ ထပ်ညှိ၊
မစ္စတာဒေါ်လာ ငါးသောင်းနဲ့ ဈေးတည့်။ ဆွန်ညာ့ကို အစားအသောက်သယ်တဲ့
ထရပ်တွဲယာဉ်ကြီးနဲ့ လိုက်ပို့ (စင်ကာပူထွက်မယ့် နေ့လယ် လေယာဉ်ကတော့
ကံဆိုးပြီး နေ့လယ်စာဗန်းတွေ မရ) နောက်တစ်နာရီလောက် ကျတော့ အိုင်စတိုင်း
ဖိမ်ခံဟိုတယ်ကြီးဆီ အားလုံး ဘေးမသီ ရန်မခ ရောက်ကြတော့တယ်။
အမန်ဒါ၊ အယ်လန်နဲ့ မော်တို့ဟာ ဧည့်သည်တွေကို ပွေ့ဖက် နှုတ်ဆက်ရင်း
အခန်းတွေ အသီးသီးပေးတယ်။ ဆွန်ညာနဲ့ ဘက်စတာအတွက် ဟိုတယ်က ဧရာမ
ဥယျာဉ်ကြီးထဲမှာ ချောင်ချောင်ချိချိ နေရာရတယ်။ အမန်ဒါ ကတော့
ဆွန်ညာ့အတွက် ဘာလီမှာ ဆင်အဖော်ရှာမရလို့ စုတ်တသပ်သပ်။ သို့သော်
မကြာခင် ဆွန်ညာ့အတွက် ယောကျ်ားလေး အဖော်တစ်ယောက် ဆူမတ်တြားက
မှာပေးမယ်တဲ့။ ဘက်စတာ့အတွက်ကတော့ သူ့ဘာသာသူ ရှာပါစေတဲ့။ ဘာလီမှာ
ခွေးပျိုမလှလှတွေ ပြည့်လို့တဲ့။ ဒီညနေ သူတို့အတွက် ပါတီပွဲကြီး ဝှဲချီးကျင်းပမှာမို့

ခု အိပ်ထားကြတဲ့။

သူ့အကြံပြုချက်ကို လူသုံးယောက်ကလွဲရင် အားလုံး လိုက်နာကြတယ်။ ပိုက်နဲ့ ပိုက်မေမေရယ်ကတော့ ဖန်ခွက်ထဲ ထီးလေးစိုက်ထားတဲ့ အဖျော်ယမကာ၊ အယ်လန်ကတော့ ထီးစိုက်မထားတဲ့ အဖျော်ယမကာ အသီး သီး တောင်းဆိုကြသလေ။ သုံးယောက်သား ကမ်းခြေက ထိုင်ခုံတွေမှာ ကျကျ နနထိုင်ရင်း မှာထားတဲ့ ယမကာကို စောင့်နေကြတယ်။ စားပွဲထိုးမလေးက တော့ အသက်ရှစ်ဆယ့်လေးနှစ်ပဲ ရှိသေးတဲ့ လှပဂေး နီဝေယန် လက်ချ်မီး အမန်ဒါအိုင်စတိုင်းပေါ့။

'ဟောဒီမှာ မစ္စတာဂါဒင်အတွက် ထီးကလေးနဲ့ အနီရောင် အဖျော် ယမကာ၊ မစ္စစ် မေမေဂါဒင်အတွက် ထီးကလေးနဲ့ အစိမ်းရောင် အဖျော် ယမကာ၊ အဲ ... အဲ ... အယ်လန်က နွားနို့လား၊ မဟုတ်ဘူးထင်တယ်နော် အယ်လန်'

'အလို ... အမန်ဒါ၊ ခင်ဗျား စားပွဲထိုး မလုပ်တော့ဘူးလို့ ပြောထား သလားလို့'

'ဟိဟိ ... ကျွန်မ အဲဒါ ညာပြောတာ အယ်လန်ရဲ့'

ဒီလိုနဲ့ ဤလောက မြေမဟီရဲ့ နိဗ္ဗာန်ဘုံလေးဟာ ညချမ်းချိန်ခါသမယကို ဆိုက်ရောက်လာခဲ့တယ်။ ဧည့်သည်တွေအတွက် ဧရာမပါတီပွဲကြီး ကျင်းပတယ်။ ယမကာချောင်းစီးပေါ့။ ဘန်နီကတော့ ရေပဲ သောက်တယ်။ ပျော်ရွှင်ချမ်းမြေ့ ကြည်နူးလွှန်လွန်းလို့ ဘော်ဆီက သမ္မာကျမ်းလာ တရားစာတွေကို ကြူးရင့်တယ်။ ဘုရားသခင်ကို ကျေးဇူးတင်တဲ့အကြောင်း အထပ်ထပ် ပြောတယ်။ အယ်လန်ကတော့ အားလုံးကောင်းသွားမှာပါလို့ အသံတိတ် ရွတ်နေခဲ့တယ်။

ဘန်နီက အလှကလေးကို လက်ထပ်ခွင့်တောင်းတယ်။ အလှကလေးက ခုချက်ချင်း လက်ထပ်ပါတယ်။ ဒါနဲ့ ပါတီပွဲဟာ နောက်သုံးရက်ဆက် ကျင်းပရတော့တယ်။

အသက်ရှစ်ဆယ် ရို့စ်မေရီဂါဒင်ဟာ ဘာလီ ပင်စင်စားများ ကလပ်မှာ ရတနာကျွန်းကစားနည်း သင်ကြားပေးတယ်။ (ဘယ်သူ ဘယ်လောက်ကျွမ်းကျွမ်း သူပဲ အမြဲတမ်း နိုင်တယ်) ပိုက်က သက်တံလို ရောင်စုံ အဖျော်ယမကာဖန်ခွက်ထဲ ထီးကလေးစိုက်ရင်း နေ့နေ့ညည ကမ်းခြေ မှာ ထိုင်သောက်တယ်။ ဘော်ဆီနဲ့ ဂျူးလီးယပ်က ငါးဖမ်းလှေတစ်စီး ဝယ် တယ်။ တစ်ချိန်လုံး လှေပေါ်မှာပဲ အချိန်ကုန်နေကြတယ်။ စုံထောက်ကြီး အေရွန်ဆန်က ဘာလီ အထက်တန်းလွှာမှာ ထင်ရှားတဲ့လူ ဖြစ်လာတယ်။ လူဖြူဖြစ်တာရယ်၊ စုံထောက်ဖြစ်တာရယ်၊ ကမ္ဘာ့ခြစားမှုအနည်းဆုံး တိုင်း ပြည်က လာတာရယ်ဆိုတဲ့ အကြောင်းတွေကြောင့်ပေါ့။

အယ်လန်နဲ့ အမန်ဒါကတော့ ဟိုတယ်အပြင်ဘက်က ဖြူလွလွ သောင်ပြင်မှာ နေ့စဉ်နေ့တိုင်း အကြာကြီး လမ်းလျှောက်ကြတယ်။ စကားတွေလည်း ပြောလို့မကုန်။ တဖြည်းဖြည်း တစ်ယောက်ကိုတစ်ယောက် နားလည်လာခဲ့ ကြတယ်။ တစ်ယောက်က ရှစ်ဆယ့်လေးနှစ်၊ နောက်တစ်ယောက်က တစ်ရာ့ တစ်နှစ် ဆိုတော့ကာ မြန်မြန်တော့ ဘယ်လျှောက်နိုင်ကြမလဲ။ နောက်တော့ ဟန်ချက်ထိန်းနိုင်ဖို့ တစ်ယောက်လက်ကို တစ်ယောက် ဆွဲကိုင်လာခဲ့ကြတယ်။ အမန်ဒါ့အခန်း ဝရန်တာမှာ နှစ်ကိုယ်တည်း ညစာ စားလာကြတယ်။ နောက်တော့ အယ်လန်ဟာ အမန်ဒါ့အခန်း ပြောင်းနေ လိုက်ပြီး သူ့အခန်းကို ကမ္ဘာလှည့်ခရီးသည်တွေအတွက် ငှားဖို့ ပေးလိုက်တော့တယ်။ ဒါမှ ဟိုတယ် အဆင်ပြေပေမပေါ့။

တစ်နေ့မှာတော့ ‘ကျွန်မတို့လည်း ဘန်နီနဲ့ အလှကလေးလို လက်ထပ် လိုက်ကြရင် ကောင်းမလား အယ်လန်ရေ …’လို့ အမန်ဒါက မေးတယ်။ အယ်လန်က

အမန်ဒေါ့လို သူ့ထက် အပုံကြီးငယ်တဲ့ မိန်းမပျိုလေးအဖို့ ဒီလို ကမ်းလှမ်းလာတာကို ဝမ်းသာကြောင်း၊ ကောင်းတယ်ထင် လုပ်ဖို့အကြောင်း၊ ကန့်ကွက်စရာ မရှိကြောင်း ပြောတယ်။ ဒီလိုနဲ့ ဟန်ချက်ညီစေဖို့အရေး တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းကြီး ဆုပ်လိုက်ကြတယ်။

ရေပုံးနဲ့ မင်းတုံးတို့ရဲ့ သေမှုသေခင်းတွေကလည်း ဘာမှ အဖြေမထွက်ဘဲ အီကလည်နောက်ကျိနဲ့ ပြီးသွားခဲ့တယ်။ သူတို့အားလုံး ဘယ်ပျောက် သွားမှန်းမသိတဲ့ ဂျာနယ်လစ်တွေလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ကျန်ခဲ့တယ်။ စိတ်ရှုပ်လှတဲ့ ဂျာနယ်လစ်တစ်ယောက်ကတော့ အပန်းဖြေခရီး ထွက်ချင်တယ်။ ဘာလီကျွန်းဟာ အင်မတန်ကောင်းဆိုပဲ။ ဒါပေမဲ့ လေယာဉ်လက်မှတ်က မရလို့ ကနေရီကျွန်းကိုပဲ သွားလိုက်ရတယ်။ အဲဒီ ကမ်းခြေမှာ ထီးကလေးစိုက်ထားတဲ့ အဖျော်ယမကာကိုသောက်ရင်း စုံထောက်ကြီး အေရွန်ဆန် ဘယ်ပျောက်သွားလဲဆိုတာကို ထိုင်တွေးနေခဲ့တယ်။

(၂၈)

၁၉၈၂–၂၀၀၅။

အယ်လန် ဆွီဒင်ပြန်ရောက်ချိန်မှာ စတော့ဟုမ်းက အမေရိကန်သံရုံးမှာ သူ့လစာငွေတွေ ရောက်နေခဲ့ပြီ။ သူ့ဇာတိနဲ့ မိုင်အနည်းငယ်ဝေးတဲ့ အနီရောင် ယာခင်းအိမ်သေးသေးလေးကို ငွေသားနဲ့ သူဝယ်လိုက်တယ်။ ဆွီဒင်အာဏာ ပိုင်တွေက သူ ဘယ်ရောက်နေတာလဲလို့ မေးကြတယ်။ နောက်ဆုံးတော့ သူ့ကို ပင်စင်လစာငွေ ပေးကြတယ်။ အယ်လန်လည်း အလွန် အံ့သြတာပေါ့။ ဘဇာကြောင့်တုံးလို့ သူ မေးတယ်။ အာဏာပိုင်တွေက ခင်ဗျား ပင်စင်ယူတဲ့ အရွယ်

ရောက်နေလို့ပေါ့တဲ့။ အင်းလေ ... ဟုတ်သားပဲ။ လာမယ့် နွေဦးဆို ၇၉ နှစ်တောင်
ပြည့်ပြီကိုး။ သူ အိုလာပြီဆိုတာ အယ်လန် သိပါတယ်။ နောက်ဆို ဒီထက်
ပိုအိုဦးမှာ။

အချိန်တွေဟာ ငြိမ့်ငြိမ့်အိအိလေး ကုန်ဆုံးသွားခဲ့တယ်။ ကမ္ဘာ့
အပြောင်းအလဲတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ အယ်လန်နဲ့ ဘာမှမဆိုင်သလိုပဲ။
ဖလန်ရဲ့ အပြောင်းအလဲတွေတောင် သူ့အပေါ် မလွှမ်းမိုးနိုင်ခဲ့ဘူး။ သူဝယ်နေကျ
ကုန်စုံဆိုင်ကြီးဟာ လက်ကားအရောင်းသမား ကုန်သည်ကြီး ဂူစတေ့ဗ်ဆင်ရဲ့မြေး
ပိုင်တာလည်း သူ မသိဘူး။ သတင်းစာကလည်း အိမ်ရှေ့
စာတိုက်ပုံးထဲ မှန်မှန်ရောက်နေလို့ ဖလန်စာကြည့်တိုက်လည်း မသွားဖြစ်ဘူး။
ဒီလိုနဲ့ အသက် ၈၃ နှစ်ကျတော့ ဖလန်နဲ့ ဇာတိရွာ အသွားအလာ
ခက်လာတဲ့အတွက် ကားတစ်စီးလောက်ဝယ်ဖို့ သူ ကြံတယ်။ ဒရိုင်ဘာ
လိုင်စင်စာမေးပွဲ သူ ဖြေတယ်။ ကားမောင်းဆရာပြောတာ မှန်သမျှ ဒီဘက် နားဝင်၊
ဟိုဘက်နား ထွက်ရင်း လိုင်စင်ရလာခဲ့တယ်။

၁၉၈၉ မှာ ဆိုဗီယက်ယူနီယံ အစိတ်စိတ် အမွှာမွှာ ပြိုကွဲသွားခဲ့တယ်။
ကိုယ်ပိုင် ဖော့ဒကာချက်စက် အသေးလေး ဝယ်ထားတဲ့ အယ်လန်ကတော့
တစ်စက်မှ မအံ့ဩပေါင်။ ကောင်လေး ဂေါ်ဘာချော့ဗ် အာဏာရလာပြီး
ဖော့ဒကာဆန့်ကျင်ရေးဆိုတာ လုပ်ကတည်းက အနေးနဲ့ အမြန် ဒီလိုဖြစ်မယ်
ဆိုတာ သိသားပဲ။

အဲဒီနှစ် အယ်လန့်မွေးနေ့မှာ ကြောင်လေးတစ်ကောင် သူ့အိမ်ရှေ့
လှေကားထစ်မှာ ရုတ်တရက်ပေါ်လာပြီး တညောင်ညောင်နဲ့ အစာတောင်းနေတယ်။
အယ်လန်က ကြောင်လေးကို မီးဖိုခန်းထဲခေါ်ပြီး ဝက်အူချောင်းနဲ့ နွားနို့ ကျွေးတယ်။

သိပ်ကြိုက်ပုံပဲ။ ဒီလိုနဲ့ သူ အိမ်မှာပဲနေတော့တယ်။ တဖြည်းဖြည်း ဇရာမအကောင်ကြီး ဖြစ်လာတယ်။ ကျားလို အစင်းအစင်းတွေနဲ့ သူ့ကြောင်ဝါကြီးကို မိုလိုတော့ဗ်လို့ နာမည်ပေးလိုက်တယ်။ (ဝန်ကြီး နာမည်မဟုတ်။ ကော့တေးလ်နာမည်) မိုလိုတော့ဗ်ဟာ စကားသိပ်မပြောပေမဲ့ အင်မတန် ဉာဏ်ရည်ထက်ပြီး အလွန် နားထောင်ကောင်းသူပေကပဲ။ တစ်ခုခု ပြောစရာရှိရင် အယ်လန်ဟာ မိုလိုတော့ဗ်ကိုပွေ့ပြီး တတွတ်တွတ် ပြောတော့တာပဲ။ မိုလိုတော့ဗ်က ကြွက်တော့ မှန်မှန်ခုတ်ပေးတယ် (ဒါ အရေးကြီးတယ် ဆိုတာ သူသိတယ်)။ ပြီးရင် သူ့ကို လည်ပင်းပွတ်ပေးနေသမျှ ဘာပြောပြော မျက်စိကြီးမှိတ်ပြီး နားထောင်တော့တာပဲ။

တစ်ခါတလေ ကြက်တွေ သူကိုက်ချီလာတယ်။ အယ်လန်က အဲသလို မလုပ်ဖို့ ပြောတော့ သူ ခေါင်းညိတ်ပြသလိုပဲ။ ဒါပေမဲ့ ကြုံတိုင်း ကြက်တွေကို လိုက်ကိုက်တာပဲ။ နို့ ... သူ့ဆီက ဘာများမျှော်လင့်နေတာလဲ။ သူက ကြောင်ပဲ ကိုး။ ကြက်ကိုက်ခြင်း အနုပညာမှာတော့ မြေခွေးတောင် မိုလိုတော့ဗ်ကို မမီဘူးလို့ အယ်လန် အထင်ရောက်ပြီး သူ့ကြောင်သူ ပြန်ချီးကျူးနေပြန်တယ်။

ဒီလိုနဲ့ နှစ်တွေ ကုန်ဆုံးသွားပြန်တယ်။ လစဉ်လတိုင်း ပင်စင်လစာ ငွေဟာ မှန်မှန်ရောက်မြဲ။ အဲဒီငွေနဲ့ စားစရာတွေ အယ်လန် ဝယ်မြဲ၊ သတင်းစာတွေ ဝယ်မြဲ၊ မီတာခတွေ ပေးမြဲ။ ဒါပေမဲ့ ငွေက မကုန်ဘူး။ အများကြီး ကျန်ကျန်နေတယ်။ ပိုငွေကို ပြန်ပို့တော့လည်း အာဏာပိုင်များက လက်ခံတော် မမူကြဘူး။ သူ့အိမ်ထိ လိုက်လာကြပြီး အဲသလိုမလုပ်ဖို့ ပြောကြတယ်။ စကားမများချင်တာနဲ့ ပြန်ယူထားလိုက်ရတယ်။

အယ်လန်နဲ့ မိုလိုတော့ဗ်ဟာ ရာသီဥတုကောင်းရင် အနီးနားတစ်ဝိုက်

စက်ဘီးစီးထွက်ကြတယ်။ အယ်လန်က နင်း၊ မိုလိုတော့ဗ်က ခြင်းတောင်းထဲက လိုက်ရင်း လေကောင်းလေသန့် ရှုကြပေါ့။ လူရော ကြောင်ပါ မတန်တဆ အိုမင်းလာတဲ့ တစ်နေ့မှာတော့ မြေခွေးတစ်ကောင်ဟာ ရုတ်တရက် ပေါ်လာပြီး မိုလိုတော့ဗ်ကို ကိုက်ဆွဲသွားခဲ့တယ်။ အယ်လန် ဝမ်းနည်းလိုက်ပုံများ ပြောစရာတောင် မရှိဘူး။

ဒီလိုနဲ့ လက်စားချေဖို့ သူကြံတယ်။ မြေခွေးဟာ နောက်တစ်ကြိမ် ဆာလာရင် ကြက်တွေလာဆွဲမှာပဲ။ ဒေါသက ကျောမ ရောက်နေတဲ့ အယ်လန်ဟာ ကြက်ခြံနားမှာ သူ့ဒိုင်းနမိုက်တွေ သိမ်းထားတာကို မေ့နေတယ်။

ဒီလိုနဲ့ မိုလိုတော့ဗ် အဂ္ဂဘုံရောက်ပြီး သုံးရက်အကြာမှာ ၁၉၂၀ လောက်ကတည်းက ဆိုဒါမန်းလန်းမှာ မကြားခဲ့ရတဲ့ ဇရာမ ပေါက်ကွဲသံကြီး ကို မိုးလုံး သိမ့်သိမ့်တုန်အောင် ကြားလိုက်ရတော့တယ်။

မြေခွေးရယ်၊ ကြက်တွေရယ်၊ ကြက်ခြံရယ်၊ သိုးခြံရယ်၊ စပါးကျီရယ်၊ အိမ်နီလေးရယ်ဟာ အားလုံး တစ်စစီ ဖြစ်သွားခဲ့တယ်။

အယ်လန်ကတော့ အာလူးပုံနားကနေ ပြုံးပြုံးကြီးလုပ်ရင်း ... 'မှတ် ထား မြေခွေး၊ ငရဲကို သွားတော့လကွာ'လို့ ရေရွတ်နေခဲ့တယ်။

၉၉ နှစ်ရှိပြီဖြစ်တဲ့ အယ်လန့်ဆီကို လူနာတင်ယာဉ်တွေ၊ မီးသတ်ကားတွေ၊ ရဲတွေ ရောက်လာခဲ့တယ်။ မီးတောက်က ကောင်းကင်ထိလုမတတ် ကြီးတာကိုး။ အဘိုးကြီး မသေမပျောက်ရှိနေတာ တွေ့ကြတော့ လူမှုဝန်ထမ်း အဖွဲ့ကို ခေါ်ကြတယ်။

တစ်နာရီအတွင်း လူမှုလုပ်သား ဟိန်းရစ်ခ်ဆိုဒါ ရောက်လာတယ်။

အယ်လန်ကတော့ လူနာတင်ယာဉ်က ထုတ်ပေးထားတဲ့ စောင်တွေပတ်ရင်း

ပက်လက်ကုလားထိုင်မှာ ထိုင်နေတုန်း၊ တကယ်တော့လည်း စောင်ပတ်စရာ မလိုပါဘူး။ တစ်အိမ်လုံး လောင်နေတဲ့ မီးလျှံတွေကြောင့် ချွေးတောင် ပြန်နေသေး။ လူမှုလုပ်သား ဆိုဒါက အယ်လန့်ကို မေးတယ်။

'မစ္စတာကားလ်ဆန်၊ ခင်ဗျားအိမ်ကို ခင်ဗျားဘာသာ ဖောက်ခွဲလိုက်တယ်လို့ ပြောတယ်၊ ဟုတ်ပါသလားခင်ဗျား'

'အင်း … အင်း … ဒါ ကျုပ်ရဲ့ မကောင်းတဲ့အကျင့်လေးပေါ့ ခင်ဗျာ'

'ဒါဆို မစ္စတာကားလ်ဆန် နေစရာမရှိတော့ဘူးပေါ့နော်'

'အင်းပေါ့၊ မစ္စတာ လူမှုလုပ်သားက ဘာများ အကြံပြုချင်လို့ပါလဲ'

လတ်တလောတော့ မစ္စတာ လူမှုလုပ်သားလည်း ဘာအကြံပြုရမယ် မှန်း မသိဘူး။ ဒါနဲ့ ဖလန်က ဟိုတယ်တစ်လုံးမှာ လူမှုဝန်ထမ်းစရိတ်နဲ့ ထားလိုက်တယ်။ ဒါကြောင့်လည်း အဲဒီညက အယ်လန်ဟာ နှစ်သစ်ကို ဟိုတယ်မှာ ကြိုဆိုရတာပေါ့။ စစ်ပြီးခါစ စတော့ဟုမ်းက ဂရန်းဟိုတယ်မှာ နေပြီးနောက်ပိုင်း ဒီလို ဇိမ်ကျကျမနေရတာ ကြာကြာလှပေါ့။ အဲဒီတုန်းက တော့ ကိုယ့်ဘာသာ ရှင်းရတာ။ ခုတော့ ဘယ်သူရှင်းနေမှန်း သိဘူး။

၂၀၀၅၊ ဇန်နဝါရီလဆန်းမှာတော့ မစ္စတာလူမှုလုပ်သား ဆိုဒါဟာ ရုတ်တရက် အိမ်မဲ့ယာမဲ့ဖြစ်သွားတဲ့ ချစ်စရာအဘိုးကြီးအတွက် အမြဲနေစရာ နေရာကို စဉ်းစားလို့ရသွားတယ်။

ဒီလိုနဲ့ မန်ကိုပင်း လူအိုရုံ အခန်းနံပါတ်တစ် ဆိုတာကို အယ်လန် ရောက်လာခဲ့တယ်။ ညွှန်ကြားရေးမှူး အဲလစ်က အပြုံးနဲ့ကြိုပေမဲ့ ရောက်ကတည်းက သံမဏိစည်းကမ်းချက်ဆိုတာတွေကို တတွတ်တွတ် ရွတ်ပြနေခဲ့တယ်။ ဆေးလိပ်မသောက်ရ၊ အရက်မသောက်ရ၊ ည ဆယ့်တစ်နာရီ ကျော် ရင် တီဗီ

မကြည့်ရ၊ မနက် ခြောက်နာရီ လေးဆယ့်ငါး မနက်စာစား၊ စနေ တနင်္ဂနွေဆို
တစ်နာရီနောက်ကျပြီးမှ စားရမယ်၊ နေ့လယ် ဆယ့်တစ် ဆယ့်ငါး နေ့လယ်စာ၊
သုံးနာရီဆယ့်ငါး ကော်ဖီ၊ ခြောက်နာရီဆယ့်ငါး ညစာ၊ အချိန်ကို လေးစား၊
စည်းကမ်းကို လိုက်နာ၊ မှတ်လော့ အယ်လန်ရာ … တဲ့လေ။
ရေချိုးခန်း ဘယ်လိုသုံး၊ သွား ဘယ်လိုတိုက်၊ အပြင် ဘယ်လိုသွား၊
ဧည့်သည်လာရင် ဘယ်လိုတွေ့၊ ဆေးဘယ်လို မှန်မှန်သောက်၊ အကြောင်း မရှိဘဲ
ညွှန်မှူးကို မနှောင့်ယှက်ရတဲ့။ ဒါနဲ့ အီအီးရော ယိုချင်တဲ့အချိန် ယိုလို့ ရသလားလို့
မေးလိုက်တယ်။ ဒါ ရောက်ရောက်ချင်း ဆယ့်ငါးမိနစ်အတွင်း
ဆောက်နဲ့ထွင်းလိုက်တဲ့ ညွှန်မှူးမ အဲလစ်ရဲ့ ရာဇသံပဲ။
မြေခွေးနဲ့ စစ်ပွဲမှာ နိုင်လိုက်ပေမဲ့ မပျော်လှတဲ့ အယ်လန်ဟာ ခုတော့
စိတ်ဆင်းရဲနေရရှာပြီ။ သို့သော် ဒေါသထွက်တယ်ဆိုတာ သူ့ရာဇဝင်မှာ မရှိတဲ့
အတွက် အဲလစ်နဲ့ ဖက်ပြိုင် ပြောမနေတော့ဘူး။ တစ်မိုင်လောက်ရှည်တဲ့ စည်းကမ်း
ကလနားတွေဟာ ထုံးစံအတိုင်း ဘယ်ဘက်နား ဝင်၊ ညာဘက် နား ထွက်ပေါ့။
ကြောင်ကိုလွမ်းနေတဲ့ အဘိုးကြီး။ အသက်က ၉၉ နှစ်နဲ့ ၈ လ ရှိပြီ။
သူ့ကိုယ်သူ ဘာမှန်းမသိတော့ချိန်မှာ အဲလစ်ဆိုတဲ့ဟာမကြီးက ခေါင်းမပြုရ၊
လက်မထုတ်ရ၊ ဆေးလိပ်မသောက်ရ လာညွှန်ကြားနေတယ်။ တော်လောက် ပြီပေါ့။
တော်သင့်ပြီပေါ့။
ဘဝဆိုတာ အီဆိမ့်အောင် နေခဲ့ပြီးပြီ။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် နေခဲ့ ရတဲ့
အယ်လန် ခုတော့လည်း …။ အခန်းတစ်ထဲ သူ ဝင်လိုက်တယ်။ ခြောက် နာရီ
ဆယ့်ငါး ညစာစားလိုက်တယ်။ ရေချိုး၊ ပဂျားမားဝတ်စုံသစ် လဲ၊ သန့်သန့်ပြန့်ပြန့်
အိပ်ရာပေါ်တက်လှဲ။ အင်း … မကြာခင် အိပ်နေရင်း ထာဝရ မနိုးတော့ဘဲ

မြေကြီးအောက် ခြောက်ပေရောက်ပြီး မေ့သွားကြမှာပါလေ။ ည ရှစ်နာရီမှာ သူ အိပ်လိုက်တယ်။ နောက်လာမယ့် လေးလအတွက် သူ့ အသက်ဟာ ဂဏန်းသုံးလုံး ရောက်တော့မယ်။ မျက်စိစုံမှိတ်ထားရင်း သေခြင်း တရား ခရီးရှည်ကြီးကို သူ အာရုံပြုနေလိုက်တယ်။ စိတ်လှုပ်ရှားစရာ ခရီးစဉ် ဖြစ်မှာပဲ။ ဒါပေမဲ့လေ

ထာဝရခရီးဆိုတာ မရှိစကောင်းဘူး မဟုတ်လား။ ဘာမှ မတွေးတော့ဘူး။ ထပ်မတွေးတော့ဘူး။ ပင်ပန်းလှပြီ။ အားလုံး မှောင် အတိ ကျသွားပြီ။ ဩော် … လင်းလာပြန်ပြီ။ အဖြူရောင်တောက်တောက် အလင်းတန်း တစ်ခု။ သေတာဟာ အိပ်ပျော်သလိုပဲဆိုတာ တယ်မှန်ပါ့လား။ နို့ … သူ ဘာလို့တွေးနေရတာလဲ။ တွေးတာတွေအားလုံး ပြီးသွားပြီဆို။ သေပြီးတဲ့ နောက် တွေးနေလို့ ရလို့လား။

'ထတော့ … အယ်လန်၊ ခြောက်နာရီလေးဆယ့်ငါးရှိပြီ၊ ခုထိ မထရင် နေ့လယ်ထိ ဘာမှ စားရမှာမဟုတ်ဘူးနော်'

ဟော … ညွှန်မှူးမ အဲလစ်ရဲ့အသံ။

ပြဿနာပါပဲကွာ။ သေဖို့ အာရုံပြုနေတာတောင် ကောင်းကောင်း မွန်မွန် မပြုရဘူး။ လာညွှန်ကြားနေပြန်ပြီ။ ကဲလေ … အသက်တစ်ရာ မပြည့် ခင် အချိန်အတွင်းတော့ တစ်နည်းနည်းနဲ့ သေမှာပါ။ အရက်သောက်ရင် အသေစောမတဲ့။ ဟိုဟာမကြီး အဲလစ်က အရက်မသောက်ရတဲ့။ ဒါဆို စောစောသေဖို့ အရက်ဆိုင် ခိုးသွားမှဖြစ်မှာပေါ့။

ရက်တွေကုန်၊ သီတင်းပတ်တွေကုန်၊ ဆောင်းကုန်၊ နွေဦးရောက်။ အယ်လန်ကတော့ လွန်ခဲ့တဲ့ နှစ်ငါးဆယ်က ဟားဘတ်ထံ လုပ်ခဲ့သလို သေခြင်းတရားကို တစ်မျှော်တည်းမျှော်။ ဟားဘတ်ထံလည်း မျှော်ပေမဲ့ သေမင်းက

ပေါ်မလာရှာဘူး။ ဒါ ကျိန်စာဆိုးတစ်ခုများလား။
ခုဆို ပိုတောင်ဆိုးတော့မယ်။ မသေတဲ့အတွက် လူအိုရုံဝန်ထမ်းတွေ အားလုံး
သူ့ရာပြည့်မွေးနေ့မင်္ဂလာပွဲ ကျင်းပဖို့ တာစူနေကြပြီ။ လှောင်အိမ် ထဲက
တိရစ္ဆာန်ကြီးတစ်ကောင်လို ထားရာနေ၊ စေရာသွား၊ ပေးတာဝတ်၊ ကျွေးတာစားရင်း
မွေးနေ့ကိတ်တွေ ခွဲ့ကြလိမ့်ဦးမယ်။ သူ ဘယ်တုန်းကမှ အဲသလို မတောင်းဆိုခဲ့ဘူး။
ကဲလေ … သေမင်းကိုမျှော်ဖို့ ခု တစ်ညပဲ ကျန်တော့တယ်။ လာပါလေ၊
လာပါတော့ အမောင် သေမင်းငဲ့လေ …။

(၂၉)

၂၀၀၅၊ မေ ၂၊ တနင်္လာ။
နဂိုကတည်းက စိတ်ဆုံးဖြတ်ပြီးသား၊ သူ့ဆုံးဖြတ်ချက်ကို လူတကာ
လျှောက်ပြောခဲ့ပြီးသားလို့ ခင်ဗျား ထင်ကောင်း ထင်လိမ့်မယ်။ နို့ပေသိ
အယ်လန်ကားလ်ဆန်ကတော့ အဲသလောက် စောက်ရစ်တက် စဉ်းစားမနေဘူး။
ဒီအကြံ သူ့ခေါင်းကြီးထဲ ဝင်လာလာချင်း မန်ကိုပင်းမြို့ လူအိုရုံ မြေညီထပ်၊
သူ့အခန်းပြတင်းတံခါးကို ဖွင့်ပြီး အခန်းထဲကနေ အပြင်ဘက် ပန်းမွေ့ရာ
ရွှေကော်ဇောပေါ် သူ ကျော်ချလိုက်တယ်။
ခင်ဗျားတို့ကတော့ အမလေး ဒါလေးများလို့ ထင်ချင်ထင်ကြလိမ့်မယ်။
ဒါလေးမများနဲ့ အသက်တစ်ရာ အဘိုးကြီး အယ်လန့်အဖို့ ဒါ မဟာစွန့်စား
ခန်းကြီးပဲ။ အဲဒီနေ့၊ အဲဒီအချိန်က လူအိုရုံမှာ သူ့အသက်ရာပြည့်မွေးနေ့ပွဲ ကျင်းပဖို့
အချိန်တစ်နာရီလောက်ပဲ လိုတော့တာ။ မြို့တော်ဝန်ရော၊ သတင်း ထောက်တွေရော၊
လူအိုရုံ ဝန်ထမ်းတွေရော၊ လူအိုရုံညွှန်မှူး ဒေါ်သအိုးမကြီး အဲလစ်ရော

စုံစုံညီညီတက်ရောက်ပြီး ဝှဲချီးကျင်းပမယ့် ရာပြည့်မွေးနေ့မင်္ဂလာ အချိန်အခါသမယမှာ ပေါ်မလာ ပျောက်ဆုံး ဇာတ်ခင်းသူကတော့ မွေးနေ့ရှင် ကလေး မောင်မောင်အယ်လန်ပေါ့။

အဆုံးသတ်လေသောအခါ

အယ်လန်နဲ့ အမန်ဒါဟာ မခွဲဘဲ တတွဲတွဲနေရင်း အင်မတိ အင်မတန် ပျော်ရွှင်နေကြတယ်။ သူတို့နှစ်ယောက်ဟာ လက်ခုပ်နဲ့ လက်ဝါးလိုပဲ။ တစ်ယောက်က လေဖန်းဒန်းစီး နိုင်ငံရေးဝါဒ၊ ဘာသာရေးဝါဒတွေနဲ့ ဓာတ် မတည့်တဲ့လူ။ နောက်တစ်ယောက်ကတော့ ဝါဒဆိုတာတောင် စာလုံးမပေါင်း တတ်တဲ့လူ။ သူ ရှိခိုးဆုတောင်းရမယ့် ဘုရားနာမည်ကို ခဏခဏ မေ့နေတတ်သူ။ ဒီလိုနဲ့ တပူးတွဲတွဲကနေ နှစ်ကိုယ့်တစ်စိတ် ဖြစ်သွားကြတယ်။ ၁၉၂၅ ခုနှစ်၊ ဩဂုတ်လတုန်းက ပါမောက္ခယွန်းဘော့ရဲ့ သင်းကွပ်ဓားချက်ဟာ ဘယ် လို ပမာဒ လေခသွားတယ် မဆိုနိုင်ဘူး။ အယ်လန်ဟာ သူ ရုပ်ရှင်တွေထဲမှာပဲ တွေ့တွေ့နေခဲ့ရတဲ့ အမှုကို ကောင်းကောင်းကြီးပြုနိုင်နေလို့ သူ့ကိုယ်သူ တောင် အံ့ဩတယ်။ ဒါနဲ့ပဲ ညားကြရော။

အသက် ၈၅ နှစ်ပြည့် မွေးနေ့လက်ဆောင်အဖြစ် အမန်ဒါ့ကို ချစ်လင်ကြီး အယ်လန်က အင်တာနက်ပါပြီးသား လက်ပ်တော့ ကွန်ပျူတာတစ်လုံး လက်ဆောင်ပေးတယ်။ အင်တာနက်ဆိုတာ လူငယ်တွေအကြိုက်လို့ ကြားတာနဲ့ ဝယ်ပေးလိုက်တာ။

ကွန်ပျူတာကို ဖွင့်တတ်၊ ပိတ်တတ်၊ နှိပ်တတ်၊ ရိုက်တတ်ဖို့ ရက် သတ္တပတ်ပေါင်းများစွာ အချိန်ယူရပေမဲ့ အမန်ဒါဟာ လေ့ခွက်ချည်းကျန်

အလံမလှဲစတမ်း ကြိုးစားရာက နောက်ဆုံး ကိုယ်ပိုင်ဘလော့ဂ်ကလေးတစ်ခု ထောင်နိုင်သွားတယ်။ အဲဒီအချိန်ကစလို့ အမန်ဒါတစ်ယောက် အချိန်ရှိသရွေ့ စာရေးတယ်။ သူ့ချစ်ချစ်ကြီးရဲ့ ခရီးစဉ်တွေ၊ စွန့်စားခန်းတွေကလည်း ရေးလို့ မကုန်ဘူး မဟုတ်လား။ ဘာလီ လူ့မလိုင် အသိုင်းအဝိုင်းက သူ့ အမျိုးသမီး အပေါင်းအသင်းတွေ ဖတ်ဖို့ ရည်ရွယ်ပြီး ရေးထားပေါ့လေ။

တစ်နေ့မှာတော့ မနက်စာစားပြီး ထုံးစံအတိုင်း ဝရန်တာမှာ ထိုင်နေတုန်း အယ်လန့်ဆီကို သားသားနားနား ဝတ်စုံပြည့်ဝတ်ထားတဲ့ လူတစ်ယောက် ရောက်လာတယ်။ အင်ဒိုနီးရှား အစိုးရရဲ့ ကိုယ်စားလှယ်ပါတဲ့။ အင်တာနက် ဘလော့ဂ်စာမျက်နှာပေါ်က အကြောင်းတွေကြောင့် အဲဒီထဲ ရေးထားတာတွေဟာ အမှန်တွေပဲလားဆိုတာကို သမ္မတကြီးက စုံစမ်းခိုင်း လိုက်လို့ပါတဲ့။

'အဲ … ကျွန်တော် ဘာများကူညီရမလဲ၊ သူများထက်ပိုပြီး လုပ်တတ် တာဆိုလို့ နှစ်ခုပဲ ရှိပါတယ်ဗျာ၊ ဆိတ်နို့ကနေ ဖော့ဒကာလုပ်တာရယ်၊ အဏုမြူဗုံး လုပ်တာရယ် … ဒါပဲ ကျွန်တော် တတ်တာ'

'ကျွန်တော်တို့ စိတ်ဝင်စားတာလည်း အဲဒါပါပဲခင်ဗျ'

'ဘာလဲ … ဆိတ်နို့လား'

'မဟုတ်ပါဘူး ခင်ဗျာ၊ ဆိတ်နို့ မဟုတ်ပါဘူး'

အယ်လန်က အင်ဒိုနီးရှားအစိုးရ ကိုယ်စားလှယ်တော်ကြီးကို ထိုင်ခိုင်း လိုက်တယ်။ ပြီးတော့ သူ ရှင်းပြတယ်။ သူ့ဘဝမှာ စတာလင်ဆိုတဲ့ အရူးကြီးကို ဗုံးလုပ်နည်းပြောမိလို့ တစ်ကြိမ် မှားခဲ့ပြီးပြီတဲ့၊ ဒါကြောင့် အင်ဒိုနီးရှား သမ္မတဆိုသူရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို သိချင်ပါသတဲ့။ အစိုးရ ကိုယ် စားလှယ်တော်ကြီးကလည်း သူတို့သမ္မတကြီး ဆူဆီလိုဘန်ဘန်းဟာ အင်မတိ

အင်မတန် ဉာဏ်ပညာကြွယ်ဝပြီး ဆင်ခြင်တုံတရားပြည့်ဝ၊ ယထာဘူတကျ၊ မေတ္တာတရား ကြီးမားတဲ့အကြောင်း ပါးစပ်ကြီးနဲ့တစ်လုံး ပြောတယ်။ အယ်လန်က စိတ်ကျေနပ်သွားပုံပဲ။

'ကြားရတာ ဝမ်းသာပါသဗျာ၊ ဒီလိုဆိုရင်တော့ ကျွန်တော် ဝမ်းမြောက် ဝမ်းသာ ကူညီရုံပေါ့'

ဒါကတော့ သူ လုပ်ခဲ့သမျှ၊ သူ ဖြစ်ခဲ့သမျှ သူ့ဘဝဇာတ်ခုံ အလုံးစုံပဲ ပေါ့လေ။

စာပြီးချိန် – ၂၀၁၄၊ စက်တင်ဘာ ၂၉၊ ၂၂ း ၀၂ နာရီ။

**သက်တော်ရာကျော်ရှည်စေသော်ဝ် – သင့်လူ**